"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

သုံးပုံပိဋကတ်၊ အဆိမြတ်၊ မှတ်လော့မင်္ဂလာ၊
လောကီ လောကုတ်၊ ကောင်းကျိုးနှစ်တန်၊
နိဗ္ဗာန်ရောက်ကြောင်း။ ဂေန်အမှန်၊

မင်္ဂလာမှတ်စု

နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မင်္ဂလာ။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

လေ့လာ စုစည်း ပူဇော်ပါသည်။

(ဓမ္မပူဇာ မင်္ဂလာ စာစဉ် - ၁၀)

သာသနာ ၂၅၅၇ ကောဇာ ၁၃၇၅ ခရစ် ၂၀၁၃

(ဒိုးဝုံ-ဦးတင်ဝင်း) မင်္ဂလာမှတ်စု

ယေ ဓမ္မာ ဂါထာတော်

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧवံ ဝါဒီ မဟာသမဏော။

(အရှင်အဿဇိ က အရှင်သာရိပုတ္တြာအလောင်းအား ဟောတော်မူသော တရားဂါထာတော်။)

ယေ ဓမ္မာ = အကြင် ဒုက္ခသစ္စာတရားတို့သည်၊ **ဟေတုပ္ပဘဝါ** = အကြောင်းသမุဒယသစ္စာလျှင် အမွန်ပဘဝ အကြောင်းအရင်း ရှိကြကုန်၏။ **တေသံ** = ထိုဒုက္ခသစ္စာတရားတို့၏၊ **ဟေတုံ စ** = အကြောင်းဖြစ်တဲ့ သมุဒယသစ္စာတဏှာလောဘ တရားကိုလည်းကောင်း၊ **တထာဂတော** = ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည်၊ **အာဟ** = စိတ်ဖြာခွဲခြားဟောကြားတော်မူ၏။

တေသံ = ထို ဒုက္ခသစ္စာ သมุဒယသစ္စာ နှစ်ပါးတို့၏၊ **ယော နိရောဓော** = အကြင်ချုပ်ရာ နိရောဓသစ္စာ နိဗ္ဗာန်တရားသည်၊ **အတ္ထိ** = ရှိ၏။ **တဉ္စ** = ထို နိရောဓသစ္စာ နိဗ္ဗာန်တရားကိုလည်းကောင်း၊ (နိရောဓဂါမိနိဉ္စ ပဋိပဒံ = နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ဖြစ်သော မဂ္ဂသစ္စာကို လည်းကောင်း)၊ **အာဟ** = စိတ်ဖြာခွဲခြားဟောကြားတော်မူ၏။ **မဟာသမဏော** = ငါတို့ဆရာ မြတ်စွာဗုဒ္ဓဘုရားသည်၊ **ဧवံ ဝါဒီ** = ဤသို့ ဒုက္ခ+ သมุဒယ+ နိရောဓ+မဂ္ဂ အားဖြင့် သစ္စာလေးပါး အမှန်တရားကို ဟောကြားတော်မူလေ့ ရှိပါ၏။

[တိပိဋကဓရ၊ မင်းကွန်းဆရာတော်၏ သာသနာ့ချီန်ခွင်ကြီးလေးလက် - စာမျက်နှာ-၄၀ မှ]

မဟာသက္ကရာဇ် ၁၀၃ ခု၊ ကပ္ပိတွဲလဆန်း (၁) ရက်နေ့ (အဂ္ဂသာဝကနေ့)တွင် အရှင်အဿဇိ မထေရ် ဟောကြားသော "ယေ ဓမ္မာ" တရားဂါထာတော် (သစ္စာလေးပါးတရားတော်)၏ ရှေ့ထက်ဝက်နှစ်ပါဒမျှကို (အရှင်သာရိပုတ္တြာအလောင်း) ဥပတိဿပရိပိုဇ် ကြားနာရလျှင် သောတာပတ္တိဖိုလ်ဌတည်၍ နောက်ထက်ဝက်ကို သောတာပန်အဖြစ်ဖြင့် နာယူပါသည်။

[နာကြားရုံမျှဖြင့်သာ မဟုတ်ဘဲ၊ တရားနာယူနေရင်း ဖြစ်ဆဲရုပ်ဓမ္မ, နာမ်ဓမ္မတို့ကို သတိပဋ္ဌာန်-ဝိပဿနာရှုမှတ်၍သာ (ဉာဏ်-ပညာ)မဂ်ကိစ္စ ပြီးမြောက်ပါသည်။]

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"
သုံးပုံပိဋကတ်၊ အဆီမြိတ်၊ မှတ်လော့မင်္ဂလာ၊
လောကီ လောကုတ်၊ ကောင်းကျိုးနှစ်တန်၊
နိဗ္ဗာန်ရောက်ကြောင်း၊ ဧကန်အမှန်၊

မင်္ဂလာ မှတ်စု



နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မင်္ဂလာ။

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

လေ့လာ စုစည်း ပူဇော်ပါသည်။

(ခမ္မပူဇာမင်္ဂလာ စာစဉ်-၁၀)

မြတ်ဗုद्ध၏ မင်္ဂလာတရားတော်မြတ်အား ပူဇော်သောအားဖြင့် (၂၄.၁၁.၂၀၁၃)နေ့ မနှစ်မ အာဘိဓမ္မိက ကလျာဏာဉာဏဒေါ့. ရသောနေ့တွင် ဤစာအုပ် အောင်မြင်သည်။

သာသနာ ၂၅၅၇ ကောဇာ ၁၃၇၅ ခရစ် ၂၀၁၃

မင်္ဂလာ မှတ်စု

(ဓမ္မပူဇာမင်္ဂလာ စာစဉ်-၁၀) ပုံနှိပ်မှတ်တမ်း

အကြိမ်	*	သတ္တမအကြိမ်
ထုတ်ဝေသည့်လ	*	နိုဝင်ဘာလ၊ ၂၀၂၅
အုပ်ရေ	*	၁၀၀၀
တန်ဖိုး	*	
အတွင်းစာစီ	*	**ဓမ္မပူဇာမင်္ဂလာ** (မသိမ့်ဝါလှိုင်)
အဖုံးဒီဇိုင်း	*	ကိုယဉ်ဌေး (သန္တိသုခ)
CTP	*	Eagle(31th Street)
ပုံနှိပ်သူ	*	အောင်စည်ဟိန်း(ဝ၁၅၀၀၁) ဖုန်း-၀၉၄၂၈၀၂၀၄၀၀
ထုတ်ဝေသူ	*	ဦးမြင့်စိုး(၀၀၉၇၉) ခင်မြတ်သူစာပေ၊(စာအုပ်ချုပ်) ဖုန်း-၀၉၉ဖခ၄၀၈၂၁ဖခ၄
စီစဉ်သူ	*	**ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)**

၂၉၄.၃

တင်ဝင်း/ဦး (ဒိုက်ဦး-သုံးခွ)
မဂ်လာ မှတ်စု
ခင်မြတ်သူစာပေ၊ သတ္တမအကြိမ်၊ ၂၀၂၅
စာ-၃၅၇၊ ၁၅.၅ စင်တီ × ၂၁.၅ စင်တီ
မဂ်လာ မှတ်စု

ပူဇော်ကန်တော့ပါသည်

*** *** ***

ဗုဒ္ဓမြတ်စွာဘုရားသည် ဤတရားတော်တို့ကို စတင်ဟောကြား တော်မူသော **မူရင်းဆရာ** ဖြစ်ပါသည်။

အဋ္ဌကထာဆရာ, ဋီကာဆရာ, အရကောက်ဆရာစသည်တို့သည် ဗုဒ္ဓမြတ်စွာဘုရား၏ မူရင်းတရားတော်တို့ကိုယူ၍ ဖွင့်ဆိုခဲ့ကြသည်။ ဆရာအစဉ်အဆက်တို့ကလည်း ထိုဖွင့်ဆိုချက်များကိုယူ၍ တပည့်များကိုသင်ကြားပေးပြီး၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အဆက်ဆက် ဆောင်ရွက်ခဲ့ကြ၊ ဆောင်ရွက်နေကြပါသည်။ ကျွန်ုပ်သည်လည်း ထိုထိုကျမ်းစာများနှင့် ပညာရှင်ဆရာများထံမှ သင်ယူဆည်းပူး၊ လေ့လာမှတ်သားခဲ့သမျှကို၊ မဂ်လာတရားတော်ကို လေ့လာသော ဓမ္မမိတ်ဆွေများ လေ့လာဖတ်ရှုရာတွင် သိလွယ်, ထင်လွယ်, မြင်လွယ် စေခြင်းအကျိုးငှာ အလျဉ်းသင့်သလို ရေးသားမှတ်စုထုတ်စီစဉ်ပေး နိုင်ခြင်းဖြစ်ပါသည်။

ထိုအားထုတ်မှု အစုစုတို့ဖြင့် ကျေးဇူးကြီးမားတော်မူသော မူရင်းဆရာ ဗုဒ္ဓမြတ်စွာဘုရား၊ အဆင့်ဆင့်သော ဆရာမြတ်တို့အားလည်းကောင်း၊ အဘိဓမ္မာ (ဓမ္မတရားစာပေများ)ကို ကျွန်ုပ်အား စတင်၍ သင်ကြားပေးခဲ့သော ဆရာတော် **ဘဒ္ဒန္တဝါယာမသာရ** (သင်တန်းမှူးဆရာတော်)နှင့် **ဆရာဦးစိုးသန်း** (မဂ်လာဗျူဟာအသင်း) တို့အားလည်းကောင်း၊ အနန္တကျေးဇူးရှင်များဖြစ်ကြသော (အဘ)**ဦးလှအောင်**၊ (အမိ)**ဒေါ်တင်လှ** နှင့်မိသားစု၊ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် **များစွာ အကူအညီများ ပေးခဲ့ကြသော မဂ်လာဗျူဟာဓမ္မစာပေအဖွဲ့မှ ဆရာ,ဆရာမများ**၊ **မဂ်လာဗျူဟာအသင်းချုပ်နှင့်**ဓမ္မမိတ်ဆွေအပေါင်း, ကျေးဇူးတင်ထိုက်သူ အပေါင်းတို့အား ဦးခိုက်ကော်ရော်ပူဇော်ကန်တော့အပ်ပါသည်။

> မဂ်လာအပေါင်းနှင့် ပြည့်စုံကြပါစေ၊
> ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေ၊

❀❀❀ *မဂ်လာဒေသနာ၊ ကျမ်းရှေစာ၊ ရှည်စွာအဓွန့်၊ တည်စေသော်၊* ❀❀❀

ခွင့်ပန်လွှာ

ဆရာမြတ် အသီးသီးတို့၏ နည်းစနစ်များကို တိုက်ရိုက်သော်လည်းကောင်း၊ ပြင်ဆင်၍သော်လည်းကောင်း၊ သနားချီးမြှောက်သောအားဖြင့် ဤ'မင်္ဂလာမှတ်စု'ဌ် သုံးခွင့်ပြုတော်မူပါရန် ဆရာမြတ်အပေါင်းအား ရိုသေစွာ ရိုခိုးဦးညွှတ် ပန်ကြားအပ်ပါသည်။

* မော်ဘီမြို့၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ အရှင်ကုမာရ ပြုစုတော်မူသော **'ဗုဒ္ဓအလိုတော်ကျ ကြီးပွားချမ်းသာရေး ကိုယ်ကျင့်မင်္ဂလာ'**၊
* ဟသံ်ာတခရိုင်၊ နိဗ္ဗာန်မြို့၊ ကြို့ကုန်းကျောင်းတိုက် အရှင်အဂ္ဂဝံသဆရာတော် စီရင်ရေးသားသည့် **'၃၈-ဖြာ မင်္ဂလာ အကျယ်ဟောပြောကျမ်း'**၊
* ကဝိသိရောမဏိ ဝိသုဒ္ဓါရုံ ကာဗျဝိဒူ-ဉားစန္ဒဓောတိ ၏ **'မင်္ဂလာအမြုတေ'**၊
* နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်မြို့)၊ သုတ္တန္တပိဋကမဟာဌာန (ပါမောက္ခ၊ ဌာနမှူး) ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ၏ **'မင်္ဂလသုတ်ပျို့ ဦးကာ'**၊
* အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အရှင်ဇနကာဘိဝံသ ဆရာတော် ၏ **'အခြေပြုမင်္ဂလသုတ်'**၊
* ဇရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာ အရှင်ဝိစိတ္တသာရ ၏ **'ဘဝလမ်းညွှန် မင်္ဂလာစာပေသင်တန်း ပြဋ္ဌာန်းစာအုပ်များ'**၊
* ဟံသာဝတီတိုက်ထုတ်၊ မုံရွေးဆရာတော် ၏ **'မင်္ဂလသုတ်ပျို့'**၊
* ရဝေထွန်း ၏ **'မုံရွေးဆရာတော်၏ မင်္ဂလသုတ်ပျို့နှင့် အဖြေစာများ'**၊
* သာကီနွယ် ၏ **'လက်တွေ့ ကာယကံမြှောက် မင်္ဂလာကျင့်စဉ်သင်တန်း'**၊
* အရှင်သုန္ဒရ ၏ **'မင်္ဂလာတရားတော်နှင့် မြတ်ဗုဒ္ဓဝင် ပန်းဥယျာဉ်'**၊
* စစ်ကိုင်းရွှေဟသံ်ာဆရာတော် အရှင်ပဏ္ဍိတမထေရ်၏ **'မင်္ဂလသုတ်လက်စွဲ'**၊
* ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဦးကျော်ထွဋ် ၏ **'နည်းပြမင်္ဂလာ'**၊
* ပါဠိဆရာဦးအောင်တင် ရေးသားသော **'မင်္ဂလာကြေးမုံ'**၊
* ဘုံကျော်အရှင်ကေသဝါဘိဝံသ ပြုစုသည့် **'မင်္ဂလာစာပေသင်တန်း တပည့်ကိုင်'**၊
* နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ စီစဉ်အပ်သော **'အခါတော်နေ့များလက်စွဲ'**၊
* **မင်္ဂလာဗျူဟာအသင်းချုပ် ရွှေရတုစာစောင် (၁၉၅၆-၂၀၀၆)**

ဤ'မင်္ဂလာမှတ်စု'ကို အမှားအယွင်း ကင်းနိုင်သမျှကင်းအောင် စာရေးသူ အတတ်နိုင်ဆုံး အားထုတ်ခဲ့ပါသော်လည်း ချွတ်ယွင်းချက် အမှားများကို ရှုမြင်မိသော် ပြင်တော်မူပါ၊ မသင့်မြင်သော် အသင့်ဆင်ပါဟု ပန်ကြားအပ်ပါသည်။

ကြီးပွားချမ်းသာ၊ ကြောင်းများစွာ၊ မင်္ဂလာဟုခေါ်

မင်္ဂလသုတ်တော်ကို ဗုဒ္ဓမြတ်စွာက ညဉ့်သန်းခေါင်ယာမ် အချိန်မှာ လာရောက်လျှောက်ထားသော နတ်သားကို အမှူးထားပြီး နတ်ဗြဟ္မာများအား ဟောကြားတော်မူပါသည်။ နောက်တစ်နေ့မှာ အရှင်အာနန္ဒာအား သင်ပေးပြီး ရဟန်းများအားပို့ချပေးရန်လည်း မိန့်တော်မူ၏။ အရှင်အာနန္ဒာက မိမိသင်ယူထားသည့် မင်္ဂလသုတ်ကို ရဟန်းတို့အား သင်ပေးခဲ့ပါသည်။ ထိုအချိန်အခါမှ စ၍ ဆရာအဆက်ဆက် သင်ကြားဆောင်ရွက် မှတ်သားလာခဲ့သော မင်္ဂလာတရားတော်သည် ယနေ့တိုင် ကမ္ဘာတစ်ဝှန်းလုံးမှာ ပျံ့နှံ့တည်ရှိနေပါသည်။ မင်္ဂလာတရားတော်သည် ရှင်,လူပရိသတ်တို့၏အလယ်မှာ တိုးတက်ထွန်းကားပြန့်ပွားစည်ပင်ပါစေသောဝ်။

မင်္ဂလာတရား အစဉ်ထား ဟောကြားမှုသည်

* ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်၊
* ပညာရှာသည့်အရွယ်၊ စီးပွားရှာသည့်အရွယ်၊ တရားရှာသည့်အရွယ်၊
* မိမိကောင်းစားရေး၊ သူတစ်ပါးကောင်းစားရေး၊ နှစ်ဦးစလုံးကောင်းစားရေး၊
* သီလဖြူစင်စေရေး၊ သမာဓိဖြစ်ပွားစေရေး၊ ပညာပိုင်းဆိုင်ရာပွင့်လင်းရေး၊
* ကျင့်ဝတ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ပညာပိုင်းဆိုင်ရာပွင့်လင်းရေး၊
* ရုပ်ပိုင်းဆိုင်ရာကြီးပွားရေး၊ စိတ်ပိုင်းဆိုင်ရာ ကြီးပွားရေး၊
* လောကီကြီးပွားရေး၊ လောကုတ္တရာကြီးပွားရေး၊
* ပုထုဇဉ်ဆိုင်ရာမင်္ဂလာ၊ အရိယာဆိုင်ရာမင်္ဂလာ၊
* လောကီမင်္ဂလာ၊ လောကုတ္တရာမင်္ဂလာ၊
* အကြောင်းမင်္ဂလာ၊ အကျိုးမင်္ဂလာ၊

ဓမ္မသင်္ဂဟအရ အကြောင်းမင်္ဂလာ(၁–၃၃)တို့ကို ပြည့်စုံစွာ ထူထောင်နိုင်ခဲ့လျှင် အကျိုးမင်္ဂလာ(၃၄–၃၈)တို့ကို အလိုအလျောက် ထူထောင်ပြီး ဖြစ်နိုင်သောကြောင့် တရားတော်တို့သည် အမြတ်ဆုံးဖြစ်သော လောကုတ္တရာ ချမ်းသာရရှိရေးတရားများဖြစ်ကြ၍ မင်္ဂလာတရားတော်တို့သည် တစ်ပါးထက် တစ်ပါး လေးနက်သထက်လေးနက်လာကာ နောက်ဆုံးတွင် ရဟန္တာဖြစ်သည်အထိတိုင် အောင်ပင် ရှင်တော်ဘုရားက ဟောကြားတော်မူခဲ့၏။

ကြီးပွားချမ်းသာ၊ ကြောင်းများစွာ၊ မဂ်လာဟုခေါ်– ဟူသည်နှင့်အညီ ကြီးပွားချမ်းသာခြင်း အကြောင်းတို့တွင် **ကံ, ဉာဏ်, ဝိရိယ** ၃–မျိုးစုံနိုင်လျှင် ပိုမို၍ ကြီးပွားချမ်းသာကြောင်း မဂ်လာ ဖြစ်နိုင်သည်။ အတိတ်ကံနှင့် ပြည့်စုံသူများကို 'ပုဗ္ဗေ စ ကတပုညတာ'စက်နှင့် ပြည့်စုံသူများဟု ဆိုကြပါသည်။ ရှင်တော်မြတ်ဘုရားက– 'အတိတ်ကံ'အရ 'ရှေးကောင်းမှုကံ ရှိခဲ့ခြင်း'ဟုသာ သာမန်ဟောတော်မူပါသည်။ အတိတ်ဘဝ, ယခုဘဝ–ဟု ဘဝဖြင့် တိတိကျကျ ပိုင်းခြားမပြ၊ ယခုဘဝ အတိက်ကံကိုလည်း လိုအပ်ပါသည်။

၁။ **ရှေးဘဝ အတိတ်ကံ**၊ ၂။ **ယခုဘဝ အတိက်ကံ** ဟု နှစ်မျိုးလုံးယူနိုင်သည်။ ရှေးအတိတ်ဘဝက ကုသိုလ်ကံကြောင့် ယခုဘဝမှာ အဆင်းလှခြင်း စသည် ချမ်းသာမှုအမျိုးမျိုး ရရှိခံစားနိုင်သည်။ **ယခုဘဝ**– ပညာရှင်တစ်ယောက် ဖြစ်ရန် ငယ်ရွယ်စဉ်ကပင် ပညာကို ကြိုးစား၍ သင်ယူခဲ့ဖို့ရန်လိုအပ်ပါသည်။ ဓနရှင်တစ်ယောက်ဖြစ်ရန် ပစ္စည်းဥစ္စာ ကြိုးစားရှာဖွေ စုဆောင်းခဲ့ဖို့ လိုအပ်သည်။

သူတောင်းစားဘဝဖြင့် အငတ်ငတ် အပြတ်ပြတ် ဆင်းရဲဒုက္ခရောက်နေသော **'မဟာဓနသူဌေးသား'**ကို မြင်၍ မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာ ကို မိန့်ကြားသည်မှာ ဤ မဟာဓနသူဌေးသားသည်– (ဓမ္မပဒ၊ ၆၂၊ ၈၃)

၁။ **ပထမအရွယ်၌** လူ့ဘဝဖြင့်ကြိုးစားလျှင် ပထမတန်းစားသူဌေး ဖြစ်နိုင်သည်။
ရဟန်းဘဝဖြင့်ကြိုးစားလျှင် ရဟန္တာ ဖြစ်နိုင်သည်။

၂။ **မဇ္ဈိမအရွယ်၌** လူ့ဘဝဖြင့်ကြိုးစားလျှင် ဒုတိယတန်းစားသူဌေး ဖြစ်နိုင်သည်။
ရဟန်းဘဝဖြင့်ကြိုးစားလျှင် အနာဂါမ်အဆင့် ဖြစ်နိုင်သည်။

၃။ **ပစ္ဆိမအရွယ်၌** လူ့ဘဝဖြင့်ကြိုးစားလျှင် တတိယတန်းစားသူဌေး ဖြစ်နိုင်သည်။
ရဟန်းဘဝဖြင့်ကြိုးစားလျှင် သကဒါဂါမ်အဆင့် ဖြစ်နိုင်သည်။

ဤသို့မြတ်စွာဘုရားဟောကြားခြင်းမှာ ယခုဘဝ အတိတ်ကံကို ဟောလိုရင်းဖြစ်ပါသည်။ **ယခုဘဝ ကံ, ဉာဏ်, ဝိရိယ** အထောက်အပံ့ ပေးမှသာလျှင် အတိက်ဘဝကံများလည်း အကျိုးပေးသန်လာတတ်ကြပါသည်။

အရွယ်သုံးပါးလုံး၌ ကုသိုလ်(မဂ်လာတရား)၊ ဥစ္စာ၊ ပညာ ကြိုးစားရှာဖွေ စုဆောင်းကြရန်အတွက် ရည်ရွယ်ရင်း ဖြစ်ပါသည်။ **ပထမအရွယ်၌** ပညာသာ ရှာရန်ဆိုလိုရင်း မဟုတ်ပါ။ မဂ်လာတရားတော်သည် အရွယ်သုံးပါးလုံးအတွက် ရည်ရွယ်ဟောကြားထားပါသည်။ **ပထမအရွယ်**မှစ၍ မဂ်လာတရားတော်တို့ကို ကာယကံ, ဝစီကံ, မနောကံ ကံသုံးပါးလုံးမြောက်အောင် ကျင့်ဆောင်ကြပါရန်–

'အခြေပြုမဂ်လသုတ်' ဆိုထားသည့်အတိုင်း ကြီးပွားချမ်းသာကြောင်း မှန်သမျှ မဂ်လာဟု ခေါ်နိုင်ပါသည်။ ဘုရားရှင်တော်မြတ်က 'မဂ်လာတရား'ကို **'သဗ္ဗတ္ထ သောတ္ထိ' ဂစ္ဆန္တိ** ကြီးပွားချမ်းသာကြောင်း စံဖြင့် တိုင်းတာသတ်မှတ်ပေးတော်မူခဲ့ပါသည်။ **'အဗ္ဘတီသ'** (၃၈)ပါး စံဖြင့် မတိုင်းတာ မသတ်မှတ်ခဲ့ပါ။ **'ဧတာဒိသာနိ ကတ္တာန'**စသည်ဖြင့်သာ သာမန်ဟောတော်မူခဲ့၏။ **'ဤကဲ့သို့ ရှုအပ်သော အမှုများ'**ဟုသာ သာမန်ဟောကြားတော်မူခဲ့သောကြောင့် ထင်ရှားသောမဂ်လာတရားတော်များကိုသာ ဆောင်လွယ်, မှတ်သားလွယ်အောင် ဤမျှ ဟောကြားခဲ့ခြင်းကိုလည်း ခုဒ္ဒပါဋ(သူငယ်များ ဖတ်စာ)ပါဠိတော်၌ သင်္ဂါယနာတင်ထားခြင်းဖြင့် သိနိုင်သည်။ **အခြား ဤနှင့်အလားတူသည့် မဂ်လာအမှုများ လည်း ရှိနိုင်သေးသည်**–ဟု **'ဧတာဒိသာနိ'**ဟူသော စကားက ညွှန်ပြနေသည်၊ သက်သေခံနေပါသည်။

'မဇ္ဇပါနာ စ သံယမော' မူးယစ်,သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းဟုသာ ဟောထားသော်လည်း 'ပါဏာတိပါတ'စသည်မှ ရှောင်ကြဉ်ခြင်း စသည်လည်း မဂ်လာဖြစ်သေးသည်။ ၎င်းအပြင် 'ကာလေန ဓမ္မသဝနံ' သင့်လျော်သောအခါ တရားနာခြင်းဟုသာ ဟောထားသော်လည်း တရားဟောခြင်း, သာဓုခေါ်ခြင်း, အမျှဝေခြင်း စသော ပုညကိရိယ အမှုများသည်လည်း မဂ်လာအမှုပင်ဖြစ်ပါသည်။

(၃၈)ဖြာ မဂ်လာ စသော သတ်မှတ်ချက်သည်လည်း ဘုရားရှင်၏ အလိုတော်ကျမဟုတ်ပါ။ မဂ်လသုတ်ပါဠိတော်ကို မူတည်၍ အခြေအနေအရ သတ်မှတ်ခဲ့ကြသည်။ အလျှောအတင်း ရနိုင်သည့် (၃၈)သင်္ချာကို တရားသေ ဆုတ်ကိုင်ထားခြင်းကြောင့်ပင်– 'မာတာပိတု ဥပဋ္ဌာနံ၊' 'အာရတီ ဝိရတီ ပါပါ၊' တို့၌ ၁–ပါးယူသောနည်း, ၂–ပါးယူသောနည်း စသည်ဖြင့် ကွဲပြားမှုရှိလာ၏။

သင်္ချာသုံးစွဲပုံများ– ပါဠိကျမ်းဂန်များ၌ သင်္ချာသုံးစွဲပုံ အမျိုးမျိုး တွေ့ရပါသည်။

၁။ အပိုအလိုမရှိ တိကျသောသင်္ချာ– (နှုတ်ပယ်, ဖြည့်စွက်၍ မရပါ။)

(သစ္စာလေးပါး၊ သတိပဋ္ဌာန်လေးပါး၊ ခန္ဓာငါးပါး စသည်)

၂။ သတ်မှတ်ချက်ထက်ပိုသော အနေကသင်္ချာ–

(သတံ– တစ်ရာမက၊ သဟဿံ– တစ်ထောင်မက စသည်)

၃။ သတ်မှတ်ချက်ထက် အနည်းအငယ် အပို,အလို ရှိသောသရ်ျာ-
(ဇာတ်တော် ၅၄၇-ဇာတ်ကို ၅၅၀-ဇာတ်တော်ဟု ခေါ်ခြင်း စသည်)

* **၅၂၈-သွယ်မေတ္တာ**-ဟူသော သရ်ျာကန့်သတ်ချက်ကို ဘုရားဟောပါဋ္ဌိ တော်များ၌ တိုက်ရိုက်မတွေ့ရ၊ **'ပဋ္ဌိသမ္ဘိဒါမဂ်'ပါဋ္ဌိတော်နည်း**ကို အခြေခံ၍ ပညာရှင် အစဉ်အဆက် ရေတွက်ပြောဆို မေတ္တာပို့ကြသည်။ **၅၆၁-ပါးသရ်ျာ**ကိုလည်း **မေတ္တာသုတ်**တွင်လာသောနည်းကို အခြေခံ၍ ရေတွက်သုံးစွဲကြ၏။ မေတ္တာသုတ်ပါဋ္ဌိတော်၌ကား သရ်ျာ အတိအကျ သတ်မှတ်ထားချက် မရှိ။

အခြေအနေအရ သတ်မှတ်သင့်သော **သာသနာ ၅၀၀၀**- စသော သရ်ျာ မျိုးကို မူသေသရ်ျာယူခြင်းကြောင့် ဝါဒအမျိုးမျိုး ပြဿနာအမျိုးမျိုး ပေါ်ခဲ့၏။ ဘုရားရှင်တော်မြတ်က သာသနာ ၅၀၀၀ အတိအကျ သတ်မှတ်တော်မမူခဲ့ပါ။ **'ကောင်းစွာ ကျင့်သုံးနေသမျှ ဤလောကဌ် ရဟန္တာ မဆိတ်သုဉ်း'**ဟု(ဒီ- ၂၊ ၁၂၅) မိန့်ဆိုခဲ့သည်။

သရ်ျာသတ်မှတ်ရကျိုး

မဂ်လာအရေအတွက် သရ်ျာကို ဘုရားရှင်တော်မြတ် ကိုယ်တော်တိုင် မသတ်မှတ်ခဲ့သော်လည်း ရှေးပညာရှင်မြတ်များက မဂ်လာသရ်ျာကို (၃၈)ဖြာဟု သတ်မှတ်ခဲ့ခြင်းကြောင့် ဗဟုသုတ ဖြစ်ဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာ၊ နည်းယူ ဖွယ်ရာစသော အကျိုးများကို ရရှိနိုင်ပါသည်။ ဆရာ့ဆရာ ရှေးပညာရှင်များ၏ ကျေးဇူးကား ကြီးမားပါပေစွ။

ပညာရှင်များကျေးဇူးကြောင့် (၃၈)ဖြာ မဂ်လာ သရ်ျာများ ရေတွက်ပုံ၊ ခွဲစိတ်ပုံ၊ သရုပ်ခွဲပုံ၊ နည်းပေးလမ်းပြခဲ့ပုံများကို သိရသလို၊ 'အယုတ်အလွန် တို့သည် မဖြစ်ကုန်'ဟု ဆိုသကဲ့သို့ မဂ်လာကို (၃၈)ဖြာထက် မပို၊ (၃၈)ဖြာ အောက် မလျော့ရဟု ပညာရှင်များ မသတ်မှတ်ခဲ့သည်ကိုလည်း သတိပြုရမည်။ ဤသို့ **'ယောနိသော မနသိကာရ'** ဖြင့် သင့်လျော်အောင် ယူဆမှသာလျှင်- ဘုရားရှင်၏ အနန္တဉာဏ်တော်ကိုလည်းကောင်း၊ ရှေးပညာရှင်များ၏ ကြီးမား သော စေတနာ,မေတ္တာတို့ကိုလည်းကောင်း ကျေးဇူးဆပ်ရာရောက်ပေမည်။ **'ကတညုတ ကတဝေဒီ မဂ်လာ'** နှင့်လည်း ပြည့်စုံနိုင်ပေသည်။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

(၂၄.၁၁.၂၀၁၃) မဏ္ဍိမ အာဘိဓမ္မိက ကလျာဏဉာဏဓရ ဘွဲ့ ရသောနေ့

မာတိကာ

****

မာတိကာ

****

မာတိကာ

****

မာတိကာ

****

၃၈-ဖြာ မင်္ဂလာ တရားတော်

(၁) ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃-ပါး၊
- ၁။ အသေဝနာ စ ဗာလာနံ၊
- ၂။ ပဏ္ဍိတာနဉ္စ သေဝနာ၊
- ၃။ ပူဇာ စ ပူဇနေယျာနံ၊

(၂) နေထိုင်ရေးမင်္ဂလာ ၃-ပါး၊
- ၄။ ပဋိရူပဒေသဝါသော စ၊
- ၅။ ပုဗ္ဗေ စ ကတပုညတာ၊
- ၆။ အတ္တသမ္မာပဏိဓိ စ၊

(၃) သင်ကြားရေးမင်္ဂလာ ၄-ပါး၊
- ၇။ ဗာဟုသစ္စဉ္စ၊
- ၈။ သိပ္ပဉ္စ၊
- ၉။ ဝိနယော စ သုသိက္ခိတော၊
- ၁၀။ သုဘာသိတာ စ ယာဝါစာ၊

(၄) ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါး၊
- ၁၁။ မာတာပိတု ဥပဋ္ဌာနံ၊
- ၁၂။ ပုတ္တဒါရဿ သင်္ဂဟော၊
- ၁၃။ အနာကုလာ စ ကမ္မန္တာ၊

(၅) ကုသိုလ်ဆောင်ရွက်ရေးမင်္ဂလာ ၄-ပါး၊
- ၁၄။ ဒါနဉ္စ၊
- ၁၅။ ဓမ္မစရိယာ စ၊
- ၁၆။ ဉာတကာနဉ္စ သင်္ဂဟော၊
- ၁၇။ အနဝဇ္ဇာနိ ကမ္မာနိ၊

(၆) ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ ၄-ပါး၊
- ၁၈။ အာရတီပါပါ၊
- ၁၉။ ဝိရတိပါပါ၊
- ၂၀။ မဇ္ဇပါနာ စ သံယမော၊
- ၂၁။ အပ္ပမာဒေါ စ ဓမ္မေသု၊

(၇) စိတ်ထားဖြူစင်မြင့်မားရေးမင်္ဂလာ ၅-ပါး၊
- ၂၂။ ဂါရဝေါ စ၊
- ၂၃။ နိဝါတော စ၊
- ၂၄။ သန္တုဋ္ဌိ စ၊
- ၂၅။ ကတညုတာ၊
- ၂၆။ ကာလေန ဓမ္မသဝနံ၊

(၈) သည်းခံခြင်းစသောမင်္ဂလာ ၄-ပါး၊
- ၂၇။ ခန္တီ စ၊
- ၂၈။ သောဝစဿတာ၊
- ၂၉။ သမဏာနဉ္စ ဒဿနံ၊
- ၃၀။ ကာလေန ဓမ္မသာကစ္ဆာ၊

(၉) ခြိုးခံခြင်းစသောမင်္ဂလာ ၄-ပါး၊
- ၃၁။ တပေါ စ၊
- ၃၂။ ဗြဟ္မစရိယဉ္စ၊
- ၃၃။ အရိယသစ္စာန ဒဿနံ၊
- ၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ၊

(၁၀) စိတ်ထားခိုင်မာရေးမင်္ဂလာ ၄-ပါး၊
- ၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊
- ၃၆။ အသောကံ၊
- ၃၇။ ဝိရဇံ၊
- ၃၈။ ခေမံ။

၃၈ ဖြာ မင်္ဂလာလမ်းညွှန် သရုပ်ပြဇယား

ပထမအရွယ်(၁၀)	ဒုတိယအရွယ်(၁၁)	တတိယအရွယ်(၁၇)
ပညာရှာသည့်အရွယ်၊	စီးပွားရှာသည့်အရွယ်၊	တရားရှာသည့်အရွယ်
မိမိကောင်းစားရေး	သူတစ်ပါးကောင်းစားရေး၊	နှစ်ဦးစလုံးကောင်းစားရေး

သီလဖြူစင်စေရေးမင်္ဂလာ(၂၀)	သမာဓိဖြစ်ပွားစေရေး(၁၂)	ပညာပိုင်းဆိုင်ရာပွင့်လင်း
ကျင့်ဝတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုမင်္ဂလာ	စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု	
ရုပ်ပိုင်းဆိုင်ရာကြီးပွားရေးမင်္ဂလာ	စိတ်ပိုင်းဆိုင်ရာ ကြီးပွားရေးမင်္ဂလာ	

လောကကြီးပွားရေးမင်္ဂလာ (၁-၃၀)	လောကုတ်ကြီးပွား
✓ လောကီ မင်္ဂလာ = ပုထုဇဉ်မင်္ဂလာ (၁-၃၂)	လောကုတ္တရာ
အကြောင်း မင်္ဂလာ (၁-၃၃)	အကျိုးမင်္ဂလာ

အသက်ပေးရ်ကြိုးစားမည်

ဗုဒ္ဓမြတ်စွာ လောင်းလျှာတုန်းက၊ နောက်ဆုံးအထိ ပါရမီ။
လူနတ်များစွာ ချမ်းသာရေးမို့၊ အသက်ပေးရ် ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့၊ ငါပါအသက် ဆုံးစေမည်။
နောက်မဆုတ်ပေါင် ခုလိုတွေးလို့၊ ကုသိုလ်ရေးမို့ ကြိုးစားမည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(ဆရာတော် အရှင်ဇနကာဘိဝံသ)

သင်မှသိ သိမှကျင့် ကျင့်မှရ မြတ်ဗုဒ္ဓ၏ သြဝါဒ

ကျေးဇူးရှင်အပေါင်းအား ကျေးဇူးဆပ်သောအားဖြင့်

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မင်္ဂလာတရားတော်

* သာဝတ္ထိပြည်မှန်၊ ဇေတဝန်ကျောင်းဝယ်၊
  ကိန်းအောင်းပျော်မွေ့၊ မြတ်စိန်ရှေ့။
* သန်းခေါင်ယံခါ၊ မထင်ရှားသည့်၊
  နတ်သားတစ်ယောက်၊ ချဉ်းကပ်လေ။
* ချဉ်းကပ်ပြီးသော်၊ မင်္ဂလာသဘောကို၊
  ထင်စွာဟောဖို့၊ လျှောက်ပန်ချေ။
* အသေဝနာတရား၊ အစထား၊
  ဟောကြား မိန့်ခဲ့ပေ။
* အဲဒါကြောင့် နာရ ကြားရ၊
  ကမ္ဘာ့မင်္ဂလာတွေ။

ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော မင်္ဂလသုတ္တန်၏ အဋ္ဌုပ္ပတ္တိကို ဤသို့ မှတ်သားရပါသည်။

"**မင်္ဂလာဟူသည်** အဘယ်နည်း၊ **ဒိဋ္ဌ**လော၊ **သုတ**လော၊ **မုတ**လော၊ အဘယ်သူသည် မင်္ဂလာကို သိရှိပါသနည်း။"ဟူသော မင်္ဂလာနှင့်စပ်သော စကားတစ်ရပ်သည် လွန်လေပြီးသောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်အချိန်က မြို့ရွာ အနှံ့ ဖြစ်ပေါ်လာခဲ့၏။

"အမြင်ကို မင်္ဂလာ"ဟု အယူရှိသော ဒိဋ္ဌမင်္ဂလိက မည်သူ တစ်ဦးက– 'ကျွန်ုပ် မင်္ဂလာအကြောင်းကို ကောင်းကောင်းကြီးသိသူဖြစ်ပါတယ်၊ လောကမှာ မင်္ဂလာဆိုတာ အတိတ်ကောင်း နိမိတ်ကောင်းလို့ လူအများကအသိအမှတ်ပြုထားတဲ့.. မျက်စိနဲ့ ကြည့်လို့ကောင်းလွန်းလှတဲ့ အဆင်းအာရုံ တစ်ခုခုကို မြင်တွေ့ရခြင်းဟာ ဒိဋ္ဌမင်္ဂလာဖြစ်တယ်၊ ဒီ ဒိဋ္ဌမင်္ဂလာသာ မင်္ဂလာအစစ်ဖြစ်ပါတယ်၊'ဟု ပြောလေရာ အချို့သူက နာယူလက်ခံ၊ အချို့သူတို့က လက်မခံကြ။

"အကြားကို မင်္ဂလာ"ဟု အယူရှိနေသော သုတမင်္ဂလိက မည်သူတစ်ဦးက– 'မျက်စိဆိုတာ.. စင်ကြယ်–မစင်ကြယ်၊ ကောင်း–မကောင်း၊ နှစ်သက်ဖွယ်ဟုတ်–မဟုတ် အဆင်းအာရုံတွေကိုလည်း တွေ့မြင်နိုင်တာဘဲ၊ မြင်မြင်သရွေ့ အားလုံးဟာ မင်္ဂလာလို့မဖြစ်နိုင်ပါဘူး။ မင်္ဂလာအစစ်အမှန်ကတော့ နားထောင်ချင်စဖွယ် စင်ကြယ်လှတဲ့အသံများကိုကြားရခြင်းတာ မင်္ဂလာဖြစ်ပါတယ်၊ ဒီသုတမင်္ဂလာသာ မင်္ဂလာအစစ်ပါ၊'ဟုပြောပြန်ရာ အချို့သူတို့က နာယူလက်ခံကြသော်လည်း အချို့သူတို့က မူကွဲနေ၍ လက်မခံဘဲ ငြင်းခုံကြရ၏။

အနံ့ကိုရင်း၊ အရသာကိုရင်း၊ အတွေ့ကိုရင်း မင်္ဂလာဟု အယူရှိသော မုတမင်္ဂလိက–မည်သူတစ်ဦးကတော့ နား ဆိုတာကလဲ ကောင်း–မကောင်း နှစ်သက်ဖွယ်ဟုတ်–မဟုတ် အသံသဒ္ဒါရုံတွေကို ကြားနိုင်ပြန်တာဘဲ၊ ကြားကြားသမျှအသံတိုင်းဟာ မင်္ဂလာလို့မဖြစ်နိုင်ပါဘူး။ အစစ်မှန်ကတော့ နှာခေါင်းနဲ့ အနံ့ကောင်းကိုရှူရတာ၊ လျှာနဲ့ အရသာကောင်းကိုစားရတာ၊ ကိုယ်နဲ့ အတွေ့အထိကောင်းတွေကိုတွေ့ထိရတာ ဒီသုံးချက်ဘဲ မင်္ဂလာအစစ်ပါ၊'ဟု ပြောပြန်သဖြင့် အချို့သူတို့က နာယူလက်ခံကြသော်လည်း အချို့က မူကွဲတွေများလာပြီးဖြစ်၍ လက်မခံဘဲ ငြင်းခုံကြပြန်၏။

ဤသို့ အယူဝါဒ သုံးမျိုးသုံးစား ပေါ်ထွက်လာသည့်အလျောက် ၎င်းဝါဒအသီးသီးကို နှစ်သက်ယုံကြည်သူ လူတို့သည်လည်း အုပ်စုတွေ ကွဲပြားလာကြရာ၊ လူတို့ကို စောင့်နေသော ကိုယ်စောင့်နတ်တို့မှ အကနိဋ္ဌဗြဟ္မာဘုံအထိ နတ်ဗြဟ္မာတို့သည်လည်း အယူကွဲပြားကြကုန်လျက် ၁၂–နှစ်တိုင်တိုင် မင်္ဂလာနှင့်ပတ်သက်၍ ငြင်းခုံမှုများ ဖြစ်ပွားနေပါတော့သည်။

ယင်းသို့ ကာလကြာမြင့်သည့်တိုင်အောင် ငြင်းခုံ၊ တိုင်ပင်၊ ဆုံးဖြတ်ကြသော်လည်း မင်္ဂလာ၏အဖြေမှန်ကို မရနိုင်ကြဘဲရှိသဖြင့် တစ်နေ့သောအခါ တာဝတိံသာနတ်တို့စုရုံးကြပြီး– 'အချင်းတို့ ငါတို့ကိုအစိုးရနေတဲ့ သိကြားမင်းဟာငါတို့ထက် ကောင်းမှုအား,တန်ခိုးအား,ပညာအားဖြင့် သာလွန်မြင့်မြတ်သူဖြစ်တယ်၊ သိကြားမင်းထံသွားပြီး မင်္ဂလာ၏အဖြေမှန် အဆုံးအဖြတ်ကို ယူအံ့'ဟု တိုင်ပင်ကြ၏။ သိကြားမင်းထံစုရုံးရောက်ရှိကုန်လျက် 'အရှင်မင်းကြီး ယခုအခါ မင်္ဂလာနဲ့စပ်လျဉ်းတဲ့ ပြဿနာတစ်ခုပေါ်ပေါက်နေပါတယ်.. အချို့က

ဒိဋ္ဌ ကို မင်္ဂလာ၊ အချို့က သုတ၊ အချို့ကတော့ မုတကိုသာ မင်္ဂလာလို့ စွဲလမ်းပြောဆိုပြီး ယူဆနေကြပါတယ်၊ ကျွန်ုပ်တို့နဲ့တကွ တစ်ပါးသူတို့လဲ တိကျမှန်ကန်တဲ့ မင်္ဂလာရဲ့အဖြေမှန်ကို မရနိုင်ကြသေးပါဘူး၊ အရှင်မင်းကြီးက တိကျမှန်ကန်တဲ့ အဆုံးအဖြတ်ကို ချမှတ်ပေးပါ'..ဟု တောင်းပန်ကြကုန်၏။

သိကြားမင်းသည်လည်း တိကျမှန်ကန်စွာ မဆုံးဖြတ်နိုင်ရကား၊ ပင်ကိုယ်အားဖြင့် အမြော်အမြင်ရှိသူဖြစ်သည့်အလျောက် 'ဤပြဿနာဟာ ဘယ်အရပ်ဌာနက စတင်ဖြစ်ပေါ်လာသနည်း'ဟု စတင်ခဲ့ရာဌာနကို စစ်ကြောမေးမြန်း၍ လူ့ပြည်မှစတင်ဖြစ်ပေါ်လာကြောင်းကို သိရှိရလေလျှင် 'အချင်းတို့- သုံးလူ့ထွတ်ထားဘုရားရှင်တော် ယခုဘယ်မှာသီတင်းသုံး တော်မူသလဲ'ဟု မေးမြန်းလေ၏။ မြတ်စွာဘုရားလူ့ပြည်မှာ သီးတင်းသုံးတော်မူကြောင်း ဖြေကြားပြောဆိုကြသည့်အခါ 'အချင်းတို့ သင်တို့သည် မီးရှိလျက် မီးကိုဖယ်ထားပြီး ပိုးစုန်းကြူးကို ထွန်းညှိကုန်သကဲ့သို့ မင်္ဂလာကို အကြွင်းအကျန်မရှိအောင် ဟောပြတော်မူနိုင်တဲ့ ဘုရားရှင်ကိုကျော်လွန်ပြီး ငါ့ထံသို့လာမေးကုန်တယ်၊ မြတ်စွာဘုရားရှင်ကို မေးလျှောက်ကုန်အုံ့၊ ကျက်သရေအပေါင်းတို့နဲ့ ပြည့်စုံလှတဲ့အဆုံးအဖြတ်မှန်ကို ငါတို့မချွတ်ရကုန်လတ္တံ့'ဟု ပြောဆိုပြီး၊ သိကြားမင်းက နတ်သားတစ်ဦးကို ဘုရားရှင်တော် ထံသို့စေလွှတ်ရာ ထိုနတ်သားလည်း သန်းခေါင်ယံအချိန်တွင် ဘုရားရှင်သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်ကြီးသို့လာ၍ ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ထွန်းလင်းစေလျက် သင့်လျော်ရာအရပ်၌နေပြီး မြတ်စွာဘုရားထံချဉ်းကပ်၍ ရိုသေစွာရှိခိုးပြီးလျှင် ဂါထာဖြင့် ဤသို့ မေးလျှောက်၏။

ဗဟူ ဒေဝါ မနုဿာ စ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊
ဗြူဟိ မင်္ဂလမုတ္တမံ။

သုံးလူ့ထွတ်ထား ဘုရားရှင်ကိုယ်တော်မြတ်သည် 'အသေဝနာ စ ဗာလာနံ'- အစရှိသောဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော မင်္ဂလသုတ်တော်ကို ဟောတော်မူ၍ မင်္ဂလာပြဿနာကို ဖြေရှင်းတော်မူပါသတည်း။ ။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးဇွ)

မင်္ဂလာတရားတော်မြတ်သည် လူ့လောကတွင် အယဉ်ကျေးဆုံးသော လူအဖြစ်နေထိုင်တတ်ရန် မြတ်စွာဘုရားရှင်က ဟောကြားတော်မူသောဒေသနာတော်ကြီး ဖြစ်၏။

မင်္ဂလာတရားတော်ကြီးသည် **အရွယ်သုံးပါးလုံး လိုက်နာကျင့်သုံးရမည့်တရားများ**ဖြစ်သကဲ့သို့ ဘာသာခြား လူမျိုးများလည်း လက်ခံသင်ယူကျင့်သုံးနိုင်သော တရားဖြစ်ပါသည်။ မင်္ဂလာတရားတော်၏ အစဖြစ်သော ပေါင်းသင်းဆက်ဆံရေးမင်္ဂလာတရားကိုဦးစွာကြည့်ပါက လူမိုက်ကိုမပေါင်းရေး၊ ပညာရှိလူလိမ္မာကိုပေါင်းရေး၊ ပူဇော်ထိုက်သူကိုပူဇော်ရေးဆိုသည့် တရားမြတ်များသည် လူမျိုးတိုင်း ဘာသာတိုင်းအတွက် လက်မခံနိုင်စရာမရှိပါ။ လူမျိုးမခွဲခြားဘဲ လူကိုလူအဖြစ်မြင်တတ်ရန်နှင့် လေးစားစွာ ဆက်ဆံတတ်ရန်၊ ထိုကဲ့သို့ဆက်ဆံရာမှာလည်း အတိုင်းမသိအာနုဘော်ကြီးသော ပါရမီကုသိုလ်တွေကိုရယူပြီး သစ္စာလေးပါးမြတ်တရားကို ကိုယ်တိုင်မျက်မှောက်ပြုနိုင်သည်အထိ လူချမ်းသာ၊ နတ်ချမ်းသာ၊ နောက်ဆုံး အမြတ်ဆုံး လောကုတ္တရာနိဗ္ဗာန်ချမ်းသာတို့ကို ရရှိရေး တရားများသာဖြစ်ပါသည်။

သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတို့ကို အနှစ်ချုပ်အဖြစ် ထုတ်ကြည့်မည်ဆိုလျှင် မင်္ဂလာတရား အမှတ်စဉ် ၁–မှ ၂၁–အထိတရားများသည် လောကီကြီးပွားရေး၊ ၂၂–မှ ၃၀–အထိသည် အထက်တန်းဖြစ်သော လောကီကြီးပွားရေး၊ ၃၁–မှ ၃၈–အထိ တရားတော်တို့သည် အမြတ်ဆုံးဖြစ်သော လောကုတ္တရာချမ်းသာရရှိရေးတရားများဖြစ်ကြ၍ မင်္ဂလာတရားတော်တို့သည် တစ်ပါးထက်တစ်ပါး လေးနက်သထက်လေးနက်လာကာ နောက်ဆုံးတွင် ရဟန္တာဖြစ်သည်အထိ တိုင်အောင်ပင် ရှင်တော်ဘုရားက ဟောကြားတော်မူခဲ့၏။

မင်္ဂလာတရားသည် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံတို့ကို အကျဉ်းချုပ်၍ အလုပ်သဘောတရားအားဖြင့် ထုတ်ဖော်ဟောကြားထားဏ်။ ထိရောက်စွာ လေ့ကျင့် လိုက်နာ ပွားများလျှင် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတည်းဟူသော သိက္ခာတော်သုံးရပ်၊ သာသနာတော်သုံးရပ်နှင့်ပြည့်စုံ၍ ငြိမ်းချမ်းရေးအစစ်ကြီးဖြစ်သော လောကုတ္တရာချမ်းသာ နိဗ္ဗာန်ကို ရနိုင်ပေသည်။

သုံးပုံပိဋကတ်၊ အဆီမြတ်၊ မှတ်လော့မင်္ဂလာ၊
လောကီ လောကုတ်၊ ကောင်းကျိုးနှစ်တန်၊
နိဗ္ဗာန်ရောက်ကြောင်း၊ ဧကန်အမှန်၊

မင်္ဂလသုတ်ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

* ဧဝံ မေ သုတं– ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ သြဘာသေတ္တွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္တွာ ဘဂဝန္တံ အဘိဝါဒေတ္တွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ–

* ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

၁။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၂။ ပဋိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာဝါစာ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၄။ မာတာပိတု ဥပဋ္ဌာနံ၊ پုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၅။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ญาတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၆။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ'မုတ္တမံ။

၇။ ဂါရဝေါ စ နိဝါတော စ၊ သန္တုट्ठိ စ ကတญ्ञုတာ။
ကာလေန ဓမ္မသဝနံ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၉။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ'မုတ္တမံ။

၁၀။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ'မုတ္တမံ။

* ဧတာဒိသာနိ ကတ္တာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိ' ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

(မင်္ဂလသုတ္တံ နိဋ္ဌိတံ။) (ဆဋ္ဌသံဂါယနာမှ)

မင်္ဂလာဘခါ တော်နေ့ အခမ်းအနား အစီအစဉ်

(၁) 'နမော တဿ' သုံးကြိမ် ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ရန်၊
(၂) သီလ ခံယူဆောက်တည်ရန်၊
(၃) မင်္ဂလာအခါတော်နေ့အကြောင်း မြွက်ကြားရန်၊
(မင်္ဂလသုတ် အဋ္ဌပ္ပတ္တိ) (စာ– ၁ မှ ၃)
(၄) သမ္မာဒေဝနတ်မှားကို ပင့်ဖိတ်ရန်၊ (သမန္တာ.. .)
(၅) မင်္ဂလသုတ်အမှန်းကို ရွတ်ဖတ်ပူဇော်ရန်၊
(၆) မင်္ဂလသုတ်ပါဠိတော်ကို ရွတ်ဖတ်ပူဇော်ရန်၊ (စာ– ၅ မှ ၆)
(၇) နိသျှကို ရွတ်ဖတ်ပူဇော်ရန်၊ (တွံတေးဆရာတော်မှ– စာ– ၇ မှ ၁၂)
(၈) မေတ္တာပို့ အမျှဝေ နတ်ပို့ရန်၊
(၉) ("ဗုဒ္ဓသာသနံ..) အခမ်းအနားကို ရပ်သိမ်းရန်။

မင်္ဂလသုတ်ပါဠိတော်နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

* ဘန္တေ၊ နာယကဦးစီး အမှူးအကြီး ဖြစ်တော်မူသော အရှင်မဟာကဿပ။ ဣဒံသုတ္တံ၊ ရှင်တော်ဘုရား ဟောကြားမြွက်ဟော ဤမင်္ဂလသုတ်ဒေသနာတော်ကို။ မေ၊ အာနန္ဒာမှည့်ခေါ် တပည့်တော်သည်။ ဘဂဝတော၊ ရှေဘုန်းတော်သခင် ရှင်တော်ဘုရား၏။ သမ္မုခါ၊ ရှေ့တော်မျက်မှောက် စက်တော်အောက်မှ။ ဧवံ၊ ဤသို့။ သုတံ၊ ကောင်းမွန်သေချာ ကြားအပ်ပါ၏။ ဧကံ၊ တစ်ပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ ရှေဘုန်းတော်သခင် ရှင်တော်ဘုရားသည်။ သာဝတ္ထိယံ၊ သတင်းရန့် သင်းပျံ့မွှေးထုံ နယ်ဥသုံကျော်ဟီး သာဝတ္ထိပြည်တော်ကြီး၌။ အနာထ–ပိဏ္ဍိကဿ၊ သတင်းဂုဏ်ဟိတ် ဖိတ်ဖိတ်ရောင်ပြေး အနာထပိဏ်သူဌေး၏။ အာရာမေ၊ စိတ်နေနှလုံး ရွှင်ပြုံးအေးမြ မွေ့လျော်ရာဌာနဖြစ်သော။ ဧတေ ဝနေ၊ ဧတေ ဝန်မည်သီး ဥယျာဉ်တော်ကြီး၌။ ဝိဟရတိ၊ လျောင်းထိုင်ရပ်သွား လေးပါးကျင်ရိယာ သာယာကြည်ဖြူ နေတော်မူ၏။ အထခေါ၊ ထိုသို့မြတ်စွာ နေတော်မူသောအခါ၌။ အညတရာ၊ သိသာခြားနား အမျိုးအမည် အားဖြင့် မထင်ရှားသော။ အဘိက္ကန္တ ဝဏ္ဏာ၊ ရောင်လျှံတအိအိ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသော။ ဒေဝတာ၊ တန်ခိုးတေဇာ ဂုဏ်ဝါကြီးမား မိုး–နတ်သားသည်။ အဘိက္ကန္တာယ၊ ဆင်,မြင်း,လူသံ တစ်ညံညံ တစ်ဟီးဟီး ပဌမယာမ်ကုန်ပြီးသော။ ရတ္တိယာ၊ ဆိတ်ဆိတ်ညံညံ သန်းခေါင်ယံ၌။ ဧတေ ဝနံ၊ ဧတေ ဝန်မည်သီး ဥယျာဉ်တော်ကြီးကို။ ကေဝလကပ္ပံ၊ ထက်ဝန်းကျင်မှ အကြွင်းအကျန်မရှိရအောင်။ ဩဘာသေတွာ၊ ကိုယ်အရောင်ဖြင့် ထွန်းပြောင်ထိန်လင်း ပဝင်းစေ၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သုံးခွင် ထွင့်ဌာား ရှင်တော်ဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားမြတ် ရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်၏။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ ဘဂဝန္တံ၊ သုံးခွင်ထွင့်ဌာား ရှင်တော်ဘုရားကို။ အဘိဝါဒေတွာ၊ လက်စုံချီမိုးရှိသေစွာရှိခိုး၍။ ဧကမန္တံ၊ ဝေးနီးလေညာ မြင့်ရာ ရှေ့နောက် ပေါင်းခြောက်ကင်းကွာ သင့်တင့်လျောက်ပတ်သောနေရာ၌။ အဋ္ဌာသိ၊ ရပ်တည်၏။ ဧကမန္တံ၊ ဝေးနီးလေညာ မြင့်ရာ ရှေ့နောက် ပေါင်းခြောက်ကင်းကွာ သင့်တင့်

လျောက်ပတ်သောနေရာ၌။ ဌိတာ ခေါ၊ ရပ်တည်ပြီးသော။ သာ–ဒေဝတာ၊ ထိုတန်ခိုးတေဇာ ဂုဏ်ဝါကြီးမား မိုးနတ်သားသည်။ ဘဂဝန္တံ၊ သုံးခွင်ထွင့်ထား ရှင်တော်ဘုရားကို။ ဂါထာယ၊ မာဂဓေဘာသာ ဆိုလတ္တံ့သော ပါဠိဂါထာဖြင့်။ အဗ္ဗျာဘာသိ၊ အသနားခံ လျှောက်ထားတောင်းပန်၏။

* ဘန္တေ၊ ဘုန်းတော်နေရှိန် ထိန်ထိန်ပဝင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား။ သောတ္ထာနံ၊ ကောင်းမြတ်လှစွာ နိဗ္ဗာန်ချမ်းသာကို။ အာကင်္ခမာနာ၊ လိုချင်တောင့်တ နှစ်သက်ကြကုန်သော။ ဗဟူ၊ အသင်္ချေအနန္တ များပြားလှကုန်သော။ ဒေဝါ စ၊ နတ်တို့သည်၎င်း။ မနုဿာ စ၊ လူတို့သည်၎င်း။ မင်္ဂလာနိ၊ သတ္တဝါအများ ကြီးပွားကြောင်းဖြစ်သော မင်္ဂလာတရားတို့ကို။ အစိန္တယုံ၊ ကြံစည်ကြကုန်ပြီ။ ဥတ္တမံ၊ လွန်ကဲထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလံ၊ သတ္တဝါအများ ကြီးပွားကြောင်းဖြစ်သော မင်္ဂလာတရားကို။ တွံ၊ ရှင်တော်ဘုရားသည်။ ဗြူဟိ၊ ကရဏာရှေ့သွား မေတ္တာထား၍ ဟောကြားတော်မူပါဘုရား။

၁။ ဒေဝပုတ္တ၊ ငါ၏ထံမှောက် လာရောက်လျှောက်ထား မိုးနတ်သား။ ဗာလာနံ၊ ဉာဏ်မဲ့ချာညူ မိုက်သောသူတို့ကို။ အသေဝနာ စ၊ မယှဉ်မတွဲ မဆည်းကပ် မမှီဝဲခြင်းငင်း။ ပဏ္ဍိတာနံ၊ ကြောင်းကျိုးသိမြင် ပညာရှင်တို့ကို။ သေဝနာစ၊ ပေါင်းဖော်ယှဉ်တွဲ ဆည်းကပ်မှီဝဲခြင်းငင်း။ ပူဇနေယျာနံ၊ ရှိခိုးဦးခိုက် ပူဇော်ထိုက်သော သူတို့ကို။ ပူဇာ စ၊ ဦးခိုက်ဝပ်စင်း ရှိခိုး–ပူဇော်ခြင်းငင်း။ ဧတံ၊ သရုပ်ဖော်ကြား ဤသုံးပါးသောတရားသည်။ ဥတ္တမံ၊ ကဲလွန်ထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလံ၊ သတ္တဝါအများ ကြီးပွါးကြောင်းဖြစ်သော မင်္ဂလာတရားမည်၏။

၂။ ဒေဝပုတ္တ၊ ငါ၏ထံမှောက် လာရောက်လျှောက်ထား မိုးနတ်သား။ ပဋိရူပဒေသဝါသော စ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။ ကပ်ရပ်နေထိုင်ခြင်းငင်း။ ပုဗ္ဗေ၊ ရှေးရှေးသောကာလ။ ဘဝါ၊ ဘဝ၌။ ကတပုညတာစ၊ ပြုအပ်ပြီးသော ကုသိုလ်ပုညပါရမီ သမ္ဘာရရှိသော သူ၏အဖြစ်ငင်း။ အတ္တသမ္မာပဏိဓိ စ၊ အကျင့်တရား မပျက်ပြားအောင် မိမိကိုယ်စိတ်ကို ကောင်းစွာထားခြင်းငင်း။ ဧတံ၊ သရုပ်ဖော်ကြား ဤသုံးပါးသောတရား

သည်။ ဥတ္တမံ၊ ကဲလွန်ထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလာ၊ သတ္တဝါအများ ကြီးပွါးကြောင်းဖြစ်သော မင်္ဂလာတရားမည်၏။

၃။ ဒေဝပုတ္တ၊ ငါ၏ထံမှောက် လာရောက်လျှောက်ထား မိုးနတ်သား။ ဗာဟုသစ္စဥ္စ၊ အမြင်အကြား ပညာများသောသူ၏အဖြစ်ရင်း။ သိပ္ပဥ္စ၊ အပြစ်မထင် လက်မှုစသောအတတ်တို့ကိုသင်ခြင်းရင်း။ သုသိက္ခိတော၊ ရိုသေလေးမြတ် ကောင်းမွန်စွာသင်ကြားအပ်သော။ ဝိနယော စ၊ အာဂါရိယ အနာဂါရိယ နှစ်ပါး ဝိနည်းတရားရင်း။ သုဘာသိတာ၊ ဒုဗ္ဘာသိလေးပါး ပယ်ရှားရှင်းဖြတ် ကောင်းမွန်စွာဖြေဆိုအပ်သော။ ယာဝါစာ၊ သစ္စ–ပိယ–သဏှ–သာတ္ထက အင်လေးဝပြား အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ သာဝါစာ စ၊ မှန်ကန်ချစ်ဖွယ် နုနယ်ကျိုးရှိ သုဘာသိလေးပါး၊ ထိုစကားရင်း။ ဧတံ၊ သရုပ်ဖော်ကြား ဤလေးပါးသောတရားသည်။ ဥတ္တမံ၊ ကဲလွန်ထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလံ၊ သတ္တဝါအများ ကြီးပွါးကြောင်းဖြစ်သော မင်္ဂလာတရားမည်၏။

၄။ ဒေဝပုတ္တ၊ ငါ၏ထံမှောက် လာရောက်လျှောက်ထား မိုးနတ်သား။ မာတာပိတု၊ မိခင်–ဖခင် အနန္တကျေးဇူးရှင်ကို။ ဥပဋ္ဌာနဥ္စ၊ ရိုသေဝပ်စင်း လုပ်ကျွေးမွေးမြူခြင်းရင်း။ ပုတ္တဒါရဿ၊ သမီးနှင့်သား ကြင်ရာဘက် မယားကို။ သင်္ဂဟော စ၊ ဝတ်စားငွေကြေး မပြတ်ပေး၍ မွေးကျွေးထောက် ပင့်ခြင်းရင်း။ အနာကုလာ၊ နှောက်ယှက်ဖြန်းတီး ဖျက်ဆီးခြင်းမရှိကုန် သော။ ကမ္မန္တာ စ၊ လယ်လုပ်–ကုန်သွယ် ရောင်းဝယ်ခြင်း အစရှိသော အမှုတို့ဥ္စင်း။ ဧတံ၊ သရုပ်ဖော်ကြား ဤသုံးပါးသောတရားသည်။ ဥတ္တမံ၊ ကဲလွန်ထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလံ၊ သတ္တဝါအများ ကြီးပွါးကြောင်း ဖြစ်သော မင်္ဂလာတရားမည်၏။

၅။ ဒေဝပုတ္တ၊ ငါ၏ထံမှောက် လာရောက်လျှောက်ထား မိုးနတ်သား။ ဒါနဥ္စ၊ ပေးကမ်းစွန့်ချ အလှူဒါနရင်း။ ဓမ္မစရိယာ စ၊ ကုသိုလ်ကမ္မဝထ ဆယ်ပါး အကျင့်တရားရင်း။ ဉာတကာနံ၊ မိဘက်–ဖဘက် အောက်ထက် စပ်တော် ဆွေမျိုးပေါက်ဖော်တို့ကို။ သင်္ဂြဟော စ၊ သင်္ဂြိဟ်ချီးမြှင့် ပေးကမ်း

ထောက်ပင့်ခြင်းငင်း။ အနဝဇ္ဇာနိ၊ ကဲ့ရဲ့စရာမငြိ အပြစ်မရှိကုန်သော။ ကမ္မာနိစ၊ ဥပုသ်သုံးခြင်း ရေတွင်းရေကန်တူးခြင်း လမ်းသုတ်သင်ခြင်းစသော အမှုတို့ကိုငင်း။ ဧတံ၊ သရုပ်ဖော်ကြား ဤလေးပါးသောတရားသည်။ ဥတ္တမံ၊ ကဲလွန်ထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလံ၊ သတ္တဝါအများ ကြီးပွါးကြောင်းဖြစ်သော မင်္ဂလာတရားမည်၏။

၆။ ဒေဝပုတ္တ၊ ငါ၏ထံမှောက် လာရောက်လျှောက်ထား မိုးနတ်သား။ ပါပါ၊ အကုသိုလ်အစု မကောင်းမှုမှ။ အာရတီ စ၊ စိတ်ဖြင့်ဝေးစွာ ကြဉ်ခွါခြင်းငင်း။ ဝိရတီ စ၊ ဝစီ–ကာယ နှစ်ဒွါရဖြင့် ပယ်ချရောင်လွှဲ ကြဉ်ဖယ်ခြင်းငင်း။ မဇ္ဇပါနာ၊ ရူးသွပ်မေ့လျော့ကြောင်း မကောင်းဆိုးဝါး ယစ်မျိုးကိုသောက်စားခြင်းမှ။ သံယမော စ၊ စိတ်ကိုချုပ်တည်း စောင့်စည်းခြင်းငင်း။ ဓမ္မေသု၊ ကုသိုလ်ကမ္မပထတရား ပေါင်းဆယ်ပါးတို့၌။ အပ္ပမာဒေါ စ၊ သတိမကင်း မမေ့လျော့ခြင်းငင်း။ ဧတံ၊ သရုပ်ဖော်ကြား ဤလေးပါးသောတရားသည်။ ဥတ္တမံ၊ ကဲလွန်ထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလံ၊ သတ္တဝါအများ ကြီးပွါးကြောင်းဖြစ်သော မင်္ဂလာတရားမည်၏။

၇။ ဒေဝပုတ္တ၊ ငါ၏ထံမှောက် လာရောက်လျှောက်ထား မိုးနတ်သား။ ဂါရဝေါ စ၊ အသက်–သိက္ခာ ဂုဏ်ဝါပြောထူ ရှိသေထိုက်သောသူတို့ကို ကြည်ဖြူဝပ်စင်း ရှိသေကိုင်းရှိုင်းခြင်းငင်း။ နိဝါတော စ၊ ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးနှင့် ချိုးကျိုးနွားလား ဒွန်းစဏ္ဍားပမာဏာ နှိမ့်ချသောမာန်မာနရှိခြင်းငင်း။ သန္တုဋ္ဌိ စ၊ လောဘပယ်ရှဲ ရရသမျှဖြင့်သာ နှစ်သက်ရောင်ရဲခြင်းငင်း။ ကတညုတာ စ၊ ကောင်းစွာပြုဘူး သူ့ကျေးဇူးကို အထူးဆင်ခြင်သိမြင်အောက်မေ့ခြင်းငင်း။ ကာလေန၊ မိစ္ဆာဝိတက် နှောက်ယှက်ဝင်လာသင့်သင့်သောအခါ၌။ ဓမ္မသဝနဉ္စ၊ ရှိသေဝပ်စင်း တရားနာခြင်းငင်း။ ဧတံ၊ သရုပ်ဖော်ကြား ဤငါးပါးသောတရားသည်။ ဥတ္တမံ၊ ကဲလွန်ထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလံ၊ သတ္တဝါအများ ကြီးပွါးကြောင်းဖြစ်သော မင်္ဂလာတရားမည်၏။

၈။ ဒေဝပုတ္တ၊ ငါ၏ထံမှောက် လာရောက်လျှောက်ထား မိုးနတ်သား။ ခန္ဓိ စ၊ မြေကြီးမယွင်း ထိုထိုအရာ၌ သည်းခံခြင်းငင်း၊ သောဝစသတာ စ၊ အမျက်မထား ရန်မပွါးဘဲ ပြောကြားစီစစ် ဆိုဆုံးမလွယ်သော သူ၏ အဖြစ်ငင်း။ သမဏာနံ၊ ကိလေသာဘေး ရန်ညစ်ကြေးတို့ကို ငြိမ်းအေး စေတတ် ရဟန်းတော်မြတ်တို့ကို။ ဒဿနဠ္ဟ၊ မြတ်နိုးရတနာ ကြည်သဒ္ဓါဖြင့် ကောင်းစွာဝပ်စင်း ဖူးမြင်ခြင်းငင်း။ ကာလေန၊ အားလပ်ခွင့်သာ သင့်လျော် သောအခါ၌။ ဓမ္မသာကစ္ဆာ စ၊ ပညာရှိတို့နှင့်ပေါင်းသင်း တရားတော်ကို ဆွေးနွေးမေးမြန်းခြင်းငင်း။ ဧတံ၊ သရုပ်ဖော်ကြား ဤလေးပါးသောတရား သည်။ ဥတ္တမံ၊ ကဲလွန်ထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလံ၊ သတ္တဝါအများ ကြီးပွါးကြောင်းဖြစ်သော မင်္ဂလာ တရားမည်၏။

၉။ ဒေဝပုတ္တ၊ ငါ၏ထံမှောက် လာရောက်လျှောက်ထား မိုးနတ်သား။ တပေါ စ၊ အဘိဇ္ဈာ ဗျာပါဒ စသည့်ထိုထို အကုသိုလ်ကို ဖျက်ဖြိုညှင်းသတ် ပူပန်စေတတ်သည့် ကျန္ဒြိယသံဝရသီလတည်းဟူသော သတိမြတ်ငင်း။ ဝါ၊ မလုပ်ချင်မကိုင်ချင် ပျင်းရိဆုတ်နစ်သော ကောသဇ္ဇတရားကို ပယ် ရှားညှင်းသတ် ပူပန်စေတတ်သည့် ဝီရိယတည်းဟူသော တရားမြတ်ငင်း။ ဗြဟ္မစရိယဠ္ဟ၊ မေထုန်ပယ်လွင့် ကောင်းမြတ်သောအကျင့်ငင်း။ အရိယသစ္စာနံ၊ ဝဋ်မြစ်ကင်းပြတ် ပုဂ္ဂိုလ်မြတ်တို့ သိအပ်ထင်ရှား လေးပါးသောသစ္စာ တရားတို့ကို။ ဒဿနဠ္ဟ၊ ပိုင်းခြားထင်ထင် မဂ်ဉာဏ်ဖြင့် သိမြင်ခြင်းငင်း။ နိဗ္ဗာနသစ္ဆိကိရိယာ စ၊ တစ်ထောင့်ငါးရာ ကိလေသာမှ ဝေးစွာလွတ်ကင်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငင်း။ ဧတံ၊ သရုပ်ဖော်ကြား ဤ လေးပါးသောတရားသည်။ ဥတ္တမံ၊ ကဲလွန်ထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလံ၊ သတ္တဝါအများ ကြီးပွါးကြောင်းဖြစ်သော မင်္ဂလာ တရားမည်၏။

၁၀။ ဒေဝပုတ္တ၊ ငါ၏ထံမှောက် လာရောက်လျှောက်ထား မိုးနတ်သား။ ယော၊ အကြင်ပညာ သမာဓိ စရိကဲမို သူတော်စင် ပုဂ္ဂိုလ်သည်။ လောက– ဓမ္မေဟိ၊ လာဘ အလာဘ–စသည်ရှစ်ပါး။ လောကဓံတရားတို့သည်။ ဖုဋ္ဌော၊ ပူးဝင်စွဲကပ်တွေ့ထိနှိပ်စက်အပ်သည်။ အသ–ဟောတိ၊ ဖြစ်၏။ အသ၊ ထိုပညာ သမာဓိ စရိကဲမို လောကဓံနှင့် တွေ့ကြုံသော သူတော်စင်

ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္မတိ၊ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ပူပြင်း ကြောင့်ကြခြင်းလည်းမရှိ။ ဝိရဇံ ကိလေသာမြူမှုန်း ကပ်ငြိတွယ်တာသော အညစ်အကြေးလည်း မရှိ။ ခေမံ၊ ကြောက်ထိတ်လန့်တွေးစိတ္တုတ္တာသဘောလည်း မရှိ။ ဧတံ၊ သရုပ်ဖော်ကြား ဤ လေးပါးသော တရားသည်။ ဥတ္တမံ၊ ကဲလွန်ထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလံ၊ သတ္တဝါအများ ကြီးပွါးကြောင်းဖြစ်သော မင်္ဂလာတရားမည်၏။

* ဒေဝပုတ္တ၊ ငါ၏ထံမှောက် လာရောက်လျှောက်ထား မိုးနတ်သား။ ယေ၊ အကြင် နတ်နှင်တကွသောလူ ခပ်သိမ်းသူတို့သည်။ ဧတာဒိသာနိ၊ သုံးဆယ့်ရှစ်ဖြာ ဤသို့သော မင်္ဂလာတို့ကို။ ကတွာန၊ သင်အံ့လေ့ကျက်ဆောင်ရွက် ကျင့်ကြံခြင်းကြောင့်။ ဝါ၊ ကျင့်ကြံသည်ရှိသော်။ သဗ္ဗတ္ထ၊ မစ္စုကြဉ်ထား အလုံးစုံသော မာရ်လေးပါးတို့မှ။ အပရာဇိတာ၊ မရှုံးကုန်သည်ဖြစ်၍။ သဗ္ဗတ္ထ၊ အလုံးစုံသောဘုံဘဝ လေးပါးသောအရိယာပထတို့၌။ သောတ္ထိံ၊ ဘေးရန်လွတ်ကင်း ချမ်းသာအေးမြခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တံ၊ ထိုသို့ဟောကြား သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားသည်။ တေသံ၊ ထိုနတ်နှင့်တကွသောလူ ခပ်သိမ်းတို့၏။ ဥတ္တမံ၊ ကဲလွန်ထူးမြတ် ချီးမွမ်းအပ်သော။ မင်္ဂလံ၊ စဉ်လာမပျက် တိုးတက်စည်ကားကြီးပွါးကြောင်းဖြစ်သော မင်္ဂလာတရားမည်၏။

(တွံတေးဆရာတော်၏မူ– မင်္ဂလသုတ်ပါဠိတော်နိဿယ ပြီး၏။)

ဗုဒ္ဓဘာသာဝင်တို့၏ အသက်သွေးကြော

ဤ ၃၈–ဖြာသော မင်္ဂလာတရား၊ ဗုဒ္ဓအဆုံးအမ(=ဗုဒ္ဓသာသနာ)ကို လေ့လာကျင့်သုံးမှုပျောက်ကွယ်ခဲ့သော် ဗုဒ္ဓဘာသာလူမျိုး၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများ မှာလည်း ပျောက်ကွယ်သွားကြမည်သာဖြစ်ပါသည်။.. ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားများ၏ ယဉ်ကျေးမှုသည် ဝိဋ္ဌကတ် သုံးပုံ၏ အနှစ်ချုပ်ဖြစ်သည့် မင်္ဂလာတရားတော်(=မင်္ဂလသုတ်)တွင် များစွာအခြေခံပါသည်။

"သုံးပုံပိဋကတ်၊ အဆီမြတ်၊ မှတ်လော့မင်္ဂလာ"

မင်္ဂလာ သိမှတ်ဖွယ်ရာများ (အကျဉ်း)

ဂါထာ – အက္ခရာရှစ်လုံးကို တစ်ပိုဒ်စီကန့်သတ်၍ ၄–ပိုဒ်ရှိသောပါဠိကို "ဂါထာ၊"

မင်္ဂလာ – ကြီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော အလုပ်ကို "မင်္ဂလာ၊"

အလုပ် – "အလုပ်"ဟူသည် ကိုယ်ဖြင့်ပြုမှု၊ နှုတ်ဖြင့်ပြောမှု၊ စိတ်ဖြင့်စဉ်းစားကြံစည်မှု များတည်း။

အကျိုး – ထိုအလုပ်များကြောင့် ကြီးပွားခြင်း၊ ချမ်းသာခြင်းကို မင်္ဂလာ၏ "အကျိုး"ဟုမှတ်။

မင်္ဂလသုတ် – ကြီးပွားချမ်းသာကြောင်းဖြစ်သော မင်္ဂလာကိုပြထားသော (ရတနာ ရွှေကြုတ်နှင့်အလားတူသော)တရားတော်ကို "မင်္ဂလသုတ်"ဟုခေါ်သည်။

ထို့ကြောင့် မင်္ဂလသုတ်၌လာသော အလုပ်များကို လက်တွေ့လုပ်သူသည် ဧကန်မုချ ကြီးပွားချမ်းသာမည်ဟုမှတ်။

(အရှင်ဇနကာ ဘိဝံသ၏ အခြေပြုမင်္ဂလသုတ်)

မင်္ဂလာအမ္ဘမ်း **(အမ္ပန်းတင် –၂ ဂါထာ)**

ယံမင်္ဂလံ ဒ္ဒါဒသဟိ၊ စိန္တယိသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိသ္ဌ မင်္ဂလံ။

နတ်နှင့်တကွသောလူတို့သည် ဆယ့်နှစ်နှစ်တိုင်အောင် ကြံစည် တွေးတော ပါသော်လည်း မင်္ဂလာတရား၏အဓိပ္ပါယ်ကို မသိနိုင်ကြကုန်။ မင်္ဂလာတရားသည် အရေအတွက် ၃၈–ပါးရှိ၏ ။ မင်္ဂလာတရားသည် ကြီးပွားခြင်း၏ အကြောင်းဖြစ်၏ ။

မင်္ဂလာကဗျာ– အမ္ပန်းတင်

၃၈–ဖြာ မင်္ဂလာတရားကို၊ နတ်လူအများ ကြံစည်ပေ။
ဘယ်သင်းဘယ်ဟာ မင်္ဂလာအစစ်ဟု၊ သေချာစေ့မြစ် မသိလေ။
ဆယ့်နှစ်နှစ်တိုင် နှုတ်ပြိုင်ငြင်းလို့၊ မင်္ဂလာအခင်း မပြီးပေ။
မင်္ဂလာတရား ဝါဒများ၊ ကွဲပြားနတ်လူတွေ။
အဲဒါကြောင့် ကြံကြစည်ကြ ကမ္ဘာ့မင်္ဂလာတွေ။

ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

နတ်တကာတို့ထက်မြတ်သော ဝိသုဒ္ဓိနတ်ဘုရားမြတ်သည် သတ္တဝါအားလုံးတို့၏အကျိုးစီးပွားအလို့ငှာ မင်္ဂလာတရားကို ဟောတော်မူခဲ့ပါသည်။ မကောင်းမှုအားလုံးကို ပယ်ဖျောက်တတ်သောကြောင့် "မင်္ဂလာ"ဟုခေါ်ပါသည်။
အိုသူတော်ကောင်းတို့ ထို မင်္ဂလာတရားကို ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

မင်္ဂလာကဗျာ–

မြင်, ကြား, တွေ့ရာ မင်္ဂလာပဲဟု၊ သုံးစုကွဲကာ ငြင်းခုံနေ။
နတ်လူတွေမှာ အငြင်းပွားသည့်၊ အခင်းများလည်း ကင်းပါစေ။
မကောင်းမှုတွေ ကွယ်ကာပျောက်လို့၊ ချမ်းသာရောက်ဖို့ ရည်ရွယ်ပေ။
နတ်တို့ထက်နတ် ဘုရားမြတ်၊ ဟောအပ်ခဲ့ပါသလေ။
အဲဒါကြောင့် သင်ကြ, မှတ်ကြ, ဆောင်ကြတို့တစ်တွေ။

မင်္ဂလာနိဒါန်း

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ သြဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဋ္ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

အကျွန်ုပ်အာနန္ဒာသည် မင်္ဂလာတရားတော်ကို မြတ်စွာဘုရား၏ ရှေ့မှောက်တော်မှ ဤသို့ ကြားနာမှတ်သားခဲ့ရပါသည်။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူပါသည်။ ထိုအခါ မထင်ရှားသော နတ်သားတစ်ယောက်သည် သန်းခေါင်ယံအချိန်၌ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်လာပါသည်။ ဇေတဝန် တစ်ကျောင်းလုံး နတ်သား၏ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်း တောက်ပနေပါသည်။ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်လာသောနတ်သားသည် သင့်လျော်ရာအရပ်၌ **မတ်တပ်ရပ်လျက်** မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီးလျှင် ဂါထာဖြင့် ဤသို့ မေးလျှောက်လေသည်။

မင်္ဂလာကဗျာ– နိဒါန်း

သာဝတ္ထိပြည်မှန်၊ ဇေတဝန်ကျောင်း၌၊ ကိန်းအောင်းပျော်မွေ့ မြတ်စိန္တေ။
သန်းခေါင်ယံခါ၊ မထင်ရှားသည့်၊ နတ်သားတစ်ယောက် ချဉ်းကပ်လေ။
ချဉ်းကပ်ပြီးသော် မင်္ဂလာသဘော၊ ထင်စွာဟောဖို့ လျှောက်ပန်ချေ။
အသေဝနာတရား အစထား၊ ဟောကြား မြတ်စိန္တေ။
အဲဒါကြောင့် နာရ ကြားရ၊
ကမ္ဘာ့မင်္ဂလာတွေ။

(၁) တရားတော်အမည် – မင်္ဂလသုတ္တန် (မင်္ဂလာတရားတော်)
(၂) ဟောကြားသောပုဂ္ဂိုလ် – မြတ်စွာဘုရား
(၃) ဟောကြားသည့်နေရာ – သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်
(၄) ဟောကြားသောအချိန် – ညသန်းခေါင်ယံ
(၅) ကျောင်းဒါယကာ – ငယ်မည်–သုဒတ္တ၊
ထင်ရှားသောအမည် အနာထပိဏ်သူဌေး
(ခိုကိုးရာမဲ့သူများကို ကျွေးမွေးတတ်သောကြောင့် အနာထပိဏ္ဍိက–အနာထပိဏ်ဟု ခေါ်၏။)
(၆) တောင်းပန်သောပုဂ္ဂိုလ် – နတ်သားတစ်ပါး (အညတရ ဒေဝတာ)
(၇) မင်္ဂလာပြဿနာ – အမြင်စွဲမင်္ဂလာ (**ဒိဋ္ဌ**မင်္ဂလာ)
အကြားစွဲမင်္ဂလာ (**သုတ**မင်္ဂလာ)
အနံ့၊ အရသာ၊ အတွေ့အထိစွဲမင်္ဂလာ (**မုတ**မင်္ဂလာ)
စသော မင်္ဂလာအယူအဆ အမျိုးမျိုးတို့ကို လူနှင့်နတ်တို့ ၁၂–နှစ်လုံးလုံး ငြင်းခုံ၍ ပြဿနာ ဖြစ်ကြသည်။
(၈) မင်္ဂလာအဖြေမှန် – သိကြားမင်းက မင်္ဂလာအဖြေမှန်ကို ဟောကြားပါရန် မြတ်စွာဘုရားအား နတ်သားတစ်ပါးကို တောင်းပန်ခိုင်း၍ မင်္ဂလာအဖြေမှန်ကို မင်္ဂလသုတ္တန် ဖြင့်ညွှန်ပြ တော်မူသည်။

(၉) မင်္ဂလာအဓိပ္ပါယ် – မကောင်းမှုကို ပယ်ဖျောက်တတ်သောကြောင့် "မင်္ဂလာ"ခေါ်သည်။
(တစ်နည်း) ကြီးပွားချမ်းသာ တိုးတက်မှုကို ဖြစ်စေတတ်သောကြောင့် မင်္ဂလာ ခေါ်သည်။
(ကြီးပွားတိုးတက်ရေး လမ်းညွှန်တရား)

(၁၀) ပြန့်ပွားခဲ့ပုံ – နတ်သားကိုဟောကြားပြီး နောက်တစ်နေ့တွင် ရှင်အာနန္ဒာကို မြတ်စွာဘုရားက ဟောကြားပြီး ရဟန်းတော်များကို တစ်ဆင့်ပို့ချစေသည်။ ထိုမှ အဆင့်ဆင့် သင်ယူမှတ်သားခဲ့ရာ ယခုတိုင်အောင် ပြန့်ပွားခဲ့သည်။

(၁၁) မင်္ဂလာမြန်မာ – မြန်မာ့ယဉ်ကျေးမှုသည် မင်္ဂလာတရားကိုအခြေခံ၍ ရှေးအခါကမြန်မာတို့သည် မင်္ဂလာကို လေးလေးစားစား သင်ယူ၍ မြတ်နိုးစွာကျင့်သုံးခဲ့ကြသည်။

(၁၂) **မင်္ဂလာဗျူဟာအသင်း** – မင်္ဂလာ – ၃၈–ဖြာမင်္ဂလာ၊
ဗျူဟာ – စစ်ဆင်ခြင်း။
(၃၈–ဖြာ မင်္ဂလာဖြင့် မကောင်းမှု အမင်္ဂလာ (အကုသိုလ်)တို့ကိုစစ်ဆင်တိုက်ဖျက်သောအသင်း၊)

(၁၃) မင်္ဂလာနှတ်ခွန်းဆက် – တစ်ဦးနှင့်တစ်ဦးတွေ့လျှင် (ကြီးငယ်မရွေး) လက်အုပ်ချီ၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ (မင်္ဂလာပါ)ဟု နှတ်ခွန်းဆက်ကြသည်။

- လက်အုပ်ချီခြင်းက (ကာယကံမင်္ဂလာ)၊
- မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေဆိုခြင်းက (ဝစီကံမင်္ဂလာ)၊
- စိတ်ထားကောင်းက (မနောကံမင်္ဂလာ)။

မင်္ဂလာပါဆိုသည်မှာ မကောင်းမှုတွေကို ရှောင်မယ်၊
မင်္ဂလာပါဆိုသည်မှာ ကောင်းမှုတွေကို ဆောင်မယ်၊
မင်္ဂလာပါဆိုသည်မှာ ဖြူစင်အောင် စိတ်ကလေးကိုထား...မယ်။
မင်္ဂလာပါအပြောချို့ အပြုံးလေးလည်းချို့၊
အမြဲတမ်းပဲ မင်္ဂလာပါပြောမယ် နှုတ်ဆက်ကြမယ်၊
ယဉ်ကျေးစွာ မင်္ဂလာပါ ဒီအသံလေးကြားရတာ၊
ရင်မှာအေး နှုတ်ဆက်ပါ အများနှင့်တွေ့တဲ့အခါ၊
ဒီအသံလေးကိုကြားတိုင်းပဲ၊ တစ်ကယ်ယဉ်ကျေးတယ်၊ အများချီးကျူးတာ၊
အပြန်အလှန်မေတ္တာ တစ်ဦးနှင့်တစ်ဦးထားခြင်းဟာ၊ မင်္ဂလာပါ... ... ...

မင်္ဂလာတရားတောင်း (နတ်သားလျှောက်ထားဂါထာ)

ဗဟူဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာန်၊ ဗြူဟိ မင်္ဂလ'မုတ္တမံ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ များစွာကုန်သော နတ်,လူ တို့သည် စင်ကြယ်သောနိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တကုန်၍ မင်္ဂလာတရား တော်ကို ၁၂-နှစ်ကြာမျှ ကြံစည်တွေးတောပါသော်လည်း မသိနိုင်ကြပါကုန်။ ထိုမင်္ဂလာတရားတော်ကို ရှင်းလင်းဟောကြား ပေးသနားတော်မူ ပါဘုရား။

*** ယံမင်္ဂလံ ဒ္ဓါဒသဟိ။.. .. .. တံ ဘဏာမ ဟေ။** (အမွန်းတင်ဂါထာ)

အစ ၂-ဂါထာမှာ ဘုရားဟောမဟုတ်သေးပါ။ မင်္ဂလသုတ်ကို ရွှင်ရွှင်ပြပြ အားတက်သရော ရွတ်ချင်လာအောင်.. ရှေးဆရာကြီးများ ထည့်သွင်းထားဏ။ မင်္ဂလာတရားကောင်းကြောင်း အဖိုးတန်ကြောင်း အမွန်းတင်ထားကြဏ။

*** ဧဝံ မေ သုတံ၊ .. .. .. ဂါထာယ အဗ္ဘာဘာသိ။** (နိဒါန်း)

ဘုရားဟော မဟုတ်သေးပါ။ ပထမ-သင်္ဂါယနာတင်ပွဲတွင် မဟာနာယက ဖြစ်သည့် အရှင်မဟာကဿပမထေရ်မြတ်က မေးသောကြောင့် အရှင်အာနန္ဒာက ဖြေကြားလျှောက်ထားသည့် မင်္ဂလသုတ်ဖြစ်ပေါ်လာပုံ နိဒါန်းမျှသာဖြစ်ဏ။

*** ဗဟူဒေဝါ.. .. .. ဗြူဟိ မင်္ဂလ'မုတ္တမံ။** (နတ်သားလျှောက်ထားဂါထာ)

ဘုရားဟော မဟုတ်သေးပါ။ နတ်သားမှ ကောင်းမြတ်သော မင်္ဂလာတရားကို ဟောကြားပြသတော်မူပါရန်လျှောက်ထားဏ။

*** ဘုရားဟော-** "အသေဝနာစ.. စသော ဂါထာ-၁၁ ပုဒ်တို့ဖြင့် ၃၈-ဖြာ မင်္ဂလာတရားကို ဟောကြားတော်မူခဲ့ပါသည်။

ရှေ့သွားမင်္ဂလာ

မြတ်စွာဘုရား မင်္ဂလာတရားတော်ကို ဟောကြားတော်မူသဖြင့် နတ်, ဗြဟ္မာပေါင်းကုဋေတစ်သိန်းခန့် အရဟတ္တဖိုလ်ကိုရောက်ကြရပြီး၊ သောတာပန်သကဒါဂါမ်, အနာဂါမ်ဖြစ်ကြရသောအရေအတွက်မှာလည်းများပြားလှပါသည်။ မင်္ဂလာတရားဟောကြားပြီးနောက်နေ့တွင် မြတ်စွာဘုရားက အရှင်အာနန္ဒာကို ခေါ်ပြီး မင်္ဂလသုတ်ကိုသင်ယူစေကာ ရဟန်းတော်များအားလည်းပို့ချခိုင်း၏။ ရဟန်းတော်များက ဘုရားရှင်၏ဂုဏ်ကျေးဇူးကိုလျှောက်ထားရာတွင်–ဘုရားရှင်က "ဘုရားဖြစ်ရန်ပါရမီဖြည့်စဉ်အလောင်းတော်ဘဝက နတ်လူများ၏ယုံမှားမှုများကင်းအောင် **မင်္ဂလာ**ပြဿနာကိုဖြေဆိုဟောကြားဖူးပါသေးတယ်"–ဟုမိန့်၏။

ရှေးအခါက ဘုရားအလောင်းတော် **"ရက္ခိတရသေ့"**အဖြစ် ဟိမဝန္တာတောတွင်ရှိနေစဉ် ဗာရာဏသီပြည်၌ မင်္ဂလာနှင့်ပတ်သက်၍ "ဒိဋ္ဌလော၊ သုတလော၊ မုတလော၊ အဘယ်သူသည် မင်္ဂလာကို သိရှိပါသနည်း။"ဟူသော ပြဿနာကို တပည့်ပရိသတ်ရသေ့–၅၀၀ တို့အား– ပစ္စုပ္ပန်အကျိုးစီးပွား, တမလွန်အကျိုးစီးပွား အားဖြင့် ၂–ပါးတို့ကို ဆောင်ရွက်ပေးနိုင်သော..

၁။ သတ္တဝါများ၊ မေတ္တာပွား၊ ရှေ့သွား မင်္ဂလာ။
၂။ သည်းခံတရား၊ လက်ကိုင်ထား၊ ရှေ့သွား မင်္ဂလာ။
၃။ မိတ်ဆွေ သူငယ်ချင်း၊ ထင်သေးကင်း၊ မယွင်း မင်္ဂလာ။
၄။ မိတ်ကောင်းရှိခြင်း၊ ပေးစွန့်ခြင်း၊ မယွင်း မင်္ဂလာ။
၅။ မယားကောင်း မယားမြတ်၊ ရှိတုံလတ်၊ သိမှတ် မင်္ဂလာ။
၆။ စင်ကြယ် ကြိုးစား၊ လခစား၊ ကြီးပွားချမ်းသာ မင်္ဂလာ။
၇။ ကြည်ဖြူဒါန၊ ပေးလှူက၊ မှတ်ကြ မင်္ဂလာ။
၈။ အရိယာများ၊ ဝိုင်းမြှောက်စား၊ ထက်ဖျားဖိုလ်ဟာ–မင်္ဂလာ။

မင်္ဂလာတရားတော်တို့ကို ဟောကြား၏။ ရသေ့များကလည်း အလောင်းတော်ဟောပြောသည့်နည်းအတိုင်း မင်္ဂလာပြဿနာကိုဟောပြောဖြေရှင်းကြ၏။ ထိုအချိန်ကစပြီး **"မင်္ဂလာ"**သည် ထင်ရှားနေခဲ့ပါသည်။ မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးကြသည့်အတွက်–

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မင်္ဂလာ။"

မဂ်လာ ပါဠိ–မြန်မာပြန်

စာမျက်နှာ ၇–တွင် မဂ်လသုတ်ပါဠိတော်နိဿယကို ပူဇော်ခဲ့ပြီးဖြစ်သော်လည်း အမြင်သန်လွယ်စေရန်အတွက် **ဘုံကျော်–အရှင်ကေသဝါဘိဝံသ**၏ ပါဠိ–မြန်မာပြန်ကိုလည်းတင်ပြပူဇော်ပါသည်။ မဂ်လာသင်တန်းများတွင် အုပ်စု ၂–စုခွဲ၍ အပြန်အလှန် အတိုင်အဖောက်လုပ်ကာ (သံချပ်ထိုးသကဲ့သို့) တစ်ဖွဲ့က ပါဠိဆိုလိုက်လျှင် ကျန်တစ်ဖွဲ့က မြန်မာပြန်ဆိုလိုက်နှင့် သင်တန်းကို မြိုင်မြိုင်ရွှင်ရွှင်ကလေးဖြင့် ထိန်းထားနိုင်ပါသည်။ အုပ်စုလိုက် ညီညီညာညာ ဝိုင်းဆိုရင်း အော်ရင်းဟစ်ရင်းနှင့်ပင် ပါဠိတော်–မြန်မာပြန်တို့ကို ထဲထဲဝင်ဝင် ရရှိသွားပါလိမ့်မည်။

အမွန်းတင် ၂–ဂါထာ

ပါဠိ	မြန်မာပြန်
ယံမဂ်လံ ဒ္ဓါဒသဟိ၊ စိန္တယိံသု သဒေဝကာ။ သောတ္ထာနံ နာမိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မဂ်လံ။	နတ်,လူတို့သည် ၁၂–နှစ်တိုင်အောင် ကြံစည်တွေးခေါ်ကြသော်လည်း ကြီးပွား ချမ်းသာကြောင်း ကောင်းမြတ်သော ၃၈–ဖြာ မဂ်လာကို မသိနိုင်ဖြစ်နေကြ၏။
ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။ သဗ္ဗလောကဟိတတ္ထာယ၊ မဂ်လံ တံ ဘဏာမ ဟေ။	နတ်တို့ထက်နတ် ဘုရားမြတ်သခင်သည် မကောင်းမှုအားလုံးကို ပယ်ဖျောက်တတ်သော မဂ်လာတရားကို တစ်လောကလုံး၏ အကျိုး စီးပွားအလို့ငှာ ဟောကြားတော်မူအပ်ပါပြီ၊ အို..(မဂ်လာတရားကို ကျင့်,ဆောင်,ပွားများသူတို့) ထို မဂ်လာတရားတော်ကို ငါတို့တတွေ ရွတ်ဆို ပူဇော်ကြပါစို့... ...။

မဂ်လာနိဒါန်းပြ ဂါထာ

ဇဝံ မေ သုတံ – ကျွန်ုပ် အာနန္ဒာသည် (ဤမဂ်လသုတ်ကို မြတ်စွာဘုရားထံမှ)ဤသို့ကြားနာမှတ်သားခဲ့ရပါသည်။

ဧကံ သမယံ – အခါတစ်ပါး၌

ဘဂဝါ – မြတ်စွာဘုရားသည်
သာဝတ္ထိယံ – သာဝတ္ထိပြည်မွန်ဝယ်
(ဝိဟရတိ ဧတဝနေ) – ဧတဝန်ခေါ်
(အနာထပိဏ္ဍိကဿ) – အနာထပိဏ်သူဌေး၏
(အာရာမေ) – ကျောင်းတိုက်တော်၌ သီတင်းသုံးနေပါသည်။
အထ ခေါ – ထိုအခါ
အညတရာ ဒေဝတာ – အမျိုးအမည်မထင်ရှားသော နတ်သားတစ်ပါးသည်
အဘိက္ကန္တာယ ရတ္တိယာ – ညဉ့်ဦးယံလွန်ပြီးသော သန်းခေါင်ယံအခါ၌
အဘိက္ကန္တဝဏ္ဏာ – အလွန် နှစ်လိုဖွယ် အဆင်းရှိသည်ဖြစ်၍
ကေဝလကပ္ပံ ဧတဝနံ – ဧတဝန်ကျောင်းတိုက်တစ်ရပ်လုံးကို
သြဘာသေတွာ – ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေလျက်
ယေန ဘဂဝါ တေနုပသင်္ကမိ၊ – မြတ်စွာဘုရားရှိရာအရပ်သို့ ချဉ်းကပ်၏။
ဥပသင်္ကမိတ္တာ – ချဉ်းကပ်ပြီးလျှင်
ဘဂဝန္တံ အဘိဝါဒေတွာ – မြတ်စွာဘုရားကို ရှိခိုးကာ
ဧကမန္တံ အဋ္ဌာသိ – သင့်တော်ရာအရပ်၌ ရပ်နေပါသည်။
ဧကမန္တံ ဌိတာ ခေါ – သင့်တော်ရာအရပ်၌ ရပ်နေသော
သာ ဒေဝတာ – ထို နတ်သားသည်
ဘဂဝန္တံ – မြတ်စွာဘုရားကို
ဂါထာယ အဇ္ဈဘာသိ – (အောက်ပါ) ဂါထာဖြင့် လျှောက်ထားပါသည်။

မင်္ဂလာတရားတောင်း

(နတ်သားလျှောက်ထားဂါထာ)

ဗဟူဒေဝါ မနုဿာစ (ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား)
မင်္ဂလာနိ အစိန္တယုံ နတ်,လူများစွာတို့သည် ကြီးပွားချမ်းသာခြင်းကို
အာကင်္ခမာနာ သောတ္ထာနံ လိုလားတောင့်တကုန်သည်ဖြစ်ပါ၍ **"မင်္ဂလာ"**ဟု
ဗြူဟိ မင်္ဂလ'မုတ္တမံ သည်ကို ကြံစည်ကြပါကုန်၏။
(ရှင်တော်မြတ်ဘုရားသည်) ကောင်းမြတ်သော
မင်္ဂလာတရားကို ဟောကြားတော်မူပါဘုရား...။

၃၈-ဖြာ မင်္ဂလာတရားတော်

(ဘောဒေဝပုတ္တ - အိုး.. နတ်သား)

(၁) ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃-ပါး၊

၁။ အသေဝနာ စ ဗာလာနံ - လူမိုက်တို့ကို မပေါင်းသင်း မဆည်းကပ်ခြင်း၊
၂။ ပဏ္ဍိတာနဉ္စ သေဝနာ - လူလိမ္မာပညာရှိတို့ကို ပေါင်းသင်း ဆည်းကပ်ခြင်း၊
၃။ ပူဇာ စ ပူဇနေယျာနံ၊ - ပူဇော်ထိုက်သူတို့ကို ပူဇော်ရခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။ - ဤသုံးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

(၂) နေထိုင်ရေးမင်္ဂလာ ၃-ပါး

၄။ ပဋိရူပဒေသဝါသော စ - သင့်လျော်သောအရပ်၌ နေရခြင်း၊
၅။ ပုဗ္ဗေ စ ကတပုညတာ - ရှေးကပြုဖူးသော ကောင်းမှုအထူးရှိခြင်း၊
၆။ အတ္တသမ္မာပဏိဓိ စ - မိမိကိုယ်နှင့်စိတ်ကို ကောင်းစွာထားခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။ - ဤသုံးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

(၃) သင်ကြားရေးမင်္ဂလာ ၄-ပါး

၇။ ဗာဟုသစ္စဉ္စ - လောကီ,လောကုတ် အကြားအမြင် များခြင်း၊
၈။ သိပ္ပဉ္စ - စက်မှု,လက်မှုပညာ တတ်မြောက်ခြင်း၊
၉။ ဝိနယော စ သုသိက္ခိတော- လူ့ကျင့်ဝတ်များကို ကောင်းစွာသင်ကြားလိုက်နာခြင်း၊
၁၀။ သုဘာသိတာ စ ယာဝါစာ- ကောင်းသောစကားကို ပြောဆိုတတ်ခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။ - ဤလေးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

(၄) ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါး

၁၁။ မာတာပိတု ဥပဋ္ဌာနံ - မိဘတို့ကို လုပ်ကျွေးပြုစု စောင့်ရှောက်ခြင်း၊
၁၂။ ပုတ္တဒါရဿ သင်္ဂဟော - သားမယားတို့ကို တရားနှင့်အညီ ချီးမြှောက်ခြင်း၊
၁၃။ အနာကုလာ စ ကမ္မန္တာ- မရှုပ်ထွေးရအောင် ရှင်းရှင်းအလုပ်လုပ်ခြင်း၊
(ဝါ)အနှောင့်အယှက်ကင်းသော အလုပ်တို့ကိုလုပ်ခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။ - ဤသုံးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

(၅) ကူညီဆောင်ရွက်ရေးမဂ်လာ ၄-ပါး

၁၄။ ဒါနဠ - စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊
၁၅။ ဓမ္မစရိယာ စ - သုစရိုက်တရားတို့ကို ကျင့်ခြင်း၊
၁၆။ ဉာတကာနဠ သင်္ဂဟော - ဆွေမျိုးတို့ကို ချီးမြှောက် ထောက်ပံ့ ကူညီခြင်း၊
၁၇။ အနဝဇ္ဇာနိ ကမ္မာနိ၊ - အပြစ်ကင်းသော(လူထုအကျိုးပြု)အမှုတို့ကိုပြုလုပ်ခြင်း၊
ဧတံ မဂ်လ'မုတ္တမံ။ - ဤလေးပါးသည် ကောင်းမြတ်သောမဂ်လာဖြစ်၏။

(၆) ရှောင်ကြဉ်လိုက်နာရေးမဂ်လာ ၄-ပါး

၁၈။ အာရတီ(ပါပါ) - မကောင်းမှုမှဝေးစွာ **စိတ်**ဖြင့်ရှောင်ကြဉ်ခြင်း၊
၁၉။ ဝိရတီ ပါပါ - မကောင်းမှုမှအထူးသဖြင့် ကိုယ်နှုတ်ဖြင့်ရှောင်ကြဉ်ခြင်း၊
၂၀။ မဇ္ဇပါနာ စ သံယမော - အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊
၂၁။ အပ္ပမာဒေါ စ ဓမ္မေသု - ကောင်းမှုကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း၊
ဧတံ မဂ်လ'မုတ္တမံ။ - ဤလေးပါးသည် ကောင်းမြတ်သောမဂ်လာဖြစ်၏။

(၇) စိတ်ထားဖြူစင်မြင့်မားရေးမဂ်လာ ၅-ပါး

၂၂။ ဂါရဝေါစ - ရိုသေလေးစားထိုက်သူတို့ကို ရိုသေလေးစားခြင်း၊
၂၃။ နိဝါတော စ - မိမိကိုယ်ကို (မာန်မာနကို)နှိမ့်ချခြင်း၊
၂၄။ သန္တုဋ္ဌိ စ - ရသမျှဖြင့်သာ တင်းတိမ်ရောင့်ရဲလွယ်ခြင်း၊
၂၅။ ကတညုတာ - ရှေးကပြုဖူး သူ့ကျေးဇူးကို အထူးသိမြင်ခြင်း၊
၂၆။ ကာလေန ဓမ္မသဝနံ - သင့်လျော်သောအခါ တရားနာကြားခြင်း၊
ဧတံ မဂ်လ'မုတ္တမံ။ - ဤငါးပါးသည် ကောင်းမြတ်သော မဂ်လာတည်း။

(၈) သည်းခံခြင်းစသောမဂ်လာ ၄-ပါး

၂၇။ ခန္တီ စ - (မြေကြီးပမာ) အရာရာ၌ သည်းခံခြင်း၊
၂၈။ သောဝစဿတာ - ဆုံးမခံယူ လွယ်ကူသောသူဖြစ်ခြင်း၊
၂၉။ သမဏာနဠ ဒဿနံ - (ကွန်ရှီဝိုင်မ်သက်သော)ရဟန်းတော်တို့ကို ဖူးမြင်ရခြင်း၊
၃၀။ ကာလေန ဓမ္မသာကစ္ဆာ - သင့်လျော်ရာအခါ၌ ပညာရှိတို့နှင့် တရားဆွေးနွေးခြင်း၊
ဧတံ မဂ်လ'မုတ္တမံ - ဤလေးပါးသည် ကောင်းမြတ်သော မဂ်လာတည်း။

(၉) ခြိုးခြံခြင်းစသောမဂ်လာ ၄-ပါး

၃၁။ တပေါ စ	–	ငြိမ်းအေးစေတတ်သောအကျင့်မြတ်ကို ကျင့်ခြင်း၊
၃၂။ ဗြဟ္မစရိယဉ္စ	–	မြတ်သောအကျင့်ကို ကျင့်ခြင်း၊
		(ဝါ) မေထုန်မှ ရှောင်ကြဉ်ခြင်း၊
၃၃။ အရိယသစ္စာန ဒဿနံ	–	အရိယသစ္စာတို့ကို သိမြင်ခြင်း၊
၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ	–	(အရဟတ္တဖိုလ်)နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။	–	ဤလေးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

(၁၀) စိတ်ထားခိုင်မာရေးမင်္ဂလာ ၄-ပါး

၃၅။ ဖုဋ္ဌသ လောကဓမ္မေဟိ	–	လောကခံတရားတို့နှင့် တွေ့ကြုံလည်း
စိတ္တं ယဿ န ကမ္ပတိ		စိတ်ဓာတ် မတုန်လှုပ်ခြင်း၊
၃၆။ အသောကံ	–	စိုးရိမ်သောက မရှိခြင်း၊
၃၇။ ဝိရဇံ	–	ကိလေသာ ရမ္မက်မြူ မရှိခြင်း၊
၃၈။ ခေမံ	–	ဘေးမရှိခြင်း၊ ဘေးကင်းခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။	–	ဤလေးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

မင်္ဂလာအကျိုးပြ

ဧတာဒိသာနိ ကတ္တာန၊	–	ဤမင်္ဂလာတရားတို့ကို လက်တွေ့ ကျင့်သုံးမှု
သဗ္ဗတ္ထ မပရာဇိတာ။		ပြုကြပါလျှင် အတွင်းအပ ရန်ဟူသမျှ အနိုင်ရ၍
သဗ္ဗတ္ထ သောတ္ထိं ဂစ္ဆန္တိ၊		နေရာတိုင်းမှာ ကြီးပွားချမ်းသာနိုင်ကြ၏။
တံ တေသံ မင်္ဂလ မုတ္တမံ။		ထို ၃၈-ဖြာ မင်္ဂလာသည် လောကသားတို့အတွက်
		ကောင်းမြတ်သော မင်္ဂလာအစစ် ဖြစ်ပေသတည်း။

(မင်္ဂလာ ပါဠိ-မြန်မာပြန် ပြီး၏။)

မင်္ဂလာဆိုတာ

မကောင်းမှု ဒုစရိုက်များကို ဖယ်ရှားဖြတ်တောက်တတ်သော
မြင့်မြတ်သောကျင့်စဉ်ကို "မင်္ဂလာ"ဟု ခေါ်သည်။
လောကီ, လောကုတ္တရာ ကြီးပွားကြောင်း
နည်းလမ်းကောင်းများကို "မင်္ဂလာ"ဟု ခေါ်သည်။

မင်္ဂလာ ကဗျာများ

မင်္ဂလာကဗျာများကို အခန်းအစဉ်၌ သင့်သလိုပူဇော်မည်ဖြစ်သော်လည်း တစ်စုတည်းပူဇော်နိုင်ရန်အတွက် တင်ပြထားပါသည်။ မင်္ဂလာကဗျာကဏ္ဍ၌ ပါဠိ–မင်္ဂလာများနှင့်ပါယှဉ်တွဲ၍ **ဆရာကြီး– ဒဂုန် ဦးထွန်းမြင့်**၏ မင်္ဂလာကဗျာကို ၃၈–ဖြာ မင်္ဂလာဖြင့် အလွယ်တကူ ရေတွက်တတ်အောင် နံပါတ်စဉ် ထိုးပေးထားပါသည်။ စာတွေ့မင်္ဂလာမှ လက်တွေ့မင်္ဂလာဖြစ်အောင်ကြိုးပမ်း၍ အောင်မြင်မှုတွေရရှိနိုင်ကြပါစေ။ (တကယ်ကျင့်လျှင် တကယ်မြင့်ပါလိမ့်မည်)

အမွန်းတင် မင်္ဂလာကဗျာ–

- ၃၈–ဖြာ မင်္ဂလာတရားကို၊ နတ်လူအများ ကြံစည်ပေ။
  ဘယ်သင်းဘယ်ဟာ မင်္ဂလာအစစ်ဟု၊ သေချာစေ့မြစ် မသိလေ။
  ဆယ့်နှစ်နှစ်တိုင် နှုတ်ပြိုင်ငြင်းလို့၊ မင်္ဂလာအခင်း မပြီးပေ။
  မင်္ဂလာတရား ဝါဒများ၊ ကွဲပြားနတ်လူတွေ။
  အဲဒါကြောင့် ကြံကြစည်ကြ ကမ္ဘာ့မင်္ဂလာတွေ။

- မြင်, ကြား, တွေ့ရာ မင်္ဂလာပဲဟု၊ သုံးစုကွဲကာ ငြင်းခုံနေ။
  နတ်လူတွေမှာ အငြင်းပွားသည့်၊ အခင်းများလည်း ကင်းပါစေ။
  မကောင်းမှုတွေ ကွယ်ကာပျောက်လို့၊ ချမ်းသာရောက်ဖို့ ရည်ရွယ်ပေ။
  နတ်တို့ထက်နတ် ဘုရားမြတ်၊ ဟောအပ်ခဲ့ပါသလေ။
  အဲဒါကြောင့် သင်ကြ, မှတ်ကြ, ဆောင်ကြတို့တစ်တွေ။

နိဒါန်း မင်္ဂလာကဗျာ–

- သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်း၌၊ ကိန်းအောင်းပျော်မွေ့ မြတ်စိန်ဆွေ။
  သန်းခေါင်ယံခါ၊ မထင်ရှားသည့်၊ နတ်သားတစ်ယောက် ချဉ်းကပ်လေ။
  ချဉ်းကပ်ပြီးသော် မင်္ဂလာသဘော၊ ထင်စွာဟောဖို့ လျှောက်ပန်ချေ။
  အသေဝနာတရား အစထား၊ ဟောကြား မြတ်စိန်ဆွေ။
  အဲဒါကြောင့် နာရ ကြားရ၊
  ကမ္ဘာ့မင်္ဂလာတွေ.. .။

၃၈–ဖြာ မင်္ဂလာကဗျာ

(၁) ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃–ပါး၊

၁	အသေဝနာ စ ဗာလာနံ	လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊ မမှီဝဲနှင့် ကင်းအောင်နေ။
၂	ပဏ္ဍိတာနဉ္စ သေဝနာ	ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူစေ။
၃	ပူဇာ စ ပူဇနေယျာနံ	သုံးပါးရတနာ မိဘများနှင့်ဆရာသမားကို ပူဇော်လေ။
	ဧတံ မင်္ဂလ'မုတ္တမံ။	ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒ၊ ကမ္ဘာမင်္ဂလာတွေ။

(၂) နေထိုင်ရေးမင်္ဂလာ ၃–ပါး

၄	ပဋိရူပဒေသဝါသော စ	ကုသိုလ်၊ ပညာ၊ ဥစ္စာရဖို့၊ သင့်ရာဒေသ အမြဲနေ။
၅	ပုဗ္ဗေ စ ကတပုညတာ	ရှေးကတင်ကြို၊ ပြုခဲ့ဘူးသည့်၊ ကောင်းမှုအထူး ရှိပါစေ။
၆	အတ္တသမ္မာပဏိဓိ စ	မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊ မတိမ်းစေနဲ့ ဆောက်တည်လေ။
	ဧတံ မင်္ဂလ'မုတ္တမံ	ဥစ္စာကိုပေး နေထိုင်ရေး၊ မျှော်တွေးသုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒ၊ ကမ္ဘာမင်္ဂလာတွေ။

(၃) သင်ကြားရေးမင်္ဂလာ ၄–ပါး

၇	ဗာဟုသစ္စဉ္စ	တတ်ကောင်းတတ်ရာ ဟူသမျှကို၊ ကြားမြင်သုတ ရှိပါစေ။
၈	သိပ္ပဉ္စ	အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊ အသက်မွေးဖို့ အတတ်သင်လေ။
၉	ဝိနယော စ သုသိက္ခိတော	လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်စေ။
၁၀	သုဘာသိတာ စ ယာဒါစ	မှန်ကန်ယဉ်ကျေး ချိုသာအေး၊ ဆိုရေးတတ်ပါစေ။
	ဧတံ မင်္ဂလ'မုတ္တမံ	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

(၄) ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃–ပါး

၁၁	မာတာပိတု ဥပဋ္ဌာနံ	မြင့်မိုရ်ရွှေတောင် မိဘကြွေးကို၊ ကောင်းစွာဆပ်ယေး ဝတ်ကျေကျေ။
၁၂	ပုတ္တဒါရဿ သင်္ဂဟော	ကြွေးသစ်ချကာ သားနှင့်မယား၊ မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။
၁၃	အနာကုလာ စ ကမ္မန္တာ	အလုပ်တာဝန် မလစ်ဟင်းနဲ့၊ အပြစ်ကင်းအောင် လုပ်ပါလေ။
	ဧတံ မင်္ဂလ'မုတ္တမံ	စည်းစိမ်ကိုပေး ပြုစုရေး၊ မျှော်တွေး သုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

(၅) ကူညီဆောင်ရွက်ရေးမင်္ဂလာ ၄-ပါး

၁၄	ဒါနဠ	သုံးတန်စေတနာ ဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှ လှူနိုင်စေ။
၁၅	ဓမ္မစရိယာ စ	ကိုယ် နှုတ် စိတ်ကြီ မမိုက်မှားနဲ့၊ သုစရိုက်တရားကိုကျင့်ပါလေ။
၁၆	ဉာတကာနဠ သင်္ဂဟော	ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊ သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။
၁၇	အနဝဇ္ဇာနိ ကမ္မာနိ	သန့်စင်ပြစ်မျိုး လူထုအကျိုး၊ သယ်ပိုး ရွက်ဆောင်စေ။
	ဒုတံ မင်္ဂလ'မုတ္တမံ	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္မာမင်္ဂလာတွေ။

(၆) ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ ၄-ပါး

၁၈	အာရတီ ပါပါ	မကောင်းမှုတွေ ဟူသမျှကို၊ မတွေ့ခင်က ရှောင်ကြဉ်လေ။
၁၉	ဝိရတီ ပါပါ	တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊ အထူးသဖြင့် စောင့်စည်းလေ။
၂၀	မဒ္ဒပါနာ စ သံယမော	အရက်သေစာ မသောက်စားနဲ့၊ မှောက်မှားတတ်တဲ့ အရာပေ။
၂၁	အပ္ပမာဒေါ စ ဓမ္မေသု	လုပ်ကိုင်ပြောကြား သတိထား၊ တရား မမေ့စေ။
	ဒုတံ မင်္ဂလ'မုတ္တမံ	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္မာမင်္ဂလာတွေ။

(၇) စိတ်ထားဖြူစင်မြင့်မားရေးမင်္ဂလာ ၅-ပါး

၂၂	ဂါရဝေါ စ	အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရှိသေသေ။
၂၃	နိဝါတော စ	မာနတံခွန် ဂုဏ်မကြွနဲ့၊ ကိုယ့်ကိုယ်နှိမ့်ချ အမြဲနေ။
၂၄	သန္တုဋ္ဌိ စ	လောဘအပို၊ လိုမလိုက်နဲ့၊ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
၂၅	ကတညုတာ	ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူး၊ အထူးသိတတ်စေ။
၂၆	ကာလေန ဓမ္မသဝနံ	ကောင်းကျိုးဆင့်ပွား၊ မြတ်တရား၊ နာကြား မပြတ်ပေ။
	ဒုတံ မင်္ဂလ'မုတ္တမံ	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္မာမင်္ဂလာတွေ။

(၈) သည်းခံခြင်းစသောမင်္ဂလာ ၄-ပါး

၂၇	ခန္တီ စ	ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း သည်းခံလေ။
၂၈	သောဝစဿတာ	ကြောင်းကျိုးပြည့်နှန် ဆုံးမစကားကို၊ ပြောကြားလာက နာလွယ်စေ။
၂၉	သမဏာနဉ္စ ဒဿနံ	သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊ မကြာခဏ တွေ့ဆုံလေ။
၃၀	ကာလေန ဓမ္မသာကစ္ဆာ	သဘာဝတွေး မှန်ကန်ရေး၊ ဆွေးနွေး မပြတ်ပေ။
	ဒုတံ မင်္ဂလ'မုတ္တမံ	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္မာမင်္ဂလာတွေ။

(၉) **ခြိုးခြံခြင်းစသောမင်္ဂလာ ၄-ပါး**

၃၁	တပေါ စ	လောကီအာရုံ ဒိမ်ယစ်မူးလို့၊ အပျော်မကျူးနဲ့ ခြိုးခြံလေ။
၃၂	ဗြဟ္မစရိယဠ	မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံး ယွင်းမသွေ။
၃၃	အရိယသစ္စာန ဒဿနံ	လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊ အမှန်သိအောင် ကြိုးစားလေ။
၃၄	နိဗ္ဗာနသစ္ဆိကိရိယာ စ	ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊ အလင်း ပေါက်နိုင်စေ။
	ဧတံ မင်္ဂလ'မုတ္တမံ	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

(၁၀) **စိတ်ထားခိုင်မာရေးမင်္ဂလာ ၄-ပါး**

၃၅	ဖုट्ठသ လောကဓမ္မေဟိ စိတ္တं ယဿ နကမ္ပတိ	ဆင်းရဲချမ်းသာ သဘာဝ၊ တွေ့ကြုံနေကြ လူတိုင်းပေ။
၃၆	အသောကံ	ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊ တစ်လဲစီလှည့် အမြဲနေ။
၃၇	ဝိရဇံ	လောကမ်ကြဲ့ မဖြိုတမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
၃၈	ခေမံ	သောကကိုထိန်း၊ ရမ္မက်သိမ်း၊ အေးငြိမ်း ချမ်းသာနေ။
	ဧတံ မင်္ဂလ'မုတ္တမံ	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

မင်္ဂလာအကျိုး

ဧတာဒိသာနိ ကတွာန၊	သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊ လိုက်နာကျင့်သုံး ပန်သူတွေ။
သဗ္ဗတ္ထ မပရာဇိတာ။	စီးပွားချမ်းသာ ကျက်သရေတိုးလို့၊ ကောင်းကျိုးစည်ပွင့် တဝေဝေ။
သဗ္ဗတ္ထ သောတ္ထိं ဂစ္ဆန္တိ၊	ဘေးကင်းရန်ကွာ ချစ်သူပေါလို့၊ စိတ်ရောကိုယ်ရော ချမ်းသာမလေ။
တं တေသံ မင်္ဂလ မုတ္တမံ။	ပြောဆိုကြံဆ ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ။
	အဲဒါကြောင့် ပန်ကြဆင်ကြ မင်္ဂလာပန်းခိုင်တွေ။

သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာတရားကို၊ ပျက်ပြားနေကြ၊ ကမ္ဘာမြေ၊
ဟိုတိုင်းဒီပြည်၊ ရန်စစ်ခင်းလို့၊ လူနှင့်လူချင်း၊ သတ်ကာနေ။
ငြိမ်းချမ်းပါစေ၊ အာသီသနဲ့၊ စွမ်းနိုင်ရာက၊ ကူညီသလေ။
သုံးဆယ့်ရှစ်ပါး၊ မင်္ဂလာတရား၊ ရေးသားဖြန့်ကာဝေ၊
အဖိုးတန်တဲ့ "ဗုဒ္ဓဝါဒ" ကမ္ဘာက သိပါစေ။

ဒဂုံ ဦးထွန်းမြင့်
မင်္ဂလာဗျူဟာအသင်းချုပ်

မင်္ဂလသုတ်ပို့ (မုံရွေးဆရာတော်)

ပဏာမ

၁။ မဟာပရမေ၊ ငါးရန်ခြွေလျက်၊ ကိုးထွေဂုဏ်ပျံ့၊ အရဟံ ထွတ်ချာ၊ မဟာ သမ္ဘဒ္ဒ၊ ဉာဏာပွင့်ဝါ၊ ဝိဇ္ဇာစရဏ၊ သမ္ဘန္ဓဟု၊ တေဖြန့်ပြော၊ သုဂတောနှင့်၊ လောကဝိဒူ၊ ပြိုင်သူဝေးဆုတ်၊ အနုတ္တရ၊ လူထိုမျှကို၊ ဆုံးမနိုင်စွာ၊ လိမ္မာတတ်ကြူး၊ လှည်းယာဉ်မှူးဟု၊ အထူးမှတ်ရ၊ ပုရိသဒမ္မသာရထိ၊ ကျော်ရှိန်ညီ၏၊ ဒိဋ္ဌမာန၊ ပါပမြေးထူ၊ နတ်နှင့်လူကို၊ သုံးဆူဝင့်မှ၊ ကင်းလွတ်ထအောင်၊ ဟောပြတတ်စွာ၊ သတ္ထာပညတ်၊ ဝေးရပ်သစ္စာ၊ စိတ်ဖြာဖေါ်ပြ၊ ဗုဒ္ဓမည်သာ၊ ဘုန်းခြောက်ဖြာကြောင့်၊ ဘဂဝါ ဟူသည်၊ အတည်တည်ဖြင့်၊ ရောင်ခြည်ထောင်ပြည့်၊ ဝန်းဝန်းလှည့်သို့၊ နှိုင်းရည့်ဖက်ကင်း၊ မင်းမင်းအထွတ်၊ နတ်နတ်အချာ၊ ဗြဟ္မာ မာတို့၊ ရတနာ ရောင်ဝှန်၊ မြတ်တမ်းခွန်၏၊ စက်မွန်နှစ်စုံ၊ ထီးဖြူရုံကို၊ ထိပ်အုံကာမိုး၊ ရှိရွယ်ခိုး၏၊ ကိုးနှင့် ခြောက်သွယ်၊ အန္တရာယ်လည်း၊ ပျောက်ပြယ်ရင်းလျက်၊ ရာသက်ရိပ်ငြိမ်၊ စည်းစိမ်ချမ်းသာ၊ ပညာဗလ၊ ယသကိတ္တိ၊ သမ္ဘတ္တိနှင့်၊ သိဒ္ဓိလာဘ၊ မြိတ္တဝရုံ၊ သုခံဘောဂ၊ တေဇေယျာ၊ စိန္တာမယ၊ ဣဒ္ဓိဖလ၊ စက္ကံသီရိ၊ ဣဒ္ဓိဝဏ္ဏ၊ ပါမောက္ခဟု၊ ကုသလရှိန်စော်၊ အာနုဘော်သည်။ ။နှိုင်းလျော်ရွှေလ–တူစေသောဝ်။ ။

ပို့အဓိပ္ပါယ်–

ဘုရားရှင်သည် သတ္တလောကဌ် ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသည်။ မာရ်ငါးပါးကို အောင်မြင်တော်မူ၏။ အရဟံစသောဂုဏ်တော်တို့နှင့်ပြည့်စုံတော်မူ၏။ ဗြဟ္မာနတ်လူ သုံးဘုံသူတို့တွင် နှိုင်းယှဉ်ဘက်ကင်း မင်းထက်မင်းဖြစ်တော်မူ၏။ ထိုဘုရားရှင်၏ ခြေတော်အစုံ ထီးဖြူရုံကို ရှိခိုးပါ၏။ ဤသို့ ရှိခိုးရသောကောင်းမှုကြောင့် ကိုးဆယ့်ခြောက်သွယ် ဘေးအန္တရာယ်တို့သည် ကင်းစင်လွင့်ပျောက် မကျရောက်ဘဲ အသက်တစ်ရာကာလကြာမြင့်အောင် ဥစ္စာကြွယ်ဝခြင်း ပညာကြီးခြင်း ခွန်အားကြီးခြင်းစသော ကောင်းကျိုးတရားတို့သည် လပြည့်ဝန်းကဲ့သို့ ထွန်းလင်းပြည့်ဖြိုးပါစေသတည်း။

(((ကျမ်းပြုဆရာတို့သည် ကျမ်းဦးဌ ရှေးဦးစွာ ရတနာသုံးပါးကို ရှိခိုးလေ့ရှိ၏။ ထိုသို့ ရှိခိုးခြင်းကို **ရတနတ္တယပဏာမ**ဟု ခေါ်သည်။)))(ကျမ်းပြုသူဆုတောင်းသာဖြစ်၏။)

သဂ်ါယနာတင် ရှင်မဟာကဿပဓမ်းပုံ–

၂။ ရတနာထွတ်ခေါင်၊ မိတည်းနောင်သည်၊ ရွှေညောင်ဗုဒ္ဓဟေ၊ ပလ္လင်ဗွေ၌၊ သုံးထွေမဂ်ဉာဏ်၊ လေးတန်သစ္စာ၊ ငါးဖြာမာရ်အောင်၊ ခြောက်ရောင်လင်းချဲ့၊ ရန်မျိုး ဖဲ့လျက်၊ လေးဆယ့်ငါးဝါ၊ ဒီဃာယုကျော်၊ ရှစ်ဆယ်မြှော်က၊ ပြည်ကျော်သာယာ၊ ကုသိနာ၌၊ မဂ်လာစုပုံ၊ အင်ကြင်းစုံက၊ ရွှေဘုံသာခန်း၊ အမြိုက်နန်းကို၊ စံမြန်းသည့်နောက်၊ လေးလမြောက်တွင်၊ ပြိုင်ထောက်မခို၊ ရာဇကြိုဟ်၏၊ နဂိုရ်အရှေ့၊ လက်ယာကွေ့တွင်၊ မြင်ရွေ့မှောင်မှောင်၊ စိမ်းလဲ့ပြောင်သား၊ တောင်ဝေဘာရ၊ ပဗ္ဗတ၌၊ ရတနာအတိ၊ ဝင်းဝင်းညီမျှ၊ မဏိရောင်လျှပ်၊ ရွှေမဏ္ဍပ်ဝယ်၊ ခြယ်တပ်မျက်ရှင်၊ ရွှေပလ္လင်ထက်၊ ရွှေဆင်စွယ်ယပ်၊ သုံးသပ်ကိုင်နေ၊ ဣန္ဒြေတည်စွာ၊ အာနန္ဒာအား၊ မဟာကဿပ၊ ရွှေနှုတ်ဟ၍၊ မဂ်လသုတ္တန်၊ ထူးမြတ်လွန်ကို၊ ဘဂဝန်မြတ်စွာ၊ ဘယ်အခါတွင်၊ ဘယ်ရွာဘယ်မြို့၊ ဘယ်သူတို့က၊ ဘယ်သို့မေးလှာ၊ ဘယ်ခြင်းရာဖြင့်၊ အခါနေ့ည၊ ဟောလေရဟု၊ တင်ပြသိလို၊ မေးမိန့်ဆိုသည်။ သံချိုဝေဝေ ရွှန်းရွှန်းတည်း။ ။

ပို့အဓိပ္ပါယ်–

မေတ္တေယျဘုရား၏ နောင်တော်ဖြစ်သော ဂေါတမဘုရားရှင်သည် ဗောဓိညောင်ပင်၌ ဘုရားဖြစ်တော်မူ၍ ဝေနေယျသတ္တဝါတို့အား လေးဆယ့်ငါးဝါ ပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် သက်တော်ရှစ်ဆယ်အရွယ်တွင် ကုသိနာရုံပြည် အင်ကြင်းတောင်၌ ပရိနိဗ္ဗာန်ပြုတော်မူသည်။ ထိုကာလမှနောက် လေးလမြောက်သောအချိန် ရာဇကြိုဟ်မြို့၏အရှေ့ ဝေဘာရတောင် ရွှေမဏ္ဍပ်၌ ပထမသင်္ဂါယနာတင်သောအခါ အရှင်မဟာကဿပထေရ်က အရှင်အာနန္ဒာအား "ဤမဂ်လသုတ်ဒေသနာတော်ကို မြတ်စွာဘုရားသည် ဘယ်အခါတွင် ဘယ်မြို့ဘယ်ရွာ၌ အဘယ်သူအား အဘယ်သို့သော အခြင်းအရာဖြင့် ဟောကြားခဲ့ပါသနည်း"ဟု မေးမြန်းတော်မူသည်။

(((ပထမသင်္ဂါယနာပွဲကို မဟာသက္ကရာဇ် ၁၄၈–ခုနှစ် ဝါခေါင်လပြည့်ကျော် ၅–ရက်နေ့မှ စတင်ကျင်းပရာ ခုနစ်လတိုင်တိုင် ကြာမြင့်ခဲ့သည်။ တပေါင်းလပြည့်ကျော် ၅–ရက်နေ့တွင် ပြီးစီးအောင်မြင်လေသည်။)))

ဦးတင်ဝင်း(ဒိုက်ဦး–သုံးစွ)

သဂါယနာတင် ရှင်အာနန္ဒာဖြေပုံ–

၃။ မြတ်ရဟန္တာ၊ ရံဝါးရာနှင့်၊ ရှင်မဟာကဿပ၊ ပုစ္ဆာပြသော်၊ ဘုရားညီမွန်၊ ရှင်အာနန်က၊ တုံ့ပြန်စကား၊ မှတ်သားစွဲပိုက်၊ ကျွန်ကြားလိုက်၏၊ မှတ်ပိုက်ဆောင်ထ၊ သမယကား၊ လောကတမ်းခွန်၊ မြတ်ဆုံးစွန်သည်၊ အလွန်သာလှ၊ ကောသလဟု၊ ရဋ္ဌသီရိ၊ သာဝတ္ထိ၌၊ ပြည်ကြီးလက္ခဏာ၊ ကြွယ်ဝစွာသား၊ အနာထပိဏ်၊ ကျောက်ရိုန်ထွန်းတောက်၊ တည်ထားဆောက်သား၊ ရွှေကျောက်ရောင်ဝှန်၊ ဇေတဝန်၌၊ လေးတန်ယာပိုထ၊ နေသောကြိုက်တွင်၊ ဆူလှိုက်ဂုဏ်အင်၊ မထင်မပေါ်၊ မကျော်စောလှ၊ သုခသမ္ဘတ်၊ စည်းစိမ်မြတ်နှင့်၊ အညတြ၊ နတ်ဒေဝကို၊ မာဃစေဟန်၊ နတ်တမန်လည်း၊ ညဉ့်သန်းခေါင်ခါ၊ ဆင်း၍လာလျှင်၊ ကိုယ်ဝါကိုယ်ရောင်၊ ဝင်းဝင်းပြောင်သော်၊ မှောင်ပျောက်၍ကွာ၊ ရတနာစံလှော်၊ ကျောင်းတော်အလုံး၊ ရွှေရောင်ဖုံး၏၊ ရွှေတုံးတူယောင်၊ ထိုနတ်မောင်လည်း၊ ဘုန်းခေါင်ရှိရာ၊ ခြောက်ဖြာပြစ်လွန်၊ ဇကမန်က၊ ထိပ်စွန်အချာ၊ ရှိသေစွာဖြင့်၊ ငါးဖြာအဋ္ဌလီ၊ လက်အုပ်ချီ၍၊ ပီပီသသ၊ ထိုဗန္ဓကား၊ တတြပကာရ၊ မည်ထိုက်စွာအောင်၊ ဂါထာသံချို၊ ရွတ်ဆိုပုစ္ဆာ၊ မေးလျှောက်လှာသည်။ ။မျက်နှာရှင်ရှင်လန်းလန်းတည်း။

ပို့အစီပွါယ်–

ရဟန္တာမထေရ်ငါးရာခြံ့ရံလျက် ရှင်မဟာကဿပ က မေးမြန်းလတ်သော် ရှင်အာနန္ဒာသည် ဤသို့ တုံ့ပြန်စကား လျှောက်ထား၏။ "အရှင်ဘုရား... တပည့်တော်သည် ဤမဂ်လသုတ်တရားတော်ကို မြတ်စွာဘုရားထံမှ (ဆိုလတ္တံ့သည် အတိုင်းပင်) ကြားနာမှတ်သားဆောင်ထားလိုက်ရပါသည်။ အခါတစ်ပါး၌ ဘုရားရှင်သည် ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူပါသည်။ ထိုအခါ ညဉ့်သန်းခေါင်ယံဝယ် ဂုဏ်အားဖြင့်မထင်ရှားသော နတ်သားတစ်ယောက်သည် ဘုရားထံမှောက် လာရောက်ပြီးလျှင် ဂါထာဖြင့် မေးလျှောက်သောကြောင့် ဤမဂ်လသုတ်ဒေသနာကို ဟောကြားတော်မူပါသည်"ဟု ပြန်ကြားလျှောက်ထားလေသည်။

(((သဂါယနာတင်ရာ၌ မဂ်လသုတ်ဟောကြားသည့် ခုနှစ်,လ–အချိန်ကို တိကျစွာ ဖေါ်ပြခြင်းမပြုခဲ့ပေ။ ဇကံ သမယံ.. ဟု သာမန်အားဖြင့် မှတ်တမ်းတင်ခဲ့၏။)))

နတ်သားက လျှောက်ထားတောင်းပန်ပုံ-

၄။ သီရိပရက္ကမ၊ ယသဓမ္မော၊ ထင်ပေါ်ကောင်းဟိတ်၊ ဣသရိယ၊ ကာမဟူသည်၊ ခြောက်ဆူတမ်းခွန်၊ ဘုန်းတော်ရွှန်သား၊ ဘဂဝန်မြတ်စွာ၊ စောထွတ်ချာ.. ..၊ များစွာနတ်လူ၊ မျိုးလေးဆူတို့၊ အဖြူအလွင်၊ သန့်စင်ကဲလွန်၊ နောက်မပြန်သား၊ နိဗ္ဗာန်ခေမာ၊ ပြည်ချမ်းသာကို၊ လိုပါသဖြင့်၊ မြတ်မြင့်ရာရာ၊ မင်္ဂလာအပြား၊ အပါးပါးကို၊ ဉာဏ်အားကိုးကာ၊ ကြံ့ကြပါသည်၊ ဆဲ့နှစ်ခါမည်၊ နှစ်ပေါင်းလည်ပြီ၊ စိတ်ကြည်ညိုရာ၊ သဒ္ဓါခိုင်ခိုင်၊ မကြံ့နိုင်ခဲ့၊ ငါးဆိုင်ရန်နှင်၊ ထွတ်သခင်သည်၊ ထိုမင်္ဂလာ၊ မြတ်လှစွာကို၊ ဟောပါစေချင်၊ ရှိဦးတင်သည်။ ။စုံလင်ကျယ်ကျယ်၊ ဝန်းဝန်းတည်း။

ပျို့အစီပွါယ်-

ဣသရိယ, ဓမ္မစသည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား.. ။ များစွာနတ်,လူ မျိုးလေးဆူတို့သည် လွန်ကဲဖြူစင် သန့်ရှင်းစင်ကြယ်သော နိဗ္ဗာန်ချမ်းသာကို လိုလားတောင့်တ နှစ်သက်ကြသဖြင့် မင်္ဂလာတရား အစားစားကို ဉာဏ်အားဖြင့်ကြံ့စည် ဖွေနှည်ခဲ့ရာ တစ်ဆယ့်နှစ်နှစ်တိုင်ကြာမြင့်သော်လည်း ယုံကြည်စိတ်ချ ခိုင်ခံ့တည်တံ့သော မင်္ဂလာတရားကို မသိနိုင်ကြပါ။ ငါးမာရ်အောင်မြင် ဘုရားရှင်သည် ထိုမင်္ဂလာတရားတော်ကို စုံလင်စွာ အကျယ်တဝင့် ဟောကြားတော်မူပါလော့။

(((* လူ,နတ်,ဗြဟ္မာ သတ္တဝါတို့သည် နိဗ္ဗာန်ချမ်းသာကို လိုလားတောင့်တကြသဖြင့် အမျိုးမျိုးအဖန်ဖန် စဉ်းစားကြံ့စည် ဖွေနှည်ကြရာ တစ်ဆယ့်နှစ်နှစ်တိုင်ကြာမြင့်သော်လည်း **နိဗ္ဗာန်ရခြင်း၏အကြောင်း ကောင်းမြတ်သောမင်္ဂလာ**ကို သေချာဂန မသိကြရချေ။ နိဗ္ဗာန်ဟူသည် အညစ်အကြေးကင်း၍ လွန်ကဲဖြူလွင် သန့်ရှင်းစင်ကြယ်၏။ ဇာတိ,ဇရာ,မရဏ ဟူသောနောက်ဘက်သို့ ပြန်လည်ဆုတ်နစ်ခြင်းမရှိသဖြင့် ဆင်းရဲကင်းကွာ ချမ်းသာလှ၏။ ထို့ကြောင့် **နိဗ္ဗာန်သွားရာလမ်းခရီး**ဖြစ်သော မင်္ဂလာတရားကို သိလိုလှသဖြင့် ဘုရားရှင်အား ဟောကြားတော်မူပါရန် လျှောက်ထားခြင်းဖြစ်ပါသည်။ *)))

ဘုရားရှင်က မဂ်လာတရားစတင်ဟောကြားရန်မိန့်ကြားပုံ-

၅။ ဤသို့လျှောက်လျှင်၊ သုံးလူ့ရှင်လည်း၊ ရှစ်အင် စုံညီ၊ သံတော် ချီ၍၊ ရွှေသီဟထုံး၊ စွဲနှလုံးဖြင့်၊ မသုံးသပ်လှ၊ စိတ်ကမင်ဗြဲ၊ ရွှင်ပီတိဖြင့်၊ မိန့်ရှိသည်မှာ၊ ဝတိန်သာက၊ ဣန္ဒာဒေဝ၊ သိကြားတမန်၊ မောင်နတ်မွန်.. ..၊

လျှောက်ဟန်အရ၊ မဂ်လာအပြား၊ ငါ မိန့်ကြားအံ့-

(ဤ ပဋ္ဌမပျို့တွင် ပေါင်းသင်းဆက်ဆံရေး**မဂ်လာ ၃-ပါ**းပါဝင်ပါသော်လည်း ၃၈-ဖြာမဂ်လာကို အခန်း(၁)မှ(၁၀)အထိ ဆိုင်ရာအတွဲလိုက်တင်ပြမည်ဖြစ်ပါသောကြောင့် ဤအခန်းတွင် ပဋ္ဌမပျို့ကို အထက်ပါအပိုဒ်ကိုသာတင်ပြပါသည်။)

ပျို့အစီပွါယ်-

ဤသို့ နတ်သားက လျှောက်ထားမေးမြန်းသောအခါ လူသုံးပါးတို့၏ အရှင် ဘုရားသခင်သည် တရားနာပရိသတ်ကို မသုံးသပ်ဘဲ ခြသော့်မင်းထုံးနှလုံးမှကာ အင်္ဂါရှစ်လီစုံညီသောအသံတော်ဖြင့် "တာဝတိံသာနတ်ပြည်မှ သိကြားမင်းတမန် မောင်နတ်သား..။ မဂ်လာတရားကို ငါဘုရား ဟောကြားပေအံ့"ဟု နှစ်သက်ရွှင်လန်းစွာ မိန့်ကြားတော်မူလေသည်။

(တရားနာပရိသတ်ကို မသုံးသပ်ဘဲ- ပရိသတ် နည်းသည်-များသည်၊ မြတ်-မမြတ်၊ ထင်ရှား-မထင်ရှား မခွဲခြားဘဲ တဏှာပေမ မင်ဗြိုကပ်, လုံ့လဝီရိယမလျှော့ဘဲဟောစ၏။)
(((ဤသို့ တမန်နတ်သားသည် မဂ်လာတရားဟောကြားပါရန် လျှောက်ထားတောင်းပန်သဖြင့် ဘုရားရှင်က မဂ်လာတရားကို ဟောကြားတော်မူပါသည်။ ဘုရားရှင်သည် ၄၅-နှစ်ကာလပတ်လုံး ဘုရားရှင်ဟောကြားခဲ့သည့်တရားတော်အားလုံးကို စီစစ်သည့်အခါ **တရားဟောပုံ ၄-မျိုး**ရှိကြောင်း တွေ့ရပေသည်။

၁။ အတ္တဏ္ဌာသယသုတ္တနိက္ခေပ - မိမိ(ဘုရားရှင်)၏ အလိုဆန္ဒအတိုင်းဟောကြားခြင်း၊
၂။ ပရဏ္ဌာသယသုတ္တနိက္ခေပ - တရားနာပုဂ္ဂိုလ်၏ အလိုဆန္ဒအတိုင်းဟောကြားခြင်း၊
၃။ ပုစ္ဆာဝသိကသုတ္တနိက္ခေပ - သူတစ်ပါး၏ အမေးပုစ္ဆာကို အကြောင်းပြု၍ ဟောကြားခြင်း၊
၄။ အဋ္ဌုပ္ပတ္တိကသုတ္တနိက္ခေပ - ဖြစ်ပေါ်လာသော အကြောင်းအရာကို အခြေခံ၍ ဟောကြားခြင်းတို့ ဖြစ်ပါသည်။)))

လို့ရင်းခက်ဆစ်အဖြေ–

(၁)

ရတနာ ရောင်ဂှန်၊ မြတ်တမ်းခွန် – ရတနာရောင်တို့ထိုးထွက်နေသော တံခွန်မှန်ကင်းကဲ့သို့
စက်မွန်နှစ်စုံ၊ ထီးဖြူရုံ – မြတ်စွာဘုရား၏ ခြေဖဝါးတော်နှစ်ဆူ ထီးဖြူရုံကြီးကို
(ထပ်တူ– ဥပမာပေးသော ရူပကအလင်္ကာ)

နှိုင်းလျော်ရှေလ – လပြည့်ဝန်းကြီးနှင့်နှိုင်းလောက်အောင် ပြည့်ပြည့်ဝဝ အကျိုးပေးပါစေ။

ကုသလရိန်စော် – ကုသိုလ်–ကောင်းမှုကံ၏ အစွမ်းသတ္တိ(=အာနုဘော်)

(၂)

မိတည်းနောင် – မေတ္တာယျ(ပါဠိ) အရိမေတ္တာယျ(မိတည်း)ဘုရား၏ ရှေးပွင့်သည့်
နောင်တော်ဖြစ်သောဂေါတမဘုရား။ (ဥပမာ ပစ္စယ⇔ပစ္စည်း)

ရှေညောင်ဗုဒ္ဓဟေ – ဗုဒ္ဓဟေတု(ပါဠိ) ဘုရားဖြစ်ကြောင်း အထောက်အပံ့ညောင်ပင်

သုံးထွေမဂ်ဉာဏ် – အရဟတ္တမဂ်တိုင်အောင် သုံးပါးသောဝိဇ္ဇာဉာဏ်၊
(ပု.ဒိ.အာ) ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်၊

လေးတန်သစ္စာ – ဒုက္ခ၊ သမุဒယ၊ နိရောဓ၊ မဂ္ဂ ဟူသော သစ္စာလေးပါး။

ငါးဖြာမာရ်အောင် – ဒေဝပုတ္တ၊ ကိလေသ၊ ခန္ဓ၊ မစ္စု၊ အဘိသင်္ခါရ တို့ကိုအောင်မြင်သော၊

ခြောက်ရောင်လင်းချဲ့ – နီလ၊ ပီတ၊ လောဟိတ၊ သြဒါတ၊ မဇ္ဇိဋ္ဌ၊ ပဘာသရ၊

ဒီဃာယု – ဒီဃ+အာယု(ပါဠိ) ရှည်လျားသော၊ အသက်၊

ကုသိနာ – သမန်းမြက်တောကြီးရှိရာ တည်ထောင်သောမြို့၊

အမြိုက်နန်း – အမတ(ပါဠိ) အ=မရှိ၊ မတ=သေခြင်း၊ နန်း–နိဗ္ဗာန်၊

ရာဇဂြိုဟ် – ရာဇ+ဂဟ(ပါဠိ) စကြဝဠာမင်းပေါ်ပေါက်မှ တည်ထောင်သောမြို့၊

တောင်ဝေဘာရ – ဝိ–အထူးထူးအပြားပြား၊ ဘာရ–ထွန်းလင်းတောက်ပခြင်း၊

မျက်ရှင် – ကျောက်မျက်ရောင်ရှင်၊ မျက်တောင်ခတ်သကဲ့သို့အရောင်ရှင်၊

အာနန္ဒာ – (ပါဠိ) နှစ်သက်ဖွယ်ရှိသော မထေရ်မြတ်၊

မဟာကဿပ – (ပါဠိ) ကဿပအမျိုးအနွယ်ဖြစ်သော(ခုတင်–ဇတေဒဂ်)မထေရ်မြတ်၊

သုတ္တန် – သုတ္တန္တ(ပါဠိ) သုတ္တန်တရား(ဒေသနာ)တော်၊
ကောင်းစွာဟောကြားရာဖြစ်သောကြောင့်ဝင်း၊ အကျိုးစီးပွား
ကိုဖြစ်ပွားစေတတ်သောကြောင့်ဝင်း၊ ကောင်းစွာစောင့်ရှောက်
တတ်သောကြောင့်ဝင်း၊ တမျှင်ချည်,ပန်းသီတံချည်နှင့်တူ
သောကြောင့်ဝင်း၊ 'သုတ္တန္တ'ဟူသော အမည်ထူးကိုရ၏။

ရွှန်းရွှန်း – (ပေါရာဏ) မြိုင်မြိုင်ဆိုင်ဆိုင် ပြည့်ပြည့်စုံစုံ၊

(၃)

ရဟန္တာ၊ ရဲငါးရာ – ပထမသင်္ဂါယနာတင်ရာ၌ ပါဝင်သော ရဟန္တာအရေအတွက်၊
မြတ်ဆုံးစွန် – အမြတ်ဆုံးဖြစ်သော မြတ်စွာဘုရား၊
ကောသလ – သမန်းမြက်တောကြီးကိုသိမ်းယူ၍ တည်ထောင်သောတိုင်းပြည်၊
သာဝတ္ထိ – 'သဝတ္ထ'မည်သောရှင်ရသေ့၏ကျောင်းနေရာ၌ တည်ထောင်၊ (တနည်း) ဥစ္စာစီးပွား များပြားစွာရှိသောမြို့၊(မင်းနေပြည်)
ပြည်ကြီးလက္ခဏာ – ပြည့်ရှင်မင်းရှိခြင်း၊ မှူးမတ်ကောင်းရှိခြင်း၊ မဟာမိတ်တိုင်းပြည်ရှိခြင်း၊ ပြည့်သောဘဏ္ဍာကျီကျ များပြားခြင်း၊ ခိုင်ခံ့တောင့်တင်းသောမြို့ရိုးရှိခြင်း၊ နယ်ပယ်ကျယ်ပြန့်ခြင်း၊ စစ်အင်အားကောင်းခြင်း၊ (ပြည်ကြီးလက္ခဏာ ၇–ပါး)
အနာထပိဏ် – (အနာထ–ပိဏ္ဍိက) အားကိုးရာမဲ့သူ ခိုကိုးရာမဲ့ ဆင်းရဲသူတို့အား စားဖွယ်,သောက်ဖွယ် အမြဲပေးလှူတတ်သူ၊
ဇေတဝန် – (ဇေတ–ဝန) ဇေတမင်းသား၏ဥယျာဉ်ရှိ ကျောင်းတော်၊
လေးတန်ယာပိုထ် – (ယာပထ) လျောင်း,ရပ်,ထိုင်,သွား ဣရိယာပုထ် ၄–ပါး၊
သုခသမ္ဘတ် – သုခ–ချမ်းသာခြင်း၊ သမ္ဘတ္တိ–ပြည့်စုံခြင်း၊
အညတြ – (ပါဠိ) မထင်ရှားသော၊
ဒေဝ, မာဃ – ဒေဝ(ပါဠိ)–နတ်သား၊ မာဃ(ပါဠိ)–သိကြားမင်း၊
စေဟန် – စေ–အခိုင်းအစေ၊ ဟန်–အသွင်အပြင်၊
ရတနာစံလှော် – လှော်ပြီး,ဦးပြီးသော ရွှေရတနာတို့ဖြင့်ပြီးသော စံကျောင်း၊
ခြောက်ဖြာပြစ်လွန် – အပြစ် ၆–ပါးမှ လွန်မြောက်သောနေရာ၊ (နီးလွန်း၊ ဝေးလွန်း၊ မြင့်လွန်း၊ ရှေ့ကျ၊ နောက်ကျောပ၊ ညာကျ လေလာရာ၊)
ဇကမန်က – ဖေါ်ပြပါ အပြစ် ၆–ပါးကင်းရာနေရာ အစွန်တစ်ခု(တစ်နေရာ)
ငါးဖြာအဋ္ဌလီ၊ လက်အုပ်ချီ– 'အဋ္ဌလီ'ဟူသည် မတ်တတ်ရပ်လျက် လက်အုပ်ချီခြင်း၊ 'ငါးဖြာ'မှာထိုင်၍ တံတောင်,ဒူး,နဖူး ၅–ဖြာထိ၍ရှိခိုးခြင်း၊ (နတ်များလူ့ပြည်လာလျှင် ထိုင်၍ရှိခိုးလေ့မရှိဟုဆိုကြ၏။)
တတြပကာရ – ဆန်းဂိုဏ်းနှင့်အညီ စီကုံးသည့် ပထျာဝတ္တဂါထာ၊
ဂါထာ – (ပါဠိ) ဆန်းနှင့်အညီ သီကုံးအပ်သော သီဆိုအပ်သော စကား၊

(၄)

သီရိ – (ပါဠိ) အသရေ၊ သီရိ–စသောဘုန်းတော် ၆–ပါး၊ ဣဿရိယ–အစိုးရခြင်း၊ ဓမ္မ–လောကုတ္တရာတရားကိုးပါး၊ ယသ–အခြံအရံနှင့်ပြည့်စုံခြင်း၊ သီရိ–ကျက်သရေနှင့်ပြည့်စုံခြင်း၊ ကာမ–အလိုတော်အတိုင်းပြည့်စုံခြင်း၊ ပယတ္တ–အားလုံ့လတော်နှင့်ပြည့်စုံခြင်း၊ (ပရက္ကမ–ကြီးသောလုံ့လ)

ဟိတ် – ဟေတု(ပါဠိ) အကြောင်း၊

ဘဂဝန် – ဘဂဝန္တ(ပါဠိ) ဘုန်းရှိသော၊

မျိုးလေးဆူ – မျိုး ၄–ပါး၊ ရာဇကုလ–မင်းမျိုး၊ ဗြဟ္မဏကုလ–ပုဏ္ဏားမျိုး၊ ဝေဿကုလ–ကုန်သည်မျိုး၊ သုဒ္ဒကုလ–သူဆင်းရဲမျိုး၊

နောက်မပြန်သား – ဖြစ်ဖူးသော ၃၁–ဘုံဟူသောနောက်သို့ ပြန်မဆုတ်သော၊

နိဗ္ဗာန် – နိ+ဝါန(ပါဠိ) နိ–ထွက်မြောက်ခြင်း၊ ဝါန–တဏှာ၊

ခေမာ – (ပါဠိ) ဘေးမရှိခြင်း၊

ဆဲ့နှစ်ခါ – မဂ်လာတရားကို နတ်,လူတို့ ၁၂–နှစ်တိုင်ကြံစည်ကြ၏။ (တနည်း) မဂ်လာတရားဟောလိမ့်မည်ဟု ၁၂–နှစ်တိုင် ကောလာဟလ ဖြစ်ခဲ့၏။ (ကောလာဟလ ၅–မျိုး) (မောနေယျ–ခုနစ်၊ ဆယ့်နှစ်နှစ်–မဂ်လာ၊ စကြာမှာ–တစ်ရာထား၊ ဘုရား–တစ်ထောင်ပ၊ ကမ္ဘာလောင်–နှစ်တစ်သိန်း၊ ထိမ်းမှတ်ဆိုရာ၊ ကောလာဟလာ၊ မှတ်ပါကြ ပဋ္ဌ၊ မဖြစ်ခင် ကြိုတင်ပြောတယ်၊ ကောလာဟလ။)

ငါးဆိုင်ရန်နှင် – (ဒေဝပုတ္တ၊ ကိလေသ၊ ခန္ဓ၊ မစ္စု၊ အဘိသင်္ခါရ) မာရ်ငါးပါးကို နှင်ထုတ်ခြင်း၊

(၅)

သုံးလူ့ရှင် – လူ,နတ်,ဗြဟ္မာ သုံးဦးသားတို့၏အရှင် ဘုရားသခင်၊

ရှစ်အင်စုံညီ သံတော်ချီ– ဘုရားရှင်၏အသံတော်သည် အင်္ဂါ ၈–ပါးနှင့်ပြည့်စုံ၏။ (သန့်ရှင်း,သာယာ,သိလွယ်ပါ, ကြားနာကောင်းသတည်း။ ပြန့်ကြဲမရှိ, စည်းလုံးဘိ, နက်၏, ပဲ့တင်ဟီး။)

ရွှေသီဟာထုံး – ခြသေ့မင်းသည် သားကောင်ကြီးငယ်မရွေး ဝီရိယ အတူထားသကဲ့သို့၊

ရှင်ဗိတိဖြင့် – နှစ်သက်ဝမ်းမြောက်စွာ ဟောတော်မူသည်။

သိကြားတမန် – မဂ်လာတရားမေးလျှောက်ရန် သိကြားမင်းက စေလွှတ်သောနတ်သား၊

မင်္ဂလာ+အဘိဓမ္မာသဘော–

မင်္ဂလာ–

'မင်္ဂလ'ဟူသောပါဠိဘာသာမှ ပါဠိပျက်အနေဖြင့် ဝုဒ္ဓိပွါးကာ 'မင်္ဂလာ' ဟုခေါ်ထားခြင်းဖြစ်သည်။ 'မင်္ဂလ'ဟူသောပုဒ်၌ (**မင် + လ**)ဟုနှစ်ပုဒ်ရှိရာတွင် **မင်**–ပုဒ်သည် မိုက်မဲသော အကုသိုလ်အလုပ်ဟူသော အနက်ကိုဟောထားပြီး၊ **လ**–ပုဒ်သည် ဖြတ်ပယ်ခြင်း, ပယ်သတ်ခြင်းဟူသော အနက်ကိုဟောရကား၊ **မင်္ဂလ**–ဟူသော ပုဒ်အပေါင်းကို မိုက်မဲသော အကုသိုလ်အလုပ်ကို ဖြတ်ပယ်တတ်သောတရားဟု အဓိပ္ပါယ်ရပါသည်။

မင်္ဂလာပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ။

မင်္ဂလာပါပံ– မကောင်းမှုကို။ လုနာတိ ဆိန္ဒတိ– ရိတ်ဖြတ်တတ်၏။
ဣတိတသ္မာ– ထိုကြောင့် မင်္ဂလံ 'မင်္ဂလာ'မည်၏။
(မကောင်းမှုကို ရိတ်ဖြတ်တတ်သော ကောင်းမှု'မင်္ဂလာ'သည် **'ကုသိုလ်'**မည်၏။)

ကုသိုလ် – ကောင်းကျိုးကို ပေးစွမ်းနိုင်သောကြောင့်ရင်း၊ အကုသိုလ်တရားတို့ကိုကင်းပျောက်စေ၊ ပယ်ရှားစေတတ်သောကြောင့်ရင်း 'ကုသိုလ်'မည်၏။
(ပဟာယက = မကောင်းမှုကိုပယ်တတ်သောတရား။)

* မကောင်းမှု ဒုစရိုက်များကို ဖယ်ရှားဖြတ်တောက်တတ်သော မြင့်မြတ်သော ကျင့်စဉ်ကို **'မင်္ဂလာ'**ဟု ခေါ်သည်။
* လောကီ, လောကုတ္တရာ ကြီးပွားကြောင်း နည်းလမ်းကောင်းများကို **'မင်္ဂလာ'** ဟု ခေါ်သည်။
* **မင်္ဂလာ=ကုသိုလ်**မှာ အပြစ်ကင်းစင်၏။ စိတ်နှလုံးအေးချမ်းဖွယ်ရာရလဒ်များကိုသာ ပေါ်ပေါက်စေတတ်သည့် စွမ်းအားသတ္တိကို ဘုရားရှင်က– **'ကလျာဏကာရီ စ ကလျာဏံ** = ကောင်းသောလုပ်ရပ်က ကောင်းကျိုးရလဒ်ကို ပေါ်ပေါက်စေတတ်၏'ဟု ဟောခဲ့သည်။
* ကြီးပွားချမ်းသာကြောင်း၊ **ကုသိုလ်တရား တိုးပွားရင့်ကျက်ကြောင်း** ကောင်းမြတ်သောလုပ်ရပ်များသည် **'မင်္ဂလာ'**မည်၏။ မကောင်းမှုတို့ကို ပယ်ဖျောက်လိုက်လျှင် **ကောင်းမှုကုသိုလ်**တို့ကို ပေါ်ပေါက်ဖြစ်ထွန်းစေတတ်၏။

နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မင်္ဂလာ။

* **လောကီမင်္ဂလာ**(လောကီကုသိုလ်) (၁) မှ (၃၂)အထိ = ၃၂–ပါး
လောကုတ္တရာမင်္ဂလာ(မဂ် ၄–ပါး) (၃၃)မှ (၃၈)အထိ = ၆–ပါး

* မင်္ဂလာတစ်ပါးပါးနှင့် ပြည့်ဝစုံညီလိုက်တိုင်း ကုသိုလ်ရပါသည်။ ကုသိုလ်ရလျှင် စိတ်နှလုံးအေးချမ်းဖွယ်ရာ, စိတ်ကြည်နူးစရာ ဖြစ်ရပ်ကောင်းကျိုးရလဒ်များသည်လည်း **ဓမ္မသဘာဝကပေးအပ်လာ**သဖြင့် ရရှိခံစားကြရမည်။
* ထို့ကြောင့် 'မင်္ဂလာ'တရားကို လေ့လာ, ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွါးများသူတို့သည် **ကောင်းမှု–ကုသိုလ်ပိုင်ရှင်**များ ဖြစ်ကြရသည်။

မင်္ဂလာဖြစ်ခြင်း = ကုသလာ ဓမ္မာ၊ (ကုသိုလ်စိတ်–၂၁၊ စေတသိက်–၃၈)

အနဝဇ္ဇ သုခဝိပါကလက္ခဏာ၊ အပြစ်မရှိခြင်း, ကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာရှိကုန်သော၊ ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ မြတ်သည်၏အဖြစ်၊ ချီးမွမ်းအပ်သည်၏အဖြစ်၊ (ပစ္စုပ္ပန်၊ တမလွန် ဟူသော) နှစ်ပါးသောဘဝတို့၌ အကျိုးစီးပွားကို ဖြစ်စေတတ်သည်၏အဖြစ်ကြောင့် မင်္ဂလာ–ကုသိုလ်ကိုဟောပါသည်။ * ကုသလာ– ပဟာယက– ပယ်တတ်သောတရား၊

မင်္ဂလာပျက်ခြင်း = အကုသလာ ဓမ္မာ၊ (အကုသိုလ်စိတ်–၁၂၊ စေတသိက်–၂၇)

သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ၊ အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာရှိကုန်သော၊ ဓမ္မာ= နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ * အကုသိုလ်– ပဟာတဗ္ဗ– ပယ်အပ်သောတရား၊

မင်္ဂလာဆိုသည်မှာ–

* ကြီးပွားချမ်းသာခြင်း၏အကြောင်းဖြစ်သော အလုပ်ကို **'မင်္ဂလာ'**ဟု ခေါ်၏။ အလုပ်ဟူသည်လည်း ကိုယ်ဖြင့်ပြုမှု, နှုတ်ဖြင့်ပြောမှု, စိတ်ဖြင့် စဉ်းစားကြံစည်တွေးတောမှုများဖြစ်သည်။ ထိုအလုပ်များကြောင့် ကြီးပွားခြင်း၊ ချမ်းသာခြင်းတို့သည် **'မင်္ဂလာ၏အကျိုး'**များဖြစ်ပါသည်။

မင်္ဂလာနိဒါန်းဝယ် မှတ်မှယ်

မင်္ဂလာတရားဟောကြားတော်မူပါရန် နတ်သားက လျှောက်ထားသောအခါ လူသုံးပါးတို့၏ အရှင်ဘုရားသခင်သည် 'တရားနာပရိသတ်ကို မသုံးသပ်ဘဲ'ဟု ဖွင့်ထား၏။ "တာဝတိံသာနတ်ပြည်မှ သိကြားမင်း တမန် မောင်နတ်သား...။ မင်္ဂလာတရားကို ငါဘုရားဟောကြားပေအုံ့"ဟု ဖေါ်ပြထား၏။
(* တရားနာပရိသတ်ဖေါ်ပြမှုတွင် နတ်သားတစ်ပါးသာ ထင်ရှားသကဲ့သို့ရှိ၍၊)

မင်္ဂလာ တရားနာပရိသတ်

မြတ်စွာဘုရားရှင် မင်္ဂလာတရားတော်ကို ဟောကြားစဉ်က စကြာဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် တရားနာယူရန် ဤစကြဝဠာတိုက်သို့ တညီတညွတ်တည်း စည်းဝေးရောက်ရှိလာကြကုန်၏။ နတ်ဗြဟ္မာအပေါင်းတို့သည် ခန္ဓာကိုယ်ကိုသေးငယ်အောင် ဖန်ဆင်းလျက် သားမြီးဖျားမျှပမာဏရှိသော နေရာတွင် ခုနစ်ဆယ်,ရှစ်ဆယ်အထိ စုပေါင်းနေထိုင်ကာ တရားနာကြလေသည်။
(ခုဒ္ဒကပါဋ၊ ၅၊ ၁၀၄)

ပထမသင်္ဂါယနာတင်ပွဲ ရှင်မဟာကဿပမေး၍ ရှင်အာနန္ဒာဖြေကြားရာတွင် 'ဧဝံ မေ သုတံ'အစချီ၍ ဤမင်္ဂလာတရားတော်ကို ဘယ်မြို့ဘယ်ရွာ၌ အဘယ်သူအား အဘယ်သို့သော အခြင်းအရာဖြင့် ဟောကြားခဲ့ကြောင်း 'ကျွန်ုပ် အာနန္ဒာသည် မြတ်စွာဘုရားထံမှ ဤသို့ကြားနာမှတ်သားခဲ့ရပါသည်။'ဟု ဖြေဆိုမှုမှာလည်း နတ်သားကိုဟောကြားပြီး နောက်နေ့တွင် ဓမ္မဘဏ္ဍာဂါရိက ရှင်အာနန္ဒာအား ဟောကြားတော်မူခဲ့သောကြောင့်ဖြစ်ပါသည်။

မြတ်စွာဘုရား မင်္ဂလာတရားတော်ကို ဟောကြားတော်မူသဖြင့် နတ်, ဗြဟ္မာပေါင်းကုဋေတစ်သိန်းခန့် အရဟတ္တဖိုလ်ကိုရောက်ကြရပြီး၊ သောတာပန်သကဒါဂါမ်, အနာဂါမ်ဖြစ်ကြရသောအရေအတွက်မှာလည်းများပြားလှပါသည်။ မင်္ဂလာတရားဟောကြားပြီးနောက်နေ့တွင် မြတ်စွာဘုရားက အရှင်အာနန္ဒာကို ခေါ်ပြီး မင်္ဂလသုတ်ကိုသင်ယူစေကာ ရဟန်းတော်များအားလည်းပို့ချခိုင်း၏။

ပထမသင်္ဂါယနာတင်သည်မှစ၍ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည့်အတိုင်း သန့်ရှင်းစွာတည်ရှိနေသည့် တရားတော်တို့ကို ထေရဝါဒရဟန်းတော်များက လိုက်နာကျင့်သုံးသယ်ဆောင်နေသောကြောင့် ယနေ့ ကျွန်ုပ်တို့ မင်္ဂလာတရားတော်ကို လေ့လာ, ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွါးများခြင်းအားဖြင့် ဘုရားရှင်၏ မင်္ဂလာတရားနာပရိသတ်စာရင်းတွင် အပါအဝင်ဖြစ်ပါတော့သည်။

မင်္ဂလာ၏ဂုဏ်–

* မင်္ဂလသုတ် အမွန်းတင်ဂါထာတွင် **'သဗ္ဗပါပ ဝိနာသနံ'**ဟု 'မကောင်းမှု အမိုက်အမဲအားလုံးကို ပယ်ဖျောက်တတ်သောဂုဏ်' ဖြင့် အမွန်းတင်ထား၏။
* နတ်သားက ဂါထာဖြင့် လျှောက်ထားသော မင်္ဂလာတရားတောင်းတွင် **'သောတ္ထာနံ'** 'ကောင်းမြတ် စင်ကြယ်လှပေသည်'ဟု ချီးကျူးခဲ့ပေသည်။
* ဘုရားရှင်ကိုယ်တော်တိုင်ကလည်း 'ဧတံ မင်္ဂလ'မုတ္တမံ'ဖြင့် **'ဥတ္တမ'** အမြတ်ဆုံး ဖြစ်ပေသည်ဟု ဖွင့်ဆိုခဲ့၏။

အဆိုပါဂုဏ်သုံးပါးတို့သည် အကြောင်းအကျိုး ဆက်စပ်နေသည်။ အကုသိုလ် အမိုက်အမဲအားလုံးကို ပယ်ဖျောက်တတ်သောကြောင့်၊ စင်ကြယ်လှသောကြောင့် အမြတ်ဆုံးဖြစ်ပေသည်။ ထိုဂုဏ်သုံးမျိုးတို့၏ သဘောသဘာဝမှာ အတူတူ ကြီးပင်ဖြစ်ပြီး၊ မင်္ဂလာတရားတော်သည် အမြတ်ဆုံးဂုဏ်နှင့် ပြည့်စုံပေသည်။

ရတနာရွှေကြုတ်– မင်္ဂလာသုတ်

ကြီးပွားချမ်းသာကြောင်းဖြစ်သော မင်္ဂလာအလုပ်များကို ပြထားသော (ရတနာရွှေကြုတ်နှင့် အလားတူသော)တရားတော်ကို "မင်္ဂလသုတ်တော်"ဟု ခေါ်သည်။ ဤစကားရပ်အရ မင်္ဂလသုတ်၌လာသော အလုပ်များကို လက်တွေ့ လုပ်သူသည် ဧကန်မုချ ကြီးပွားချမ်းသာတော့မည်ဟု မှတ်ရပါသည်။

* ဤသို့အားဖြင့် 'မင်္ဂလသုတ္တ'သည် မြတ်သောနည်းလမ်းများဖြင့် ဂုဏ်ပြောင်သော ပန်းတိုင်များသို့ ရောက်ရှိစေ၏။ ပန်းတိုင်များကား– အောင်မြင်ခြင်းနှင့် ပျော်ရွှင်ခြင်း၊ ဘေးကင်းခြင်းနှင့်ငြိမ်းချမ်းခြင်း၊ သုဂတိသို့ ရောက်ခြင်းနှင့် ဒုက္ခမှ လွတ်မြောက်ခြင်းတို့ပင်ဖြစ်သည်။

* မင်္ဂလာမြတ်တရားကိုလ၊ မြတ်ဘုရား ဟောတော်မူ။
သုံးဆယ်ကျော် ရှစ်ဖြာစွန်းတယ်၊ ထွန်းတောက်ဇမ္ဗူ။
ကျင့်ပါတော့ များဗိုလ်လူ၊ ဆူပူတဲ့ ရန်မျိုး။
အားလုံးအောင်နိုင်၍ သက်ဆုံးတိုင် သုခတိုးလို့ရယ်၊ ဖြိုးလိမ့်တန်ခိုး။

မဂ်လာမြတ် လေ့ကျင့်အပ်

* မဂ်လသုတ္တန်၏ အဋ္ဌပ္ပတ္တိကို အကျဉ်းပူဖော်ပြီး၊ မဂ်လာကဗျာ–အမွန်းတင်ကိုလည်း ပူဖော်ခဲ့ပါ။
* မဂ်လာ သိမှတ်ဖွယ်ရာများ(အကျဉ်း)မှ ဂါထာ၊ မဂ်လာ၊ အလုပ်၊ အကျိုး၊ ရတနာရွှေကြုတ်–မဂ်လာသုတ် တို့ကို ဖေါ်ပြပူဖော်ခဲ့ပါ။
* ယံ မဂ်လံ ဒ္ဓါဒသဟိ–စသော ၂–ဂါထာကို မည်သို့ခေါ်ပါသနည်း။
* ထို ၂–ဂါထာသည် ဘုရားဟော ဟုတ်ပါသလား။
  အဘယ်ပုဂ္ဂိုလ်များက ဘယ်အကျိုးငှာ ထည့်ထားပါသနည်း။
* မဂ်လာနိဒါန်း ပါဠိတော်ကို အနက်(မြန်မာပြန်)နှင့်တကွ ပူဖော်ခဲ့ပါ။
* မဂ်လာတရားတောင်း(နတ်သားလျှောက်ထား)ဂါထာကို အနက်(မြန်မာပြန်)နှင့်တကွ ပူဖော်ခဲ့ပါ။
* မဂ်လာအကြောင်းအရာကို ဘုရားမဟောမီက နှစ်ပေါင်းဘယ်မျှကြာအောင် ဘယ်သူတွေက စဉ်းစားကြံဆ သဘောကွဲလွဲ ဖြေရှင်းခဲ့ကြသနည်း။
* မဂ်လာပြဿနာသည် (မြတ်စွာဘုရားထံမရောက်မီ) အဆင့်ဆင့် မည်သို့ သဘောကွဲလွဲကြပြီး မည်သူ့ထံသို့ရောက်သနည်း။
* ထိုပြဿနာရောက်လာသည့်အခါ ဘယ်သူကမည်သို့သုံးသပ်၍ ဘယ်သူ့ကို ဘယ်သူ့ထံသို့ မေးမြန်းရန် လွှတ်လိုက်သနည်း။
* ထိုလွှတ်လိုက်သောသူသည် ဘယ်အချိန်လာ၍ ဘယ်နေရာက ဘယ်လိုနေပြီး မေးမြန်းသနည်း။ လောကီမဂ်လာနှင့် လောကုတ္တရာမဂ်လာတို့ကိုခွဲခြားပြပါ။
* ထိုမေးမြန်းသော ဂါထာနှင့် မြန်မာပြန်တို့ကို ပူဖော်ပြပါ။
* အဘယ်ကို 'မဂ်လာ'ဟု ခေါ်သနည်း။ အဘယ်ကို 'မဂ်လသုတ်'ဟုခေါ်သနည်း။
* မဂ်လသုတ်မဟောမီ (အလောင်းတော်ဘဝကဟောသော) ရှေးသွားမဂ်လာကို သိနိုင်ရန်အတွက် ပူဖော်ခဲ့ပါ။
* ပထမသင်္ဂါယနာတင်ပွဲတွင် ရှင်မဟာကဿပမေးပုံ၊ ရှင်အာနန္ဒာဖြေပုံတို့ကို အကျဉ်းပူဖော်ပြီး၊ မဂ်လာ၏ဂုဏ်ကိုလည်း ပူဖော်ခဲ့ပါ။
* မဂ်လာ+အဘိဓမ္မာသဘောကို စိတ်ဝင်စားဖွယ်ဖြစ်အောင်တင်ပြပြီးလျှင်၊ မဂ်လာဖြစ်ခြင်း၊ မဂ်လာပျက်ခြင်းတို့အတွက် အရကောက်ပြခဲ့ပါ။
* ကျွန်ုပ်တို့ပါဝင်သော ဘုရားရှင်၏ မဂ်လာတရားနာပရိသတ်စာရင်းကို ဖေါ်ပြပူဖော်ခဲ့ပါ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မဂ်လာ။"

အခန်း(၁)

ပေါင်းသင်းဆက်ဆံရေးမဂ်လာ ၃-ပါး

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ကြီးပွားတိုးတက်ရေးလမ်းကြောင်းဖြစ်သော ၃၈-ဖြာ မဂ်လာတရားတော်တွင် ပေါင်းသင်းဆက်ဆံရေးမဂ်လာ ၃-ပါးတို့ကို လေ့လာ,ဆောင်ထား, လက်တွေ့ကျင့်သုံး,ပွါးများနိုင်ရန်အတွက်-

* လူမိုက်နှင့် ပေါင်းဖော်မိသူတိုင်းသည် မိမိကိုယ်တိုင် လူမိုက်အဖြစ်ကိုရောက်ကြရပြီး လူမိုက်တို့ခံစားအပ်သော အပြစ်အမျိုးမျိုးတို့ကိုလည်း မလွဲမသွေခံစားကြရမည်ဖြစ်သောကြောင့် လူမိုက်မှန်သမျှ ရှောင်ကြဉ်ကြရန် "အသေဝနာ စ ဗာလာနံ" ပုဒ်၊

* သူတော်ကောင်းနှင့် ပေါင်းဖော်ရသူတိုင်းသည် ပညာရှိသူတစ်ဦးအဖြစ်သို့ရောက်ရှိပြီး ပညာရှိတို့ခံစားအပ်သော အကျိုးများကိုလည်း ဧကန်မလွဲခံစားကြရမည်ဖြစ်ကြောင်း သိစေတော်မူလိုသည့်အတွက် "ပဏ္ဍိတာနဉ္စ သေဝနာ" ပုဒ်၊

* ဂုဏဝုဒ္ဓိ-ဂုဏ်အားဖြင့် ကြီးမြတ်သူ, ဝယဝုဒ္ဓိ-အသက်အားဖြင့် ကြီးမြတ်ကြသောပုဂ္ဂိုလ်များနှင့်တကွ အနန္တော အနန္တင်းပါးတို့အား ဆည်းကပ်ပူဇော်နိုင်အောင်ကြိုးစားကြခြင်းဖြင့် "ပူဇာ စ ပူဇနေယျာနံ" ပုဒ်တို့ကို ဤအခန်းတွင် တင်ပြပါမည်။

(၁) ပေါင်းသင်းဆက်ဆံရေးမဂ်လာ ၃-ပါး၊			
၁	အသေဝနာ စ ဗာလာနံ	လူမိုက်ရှောင်မဂ်လာ	လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊ မမှီဝဲနှင့် ကင်းအောင်နေ။
၂	ပဏ္ဍိတာနဉ္စ သေဝနာ	လူလိမ္မာပေါင်းမဂ်လာ	ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူစေ။
၃	ပူဇာ စ ပူဇနေယျာနံ	ပူဇော်ထိုက်သူပူဇော်မဂ်လာ	သုံးပါးရတနာ မိဘများနှင့် ဆရာသမားကို ပူဇော်လေ။
	ဧတံ မဂ်လ'မုတ္တမံ။	အဲဒါ မဂ်လာ ၃-ဖြာ၊	ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒ၊ ကမ္ဘာမဂ်လာတွေ။

⅄ မင်္ဂလာဂါထာ

မင်္ဂလာမြန်မာ

၁။ အသေဝနာ စ ဗာလာနံ – လူမိုက်တို့ကို မပေါင်းသင်း မဆည်းကပ်ခြင်း၊
၂။ ပဏ္ဍိတာနဉ္စ သေဝနာ – လူလိမ္မာပညာရှိတို့ကို ပေါင်းသင်း ဆည်းကပ်ခြင်း၊
၃။ ပူဇာ စ ပူဇနေယျာနံ၊ – ပူဇော်ထိုက်သူတို့ကို ပူဇော်ရခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။ – ဤသုံးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

➡ မင်္ဂလာကဗျာ


သူဆင်းရဲပုဏ္ဏ

- ✿ လူမိုက်များကိုလ၊ ရှောင်ရှားကြ များသူငယ်၊
- ✿ လူလိမ္မာဟူသမျှကို၊ ပေါင်းကြလေကွယ်၊
- ✿ ပူဇော်ဖွယ်၊ တကယ်လို့ထိုက်ငြား၊
- ✿ ထိုသူ့ကို ပူဇော်စရာနှင့်၊ ပူဇော်ကာ မင်္ဂလာပြုရတယ်၊
- ✿ ကောင်းသူ့စိတ်ထား။

အခိမ္ပါယ်အကျဉ်း။ ။ ကြီးပွားတိုးတက်လိုပါလျှင်–

(၁)လူမိုက်များနှင့်မပေါင်းပါနှင့်၊ လူမိုက်တို့၏ မကောင်းကျင့်များကို အတုမခိုးပါနှင့်။

(၂) လူလိမ္မာပညာရှိများနှင့် ပေါင်းသင်းပါ၊ လူလိမ္မာလူတော်လူကောင်းတို့၏ အကျင့်ကောင်းများကို အတုယူကျင့်သုံးပါ။

(၃) ရတနာမြတ်သုံးပါး မိဘ, ဆရာသမားများနှင့် လူလိမ္မာ, ပညာရှိများသည် ပူဇော်ထိုက်သူများဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်မြတ်တို့၏စကားကို လိုက်နာ၍ ဓမ္မပူဇာဖြင့်ပူဇော်ပါ။ တတ်နိုင်သောအခါ အာမိသပူဇာဖြစ်သော ပစ္စည်းများဖြင့်လည်းပူဇော်ပါ။ ကြီးပွားတိုးတက်ပါလိမ့်မည်။

လူမိုက် လူလိမ္မာ

မကောင်းတာကြံ၊ မမှန်တာလုပ်၊
မဟုတ်တာပြော၊ အဲဒါ "လူမိုက်"သဘော။
ကောင်းတာကြံ၊ မှန်တာလုပ်၊
ဟုတ်တာပြော၊ အဲဒါ "လူလိမ္မာ"သဘော။

၁။ အသေဝနာ စ ဗာလာနံ လူမိုက်ရှောင်မင်္ဂလာ

{ **ဗာလ**– မလိမ္မာသူ လူမိုက်၊ **အသေဝန**– မမှီဝဲ မဆည်းကပ်ရခြင်း၊ }

လမ်းညွှန်။ ။ "အသေဝနာ စ ဗာလာနံ" မင်္ဂလာသည် လူမိုက်များကို ရှောင်ကြဉ်ရေး, မကောင်းကျင့်များကို အတုမယူ–မကျင့်သုံးရေး အတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ တိုးတက်ကြီးပွားရေးသို့ ရှေးရှုလျှင် "မင်္ဂလာဖြစ်"ပါသည်။ ဆုတ်ယုတ်ပျက်ဆီးရေးသို့ ရှေးရှုလျှင် "မင်္ဂလာပျက်"ပါသည်။

*** လူမိုက်ကို ခေါင်းဆောင်တင်မိလျှင် "မည်သည့်မင်္ဂလာမျှ မဖြစ်တော့ပါ"။**

အသေဝနာ– ဆိုသည်မှာ သူ့အလိုကိုလိုက်၍ မပေါင်းမသင်းသည်ကို ဆိုလိုပါသည်။ မမှီဝဲ မဆည်းကပ်ခြင်း။

ဗာလ – လူမိုက်ဆိုသည်မှာ မကောင်းတာကို ကြံစည်ခြင်း၊ မကောင်းတာကို ပြောဆိုခြင်း၊ မကောင်းတာကို ပြုလုပ်ခြင်း လက္ခဏာ ၃-ပါးနှင့် ပြည့်စုံသူဖြစ်ပါသည်။ မလိမ္မာသူ လူမိုက်။
(= အကျိုးမရှိတာကို လုပ်ကိုင်,ကြံစည်,ပြောဆို တတ်သူဖြစ်ပါသည်။)

"အသေဝနာ စ ဗာလာနံ" မင်္ဂလာဖြစ်သူ

"အသေဝနာ စ ဗာလာနံ" မင်္ဂလာကို လေ့လာ,ဆောင်ထား, လက်တွေ့ ကျင့်သုံး,ပွါးများနိုင်ရန်အတွက်– လူမိုက်ကို မမှီဝဲ မဆည်းကပ် မဆက်ဆံ မပေါင်းသင်း မကိုးကွယ်သူ၊ အကျင့်စာရိတ္တမကောင်းသူများကို ဆရာ(ခေါင်းဆောင်) မတင်သူ၊ လူဆိုး သူခိုး ဓားပြ လူလိမ် လူညာ လူယုတ်မာများကို ရှောင်ရှားပြီး ကင်းကင်းရှင်းရှင်းနေသူ၊ အများအကျိုးကို ဖျက်ဆီးမည့် အဖျက်သမားများကို လက်မခံသူ၊ ကျောင်းပြေးသူနှင့် မပေါင်းသူ၊ ဆိုးသွမ်းလူငယ်များနှင့် လက်မတွဲသူ၊ အရက်သမား မူးယစ် ဆေးစွဲသူများကို (ဝေးဝေး)ရှောင်ရှားသူ၊ ဒုစရိုက်သမား ဥပဒေကျူးလွန်သူများနှင့် မပေါင်းသူ၊ စိတ်ကောင်းမရှိသော တစ်ကိုယ်ကောင်း ဆန်သူများကို ရှောင်ရှားသူ.. စသည်များ..
(ယခုဘဝ၌ ဆင်းရဲအမျိုးစုံ ကင်းလွတ်မည်။ နောင်ဘဝ၌ အပါယ်မလားနိုင်။)

"အသေဝနာ စ ဗာလာနံ" မဂ်လာပျက်သူများ

လူမိုက်များနှင့်ပေါင်းသူ၊ အကျင့်စာရိတ္တပျက်သူများကို ဆရာတင်သူ၊ စသည်.. (မဂ်လာဖြစ်သူများနှင့် ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များ..)

'လူမိုက်'ဟုခေါ်ဆိုရသူ

(၁) ဒုစ္စိန္တိတစိန္တီ – အကုသိုလ် ဒုစရိုက်များကို စိတ်ဖြင့်ကြံစည်သူ၊
(၂) ဒုဘ္ဘာသိတဘာသီ – အကုသိုလ် ဒုစရိုက်များကို နှုတ်ဖြင့်ပြောဆိုသူ၊
(၃) ဒုက္ကဋကမ္မကာရီ – အကုသိုလ် ဒုစရိုက်များကို ကိုယ်ဖြင့်ပြုလုပ်သူ၊
ဤပုဂ္ဂိုလ်သုံးဦးသည် လူမိုက်ဟု ခေါ်ရပါသည်။

တစ်နည်းအားဖြင့်– (လူမိုက်ကြီး ၄–ယောက်)

(၁) အန္ဓပုထုဇဉ်– ဉာဏ်မျက်စိကန်း၍ ရုပ်,နာမ်တို့ကို မသိသောလူမိုက်၊
(၂) ဒုသီလ – ကိုယ်ကျင့်တရားမရှိဘဲ ထင်သလိုရမ်းကားနေသောလူမိုက်၊
(၃) ဒုပ္ပညာ – ပင်ကိုယ်ဉာဏ်ကင်းမဲ့ပြီး အရည်အချင်းချို့တဲ့သောလူမိုက်၊
(၄) ဒုမ္မန – ပင်ကိုယ်စိတ်ရင်းမကောင်း၊ ကံသုံးမျိုးလုံးမလုံခြုံသောလူမိုက်၊
ဤပုဂ္ဂိုလ်လေးဦးသည်လည်း လူမိုက်ဟု ခေါ်ရပါသည်။

လူမိုက်နှင့်ပေါင်းသင်းခြင်းအပြစ်များ

လူမိုက်, လူမိုက်များနှင့်ပေါင်းသင်းဆက်ဆံကြသည့်သူများသည်– ယခုမျက်မှောက်ဘဝတွင်– (၁) လူအများ အမုန်းခံရခြင်း၊
(၂) ပစ္စည်းဥစ္စာဓန ပျက်စီးခြင်း၊ (၃) ကျောင်းမှ နှင်ထုတ်ခံရခြင်း၊
(၄) အပြစ်ဒဏ် အချုပ်အနှောင်ခံရခြင်း၊ (၅) ပညာရှိများ၏ ကဲ့ရဲ့ရှုတ်ချခံရခြင်း၊
(၆) ဘေးအန္တရာယ် အမျိုးမျိုးတို့တွေ့ရခြင်း
(၇) သေသည့်အခါ ငရဲသို့ကျရောက်ခြင်း စသည့်.. အပြစ်များစွာ ခံစားရ၏။
(ယခုဘဝ၌ ဆင်းရဲအမျိုးစုံ တွေ့ရမည်။ နောင်ဘဝမှာလည်း အပါယ်သို့ကျမည်။)

*** အကုသိုလ်တရားများ (အကုသိုလ်စိတ် ၁၂, စေတသိက် ၂၇ စိတ္တုပ္ပါဒ်) ကြောင့်သာ မိုက်မှု, ဆိုးမှု, မကောင်းပြုကြမှုများ အဆင့်ဆင့် ဖြစ်ပွားရ၏။ အကုသိုလ်နှင့်ကင်း၍ မည်သည့် မကောင်းမှုမျှ ဖြစ်ပေါ်မည်မဟုတ်။

မသူတော်ပေါင်းပက် ကိုယ်ကျိုးပျက်

* မသူတော်အား၊ ချီးမြှောက်ထား၊ ကြီးမားဒုက္ခ တွေ့ရပါ၊
* အဇာတသတ်၊ ဖကိုသတ်၊ လွဲလတ် မဂ်ဖိုလ်သာ၊

လူမှိုက်တို့ပြုကျင့်သော ဒုစရိုက်(မကောင်းကျင့်) ၁၀-ပါး

ကာယက် ၃	၁	ပါဏာတိပါတ	သူ့အသက်သတ်မှု၊
	၂	အဒိန္နာဒါန	သူ့ဥစ္စာကို ခိုးဝှက်,တိုက်ခိုက်ယူမှု၊
	၃	ကာမေသု မိစ္ဆာစာရ	ကာမဂုဏ်၌ မှားယွင်းစွာကျင့်မှု၊
ဝစီက် ၄	၄	မုသာဝါဒ	မဟုတ်မမှန်၊ လိမ်ညာပြောဆိုမှု၊
	၅	ပိသုဏာဝါစာ	ချောပစ်, ကုန်းတိုက်စကားပြောဆိုမှု၊
	၆	ဖရုသဝါစာ	မကြားဝံ့ မနာသာ, ကြမ်းတမ်းစွာပြောဆိုမှု၊
	၇	သမ္ဖပ္ပလာပ	ပြိန်ဖျင်း၊ အနှစ်ကင်းမဲ့စကားကိုပြောမှု၊
မနောက် ၃	၈	အဘိဇ္ဈာ	သူတစ်ပါး၏ စည်းစိမ်ကို မတရားယူလိုမှု၊
	၉	ဗျာပါဒ	သူတစ်ပါးပျက်စီး၊ သေကြေစေဖို့ရန် ကြံစည်မှု၊
	၁၀	မိစ္ဆာဒိဋ္ဌိ	အယူအဆမှားယွင်းမှု၊

* သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခုကာယက်။
* လှည့်ဖျားရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်ကြမ်းလေခြင်း၊ ပိန်ဖျင်းစကား၊ ပြောဆိုခြား၊ လေးပါးဝစီက်။
* သူ့ဥစ္စာမှန်၊ မတရားကြံ၍၊ ဖောက်ပြန်သေကျေ၊ ပျက်စေလိုခြား၊ အယူမှား၊ သုံးပါးမနောက်။
* ဒုစရိုက်ဆယ်ဖြာ၊ ဤကမ္ဘာတွင်၊ မိစ္ဆာအယူ၊ ရှိသောလူကား၊ သေမှုမလွဲ၊ ကျင်ရဲတည့်၊ ဖောက်လဲကမ္ဘာ၊ ပျက်သောအခါပင်၊ ဗြဟ္မာဘုံထက်၊ အများတက်လည်း၊ တက်ခွင့်မရှိ၊ အဝီစိဝယ်၊ ကံ၏စေရာ၊ ခံရမှာ၊ မိစ္ဆာအပြစ်ကြီးဆုံးတည်း။

မှတ်ချက်။ ။ ဤဒုစရိုက် ၁၀-ပါးကို အကုသလ ကမ္မပထ (အပါယ်သို့ရောက်ကြောင်း အကုသိုလ်ကံလမ်းကြောင်း)ဟုခေါ်သည်။

ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူသော ဒုစရိုက် ၁၀-ပါးစီဟူ၍ ဒုစရိုက်ပွား ၄၀ ရှိသည်။ လူတော်လူကောင်း(သူတော်ကောင်း)တို့သည် ဒုစရိုက်ကို ရှောင်ကြဉ်၍ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ တိုင်းပြည်အကျိုးကို ဆောင်ရွက်ကြသည်။ ရန်သူ ၁၀-ယောက်နှင့်တူသောဒုစရိုက်၁၀-ပါးကိုအလွတ်ကျက်မှတ်၍ ရှောင်ကြဉ် ကြပါလေ။

လူမှိုက်ပေါင်းဖက် မှိုက်ကူးစက်

* လူမှိုက်ပေါင်းက၊ မကြာလှ၊ ဖြစ်ရလူမှိုက်သာ။
* ငါးပိထုပ်ဖက်၊ နံ့အသက်၊ ကူးစက်ပုံပမာ။

ဝတ္ထု သာဓကများ

ဒေဝဒတ်အလောင်း လှည်းမှူးခေါင်းဆောင်သော လှည်းကုန်သည် ငါးရာ

အပဏ္ဏကဇာတ်၌ ဒေဝဒတ်အလောင်းလှည်းမှူးခေါင်းဆောင်သော ကုန်သည်ငါးရာတို့သည် တစ်ခုသောကန္တာရသို့ရောက်သောအခါ လူယောင်ဆောင်ထားသော ဘီလူးတို့နှင့်တွေ့ကြ၏။ ဘီလူးတို့က ရေစိုနေသောသူတို့၏ခန္ဓာကိုယ်နှင့် ကြာရိုးကြာဆွယ်များကိုပြကာ "ရှေ့မှာ ရေများရှိသည်၊ ရေတွေကို အလေးခံပြီး ယူမသွားကြနှင့်"ဟု ပြောသောစကားကို ခေါင်းဆောင်ဖြစ်သော ဒေဝဒတ်အလောင်းလှည်းမှူးက မဆင်မခြင်ယုံကြည်ပြီး သူ၏နောက်လိုက်များအား ရေများကို သွန်ခိုင်းလေသည်။ သို့နှင့် ခရီးဆက်ကြရာ ဘီလူးတို့ပြောသလို ရေကိုမတွေ့ကြရသောကြောင့် အစာရေစာငတ်ပြတ်၍ ဒုက္ခရောက်ကြလေသည်။ ယင်းကိုအခွင့်ကောင်းယူ၍ ဘီလူးတို့က ၎င်းတို့အားသတ်ဖြတ်စားသောက်ကြသဖြင့် ဥစ္စာလည်းရှုံး, အသက်လည်းဆုံးရလေသည်။

ဤသာဓက၌ ကုန်သည်ငါးရာတို့ ဘီလူးအစားခံကြရသည်မှာ အမြော်အမြင်နည်းပါး၍စဉ်းစားဉာဏ်မရှိသော ဒေဝဒတ်အလောင်းလှည်းမှူးကို ခေါင်းဆောင်တင်ပေါင်းသင်းဆည်းကပ်မှု **"အသေဝနာ စ ဗာလာနံ"** မဂ်လာပျက်သောကြောင့် ဖြစ်သည်။

အဇာတသတ်မင်းကြီး

အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ကျေးဇူးရှင်ဖခင်ကြီးကို သတ်ခဲ့မိသောကြောင့် ကံကြီးများထိုက်ပြီး အပါယ်ငရဲကျပုံ ဇာတ်နိပါတ်တော်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် အလွန်မှတ်သားဖွယ် ထင်ရှားရှိခဲ့၏။

ပထမသင်္ဂါယနာတင်နိုင်ခဲ့သော **အဇာတသတ်မင်းကြီး**သည် လူမိုက်ဖြစ်သော **ဒေဝဒတ်**နှင့် ပေါင်းဖော်မိသည့်အတွက် အဖကိုသတ်မိခြင်းကြောင့် အရိယာဖြစ်ထိုက်သောအကြောင်း ကောင်းစွာရှိပါလျက်နှင့် အရိယာမဖြစ်နိုင်တော့ဘဲ သေသည့်အခါမှာလည်း ကံကြီးထိုက်၍ ဃာတကုမ္ဘီငရဲသို့ ကျရောက်နေရသည်မှာ ထင်ရှားပါသည်။

အခြားမှတ်သားဖွယ်

* ချိုမြိန် ထူးခြားကောင်းမွန်သော အနံ့အရသာတို့နှင့်ပြည့်စုံသောသရက်သီးအပင်၏အနီး တမာ, ခွေးတောက်တို့စိုက်ပျိုးသောကြောင့် သရက်သီးပါ ခါးလေတော့...
* အလွန်ကောင်းမွန်သောမြင်းတော်သည် ခြေခွင်နေသောမြင်းထိန်းနှင့် အတူနေရသောကြောင့် မြင်းတော်လည်း ခြေခွင်ခြင်းအဖြစ်သို့ရောက်ခဲ့ရ..

၂။ ပဏ္ဍိတာနဉ္စ သေဝနာ လူလိမ္မာပေါင်းမင်္ဂလာ

{ **ပဏ္ဍိတ**– လိမ္မာသူ ပညာရှိ၊ **သေဝန**– မှီဝဲ ဆည်းကပ်ရခြင်း၊ }

"အသေဝနာ စ ဗာလာနံ"ပုဒ်ဖြင့် လူမိုက်တွေကို မမှီဝဲ မပေါင်းသင်း မဆက်ဆံမကိုးကွယ်ရန် ဟောကြားတော်မူပြီးနောက် ဘယ်လိုလူကို မှီဝဲရမည် ဆိုတာကို "ပဏ္ဍိတာနဉ္စ သေဝနာ"ပုဒ်ဖြင့် ဟောကြားတော်မူပါသည်။ လူမိုက်ကိုရှောင်ကြဉ်ရုံမျှဖြင့် လူလိမ္မာဖြစ်မလာနိုင်သေး။ လူလိမ္မာဖြစ်စေရန်နှင့် မိမိဘဝတိုးတက်ရေးအတွက် မိမိထက်ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ သက်ဆိုင်ရာပညာရပ်၌ တတ်သိနားလည်သော သူတော်ကောင်း လူလိမ္မာ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို ပေါင်းသင်းဆက်ဆံရပေမည်။

လမ်းညွှန်။ ။ "ပဏ္ဍိတာနဉ္စ သေဝနာ" မင်္ဂလာသည် လူတော် လူကောင်း ပညာရှိများနှင့် ပေါင်းသင်းဆက်ဆံရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ ပညာရှိဆိုသည်မှာ ဗာလ–လူမိုက်နှင့်ဆန့်ကျင်ဘက်ကိုဆို၏။ **ပညာတတ်နှင့် ပညာရှိ မတူပါ**။ (ဒေဝဒတ်သည် ဘုရားရှင်ကိုတောင် ပြိုင်နိုင်သော ပညာတတ်ဖြစ်သော်လည်း ဗာလ–လူမိုက်သာဖြစ်၏။)

သေဝနာ– ဆိုသည်မှာ သူ့အလိုကိုလိုက်၍ သြဝါဒကိုနာခံမှတ်ယူကျင့်သုံးကာ ပေါင်းသင်းသည်ကိုဆိုလိုပါသည်။ မှီဝဲဆည်းကပ်ရခြင်း။

ပဏ္ဍိတ – ပညာရှိဆိုသည်မှာ အကျိုးရှိတာကို လုပ်ကိုင်,ကြံစည်,ပြောဆိုတတ်သူ ဖြစ်ပါသည်။ လိမ္မာသူ ပညာရှိ။

"ပဏ္ဍိတာနဉ္စ သေဝနာ" မင်္ဂလာဖြစ်သူ

"ပဏ္ဍိတာနဉ္စ သေဝနာ" မင်္ဂလာကို လေ့လာ,ဆောင်ထား, လက်တွေ့ ကျင့်သုံး,ပွါးများနိုင်ရန်အတွက်– ပညာရှိလူလိမ္မာများကို ဆည်းကပ်သူ၊ ဆရာကောင်း သမားကောင်းကို မှီခိုသူ၊ လူတော်လူကောင်းများနှင့် ပေါင်းသူ၊ ရှေ့နောက်မြော်မြင်၍ အများအကျိုး ကိုဆောင်ရွက်သူ၊ စာရိတ္တကောင်းမွန်သည့် အသိပညာရှင် အတတ်ပညာရှင် များကို ခေါင်းဆောင်တင်သူ၊ ပညာတော်သူ စိတ်ကောင်းရှိသူများနှင့်ပေါင်းသူ၊ မိတ်ကောင်းဆွေကောင်း ရှိသူ စသည်များ..
(ကောင်းသောအဆွေ ခင်ပွန်းရှိသော သူ၏ အဖြစ်သည်လည်း၊ အတ္ထိ ရှိ၏။)

"ပဏ္ဍိတာနဋ္ဌ သေဝနာ" မင်္ဂလာပျက်သူများ

"ပဏ္ဍိတာနဋ္ဌ သေဝနာ" မင်္ဂလာကိုဖြစ်အောင်မဆောင်ရွက်ဘဲ ဆန့်ကျင်ဘက်ယူလျှင် ယင်းမင်္ဂလာပျက်သူမည်၏။

* (နောက်ပိုင်း မင်္ဂလာများ၌လည်း ဤနည်းအတိုင်း မှတ်ပါရန်..)

"ပဏ္ဍိတာနဋ္ဌ သေဝနာ" မင်္ဂလာကို လေ့လာ,ဆောင်ထား, လက်တွေ့ကျင့်သုံး,ပွါးများသူသည် (အကျိုး) ပညာရ၍ ဆင်းရဲမျိုးစုံမှ လွတ်ကင်းမည်။ နောင်ဘဝ၌လည်း သုဂတိဘဝသို့ ရောက်ရမည်။

(မကျင့်တဲ့အပြစ်) – ပညာမတိုးပွား၊ ချမ်းသာနည်းပါးမည်၊
– အထွတ်အထိပ်သို့ မရောက်နိုင်။

'ပညာရှိ'ဟုခေါ်ဆိုရသူ

(၁) သုစ္စိန္တိတစိန္တီ – ကောင်းသော အကြံအစည်ကိုသာ ကြံစည်သူ၊
(၂) သုဘာသိတဘာသီ – ကောင်းသောစကားကိုသာ ပြောဆိုသူ၊
(၃) သုကတကမ္မကာရီ – ကောင်းသောအမှုကိစ္စကိုသာ ပြုလုပ်သူ၊
ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်မှသာ ပညာရှိဟု ခေါ်ထိုက်ပါသည်။

တစ်နည်းအားဖြင့်–
(၁) ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း – သီလဂုဏ်
(၂) စိတ်နေစိတ်ထား မြင့်မြတ်တည်ကြည်ခြင်း – သမာဓိဂုဏ်
(၃) ဆင်ခြင်တိုင်းတာ အရာရာ၌ အမြော်မြင်များခြင်း – ပညာဂုဏ်
(၄) စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း – ဒါနဂုဏ်
(၅) သူတပါးကို နားဝင်အောင် ပြောဆိုဆုံးမနိုင်ခြင်း – ပေယျဝဇ္ဇဂုဏ်
(၆) သူတပါး၏အကျိုးစီးပွားကို သည်ပိုးနိုင်ခြင်း – အတ္ထစရိယဂုဏ်
(၇) မိမိလည်းလမ်းမှန်၊ သူတပါးကိုလည်းလမ်းမှန်သွန်ခြင်း – သမာနတ္တဂုဏ်
ပညာရှိတို့သည် ဤတရား(ဂုဏ်အင်္ဂါ) ၇–ပါးနှင့် ပြည့်စုံကြပါသည်။

* လိမ္မာ–မြော်မြင်၊ ပညာရှင် ၊ ခေါ်တွင် ပဏ္ဍိတ။
* ကောင်းတာကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြော၊ အဲဒါ "ပညာရှိ"သဘော။

ပညာရှိနှင့်ပေါင်းသင်းရခြင်းအကျိုးများ

ပညာရှိများကို မှီဝဲပေါင်းသင်းကြရသည့်အတွက် ရရှိခံစားရနိုင်သော အကျိုးတရားများမှာ..

ယခုမျက်မှောက်ဘဝတွင်– (၁) လူအများ အမုန်းမပွါး, ချစ်ခင်လေးစားခံရခြင်း၊
(၂) ပစ္စည်းဥစ္စာဓန တိုးတက်ခြင်း၊ (၃) ကျောင်းမှ နှင်ထုတ်မခံရခြင်း၊
(၄) အပြစ်ဒဏ် အချုပ်အနှောင်မခံရခြင်း၊(၅) ပညာရှိများ၏ အားပေးချီးမွမ်းခံရခြင်း၊
(၆) ဘေးအန္တရာယ် အမျိုးမျိုးတို့မှ ကင်းဝေးရခြင်း
(၇) သေသည့်အခါ နတ်ရွာ–နိဗ္ဗာန်သို့ ရောက်နိုင်ခြင်း စသည့်..
အကျိုးများစွာ ခံစားရနိုင်ပါသည်။
(ယခုဘဝ၌ ကောင်းကျိုးများ တွေ့ရမည်။ နောင်ဘဝမှာလည်း သုဂတိရောက်မည်။)

*** ပဏ္ဍိတာ ဓမ္မာ –

ပညာရှိတို့၌တည်ကုန်သော ကုသိုလ်တရားများ (ကုသိုလ်စိတ်–၂၁, စေတသိက်–၃၈ စိတ္တာ၂ပ္ပါဒ်)ကြောင့်သာ လိမ္မာမှုများအဆင့်ဆင့်တိုးပွားပြီး လိမ္မာမှုရှိကြသည်ကို မဟာကုသိုလ်, မဟဂ္ဂုတ်ကုသိုလ်, မဂ်ကုသိုလ် တို့ဖြင့်ပိုင်းခြားဝေဘန်၍ ယူရာ၏။

ကလျာဏမိတ္တ၊ (မိတ်ဆွေကောင်း)

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ဟူသော သူတော်ကောင်းတရား ငါးပါးနှင့် ပြည့်စုံသောသူသည် 'ကလျာဏမိတ္တ' မည်၏။

ဆောင်* ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊
နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ။

သူတော်ခိုကိုး ပေါင်းရကျိုး

* ဖြောင့်မှန်ကောင်းမွန်၊ ပညာဝန်၊ အလွန်မြတ်နိုးကြ။
* ပန်းပေါင်းနံ့သာ၊ ထုပ်ပဝါ၊ လှိုင်စွာမွှေးပျံ့လှ။

➡ (ဒုစရိုက် ၁၀–ပါးကို ရှောင်လျှင် သုစရိုက် ၁၀–ပါးဖြစ်၏။)

ပညာရှိ သူတော်ကောင်းတို့ပြုကျင့်သော သုစရိုက်(ကောင်းကျင့်) ၁၀–ပါး

ဝိရတိ ၃	၁	ပါဏာတိပါတာ ဝေရမဏိ	သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း၊
	၂	အဒိန္နာဒါနာ ဝေရမဏိ	သူ့ဥစ္စာကို ခိုးဝှက်,တိုက်ခိုက်ယူမှုမှ ″
	၃	ကာမေသု မိစ္ဆာစာရာ ဝေရမဏိ	ကာမဂုဏ်၌ မှားယွင်းစွာကျင့်မှုမှ ″
ဝစီ ၄	၄	မုသာဝါဒါ ဝေရမဏိ	လိမ်ညာပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊
	၅	ပိသုဏာဝါစာ ဝေရမဏိ	ချောပစ်,ကုန်းတိုက်စကားပြောဆိုမှု ″
	၆	ဖရုသဝါစာ ဝေရမဏိ	ကြမ်းတမ်းစွာပြောဆိုမှု ″
	၇	သမ္ဖပ္ပလာပါ ဝေရမဏိ	ပြိန်ဖျင်းသောစကားကိုပြောဆိုမှု ″
မနောဝိ ၃	၈	အနဘိဇ္ဈာ	အဘိဇ္ဈာ မဖြစ်အောင် စောင့်စည်းခြင်း၊
	၉	အဗျာပါဒ	ဗျာပါဒ မဖြစ်အောင် စောင့်စည်းခြင်း၊
	၁၀	သမ္မာဒိဋ္ဌိ	အယူမှန်ခြင်း၊

* သက်သတ်ခိုးမှု၊ ကာမေသု၊ ရှောင်မှသုံးတန်ကာယကံ။
* မုသားဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း၊ အပြိန်းစကား၊ ဤလေးပါး ရှောင်ငြားဝစီကံ။
* သူ့စည်းစိမ်ကို၊ တည်စေလိုမှု၊ သူ့သက်ဒီဝေ၊ ရှည်စေချင်ဟု၊ အယူဖြောင့်ငြား၊ ဤသုံးပါး၊ မှတ်သားမနောကံ၊

မှတ်ချက်။ ။ ဤသုစရိုက် ၁၀–ပါးကို ကုသလကမ္မပထ (ကောင်းရာသုဂတိ သို့ရောက်ကြောင်း ကုသိုလ်ကံလမ်းကြောင်း)ဟုခေါ်သည်။ ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူသော သုစရိုက် ၁၀–ပါးစီဟူ၍ သုစရိုက်ပွား ၄၀ ရှိသည်။ လူတော်လူကောင်း(သူတော်ကောင်း)တို့သည် လူတော်လူကောင်း(သူတော်ကောင်း)တို့သည် သုစရိုက်ကိုကျင့်ကြ၍ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ တိုင်းပြည်အကျိုးကို ဆောင်ရွက်ကြသည်။ မိတ်ဆွေ ၁၀ ယောက် နှင့်တူသော သုစရိုက် ၁၀–ပါးကို အလွတ်ကျက်မှတ်၍ ကျင့်ကြံကြပါလေ။

လူတော် လူကောင်း

* မိမိဆိုင်ရာ အလုပ်ကိစ္စဘာသာရပ်၌ ကျွမ်းကျင်ပိုင်နိုင်သူကို 'လူတော်'ဟုခေါ်၏။
* ကိုယ်ကျင့်တရားကောင်းသူ(ဝါ)သီလလုံခြုံသူကို 'လူကောင်း'ဟု ခေါ်၏။

လူတော်ဖြစ်လိုလျှင် နည်းမှန်လမ်းမှန် ကြိုးစားရ၏။
လူကောင်းဖြစ်လိုလျှင် ကိုယ်,နှုတ်,စိတ်ကို စောင့်စည်းရ၏။

ဝတ္ထု သာဓကများ

ဘုရားအလောင်း လှည်းမှူးခေါင်းဆောင်သော လှည်းကုန်သည် ငါးရာ

အပဏ္ဏကဇာတ်၌ပင် ဘုရားအလောင်းလှည်းမှူးခေါင်းဆောင်သော ကုန်သည်ငါးရာတို့သည် တစ်ခုသောကန္တာရသို့ရောက်သောအခါ လူယောင်ဆောင်ထားသော ဘီလူးတို့နှင့်တွေ့ကြ၏။ ဘီလူးတို့က ရှေ့မှာ ရေများရှိကြောင်း၊ ရေတွေကို အလေးခံပြီး ယူသွားရန်မလိုကြောင်းပြောရာ၊ ဘုရားအလောင်းလှည်းမှူးက "ဤသူတို့သည် အရိပ်လည်းမထွက် မျက်စိလည်းနီ၍ ဖနောင့်လည်းတိုသောကြောင့် လူသားမဖြစ်နိုင်၊ ဘီလူးများသာဖြစ်လိမ့်မည်။" ဟု စဉ်းစားကာ သူ၏တပည့်များကို "ရှေ့မှာ ရေမတွေ့မချင်း ပါလာသောရေများ သွန်မပစ်ရ၊" ဟု ညွှန်ကြား၍ ခရီးဆက်လက်သွားလေရာ ရှေးကသွားနှင့်သော ဒေဝဒတ်အလောင်းလှည်းကုန်သည်တို့၏ အရိုးစုနှင့် ပစ္စည်းများကို တွေ့ရသောအခါ ဘီလူးတို့လိမ်ညာကြောင်း သေချာစွာသိကြရလေသည်။ ကုန်သည်တို့သည် ပိုင်ရှင်မဲ့သောပစ္စည်းများထဲမှ ကောင်းသည်ကိုလဲလှယ်ယူ၍ ဆက်လက်ရောင်းဝယ်ဖောက်ကားကြရာ ချမ်းသာကြွယ်ဝကြလေသည်။

ဤသာဓကဌ ကုန်သည်ငါးရာတို့ ဘီလူးစားမခံကြရဘဲ ချမ်းသာကြွယ်ဝကြသည်မှာ အမြော်အမြင်ကြီးမား စဉ်းစားဆင်ခြင်ဉာဏ်အားကောင်းသော ဘုရားအလောင်းလှည်းမှူးကို ခေါင်းဆောင်တင် ပေါင်းသင်းဆည်းကပ်မှု **"ပဏ္ဍိတာနဋ္ဌ သေဝနာ"** မဂ်လာနှင့် ပြည့်စုံသောကြောင့်ဖြစ်ပါသည်။

အဇာတသတ်မင်းကြီး

အဇာတသတ်မင်းကြီးသည် လူမိုက်ဖြစ်သော အရှင်ဒေဝဒတ်နှင့် ပေါင်းသင်းမိပြီး ကျေးဇူးရှင်ဖခင်ကြီးကို သတ်ခဲ့မိ၍ လူမိုက်တစ်ယောက်၏ဘဝကိုရောက်ခဲ့ရသော်လည်း ဆရာကြီးဇီဝကက နည်းပေးလမ်းညွှန်ပေးသည့်အတွက် ပညာရှိဖြစ်သော မြတ်စွာဘုရားရှင်ကို ပေါင်းသင်းမှီဝဲရ၍ လူလိမ္မာတစ်ယောက်ပြန်ဖြစ်လာရပြီး ပထမသင်္ဂါယနာတင်နိုင်ခဲ့သော သာသနာပြုမင်း ဖြစ်ခဲ့ဘူးပါသည်။

အခြားမှတ်သားဖွယ်

* အနုံ့ကင်းသောပေါက်ရှက်သည်ပင် မွေးကြိုင်အနုံ့ပြည့်စုံသောပန်းနှင့် ပေါင်းဖက်ရသည့်အတွက် အနုံ့မွေးကြိုင်သောပေါက်ရှက်ဖြစ်ရသလို..
* ရိုင်းစိုင်းမုန်ယစ်နေသော တောဆင်ရိုင်းကြီးသည်လည်း လိမ္မာပါးနပ်လှသော ဆင်ဦးစီးနှင့် ပေါင်းဖော်ရသည့်အခါ ယဉ်ကျေးသောဆင်လိမ္မာကြီးဖြစ်လာရပါသည်။

၃။ ပူဇော စ ပူဇေနေယျာနံ ပူဇော်ထိုက်သူပူဇော်မင်္ဂလာ

{ **ပူဇေနေယျ**– ပူဇော်ထိုက်သူ၊ **ပူဇော**– ပူဇော်ခြင်း၊ }

ပညာရှိလူလိမ္မာများကို ဆည်းကပ် ပေါင်းသင်းဆက်ဆံနေသော်လည်း ၎င်းတို့၏ ကောင်းသောအမူအကျင့် အတွေးအခေါ် အကြံအစည်များကို အတုယူ လိုက်နာကျင့်သုံးမှု (ဓမ္မပူဇော)မရှိလျှင် လူတော်လူကောင်း မဖြစ်နိုင်။ ထို့ကြောင့် လူတော်လူကောင်းဖြစ်အောင် နည်းပေးလမ်းပြ ကူညီကြသော သူတော်ကောင်း ပညာရှင် ဆရာသမား မိဘဘိုးဘွားတို့အား ဂုဏဝုဒ္ဓိ–ဂုဏ်အားဖြင့် ကြီးမြတ်မှု, ဝယဝုဒ္ဓိ–အသက်အားဖြင့် ကြီးမြတ်မှုရှိကြသောပုဂ္ဂိုလ်များနှင့်တကွ အနန္တော အနန္တင၊်းပါးတို့အား အာမိသပူဇောခေါ် ပစ္စည်းဝတ္ထုများဖြင့် ပူဇော်ရန်လိုအပ် သောကြောင့် "ပူဇော စ ပူဇေနေယျာနံ" မင်္ဂလာကိုဟောတော်မူ၏။

လမ်းညွှန်။ ။ "ပူဇော စ ပူဇေနေယျာနံ" မင်္ဂလာသည် ပူဇော်ထိုက်သူတို့အား ဂုဏ်ပြုချီးမြှောက် ပူဇော်အထူးပြုရေး (လူမှန်နေရာမှန် ထားရှိရေး) နှင့် ပေါင်းသင်းဆက်ဆံရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ **ပူဇော်ထိုက်သူကိုသာ** ပူဇော်ရ၏။ အဇာတသတ်မင်းသည် ဒေဝဒတ်ကို ပူဇော်ခဲ့၍ (အဆိပ်ပင်ရေလောင်း) ကံကြီးထိုက်ခဲ့ရသည်။

ပူဇေနေယျ – မြတ်သောအလှူကို ခံထိုက်သူ၊ ပူဇော်ထိုက်သူများမှာ ရတနာသုံးပါး မိဘဆရာသမားနှင့် အသက်,ဂုဏ်သိက္ခာအားဖြင့် ကြီးမြတ်သူများ၊

ပူဇော်– ပူဇော်ခြင်းဆိုသည်မှာ ပန်း,ဆီမီးစသောဝတ္ထုဖြင့် ရှိခိုး၍ပူဇော်ခြင်း (ပစ္စယပူဇော)၊ ဟောကြားဆုံးမသည်ကို နာခံကျင့်ကြံပြီး ထိုအကျင့်ဖြင့် ပူဇော်ခြင်း (ဓမ္မပူဇော) ဟူ၍ နှစ်မျိုးရှိသည်။

(မင်,ဖိုလ်,နိဗ္ဗာန်ကိုရည်မှန်း၍ ပေးလှူခြင်းမှာ ဒါန–မင်္ဂလာ ဖြစ်ပါသည်။)

"ပူဇော စ ပူဇေနေယျာနံ ' မင်္ဂလာဖြစ်သူ

"ပူဇော စ ပူဇေနေယျာနံ" မင်္ဂလာကို လေ့လာ,ဆောင်ထား, လက်တွေ့ ကျင့်သုံး,ပွါးများနိုင်ရန်အတွက်– ပူဇော်ထိုက်သူများကို ပူဇော်သူ၊ ရတနာ မြတ်သုံးပါးကို ရှိခိုးပူဇော်သူ၊ အာစရိယပူဇော်ပွဲများကျင်းပ ပူဇော်–ကန်တော့သူ၊ အမိအဖ, ဦးလေးအဒေါ်, အဖိုးအဖွား, အစ်ကိုအစ်မများကို ကန်တော့သူ၊ ဘုရား ပုထိုး ရှိခိုးသူ၊ လူတော်, လူကောင်းများကို ချီးမြှောက်သူ၊ အရည်အချင်းရှိသူကိုသာ ခေါင်းဆောင်တင်သူ စသည်..

"ပူဇော စ ပူဇနေယျာနံ" မဂ်လာပျက်သူများ

"ပူဇော စ ပူဇနေယျာနံ" မဂ်လာကို ဖြစ်အောင်မဆောင်ရွက်ဘဲ ဆန့်ကျင်ဘက်ယူလျှင် ယင်းမဂ်လာပျက်သူမည်၏။

"ပူဇော စ ပူဇနေယျာနံ" မဂ်လာကို လေ့လာ,ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွါးများသူသည် (အကျိုး) ရရှိပြီးသော ကောင်းကျိုးချမ်းသာများကို ပွားစေတတ်ပါသည်။ ဤမဂ်လာပျက်သူများအတွက်- (အပြစ်)ရရှိပြီးသော ကောင်းကျိုးချမ်းသာများ ဆုတ်ယုတ်သွားတတ်ပါသည်။

ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်များ

ဘုရား,တရား,သံဃာ ရတနာမြတ်သုံးပါး, အမိအဖ, ဆရာသမား, ဦးလေးဦးကြီး, ဒေါ်လေးဒေါ်ကြီးစသည်တို့နှင့်တကွ မိမိထက် ဂုဏဝုဒ္ဓိ-ဂုဏ်အားဖြင့်ကြီးမြတ်သူ, ဝယဝုဒ္ဓိ-အသက်အားဖြင့် ကြီးမြတ်မှုရှိကြသောပုဂ္ဂိုလ်များသည် ရိုခိုးပူဇော်ထိုက်သူများဟု မှတ်ရပါမည်။

ခင်ပွန်းကြီး ဆယ်ပါး

ပူဇော်ခံထိုက်သော ခင်ပွန်းကြီး ဆယ်ပါး- (၁) ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ရဟန္တာ၊ (၄) လက္ခာရံ-လက်ဝဲရံ အဂ္ဂသာဝကကြီးများ၊ (၅) အမိဖြစ်သူ၊ (၆) အဖဖြစ်သူ၊ (၇) လေးစားထိုက်သောပုဂ္ဂိုလ်၊ (၈) မိမိအားသင်ပြဆုံးမဖူးသောဆရာသမား၊ (၉) အလှူဒါန,သီတင်းသီလ၌မွေ့လျော်သူ၊ (၁၀) အသိဉာဏ်ရှင်းလင်းအောင် ဟောပြောတတ်သူများဖြစ်ပါသည်။

ပူဇော်ရခြင်း အကျိုးများ

"ပူဇော စ ပူဇနေယျာနံ" မဂ်လာကို ပြုကျင့်သူတို့သည်-
(၁) အာယု အသက်ရှည်ခြင်း၊ (၂) ဝဏ္ဏ အဆင်းလှခြင်း၊ (၃) သုခံ ချမ်းသာခြင်း၊ (၄) ဗလံ ခွန်အားကြီးခြင်း၊ (၅) ပဋိဘာန ဉာဏ်ပညာကြီးခြင်း စသည်.. အကျိုးများခံစားရပြီး၊ (၇) သေသည့်အခါ နတ်ရွာ-နိဗ္ဗာန်သို့ ရောက်နိုင်ခြင်း အကျိုးများစွာ ခံစားရနိုင်ပါသည်။
(ယခုဘဝ၌ ကောင်းကျိုးများ တွေ့ရမည်။ နောင်ဘဝမှာလည်း သုဂတိရောက်မည်။)

ပူဇော်ခြင်း နှစ်မျိုး

ပူဇော်ထိုက်သူတို့ကို နည်းနှစ်မျိုးဖြင့် ပူဇော်ခြင်းအမှုတို့ကိုပြုကြ၏။

(၁) ဝိနည်းဒေသနာတော်အနေဖြင့် ကျောင်း,သင်္ကန်း,ဆွမ်း,ဆေးတို့ဖြင့်၊ သုတ္တန်ဒေသနာတော်အနေဖြင့် ဆွမ်း, ကျောင်း, သင်္ကန်း, ယာဉ်, ပန်း, နံ့သာခဲ, အိပ်ရာနေရာ, ဆီမီးစသည့် ဝတ္ထုပစ္စည်းများဖြင့်ပူဇော်သော **"အာမိသပူဇာ"**။ (သင့်လျော်သောပစ္စည်းဖြင့် ပူဇော်ခြင်းသည် 'အာမိသပူဇာ' မည်၏။)

(၂) မြတ်စွာဘုရားဟောကြားတော်မူအပ်သော အပါယ်ငရဲသို့ကျရောက်စေနိုင်သော ဒုစရိုက်တို့ကိုရှောင်ကြဉ်ပြီး၊ သုစရိုက်, ပုညကြိယာ, ဗောဓိပက္ခိယတရားစသည်တို့ဖြင့် အားထုတ်ကျင့်ကြံနေခြင်းကို **"ဓမ္မပူဇာ"** အကျင့်သိက္ခာဖြင့် ပူဇော်ခြင်းမည်ပါသည်။

(ကျင့်ဝတ် ပဋိပတ်ဖြင့်ပူဇော်ခြင်းသည် 'ဓမ္မပူဇာ' မည်၏။)

* ဤပူဇော်ခြင်းနှစ်မျိုးတွင် 'ဓမ္မပူဇာ'ဖြင့် ပူဇော်ခြင်းက သာ၍မြတ်၏။

ဗုဒ္ဓပူဇနိယ– သက်တော်ထင်ရှားမြတ်ဘုရားအလား အမှတ်ထားလျက် စေတီတော်, ဆင်းထုတော်များကို ဆွမ်း,ရေချမ်းစသည်..ပစ္စည်းတို့ဖြင့်ဖြစ်စေ၊ ကျင့်ဝတ်ပဋိပတ်ဖြင့်ဖြစ်စေ ပူဇော်ခြင်းသည် 'ဗုဒ္ဓပူဇနိယ' မည်၏။

ဓမ္မပူဇနိယ– တရားတော်၏ဂုဏ်ကို ယုံကြည်သက်ဝင်လျက် ပို့ချ,သင်ယူ ဆောင်ထား,ရွတ်ဖတ် ကျင့်ကြံအားထုတ်ခြင်းသည် 'ဓမ္မပူဇနိယ'မည်၏။

သံဃပူဇနိယ– သံဃာတော်၏ဂုဏ်ကို ယုံကြည်သက်ဝင်လျက် သမ္မုတိသံဃာတော်တို့ကို ပူဇော်ခြင်းသည် 'သံဃပူဇနိယ' မည်၏။

*** ပူဇော်ထိုက်သူပူဇော်မဂ်လာဖြစ်သူသည် မဟာကုသိုလ်အစု ကောင်းမှုတရားများ ဖြစ်ပွားနေတတ်ကြပါသည်။

ပူဇော်ထိုက်သူတို့ကို ကျူးလွန်မိက အပြစ်ကြီး၏။

ပူဇော်ထိုက်သောပုဂ္ဂိုလ်များကို ပူဇော်မှုမပြုဘဲ၊ ပြစ်မှားကျူးလွန်မိလျှင် ယခုမျက်မှောက်ဘဝမှာပင် အကြွေးမထားဘဲ လက်ငင်းဒုက္ခတို့ဖြင့် တွေ့ကြုံနိုင်ပါသည်။ သေလွန်သည့်အခါ အပါယ်လေးဘုံသို့ကျရောက်နိုင်ပါသဖြင့် အလွန်သတိပြုသင့်ကြပါသည်။

(ယခုဘဝ၌ ဆင်းရဲအမျိုးစုံ တွေ့ရမည်။ နောင်ဘဝမှာလည်း အပါယ်သို့ကျမည်။)

ပူဇော်ထိုက်သူပူဇော်မဂ်လာနှင့်တွဲစပ်သော ပုညကြိယာဝတ္ထု ၁၀–ပါး

* ပုည – ကောင်းမှု(မိမိစိတ်အစဉ်ကို သန့်ရှင်းဖြူစင်စေတတ်သောတရား၊)
* ကြိယာ – စင်စစ်ပြုသင့် ပြုထိုက်သောကောင်းမှုတရား၊
* ဝတ္ထု – ကောင်းကျိုးချမ်းသာ, မဂ်လာတို့၏တည်ရာ, မှီရာ၊

ကောင်းကျိုးချမ်းသာ, မဂ်လာတို့၏တည်ရာ, မှီရာဖြစ်သောကြောင့် စင်စစ်ပြုသင့်ပြုထိုက်သောကောင်းမှုတရားများကို 'ပုညကြိယာဝတ္ထု' ဟုခေါ်ဆိုပါသည်။

၁	ဒါန	စွန့်ကြဲပေးကမ်း လှူဒါန်းမှု၊	ဒါန
၂	သီလ	ကိုယ်ကျင့်တရားကောင်းအောင် သီလဆောင်ထိန်းမှု၊	သီလ
၃	ဘာဝနာ	ကမ္မဋ္ဌာန်းတရား အားထုတ်မှု၊	ဘာဝနာ
၄	အပစာယန	ရိုသေထိုက်သူကို ရိုသေမှု၊	သီလ
၅	ဝေယျာဝစ္စ	ကုသိုလ်ရေးတို့၌ ကူညီဆောင်ရွက်မှု၊	သီလ
၆	ပတ္တိဒါန	မိမိကုသိုလ်အဖို့ကို အမျှပေးဝေမှု၊	ဒါန
၇	ပတ္တာနုမောဒနာ	သူတစ်ပါးကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်မှု၊	ဒါန
၈	ဓမ္မသဝန	တရားစကား နာကြားမှု၊	ဘာဝနာ
၉	ဓမ္မဒေသနာ	လာဘ်မင့်ဘဲ တရားဟောမှု၊	ဘာဝနာ
၁၀	ဒိဋ္ဌုကမ္မ	အယူကို ဖြောင့်မှန်စွာယူမှု။	ဘာဝနာ

မှတ်ချက်။ ။ ဤပုညကြိယာဝတ္ထု (ကုသိုလ်) ၁၀–ပါးသည်လည်း–
ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူဟူ၍ ပုညကြိယာဝတ္ထုပွား ၄၀ ရှိ၏။ လူတော်လူကောင်း(သူတော်ကောင်း)တို့သည် ကုသိုလ် ၄၀ မျိုးဖြင့် မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ တိုင်းပြည်အကျိုးကို ဆောင်ရွက်ကြသည်။ မိတ်ဆွေကောင်း ၁၀ ယောက်နှင့်တူသော ကုသိုလ် ၁၀–ပါးကို အလွတ်ကျက်မှတ်၍ ကျင့်ကြံကြပါလေ။

မှတ်ချက်။ ။**ဒုစရိုက်(၃၀)ပါး– သုစရိုက်(၃၀)ပါး– ပုညကြိယာဝတ္ထု(၃၀)ပါး–** ၁၀–ပါးစီတို့ကို ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာ အားဖြင့် မြောက်ပွားလျှင် အပါး– ၃၀ စီရ၏။

ပူဇနေယ္ယ ပူဇာစ ဟောပြမိန့်ခဲ့မှာ–

* ပူဇော်ထိုက်ငြား၊ သူတို့အား၊ စိတ်ထား ကြည်သဒ္ဓါ၊
* သဒ္ဓါကြည်လင်၊ ပူဇော်လျှင်၊ ကိုယ်တွင် ဘေးဒဏ်ကွာ။

ဝတ္ထု သာဓကများ

ရှင်အရဟံ နှင့် ပုဂံပြည်–အနော်ရထာမင်းကြီး

မြန်မာပြည်ရာဇဝင်တွင် ပုဂံခေတ်က 'ရှင်အရဟံ'ဟု ထင်ရှားကျော်ကြားခဲ့သော အရှင်ဓမ္မဒဿီမထေရ်မြတ်ကို ဆည်းကပ်,ပူဇော်ခဲ့သော အနော်ရထာမင်း–အနုရဒ္ဓမင်းသည် ဘာသာမှန် သာသနာမှန်နှင့်တွေ့ရ၍ ထင်ရှားစွာသာသနာပြုနိုင်ခဲ့သောကြောင့်၊ ယနေ့တိုင်အောင် မြန်မာနိုင်ငံ–မြန်မာပြည်သူပြည်သားများ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး၏ တရားစစ်,တရားမှန် သံဃာစစ်,သံဃာမှန်များကို ပူဇော်နိုင်သည်အထိ အကျိုးကျေးဇူးများကို ခံစားနေရပါသည်။ အနော်ရထာမင်းသည် ရှင်အရဟံ၏လမ်းညွှန်မှုကိုခံယူကာ သထုံမှ ပိဋကတ်တော်များကိုပင့်ဆောင်ကာ မိမိနှင့် တိုင်းသူပြည်သားများပါ 'ဓမ္မပူဇာ'အဖြစ် တရားတော်များအတိုင်း လိုက်နာကျင့်သုံးကြပါသည်။

ဤသို့ မြန်မာပြည်၌ ဗုဒ္ဓသာသနာတော်ကြီး ပြန့်ပွားစည်ပင်ခဲ့ရသည်မှာလည်း ပူဇော်ထိုက်သောပုဂ္ဂိုလ်မျိုးကို ချီးမြှောက်,ပူဇော်ခဲ့ခြင်း "ပူဇာစ ပူဇနေယျာနံ"မင်္ဂလာနှင့် ပြည်စုံညီညွတ်ခဲ့သောကြောင့် အကျိုးခံစားကြရပုံဖြစ်ပါသည်။

သီဟိုဠ်ကျွန်း ဒေဝါနံ ပိယတိဿမင်းကြီး

ရှေးအခါက သီဟိုဠ်ကျွန်းနိုင်ငံတွင်လည်း ဒေဝါနံ ပိယတိဿမင်းကြီးသည် ဆည်းကပ်ပူဇော်ထိုက်သူ ရှင်မဟာ မဟိန္ဒကို ကိုးကွယ်ဆည်းကပ်ပူဇော်ခဲ့ပါသည်။ ရှင်မဟာ မဟိန္ဒသည် အထက်တွင် တစ်ယူဇနာ၊ အောက်တွင် တစ်ယူဇနာ အာဏာလွှမ်းမိုးနိုင်ပြီး တတိယသံဂါယနာတင်တော်မူနိုင်ခဲ့သည့် သီရိဓမ္မာသောကမင်းကြီး၏ သားတော်ဖြစ်ပါသည်။ ရှင်မဟာမဟိန္ဒကို ကိုးကွယ်ဆည်းကပ်ပူဇော်ခဲ့ရသည့်အတွက် ယနေ့တိုင်အောင် သီဟိုဠ်ကျွန်းသူကျွန်းသားများ ဘာသာစစ်ဘာသာမှန် သာသနာစစ် သာသနာမှန်ကို ရရှိကြ၍ ကောင်းကျိုးမင်္ဂလာများ ခံစားကြရပါသည်။

အခြားမှတ်သားဖွယ်

အဇာတသတ်မင်းသည် လူမိုက်နှင့်ပေါင်းခဲ့စဉ် အဖကိုသတ်၍အနန္တရိယကံပြုခဲ့၏။ မြတ်စွာဘုရားထံချဉ်းကပ်၍ မြတ်စွာဘုရားက သာမညဖလသုတ်ကို ဟောသောကြောင့် အပျင်မ်းပြီး၊ ဘုရားကိုကြည်ညိုသည့်နေရာတွင် ဇတဒဂ်ရ၏။ ကောင်းမှုကုသိုလ်ထူးကြီးများကိုပြုနိုင်ခဲ့သော်လည်း မင်,ဖိုလ်မရနိုင်တော့ဘဲ၊ သေလွန်သည့်အခါ အပါယ်ကျ၏။ အဝီစိတိုင်အောင်တော့ မကျတော့ပါ။

ဦးတင်ဝင်း(ဒိုက်ဦး–သုံးဆ)

မင်္ဂလသုတ်ပို့ (မုံရွေးဆရာတော်)

(ပဌမပို့) (**ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃–ပါး**)

အသေဝနာ စ ဗာလာနံ၊ ၁ (လူမိုက်ရှောင်မင်္ဂလာ)
ပဏ္ဍိတာနဉ္စ သေဝနာ၊ ၂ (လူလိမ္မာပေါင်းမင်္ဂလာ)
ပူဇာ စ ပူဇနေယျာနံ၊ ၃ (ပူဇော်ထိုက်သူပူဇော်မင်္ဂလာ)
ဧတံ မင်္ဂလ'မုတ္တမံ။

(၁) တရားမသိ၊ ဒိဋ္ဌိအယူ၊ အမူယွင်းချို့၊ သူ့ဘို့ကိုယ့်အား၊ စီးပွားမရှာ၊ ခုဝတ္တာမာန်၊ ပစ္စုပ္ပန်နှင့်၊ နောင်ဖန်ကောင်းကျိုး၊ မြတ်နိုးမပြု၊ မကောင်းမှုကို၊ ပြုမည်သာပ၊ အားထုတ်ကြသည်၊ ဗာလခေါ်ထိုက်၊ ထိုသူမိုက်ကို၊ ယဉ်ပိုက်ယှဉ်တွဲ၊ မမှီဝဲလင့်..

(၂) ငရဲရှောင်ကွာ၊ ပြိတ္တာကင်းဘွယ်၊ အပါယ်ကင်းလွတ်၊ လူနတ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ ရရာမှတ်သိ၊ မြတ်ဉာဏ်ရှိသား၊ ပဏ္ဍိတို့ကို၊ မှီတွဲခိုလော့..

(၃) လူဗိုလ်တကာ၊ ကိုးကွယ်ရာသား၊ သမ္မာသမ္ဗုद्ध၊ ပစ္စေကနှင့်၊ သာဝကသံဃာ၊ ဆရာမိဘ၊ ဂုဏာထင်ပေါ်၊ ပူဇော်ထိုက်ငြား၊ သူမြတ်များကို၊ တရားပစ္စည်း၊ ဤနှစ်လည်းဖြင့်၊ သိပ်သည်းကော်ရော်၊ ပူဇော်ရခြင်း..

အရင်းအဖျား၊ ဤသုံးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန် စွဲမှတ်ရာလေလော့..

ပို့အဓိပ္ပါယ်

(၁) တရားမသိသူ၊ မှားသောအယူရှိသူ၊ ကိုယ်နှုတ်အမူအရာ ချွတ်ယွင်းသူ၊ မိမိအကျိုး သူတစ်ပါးအကျိုးကို မသိသူ၊ ပစ္စုပ္ပန် တမလွန် ကောင်းကျိုး အတွက် မပြုလုပ်သူ၊ မကောင်းမှုဒုစရိုက်ပြုလုပ်သူများကို **'လူမိုက်'** ဟု ခေါ်ဆိုသည်။ ထိုလူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံမှု မပြုလုပ်ခြင်းသည် **'မင်္ဂလာ'** မည်၏။

(၂) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကယ်ဟူသော အပါယ်လေးပါးမှ ကင်းလွတ်၍ လူ,နတ်,နိဗ္ဗာန် သုံးတန်ချမ်းသာ ရရာရကြောင်း အကျင့်ကောင်းကို သိမြင်

တတ်သူတို့သည် **'ပညာရှိ'** မည်ကုန်၏။ ထိုပညာရှိတို့ကို မှီဝဲဆည်းကပ်ခြင်းသည် **'မင်္ဂလာ'** မည်၏။

(၃) လူအများ ကိုးကွယ်ရာဖြစ်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကသံဃာနှင့် ဆရာမိဘ၊ ဂုဏ်အားဖြင့်ထင်ရှားသူများကို တရား,ပစ္စည်း နှစ်ပါးတို့ဖြင့် လေးစားကော်ရော် ပူဇော်ခြင်းသည် **'မင်္ဂလာ'** မည်၏။

လူမိုက်တို့ကို မပေါင်းမသင်း ရှောင်ခွာခြင်း၊ ပညာရှိတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းဟူသော ဤသုံးပါးကို မွန်မြတ်လှသော (ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃-ပါး) **'မင်္ဂလာတရား'**ဟူ၍ သဒ္ဓါကဲလွန်နတ် တမန်သည် ယုံမှားမရှိ စွဲမြဲစွာ မှတ်လေလော့။

လိုရင်းခက်ဆစ်အပြေ

ဝတ္ထုမာန်-(ဝတ္ထုမာန)- (ပါဠိ) ဖြစ်ဆဲအခါ (= ပစ္စုပ္ပန်)
ပစ္စုပ္ပန် - (ပါဠိ) ဖြစ်ဆဲအခါ (= ဝတ္ထုမာန)
ဗာလ - (ပါဠိ) လူမိုက်
ယဉ်ပိုက်ယှဉ်တွဲ၊ မမှီဝဲလင့်.. - လူမိုက်နှင့်မပေါင်းသင်း၊ ဝေးစွာရှောင်ကြဉ်ခြင်း၊
ဝရဲ - နိ ရဲ - နိ ရယ(ပါဠိ) ချမ်းသာမရှိသောဘုံ၊
(ဝရဲကြီး ၈-ထပ် = သိဋ္ဌိုဝ်း, ကာဠသုတ်, သဃ်ာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝီစိ။
ဝရဲငယ်များ = ဘင်ဘုတ်, ပြာပူ, လက်ပံတော, သန်လျက်, ကြိမ်ပိုက်ချောင်းဝရဲ စသည်..)
ပြိတ္တာ - ပေတ(ပါဠိ) ချမ်းသာ**ကင်း**သောဘုံ၊
အပါယ် - အပါယ(ပါဠိ) ချမ်းသာကွာဝေးသောဘုံ၊
ပဏ္ဍိ - ပဏ္ဍိတ(ပါဠိ) ပညာရှိသူ၊
လူဗိုလ် - ငယ်သားနှင့်ဗိုလ်၊ (တနည်း) လူထု၊
တကာ - အပေါ် အများ၊
ပစ္စေက - ပစ္စေကဗုဒ္ဓါ = ဘုရားငယ်
(တရားအားလုံးကို တပြိုင်နက်မသိ၊ ဆင်ခြင်မှ အသီးသီးသိ)
သာဝက - (ပါဠိ)တပည့်၊ ဘုရားရှင်ဟောတော်မူတိုင်း နာယူကျင့်သုံးသူ၊

သံဃာ	– ကိလေသာကို ညှင်းဆဲဖျက်ဆီးတတ်သူ၊
တရားပစ္စည်း	– တရားဖြင့်ပူဇော်ခြင်း ဓမ္မပူဇာ၊
	ပစ္စည်းဖြင့်ပူဇော်ခြင်း အာမိသပူဇာ၊
သိပ်သည်း	– ကျစ်လစ်ခြင်း၊
ကော်ရော်	– သက္ကာရ(ပါဠိ) ကောင်းစွာပြုလုပ်ပေးခြင်း၊
ပူဇော်	– ပူဇာ (ပါဠိ) ဝတ္ထုပစ္စည်းစသည်တို့ဖြင့် လျှုဒါန်းပေးကမ်းခြင်း၊
အရင်းအဖျား	– အစမှ အဆုံးတိုင်၊

ပို့ဋ္ဌိကာ–ဥပမာ

သာသနာ့ဝန်ထမ်း ရဟန်းတော်များ

သီလ,သမာဓိ,ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို ကြိုးစားအားထုတ်နေကြသော သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ပူဇော်ထိုက်သူများဖြစ်ကြောင်း ယုံမှားကင်းမဲ့မှတ်ယူထိုက်ပေသည်။ ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာအကျင့်မှန်ကို ညွှန်ကြားပြသဆုံးမတတ်သဖြင့် ဆရာလည်း မည်၏။ ပရိယတ်–ပဋ္ဌိပတ်ကို သင်ကြားပေးသဖြင့် ကျေးဇူးရှင်လည်းမှန်၏။ စင်ကြယ်သန့်ရှင်းလှသော **"ထေရဝါဒ"**တည်ရှိနေရန်အတွက် ဦးဆောင်ဦးရွက် သယ်ပိုးဆောင်ရွက်နေသော ရဟန်းတော်များကို ပူဇော်ထိုက်၏။

ပညာရှိ– စစ်မှန်သောပညာရှိသည် ကြံစည်မှု၊ ပြောဆိုမှု၊ ပြုလုပ်မှုတို့၌ စင်ကြယ်၏။ လှည့်ပတ်ခြင်း၊ စဉ်းလဲခြင်း၊ ကျေးဇူးကိုချေဖျက်ခြင်းမှ ကင်းစင်၏။ အမှန်တရား၌သာ စွဲမြဲစွာရပ်တည်၏။ မည်သည့်အခြေအနေမျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ ကိုယ်ကျင့်တရားပျက်ပြားရိုး မရှိချေ။ ထို့ကြောင့် နီတိဆရာများက–

– စန္ဒကူးပင်သည် ခြောက်သွေ့သော်လည်း အနံ့ကိုမစွန့်သကဲ့သို့–
– ပညာရှိသူတော်ကောင်းသည် ဆင်းရဲနှင့်ကြုံသော်လည်း ကိုယ်ကျင့်တရားကိုမစွန့်။

** ပညာရှိသည် စန္ဒကူးနံ့သာကဲ့သို့ ခက်ခဲ,ကြာမြင့်စွာ ပြုစုပျိုးထောင်ရ၍ ဂုဏ်အရည်အချင်းကြီးမားလှ၏။ တန်ဖိုးဖြတ်၍ မရနိုင်။

** လူမိုက်ကား အလေ့ပေါက်ပင်နှင့်တူ၏။ လောကကိုအလှမဆင်တတ်။

လူမိုက်– အစွန်းနှစ်ဖက်၌မီးလောင်၍ အလယ်၌မစင်လူးသော သူကောင်ဖုတ်သည့် ထင်းမီးစ–သည် ရွာ၌ဖြစ်စေ တောင်ပေါ်ဖြစ်စေ သစ်သားဖြင့်ပြုလုပ်အပ်သော အမှုကိစ္စမှန်သမျှကို မပြီးမြောက်စေနိုင်။ ထို့အတူ လူမိုက်သည်လည်း သူကောင်ဖုတ်သည့် ထင်းမီးစ–ပမာ တူလှစွာ၏။

မဂ်လာ+အဘိဓမ္မာသဘော

သုံးပုံပိဋကတ်၊ အဆီမြတ်၊ မှတ်လော့မဂ်လာ၊
လောကီ လောကုတ်၊ ကောင်းကျိုးနှစ်တန်၊
နိဗ္ဗာန်ရောက်ကြောင်း၊ ဧကန်အမှန်၊

* **လူမိုက်**ဆိုသည်မှာ မောဟအမှောင်ထုကဖုံးအုပ်ထား၍ အကုသိုလ်စိတ် ၁၂–ပါး၊ စေတသိက် ၂၇–ပါးဆိုသည့် အကုသိုလ်တရားအစုနှင့်ပြည့်စုံသောသူမျိုးသည် 'ဗာလ–လူမိုက်' မည်၏။ (လောဘမူလ+ဒေါသမူလ+မောဟမူလ = ၁၂)
* လူမိုက်များကို ပေါင်းသင်းဆည်းကပ်လျှင် ၎င်းတို့၏အမူအရာစသည်ကို နှစ်သက်မှု, မသိနားမလည်မှုတို့ကြောင့်သာ ဆည်းကပ်ကြသည့်အတွက် ပေါင်းသင်းဆည်းကပ်သူမှာ လောဘမူစိတ် ၈–ပါး၊ မောဟမူစိတ် ၂–ပါး နှင့် ဒေါစတုက်ကြဉ်စေတသိက် ၂၃–ပါးဆိုသည့် အကုသိုလ်တရားအစုများ ဖြစ်၏။

* **ပညာရှိ**ဆိုသည်မှာ ကုသိုလ်စိတ်ဖြစ်တိုင်းဖြစ်တိုင်း ပညာ(ဉာဏ်)ယှဉ်တွဲ ပါလာသည့်အတွက် ကုသိုလ်စိတ် ၂၁–ပါး၊ စေတသိက် ၃၈–ပါးဆိုသည့် ကုသိုလ်တရားအစုနှင့်ပြည့်စုံသောသူမျိုးသည် 'လူလိမ္မာ–ပညာရှိ'မည်၏။
* လူလိမ္မာ–ပညာရှိများကို ပေါင်းသင်းဆည်းကပ်လျှင် ပေါင်းသင်းဆည်းကပ်သူတို့မှာ မဟာကုသိုလ်စိတ် ၈–ပါး၊ ဝိရတီ,အပ္ပမညာကြဉ် စေတသိက် ၃၃–ပါး ဆိုသည့် ကုသိုလ်တရားအစုများ ဖြစ်၏။

* **ပူဇနေယျ**–မြတ်သောအလှူကိုခံထိုက်သောသူအား ပူဇော်ခြင်းဖြစ်၍ အကျိုးကြီးမြတ်လှသောဂုဏ်များရှိနေသဖြင့် ပူဇော်ထိုက်သူတွေကို ပူဇော်သူသည် မဟာကုသိုလ်စိတ် ၈–ပါး၊ ဝိရတီ,အပ္ပမညာကြဉ် စေတသိက် ၃၃–ပါး ဆိုသည့် ကုသိုလ်တရားအစုနှင့်ပြည့်စုံသဖြင့် **'ပူဇာ စ ပူဇနေယျာနံ'**မဂ်လာနှင့် ပြည့်စုံသူမည်၏။
* ထို 'ပူဇာ စ ပူဇနေယျာနံ' မဂ်လာကောင်းမှုကုသိုလ်တရားများ၏ အကျိုးတရားသည် အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး၊ မဟာဝိပါက်စိတ် ၈–ပါး၊ စေတသိက် ၃၃–ပါးဆိုသည့် ကောင်းကျိုးတရားအစုများ ဖြစ်၏။

မှတ်ဖွယ်ရာရာ မင်္ဂလာ

"အသေဝနာ စ ဗာလာနံ"ကို အဘယ်ကြောင့် အရင်ဆုံးဟောတော်မူသနည်း။

လူမိုက်နှင့်ပေါင်းသင်း၍ လူမိုက်ကိုဆရာတင်လိုက်သည်နှင့်တစ်ပြိုင်နက်ထိုလူမိုက်အကြိုက်လိုက်နာပြီး လူမိုက်လိုကျင့်ကြံပြုလုပ်ကြပါလိမ့်မည်။ ထိုအခါမည်သည့်မင်္ဂလာမျှ ဖြစ်ပေါ်လာတော့မည်မဟုတ်သောကြောင့် "အသေဝနာ စ ဗာလာနံ" မင်္ဂလာကို ရှေးဦးစွာ ဟောတော်မူခြင်းဖြစ်ပါသည်။

"အသေဝနာ စ ဗာလာနံ" မင်္ဂလာကို ဘာသာရေးဘဲလုပ်လုပ်၊ ပညာရေးဘဲလုပ်လုပ်၊ နိုင်ငံရေးဘဲလုပ်လုပ်၊ စီးပွားရေးဘဲလုပ်လုပ် ဘယ်အလုပ်မျိုးမှာမဆို လူတွေအတွက် ကောင်းကျိုးဆိုးကျိုးကို ခွဲခြားပြီး မသိတဲ့ပုဂ္ဂိုလ်မျိုးကို ခေါင်းဆောင်တင်မိလျှင် ကြီးပွားတိုးတက်ဖို့ရန် မဖြစ်နိုင်တော့ပါ။

* အခြေခံမင်္ဂလာ ၂–ပါး

'အသေဝနာ စ ဗာလာနံ' မင်္ဂလာနှင့် 'ပဏ္ဍိတာနဉ္စ သေဝနာ' မင်္ဂလာနှစ်ပါးတို့သည် အခြားမင်္ဂလာများ၏ အခြေခံမင်္ဂလာများဖြစ်ကြပါသည်။ ဤမင်္ဂလာနှစ်ပါးမှမရှိလျှင် အခြားမင်္ဂလာများလည်းဖြစ်ရန် မလွယ်လှပါ။ ထို့ကြောင့် ဤမင်္ဂလာနှစ်ပါးကို ရှေးဦးစွာဟောကြားတော်မူပါသည်။

ဤမင်္ဂလာနှစ်ပါးသည် အပြန်အလှန်သဘောလည်းရှိပြီး တစ်ပေါင်းတည်းလည်း လေ့လာ,ဆောင်ထား, လက်တွေ့ကျင့်သုံး,ပွါးများနိုင်ပါသည်။

* မကောင်းသည့်သူ၊ ပေါင်းဖက်မှု၊ ပူလို့မဆုံးပါ။
* မိတ်ကောင်းခဏ၊ ပေါင်းသင်းရ၊ စိတ်ကချမ်းသာ ရှိရပါ။

ပညာရှိတို့၏ဆုံးမစကား

ပညာရှိကို ဆည်းကပ်သူချင်း တူသော်လည်း လိုက်နာကျင့်သုံးမှုကိုအခြေခံ၍ အကျိုးစီးပွားဖြစ်ထွန်းရရှိမှုကား ခြားနားမည်ဖြစ်သည်။ ပညာရှိတို့၏ဆုံးမစကားသည် မိုးကြီးရွာသွန်းမှုနှင့်တူ၏။ လိုက်နာကျင့်သုံးသူကား မိုးရေခံယူသူနှင့် တူလှပါသည်။ မိုးရေခံယူရာ၌ ခွက်ဖြင့်ခံယူသူ၊ အိုးငယ်ဖြင့်ခံယူသူ၊ အိုးစရည်းဖြင့်ခံယူသူဟု အမျိုးမျိုးရှိရာ တစ်ဦးနှင့်တစ်ဦး မိုးရေရရှိမှု တူညီမည်မဟုတ်ချေ။ မိမိ၏အားထုတ်မှု လုံ့လ၊ အလိုရှိမှု ဆန္ဒ၊ တွေးခေါ်မြော်မြင်မှု အသိဉာဏ်အားလျော်စွာ ရရှိကြမည်ဖြစ်သည်။

ဘုရားရှင်ကို ပူဇော်ခြင်း

ဘုရားရှင်ကို ပူဇော်ရာ၌ စေတီ, ပုထိုး, ဆင်းတုတော်မျှကိုသာ အာရုံပြုမနေဘဲ သက်တော်ထင်ရှား မြတ်စွာဘုရား၏ ပါရမီတော်, ကရုဏာတော်စသောဂုဏ်တော် အပေါင်းတို့ကို အဖန်ဖန်အောက်မေ့လျက် ဗုဒ္ဓါနုဿတိဘာဝနာဖြစ်အောင် ပူဇော်ရာ၏။ ဣစ္ဆာသယ, ဆုတောင်းပြည့်, လာဘမုနိစသည့်ဘွဲ့အမည်ကို အာရုံပြု၍ စည်းစိမ်ဥစ္စာ ရလိုမှု၊ အကြံအစည်အောင်မြင်လိုမှု၊ အကြပ်အတည်းအခက်အခဲမှ လွတ်မြောက်လိုမှု၊ ဘေးအန္တရာယ်ကင်းရှင်းလိုမှုစသည်ရည်ရွယ်ချက်ဖြင့် ပူဇော်ခြင်းတို့ကား အကျိုးများ လှမည် မဟုတ်ချေ။

ယခုခေတ်၌ထင်ရှားရှိနေသော ဓာတုကစေတီ၊ ဥဒ္ဒိဿကစေတီ၊ ပရိဘောဂစေတီ တော်များကိုပူဇော်ခြင်းသည် ဘုရားရှင်, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝကတို့ကို ပူဇော်ခြင်း ပင်ဖြစ်ပါသည်။ ထိုစေတီတော်များကို သက်တော်ထင်ရှားမြတ်ဘုရားကဲ့သို့ အာရုံယူ ကာပူဇော်ပါလျှင် အကျိုးတရားသည် တူညီစွာရရှိနိုင်ကြောင်း ပိဋကတ်တော်၌ညွှန်ပြ ထားပေသည်။

တရား,ကျမ်းစာတို့ကို သင်ယူ,ဟောပြော,ပို့ချသော သံဃာတော်တို့ကိုလည်း တရားတော်ကိုရည်မှန်း၍ ဆွမ်းစသောပစ္စည်းတို့ဖြင့် ပူဇော်နိုင်၏။ စာသင်ပေးသော ဆရာများကို စားသောက်ဖို့ ထောက်ပံ့၍ဌင်း၊ သင်္ကြန်စသောအခါကြီးရက်ကြီးများ၌ အဝတ်အစား,ရေ,ပန်းစသည်ဖြင့် ကန်တော့၍ဌင်း ပူဇော်နိုင်၏။ မိဘမှစ၍ ခင်ပွန်း တိုင်အောင် ကောင်းမွန်စွာပြုစုလုပ်ကျွေးခြင်းဖြင့် ပူဇော်နိုင်၏။

ပူဇော်ထိုက်သူအားလုံးကိုပင်– ဆုံးမသည်ကိုလိုက်နာ၍ကောင်းမွန်စွာနေထိုင်ခြင်း၊ ဘုရားရှိခိုးခြင်း၊ ဥပုသ်စောင့်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်းစသော ကိုယ်ကျင့်မင်္ဂလာများ ဖြင့်ပူဇော်နိုင်ပါသည်။

ပူဇော်အထူးဆောင်ပုဒ် (အရှင်ဇနကာဘိဝံသ)

ပူဇော်စရာ၊ သင့်တော်ရာမှု၊ လိုရာပစ္စည်း၊ ပန်းဆီမီးမှ၊ စ၍အသင့်၊
လျော်အောင် ချင့်လော့၊ ကိုယ်ကျင့်တရား၊ ဆိုစကားကို၊ မှတ်သားမယွင်း၊
လိုက်နာခြင်းလည်း၊ လွန်မင်းဖိုးတန်၊ ပူဇော်ရန်တပည့်၊ နှစ်တန်မှတ်သား၊
ဤသို့အားဖြင့်၊ အများလူငယ်၊ ပူဇော်ဖွယ်ကို၊ စိတ်ဝယ်ပိုက်ထွေး၊
နေ့စဉ်မွေးအောင်၊ မြတ်လေးပူဇော်ကြလေသော်။..

ဦးတင်ဝင်း(ဒိုကံဦး–သုံးဇွ)

အတက်လမ်းစဉ်, အဆင်းလမ်းစဉ်

လူလိမ္မာ-ပညာရှိများ၏ လမ်းစဉ်-ကျင့်စဉ်သည် အတက်လမ်းစဉ်ဖြစ်ပါသည်။ ကျောက်တုံးကြီးတစ်တုံးကို အနိမ့်ကနေပြီး အမြင့်ကို လှိမ့်တင်ရတာနှင့်တူပါသည်။ ထို့ကြောင့် လူလိမ္မာ-ပညာရှိများနှင့်ပေါင်းသင်းရသော်လည်း ပညာရှိများ၏ အမူအကျင့်များက အကူးအစက်နေးတတ်ပါသည်။

လူမိုက်များ၏ လမ်းစဉ်သည် အဆင်းလမ်းစဉ် ဖြစ်ပါသည်။ ကျောက်တုံးကြီးတစ်တုံးကို အမြင့်ကနေပြီးတော့ အနိမ့်ကိုလှိမ့်ချလိုက်တာနှင့် တူပါသည်။ ထို့ကြောင့် လူမိုက်၏အမူအကျင့်က အလွန်အကူးအစက်မြန်ပါသည်။

လူဆိုးလူမိုက်နှင့် ပူးပေါင်းသွေးစည်းရန် လူမိုက်၏အမူအကျင့်ကူးစက်ရန်သည် ဖေါ်ပြပါအတိုင်း လွယ်ကူသေချာလှသောကြောင့် ပေါင်းသင်းဆက်ဆံရေးမင်္ဂလာများနှင့်အညီ လေ့လာ,ဆောင်ထား, လက်တွေ့ကျင့်သုံး,ပွါးများနိုင်ရန် ဖြစ်ပါသည်။

ဘဝပေးတာဝန်

သတ္တဝါတွေ၏ဘဝကို မှီခိုနေထိုင်ရသောပုဂ္ဂိုလ်တွေက အကောင်းအဆိုးဖြစ်အောင်ပြုပြင်ပေးတတ်ပါသည်။ ထို့ကြောင့် လူမိုက်ကို မှီခိုနေထိုင်မှု, ခေါင်းဆောင်တင်မြှောက်မှုကိုမပြုဘဲ၊ လူလိမ္မာ-ပညာရှိကို မှီခိုနေထိုင်မှု, ခေါင်းဆောင်တင်မြှောက်မှုကသာ သတ္တဝါတွေ၏ ဘဝပေးတာဝန်ဖြစ်ပါသည်။

လူလိမ္မာ-ပညာရှိကိုပေါင်းသင်းဆက်ဆံရသူများသည် ကောင်းသောအကြံအစည်အပြောအဆို အမူအရာများဖြစ်ပေါ်လာကာ အရာရာမှာ ယဉ်ကျေးသိမ်မွေ့လာပြီး "အသေဝနာ စ ဗာလာနံ"မင်္ဂလာဖြစ်ရပါသည်။

* သူတော်ပဏ္ဍိတ၊ ပေါင်းဖက်မိ၊ အသိဉာဏ်ပြည့်ဝ၊
* ပန်းပေါင်းနံ့သာ၊ ထုပ်ပုဝါ၊ လှိုင်စွာ မွှေးပျံ့လှ။

လူမိုက်သည် ကိုယ်တိုင်လည်းမကောင်းမှုအကုသိုလ်တွေကိုပြုလုပ်တတ်ကြပြီး မိမိ၏အပေါင်းအသင်း,နောက်လိုက်များကိုလည်း မကောင်းမှုအကုသိုလ်တွေကိုပြုလုပ်အောင်သွေးဆောင်တတ် တိုက်တွန်းတတ် အားပေးကူညီတတ်ကြပါသည်။ ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကိုခံစားကြရပြီး "အသေဝနာ စ ဗာလာနံ"မင်္ဂလာပျက်ရပါသည်။

* လူမိုက်ကိုပင်၊ ချစ်ကျွမ်းဝင်၊ ကိုယ်လျှင်မိုက်မည်သာ၊
* အမဲသားပုပ်၊ ပုဝါထုပ်၊ ထုပ်သည့်ပုဝါ၊ ပုပ်လိမ့်ဇကန်ပါ။

မင်္ဂလာမြတ် လေ့ကျင့်အပ်

မင်္ဂလာစကားပရိယာယ်ကြွယ်ဝရေးအတွက် မင်္ဂလာကို ကျေကျေပွန်ပွန် သင်ကြားလေ့လာပြီးပါက– ဉာဏ်စမ်းလေ့ကျင့်သွားရန် ဖြစ်ပါသည်။ မိမိတို့ ဘဝ, ပတ်ဝန်းကျင်ရှိ ကောင်းမှု–ဆိုးမှုဖြစ်ရပ်များကို ၃၈–ဖြာမင်္ဂလာနှင့်ဟပ်၍ (ယှဉ်စပ်၍) လက်တွေ့ဆောင်ထား,ကျင့်သုံး,ပွါးများနိုင်ပါသည်။

(မင်္ဂလာအမှတ်စဉ် အဖြေမှန်များကိုပြထားပေးပါသည်။ မင်္ဂလာအမည်ကို ဖေါ်နိုင်ပါစေ..)

အောက်ပါပုဂ္ဂိုလ်တို့၌ အဘယ်မင်္ဂလာများ (ပြည့်စုံ) သို့မဟုတ် (ပျက်)သနည်း။

၁။ ဆရာကောင်း သမားကောင်းထံ ဆည်းကပ်သူ၊ .. .. (၂)
၂။ လူတော်,လူကောင်းနှင့်ပေါင်းပြီး စိတ်ကောင်းရှိသူ။.. .. .. (၂၊၆)
၃။ ကျောင်းပြေး, လူဆိုးများနှင့်ပေါင်းသူ၊ .. .. (၁)
၄။ ရတနာမြတ်သုံးပါးနှင့် ဆရာမိဘတို့ကို ကန်တော့သူ၊ .. .. (၃)
၅။ မိတ်ဆွေကောင်းများနှင့်ပူပေါင်းပြီး အာစရိယပူဇော်ပွဲကျင်းပသူ၊ (၂၊၃)
၆။ လူလိမ္မာ–ပညာရှိများထံသာချဉ်းကပ်ပြီး, လူမိုက်နှင့်မပေါင်းသူ၊ (၂၊၁)
(အဖြေများကို အရွယ်အလိုက် ပါဠိ(ဂါထာ)–မြန်မာပြန်–ဆောင်ပုဒ်စသည်..)

* အဘယ်လိုလူကို ဗာလ–လူမိုက်ဟု ခေါ်ပါသနည်း၊ လူမိုက်နှင့်ပေါင်း၍ အကျိုးမဲ့ရပုံ–ဝတ္ထုသာဓက၊ မည်သို့ပြန်လည်ပြုပြင်ရမည်နည်း။
* ဗုဒ္ဓမြတ်စွာသည် ၃၈–ဖြာမင်္ဂလာအနက် 'အသေဝနာစ ဗာလာနံ'မင်္ဂလာ ကိုအဘယ်ကြောင့် ရှေးဦးစွာဟောပါသနည်း။ (အခြေခံမင်္ဂလာ ၂–ပါးကို)
* အဘယ်ကို ပဏ္ဍိတဟုခေါ်ပါသနည်း၊ ပဏ္ဍိတကိုပေါင်း၍ အကျိုးများပုံ–ဝတ္ထုသာဓက၊ မည်သည့်မင်္ဂလာကို ဆက်လက်ဆောင်သင့်သနည်း။
* မိတ္တဗလ မင်္ဂလာများကိုယှဉ်တွဲ၍ ကျင့်ဆောင်ပြပါ။ (၁၊၂)
* ပူဇော်ထိုက်သူတို့ကိုဖေါ်ပြပြီး၊ ပူဇော်ထိုက်သူတို့ကိုမပူဇော်ဘဲ ပြစ်မှား ကျူးလွန်မိက အပြစ်ရပုံ၊ ပူဇော်ပါက အကျိုးများပုံ ၅–ချက်မျှဖေါ်ပြပါ။
* ပေါင်းသင်းဆက်ဆံရေးမင်္ဂလာများကို လမ်းညွှန်များနှင့်တကွယှဉ်တွဲ ဖေါ်ပြပြီ၊ အကျိုးဆက်မင်္ဂလာများကိုလည်း ဖေါ်ထုတ်ပြပါ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မင်္ဂလာ။"

F 5 A

အခန်း(၂)

နေထိုင်ရေးမင်္ဂလာ ၃-ပါး

မြတ်စွာဘုရားရှင်သည် ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃-ပါးကိုဟော တော်မူသည်၏အခြားမဲ့၌ နေထိုင်ရေးမင်္ဂလာ ၃-ပါးကို ဟောတော်မူ၏။

ပညာရှိလူလိမ္မာများကို ဆည်းကပ်ပေါင်းသင်း ဆက်ဆံသောကြောင့် လူမိုက်တို့ကို ရှောင်ကြဉ်ပြီးဖြစ်ရပါသည်။ ပညာရှိတို့နှင့်ပေါင်းပြီး မိမိလည်း လူတော်လူကောင်းဖြစ်ရန်အတွက် ပညာရှိတို့ကို ပူဇော်ရပါမည်။ ထိုသို့ ပူဇော်ထိုက်သူတို့ကို ချီးမြှောက်ပူဇော်၍ ကောင်းမှုကုသိုလ်ဖြစ်စေနိုင်ရန် နေရာဒေသ ကောင်း၌နေထိုင်ရန်, ထိုပုဂ္ဂိုလ်တို့သည် ရှေးဘုန်းရှေးကံ ရှိမှုကိုပြဆိုရန်နှင့် မိမိစိတ်ကိုပြုပြင်၍ ကောင်းမြတ်သော'မင်္ဂလာ'၌တည်ထားနိုင်ရန် နေထိုင်ရေး မင်္ဂလာ ၃-ပါးဖြစ်သော.. 'ပဋ္ဌိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ၊ အတ္တသမ္မာပဏိဓိ စ၊' ပုဒ်တို့ကို ဟောတော်မူပါသည်။

နေထိုင်ရေးမင်္ဂလာ ၃-ပါးတို့ကို လေ့လာ, ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွားများနိုင်ရန်အတွက်-

* ကုသိုလ်, ပညာ, ဥစ္စာ ရသောနေရာမှာ နေရန်၊ ရပ်ကောင်း, ရွာကောင်း အိမ်ကောင်း, ကျောင်းကောင်းမှာ နေရန်၊ ပျော်ရာမှာမနေ တော်ရာမှာ နေရန် "ပဋ္ဌိရူပဒေသဝါသော စ" ပုဒ်၊

* အလုပ်ကောင်းလုပ်ခဲ့သူ ဘုန်းရှင်ကံရှင်ဖြစ်ရန်၊ ဥစ္စာပေါသူ ရုပ်ချောသူ၊ ဉာဏ်ပညာထက်မြတ်သူ၊ ယှဉ်ပြိုင်၍မရသူပါရမီရှင်ဖြစ်ရန် "ပုဗ္ဗေ စ ကတပုညတာ" ပုဒ်၊

* ကိုယ့်ကိုယ်ကို ထိန်းသိမ်းတန်ဖိုးထားရန်၊ နေရာတကာ မသွား, သန့်သန့် ပြန့်ပြန့်ဝတ်စားနေထိုင်ရန်၊ ကျန်းမာရေး မှန်မှန်လေ့ကျင့်ရန်၊ ကျောင်းမှန်မှန် တက် စာမှန်မှန်ကျက်ရန်၊ မိမိကိုယ်ကို လူတော်လူကောင်းဖြစ်အောင်ကြိုးစားရန်၊ ကောင်းမြတ်သော ရည်မှန်းချက်ထားကြရန်၊ **'စိတ်ကောင်းရှိဖို့က ပထမ'** ဖြစ်ရန် "အတ္တသမ္မာပဏိဓိ စ" ပုဒ် တို့ကို ဤအခန်းတွင်တင်ပြပါမည်။

သမ္မတ္တိစက် ၄–ပါး

(ကြီးပွားချမ်းသာရေး၏ အခြေခံအကြောင်း ၄–ပါး၊)
(ပြည့်စုံတိုးတက်စေရန် အမြဲလည်ပတ်နေစေရမည့်တရားများဟု ဆိုလိုပါသည်။)

* ပဋ္ဌိရူပဒေသဝါသော – လျောက်ပတ်သောအရပ်၌ နေရခြင်း၊
* သပ္ပုရိသူပနိဿယော – သူတော်ကောင်းကို မှီခိုရခြင်း၊
* အတ္တသမ္မာပဏိဓိ – မိမိ ကိုယ်စိတ်ကို ကောင်းစွာထားခြင်း၊
* ပုဗ္ဗေ စ ကတပုညတာ – ရှေးကပြုဖူးသော ကောင်းမှုရှိခြင်း၊

ထိုစက် ၄–မျိုးတို့တွင် ပုဗ္ဗေစကတပုညတာစက်သည် ဘဝကောင်းကို ရအောင်ပို့ဆောင်၏။ ပဋ္ဌိရူပဒေသဝါသစက်သည် ဌာနကောင်းကို ပြည့်စုံအောင် ပြုလုပ်ဖန်တီးပေး၏။ သပ္ပုရိသူပနိဿယစက်သည် ဆရာကောင်းကို ဆည်းကပ်မှီခိုခွင့်ရအောင် ပံ့ပိုးကူညီပေး၏။ အတ္တသမ္မာပဏိဓိစက်သည် အကျင့်ကောင်း အလုပ်ကောင်း ပြုလုပ်နိုင်အောင် ပြုစုစောင့်ရှောက်ပေး၏။ ဤစက် ၄–ပါးနှင့် ပြည့်စုံသူအား (၀၊) ဘဝကောင်း, ဌာနကောင်း, ဆရာကောင်း, အကျင့်ကောင်းနှင့် ပြည့်စုံသူအား ကြီးပွားတိုးတက်ရေးအတွက် သံသယဖြစ်ဖွယ် မရှိတော့ချေ။ သတ္တဝါမှန်သမျှသည် မိမိဘဝ ပြည့်စုံတိုးတက်ရန် အကြောင်းတရားဖြစ်သော သမ္မတ္တိစက် ၄–ပါး အမြဲမပြတ် လည်ပတ်နေမှသာ အကျိုးတရားများကို ရရှိခံစားရမည်ဖြစ်သည်။

သမ္မတ္တိစက် ၄–ပါးသည် ကုသိုလ်စိတ်=မဂ်လာတရားဖြစ်ရန် အခြေခံအကြောင်းဖြစ်ပါသည်။ ထိုလေးပါးအနက် တစ်ပါးပါးဖောက်ပြန်ပျက်စီးသွားခဲ့ပါလျှင် ကျန်သည့်သမ္မတ္တိစက်များလည်း အလည်ရပ်ရပါတော့သည်။ ၎င်းတို့၏ ဆန့်ကျင်ဘက်ဖြစ်သော **ဝိပတ္တိစက် ၄–ပါး**သည် အကုသိုလ်၏အကြောင်းဖြစ်၏။ ဝိပတ္တိစက်တွေအလည်ရပ်အောင် ကုသိုလ်ကောင်းမှုများပြုလုပ်ပေးရမည်။

* အနေလည်းကောင်း၊ အပါင်းလည်းသင့်၊ အကျင့်လည်းမှန်၊
  ပေးပြန်အလှူ၊ ဤလေးဆူလျှင်၊ ကြီးသူမြောက်စား၊
  သူတော်အားကိုး၊ စီးပွားဆောင်ရွက်၊
  စတုစက်ဟု၊ လေးဘက်စုမှ၊

(ဓမ္မပါလပျို့။ ၈၆၊)

(၂) နေထိုင်ရေးမင်္ဂလာ ၃-ပါး			
၄	ပဋ္ဌိရူပဒေသဝါသော စ	သင့်ရာနေမင်္ဂလာ	ကုသိုလ်၊ ပညာ၊ ဥစ္စာရဖို့၊ သင့်ရာဒေသ အမြဲနေ။
၅	ပုဗ္ဗေ စ ကတပုညတာ	ကြိုတင်ကောင်းမှုပြုမင်္ဂလာ	ရှေးကတင်ကြို၊ ပြုခဲ့ဖူးသည့်၊ ကောင်းမှုအထူး ရှိပါစေ။
၆	အတ္တသမ္မာပဏိဓိ စ	ကိုယ့်ကိုကိုယ်ထိန်းမင်္ဂလာ	မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊ မတိမ်းစေနဲ့ ဆောက်တည်လေ။
	ဧတံ မင်္ဂလ'မုတ္တမံ	အဲဒါ မင်္ဂလာ ၃-ဖြာ၊	ဥစ္စာကိုပေး နေထိုင်ရေး၊ မျှော်တွေးသုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒ၊ ကမ္ဘာ့မင်္ဂလာတွေ။

♣ မင်္ဂလာဂါထာ

မင်္ဂလာမြန်မာ

၄။ ပဋ္ဌိရူပဒေသဝါသော စ – သင့်လျော်သောအရပ်၌ နေရခြင်း၊
၅။ ပုဗ္ဗေ စ ကတပုညတာ – ရှေးကပြုဖူးသော ကောင်းမှုအထူးရှိခြင်း၊
၆။ အတ္တသမ္မာပဏိဓိ စ – မိမိကိုယ်နှင့်စိတ်ကို ကောင်းစွာထားခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။ – ဤသုံးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

➡ မင်္ဂလာကဗျာ


သိမ်းငှက်နှင့် ဘီလုံးငှက်

- သင့်တော်ရာ ရပ်ဒေသ၊ နေရမှ တော်လိမ့်မယ်။
- ရှေးပုဗ္ဗေ ဘဝဟောင်း၊ ကောင်းမှုကကြွယ်၊
- ကောင်းရာဝယ်၊ နှစ်သွယ်တဲ့ကိုယ်စိတ်၊ အမြဲတူယှဉ်ကာဖြင့်၊ ဖြူစင်စွာ မင်္ဂလာထားကြလျှင်၊ များလိမ့် ဂုဏ်ဟိတ်။

အဓိပ္ပါယ်အကျဉ်း။ ။ ကြီးပွားတိုးတက်လိုပါလျှင်–

(၁) နေရာကောင်း၊ အရပ်ကောင်းကို ရွေးချယ်နေထိုင်ပါ။
(၂) ကုသိုလ်ကောင်းမှုများကို(အကျိုးပြုလုပ်ငန်းများကို) ကြိုတင်၍ ပြုလုပ်ပါ။
(၃) မိမိ၏ ကာယက်၊ ဝစီက်၊ မနောက် တို့ကို ကောင်းအောင်ထားပါ။
(ကာယက်ကောင်းတွေ၊ ဝစီက်ကောင်းတွေ၊ မနောက်ကောင်းတွေ ဖြစ်အောင် ကြိုးစားပါ။) ကြီးပွားတိုးတက်ပါလိမ့်မည်။

၄။ ပဋ္ဌိဌပဒေသဝါသော စ သင့်ရာနေမဂ်လာ

{ **ပဋ္ဌိဌပ**– သင့်တော်လျောက်ပတ်သော၊ **ဒေသ**– အရပ်မှာ၊ **ဝါသ**– နေရခြင်း၊ }

သင့်တော်လျောက်ပတ်သော အရပ်ဒေသများမှာ နေထိုင်ရခြင်းသည် 'ပဋ္ဌိဌပ ဒေသ ဝါသ'ဟု ခေါ်ရပါသည်။

* ပူဇော်ထိုက်သည့် လူတော် လူကောင်း ပညာရှင်များကို ခေါင်းဆောင်တင်ပေါင်းသင်းဆည်းကပ်နိုင်ရန်အတွက် လူမိုက်နည်းပါး၊ လူလိမ္မာပညာတတ်ပေါများသည့် နေရပ်၊ ကုသိုလ်,ပညာ,ဥစ္စာရမည့် နေရပ်များ၌ နေထိုင်ရမည်။

* ထိုအရပ်ဒေသမျိုးမှာ မနေနိုင်လျှင် မိမိတို့၏နေရပ်၌ လူမိုက်နည်းပါး လူလိမ္မာပညာတတ် သူတော်ကောင်းများ ပေါများအောင် ကုသိုလ်,ပညာ,ဥစ္စာရအောင် ပြုလုပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

နေရာမှန်အောင် နေတတ်ခြင်းသည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း **မဂ်လာ**အရည်အချင်းကောင်း တစ်ခုဖြစ်သည်။

လမ်းညွှန်။ ။ 'ပဋ္ဌိဌပဒေသဝါသော စ' မဂ်လာသည် နေရေးထိုင်ရေး နေရာမှန်ရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ တောရွာဒေသပင်ဖြစ်စေကာမူ ကုသိုလ်,ပညာ,ဥစ္စာ ရနိုင်ပါက **'ပဋ္ဌိဌပဒေသ'**ခေါ်ထိုက်ပါသည်။ မြို့ကြီးပြကြီးပင်ဖြစ်စေကာမူ ကုသိုလ်,ပညာ,ဥစ္စာ မရနိုင်ပါက 'ပဋ္ဌိဌပဒေသ'ဟု မခေါ်နိုင်ပါ။

"ပဋ္ဌိဌပဒေသဝါသော စ" မဂ်လာဖြစ်သူ–

သင့်လျော်သော အရပ်ဒေသမှာနေသူ၊ ကုသိုလ်,ပညာ,ဥစ္စာ ရသော အရပ်ဒေသမှာ နေသူ၊ ရပ်ကောင်း, ရွာကောင်း အိမ်ကောင်း, ကျောင်းကောင်းမှာ နေသူ၊ ကျောင်းကန်ဘုရား ဆေးရုံ ဆေးခန်း စာသင်ကျောင်းရှိသည့်အရပ်၌နေသူ၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေကောင်းမွန်သည့်နေရာမှာနေသူ၊ ဗျော်ရာမှာ မနေ တော်ရာမှာနေသူ၊ အရက်သမား ဖဲသမား ဘိန်းသမား လောင်းကစားသမား ပေါများသောအရပ်၌ မနေသူစသည်..

သင့်တင့်လျောက်ပတ်သည့် အရပ်ဒေသ

- သင့်တင့်လျောက်ပတ်သည့် အရပ်ဒေသများဆိုသည်မှာ-
  (၁) ရတနာသုံးပါး ထင်ရှားရှိသောအရပ်ဒေသ၊
  (၂) ရာသီဥတု မျှတသောအရပ်ဒေသ၊
  (၃) ပစ္စည်းဥစ္စာ အလွယ်တကူ ရှာဖွေ၍ရနိုင်သောဒေသ၊
  (၄) စာသင်ကျောင်းများ ပေါများသောအရပ်ဒေသ၊
  (၅) ဆေးဆရာကောင်းများ ပေါများသောအရပ်ဒေသ၊
  (၆) သွား,လာ ဆက်သွယ်ရေး လွယ်ကူကောင်းမွန်သောအရပ်ဒေသ၊
  (၇) လူမိုက်နည်းပြီး၊ ပညာရှိပေါများသောအရပ်ဒေသ တို့ဖြစ်ပါသည်။

- (**ရှေးအခါက** နေသင့်ထိုင်သင့်သော အရပ်ဒေသ ဆိုသည်မှာ-)
  (၁) ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗောဓိမဏ္ဍာဌာန၊
  (၂) ပဌဝဂ္ဂါးဦးတို့ကို ဓမ္မစက္ကြာတရားဟောပြတော်မူရာဌာန၊
  (၃) ရေမီးအစုံစုံ တန်ခိုးတော်ပြရာဌာန၊
  (၄) တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူရာဌာန၊
  (၅) မဇ္ဈိမဒေသ အရပ်များဖြစ်ပါသည်။

- ဖေါ်ပြပါအရပ်ဒေသများအပြင် **လောကီအရေး**နှင့်ပတ်သက်၍-
  (၁) ပစ္စည်းဥစ္စာကြွယ်ဝသော သူဌေးသူကြွယ်များရှိသောအရပ်ဒေသ၊
  (၂) အကြားအမြင် ဗဟုသုတများရနိုင်သော ရဟန်းပညာရှိ လူပညာရှိများ နေထိုင်ရာအရပ်ဒေသ၊
  (၃) တရားနှင့်အညီအုပ်ချုပ်သော မင်းစိုးရာဇာများရှိသောအရပ်ဒေသ၊
  (၄) ကုန်သည်များ ရောင်းဝယ်ဖောက်ကားရာတွင် သွားလမ်းလာလမ်း လွယ်ကူမည့် ကုန်းလမ်း,ရေလမ်းများကောင်းမွန်သောအရပ်ဒေသ၊
  (၅) ကျန်းမာရေးပြည့်စုံနိုင်မည့် ဆေးဆရာကောင်းများ (သို့)မဟုတ် ဆရာဝန်များရှိရာအရပ်ဒေသ၊

ဤအင်္ဂါများနှင့်ပြည့်စုံသော အရပ်ဒေသများတွင် နေထိုင်ရပါမည်။

သင့်တင့်သောဒေသဖြစ်အောင် ဆောင်ရွက်နည်း

ပဋ္ဌိရူပဒေသ မဖြစ်သေးသော အရပ်ဒေသများမှာ မလွဲသာ၍နေထိုင်ကြရလျှင် အောက်ပါအတိုင်း ကြိုးစားပြုပြင်ဆောင်ရွက်၍ သင့်တင့်လျောက်ပတ်သောအရပ်ဒေသ ဖြစ်လာနိုင်ပါသည်။

မိမိတို့နေထိုင်ရာ ရပ်ရွာတွေမှာ – **လောကုတ္တရာရေး**အနေဖြင့် ဘာသာသာသနာဘက်တွင် တိုးတက်လာအောင် လူနှင့် သံဃာ၊ ဆရာ,ဒါယကာနှစ်ဘက်စလုံး သာသနာတော်ကြီးစည်ပင်တိုးတက်လာအောင် တိုင်ပင်,ပြုပြင်,စီမံပေးသင့်သည်။ **လောကီရေး**အနေဖြင့်လည်း ပညာရေး, စီးပွားရေး, ကျန်းမာရေး မဖွံ့ဖြိုးသေးပါလျှင် ပညာတတ်များထွန်းပေါ်လာစေရန် စာသင်ကျောင်းတွေ, ဆေးရုံဆေးခန်းတွေ, စာကြည့်တိုက်တွေ, ရေတွင်းရေကန်နှင့်လမ်းတံတားတွေ မရှိသေးလျှင် ရှိလာအောင်, ရှိပြီးဖြစ်လျှင်လည်း လိုအပ်ချက်များကိုဖြည့်၍ တည်တံ့အောင် လုံ့လပြုသင့်သည်။

မိမိကိုယ်တိုင် ရပ်ရွာဒေသတွေမှာ စီးပွားရေး လူမှုရေး ပညာရေး ကျန်းမာရေးတို့ တိုးတက်လာအောင်ကြံဆောင်၍ရင်း၊ စုပေါင်းညှိနှိုင်းတိုင်ပင်၍ အများအကျိုးပြုလုပ်ငန်းများ, ပရဟိတလုပ်ငန်းများကို ရိုးသားဖြောင့်မတ်စွာ ရှေ့ဆောင်၍ရင်း၊ လူထုအားဖြင့်ပူးပေါင်းဆောင်ရွက်၍ရင်း ဆောင်ရွက်သင့်သည်။

ပဋ္ဌိရူပဒေသ အရပ်၌ နေရခြင်းအကျိုး–

မဂ်လာတရားတော်နှင့် ပြည့်စုံသောအရပ်ဒေသမှာ နေထိုင်ကြသောသူအပေါင်းသည် ဘုရားစသောသူတော်ကောင်းများဆုံးမအပ်သော တရားစကားများကိုကြားနာနိုင်သည့်အတွက် ဘဝသံသရာ ထိုထိုဘဝတွေမှာ ရိုင်းစိုင်းကြမ်းတမ်းလာခဲ့သော စိတ်ဆိုးစိတ်မိုက်သည် ယဉ်ကျေးသိမ်မွေ့လာစေနိုင်ပါသည်။

သူတော်ကောင်းတရား နာကြားရသောသူတွေ၏သန္တာန်မှာ ယုတ်မာသောစိတ်, သံသရာရှည်လိုသောစိတ်, လောဘ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိဟုဆိုအပ်သော မကောင်းမှုများကင်းစင်ကြရပြီး၊ ချမ်းသာသုခ ကောင်းကျိုးမဂ်လာ အပေါင်းနှင့်လည်း ပြည့်စုံစေနိုင်ပါသည်။

ပဋ္ဌိရှုပဒေသ – မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် ထေရဝါဒသာသနာတော်ကြီး ထွန်းလင်းရာအရပ်ဖြစ်သောကြောင့် **ဓမ္မရေးအရ** ပဋ္ဌိရှုပဒေသ–အဂ်ါနှင့် ညီညွတ်ပါသည်။ ရေနံ, သစ်,ဝါး,ဆန်စပါးအစရှိသော သဘာဝပစ္စည်းအများအပြား ထွက်ရှိသည့်အပြင် ရာသီဥတု ညီညွတ်မျှတပြီး သဘာဝဘေးအန္တရာယ် နည်းပါးလှသောကြောင့် **လောကီရေးအရ**လည်း ပဋ္ဌိရှုပဒေသ–အဂ်ါနှင့် ညီညွတ်နေပါသည်။

ဇကမန္တနှင့် ပဋ္ဌိရှုပဒေသ ထူးခြားချက်–

* ဇကမန္တမှာ – အပြစ်ခြောက်ပါး ကင်းရာအရပ်ဖြစ်ပါသည်။
  ဆည်းကပ်ခစားခြင်းနှင့် သက်ဆိုင်ပါသည်။
* ပဋ္ဌိရှုပဒေသမှာ–ကုသိုလ်,ပညာ,ဥစ္စာ ရနိုင်သောအရပ်ဖြစ်ပါသည်။
  နေထိုင်ရေး, ကြီးပွားရေးနှင့် သက်ဆိုင်ပါသည်။

မနေသင့်သောနေရာများ–(အပဋ္ဌိရှုပဒေသ)

* စီပွားတိုးတက်လိုသူအတွက် မိမိအလုပ်အကိုင်နှင့် မသင့်လျော်သောနေရာ၊
* ပညာသင်ကြားလိုသူအတွက် စာသင်ကျောင်း,ဆရာ,ဆရာမ မရှိသောနေရာ၊
* ကျန်းမာလိုသူအတွက် ဆေးရုံ,ဆေးခန်း, ဆေးဆရာ,ဆေးဝါး မရှိသောနေရာ၊
* ကိုယ်စိတ်နှလုံး ချမ်းသာလိုသူအတွက် လူဆိုး, သူခိုး ပေါများသောနေရာ၊
* ရာသီဥတုဆိုးဝါးသောနေရာ, ရေကြီး,မိုးခေါင်, လေပြင်းတိုက်လေ့ရှိသောနေရာ၊
* ပညာရှိသူ/ပညာမရှိသူ၊ ရဲရင့်သူ/ကြောက်တတ်သူတို့ကို ခွဲခြားမှုကိုပြုပြီး ချီးမြှောက်ခြင်း မပြုတတ်သောနေရာ၊
* ရန်သူများ၏အလယ်တွင် ဆင်းဆင်းရဲရဲသာနေရတတ်၍ ရန်သူရှိသောနေရာ၊
* ကုသိုလ်ကောင်းမှုတိုးပွားလိုသူအတွက် ဘုရားကျောင်းကန်, ရဟန်းသံဃာ မရှိသောနေရာ။ **သာသနာ မထွန်းကားသောနေရာ**။

ဤနေရာများသည် မဂ်လာတရားတော်နှင့် မညီညွတ်၍ မနေသင့်ပါ။
(ပုဂ္ဂိုလ်အလိုက် သင့်တော်သောအရပ် နေနိုင်ရန် ဤမှနည်းမှီ၍ သိနိုင်၏။)

ဝတ္ထု သာဓကများ

မဟာသုဒဿန စကြာမင်းကြီး–

ရှေးအခါက ကုသလဝတီတိုင်းပြည်တွင် ထီးနန်းစိုးစံသော **မဟာသုဒဿန စကြာမင်းကြီး** လက်ထက်တော်အခါက တိုင်းသူပြည်သား အပေါင်းတို့သည် သူတော်ကောင်းတို့ ဟောပြောသွန်သင်ဆုံးမသော တရားစကားများကို ကြားနာရသည့်အတွက် တိုင်းသူပြည်သားများသည် **နိစ္စသီလ=ငါးပါးသီလ**ကို လုံခြုံအောင် စောင့်ထိန်းကျင့်ကြံနိုင်ခဲ့ကြပါသည်။ ပြည်သူများ သီလနှင့်ပြည့်စုံလာကြသောကြောင့် လူဆိုး,သူခိုး,ဓါးပြတို့၏ ဘေးအန္တရာယ်မှ ကင်းဝေးခဲ့သည် သာမက မိုးလေဝသတွေမှန် စပါးဆန်ရေပေါများကြပြီး အသက်တမ်းအလိုက် အေးငြိမ်းချမ်းသာစွာ နေနိုင်ကြပြီး သေလွန်သောအခါ နတ်ရွာသုဂတိဘုံများကို သာရောက်ကုန်ကြရပါသည်။

အထက်ပါ ဝတ္ထုသာဓကသည် သူတော်ကောင်းများ၏ ဆိုဆုံးမမှုကိုခံယူနိုင်သော အရပ်ဒေသဖြစ်သောကြောင့် **သမ္မာဒိဋ္ဌိအယူ** ဖြောင့်မတ်စင်ကြယ်နိုင်ပြီး လောကီအနေဖြင့် စားဝတ်နေရေးကို ပြည့်စုံစေပြီး၊ လောကုတ္တရာ အနေအားဖြင့် ဒါန,သီလ,ဘာဝနာတရားများကို ကြိုးစားအားထုတ်နိုင်ခြင်းဖြစ်ပါသည်။

ကျေးညီနောင်ဝတ္ထု

သတ္တိဂုမ္ဗဇာတ်၌ လေမုန်တိုင်းဒဏ်ကြောင့် **ပုပ္ပသူဝကျေးသားငယ်**သည် ရသေ့များနေသောရွာသို့ ကျရောက်သွားရာ ရသေ့တို့က ကောက်ယူမွေးစား၍ ကိုယ်,နှုတ်,စိတ်တို့ကောင်းမြတ်အောင် သင်ကြားပေးကြ၏။ သင်ကြားပေးသည့် အတိုင်း ကျေးသားငယ်က လိုက်နာသဖြင့် စိတ်စေတနာကောင်း၍ အပြောအဆိုလည်းချိုသာ၏။ ပဋ္ဌိရှုပဒေသမင်္ဂလာနှင့်အညီ အသက်ထက်ဆုံး စိတ်ချမ်းသာစွာနေရ၍ သေသောအခါ သုဂတိဘဝသို့ ရောက်ရလေသည်။

အခြားမှတ်သားဖွယ်

'ရေကြည်ရာမြက်နုရာ'ဆိုသလို မိမိဝမ်းရေးအတွက် နေရစေကာမူ မိမိနေထိုင်ရာ အရပ်ဒေသတွေကို မင်္ဂလာတရားတော်နှင့် ကိုက်ညီသောအရပ်ဒေသ ဖြစ်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၅။ ပုဗ္ဗေ စ ကတပုညတာ ကြိုတင်ကောင်းမှုပြုမင်္ဂလာ

{**ပုဗ္ဗေ**– ရှေးဘဝက၊ **ကတ**–ပြုလုပ်လာခဲ့သော၊ **ပုညတာ**–ကုသိုလ်ကောင်းမှုရှိခြင်း၊}

ရှေးရှေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့သော ကုသိုလ်ကောင်းမှုများ ရှိနေခြင်းသည် 'ပုဗ္ဗေစ ကတပုညတာ'ဟု ခေါ်ရပါသည်။

ကိုယ်ကျင့်တရားတို့၏ အမိပွါယ်ပြည့်ဝမှုကို ဗုဒ္ဓဘာသာဝင်များ၏ 'ကမ္မဝါဒ'မှာသာတွေ့မြင်နိုင်၏။ ကမ္မ–ကံဆိုသည်မှာလည်း ကိုယ်,နှုတ်,စိတ် တို့ဖြင့်ပြုလုပ်နိုင်ပါသည်။ မိမိတို့ ဘဝတာတစ်လျှောက်လုံးမှာ ကံအမျိုးမျိုးကို ပြုလုပ်နေကြပြီး ထိုကံ၏အကျိုးကိုလည်း မိမိတို့ကပဲ ခံစားရပါသည်။

ကုသိုလ်ရတနာရွှေအိုး (ကုသိုလ်ရွှေအိုး လူမခိုး)

ရှေးကပြုခဲ့သောကံတို့တွင် အကုသိုလ်ကံကအပြစ်ရှိပြီး ဆင်းရဲအကျိုး ကိုပေးတတ်၏။ ကုသိုလ်ကံကသာ အပြစ်လည်းကင်း ချမ်းသာသောအကျိုး ကိုလည်းပေးသည့်အတွက် ကြီးပွားချမ်းသာရေးအစစ် 'မင်္ဂလာ' ဖြစ်ပါသည်။ အလိုရှိတိုင်း ထုတ်ယူသုံးစွဲနိုင်သော 'ရတနာရွှေအိုး'နှင့် တူလှပါသည်။

လမ်းညွှန်။ ။ 'ပုဗ္ဗေစ ကတပုညတာ' မင်္ဂလာသည် ကောင်းမှု ကောင်းရာ များကို ကြိုတင်ပြုလုပ်ထားရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ ပုဗ္ဗေအရ အတိတ်ရှေးဦး ပြုခဲ့ဖူးသော လက်ရှိကာလကို မရောက်မီ ကောင်းမှုကောင်းရာများကိုသာယူရပါသည်။

"ပုဗ္ဗေစ ကတပုညတာ" မင်္ဂလာဖြစ်သူ

ရှေးကပြုဖူး ကောင်းမှုအထူးရှိသူ၊ အလုပ်ကောင်း လုပ်ခဲ့ဖူးသူ၊ အပြော အဆို ကောင်းခဲ့သူ၊ လုပ်သင့်လုပ်ထိုက်သည့် ကောင်းမှုကောင်းရာများကို ကြိုတင် ပြုလုပ်ထားသူ၊ ဥစ္စာပေါသူ၊ ရုပ်ချောသူ၊ ဉာဏ်ပညာထက်မြတ်သူ၊ အမျိုးမြတ်သူ၊ အခြွေအရံ တပည့်နောက်လိုက်ပေါများသူ၊ အသက်ရှည်သူ၊ ရောဂါကင်းသူ၊ မိကောင်းဖခင်သားသမီးများ၊ ဆရာကောင်းတပည့်၊ ယှဉ်ပြိုင်၍မရသူပါရမီရှင် ဘုန်းကံရှင်များစသည်..

ကံ+ဉာဏ်+ဝိရိယ

နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ အရောက်ချီတက်နိုင်စေရန် မြတ်စွာဘုရားက မင်္ဂလာတရား ၃၈–ပါးတွင် 'ပုဗ္ဗေစ ကတပုညတာ'မင်္ဂလာအနေဖြင့် **ကံ၏အစွမ်းသတ္တိ**ကို ဟောကြားတော်မူခဲ့ပါသည်။ ဤတွင် ကံ+ဉာဏ်+ဝိရိယ ဆိုသည့် တရားသုံးပါးထဲက တစ်ပါးပါးချို့ယွင်းပျက်ပြားနေမည်ဆိုလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော ပန်းတိုင်သို့ ပေါက်ရောက်နိုင်မည်မဟုတ်။ **ဉာဏ်၏အစွမ်းသတ္တိ**အားဖြင့် 'ဗာဟုသစ္စဗ္ဗမင်္ဂလာ'နှင့် 'သိပ္ပဗ္ဗမင်္ဂလာ'တို့၌ဌင်း၊ **ဝိရိယ၏အစွမ်းသတ္တိ**အားဖြင့် 'တပေါစမင်္ဂလာ'တို့ကိုဌင်း ဟောကြားတော်မူခဲ့၍ မင်္ဂလာတရားတော်သည် ကံ+ဉာဏ်+ဝိရိယ စုံလင်စွာ သက်ရောက်ပါဝင်၏။

(အချို့က ဤဘဝဦးဆောင်သုံးပါးကိုခွဲခြားရ '**ကံ**စီမံရာ' '**ကံ**မရှိ ဉာဏ်ရှိတိုင်းမွဲ' '**ဉာဏ်**မရှိ **ကံ**ရှိတိုင်းမွဲ' '**ကံ**,**ဉာဏ်**ရှိပါသော်လည်း ဝိရိယမရှိလျှင် ဘယ်လိုမှအကျိုးမသက်ရောက်' ဟူ၍ ကိုယ်နှစ်သက်ရာကိုသာလက်ကိုင်ပြုမှုတို့ကို မင်္ဂလာတရားတော်နှင့်ချိန်ဆသုံးသပ်ရပါမည်။)

လူ့ဘုံသည် ကံဘုံမဟုတ်– လူ့ဘုံသည် ကံတစ်ခုတည်းကိုသာ မှီခိုနေသော ဘုံမျိုးမဟုတ်ပါ။ ဉာဏ်,ဝိရိယတို့၏ အထောက်အပံ့ကိုရမှသာ ကြီးပွားချမ်းသာနိုင်၏။ အတိတ်ကံတစ်ခုတည်းနှင့် မကြီးပွားနိုင်ပါ, ဉာဏ်နှင့်ယှဉ်ကာ ကြိုးစားအားထုတ်မှသာ မင်္ဂလာတရားတော်နှင့်အညီ ကြီးပွားတိုးတက်နိုင်မည်။ (အိပ်နေတဲ့ ကေသရာဇာခြင်္သေ့ရဲ့ ခံတွင်းထဲကို ဘယ်သားကောင်မှ ဝင်လာမှာမဟုတ်။)

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်သည်

'သတ္တဝါအားလုံးသည် ကံ–ဆိုသည့်ကိုယ်ပိုင်ဥစ္စာများရှိသူတွေဖြစ်၏' ဆိုသောစကားမှာ **ဘဝရှိရေးအတွက်**ဟောထားသော စကားတော်သာဖြစ်၏။ ကံကြောင့် လူ့ဘဝ, နတ်ဘဝ, အဆင်းလှသူစသည်..ဖြစ်နိုင်၏။ ရရှိပြီးဘဝ ကြီးပွားချမ်းသာရေးအတွက် ဟောထားခြင်းမဟုတ်ပါ။ ရရှိပြီးဘဝ တိုးတက်ကြီးပွားရေးအတွက်ပြုလုပ်ရာတွင် ကံတစ်ခုတည်းနှင့် မဖြစ်နိုင်ပါ။ ဉာဏ်,ဝိရိယ အကူအညီတွဲဖက်၍ ကြိုးစားပြုပြင်ရပါသည်။

* ဒုစရိုက်ဆယ်ပါးသည် အကျိုးစီးပွားကိုဖျက်ဆီးတတ်၍ ကိုယ်ပိုင်ဥစ္စာ မဟုတ်။
* သုစရိုက်ဆယ်ပါးသည် အကျိုးစီးပွားကိုဖြစ်ထွန်းစေတတ်၍ ကိုယ်ပိုင်ဥစ္စာ မည်၏။

'ပုဇ္ဇေစ ကတပုညတာ'ရှိသောအကျိုး

'ပုဇ္ဇေစ ကတပုညတာမင်္ဂလာ'အရ ကုသိုလ်ကံက အကျိုးပေးတဲ့ ပုဂ္ဂိုလ်များသည်– အသက်ရှည်ရှည်နေရခြင်း၊ အနာရောဂါကင်းရခြင်း၊ အဆွေအရံပေါများခြင်း၊ လယ်ယာကိုင်းကျွန်း ရွှေငွေဥစ္စာပစ္စည်းပေါများရခြင်း၊ အမျိုးအနွယ်မြတ်ရခြင်း၊ ပညာတတ်၍ လူရည်ချွန်ဖြစ်ရခြင်း၊ ချစ်သူခင်သူ မိတ်ဆွေပေါများရခြင်းစသည်.. အကျိုးတရားတွေခံစားရ၏။ နတ်ဖြစ်ပြန်လည်း နတ်တို့ခံစားအပ်သော ချမ်းသာမှုအပေါင်းကိုခံစားရ၏။

(ဤ မင်္ဂလာပျက်မှုနှင့် အပြစ်တို့ကို သိရှိ၍ သံသရာခရီးကို ကြည့်မြင်နိုင်ပါစေ။)

ရှေးကောင်းမှုရှိသူ/မရှိသူ သိနိုင်ပုံ ဆောင်ပုဒ် (မဟာစည်ဆရာတော်)

* သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ – မသတ် အသက်ရှည်။
* ညှဉ်းဆဲသူကား၊ အနာများ၊ – သနား ကျန်းမာသည်။
* ဒေါသမီးလျှံ၊ အကျည်းတန်၊ – သည်းခံ လှပသည်။
* မနာလိုမှာ၊ ခြွေရံကွာ၊ – ကြည်သာ ခြွေရံစည်။
* မပေးလှူက၊ မွဲပြာကျ၊ – လှူမှ ပေါကြွယ်သည်။
* မရိုမသေ၊ မျိုးယုတ်ချေ၊ – ရိုသေ မျိုးမြတ်သည်။
* မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ – စုံစမ်း ဉာဏ်ကြီးသည်။
* ⊛ ဆိုးတာပြုက၊ ဆိုးတာရ၊ – ကောင်းမှု ကောင်းစားသည်။
* ⊛ ဆိုးကောင်းနှစ်တန်၊ ကံစီမံ၊ – ခံစံ ကြရသည်။

(စူဠကမ္မဝိဘင်္ဂသုတ်၊)

(ဤဆောင်ပုဒ်ဖြင့် လူချင်းတူပေမယ့် ဘာဖြစ်လို့ အဆင့်အတန်းကွဲနေရလဲ၊)

အနာဂတ်ကောင်းဖို့ ဘာလုပ်မည်နည်း

မနက်ဖြန်(သို့မဟုတ်) အနာဂတ်ကာလတို့တွင် ကံကောင်းသူ၊ မင်္ဂလာကျက်သရေဖြာဝေသူဖြစ်ရန် ယနေ့(မှစ၍) ဖြူစင်သောစေတနာဖြင့် ကာယကံ, ဝစီကံ,မနောကံတို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ လက်ရှိအလုပ်ကို အပြစ်ကင်းသည်ထက်ကင်းအောင် စေတနာရှေ့ထား၍ လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

ပုဇ္ဇစ ကတာပုညတာ – မြန်မာပြန်ဆိုပုံများ

(၁) ရှေးရှေးကာလ ဘဝါဘဝ၌ ပြုအပ်ပြီးသော ကုသိုလ်ပုည ပါရမီ သမ္ဘာရရှိသော သူ၏အဖြစ်သည်၎င်း၊ (တွံတေး။ ၃၁)

(၂) ရှေးရှေးဘဝ၌ ပြုခဲ့ဖူးသည့် ကောင်းမှုရှိသောသူ၏ အဖြစ်သည်၎င်း၊ (သပြေကန်။ ၈၄)

(၃) အတိတ်ရှေးဦး ပြုခဲ့ဖူးသော ထူးမြတ်စွာဘိ ကောင်းမှုရှိသောသူ၏အဖြစ်သည်လည်းတစ်ပါး၊ (ကိုးဆောင်။ ၅၆)

ထိုသုံးမျိုးတို့တွင် တတိယနည်းသည် အထူးသင့်လျော်သည်။ ပထမနှင့်ဒုတိယနည်းတို့သည် ကောင်းမှုကံ၏အကျိုးပေးရာကာလကို ဘဝဖြင့်ပိုင်းခြား ထားသောကြောင့် "ရှေးဘဝကပြုခဲ့သော ကောင်းမှုကံသည် ယခုဘဝရောက်မှ အကျိုးပေး၏။"(တစ်နည်း) "ယခုဘဝ၌ပြုသော ကောင်းမှုကံ၏အကျိုးကို အနာဂတ် ဘဝရောက်မှ ခံစားရ၏"ဟု အဓိပ္ပါယ်သက်ရောက်နေပေသည်။

ဤသို့ဆိုလျှင် 'ဒိဋ္ဌဓမ္မဝေဒနီယကံ' (မျက်မှောက်ဘဝမှာပင် အကျိုးပေးသောကံ)ကို လျစ်လျူရှုသကဲ့သို့ဖြစ်နေသည်။ မလွှဲကာဒေါ၊ သုမနပန်းသည်စသည်တို့သည် နေ့ချင်းပင် ကောင်းမှုကံ၏အကျိုးကို ခံစားကြရသည်။ ကောင်းမှုကံ၏အကျိုးကို ဘဝဖြင့်မပိုင်းခြားဘဲ ကာလဖြင့်ပိုင်းခြားခြင်းက သာ၍သင့်မြတ်၏။ ထို့ကြောင့် တတိယနည်းအတိုင်း မြန်မာပြန်ဆိုခြင်းကိုသာ အနှစ်သာရအားဖြင့် မှတ်သားသင့်ကြောင်း အကြံပြုအပ်ပေသည်။

သာဓကအားဖြင့်– ဗာရာဏသီမြို့၌ နန္ဒိယမည်သော သတ္တိသားသည် သဒ္ဓါတရားနှင့်ပြည့်စုံ၏။ ရဟန်းတော်များကို နေ့စဉ် အလှူပေး၏။ ခိုကိုးရာမဲ့သူများ ခရီးသွားများ အတွက် စားစရာ, ဝတ်စရာများကို အသင့်စီမံ၍ လှူဒါန်းပေး၏။ မိဂဒါဝုန်တောတွင် ကျောင်းတော်ကြီးကိုဆောက်လုပ်၍ ဘုရားအမှူးရှိသော သံဃာအား လှူဒါန်းသည်။ အလှူကြီးပေးလျက် ကျောင်းတော်ကြီး ရေစက်ချသည်နှင့်တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်၌ သူ့အတွက် ရတနာဗိမာန်ကြီး ပေါ်ပေါက်လာလေသည်။

တစ်နေ့သောအခါ အရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ကြွတော်မူလေရာ ထိုဗိမာန်ကြီးသို့ရောက်ရှိ၏။ ထိုဗိမာန်မှ နတ်သမီးများကလည်း ကျောင်းဒကာကြီး နန္ဒိယကို ပြုစုလုပ်ကျွေးရန် စောင့်မျှော်နေကြသည်ဟုလျှောက်၏။ အရှင်မောဂ္ဂလာန်က ဘုရားရှင်အား "အရှင်ဘုရား..။ ကောင်းမှုရှင်များအတွက် နတ်စည်းစိမ်သည် ကြိုတင်ဖြစ်ပေါ်နိုင်ပါသလော"ဟုလျှောက်ထားရာ၊ ဘုရားရှင်က "မောဂ္ဂလာန် သင်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ပြီ မဟုတ်လော.."ဟု မိန့်တော်မူ၏။ (ဓမ္မပဒ၊ ၌၊ ၂၊ ၁၈၉။)

ဝတ္ထု သာဓကများ

သူဌေးသား ယောသက-

ဘုရားရှင်လက်ထက်တော်အခါက သူဌေးတစ်ဦးသည် 'ယောသက'မည်သော ကလေးတစ်ယောက်ကိုမွေးစားပြီးနောက်၊ သူ၏ဇနီးမှ သားတစ်ယောက်မွေးဖွားလာသော အခါ၊ ပထမမွေးစားသား-ယောသကကို အမွေပေးရမည်စိုးသဖြင့် ခုနစ်ကြိမ်တိုင်တိုင် သေကြောင်းကြံသော်လည်း မွေးစားသား-ယောသက မသေဘဲ သူ၏သားအရင်းသာ သေလေသည်။ ထိုသို့သားအရင်း သေဆုံးသဖြင့် အခဲမကြေဖြစ်နေသောသူဌေးကြီးသည် ယောသကအား အမွေမပေးရန်ဆုံးဖြတ်ထား၏။ သို့သော် ယောသက၏ဇနီးဖြစ်သူ၏ ပရိယာယ်ကြောင့် သူဌေးကြီးပိုင်ဆိုင်သော ပစ္စည်းဥစ္စာအားလုံးသည် ယောသက၏ ပစ္စည်းများ ဖြစ်လာသည်။

ဤသာဓကဝတ္ထုမှ ယောသကသည် ခုနစ်ကြိမ်တိုင်တိုင်လုပ်ကြံခံရသော်လည်း မသေဘဲ အမွေဘဏ္ဍာ ပစ္စည်းဥစ္စာများကို ပိုင်ဆိုင်ရခြင်းမှာ တစ်ခုသောဘဝ ခွေးဖြစ်စဉ်က ပစ္စေကဗုဒ္ဓါတစ်ပါးအား အန္တရာယ်မှ ကင်းရှင်းစေရန် စောင့်ရှောက်ခဲ့ဖူးသော ကုသိုလ်က 'ပုဗ္ဗေစ ကတပုညတာမဂ်လာ'နှင့် ပြည့်စုံသောကြောင့်ဖြစ်ပါသည်။

ယောသကသည် တစ်ခုသောဘဝ ဆင်းရဲသားဖြစ်စဉ်က မိမိ၏သားအရင်းကို စွန့်ပစ်ခဲ့ဖူးသော အကုသိုလ်က 'ပုဗ္ဗေစ ကတပုညတာမဂ်လာ'ပျက်ကွက် ခဲ့မှုကြောင့် ခုနစ်ကြိမ်တိုင်တိုင် လုပ်ကြံခံရလေသည်။

လောသကတိဿမထေရ်

ရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သူ လောသကတိဿသည် အတိတ်ဘဝတစ်ခုတွင် ရဟန္တာမထေရ်မြတ်ကို ပြစ်မှားကျူးလွန်ခဲ့သောကြောင့် ဘဝများစွာ အပါယ်၌ကျခံရ၏။ နောက်ဆုံးဖြစ်သော ရဟန္တာဘဝတွင်လည်း ဘုန်းကံနည်းပါးလွန်းလှသဖြင့် ပရိနိဗ္ဗာန်စံခါနီးအချိန်မှာမှ တစ်ကြိမ်မျှသာ စတုမဟာ္ဂကို အလိုရှိသမျှ ဘုန်းပေးသုံးဆောင်ရ၏။

အခြားမှတ်သားဖွယ်

ဘုရားရှင်လက်ထက်တော်က အလွန်ထင်ရှား ကျော်စောလှသော ကောင်းမှုရှင်ကြီးများရှိခဲ့၏။ ဇောတိကသူဌေး၊ ဇဋိလသူဌေး၊ ယောသကသူဌေး၊ မေဏ္ဍကသူဌေး တို့ဖြစ်ပါသည်။ ၎င်းတို့သည် ရှေးကပြုခဲ့သော ကောင်းမှုကြောင့် ပစ္စုပ္ပန်ဘဝ၌ စည်းစိမ်ဥစ္စာရတနာတို့နှင့်ပြည့်စုံသော သူဌေးကြီးများဖြစ်လာကြသည်။

၆။ **အတ္တသမ္မာပဏိဓိ** ၏ ကို့ယ့်ကို့ကို့ယ်ထိန်းမဂ်လာ

{ **အတ္တ**–ကိုယ်နှင့်စိတ်၊ **သမ္မာ**–ကောင်းမွန်စွာ၊ **ပဏိဓိ**–စောင့်စည်းထားခြင်း၊ }

ကိုယ်နှင့်စိတ်ကို တည့်မတ်ကောင်းမွန်စွာ ဆောက်တည်ထားခြင်းသည် 'အတ္တသမ္မာပဏိဓိ'ဟု ခေါ်ပါသည်။

ကောင်းသော အပြုအမူ, အပြောအဆို, အကြံအစည်များ ဖြစ်ပွားလာအောင် မိမိ၏စိတ်သဘောကို ပြုပြင်ခြင်းသည် 'အတ္တသမ္မာပဏိဓိ'ဟု ခေါ်ပါသည်။

ကာယကံ, ဝစီကံ, မနောကံတို့၌ ချွတ်ယွင်းချက် အပြစ်အနာအဆာ တစ်စုံတစ်ရာမရှိအောင် ထိန်းသိမ်းခြင်းသည် 'အတ္တသမ္မာပဏိဓိ' မည်၏။

စိတ်သဘောကိုကောင်းအောင်ပြုပြင်ပုံ–

မိမိကိုယ်ကို သီလမရှိသေးလျှင် **သီလ**နှင့်ပြည့်စုံစေရန်၊ ယုံကြည်မှု–သद္ဓါ တရားခေါင်းပါးနေပါက **သद္ဓါ**တရားတွေ အင်အားကောင်းစေရန်၊ ကိုယ့်ဉစ္စာကို မပေးလှူလို ဝန်တိုမှု–မစ္ဆရိယရှိနေလျှင် အလှူဒါန စွန့်ကြဲပေးကမ်းမှု–**စာဂ** ဖြစ်လာအောင်ပြုပြင်ပေးခြင်းသည် 'အတ္တသမ္မာပဏိဓိမဂ်လာ' မည်၏။ (အဋ္ဌ)

ကိုယ်ကို ကောင်းစွာထားခြင်း–

မကောင်းသော အပြုအမူ, အပြောအဆို, အကြံအစည်များ မဖြစ်စေရန် စောင့်စည်းခြင်း၊ ဖြစ်ပေါ်လာလျှင် ပြုပြင်ထိန်းသိမ်းခြင်းစသော ပြုမူဆောင်ရွက်ချက်များသည် 'အတ္တသမ္မာပဏိဓိမဂ်လာ' မည်၏။

လမ်းညွှန်။ ။ 'အတ္တသမ္မာပဏိဓိ' မဂ်လာသည် ကြိုးစားအားထုတ်ရေး၊ ကိုယ်ကျန်းမာ စိတ်ချမ်းသာရေး၊ လိမ္မာရေးခြားရှိရေး၊ စိတ်ကောင်းထားရေး၊ **'စိတ်ကောင်းရှိဖို့ကပထမ'** ဖြစ်ရန် အတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ ကိုယ်မှု, နှုတ်မှု, စိတ်မှု သုံးခုရှိသည့်အနက် စိတ်မှုကသာ အဓိကဖြစ်သည်။ စိတ်မှုမကောင်းလျှင် ကိုယ်မှု,နှုတ်မှုတို့လည်းမကောင်းနိုင်တော့ပါ။ စိတ်ကောင်းမှသာ ကိုယ်မှု,နှုတ်မှုတို့ ကောင်းလာနိုင်ပါသည်။ ကိုယ်မှု,နှုတ်မှုတို့ ချောမောပြေပြစ်ရန်မှာ စိတ်သာ အဓိကဖြစ်ပါသည်။

{ ဘဝတိုင်းမှာ ချမ်းသာရလိုက စိတ်ကို ကောင်းအောင် ပြုပြင်ပါ။ }

F6B

'အတ္တသမ္မာပဏိဓိ' မင်္ဂလာဖြစ်သူ

* **ကိုယ်ကို ကောင်းအောင်ထားသူများ-** ကျောင်းမှန်မှန်တက်သူ၊ စာမှန်မှန်ကျက်သူ၊ ကျောင်းစည်းကမ်းကို ရိုသေသူ၊ ပညာကို ကြိုးစားသင်ယူသူ၊ မိမိကိုယ်မိမိ လူတော်လူကောင်းဖြစ်အောင် ကြိုးစားသူ၊ သန့်သန့်ရှင်းရှင်း နေထိုင်သူ၊ သန့်သန့်ပြန့်ပြန့်, ဝတ်စားသူ၊ ရှုပ်ရှုပ်ပွေပွေ မနေသူ၊ နေရာတကာ လျှောက်မသွားသူ၊ တွေ့ကရာ မစားသူ၊ ကျန်းမာရေး မှန်မှန်လေ့ကျင့်သူ၊ ခြေသည်းလက်သည်း အရှည်မထားသူ၊ အချိန်မှန်မှန် အိပ်ရာဝင် အိပ်ရာထသူ၊ အချိန်မှန်မှန် ရေချိုးသူ၊ သွားမှန်မှန်တိုက်သူ၊ မိမိကိုယ်ကို အဖိုးတန်အောင် နေထိုင်တတ်သူ၊ မနောက်ပြောင်တတ်သူ စသည်..

* **စိတ်ကို ကောင်းအောင်ထားသူ-** "ငါ့ကိုအကြောင်းပြု၍ ငါ့အမေအဖေ၊ အကိုအမ၊ ဆရာသမား၊ လူကြီးမိဘများ စိတ်မကောင်းမဖြစ်ကြပါစေနဲ့"ဟူသော ညာတာစိတ်ထားသူ၊ 'ငါ့ကိုအကြောင်းပြု၍ သူတစ်ပါးတို့ စိတ်နှလုံးကောင်းကြပါစေ" ဟူသော အထက်တန်းကျသည့် စိတ်မျိုးထားသူ၊ တစ်ကိုယ်ကောင်းစိတ် မထားသူ၊ တစ်ကိုယ်ကောင်း မဆန်သူ၊ အများကောင်းစားစေလိုစိတ်, အများအကျိုးဆောင်လိုစိတ်ထားသူ၊ စိတ်ယုတ်မာ ဖယ်ရှား, စိတ်ကောင်းစိတ်မြတ်ထားသူ၊ စိတ်ကောင်းမွေးသူ၊ ကောင်းမြတ်သော ရည်မှန်းချက်ထားသူ၊ ကိုယ်ချင်းစာတတ်သူ၊ ဆင်ခြင်တုံတရားရှိသူ၊ ညစ်ညမ်းဗီဒီယို,ရုပ်ရှင်,စာပေများကို မကြည့်သူ၊ ဖျက်လိုဖျက်ဆီးလုပ်ချင်စိတ် မရှိသူ၊ မနာလို ဝန်တိုစိတ် မရှိသူ၊ သူများကြီးပွါးချမ်းသာလျှင် ဝမ်းသာစိတ်ရှိသူ၊ ရှေ့တစ်မျိုး နောက်တစ်မျိုး မလုပ်တတ်သူစသည်..

'အတ္တသမ္မာပဏိဓိ'ရှိသောအကျိုး

'အတ္တသမ္မာပဏိဓိမင်္ဂလာ'သည် ကိုယ်နှင့်စိတ်ကို ကောင်းစွာထားနိုင်ရန်၊ လိုအပ်ပါက ကိုယ်ကိုပြုပြင်ပေးခြင်း, စိတ်ကိုပြုပြင်ပေးခြင်းတို့ကိုဆောင်ရွက်ရ၏။ ရှေးကောင်းမှုအားသေးသောကြောင့် နိမ့်ကျနေရသူတို့အဖို့ တိုးတက်ရန်လမ်းစကိုဖေါ်ပေးပြီး မြှင့်တင်ပေးနိုင်သည်။ ဤမျက်မှောက်ဘဝ၌လည်း-
ပညာအရည်အချင်းပြည့်ဝသူ၊ ကိုယ်ကျင့်တရားရှိသူ၊ စည်းကမ်းသေဝပ်သူ၊ ရိုးဖြောင့်တည်တံ့သူ၊ သူတစ်ပါးတို့၏အကျိုးကိုလိုလားသူအဖြစ်ဖြင့် အဆင့်အတန်း မြင့်တက်လာပါမည်။ နောင်သံသရာကောင်းစားရေးအတွက်လည်း ပုဗ္ဗေကတပုညတာစက်ရပြန်၍ လောကီ,လောကုတ်အကျိုးတို့ ရရှိပါသည်။

(အပြစ်- *အကွပ်မရှိတဲ့ကြမ်း၊ အထိန်းမရှိတဲ့ချည်ခင်၊ ပဲ့မရှိတဲ့လှေ*)

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

'အတ္တသမ္ဘာပဏိဓိ'ရှိလျှင် အခြားမင်္ဂလာများလည်း ပြီးစီးပုံ– မင်္ဂလာ ရေသောက်မြစ်

'အတ္တသမ္ဘာပဏိဓိ'သည် ရေသောက်မြစ်ပမာ လွန်စွာအရေးပါလှသော 'မင်္ဂလာ'ဖြစ်သည်။ လောကီ, လောကုတ္တရာ အထက်တန်းမှာ ရောက်ရှိနေသူများသည် အတ္တသမ္ဘာပဏိဓိမင်္ဂလာ၏ ပံ့ပိုးကူညီမှုကြောင့်ဖြစ်သည်။ ရှေးဘဝက ကောင်းမှုနည်းပါးခဲ့လျှင်လည်း 'အတ္တသမ္ဘာပဏိဓိ မင်္ဂလာ'နှင့် ပြည့်စုံအောင် နေလျှင် ကြီးပွားရေးအတွက် အခွင့်အလမ်းရရှိလာနိုင်ပါသည်။

ပြည့်စုံတိုးတက်စေရန် အမြဲလည်ပတ်နေစေရမည့်တရားများဟု ဆိုသည့် သမ္ဘတ္တိစက် ၄–ပါးဝင် မင်္ဂလာများနှင့် ပြည့်စုံပြီးစီးနိုင်ပါသည်။

* ပဋ္ဌိရူပဒေသဝါသော – လျောက်ပတ်သောအရပ်၌ နေရခြင်း၊
* သပ္ပုရိသူပနိဿယော – သူတော်ကောင်းကို မှီခိုရခြင်း၊
* **အတ္တသမ္ဘာပဏိဓိ** – မိမိ ကိုယ်စိတ်ကို ကောင်းစွာထားခြင်း၊
* ပုဗ္ဗေ စ ကတပုညတာ – ရှေးကပြုဖူးသော ကောင်းမှုရှိခြင်း၊

ၛင်းအပြင် ဤမင်္ဂလာကို လက်တွေ့ကျင့်သုံး, ပွါးများခြင်းဖြင့်–

၁။ ဝိနယော စ သုသိက္ခိတော– လူ့ကျင့်ဝတ်များကို ကောင်းစွာသင်ကြားလိုက်နာခြင်း၊
၂။ ဓမ္မစရိယာ စ – သုစရိုက်တရားတို့ကို ကျင့်ခြင်း၊
၃။ အနဝဇ္ဇာနိ ကမ္မာနိ – အပြစ်ကင်းသော(လူထုအကျိုးပြု)အမှုတို့ကိုပြုလုပ်ခြင်း၊
၄။ အာရတီ(ပါပါ) – မကောင်းမှုမဝေးစွာ **စိတ်**ဖြင့်ရှောင်ကြဉ်ခြင်း၊
၅။ ဝိရတိပါပါ – မကောင်းမှုမှအထူးသဖြင့် ကိုယ်နှုတ်ဖြင့်ရှောင်ကြဉ်ခြင်း၊
၆။ မဇ္ဇပါနာ စ သံယမော – အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊
၇။ အပ္ပမာဒေါ စ ဓမ္မေသု – ကောင်းမှုကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း၊
၈။ ဂါရဝေါ စ – ရိုသေထိုက်သူတို့ကို ရိုသေလေးစားရခြင်း၊
၉။ နိဝါတော စ – မိမိကိုယ်ကို နှိမ့်ချရခြင်း၊
၁၀။ သေါဝစဿတာ – ဆိုဆုံးမလွယ်သူဖြစ်ခြင်း၊

ဖေါ်ပြပါမင်္ဂလာတို့ကိုလည်း အလိုအလျောက် ပြည့်စုံပြီးဖြစ်တော့သည်။

ပြုပြင်မှုအရေးကြီးပုံ– လူ,နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာကိုရခြင်း၏အကြောင်းဖြစ်သော မိမိ၏ကိုယ်နှင့်စိတ်ကိုကောင်းစွာထားနိုင်ရန် မိမိကိုယ်တိုင် **အသင့်အတင့်နှလုံးသွင်းမှု–ယောနိသော မနသိကာရ**သည်အမြဲ အရေးကြီးနေပါသည်။

'အတ္တသမ္ဘာပဏိဓိ' အစဉ်ထိန်းရန်

'အတ္တသမ္ဘာပဏိဓိမင်္ဂလာ'သည် စာရိတ္တမြင့်မားရေး၊ ကြီးပွားချမ်းသာရေးအတွက် မရှိမဖြစ်လိုအပ်သည့် မင်္ဂလာဖြစ်ပါသည်။ လူတစ်ဦး, တိုင်းပြည်တစ်ခု၏ အဆင့်အတန်းကို 'အတ္တသမ္ဘာပဏိဓိ'ဖြင့် တိုင်းတာသိရှိနိုင်ပါသည်။ မည်မျှပင် အောင်မြင်ကျော်ကြားသည့် အထက်တန်းစား ပုဂ္ဂိုလ်ဖြစ်စေ ဤမင်္ဂလာပျက်စီးပါက အောက်ခြေသို့ လျှောကျမည်မှာ သေချာလှသည်။

'ဂုဏ်ရဖို့ရန် မခက်ခဲ၊ ရရှိပြီးဂုဏ်ကို ထိန်းသိမ်းရန်ကား ခက်ခဲ၏။'(၀၊) 'နာမည်ကြီးဖို့ ခက်ခဲသည်မဟုတ်၊ နာမည်မပျက်အောင် ထိန်းသိမ်းထားဖို့ ခက်ခဲ၏။' အတိတ်ကံနှင့် ဥဏ်,ဝီရိယတို့ကြောင့် အောင်မြင်နေသူများသော်မှလည်း မိမိကိုယ်ကို စောင့်ရှောက်ထိန်းသိမ်းရန် မမေ့သင့်ကြောင်း ဤစကားက ညွှန်ပြနေပေသည်။

ရှင်ဒေဝဒတ်သည် ဘုန်းကံကြီးမား၏။ တိဟိတ်ဥက္ကဋ္ဌ မြတ်သောပညာရှိသူဖြစ်၏။ ယောဂျားဇာနည် သာကီနွယ်ဖွားလည်း ဟုတ်၏။ ဈာန်အဘိညာဉ်တန်ခိုးရှင်လည်း မှန်၏။ ပဋ္ဌိရူပဒေသဋ္ဌလည်း နေရ၏။ သူတော်ကောင်းသူမြတ်ကိုလည်း မပြတ်ဆည်းကပ်ရ၏။ ဤသို့ အဘက်ဘက်မှ ပြည့်စုံနေသော်လည်း အတ္တသမ္ဘာပဏိဓိစက် ယွင်းပျက်ခဲ့၏။ သူသည် အဇာတသတ်နှင့် ပေါင်း၍ ဘုရားရှင်ကို သတ်ဖြတ်ရန် အကြိမ်ကြိမ် ကြိုးစား၏။ သံဃာကို သင်းခွဲ၏။ ထို့ကြောင့် ဈာန်အဘိညာဉ်မှ လျှောကျရုံမျှမက မြေမျိုခံရကာ ငရဲသို့ပင်ကျရောက်ခဲ့လေသည်။ အကယ်၍ အတ္တသမ္ဘာပဏိဓိစက်နှင့်ပြည့်စုံပါမူ မင်ဖိုလ်ရရှိရေးအတွက် ဖြောင့်တန်းညီညာ လျက်ရှိပေသည်။ သို့သော် မကောင်းစိတ်ကသူ့ကို ဆုတ်ယုတ်ပျက်စီးအောင် ပြုလိုက်ပြီးဖြစ်သည်။

အဇာတသတ်သည် ရာဇဂြိုဟ်ပြည့်ရှင်လည်းဖြစ်၊ သာသနာ့သမိုင်း၌လည်း သိသာထင်ရှား၏။ နှလုံးရည်, လက်ရုံးရည်နှင့် ပြည့်စုံ၏။ ရာထူးဂုဏ်သိန်စည်းစိမ်ဥစ္စာ များလှပါသည်။ သို့သော် သူသည် ဒေဝဒတ်နှင့်ပေါင်းသင်းမိသဖြင့် ကုစားရ၍မရသော ပိတုဃာတကံ(အဖကိုသတ်မှု)ကို ကျူးလွန်ခဲ့မိ၏။ အကယ်၍ ထိုကံကို မကျူးလွန်ခဲ့လျှင် သာမည်ဖလသုတ်တော်ကို နာကြားပြီး ဆုံးချိန်၌ သောတာပန်ဖြစ်မည့်သူတည်း။ ယခုမူ မင်ဖိုလ်နှင့် လွဲခဲ့ရ၏။

အတ္တသမ္ဘာပဏိဓိ – မြန်မာပြန်ဆိုပုံများ

(၁)အတ္တသမ္ဘာပဏိဓိ= အကျင့်တရား မလွင့်ပါးအောင် ပြားပြားပိပိ ဖိဖိ ကြိတ်ကြိတ် မိမိစိတ်ကို ကောင်းစွာထားရခြင်း၊ (ကိုးဆောင်။ ၅၆)

(၂)အတ္တသမ္ဘာပဏိဓိ= မိမိကိုယ်တိုင် ကိုယ်,နှုတ် နှစ်ပါးကို တည့်မတ် ကောင်းမွန်စွာ ဆောက်တည်ထားခြင်း၊ (အမြတော။ ၈၂)

(၃)အတ္တသမ္ဘာပဏိဓိ= ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်းဟူ၍ဖြစ်သည်။ (သပြေကန်။ ၈၄) (တွံတေး။ ၃၁)

(၁)ဗုဒ္ဓအဘိဓမ္မာအမြင်အားဖြင့် ကိုယ်,နှုတ်,စိတ် သုံးမျိုးတို့တွင် စိတ်သည် အဓိကဇာတ်ဆောင်ဖြစ်၏။ ကိုယ်,နှုတ်တို့သည် စိတ်၏နောက်သို့လိုက်ကြရပါသည်။ (၀၊) ကိုယ်မှု,နှုတ်မှုတို့သည် စိတ်ကိုအခြေခံ၍ ဖြစ်မြဲထုံးစံရှိ၏။ အကြောင်းဖြစ်သောစိတ်ကို ကောင်းစွာစောင့်ရှောက်လျှင် ကိုယ်နှုတ်တို့ကိုလည်း စောင့်ရှောက်ပြီးဖြစ်တော့သည်။ ထို့ကြောင့် အဓိကဖြစ်သော စိတ်ကိုသာဦးတည်၍ 'မိမိစိတ်ကို ကောင်းစွာထားခြင်း'ဟုဖွင့်ဆိုခြင်းဖြစ်သည်။

(၂) စိတ်သည် အဓိကဖြစ်သည်မှန်သော်လည်း စိတ်ဟူသည် စောင့်ရှောက်ရန် မလွယ်ကူ၊ ထင်ရှားမှုလည်း မရှိ။ ကိုယ်မှု နှုတ်မှုတို့သည်ကား စောင့်ရှောက်ရန်လွယ်ကူ၍ ထင်ရှားမှုလည်းရှိသောကြောင့် 'ကိုယ်,နှုတ် နှစ်ပါးကို တည့်မတ် ကောင်းမွန်စွာ ဆောက်တည်ထားခြင်း'ဟု ဖွင့်ဆိုလေသည်။

(၃) တစ်ဖန် စောင့်ရှောက်ရမည့်တရားသည် ကိုယ်,နှုတ်,စိတ် သုံးပါးလုံးပင်ဖြစ်၏။ ထို့ကြောင့် အားလုံးကိုသိမ်းကျုံး၍ 'ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း'ဟု တစ်နည်းဖွင့်ဆိုခြင်းဖြစ်ပါသည်။ ကိုယ်စိတ်ဟုဆိုသော်လည်း ကိုယ်,နှုတ်,စိတ် သုံးမျိုးလုံးကို ရည်ရွယ်ခြင်းဖြစ်သည်။

အထက်ပါ ဖွင့်ဆိုချက်များသည် မိမိနှစ်သက်ရာရှုထောင့်မှ ကြည့်ရှု ဖွင့်ဆိုခြင်းဖြစ်ပါသည်။ သဘောအားဖြင့် မကွဲပြားလှချေ။ သင့်လျော်သော ဖွင့်ဆိုချက်များဖြစ်ကြပါသည်။

လေထဲ၌ရေများရှိနေလျှင် ထိုလေသည် လျင်မြန်စွာ ရွှေ့လျားသွားလာနိုင်မည်မဟုတ်ချေ။ ထို့အတူ ခန္ဓာကိုယ်၌ အတွေးများ, အပြောများ, အလုပ်များ မှုများရှိနေလျှင် သံသရာခရီးမှာ လျှင်မြန်စွာ ထွက်မြောက်ရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် ဤမဂ်လာဖြင့် အကုသိုလ်ဝန်ထုပ်ဝန်ပိုးကို ဖယ်ရှားရန်လိုအပ်၏။

ဝတ္ထု သာဓကများ

မာတိကာမာတာဝတ္ထု-

ဘုရားရှင်လက်ထက်တော်အခါက မာတိကာရွာ၌ ရွာသူကြီး၏မိခင် မာတိကာမာတာမည်သော သဒ္ဓါတရားနှင့်ပြည့်စုံသော ဥပါသိကာမကြီးသည် မာတိကာရွာ၌ ဂေါစရဂါမ်ပြု၍ သီတင်းသုံးတော်မူကြသော ရဟန်းတော်များအား လျှောက်ပတ်သင့်လျော်မည့် ဆွမ်းဟောဇဉ်တို့ဖြင့် လှူဒါန်းပြုစုခြင်းကြောင့် ရဟန်းတော် ခြောက်ကျိပ်တို့သည် သပ္ပါယစသည် မျှတညီညွတ်စွာဖြင့် တရားအားထုတ်ကျင့်ကြံ နိုင်ကြသောကြောင့် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြကုန်၏။ မာတိကာမာတာ ဥပါသိကာမကြီးသည်လည်း ရဟန်းတော်များထံမှ နည်းယူပြီး ကိုယ်တိုင် ကမ္မဋ္ဌာန်းတရားအားထုတ်သဖြင့် အနာဂါမ်အဖြစ်သို့ ရောက်၏။

ထိုသတင်းကိုကြားသိရသော အစားအစာမှာ လောလုပ္ပတဏှာရှိသော ရဟန်းငယ်တစ်ပါးသည် မာတိကာမာတာ ဥပါသိကာမကြီးထံသို့သွားပြီး သီတင်းသုံးရန် ခွင့်တောင်းပြီး သီတင်းသုံး၏။ အနာဂါမ်ဥပါသိကာမကြီးသည် ရဟန်းငယ်မှီဝဲလိုသောအစားအစာများကို သူ့ဉာဏ်ဖြင့်ကြိုသိနေသဖြင့် ရဟန်းငယ်အလိုရှိသည်များကို ဆက်ကပ်လှူဒါန်းပေး၏။ ထိုအခါ ရဟန်းငယ်သည် 'ငါသည် ပုထုဇဉ်မျှသာရှိသေး၏။ ကြံမိကြံရာ ကြံစည်မိသည်ကို ဥပါသိကာမကြီးအသိဉာဏ်ဖြင့် သိရှိပါက ရှက်ဖွယ်ရာ ဖြစ်ပေတော့မည်'ဟု သတိရရှိ၍ စိတ်ကိုပြုပြင် ထိန်းသိမ်း ဆောက်တည်လျက် အတ္တသမ္မာပဏိဓိမင်္ဂလာနှင့် ပြည့်စုံစေရာ မကြာမီပင် ရဟန္တာအဖြစ်သို့ရောက်၏။

ဟိ'သက - အဂ္ဂ်ုလိမာလ

'ဟိ'သက'အမည်ရှိသော လက်ညှိုးပေါင်း တစ်ထောင်ပြည့်အောင် တွေ့ရာလူ မှန်သမျှ လိုက်သတ်နေသော အဂ္ဂ်ုလိမာလသည် လက်ညှိုးတစ်ထောင်ပြည့်ဖို့ရန် တစ်ချောင်းသာလိုနေတဲ့အချိန်မှာ သူ့အမေဟာ မင်းဘေးမသင့်အောင် ထွက်ပြေးရန် လာပြောမှာကို ဘုရားရှင်က ဉာဏ်တော်ဖြင့်သိတော်မူ၏။ ဘုရားရှင်သည် အဂ္ဂ်ုလိမာလ ရှိရာကို ကြွလာတော်မူသောအခါ ဘုရားရှင်ကိုသတ်ဖို့ရန်လိုက်၏။ မီအောင်မ လိုက်နိုင်တဲ့အဆုံးမှာ 'ရဟန်းကြီး ရပ်လေ'ဟု ဆို၏။ ဘုရားရှင်က 'ချစ်သား ငါဟာ ရပ်တည်နေပါတယ်၊ သင်သာ ရပ်တည်ခြင်းမရှိဘူး'ဟု ပြန်ပြောစကားကို မေးမြန်း လျှောက်ထားရာမှ အကျွတ်တရားရလာပြီး၊ ဧဟိဘိက္ခုအနေဖြင့် ရဟန်းဘဝကိုရောက်ပြီး ကမ္မဋ္ဌာန်းတရားကြိုးစားအားထုတ်သောအခါ မိမိကိုယ်ကို ပြုပြင်စောင့်ရှောက်နိုင်၍ အတ္တသမ္မာပဏိဓိမင်္ဂလာနှင့် ပြည့်စုံပြီး ရဟန္တာအဖြစ်သို့ရောက်၏။

မဂ်လသုတ်ပျို့ (မုံရွေးဆရာတော်)

(ဆဋ္ဌမပျို့) (နေထိုင်ရေးမဂ်လာ ၃-ပါး)

ပဋ္ဌိရ္ဌပဒေသဝါသော စ၄ (သင့်ရာနေမဂ်လာ)

ပုဗ္ဗေ စ ကတပုညတာ၅ (ကြိုတင်ကောင်းမှုပြုမဂ်လာ)

အတ္တသမ္မာပဏိဓိ စ၆ (ကိုယ့်ကိုယ်ကိုထိန်းမဂ်လာ)

၆။ ရွှေဝတိန်သာ၊ နတ်တို့ရှာက၊ ဣန္ဒာဒေဝ၊ သိကြားတမန်၊ မောင်နတ်မွန်.. ..။

(၄) လေးတန်စက္ကာ၊ ဓမ္မဖြန့်ချီ၊ ခေါ်အပ်ဘိသည်၊ ပတိရူပ၊ သင့်လျှလျောက်ပတ်၊ မြင့်မြတ်ဒေသ၊ နေရခြင်းသည်၊ မှတ်ခင်းတစ်သွယ်..

(၅) ရှေးဝယ်ကာလ၊ ရှေးဘဝက၊ ပုညဝတ္ထု၊ ပြုစုခဲ့ဖူး၊ အထူးရှိလစ်၊ ထိုအဖြစ်လည်း၊ စင်စစ်တစ်သွယ်..

(၆) စင်ကြယ်သီလ၊ အတ္တသမ္မာ၊ ကိုယ်ကိုသာလျှင်၊ ကောင်းစွာညစ်ကြေး၊ ကွာဝေးသန့်ရှင်း၊ စောင့်စည်းခြင်းလည်း၊ ယင်းလည်းတစ်သွယ်..

မှတ်ဖွယ်ထင်ရှား၊ ဤသုံးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မဂ်လာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန် စွဲမှတ်ရှာလေလော့..

ပျို့အဓိပ္ပါယ်-

ရွှေရောင်အဆင်းရှိသော တာဝတိံသာနတ်ပြည်မှ သိကြားမင်းတမန် မောင်နတ်သား..

(၄) သမ္မတ္တိစက်လေးပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော သင့်လျော်လျောက်ပတ် မြင့်မြတ်သောဒေသ၌ နေရခြင်းသည် မဂ်လာတစ်ပါး မည်၏။

(၅) ရှေးဘဝရှေးကာလက ပြုခဲ့ဖူးသော ကောင်းမှုအထူး ရှိသည်၏အဖြစ်သည် မဂ်လာတစ်ပါး မည်၏။

(၆) မကောင်းမှုအညစ်အကြေးမှ ကင်းဝေး၍ သီလစင်ကြယ်စေရန် မိမိကိုယ်ကို ကောင်းစွာစောင့်စည်းခြင်းသည် မဂ်လာတစ်ပါး မည်၏။

သင့်လျော်လျောက်ပတ် ကောင်းမြတ်သောအရပ်၌ နေရခြင်း၊ ရှေးကပြုဖူး ကောင်းမှုအထူးရှိခြင်း၊ မိမိကိုယ်ကို ကောင်းစွာထားခြင်း၊ လောကဥ်ထင်ရှားသည့် မှတ်သားဖွယ်တရား ဤသုံးပါးကို မွန်မြတ်လှစွာ (**နေထိုင်ရေးမဂ်လာ ၃-ပါး**) မဂ်လာ တရားတော်များဖြစ်၏ဟူ၍ သဒ္ဓါကဲလွန်နတ် တမန်သည် ယုံမှားမရှိ စွဲမြဲစွာ မှတ်လေလော့။

လို့ရင်းခက်ဆစ်အပြေ

ရွှေဝတိန်သာ – ရွှေရောင်တောက်ပသော တာဝတိံသာနတ်ပြည်၊ (တာဝတိံသာနတ်ပြည်တည်ရာမြင်းမိုရ်တောင်၏ မြောက်ဘက်နံပါးသည် ရွှေရောင်၊ အရှေ့–ငွေရောင်၊ တောင်–မြရောင်၊ အနောက်–ဖန်ရောင်၊ အရောင်လေးမျိုးကို စွဲ၍ ရွှေဝတိံသာ, ငွေဝတိံသာ စသည်ဖြင့်ဆိုသည်။)
ရွှေရောင်ရွှေအဆင်းရှိသောကြောင့် ရွှေဝတိန်သာဟုဆို၊)

လေးတန်စက္ကာ – သမ္ဘတ္တိစက်လေးပါး၊ (စာမျက်နှာ–၄၂)
ဤစက်လေးပါးနှင့်ပြည့်စုံမှ လောကီ, လောကုတ္တရာ ကြီးပွားတိုးတက်နိုင်သည်။
(၁) ပဋိရူပဒေသဝါသစက်၊ (၂) သပ္ပုရိသူပနိဿယစက်၊
(၂) အတ္တသမ္မာပဏိဓိစက်၊ (၄) ပုဗ္ဗေ စ ကတပုညတာစက်၊

ဖြန့်ချီ – ဖြန့်ချီခြင်း၊ ကျယ်ပြန့်စေခြင်း၊

ပုညဝတ္ထု – ပုည–ကောင်းမှု၊ ဝတ္ထု–ဖြစ်ကြောင်း၊ (စာမျက်နှာ–၅၅)

၁။ ဒါန	၂။ သီလ	၃။ ဘာဝနာ
၄။ အပစာယန	၅။ ဝေယျာဝစ္စ	၆။ ပတ္တိဒါန
၇။ ပတ္တာနုမောဒနာ	၈။ ဓမ္မသဝန	၉။ ဓမ္မဒေသနာ
၁၀။ ဒိဋ္ဌုဇုကမ္မ		

သီလ – (ပါဋိ) စောင့်ရှောက်ခြင်း၊ ကြဉ်ရှောင်ခြင်း၊ ကုသိုလ်ကိုတည်စေခြင်း၊ စိတ်ကိုကောင်းစွာထားကြောင်းတရား၊

တစ်သွယ် – (ပေါရာဏ) တစ်ပါး၊

မဂ်လာ–ကုသိုလ်–အစိပတိ

ကုသိုလ်မပြုခင်သော်၎င်း ကုသိုလ်ပြုပြီးသော်၎င်း အလောဘ,အဒေါသစသည့် ကုသိုလ်စိတ်များခြံရံနေလျှင် အမြတ်စားဖြစ်သော 'ဉက္ကဋ္ဌကုသိုလ်' မည်၏။ ကုသိုလ် မပြုခင်သော်၎င်း ပြုပြီးခ၌သော်၎င်း လောဘ,ဒေါသစသည့် အကုသိုလ်စိတ်များခြံရံနေလျှင် အညံ့စားဖြစ်သော 'ဩမကကုသိုလ်' မည်၏။ ကုသိုလ်ပြုရာ၌ ဆန္ဒ, ဝီရိယ, စိတ်, ပညာ ထက်သန်လျှင် အကျိုးပေးထက်သန်သည်။ ယင်းတရားများအားနည်းနေလျှင် အကျိုးပေးမှုယုတ်လျော့ လေသည်။

မင်္ဂလာ+အဘိဓမ္မာသဒ္ဒာ

ပဋ္ဌာနဒေသ–

ကုသိုလ်ကောင်းမှု ပြုလုပ်ရလွယ်ကူသော သာသနာထွန်းလင်းတောက်ပရာ အရပ်ဒေသသည် (သင့်လျော်သောအရပ်)ပဋ္ဌာနဒေသ မည်ပါသည်။ ထိုအရပ်ဒေသ တွင်နေထိုင်ရခြင်းသည် ကုသိုလ်ကောင်းမှုပြုလုပ်ရခြင်း၏ အကြောင်းအထောက် အပံ့ဖြစ်သောကြောင့် (ကြီးပွားချမ်းသာရေး) မင်္ဂလာ မည်ပါသည်။

ပုဗ္ဗေ စ ကတပုညတာ– ကြိုတင်ကောင်းမှုပြုမင်္ဂလာ

ရှေးကုသိုလ်ကောင်းမှုရှိခြင်းသည် ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာ မည်ပါသည်။ ထိုကုသိုလ်ကောင်းမှုတို့သည် ကိုယ်,နှုတ်,စိတ်တို့ဖြင့် ပြုလုပ်နိုင်၏။ ထိုပြုလုပ်မှုတို့တွင် **စေ့ဆော်မှု–စေတနာ** ပါဝင်ရ၏။ ထို စေ့ဆော်မှု–စေတနာ (**ကံ**)ထက်သန်မှုအပေါ်မူတည်၍ အကျိုး,အပြစ် အနည်း,အများ ဖြစ်ရပါသည်။

ရှေးကောင်းမှုကို လက်ရှိခံစားသဖြင့် နောင် အနာဂတ်–သံသရာအတွက်

* လုံ့လပညာ ကံလည်းပါ၊ လိုရာပြည့်စုံကြွယ်။ ပြည့်စုံသည့်ခါ၊ မမေ့ရာ၊
ရိုက္ခာမျိုးထုပ်လွယ်။ မျိုးထုပ်ပမာ ဘုန်းသမ္ဘာ ဖြစ်ရာလွန်ကြီးကျယ်။

အတ္တသမ္ဘာပဏိဓိ – ကိုယ်စိတ်ထားတင့်မှ လူမြင့်ရ

မိမိကိုယ်ကို ကောင်းစွာစောင့်စည်းခြင်းတွင် စိတ်ကိုကောင်းစွာထားခြင်းသည် ဒီဘဝတွင်မက နောင်ဘဝသံသရာမှာပါ ကြီးပွားချမ်းသာကြောင်းဖြစ်သောကြောင့် ကောင်းသောစိတ်များသည် 'မင်္ဂလာ' မည်ပါသည်။

လောဘ,ဒေါသ,မောဟစသောတရားဆိုးတွေ ယှဉ်တွဲပါဝင်နေသော အကုသိုလ် စိတ်များ မဖြစ်ရအောင်၊ အလောဘ,အဒေါသ,အမောဟစသော ကောင်းမြတ်တင့် တယ်သောတရားများ ယှဉ်တွဲပါဝင်နေသော ကုသိုလ်စိတ်များဖြစ်လာအောင် ပြုပြင် ပေးနေခြင်းသည် စိတ်ကိုကောင်းစွာထားခြင်းမည်ပါသည်။ လူ,နတ်,နိဗ္ဗာန် သုံးတန် သောချမ်းသာကို ရခြင်း၏အကြောင်းသည်လည်း စိတ်ကိုကောင်းစွာထားခြင်းပင်ဖြစ်၏။

* ကောင်းသောစိတ်ဖြင့် ပြောဆိုပြုလုပ်သူ၏နောက်ကို ချမ်းသာသုခက–
'လူ့နောက်ကို အရိပ်လိုက်ပါနေသလို' လိုက်ပါနေတတ်၏။

* မကောင်းသောစိတ်ဖြင့် ပြောဆိုပြုလုပ်သူ၏နောက်ကို ဆင်းရဲဒုက္ခက–
'လှည်းဆွဲနွားနောက်ကို လှည်းဘီးကလိုက်ပါနေသလို' လိုက်ပါနေတတ်၏။

မှတ်ဖွယ်ရာရာ မင်္ဂလာ

အတ္တသမ္မာပဏိဓိ

* **မိမိ ကိုယ်စိတ်ကို ကောင်းစွာထားခြင်း၊**

နာမ်ပိုင်းဆိုင်ရာ ဦးစီးရှေ့သွားဖြစ်သော စိတ်ကသာ ဖြူးဖြောင့်သန့်ရှင်း ချွတ်ယွင်းချက်ကင်းနေခဲ့ပါလျှင် စိတ်နှင့်အမြဲတန်းဆက်သွယ်နေသော ရုပ်ပိုင်းဆိုင်ရာ ကိုယ်ကာယတစ်ခုလုံးသည်လည်း အပြစ်ဆိုစရာ မရှိတော့ပဲ အချိုးကျ သေဝပ်နေရမည်မှာ မလွဲပေ။

ဤ အတ္တသမ္မာပဏိဓိ မင်္ဂလာတရားတော်အရ လိုအပ်သော **အတ္တ**-ဟူသည်မှာ

၁။ စိတ်ကိုယူရသော အတ္တ၊

၂။ ကိုယ်ကာယတစ်ခုလုံးကိုယူရသော အတ္တ၊

ဤနှစ်မျိုးသည်သာလျှင် ဖြစ်သည်ဟုမှတ်သားကြပါလေ။ (အမြ။ ၈၄)

မိမိကိုယ်ကို မိမိပြုပြင်ပါ

အတ္တသမ္မာပဏိဓိ မင်္ဂလာနှင့် ပြည့်စုံညီညွတ်လျှင် အခြားကုသိုလ် မင်္ဂလာများ ပေါက်ပွား စည်ပင်လာနိုင်သည်ဖြစ်ရာ ထိုမင်္ဂလာတရားတော်မှ သီးပွင့်ပေးမည့် ကောင်းကျိုး ချမ်းသာတို့သည်ကား ထို့ထက်ပင်များလှသည် သာတည်း။ ထို့ကြောင့် **မိမိကိုယ်ကို** မပျက်စီးအောင် မကောင်းတာတွေ မလုပ်မိအောင်၊ **မိမိစိတ်ကို**လည်း မကောင်းသည့်ဘက် မယိမ်းအောင် မဝင်စားအောင် ထိန်းသိမ်းခြင်း၊ စောင့်စည်းခြင်း၊ ပြုပြင်ခြင်းတို့ဖြစ်ပါသည်။ မိမိဘဝအတွက် ကောင်းမြတ်သောရည်မှန်းချက် ခိုင်ခိုင်မာမာထားရှိပြီး ကြိုးစားခြင်းပင်ဖြစ်သည်။ သို့ဖြစ်သောကြောင့် ဤအတ္တသမ္မာပဏိဓိ မင်္ဂလာတရားတော်အရ 'မိမိကိုယ်ကို မိမိပြုပြင်ပါ'ဟု ညွှန်ပြနှိုးဆော်ပါသည်။

* မိမိကိုယ်နှုတ်၊ စောင့်ထိန်းချုပ်၊ အဟုတ် ကောင်းအောင်ပြင်၊

* နှလုံးရည်မွေး၊ ပြုပြင်ပေး၊ လက်ရွေးလူတော်ဝင်၊

* ပြုပြင်နိုင်မှ၊ အချိုးကျ၊ ဘဝ ကောင်းရတင်၊

* ကိုယ်စိတ်နှစ်ပါး၊ ကောင်းအောင်ထား၊ ကြိုးစားပြင်စေချင်၊

မင်္ဂလာမြတ် လေ့ကျင့်အပ်

အောက်ပါပုဂ္ဂိုလ်တို့၌ အဘယ်မင်္ဂလာများ(ပြည့်စုံ) သို့မဟုတ် (ပျက်)သနည်း။

* ပျော်ရာမှာမနေ တော်ရာမှာနေသူ .. .. (၄)
* စိတ်ကောင်းထားသူ၊ ရုပ်ရည်လှပသူ၊ .. .. (၆၊၅)
* အချိန်မှန်မှန် စာကြိုးစားသူ၊ .. .. (၆)
* ထကြွလုံ့လဝီရိယရှိခြင်း၊ ဘုန်းကံရှင်၊ .. .. (၅၊၆)
* မိမိကိုယ်ကို လူတော်လူကောင်းဖြစ်အောင်ကြိုးစားသူ၊.. .. .. (၆)
* ကျန်းမာရေး မှန်မှန်လေ့ကျင့်ခြင်း၊ .. .. (၆)
* မိကောင်းဖခင် သားသမီးဖြစ်ရခြင်း၊ အဆင်းလှပခြင်း၊ .. .. (၅)
* အရက်သမား ကစားသမားပေါများသောအရပ်၌နေထိုင်ခြင်း (၄)
* ဖြစ်ကတတ်ဆန်းနေတတ်စားတတ်သူ၊ .. .. (၆)
* ကျောင်းပြေးချင်စိတ်ကိုဖျောက်၍ ကျောင်းတက်သူ၊ .. .. (၆)

* နေထိုင်ရေးမင်္ဂလာ ၃–ပါး၏ အဓိပ္ပါယ်အကျဉ်းမျှကို ဖေါ်ပြပါ။
* ပဋ္ဌိရူပဒေသ သင့်လျော်ရာအရပ်၌နေခြင်းကို အဘယ်ကြောင့် 'မင်္ဂလာ'ဟု ဟောတော်မူပါသနည်း။ မြန်မာနိုင်ငံသည် ဤမင်္ဂလာနှင့်ပြည့်စုံပုံကိုပြပါ။
* အိမ်ထောင်သည် လူကြီးများအဖို့ ပဋ္ဌိရူပဒေသများ ရွေးချယ်ပြပါ။
* မိမိနေထိုင်ရာအရပ်ကို သင့်တင့်သောဒေသဖြစ်အောင် မည်သို့ဆောင်ရွက်နည်း။
* ရှေးကောင်းမှုရှိသူ/ မရှိသူ သိနိုင်ပုံ ဆောင်ပုဒ်ရေး၍ ပူဇော်ခဲ့ပါ။
* 'ပုဗ္ဗေစ ကတပုညတာ'ရှိသောအကျိုးနှင့် အနာဂတ်ကောင်းဖို့ ဘာလုပ်မည်နည်း။
* ပုဗ္ဗေစ ကတပုညတာ – မြန်မာပြန်ဆိုပုံများမှ 'ဒိဋ္ဌမ္မဝေဒနီယကံ' နှင့်ပတ်သက်၍ သင်စိတ်ဝင်စားသလိုရေးပြပါ။
* မိမိ ကိုယ်နှင့်စိတ်ကို ကောင်းစွာထားနည်း ရေးပြပါ။
* 'အတ္တသမ္မာပဏိဓိ'ရှိလျှင် အခြားမင်္ဂလာများလည်း ပြီးစီးပုံကို ပူဇော်ပြပါ။
* သမ္ဘတ္တိစက်လေးပါးကို မည်သည့်မင်္ဂလာများဖြင့် သိရမည်နည်း။
* ကြီးပွားချမ်းသာရေးအတွက် မင်္ဂလာတရားတော် စီမံကိန်းအရ စက်ကြီးလေးပါး အခြေခံ၍ လမ်းညွှန်ပြပါ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မင်္ဂလာ။"

အခန်း(၃)
သင်ကြားရေးမဂ်လာ ၄-ပါး

မြတ်စွာဘုရားရှင်သည် နေထိုင်ရေးမဂ်လာ ၃-ပါးကို ဟောတော်မူသည်၏အခြားမဲ့၌ သင်ကြားရေးမဂ်လာ ၄-ပါးကို ဟောတော်မူ၏။

သမ္မတ္တိစက် ၄-ပါးသည် ကုသိုလ်စိတ်=မဂ်လာတရားဖြစ်ရန် အခြေခံအကြောင်းဖြစ်၍ ပြည့်စုံသူအား ဘဝကောင်း, ဌာနကောင်း, ဆရာကောင်း, အကျင့်ကောင်းနှင့်ပြည့်စုံလျှင် ပညာရေး, စီးပွားရေး, နိုင်ငံရေး, ဘာသာရေးစသော မည်သည့်အရေးကိစ္စမဆို ပြီးစီးနိုင်ပြီဖြစ်သောကြောင့် လောကလူသားမှန်သမျှ **ပထမဦးစားပေး ဆောင်ရွက်ရန်**လိုအပ်သော သင်ကြားရေးမဂ်လာများအတွက် **တက္ကသိုလ်ကြီး ၄-မျိုး**တို့တွင် ဆိုင်ရာမဂ်လာများအဖြစ်-

* ဗာဟုသစ္စဌ တက္ကသိုလ် - အကြားအမြင်များမဂ်လာ၊
* သိပ္ပဌတက္ကသိုလ် - အတတ်ပညာသင်မဂ်လာ၊
* ဝိနယောစ သုသိက္ခိတော တက္ကသိုလ် - ကျင့်ဝတ်လေ့လာမဂ်လာ၊
* သုဘာသိတာစ ယာဝါစာ တက္ကသိုလ် - စကားလိမ္မာမဂ်လာ၊

တို့ကို တက်ရောက်သင်ယူရမှာ ဖြစ်ပါသည်။ ဤတက္ကသိုလ်ကြီးများကိုလည်း **မဂ်လာတရားတော် ပညာရေးစနစ်စီမံကိန်း** များအဖြစ် မှတ်ယူရပါမည်။

တစ်သက်လုံး ကောင်းကျိုးတွေရစေနိုင်သော သင်ကြားရေးမဂ်လာ ၄-ပါး တို့ကို လေ့လာ, ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွါးများနိုင်ရန်အတွက်-

* အကြားအမြင်များလာစေရန်၊ မဂ်လာ=ကုသိုလ်တရားများ တိုးပွားရင့်ကျက်လာစေရန်အတွက် "ဗာဟုသစ္စဌ"ပုဒ်၊
* အပြစ်ကင်းသော စက်မှုပညာအတတ်, လက်မှုပညာအတတ်တွေကို တတ်ထားနိုင်ရန်အတွက် "သိပ္ပဌ"ပုဒ်၊
* ရဟန်းကျင့်ဝတ်, လူ့ကျင့်ဝတ်တို့ကို ကောင်းစွာမေးမြန်းသင်ကြားနားလည်၍ စည်းကမ်း စနစ်တကျ နေထိုင်တတ်ရန် "ဝိနယော စ သုသိက္ခိတော"ပုဒ်၊
* ယဉ်ကျေး လိမ္မာစွာဖြင့် ကောင်းသောစကားကို ပြောဆိုတတ်ရန်အတွက် "သုဘာသိတာ စ ယာဝါစာ"ပုဒ် တို့ကို ဤအခန်းတွင်တင်ပြပါမည်။

(၃) သင်ကြားရေးမင်္ဂလာ ၄-ပါး			
၇	ဗာဟုသစ္စဿု	အကြားအမြင်များမင်္ဂလာ	တတ်ကောင်းတတ်ရာ ဟူသမျှကို၊ ကြားမြင်သုတ ရှိပါစေ။
၈	သိပ္ပဿု	အတတ်ပညာသင်မင်္ဂလာ	အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊ အသက်မွေးဖို့ အတတ်သင်လေ။
၉	ဝိနယော စ သုသိက္ခိတော	ကျင့်ဝတ်လေ့လာမင်္ဂလာ	လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်စေ။
၁၀	သုဘာသိတာ စ ယာဝါစာ	စကားလိမ္မာမင်္ဂလာ	မှန်ကန်ယဉ်ကျေး ချိုသာအေး၊ ဆိုရေးတတ်ပါစေ။
	ဧတံ မင်္ဂလ'မုတ္တမံ	အဲဒါ မင်္ဂလာ ၄-ဖြာ၊	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

❖ မင်္ဂလာဂါထာ

၇။ ဗာဟုသစ္စဿု	–	လောကီ,လောကုတ် အကြားအမြင်များခြင်း၊
၈။ သိပ္ပဿု	–	စက်မှု,လက်မှုပညာ တတ်မြောက်ခြင်း၊
၉။ ဝိနယော စ သုသိက္ခိတော	–	လူ့ကျင့်ဝတ်များကို ကောင်းစွာသင်ကြားလိုက်နာခြင်း၊
၁၀။ သုဘာသိတာ စ ယာဝါစာ	–	ကောင်းသောစကားကို ပြောဆိုတတ်ခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။	–	ဤလေးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

➡ မင်္ဂလာကဗျာ

- ကြားအမြင် များလျှင် ကောင်းတာမို့၊
  ကျောင်းမှာကွယ့် စာသင်ပါ။
- စက်မှုခေါ် ပညာရပ်ကို၊ တတ်ကြစေရာ၊
- ဝိနည်းလည်း သင်ရမှာ၊ ချိုသာတဲ့နှုတ်ခွန်း၊
- လေးပါးဝယ် မင်္ဂလာနှင့်၊ စဉ်မကွာ စုံညီရောက်လျှင်လေ၊
  မယှဉ်သာ ဂုဏ်ရည်တော်လိမ့်မည်၊ ဖြိုးမောက်လို့ထွန်း။

ချိုသာသောစကားနှင့်နွားလိမ္မာ

အဓိပ္ပါယ်အကျဉ်း။ ။ ကြီးပွားတိုးတက်လိုပါလျှင်-

(၁) စာပေဗဟုသုတ ကြွယ်ဝအောင် ကျောင်းနေပါ။
စာသင်ပါ၊ စာကြိုးစားပါ၊ စာကောင်းတွေကို များများဖတ်ပါ။

(၂) စက်မှုပညာစတဲ့ လက်တွေ့အတတ်ပညာများကို တတ်အောင်သင်ပါ။

(၃) ကိုယ်ကျင့်စာရိတ္တ(ဝိနည်း)များကို တတ်သိနားလည်စေအောင် လေ့လာပြီး
စည်းကမ်း ရှိရှိနေထိုင်ပါ။

(၄) စကားကို ချိုသာယဉ်ကျေးစွာပြောဆိုဆက်ဆံပါ။

စာပေလည်းတတ်၊ လက်တွေ့လည်းတတ်၊ စည်းကမ်းလည်းရှိ၊ ပြောဆိုဆက်ဆံရေး
လည်းကောင်းပါလျှင် ကြီးပွားတိုးတက်ပါလိမ့်မည်။

လူတန်းစေ့ ဖြစ်မြောက်ရေးအတွက် နည်းပေးတော်မူခြင်း-

အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဤမင်္ဂလာ ၄-ပါးနှင့် ပြည့်စုံကြပါလျှင် လူတွင်တစ်ယောက်ဆိုစလောက်အောင် ဖြစ်မြောက်ကြကုန်လျက် ပြင်ပကိုယ်တွင်း ငြိမ်းချမ်းမှုခပင်းကို လက်ငင်းဒိဋ္ဌ ခံစားစံစားကြရပါမည်။

စာပေသင်ကြားနေသူများမှာ ဖြစ်နိုင်သောမင်္ဂလာများ-

၁။ အသေဝနာစ ဗာလာနံ(၁) စာပေသင်ကြားနေစဉ် လူမိုက်များကိုရှောင်ကြဉ်ရာ၏။
၂။ ပဏ္ဍိတာနဉ္စ သေဝနာ(၂) စာပေ ပညာတတ်သူတို့ကို မှီဝဲ,ဆည်းကပ်ရာ၏။
၃။ ပူဇာ စ ပူဇနေယျာနံ(၃) ဆရာတို့ဂုဏ်ကျေးဇူးကိုသိကာ စကားနားထောင်ရာ၏။
၄။ ပဋိရူပဒေသဝါသ (၄) ပညာသင်ရာ ကောင်းမြတ်သောအရပ်မှာနေရာ၏။
၅။ ပုဗ္ဗေစ ကတပုညတာ(၅) ပညာသင်ခွင့်ရသည်မှာ ကုသိုလ်ရှိခဲ့သူ ဖြစ်၏။
၆။ အတ္တသမ္မာပဏိဓိ(၆) မငေးရ, မဆော့ရအောင် စိတ်ကိုစောင့်စည်းထားရာ၏။
၇။ ဗာဟုသစ္စဉ္စ(၇) ဆရာသမား သင်ကြားသမျှကို မှတ်သားနာယူနေရာ၏။
၈။ သိပ္ပဉ္စ(၈) စက်မှု,လက်မှု (စာရေး,စာဖတ်)အတတ်ပညာများကိုသင်ရာ၏။
၉။ ဝိနယော စ သုသိက္ခိတော(၉) အနေအထိုင် စည်းကမ်းများကိုလိုက်နာရာ၏။
၁၀။ သုဘာသိတာ (၁၀) ပညာတိုးပွားမည့် အကျိုးရှိသောစကားကိုသာ ပြောရာ၏။

(ဤကား နည်းရအောင် ဖြေဆိုပြခြင်းဖြစ်ပါသည်။ အခြားသော
မင်္ဂလာ များဖြစ်သည့် ဂါရဝ၊ နိဝါတ စသည်များလည်း ဖြစ်နိုင်ပါသေးသည်။

၇။ ဗာဟုသစ္စဥ္ စ အကြားအမြင်များမင်္ဂလာ

{ **ဗာဟုသုတသ ဘာဝေါ ဗာဟုသစ္စံ** – များသောအကြားအမြင်ရှိမှု **ဗာဟုသစ္စ**၊ }
ဗာဟုသစ္စဥ္ စ မင်္ဂလာ = ဗဟုသုတ မင်္ဂလာ

အကြားအမြင်များသောသူဖြစ်ရခြင်းသည် မင်္ဂလာ=ကုသိုလ်တရား တိုးပွားရင့်ကျက်စေသောကြောင့် 'ဗာဟုသစ္စဥ္'ဟု ခေါ်ရပါသည်။

လောကလူသားတိုင်း နားဖြင့်အကြားများအောင်၊ မျက်စိဖြင့် အမြင်များအောင် လေ့လာဆည်းပူး၍ 'ဗာဟုသစ္စဥ္စမင်္ဂလာ' နှင့်ပြည့်စုံနေလျှင် ကြီးပွားရေးနည်းလမ်းကောင်းများကို သိရှိလာနိုင်ပါသည်။

ဗာဟုသစ္စဥ္စမင်္ဂလာတွင် အကြားအမြင် ၂–မျိုး ခွဲခြား မှတ်သားသင့်ပါသည်။ လောကီဆိုင်ရာနှင့် လောကုတ္တရာဆိုင်ရာ **ဗဟုသုတနှစ်ပါး** တို့ဖြစ်ပါသည်။

၁။ **လောကီဗဟုသုတအကြားအမြင်**ဆိုသည်မှာ အပြစ်ကင်းပြီး အသက်မွေးဝမ်းကျောင်းများဖြစ်သော လယ်ယာစိုက်ပျိုးရေးအတတ်၊ ရောင်းဝယ်,ကုန်သွယ်မှုအတတ်၊ စီမံအုပ်ချုပ်ရေးအတတ်၊ စက်မှုလက်မှုအတတ်၊ လမ်းပန်းဖောက်လုပ်ရေးအတတ်၊ သယ်ယူပို့ဆောင်ရေးအတတ်၊ စားသောက်နေထိုင်ရေးအတတ်၊ ပေါင်းသင်းဆက်ဆံရေးအတတ်၊ ကျန်းမာသန်စွမ်းအောင်ပြုလုပ်ရေးအတတ်၊ သင်အံ့ပို့ချရေးအတတ် စသော လူမှုရေးအဖြာဖြာအတတ်ပညာတွေကို အကြားအမြင်ရှိထားရန် လိုအပ်၏။

၂။ **လောကုတ္တရာအကြားအမြင်**ဆိုသည်မှာ သံသရာဝဋ္ဋဆင်းရဲအပေါင်းမှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်သော **ဒါန,သီလ,ဘာဝနာ**စသော ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်နိုင်မည့် လောကုတ္တရာ အကြားအမြင်ဗဟုသုတ အသိဉာဏ်တွေရှိပြီး မဂ်,ဖိုလ် ရဂု ရကြောင်း ပရိယတ်,ပဋ္ဌိပတ် ကျမ်းဂန်များကို သိရှိနားလည်အောင် ကျင့်ကြံအားထုတ်နိုင်အောင် အသိအလိမ္မာ ဉာဏ်ပညာဗဟုသုတများနှင့် ပြည့်စုံရန် လိုအပ်၏။

* သင်ယူအားကြိုး၊ သုတတိုး၏၊ ပြည့်ဖြိုးသုတ၊ ရှိတုံကမူ၊ ပွားထ စိန္တာ၊
ထိုပညာဖြင့်၊ ဘာဝနာဉာဏ်၊ အသိသန်၍၊ နိဗ္ဗာန်တိုင်အောင်၊ ချမ်းသာဆောင်၏။

(**မဃဒေဝ**)

အပြစ်မရှိသော လောကီပညာ စာပေကျမ်းဂန်များကို တတ်မြောက်မှုသည် ယခုဘဝ,နောင်ဘဝသံသရာမှာပါ စီးပွားချမ်းသာကို ရွက်ဆောင်နိုင်မည်ဖြစ်ပါသည်။ လောကုတ္တရာဘာသာရေးစာပေများက အကုသိုလ်ကို ပယ်စွန့်ပြီး ကုသိုလ်ကောင်း မှုပြုလုပ်ရန် ညွှန်ကြားပါသည်။

* အကြားများအောင် များများနာကြား နားထောင်ရပါသည်။
* အမြင်များအောင် များများကြည့်ရှု ဖတ်ရှုလေ့လာရပါသည်။

လမ်းညွှန်။ ။'ဗဟုသစ္စဗ္ဗ'မင်္ဂလာသည် စာပေသင်ကြားရေး၊ သဘောတရား အမြင်ကြည်လင်ပြတ်သားရေး၊ ဗဟုသုတတိုးပွားရေးအတွက် လမ်းညွှန် ပါသည်။

မှတ်ချက်။ ။ သုတရှာမှီးရာ၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့ကိုအသုံးပြု၍ (၀၊) မြင်မှု၊ ကြားမှု၊ နံမှု၊ အရသာခံမှု၊ ထိတွေ့မှုကိုအခြေခံ၍ ရှာဖွေ ရ၏။ သို့သော် မည်သည့်ကိစ္စ၌ပင်ဖြစ်စေ မျက်စိနှင့်နားသည် အဓိကကျပေသည်။

✌ မျက်စိနှင့်နားကို အလေးဆင်ပေးသောမင်္ဂလာ။

"ဗဟုသစ္စဗ္ဗ"မင်္ဂလာဖြစ်သူ–

အကြားအမြင်များသူ၊ စာကြိုးစားသင်ယူနေသူ၊ အလိမ္မာပွားစာပေများကို ဖတ်သူ၊ နေ့စဉ်သတင်းစာဖတ်သူ၊ ဗဟုသုတတိုးပွား ကောင်းကျိုးများသည့် စာပေများကိုဖတ်သူ၊ မျက်စိဖြင့်, နားဖြင့် သင်ကြားရသော အထွေထွေ ပညာရပ် များကို တတ်မြောက်ထားသူ၊ အသိပညာရှင်များ စသည်.. .

ဗဟုသစ္စဗ္ဗမင်္ဂလာအကျိုး–

ပညာရေး, လူမှုရေး, စီးပွားရေး, ကူသန်းရောင်းဝယ်ရေး သယ်ယူပို့ ဆောင်ရေးအလုပ်စသည်တို့၌ သက်ဆိုင်ရာ ဗဟုသုတကြွယ်ဝသူတွေကသာ ကြီးပွားတိုးတက်နိုင်ပါသည်။ လွန်ကဲထူးမြတ်သော အကြားအမြင်များခြင်းဟု ဆိုအပ်သော **သုတမယဉာဏ်**(နာကြား သင်ယူမှုကြောင့်ရရှိ၏။)၊ **စိန္တာမယဉာဏ်** (ကြံစည်စဉ်းစားမှုကြောင့်ရရှိ၏။) **ဘာဝနာမယဉာဏ်**(ကမ္မဋ္ဌာန်းပွားများမှုကြောင့် ရရှိ၏။)တို့ တိုးတက်ပွားများနိုင်ပါသည်။

ဝတ္ထု သာဓကများ

သူရိယကုမာရမင်းသားဝတ္ထု

ရှေးအခါက စန္ဒကုမာရ နှင့် သုဝဏ္ဏကုမာရ အမည်ရှိသောမင်းသားနှစ်ပါးသည် အသားစားဘီလူးများနှင့် ကံအားလျော်စွာတွေ့ကြသောအခါ ဘီလူးများက နတ်များ အလွန်နှစ်သက်သော "ဒေဝမ္မတရားနှစ်ပါး"ကို မေးကြသည်။ ထိုမင်းသားနှစ်ပါးသည် ငယ်စဉ်ကပင် ဗဟုသုတပြည့်စုံအောင် မကျင့်ဆောင်ခဲ့သောကြောင့် ဘီလူးများမေးလာ သောမေးခွန်းကို မဖြေဆိုနိုင်ကြသဖြင့် ဘီလူးတွေက မင်းသားနှစ်ပါးကို စားမည်အလုပ်မှာ ကုသိုလ်ကံထောက်မ၍ အစ်ကိုကြီးဖြစ်သော သူရိယကုမာရမင်းသားသည် ညီတော် များထံရောက်ရှိလာပြီး၊ ဘီလူးတွေသိချင်လှ၍ မေးနေသောမေးခွန်းကို နောင်တော် ဖြစ်သောသူရိယမင်းသားက "ဒေဝမ္မတရားနှစ်ပါးဆိုသည်မှာ လူတိုင်းအတွက် လိုအပ်သော ကိုယ်ကျင့်တရားဖြစ်သည့် ဟိရီ နှင့် သြတ္တပ္ပ "တရားနှစ်ပါး ဖြစ်ကြောင်း ဖြေဆိုနိုင် သောကြောင့် မင်းသားများသည် ဘီလူးတွေ၏ဘေးအန္တရာယ်မှ လွတ်နိုင်ခဲ့သည်။

ဟိရီ	မကောင်းမှုဒုစရိုက်မှ ရှက်မှု၊ (မိမိဂုဏ်ကိုထိန်းသော အမျိုးကောင်းသမီး၊)
သြတ္တပ္ပ	မကောင်းမှုဒုစရိုက်မှ ကြောက်မှု၊ (ကိုယ်ဝန်တည်မှာကြောက်သောပြည့်တန်ဆာမ၊)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်

ဦးသန့်သည် ပန်းတနော်မြို့သားတစ်ဦး ဖြစ်ပါသည်။ ကျောင်းဆရာဘဝက နေပြီး ဖဆပလအစိုးရလက်ထက်မှာ ပြန်ကြားရေးအတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့၏။။ မြန်မာနိုင်ငံမှ ကုလသမဂ္ဂဌာနချုပ်ကို ကိုယ်စားလှယ်တစ်ဦးအနေဖြင့် စေလွှတ်ခြင်းခံရပြီး၊ လစ်လပ်နေသော ကုလသမဂ္ဂဌာနချုပ် အတွင်းရေးမှူးနေရာကို နိုင်ငံတကာမှ ပညာရှိ များနှင့် ယှဉ်ပြိုင်အရွေးခံခဲ့ရာ "ဗမာက"လို့ ပြောစမှတ်ဂုဏ်ယူနိုင်လောက်အောင် အောင်ပန်း ကိုဆွတ်ခူးနိုင်ခဲ့ပါသည်။ ဦးသန့်သည် အခြားသောမင်္ဂလာများနှင့်ပြည့်စုံအောင်ဖြည့်ကျင့် ခဲ့သည့်အပြင် 'ဗာဟုသစ္စဉ္ဉမင်္ဂလာ' အကြားအမြင်များခြင်းကြောင့်ဖြစ်ပါသည်။

အခြားမှတ်သားမှတ်-- လောကုတ္တရာ ဗဟုသုတရှိသူ အရှင်အာနန္ဒာ

အရှင်အာနန္ဒာသည် မြတ်စွာဘုရားသခင်၏ အလုပ်အကျွေးတစ်ဦးဖြစ်ခဲ့သည့် အလျောက် ဧတဒဂ် ငါးတန် ချီးမြှောက်ခြင်းခံခဲ့ရပါသည်။ ဗဟုသုတအမှတ်အသားနှင့် ပြည့်စုံသဖြင့် ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီးသော်လည်း သုတ္တန်တရားတော်များကို ပြန်လည် ဟောပြောနိုင်ခဲ့သဖြင့် ယနေ့တိုင်အောင်အထိ လေ့လာကျင့်ကြံနိုင်ကြပါသည်။

၈။ သိပ္ပဗ္ဗ အတတ်ပညာသင်မဂ်လာ

သုသိက္ခိတ သိပ္ပ မဂ်လာ

{ **သုသိက္ခိတ** – ကောင်းစွာသင်ယူလေ့လာထားသော၊ **သိပ္ပ**– အတတ်ပညာ၊ }

အပြစ်ကင်းသော စက်မှုပညာအတတ်, လက်မှုပညာအတတ်တွေကို တတ်ထားခြင်းသည် 'သိပ္ပဗ္ဗမဂ်လာ'ဟု ခေါ်ရပါသည်။

ဗာဟုသစ္စဗ္ဗမဂ်လာရှိသောပုဂ္ဂိုလ်အား လျော်သော အတတ်ပညာတတ်မြောက်နားလည်မှုရှိခြင်းသည်လည်း မဂ်လာဖြစ်သည်ကို ပြလိုတော်မူသောကြောင့် သိပ္ပဗ္ဗမဂ်လာကို ဟောတော်မူပါသည်။

မိမိတို့၏ အကြားအမြင်များကို အကြောင်းပြု၍ အကျိုးတရားဖြစ်သော လက်တွေ့လုပ်ငန်းစဉ်(မဂ်လာ)အဖြစ်သို့ရောက်အောင် ပို့ဆောင်၍ မဂ်လာ **အကြောင်း–အကျိုး** ဇကန်စင်စစ်ကို ပြတော်မူ၏။

ဗ ဉာဏဗလ မဂ်လာ နှစ်ပါး

ဗာဟုသစ္စဗ္ဗမဂ်လာ နှင့် သိပ္ပဗ္ဗမဂ်လာ နှစ်ပါးတို့ဖြစ်ပါသည်။

ဗာဟုသစ္စဗ္ဗ မဂ်လာ	စာပေပညာ	အသိပညာ	ဝိဇ္ဇာပညာ
သိပ္ပဗ္ဗမဂ်လာ	စက်မှုလက်မှုပညာ	အတတ်ပညာ	သိပ္ပံပညာ

* သိပ္ပ=(သိပ္ပံ)= စနစ်တကျ လေ့လာစမ်းသပ် ထုတ်ဖော်ခြင်းဖြင့် ရရှိသော အတတ်ပညာ။ (မြန်၊ ဓာန်၊ ၃၈၇)

လမ်းညွှန်။ ။"သိပ္ပဗ္ဗ"မဂ်လာသည် လုပ်ငန်းကျွမ်းကျင်ရေး၊ ဝမ်းစာရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာတစ်ခုခု တတ်မြောက်ထားရန်လိုအပ်ကြောင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ **မဂ်လာမထိုက်သောအတတ်**– အကုသိုလ်နှင့်မကင်းသော အမြတ်ကြီးစားခေါင်းပုံဖြတ်၊ ခိုးဆိုးလုယက်တိုက်ခိုက်၊ လိမ်လည်လှည့်ဖြား၊ စိုက်ပျိုးမွေးမြူရေးအတတ်ပညာ။။ သတ္တဝါများ၏ အသက်စည်းစိမ်တို့ကို ချေမှုန်းပြစ်နိုင်သော လက်နက်အမျိုးမျိုး၊ အဆိပ်ဓာတ်ငွေ့၊ ယစ်မျိုးဆေးဝါး ပြုလုပ်သောအတတ်ပညာတို့သည် အပြစ်ရှိသဖြင့် မဂ်လာ မထိုက်ပါ။

www.dhammadownload.com

၉၆ မင်္ဂလာ မှတ်စု

မကောင်းမှု-အကုသိုလ်ဟုဆိုသော ဝဲဂယက်မှ လွတ်ကင်းသမျှ၊ (အပြစ်မရှိသော) လွန်ကဲမြင့်မြတ်သော အတတ်ထူးကို တတ်ကျွမ်းခြင်းသည် 'သိပ္ပဠူမင်္ဂလာ' မည်၏။

✌ အတတ်ပညာများတွင် ဒီဘဝအကျိုးစီးပွားကိုသာ ရွက်ဆောင်နိုင်သော အတတ်ပညာ၊ အချို့က ဒီဘဝရော နောင်ဘဝအကျိုးစီးပွားကိုရော ရွက်ဆောင်နိုင်ကြသောကြောင့် ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာ ဖြစ်ပါသည်။

✌ **သိပ္ပသည် ၂-မျိုးရှိသည်-**

* အနဂါရိကသိပ္ပ – အိမ်ရာမထောင် ရဟန်းဘောင်၌ နေသူတို့၏အတတ်ပညာ၊
– အိမ်ရာတည်ထောင် လူ့ဘောင်၌ နေသူတို့၏အတတ်ပညာ၊

ရဟန်းသံဃာတော်များနှင့်သက်ဆိုင်သော ရဟန်းပရိက္ခရာတို့၌ ပြုလုပ်ရမည့် သင်္ကန်းချုပ်ခြင်း၊ သပိတ်ဖုတ်ခြင်းစသော အတတ်ပညာများဖြစ်သည်။ ထိုလက်မှုပညာရပ်များကို ရဟန်းတော်များသင်ယူခြင်းသည် သိပ္ပမင်္ဂလာမည်၏။ ရဟန်းတို့တတ်အပ်သည့် ဝိနည်းတရားနှင့်မဆန့်ကျင်သော အတတ်ပညာအဖြာဖြာသည် အနဂါရိကသိပ္ပံ မည်၏။

လူနှင့်သက်ဆိုင်သော သိပ္ပဠူ=အတတ်ပညာဆိုသည်မှာ အသက်မွေးဝမ်းကြောင်း အချက်အပြုတ်၊ အချုပ်အလုပ်၊ အိမ်တွင်းမှုအတတ်ပညာ၊ ပန်းချီ.. စသည်ပန်းဆယ်မျိုး၊ လက်သမား၊ ဆေးပညာ၊ အင်ဂျင်နီယာပညာစသည်... **လောကအကျိုးပြု** သင်္ချာ၊ ဓာတု၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘူမိဗေဒစသည်အခြေခံသော လောကဓာတ်သိပ္ပံပညာရပ်ဟူသမျှသည် သိပ္ပဠူမင်္ဂလာများဖြစ်ကြ၏။

"သိပ္ပဠူ"မင်္ဂလာဖြစ်သူ

စက်မှုလက်မှုပညာရပ်များကို တတ်မြောက်ထားသူ၊ အင်ဂျင်နီယာပညာ, ပိသုကာပညာရပ်များကို သင်ကြားနေသူ–တတ်သူ၊ ဂဏန်းသင်္ချာ တတ်ကျွမ်းသူ၊ စက်ချုပ် ပန်းထိုး သင်နေသူ–တတ်သူ၊ ခြေနှင့်လက်နှင့်ဆိုင်သော ပညာရပ် များကို သင်ကြားတတ် မြောက်ထားသူ၊ အတတ်ပညာရှင်များ၊ လက်သမား၊ ပန်း ၁၀–မျိုးအတတ်ပညာရှင်များ၊ ဆေး၊ စက်မှု၊ သစ်တောပညာရှင်စသည်..
ရဟန်းသံဃာတို့တွင် သင်္ကန်းချုပ်ခြင်း၊ သပိတ်ဖုတ်ခြင်းအတတ်တတ်သူစသည်..

ဦးတင်ဝင်း (ခိုတ်ဦး-သုံးခွ)

သိပ္ပဗ္ဗမဂ်လာအကျိုး- "တစ်ခုပညာ ကိုယ်စီပါ"

လူ့ရွာ လူ့ဌာနတွေမှာ မိမိတို့၏စားဝတ်နေရေးအတွက် "တစ်ခုပညာ ကိုယ်စီပါ"ဆိုသလို ပရိယေသန ဝမ်းစာကို ရှာဖွေစားသောက်ကြရတဲ့အခါမှာ တစ်ချို့သူများသည် မိမိတို့အတတ်ပညာဖြင့် သက်တောင့်သက်သာ ရှာဖွေနိုင်ကြသော်လည်း အတတ်ပညာမရှိသောသူများသည် မိမိတို့ကိုယ်နှင့်ရင်းနှီးပြီး ထမ်းပိုး ရှာဖွေစားသောက်ကြရပါသည်။

ဤကဲ့သို့ ရှာဖွေနည်း-နှစ်မျိုးတို့တွင် အတတ်ပညာဖြင့် ပစ္စည်းဥစ္စာ ရှာဖွေနိုင်ကြသောပုဂ္ဂိုလ်များသည် ဖောင်တိန်ကိုင်ပြီး စားပွဲ,ကုလားထိုင်ပေါ် ပန်ကာအောက်က သြဇာပေးပြီး "ခြေရေမစွတ် လက်ရေမစွတ်ပဲ" ပစ္စည်းဥစ္စာ ရှာဖွေပြီး ဇိမ်ခံကာ အသက်မွေးသွားနိုင်ကြပါသည်။

အတတ်ပညာမရှိသော ပုဂ္ဂိုလ်များသည် ကိုယ်ဖြင့်ရင်းနှီးပြီး စားရရင် ဝတ်ရရင် နေရရင်ပြီးရော၊ အပြစ်ရှိတာ-မရှိတာကို ရွေးချယ်မနေနိုင်တော့ပဲ "နဖူးကချွေး ခြေမ ကျအောင်" ပင်ပန်းကြီးစွာဖြင့် ပစ္စည်းဥစ္စာကို ရှာဖွေပြီး အသက်မွေးဝမ်းကျောင်း ပြုကြရရှာပါသည်။

လူ လူချင်းတူပါလျက်သားနှင့် အဘယ့်ကြောင့် ဤကဲ့သို့ အဆင့်အတန်းကွာခြားရပါနည်းဆိုလျှင် **သိပ္ပဗ္ဗမဂ်လာတန်ဖိုး**ကို ကောင်းစွာ မသိနားမလည်ကြသောကြောင့် ဂရုမစိုက်ကြသောကြောင့် မထေမဲ့မြင်နေခဲ့ကြ၍ ငယ်စဉ်ပညာသင်ကြားချိန်တွေမှာလည်း 'တစ်ခုပညာ ကိုယ်စီပါ"ဆိုသလို ပညာတွေ မရှာဖွေပဲ နေခဲ့ကြသောကြောင့် ဤကဲ့သို့ ပင်ပန်းဆင်းရဲစွာ အသက်မွေးဝမ်းကျောင်းပြုနေကြရခြင်းဖြစ်ပါသည်။

* ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး။
အားမကိုးနဲ့ မျက်လှည့်တွေ၊ ပညာကြိုး-ရွှေအိုး ရကြစေ။
* ပညာပြည့်ဝ နလုံးလှသော်၊ ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင်၊
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏။ (**မယဒေဝ**)

အဂ်ီသမပစ္စည်းဥစ္စာ

မိမိတို့သင်ယူလေ့လာထားသော ပညာရပ်အသီးသီးတို့သည် အသက်မွေးဝမ်းကျောင်းမှု၏ အထောက်အကူချည်းသာဖြစ်၍ မိမိတို့၏ခြေလက်အင်္ဂါတို့နှင့်တူသည့်အတွက် "အဂ်ီသမပစ္စည်းဥစ္စာ" မည်ပါသည်။

ဝတ္ထု သာဓကများ

ရှင်အာနန္ဒာ – အနဂါရိကသိပ္ပ

တစ်ခါက ဘုရားရှင်သည် ဒက္ခိဏာဂိရိ၌ ဒေသစာရိကြွချိတော်မူသည်။ လမ်းခရီး၌ လယ်ကွက်များကို တွေ့မြင်ရသောအခါ ဤသို့မိန့်၏။ "အာနန္ဒာ.. သင်သည် ရဟန်းတို့၏ သင်္ကန်းကို လယ်ကွက်အသွင် ဖန်တီးစီရင်နိုင်အံ့လော"ဟု မေးမြန်းသည်။

ရှင်အာနန္ဒာက "စီရင်နိုင်ပါ၏"ဟု လျှောက်ထား၏။

ထို့နောက် အာနန္ဒာသည် သင်္ကန်းများကို လယ်ကွက်အသွင် စီရင်၍ ဘုရားအား ကပ်လှူတော်မူ၏။ ဘုရားရှင်က ချီးကျူးတော်မူလေသည်။ အရှင်သည် အနဂါရိကသိပ္ပဖြင့် ဘုရားရှင်ဆန္ဒကို ပြည့်ဝအောင် ဖန်တီးနိုင်ခဲ့သည်။ (ဝိ။ ၃။ ၄၀၀။)

ဝေရဉ္ဇာပြည်၌ ဘုရားရှင် ဝါကပ်တော်မူစဉ်ကလည်း မထေရ်သည် လက်မှုပညာဖြင့် စီမံလုပ်ကျွေးခဲ့သည်။ ထိုအချိန်က ဝေရဉ္ဇာပြည်၌ ငတ်မွတ်ခေါင်းပါး အစာရှားသဖြင့် လူများသေကြေပျက်စီးကြလေသည်။ ရဟန်းတော်များလည်း ဆွမ်းအတွက် အခက်အခဲကြုံရ၏။ ထိုအခါ မြင်းကုန်သည်များက မုယောဆန်များ လှူဒါန်းသည်။ မထေရ်သည် မုယောဆန်ကို ကျောက်ဖြင့်အမှုန့်ကြိတ်၍ ထောပတ်,ပျားသကာတို့ဖြင့် ရောနှောစီရင်လျက် ဘုရားရှင်အား ဆက်ကပ်၏။ လက်မှုပညာဖြင့် အခက်အခဲကို ဖြေရှင်းနိုင်ခဲ့၏။

လက်မှုပညာဖြင့် သေဘေးမှလွတ်ရသူ

ဗောဓိမင်းသားသည် ထူးဆန်းအံ့သြဖွယ်ကောင်းသော ကောဒနဒမည်သောပြဿဒ်ကိုဆောက်လုပ်လေသည်။ ထို့နောက် ဤပြဿဒ်မျိုး နောက်ထပ်မပေါ်ပေါက်စေရန်အတွက် ဆောက်လုပ်ပေးသော လက်သမားကို သတ်ပစ်ရန်ကြံစည်၍ သဠေ္ဓကာပုတ္တလုလင်အား ပြောဆို၏။ သဠေ္ဓကာပုတ္တသည် လက်မှုပညာ၏တန်ဖိုးကို သိရှိသဖြင့် လက်သမားအား ဤအကြောင်းကို ပြောပြလိုက်၏။ လက်သမားသည် သစ်သားဖြင့် ဂဠုန်ငှက်ရုပ်လုပ်၍ သားမယားနှင့် ရွှေငွေပစ္စည်းများကို ယူဆောင်ကာ ပျံသန်းထွက်ပြေးသည်။ ဟိမဝန္တာတောင် ခြေမှာသက်ဆင်းပြီး မြို့သစ်တည်ထောင်ကာ မင်းပြုနေလိုက်ပါသည်။ 'ကဠဝါဟနမင်း' ဟု အမည်တွင်၏။

အခြားမှတ်သားဖွယ်– ဆရာဇီဝက ၏ ပညာသင်ကြားရေးစနစ်

ဆရာဇီဝကသည် ဆေးပညာကို သင်ယူရာ၌ များများသင်၊ မြန်မြန်ကျက်၊ မြဲမြဲမှတ်၊ မယောက်ယျက်စေရ–ဟု 'မ'လေးလုံး၊ 'မှ'လေးချက်ချမှတ်၍ သင်ကြား ခဲ့လေသည်။

၉။ ဝိနယော စ သုသိက္ခိတော ကျင့်ဝတ်လေ့လာမင်္ဂလာ

{ **ဝိနယ**– ကိုယ်ကျင့်သီလဝိနည်းကို၊ **သုသိက္ခိတော**–ကောင်းစွာသင်ခြင်း,ကျင့်ခြင်း၊ }

'သိက္ခိတ'၏ အဓိပ္ပါယ်သည် 'သင်ခြင်း'မျှသာ ဖြစ်ပါသည်။ သို့သော်သင်ရုံမျှဖြင့် မင်္ဂလာ မဖြစ်ပါ။ သင်ပြီးကျင့်မှသာ မင်္ဂလာဖြစ်ပါသည်။ ထို့ကြောင့် ကျင့်ခြင်းကိုပါ ထည့်ဆိုရပါသည်။ အဆုံးအမကို ကောင်းစွာသင်ယူခြင်း၊ ဆုံးမသည့်အတိုင်း ပြုလုပ်ပြောဆိုခြင်းကို 'ဝိနယော စ သုသိက္ခိတော"ဟု ဆိုပါသည်။

ကိုယ်ကျင့်ဝိနည်း– ကိုယ်,နှုတ် အမူအရာယဉ်ကျေးအောင် ဆုံးမပဲ့ပြင် ပေးသည့်စည်းကမ်းများဖြစ်ပါသည်။ လူတွေကို ယဉ်ကျေးသိမ်မွေ့လာအောင် ငြိမ်သက်အောင် တည်ကြည်အောင် လူ့အဖိုးတန်ဖြစ်လာအောင် **လောကီ**မှာလည်း 'လူရာဝင်အောင်'၊ **လောကုတ္တရာ**ဆိုင်ရာတွင်လည်း 'တရားထူးများ ရလေအောင်' ပြုပြင်ပို့ဆောင် သွန်သင်ကြောင်း တရားစည်းမျဉ်းများကို ခေါ်ပါသည်။

✌ ဝိနည်း–ကိုယ်ကျင့်တရားသည် ၂–မျိုးရှိပါသည်

* **ရဟန်းကျင့်ဝတ်**– ရဟန်းတော်များ ကျင့်ကြံအားထုတ်ရမည့် ကိုယ်ကျင့်ဝိနည်းတရားများသည် ဘိက္ခု ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလ, စတုပါရိသုဒ္ဓိသီလ နှင့် ခုတင် ၁၃–ပါးတို့ကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ဂန္ထဓူရ, ဝိပဿနာဓူရ ဆိုသော အကျင့်မြတ်များကို ကျင့်ရမှာဖြစ်ပါသည်။ ၂၂၇–သွယ်သော ဝိနည်းသိက္ခာ(အကျယ်အားဖြင့် ကုဋေ ၉၀၀၀ ကျော်အထိ) များပြားလှပါသည်။

* **လူ့ကျင့်ဝတ်** – လူပုဂ္ဂိုလ်များ ကျင့်ကြံအားထုတ်ရမည့် ကိုယ်ကျင့်ဝိနည်းတရားဆိုသည်မှာ ဒုစရိုက် ၁၀–ပါးကို ရှောင်ကြဉ်ရမည်။ ကံငါးပါးဆိုသော ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ လုံခြုံအောင် ထိန်းသိမ်းရမည်။ ၈–ပါး၊ ၉–ပါး၊ ၁၀–ပါးသီလများ အာဇီဝဋ္ဌမကသီလစသည်တို့ကို တတ်နိုင်သမျှ စောင့်ထိန်းရမည်။ ကုသိုလ်ကောင်းမှုဖြစ်သော သုစရိုက်တရား ၁၀–ပါးကိုလဲ ကျင့်ကြံအားထုတ်ရမည်။ သိဂ်ါလောဝါဒသုတ်လာ ကျင့်ဝတ်များကိုများဖြစ်သည်။

အထိန်းမရှိသော ချည်ခင်သည် ရှုပ်ထွေး၍ အသုံးမဝင်သကဲ့သို့၎င်း၊ အကွပ်မရှိသောကြမ်းသည် ပရမ်းပတာဖြစ်၍ ပျက်စီးတတ်သကဲ့သို့၎င်း လူတို့၌ သင်ယူမှတ်သားအပ် လိုက်နာကျင့်သုံးအပ်သော ဝိနည်းမရှိလျှင် လေလွင့်ဖျင်းပျေ့ နှုတ်ကြမ်း ကိုယ်ကြမ်း အဖိုးမတန် အသုံးမဝင်သော လူအညံ့စား ဖြစ်ဖွယ်ရှိ၍ အထိန်းအကွပ်နှင့်တူသော ဝိနည်းတရား ရှိမှသာလျှင် လိမ္မာယဉ်ကျေးလျက် အဖိုးတန်ဖြစ်ရသောကြောင့် "ဝိနယော စ သုသိက္ခိတော"မင်္ဂလာကိုဟောတော်မူ၏။

လမ်းညွှန်။ ။"ဝိနယော စ သုသိက္ခိတော"မင်္ဂလာသည် စည်းကမ်းသေဝပ်ရေး စည်းကမ်းထိန်းသိမ်းရေး၊ တရားဥပဒေ စိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေး အတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ **ဝိနည်း=သီလ** သည် ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို အချိုးကျသေဝပ်အောင် ဆုံးမကြောင်း စည်းမျဉ်း ဥပဒေမျိုးဖြစ်သော ကြောင့် လူ့ကျင့်ဝတ်, ရဟန်းကျင့်ဝတ်များကိုပင် ဝိနည်း ဝိနယ ဟုခေါ်ပါသည်။ သီလမှုဟူသည်မှာလည်း ကိုယ်နှုတ်စောင့်ထိန်းရေး လုပ်ငန်းမျိုးပင်ဖြစ်သည်။

"ဝိနယော စ သုသိက္ခိတော"မင်္ဂလာဖြစ်သူ

လူ့ကျင့်ဝတ်, စည်းကမ်း, ဥပဒေများကို ကောင်းစွာသင်ကြား လေ့လာနားလည်ထားသူ၊ တာဝန်ဝတ္တရားကို နားလည်သူ၊ စနစ်တကျ နေတတ်ထိုင်တတ်သူ၊ အနေအထိုင်ယဉ်ကျေးသူ၊ ရဟန်းသံဃာ လူကြီးသူမများနှင့် ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်သူ၊ မိမိနေရာ ရရှိရေးအတွက် တိုးဝှေ့ခြင်း, ကျော်တက်ခြင်းကို မပြုတတ်သူ၊ စည်းကမ်းရှိသူ၊ ဥပဒေကို တတ်ကျွမ်းနားလည်သူ၊ ပရိသတ်ထဲ ကို့ယို့ကားယား မနေသူ၊ ထမင်းစားသည့်အခါ ပျစ်ပျစ်မည်အောင်မစားသူ၊ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်တတ်သူ၊ သရုပ်ပျက် ဝတ်စားဆင်ယင်မှု မပြုသူ၊ မလုံ့တလုံ့ မဝတ်သူ၊ ဒူးပေါ်ပေါင်ပေါ် မဝတ်သူ၊ အနေအထိုင်တတ်သူ၊ နေပုံထိုင်ပုံ စနစ်ကျနသူ၊ ပြည်သူ့နီတိကို တတ်သိနားလည်သူ၊ နိုင်ငံတော်၏အခြေခံ စည်းမျဉ်းဥပဒေကို လိုက်နာသူ စသည်.. .

"ဝိနယော စ သုသိက္ခိတော"မင်္ဂလာ၏အကျိုး

မိမိတို့ဆိုင်ရာ ဝိနည်း=သီလများကို စနစ်တကျ ထိန်းသိမ်းသူတို့မှာ–

(၁) မမေ့မလျော့ခြင်းကြောင့် ကြီးစွာသော စည်းစိမ်ဥစ္စာအစုကို ရရှိနိုင်၏။

(၂) ကောင်းသော ဂုဏ်သတင်း ပျံ့နှံ့ကျော်စော၏။

(၃) မင်း,ပုဏ္ဏား,သူကြွယ်,ရဟန်းဟူသော ပရိသတ်လေးပါးသို့ ချဉ်းကပ်ရသည်ရှိသော် မကြောက်မရွံ့ ရဲရင့်ရွင်လန်းသောမျက်နှာဖြင့် ချဉ်းကပ်ဝင်ရောက်ရ၏။

(၄) မိမိပြုခဲ့ဖူးသော ကောင်းမှုတို့ကိုသာ ထင်မြင်လျက် မတွေမဝေ သေရ၏။

(၅) သေပြီးနောက် ကောင်းမှုရှိသူတို့သည် သုဂတိဘဝသို့သာ လားရောက်ရ၏။

* စည်းစိမ်ပြန့်ပြော၊ မယုတ်လျော့ဘဲ၊ ကျော်ဇောဂုဏ်အင်၊ ထက်ဝန်းကျင်တည့်၊
ပွဲဝင်ဗဏ္ဍားပြ၊ မျက်နှာလှ၏၊ ကောင်းစွအသေ၊ မတွေဝေဘဲ၊
သေလျှင်ကောင်းစား၊ နတ်ရွာလားသည့်၊ ဤကားဝိနည်းကျင့်ကျိုးတည်း။

(ဝိနည်း = သီလမှကင်းလွတ်သူ ဒုဿီလပုဂ္ဂိုလ်တို့၏အပြစ်ကို သိနိုင်ပါသည်။)

နိဗ္ဗာန်ဝင်ရန် လမ်းစ

ဤ သုသိက္ခိတမင်္ဂလာတရားတော်အရ ကျင့်အပ်သော ဝိနည်း=သီလများကို စနစ်တကျ ကျင့်ခြင်းသည် ရှင်ကောင်း–သေကောင်း၊ လောကသံသရာကြီးပွားကြောင်း တရားအစစ်ကို ရှာမှီးဆည်းပူးခြင်းပင်ဖြစ်ပါသည်။

အထူးအားဖြင့်လည်း လူများအဖို့ ငါးပါးသီလသည် မကျင့်လျှင်မဖြစ်သော ဂရုမမ္ဘ နိစ္စသီလမျိုးဖြစ်၏။ ငါးပါးသီလ သိက္ခာပုဒ်များကို မိမိတို့ကိုယ်၌ ရာသက်ပန် မြဲမြံစေရသောကြောင့် 'ခါးဝတ်ပုဆိုး'ဟု ဆိုရိုးပြုကြပြန်၏။ သို့ဖြစ်ရာ သံသရာကြီး၏ အပြစ်အနာအဆာတွေကို နှစ်နှစ်ကာကာမြင်၍ တကယ်တန်း နိဗ္ဗာန်ဝင်လိုလျှင်တော့ နိဗ္ဗာန်ဝင်ရန် လမ်းစ–တံခါးမကြီးနှင့်တူသော ထိုသီလတံခါးကို ရှေးဦးစွာ ဖွင့်ပြီးမှသာ မိမိတို့လိုလားတောင့်တရာ နိဗ္ဗာန်သို့ တန်းတန်းမတ်မတ် ချီတက်နိုင်ပါမည်။

* ၅င်လူရဟန်း၊ ဝိနည်းလမ်း၊ စည်းကမ်းရှိသေပါ။
စည်းကမ်းမလွန်၊ သီလဝန်၊ ထက်စွန် နတ်ခြောက်ရာ။
စည်းကမ်းဖောက်ပြား၊ အပါယ်လား၊ မှောက်မှား ဆိုးယုတ်ရှု။
ဝိနည်းကျင့်စဉ်၊ လိုက်နာလျှင်၊ မျက်မြင် ကြီးပွားကာ။
အမှားရှိသေ၊ ကျက်သရေ တက်နေပုံပမာ။

ကိုယ်ချင်းစာတရားရှေ့ထားပြီး ဝိနည်း–သီလ ကျင့်ဆောင်ပုံ

ကိုယ်ချင်းစာတရားရှေ့ထားလျက် မိမိ၌ ကိုယ်တွေ့သဘောသက်ရောက်အောင် လုံခြုံစေမှသာ၊ ကိုယ်တိုင်ကျင့်ယူမှသာ ထိုဂုဏ်သိက္ခာနှင့် လိုက်လျောညီညွတ်သူ (၀ါ) ကိုယ်ကျင့်တရားရှိသူဟု လူသာခုခေါ်, နတ်သာခုခေါ်ဖြစ်နိုင်၏။ ထို့အပြင် ထို ဝိနည်း သီလသိက္ခာပုဒ်တို့၌ တစ်ပါးတစ်ပါးမှာ–

* **ကိုယ်တိုင်** – မိမိကိုယ်တိုင် စောင့်ထိန်း လိုက်နာ ကျင့်ဆောင်ခြင်း၊
* **တိုက်တွန်း** – သူတပါးတို့အား တိုက်တွန်း နှိုးဆော် စေခိုင်းခြင်း၊
* **ချီးမွမ်း** – တပါးသူတို့ အားကျလိုက်နာစေရန်ရည်ရွယ်၍ ချီးမွမ်းခြင်း၊
* **စိတ်တူ** – မိမိက စိတ်တူ ဆန္ဒတူ သဘောတူ ကျေနပ်မှုတို့ဖြစ်ခြင်း၊

ဟူ၍ အခြံအရံနှင့်တကွ ၄–ပါးစီရှိပြန်ရာ အပြားအားဖြင့် ဂုဏ်သိက္ခာပုဒ်များ (ကုသိုလ်–မဂ်ီလာ)ပွားများလာမည်ဖြစ်ပြီး၊ အရိယာကန္တသီလမျိုး၌ ပါဝင်၍ သီလရှိသူဟု တံခွန်ထူ လက်ခမောင်း ခတ်ပြနိုင်ပါမည်။

သိဂ်ီလောဝါဒသုတ်လာ လူမှုကျင့်ဝတ်များ

ဤ ကျင့်ဝတ်များသည် လောကီ,လောကုတ္တရာအတွက် ကျေးဇူးများ၍ သိမှတ် ကျင့်ဆောင်နိုင်ရန် ဖြစ်ပါသည်။

(၁) **သားသမီး ကျင့်ဝတ် ၅–ပါး**
ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှုမ္ဘဝေ၍၊
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားသမီးတာ။

(၂) **မိဘ ကျင့်ဝတ် ၅–ပါး**
မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊
ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

(၃) **တပည့် ကျင့်ဝတ် ၅–ပါး**
ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊
သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

(၄) **ဆရာ ကျင့်ဝတ် ၅–ပါး**
အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊
သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။

(၅) **လင် ကျင့်ဝတ် ၅-ပါး**

မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊
မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

(၆) **မယား ကျင့်ဝတ် ၅-ပါး**

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊
ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

(၇) **မိတ်ဆွေ ကျင့်ဝတ် ၅-ပါး**

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊
သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ။

(၈) **အလုပ်ရှင် ကျင့်ဝတ် ၅-ပါး**

ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ၄ဝေရသာ၊
အခါကိုလွှတ်၊ အရှင်ဝတ်၊ မချွတ်ငါးခုသာ။

(၉) **အလုပ်သမား ကျင့်ဝတ် ၅-ပါး**

အိပ်သော်နောက်ကျ၊ ထသော်ကားရှေ့၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊
ကျေးဇူးမြွက် ငါးချက် ကျွန်ကျင့်ရာ။

(၁၀) **ဒါယကာ ကျင့်ဝတ် ၅-ပါး**

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊
တတ်အားလျှုစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။

(၁၁) **ရဟန်း ကျင့်ဝတ် ၆-ပါး**

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊
နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွန်သေချာ။

(၁၂) **လူကြီး ကျင့်ဝတ် ၆-ပါး**

ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ကြည့်ရှု၊
ဤခြောက်ခုကား၊ ကြီးသူကျင့်ရာ တရားတည်း။

လူ့ကျင့်ဝတ်များကိုလိုက်နာလျှင်– အရိယသစ္စာန ဒဿနံ၊ နိဗ္ဗာနသစ္ဆိကိရိယာစ၊ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ၊ အသောကံ၊ ဝိရဇံ၊ ခေမံ ဟူသော လောကုတ္တရာမဂ်လာ ၆-ပါးမှတပါး၊ ကျန်သော လောကီမဂ်လာ ၃၂-ပါးတို့ဖြစ်နိုင်ပါသည်။

ဆရာတော် ဦးဗုဒ္ဓ၏ ဂီဟိဝိနယ ဆုံးမစာ

ဥစ္စာပျက်ကြောင်း ၆–ပါး

သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုင့်သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား ယိုယွင်းဥစ္စာပျက်ကြောင်းတည်း။

မူးယစ်သေစာ သောက်စားခြင်း အပြစ် ၆–ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤ ခြောက်ပါးကား၊ သောက်စားသေစာ အပြစ်တည်း။

အခါမဲ့သွားလာခြင်း အပြစ် ၆–ပါး

ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်းအရာ၊ ရွံ့ရှာလေအပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစု၊ ခြောက်ခု ခါမဲ့သွားပြစ်တည်း။

သဘင်ပွဲလမ်း အပြစ် ၆–ပါး

ကခြင်းတလီ၊ သီသည်တသီး၊ မှုတ်တီးတသင်း၊ ပြိန်ဖျင်းတအုပ်၊ လက်ခုပ်တထည်၊ အိုးစည်တဖြာ၊ ရှိရာရှာ၍၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား၊ ကြည့်ရှုသဘင်အပြစ်တည်း။

လောင်းကစားသူ အပြစ် ၆–ပါး

အောင်သူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား၊ ပျော်ပါးကြွေအံ့ အပြစ်တည်း။

မိတ်ဆွေပျက် အပြစ် ၆–ပါး

ကြွေအံ့ကြူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမှု။ အတုပြုဌား၊ လှည့်စားတထောက်၊ မျက်မှောက်လှည့်ချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ပစ်လားကြောင့်၊ ပျက်ပြားမိတ်ဆွေ အပြစ်တည်း။

ပျင်းရိခြင်း အပြစ် ၆–ပါး

အချမ်းပြင်းဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလှလွန်းယောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်းဝလွန်ထွေ၊ နေကပညာ၊ မပွားရာသည်၊ ခြောက်ဖြာပျင်းသူ အပြစ်တည်း။

ဦးတင်ဝင်း (ဒိုတ်ဦး-သုံးခွ)

ဝတ္ထု သာဓကများ

ဝိနည်းလေးစားသော ရဟန်းတော်တစ်ပါး

မြတ်စွာဘုရားလက်ထက်က ရဟန်းတစ်ပါးသည် တောထဲ၌ တရားအားထုတ်နေစဉ် လူဆိုးများ၏ ဖမ်းဆီးခြင်းကို ခံရလေသည်။ ထိုလူဆိုးတို့က ရဟန်းတော်အား နွယ်ကြိုးဖြင့်တုတ်၍ ကိစ္စတစ်ခုဖြင့် တခြားသို့ထွက်သွားစဉ် တောမီးလောင်လေရာ မိမိကိုချည်ထားသောနွယ်ကြိုးကိုဖြတ်၍ ထွက်ပြေးလျှင် လွတ်မည်မှန်းသိသော်လည်း နွယ်ပင်ပြတ်သေလျှင် ဝိနည်းစည်းကမ်း ချိုးဖောက်ရာကျမည်စိုးသောကြောင့် ထိုခဏ၌ အသက်အသေခံ၍ တရားအားထုတ်ရာ ရဟန္တာဖြစ်လေသည်။ ထိုသို့ အန္တရာယ်နှင့် တွေ့ကြုံရသော်လည်း ဗုဒ္ဓပညတ်တော်မူခဲ့သော ဝိနည်းသိက္ခာပုဒ် စည်းကမ်းဥပဒေများကို စောင့်ထိန်းသောကြောင့် ထိုရဟန်း၏ဂုဏ်သတင်းသည် ယနေ့ထိတိုင်အောင် သာသနလောက၌ နမူနာယူစရာ စံတစ်ခုအဖြစ် ထင်ရှားကျော်ကြားလေသည်။

ထိုသို့ဖြစ်ရခြင်းမှာ အသက်ပေး၍ ဝိနည်း စည်းကမ်းဥပဒေကို စောင့်ရှောက်ထိန်းသိမ်းခြင်း "ဝိနယောစ သုသိက္ခိတော"မဂ်လာနှင့် ပြည့်စုံသောကြောင့်ဖြစ်ပါသည်။

သာဓိနမင်းကြီးဝတ္ထု-

ရှေးအခါက မိတ္ထိလာပြည်ကြီးကို ဘုရင်သာဓိနမင်းကြီး အုပ်စိုးမင်းပြုခဲ့၏။ မင်းကြီးသည် မင်းကျင့်တရား ၁၀-ပါးနှင့်ပြည့်စုံသည့်အပြင် ဂိဟိဝိနယ=ငါးပါးသီလ လူ့ကျင့်ဝတ်ကိုလည်း အစဉ်ကျင့်ကြံအားထုတ် ထိန်းသိမ်းစောင့်ရှောက်၏။ တိုင်းသူပြည်သားများကိုလည်း ငါးပါးသီလမြဲအောင် ဟောပြောဆုံးမသည့်အတွက် ပြည်သူပြည်သားများသည်လည်း လိုက်နာကျင့်သုံးကြပါသည်။ လူဆိုးသူခိုး ဆူပူသောင်းကျန်းသူများဘေးရန်က ကင်းဝေးနေပြီး၊ ရာသီဥတု မိုးလေဝသ မှန်ကန်သောကြောင့် ဆန်ရေစပါးတွေလည်း ပေါများကာ မင်းနှင့်ပြည်သူ, တိုင်းပြည်ကြီး အေးချမ်းသာယာစွာ နေထိုင်နိုင်ကြပါသည်။ သေလွန်ကြသောအခါမှာလည်း နတ်ပြည်သို့ရောက်ကြရ၏။ "ဝိနယောစ သုသိက္ခိတော"မဂ်လာနှင့် ပြည့်စုံသောကြောင့် နတ်ရွာစံတယ်ဆိုသည့်စကားနှင့်အညီ နတ်ပြည်သို့ရောက်ကြရပါသည်။

အခြားမှတ်သားဖွယ်

မြောက်ကျွန်းသူကျွန်းသားများသည် ပဉ္စသီလတရားတွေကို မြဲနေကြသည့်အတွက် သက်တမ်းအနှစ်တစ်ထောင်နေနိုင်ကြပြီး ကောင်းရာသုဂတိသို့သာ လားရ၏။

၁၀။ သုဘာသိတာ ၏ ယာဝါစာ စကားလိမ္မာမဂ်လာ

{ **သုဘာသိတ–** ကောင်းစွာပြောဆိုတတ်သော၊ **ဝါစာ–** နှုတ်ထွက်စကား၊ }

ကောင်းစွာ နာယူသင်ကြား မှတ်သားကျင့်သုံးအပ်သော ဝိနည်းတရား ရှိသောပုဂ္ဂိုလ်၌ သုဘာသိတဝါစာဖြစ်မှုကား လွယ်ကူသောကြောင့် အခြားမဲ့၌ 'သုဘာသိတ ဝါစာ မဂ်လာ'ကို ဟောတော်မူသည်။

မျက်စိနှင့်နားကို ပညာသင်ပေးသော ဗာဟုသစ္စဗေဒတက္ကသိုလ်၊ အတတ်ပညာသင်ကြားပေးသော သိပ္ပဗေဒတက္ကသိုလ်၊ ကိုယ်နှုတ်စိတ်ဓာတ်တို့ကို ပြုပြင်သင်ကြားပေးခဲ့သော ဝိနယောစ သုသိက္ခိတောတက္ကသိုလ် သုံးရပ်တို့၌ ပညာသင်ကြားရေးပြဿနာကုန်ပြီဟု မသတ်မှတ်သေးပဲ၊ သုဘာသိတဝါစာတက္ကသိုလ်တွင် နှုတ်မှုပညာ=မဂ်လာကို ဆက်လက်သင်ကြားတတ်မြောက်နိုင်ရန်အတွက် ဟောတော်မူသည်ဟု မှတ်ယူထိုက်ပေသည်။

ဤ တက္ကသိုလ် မဂ်လာတရားတော် စီမံကိန်းအရ ပညာရေးစနစ်အသီးသီး သတ်မှတ်၍ **မဂ်လာတိုင်းပြည်ကြီးတည်ထောင်ရန် စီမံချက်များ–**

ဗာဟုသစ္စဗေဒပညာရေး	အကြားအမြင်	**မျက်စိ,နား**	အသိပညာ	ဝိဇ္ဇာပညာ
သိပ္ပဗေဒပညာရေး	စက်မှုလက်မှု	**လက်,ခြေ**	အတတ်ပညာ	သိပ္ပံပညာ
ဝိနယောစသုသိက္ခိတပညာရေး	ကိုယ်ကျင့်တရား	**စိတ်**	ယဉ်ကျေးမှုပညာ	ဥပဒေပညာ
သုဘာသိတဝါစာပညာရေး	စကားပြောအတတ်	**နှုတ်**	နှုတ်မှုပညာ	ဝိဇ္ဇာပညာ

ချိုသာတဲ့ နှုတ်ခွန်း

စကားကို ချိုချိုသာသာ ပြောဆိုတတ်ခြင်းသည် ကြီးပွားချမ်းသာဖို့ မဂ်လာတစ်ပါးဖြစ်ပါသည်။ လူတစ်ယောက်သည် ဗာဟုသစ္စဗေဒ သိပ္ပဗေဒမဂ်လာနှင့် ပြည့်စုံ၍ ကိုယ်ကျင့်ကောင်းနေသော်လည်း စကားအပြောမတတ်လျှင် ကြီးပွားသင့်သလောက် မကြီးပွားနိုင်သေး။ စကားကိုလည်း ချိုချိုသာသာပြောတတ်မှ အစွမ်းကုန်ကြီးပွားနိုင်ပါသည်။ စကားပြောကောင်းသူတို့ အထက်တန်းရောက်နေပုံကို လက်တွေ့သာဓကအများ တွေ့မြင်နိုင်ပါသည်။

လမ်းညွှန်။ ။ စည်းကမ်းရှိသော်လည်း ပေါင်းသင်းဆက်ဆံရေး မပြေပြစ်လျှင် ကြီးပွားရေး စီးပွားရေးတို့၌ အနှောင့်အယှက်ဖြစ်၏။ လူတိုင်းနှင့် သင့်သင့်မြတ်မြတ် ပေါင်းသင်းနေထိုင် ဆက်ဆံပြောဆိုရန်လိုအပ်ကြောင်း သုဘာသိတာ စ ယာဝါစာမင်္ဂလာက **ပြောဆိုဆက်ဆံမှု ပြေပြစ်ရေး၊ အောင်မြင်စွာ စည်းရုံးနိုင်ရေး**အတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ ဒုစရိုက်မဖြစ် အပြစ်ကင်းလွတ်သော စကားကိုသာ သုဘာသိတ ဝါစာ ကောင်းစွာပြောအပ်သော စကားဟုခေါ်သည်။ ဝစီသုစရိုက် ၄-ပါး ရ၏။

☺ နှုတ်ခမ်းကို အလှဆင်ပေးသော မင်္ဂလာ။

"သုဘာသိတာ စ ယာဝါစာ" မင်္ဂလာဖြစ်သူ

ကောင်းသောစကားကို ပြောဆိုတတ်သူ၊ အပြောအဆို ယဉ်ကျေးသူ၊ မှန်မှန်ကန်ကန် ပြောတတ်သူ၊ တစ်ဖက်သားနားဝင်အောင် ပြောတတ်သူ၊ နှုတ်ချိုသူ၊ အပြောမဆိုးသူ၊ အပြောကောင်းသူ၊ အကောင်းပြောသူ၊ အပြောအဆို လိမ္မာသူ၊ ဆဲဆိုရှ် မပြောတတ်သူ၊ ကြမ်းကြမ်းတမ်းတမ်း မပြောတတ်သူ၊ ခင်မင်အောင် ပြောတတ်သူ၊ ချိုချိုသာသာ ပြောတတ်သူ၊ စကားတတ်သူ၊ အချင်းချင်း ရန်တိုက် မပေးသူ၊ ကာမကိစ္စများကို မပြောသူ၊ အကျိုးမဲ့စကား မပြောသူ၊ သင်ခန်းစာ မရနိုင်သော ရုပ်ရှင်ဇာတ်လမ်းအကြောင်း မပြောသူ၊ အတင်းအဖျင်း မပြောသူ၊ စောင်းမြောင်း မပြောတတ်သူ စသည်.. .

* ဝစီသုစရိုက် ၄-ပါးသည် မင်္ဂလာတရားနှင့်ပြည့်စုံပြီး၊ (စာမျက်နှာ-၅၀)
* ဝိစီဒုစရုက် ၄-ပါးသည် သုဘာသိတဝါစာမင်္ဂလာ ပျက်၏။ (စာ-၄၅)

"သုဘာသိတာ စ ယာဝါစာ"မင်္ဂလာ အကျိုး

"သုဘာသိတဝါစာ"သည် ပြောသူအတွက်သာ မင်္ဂလာဖြစ်ရုံတင်မကဘဲ နာကြားရသူအတွက်လည်း မင်္ဂလာဖြစ်ပါသည်။ သီဟိုဠ်ကျွန်းသူ အစေခံမလေး တစ်ယောက်သည် လမ်းဘေးမှာ ကောက်စပါးကိုကောက်ရင်း ပဋ္ဌသန္ဓေနေရခြင်း, အိုရခြင်း, သေရခြင်းနှင့်စပ်ယှဉ်သော သီချင်းကိုသီဆိုနေရာ ထိုသီချင်းသံကို ကြားရတာနဲ့ပဲ ဝိပဿနာရှုမှတ်နေကြတဲ့ ခရီသွားရဟန်း ၆-ကျိပ်တို့သည် ရဟန္တာဖြစ်သွားကြရပါသည်။

စကားအရာ အဂ်ါ ၄–ပါး

"သုဘာသိတ၊ ပိယဝါစာ၊ သစ္စာ ဓမ္မ၊ ဤလေးဝ၊ မှတ်ကြေပဏ္ဍိတ" ဟု စပ်ဆိုသည့်အတိုင်း–
အပြစ်ကင်းအောင် ပြောဆိုအပ်သော စကားမျိုးဟူသည်မှာ–

၁။ သုဘာသိတ = ကောင်းစွာ ပြောဆိုအပ်သောစကားမျိုး ဖြစ်စေရခြင်း၊
၂။ ဓမ္မ = တရားနှင့်အညီ ပြောဆိုသောစကားမျိုး ဖြစ်စေရခြင်း၊
၂။ ပိယဝါစာ = နားဝင်သာအောင် ပြောဆိုသောစကားမျိုးလည်းဖြစ်စေရခြင်း၊
၃။ သစ္စာ = မုသားမပါ မှန်ရာကိုပြောဆိုသော စကားမျိုးဖြစ်စေရခြင်း၊

ဤအဂ်ါ ၄–ချက်နှင့်အညီ ပြောဆိုဆက်ဆံသူသည် လူချစ်လူခင်များပြီး စည်းရုံရေး အောင်မြင်၏။ အပြစ်လည်းကင်း၊ ပညာရှိတို့ ကဲ့ရဲ့ခြင်းကလည်း လွတ်ကင်းနိုင်ပါသည်။

၅–တန် စကားမွန်

၁။ သင့်တော်သောအခါမှာ ပြောဆိုသောစကား၊
၂။ မှန်ကန်စွာ ပြောဆိုသောစကား၊
၃။ သိမ်မွေ့စွာ ပြောဆိုသောစကား၊
၄။ အကျိုးစီးပွားနှင့်စပ်သောစကား၊
၅။ မေတ္တာစိတ်နှင့်စပ်သောစကား၊

ဤအဂ်ါ ၅–ပါးနှင့်ပြည့်စုံသောစကားသည်လည်း ကောင်းစွာပြောဆိုသည်မည်၏။ အပြစ်လည်းကင်း၊ ပညာရှိတို့ ကဲ့ရဲ့ခြင်းကလည်း လွတ်ကင်းနိုင်ပါသည်။

စကား ၆–မျိုး ခြားကြောင်း

	စကားခြောက်ခွန်း၊ လှည့်ထွန်း၊ လေးခွန်းကိုမျှော၊ နှစ်ခွန်းပြော။			မှန်	ကျိုး	နှစ်	မှတ်ချက်
၁။	မဟုတ်မမှန်၊	အကျိုးမရှိ၊	သူ့မနှစ်သက်သောစကား၊	×	×	×	
၂။	မဟုတ်မမှန်၊	အကျိုးမရှိ၊	သူ–နှစ်သက်သောစကား၊	×	×	✓	
၃။	ဟုတ်မှန်၊	အကျိုးမရှိ၊	သူ့မနှစ်သက်သောစကား၊	✓	×	×	
၄။	ဟုတ်မှန်၊	အကျိုးမရှိ၊	သူ–နှစ်သက်သောစကား၊	✓	×	✓	
၅။	ဟုတ်မှန်၊	အကျိုးရှိ၊	သူ့မနှစ်သက်သောစကား၊	✓	✓	×	ဘုရားပြော
၆။	ဟုတ်မှန်၊	အကျိုးရှိ၊	သူ–နှစ်သက်သောစကား၊	✓	✓	✓	ဘုရားပြော

ဘုရားရှင်တို့သည် ဖော်ပြပါ စကား ၆–ခွန်းတို့တွင်
၅။ ဟုတ်မှန်၊ အကျိုးရှိ၊ သူမနှစ်သက်သောစကား၊
၆။ ဟုတ်မှန်၊ အကျိုးရှိ၊ သူ–နှစ်သက်သောစကား၊
စကား ၂–မျိုးကိုသာ ပြောဆိုတော်မူသည်။ ဤစကား နှစ်ခွန်းကိုသော်မှ ပြောသင့်မှ ပြောပါသည်။ ပြောလိုက်သည့်အခါ အကျိုးရှိမှာကိုမြင်မှသာ ပြောတော်မူ ပါသည်။ ထို့ကြောင့် "စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုမျှော၊ နှစ်ခွန်းပြော။" ဟု ဆိုရိုးပြုကြခြင်း ဖြစ်ပါသည်။

၁။ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူမနှစ်သက်သောစကား–
ဆဲရေးတိုင်းထွာသောစကားမျိုး၊ သူခိုးဓားပြ မဟုတ်သူကို သူခိုးဓားပြဟု ပြောဆိုသောစကားမျိုး၊ ကျွန်မဟုတ်သူကို ကျွန်ဟုပြောဆိုသောစကားမျိုး.. မပြောရ။

၂။ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူ–နှစ်သက်သောစကား၊
နားထောင်ကောင်းပြီး သင်ခန်းစာမရနိုင်သည့် အပျော်ဖတ်၊ ရုပ်ရှင်၊ ဗီဒီယို၊ ဒဏ္ဍာရီ ပုံဝတ္ထုများနှင့် ပတ်သက်သောစကားမျိုး.. မပြောရ။

၃။ ဟုတ်မှန်၊ အကျိုးမရှိ၊ သူမနှစ်သက်သောစကား၊
သူခိုးကိုပဲ သူခိုး၊ လူဆိုးကိုပဲ လူဆိုးဟုပြောဆိုခြင်းမျိုး.. မပြောရ။

၄။ ဟုတ်မှန်၊ အကျိုးမရှိ၊ သူ–နှစ်သက်သောစကား၊
ချစ်စကားကြိုက်စကား၊ အတင်းအဖျင်းစကားမျိုး၊ ပစ္စည်းဥစ္စာကိုလိုလားတဲ့အတွက် မိမိကိုယ်ကိုနှိမ့်ချပြီး သူ့ကိုမြှောက်ပင့်ပြောဆိုသောစကားမျိုး.. မပြောရ။

၅။ ဟုတ်မှန်၊ အကျိုးရှိ၊ သူမနှစ်သက်သောစကား၊
ပြစ်တင်ဆုံးမစကားမျိုး၊ ရုပ်အဆင်းမလှ, ဆင်းရဲနွမ်းပါး, တန်ခိုးအာဏာမရှိသူကို ရှေးကကောင်းမှုမရှိခဲ့ဘူး၊ ယခုဘဝမှာ ကုသိုလ်ကောင်းမှုပြုပါဟုပြောဆိုမှုမျိုး..
(ဘုရားရှင်သည် လိုက်နာနိုင်မည့် အချိန်အခါကို သိနားလည်ပြီးမှသာ ပြော၏။)

၆။ ဟုတ်မှန်၊ အကျိုးရှိ၊ သူ–နှစ်သက်သောစကား၊
ဘုရားစကား၊ တရားစကားမျိုး၊ ပညာရှိတွေက နှစ်ပေါင်းတစ်ရာလုံးလုံး နားထောင်ရပေမယ့် မတင်းတိမ်နိုင်သော အရိယသစ္စာကိုမှီသောစကားမျိုး..
(ဘုရားရှင်သည် ပြောဆိုရမည့် အချိန်အခါကို မလွန်စေဘဲ ပြောဆိုတော်မူ၏။)

ဖော်ပြပါစကား ၆–ခွန်းအနက် နံပါတ်(၆)သည် အကောင်းဆုံးစကား ဖြစ်ပြီး၊ နံပါတ်(၁)မှာ အဆိုးဆုံးစကားဖြစ်သည်။

ဝတ္ထု သာဓကများ

ဘုရားလောင်း နွားလားအကြောင်း

နန္ဒိဝိသာလဇာတ်၌ ဘုရားလောင်းသည် တစ်ခုသောဘဝ၌ နွားဖြစ်၏။ ၎င်းကို ပုဏ္ဏားတစ်ယောက်က သားအမှတ်ဖြင့်မွေးစား၏။ ဘုရားလောင်းသည် အရွယ်ရောက်သော် ပုဏ္ဏားအား သနားသဖြင့် 'အရှင်ပုဏ္ဏား– ငါ၏နွားသည် ကုန်အပြည့်တင်၍ ရှေ့နောက် ဆက်ထားသော လှည်းတစ်ရာကို တစ်ခါတည်းရွှေ့အောင် ရုန်းနိုင်၏။'ဟု ဂေါဝိန္ဒသူဌေးအား ပြော၍ ငွေတစ်ထောင်တမ်း လောင်းပါလေ–ဟုပြော၏။ ပုဏ္ဏားသည် ဘုရားလောင်း ဆိုသည့်အတိုင်းပြု၍ လှည်းဦး၌ထိုင်ကာ "ကောက်ကျစ်စဉ်းလဲတဲ့နွား ရုန်းလော့"ဟု မကောက်ကျစ်သောနွားကို ကောက်ကျစ်စဉ်းလဲသောစကားဖြင့်ဆို၏။ ဘုရားလောင်းလည်း မနှစ်သက်ဖွယ်သောစကားကို ကြားရ၍ မရုန်းဘဲနေလေရာ ပုဏ္ဏားမှာ ငွေတစ်ထောင် ရှုံးရလေသည်။ ထိုသို့ငွေတစ်ထောင်ရှုံးရခြင်းမှာ 'သုဘာသိတဝါစာ'ပျက်၍ဖြစ်ပါသည်။

ဘုရားလောင်းနွားလားသည် ငွေတစ်ထောင်ရှုံးသဖြင့် စိတ်ပျက်အားငယ်နေသော ပုဏ္ဏားအား 'အရှင်ပုဏ္ဏား– ဂေါဝိန္ဒသူဌေးနှင့် ငွေနှစ်ထောင်တမ်း ထပ်လောင်းပါလေ၊ မကောက်ကျစ်မစဉ်းလဲသောငါ့ကိုလည်း ကောက်ကျစ်စဉ်းလဲသောနွားဟု မဆိုပါနှင့်'ဟု ပြောပြန်ရာ ပုဏ္ဏားလည်း ဘုရားလောင်းဆိုတိုင်းပြု၍ လှည်းဦး၌ထိုင်ကာ 'နွားကောင်း နွားမြတ် ရုန်းပါလော့'ဟု နှစ်သက်ဖွယ်စကားဖြင့်ဆို၏။ ဘုရားလောင်းလည်း နှစ်သက်ဖွယ် စကားကိုကြားရ၍ ကုန်အပြည့်တင်ထားသောလှည်းတစ်ရာကို နောက်ဆုံးလှည်းနှင့် ရှေ့ဆုံးလှည်းထိအောင် ရုန်းပြလေရာ ပုဏ္ဏားအနိုင်ရ၍ ငွေနှစ်ထောင်ရရှိလေသည်။

ထိုသို့အနိုင်ရခြင်းမှာ ယဉ်ကျေးချိုသာသောစကားကို ပြောဆိုမှု 'သုဘာသိတဝါစာ မဂ်လာနှင့် ပြည့်စုံ'သောကြောင့် ဖြစ်ပါသည်။

သဗ္ဗမံသလာဘဇာတ်

သဗ္ဗမံသလာဘဇာတ်တော်၌ သူဌေးသားသူငယ်ချင်း လေးယောက်တို့သည် မုဆိုးတစ်ယောက်ထံမှ ဟင်းလျှာအသားတောင်းကြရာ တစ်ဦးက 'ဟေ့–မုဆိုး ငါ့အား အသားတုံးပေးလော့'ဟု ဖရုသဝါစာဖြင့် ကြမ်းတမ်းသောစကားကိုသုံးနှုန်း၍ တောင်းသော ကြောင့် ဖရုသဝါစာစကားအားလျော်စွာ အသားမပါသောအရိုးအကာကိုသာ ရ၏။ တစ်ဦးက 'အစ်ကိုကြီး ကျွန်ုပ်အား အသားပေးပါ'ဟုတောင်းရာ အစိတ်အပိုင်းဖြစ်သော အသားကို ရ၏။ တစ်ဦးက 'ဘခင် ကျွန်ုပ်အား အသားပေးပါ'ဟု တောင်းသောအခါ နှလုံးသားကိုသာ ရ၏။ နောက်ဆုံးတစ်ဦးက 'အဆွေ ကျွန်ုပ်အား အသားပေးပါ'ဟု တောင်းသောအခါတွင် သုဘာသိတဝါစာဖြစ်သောကြောင့် ပါရှိသမျှသောအသားအားလုံးကို အိမ်သို့အရောက် လိုက်ပို့ပေးလေသည်။ ဤကား သုဘာသိတဝါစာမဂ်လာ အကျိုးတည်း။

မဂ်လသုတ်ပို့ (မုံရွေးဆရာတော်)
(သတ္တမပို့) (သင်ကြားရေးမဂ်လာ ၄-ပါး)

ဗာဟုသစ္စဉ္စ ? (အကြားအမြင်များမဂ်လာ)
သိပ္ပဉ္စ[၈] (အတတ်ပညာသင်မဂ်လာ)
ဝိနယော စ သုသိက္ခိတောဧ (ကျင့်ဝတ်လေ့လာမဂ်လာ)
သုဘာသိတာ စ ယာဝါစာ[၁၀] (စကားလိမ္မာမဂ်လာ)

၇။ ငွေဝတိန်သာ၊ နတ်တို့ရှာက၊ ဣန္ဒာဒေဝ၊ သိကြားတမန်၊ မောင်နတ်မွန်.. .။

(၇) အလွန်ကဲမှ၊ ဗာဟုသစ္စ၊ သုတစိန္တာ၊ ဘာဝနာဟု၊ များစွာမှတ်သား၊
အကြားအမြင်၊ ဉာဏ်အင်တိုးပွား၊ များသည်တကြောင်း၊
(၈) မကောင်းတုံလတ်၊ ပါပဝင်္ဆမ္ဘ၊ ကင်းလွတ်သမျှ၊ သိပ္ပကဲမြတ်၊
အတတ်ထူးလည်၊ တတ်သည်တကြောင်း၊
(၉) ပျော့ပျောင်းနှလုံး၊ ကိုယ်နှုတ်သုံး၍၊ ဆုံးမနိုင်သည်၊ တွင်မည်တကြောင်း၊
(၁၀) လူအပေါင်းတို့၊ နတ်စောင်းတီးလှာ၊ ထို့ပမာသို့၊ နားမှာဝင်စေ၊
အနေသင့်ရာ၊ ကောင်းစွာပိုင်းခြား၊ စကားသံချို၊ ပြောဆိုရခြင်း၊
အခင်းတကြောင်း၊

ပေါင်းလတ်တုံတြား၊ဤလေးပါးကို၊ယုံမှားကင်းလွတ်၊စိတ်နေညွတ်လျက်၊လွန်မြတ်လှစွာ၊
မဂ်လာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန် စွဲမှတ်ရှာလေလော့..

ပို့အခ်ီပွါယ်

ငွေရောင်အဆင်းရှိသော တာဝတိံသာနတ်ပြည်မှ သိကြားမင်းတမန် မောင်နတ်သား..

(၇) သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တို့ဖြင့် လေ့လာမှတ်သား
အပ်သည့် အကြားအမြင်တို့နှင့် ပြည့်စုံခြင်းသည် မဂ်လာ မည်၏။
(၈) မကောင်းမှုခေါ်ဆို အကုသိုလ်မှ ကင်းလွတ်သော အတတ်ပညာများကို
ကောင်းစွာတတ်မြောက်ခြင်းသည် မဂ်လာ မည်၏။
(၉) မိမိကိုယ်ကို ကိုယ်နှုတ်နှလုံး သုံးပါးလုံးပင် နူးညံ့ပျော့ပျောင်းအောင် ဆုံးမ
နိုင်ခြင်းသည် မဂ်လာ မည်၏။

(၁၀) နတ်စောင်းကို တီးသည့်အလား လူအများနားဝင်အောင် ချိုသာသော စကားကို ကာလဒေသနှင့်လိုက်ညီစွာ ပြောဆိုခြင်းသည် မင်္ဂလာ မည်၏။

အကြားအမြင်များခြင်း၊ လက်မှုပညာတတ်မြောက်ခြင်း၊ ဝိနည်းကို သင်၍ကျင့်ခြင်း၊ စကားကို ကောင်းစွာပြောဆိုခြင်း၊ ဤတရားလေးပါးကို မွန်မြတ်လှစွာ မင်္ဂလာ မည်၏ဟူ၍ သဒ္ဓါကဲလွန် နတ်တမန်သည် ယုံမှားမရှိ စွဲမြဲစွာ မှတ်လေလော့။

လို့ရင်းစက်ဆစ်အဓိပ္ပာယ်

ဌေဝတိန်သာ – အရှေ့ဘက်၌ ဌေရောင်အဆင်းရှိသော တာဝတိံသာနတ်ပြည်၊
ဗာဟုသစ္စ – (ပါဠိ) များသော အကြားအမြင်၊
သုတ – (ပါဠိ) သုတမယဉာဏ (ကြားနာသဖြင့်ပြီးသောဉာဏ်)
စိန္တာ – (ပါဠိ) စိန္တာမယဉာဏ (ကြံစည်သည်သဖြင့်ပြီးသောဉာဏ်)
ဘာဝနာ – (ပါဠိ) ဘာဝနာမယဉာဏ (ပွားများသဖြင့်ပြီးသောဉာဏ်)
* (ဤဉာဏ်သုံးမျိုး အဆင့်ဆင့်တိုးတတ်အောင် အားထုတ်ရမည်။)
ပါပဝဋ္ဋ– ပါပ–မကောင်းသောအကုသိုလ်၊ ဝဋ္ဋ–အပြတ်ဖြစ်ခြင်း၊
ကမ္မဝဋ္ဋ – လောကီကုသိုလ်, အကုသိုလ်ကံ အကြောင်းတရား၊
ဝိပါကဝဋ္ဋ – လောကီအကျိုး ဝိပါက်တရား၊
ကိလေသဝဋ္ဋ – ကိလေသာတရား၊
သိပ္ပ – (ပါဠိ) အတတ်ပညာ၊
ထူးလည် – အထူးတလည်၊ ထူးထူးခြားခြား၊
ပမာ – (ပါဠိ) ဥပမာ = နှိုင်းခိုင်းခြင်း၊
စကားသံချို – ချိုသာသော စကားသံ၊

အတတ်ပညာ

အတတ်ပညာရပ်သည် နည်းလမ်းမှန်ကန်စွာ အသုံးပြုသူအတွက် ကြီးပွားချမ်းသာနိုင်သော်လည်း လူမိုက်များအတွက်မူ ဆင်းရဲဒုက္ခသာ ဖြစ်ပေါ်စေခဲ့သည်။ "ကိုယ့်အတတ်နှင့် ကိုယ်စူး" ဟူသောစကားသည် အတတ်ပညာကို လွဲမှားစွာ အသုံးပြုသူများအား ရည်ရွယ်ခြင်းဖြစ်သည်။

အဌာရသသိမ္ဘ – တစ်ဆယ့်ရှစ်ရပ်ပညာဟူသည်

၁။ သုတိ – ဝေဒကျမ်းအတတ်၊
၂။ သမိတိ – ကမ္မာ့ဥပဒေသကျမ်းအတတ်၊
၃။ သင်္ခ်ာ – သင်္ခ်ာ ခေါ် အဘိဓမ္မာကျမ်းအတတ်၊
၄။ ယောဂ – ယောဂ ခေါ် အဘိဓမ္မာကျမ်းအတတ်၊
၅။ နီတိ – နီတိကျမ်းအတတ်၊
၆။ ဝိသေသိက – ဝိသေသိက ခေါ် အဘိဓမ္မာကျမ်းအတတ်၊
၇။ ဂဏိတ – အတွက်အချက်သင်္ခ်ာကျမ်းအတတ်၊
၈။ ဂန္ဓဗ္ဗ – အတီးအမှုတ်, တူရိယာပညာကျမ်းအတတ်၊
၉။ တိကစ္ဆ – ဆေးကုခြင်းအတတ်၊
၁၀။ ဓနုဗ္ဗေဒ – လေးအတတ်ပညာဆိုင်ရာကျမ်းအတတ်၊
၁၁။ ပုရာဏ – ရှေးဟောင်းအဖြစ်သနစ်ပြသောကျမ်းအတတ်၊
၁၂။ ဣတိဟာသ – ရာဇဝင်, ပုံပြင်, နိပါတ်ရှေးစကားကျမ်းအတတ်၊
၁၃။ ဇောတိသ – နေ, လ, ဂြိုဟ်, နက္ခတ်ကျမ်းအတတ်၊
၁၄။ မာယာ – ရာဇပရိယာယ်စသော ဥပါယ်ကျမ်းအတတ်၊
၁၅။ ဟေတု – တက္ကဗေဒ ခေါ် ဟေတုဝိဇ္ဇာကျမ်းအတတ်၊
၁၆။ မန္တန – ဂါထာမန္တာန်ကျမ်းအတတ်၊
၁၇။ ယုဒ္ဓါ – စစ်ပညာကျမ်းအတတ်၊
၁၈။ ဆန္ဒသာ – ဝေဒဆိုင်ရာဂါထာနှင့် ကဗျာလင်္ကာကျမ်းအတတ်၊
(အဌာရသ – ၁၈–ရပ်အတတ်ပညာကိုပြဆိုရာ **မူကွဲများ**ရှိပါသည်။)

လောကနီတိ

* အတတ်ပညာသည် အဆွေခင်ပွန်းဖြစ်၏။
* အတတ်ပညာနှင့်တူသော ဥစ္စာဟူသည်မရှိ။
* အတတ်ပညာကို မည်သူမျှခိုးယူ၍မရ။
* ဤဘဝ၌သာမက တမလွန်ချမ်းသာကိုပင် ဆောင်ယူတတ်၏။

အမျိုးပြင့်မြတ်၍ အဆင်းအရွယ်နှင့်ပြည့်စုံပါသော်လည်း အတတ်ပညာ ချိုတဲ့ မူကား "အနုံ.ကင်းသောပေါက်ပန်းကဲ့သို့ တင့်တယ်ခြင်းမရှိ"။

မဂ်လာ+အဘိဓမ္မာသဘော

သုဂတ–ဂုဏ်တော်

လောကဌ် ကောင်းသောစကား ပြောဆိုကြသူများတွင် ဘုရားရှင်သည် အသာလွန်ဆုံး အထူးချွန်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ မည်သူမျှ မပြောဆိုဖူးသော **သဒ္ဒ**၊ မည်သူမျှ မသိရသေးသော **အတ္ထ**များကို ထုတ်ဖော်ပြောဆိုခဲ့၏။ ဖဿ, ဝေဒနာ စသော အသုံးအနှုန်းများ၊ နိဗ္ဗာန်, ပညတ် စသော **ဝေါဟာရ**များ၊ အနိစ္စ, ဒုက္ခ, အနတ္တစသော အခေါ်အဝေါ်များသည် ဘုရားရှင် စတင်သုံးစွဲခဲ့သော သဒ္ဒများ ဖြစ်၏။ သခ်ါရတရားတို့သည် အမြဲမရှိ၊ ဆင်းရဲကုန်၏။ အလုံးစုံသောတရား တို့သည် အနတ္တတည်း။ ဤသို့စသည် အတ္ထများကိုလည်း ထုတ်ဖော်ပြောဆို ခဲ့သည်။ ဘုရားရှင်သည် ကောင်းသောစကားကို အများဆုံးပြောဟောသူဖြစ်၏။ သုဂတ–ဟူသော၏ဂုဏ်တော်သည် ဘုရားရှင်တို့နှင့်သာ လိုက်ဖက်သော အမည်တော် ဖြစ်ပေသည်။

"ဘုရားတည်းဟူသော လမင်းသည် မပေါ်ထွန်း မပွင့်ပေါ်သည်ရှိသော် ဘုရား တည်းဟူသော နေမင်းသည် မပေါ်မထွက် မတက်သည်ရှိသော် အနိစ္စစသော သဘာဝ တရားတို့၏ အမည်မျှသည်လည်း မထင်ရှား၊ မသိနိုင်ချေ။ (ဝိ၊ ၅၊ ၁၅ဖ။)

သောဝစဿတာ စ။ ဆိုဆုံးမလွယ်သောစကား ရှိသောသူ၏ အမူ၏ အဖြစ်သည်လည်း၊× ॥ အရတရား= ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် ရှိသေစွာ နားထောင်သောအခါ မဟာကု ၈, မဟာကြို ၈၊ (ဝိရတီ,အပ္ပကြဥ်)စေ ၃၃၊
ဒေါဝစဿတာ စ။ ဆိုဆုံးမခက်သောစကား ရှိသောသူ၏အမူ၏ အဖြစ်သည်လည်း၊× ॥ အရတရား= ဘုရားဟောတော်မူအပ်သောသိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရှိမသေပြုသောအခါ ဒေါ ၂၊ စေ ၂၂၊
သာခလျဉ္ဇ။ နှုးညံ့ပြေပြစ်ချစ်ဖွယ်သောစကား ရှိသောသူ၏ အဖြစ်သည်လည်း၊× ॥ အရတရား = ချစ်ဖွယ်သောစကားကို ဆိုသောအခါ မဟာကု ၈, မဟာကြို ၈၊ စေ ၃၈၊
သီလဝိသုဒ္ဓိ စ။ သီလ၏အထူးသဖြင့်စင်ကြယ်ခြင်းသည်လည်း၊ (ဝါ)အထူး သဖြင့် စင်ကြယ်သော သီလသည်လည်း၊× ॥ အရတရား = လောကုတ် ၈၊ စေ ၃၆၊
သီလသမ္ဓဒါ စ။ သီလ၏ ပြည့်စုံခြင်းသည်လည်း၊× ॥ အရတရား= မဟာကု ၈, မဟာကြို ၈၊ စေ ၃၈
သီလဝိပတ္တိ စ။ သီလ၏ ပျက်ခြင်းသည်လည်း၊× ॥
(ကိုယ်,နှုတ်ဖြင့် ကျူးလွန်ပြစ်မှားလျှင် သီလ ပျက်စီးတတ်၏။) အရတရား= အကု ၁၂၊ စေ ၂၇၊

မှတ်ပွယ်ရာရာ မင်္ဂလာ-

သင်မှသိ သိမှကျင့် ကျင့်မှရ မြတ်ဗုဒ္ဓ၏ သြဝါဒ

တတ်ထားရုံမျှဖြင့် အကျိုးမရှိ

ဘာသာရေးစာပေ ကျမ်းဂန်ပဲဖြစ်ဖြစ် လောကီပညာစာပေကျမ်းဂန်ပဲဖြစ်ဖြစ် သင်ထားရုံ, တတ်သိနားလည်ရုံမျှဖြင့် ကြီးပွားချမ်းသာရေး-မင်္ဂလာ မဖြစ်နိုင်ပါ။ နာမည်ကြီးရုံ, အဆွေအရံပေါများရုံမျှသာ ဖြစ်ပါသည်။ သိနားလည်ထားသည့် အတိုင်း လိုက်နာကျင့်သုံး လုပ်ကိုင်ဆောင်ရွက်မှသာ မင်္ဂလာ ဖြစ်နိုင်ပါသည်။

ကပိလရဟန်းသည် ပိဋကတ်သုံးပုံဆောင်, စာချုပ်ဂျုံလ်ကြီး ဖြစ်ပါသည်။ တတ်သိထားသောပညာကြောင့် နံမည်ကြီးပြီး, အခြံ့အရံများ, လာဘ်လာဘ လည်းပေါများလာပါသည်။ ဤအချက်များကို အကြောင်းပြု၍ မာန်တက်လာ ခဲ့ပါသည်။ ငါ့ကို အာခံနိုင်မည့်သူ မရှိဘူး- ဆိုသည့်သဘောဖြင့် တရားသည်ကို မတရား၊ မတရားသည်ကိုတော့ တရား၊ အမှားကို အမှန်၊ အမှန်ကို အမှားဟု ဖောက်ပြားယွင်းချွတ် အလိုရှိသလို ပြောဆိုဆုံးဖြတ်လာခဲ့သည်။ ထို့ကြောင့် သူတတ်ထားသမျှ ပညာဗဟုသုတများမှာ ကောင်းကျိုးမင်္ဂလာ ဖြစ်မလာခဲ့ဘဲ အဝီစိငရဲကို ရောက်ရန်အတွက်သာ ဖြစ်လာပါတော့သည်။

✌ အတတ်တစ်မျိုးတည်းကပဲ မင်္ဂလာ, အမင်္ဂလာ ဖြစ်ပုံ

* မိမိအတတ် သုံးချတတ်၊ များမြတ် အကျိုးလာ၊
  ချမ်းသာအေးမြ နေထိုင်ရ၊ မုချ မင်္ဂလာ၊
* မိမိသင်ထား အတတ်များ၊ လွဲမှား သုံးသူမှာ၊
  ခုလဲဒုက္ခ, နောင်ဒုက္ခ၊ ရောက်ရ ငရဲရှာ။

✋ ပစ္စည်းဥစ္စာ ၅-မျိုး

* ဒါန,သီလအစရှိသော ကုသိုလ်ကောင်းမှုတို့သည် - အနုဂါမိကပစ္စည်းဥစ္စာ၊
* လယ်ယာကိုင်းကျွန်း, ဥယျာဉ်ခြံမြေအစရှိသည်တို့သည် - ထာဝရပစ္စည်းဥစ္စာ၊
* ကျွဲ,နွား,ဆင်,မြင်းအစရှိသည်တို့သည် - ဇင်္ဃပစ္စည်းဥစ္စာ၊
* ရွှေ,ငွေ,စိန်,ကျောက်အစရှိသည်တို့သည် - သံဟာရိမပစ္စည်းဥစ္စာ၊
* တတ်သိနားလည်ထားသည့် အတတ်ပညာသည် - အသင်္ဂမပစ္စည်းဥစ္စာ၊

မင်္ဂလာမြတ် ၁၄ လေ့ကျင့်အပ်

အောက်ပါပုဂ္ဂိုလ်တို့၌ အဘယ်မင်္ဂလာများ (ပြည့်စုံ) သို့မဟုတ် (ပျက်)သနည်း။

* အသိပညာရှင်၊ အတတ်ပညာရှင် ..... (၇၊၈)
* အနေအထိုင်မတတ်သူ၊ ကျောင်းစည်းကမ်းမရှိသေသူ၊ ..... (၉)
* နေစဉ်သတင်းစာဖတ်သူ၊ ဇာထိုးပန်းထိုးတတ်သူ၊ ..... (၇၊၈)
* အပြောအဆို ရိုင်းစိုင်းသူ၊ တရားဥပဒေ ရိုသေသူ၊ ..... (၁၀၊၉)
* နေပုံထိုင်ပုံ စနစ်ရှိသူ၊ အပြောအဆို ယဉ်ကျေးသူ၊ ..... (၉၊၁၀)
* အပြောဆိုးသူ၊ ပရိသတ်ထဲ ကိုယ့်ကားယားထိုင်သူ၊ ..... (၁၀၊၉)
* စည်းကမ်းရှိသူ၊ တာဝန်သိသူ၊ လာဘ်ယူသူ၊ ..... (၉)
* စာပေပညာသင်ကြားခြင်း၊ လက်မှုပညာသင်ခြင်း၊ ..... (၇၊၈)
* အနေအထိုင်တတ်ခြင်း၊ အပြောအဆိုတတ်ခြင်း၊ ..... (၉၊၁၀)
* ပြည်သူ့နီတိကို တတ်သိနားလည်ခြင်း၊ ..... (၉)

* သင်ကြားရေးမင်္ဂလာများအတွက် တက္ကသိုလ်ကြီး ၄–မျိုးတို့ကို ဆိုင်ရာမင်္ဂလာများနှင့် ယှဉ်တွဲဖေါ်ပြပြီး၊ ဝိဇ္ဇာ,သိပ္ပံ နှင့်တကွ ပညာရပ်တို့ကိုဖော်ပြပါ။
* သင်ကြားရေးမင်္ဂလာကဗျာနှင့် အဓိပ္ပါယ်အကျဉ်းတို့ကို ပူဇော်ခဲ့ပါ။
* စာပေသင်ကြားနေသူများမှာ ဖြစ်နိုင်သောမင်္ဂလာများကို ၁၀–ပါးမျှဖော်ပြပါ။
* ဗဟုသစ္စဗဟုမင်္ဂလာမှ လောကီ,လောကုတ္တရာဆိုင်ရာ ဗဟုသုတများကိုဖြေပါ။
* သိပ္ပဗဟုမင်္ဂလာအကျိုး– "တစ်ခုပညာ ကိုယ်စီပါ"ကို စိတ်ဝင်စားအောင်ရေးပြပါ။
* ဉာဏဗလ မင်္ဂလာ နှစ်ပါးတို့၏ လမ်းညွှန်ပြမှုတို့ကို ပူဇော်ခဲ့ပါ။
* မျက်စိ၊ နား၊ နှုတ်တို့ကို မင်္ဂလာနှင့်တကွ အလှဆင်ပေးပါ။
* သင်၏စိတ်ကိုလည်း မင်္ဂလာတရားတော်နှင့်အညီ အလှဆင်ပါ။
* ရှင်အာနန္ဒာ၏ အနဂါရိကသိပ္ပကို ပူဇော်ပြီး၊ ကိုယ်ကျင့်တရား ၂–မျိုးဖော်ပြခဲ့ပါ။
* ဝိနည်းလေးစားသော ရဟန်းတော်တစ်ပါးအကြောင်း ပူဇော်ပြပါ။
* "ဝိနယော စ သုသိက္ခိတော"မင်္ဂလာ၏အကျိုးကို စွမ်းနိုင်သမျှပြပါ။
* စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုမျှော၊ နှစ်ခွန်းပြော အကြောင်းကို စိတ်ဝင်စားဖွယ်ရေးပြပါ။
* ဘုရားလောင်းနွားလားနှင့်ပတ်သက်၍ 'သုဘာသိတဝါစာမင်္ဂလာကို ပူဇော်ပြပါ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မင်္ဂလာ။"

အခန်း(၄)

ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါး

မြတ်စွာဘုရားရှင်သည် သင်ကြားရေးမင်္ဂလာ ၄-ပါးကို ဟောတော်မူသည်၏ အခြားမဲ့၌ ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါးကို ဟောတော်မူ၏။

မင်္ဂလာတရားတော်ပညာရေးစနစ်အရ တက္ကသိုလ်ကြီးလေးမျိုးလုံးစုံမှ ကျောင်းထွက်ရန် ညွှန်ကြားထားပြီး အဆင့်ဆင့်ပညာများပြည့်စုံလာကာ ဒီဂရီဘွဲ့တို့ကို ရရှိလာသဖြင့် ကြီးပွားချမ်းသာရေး လမ်းကြောင်းမှန် အစဉ်အရ အနန္တကျေးဇူးရှင် မိဘတို့ကို ပြုစုလုပ်ကျွေးရန်၊ သားမယားတို့ကိုလည်း စောင့်ရှောက်ကြရန်နှင့် သမ္မာအာဇီဝဖြင့် စီးပွားဥစ္စာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြုစုလုပ်ကျွေးနိုင်ကြရန်ဖြစ်ပါသည်။

မင်္ဂလာတိုင်းပြည်

မင်္ဂလာတိုင်းပြည်မှာ မိဘနှင့်, သားသမီးဟူ၍ ဒီနှစ်မျိုးသာ ရှိပါသည်။ မိဘများက သားသမီးများကို လိမ္မာအောင် ပညာတတ်အောင် စောင့်ရှောက်မည်၊ သားသမီးများက ကျွေးမွေးခဲ့သော မိဘများကို ပြန်လည်လုပ်ကျွေးပြုစုမည်။ မိဘကို လုပ်ကျွေးရန် ဇနီးမယား သမီးသားတို့ကိုစောင့်ရှောက်ရန်အတွက် ရှာဖွေသော စီးပွားရေးသည် သူတစ်ပါးတို့ကိုမထိခိုက်, အပြစ်မရှိသောစီးပွား ဖြစ်ရပါမည်။

ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါးတို့ကို လေ့လာ, ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွါးများနိုင်ရန်အတွက်-

* ဓလေ့ထုံးစံကိုထိန်းသိမ်းသော သားကောင်းသမီးကောင်းများက မိဘတို့ကို ပြုစုလုပ်ကျွေး ကျေးဇူးဆပ်ရန်အတွက် 'မာတာပိတု ဥပဋ္ဌာနံ' ပုဒ်၊
* အိမ်ထောင်သာယာရေး မိကောင်းဖကောင်းဖြစ်ရေးအတွက် ဇနီးမယား, သမီးသားကို စောင့်ရှောက်၍ ကြွေးသစ်ချရန်အတွက် 'پوتو ذاراسا ساڭ' ပုဒ်၊
* စီးပွားဥစ္စာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လုပ်ငန်းဆိုင်ရာတို့၌ မရှုပ်ထွေးရအောင် 'အနာကုလာ စ ကမ္မန္တာ' ပုဒ်တို့ကို ဤအခန်းတွင် တင်ပြပါမည်။

(၄) ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါး			
၁၁	မာတာပိတု ဥပဋ္ဌာနံ	မိဘလုပ်ကျွေးမင်္ဂလာ	မြင့်မိုရ်ရွှေတောင် မိဘကြွေးကို၊ ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
၁၂	ပုတ္တဒါရဿ သင်္ဂဟော	သားမယားချီးမြှောက်မင်္ဂလာ	ကြွေးသစ်ချကာ သားနှင့်မယား၊ မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။
၁၃	အနာကုလာ စ ကမ္မန္တာ	အလုပ်အပြစ်ကင်းမင်္ဂလာ	အလုပ်တာဝန် မလစ်ဟင်းနဲ့၊ အပြစ်ကင်းအောင် လုပ်ပါလေ။
	ဧတံ မင်္ဂလ'မုတ္တမံ	အဲဒါ မင်္ဂလာ ၃-ဖြာ၊	စည်းစိမ်ကိုပေး ပြုစုရေး၊ မျှော်တွေး သုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

⚓ မင်္ဂလာဂါထာ

မင်္ဂလာမြန်မာ

၁၁။ မာတာပိတု ဥပဋ္ဌာနံ – မိဘတို့ကို လုပ်ကျွေးပြုစု စောင့်ရှောက်ခြင်း၊
၁၂။ ပုတ္တဒါရဿ သင်္ဂဟော – သားမယားတို့ကို တရားနှင့်အညီ ချီးမြှောက်ခြင်း၊
၁၃။ အနာကုလာ စ ကမ္မန္တာ – မရှုပ်ထွေးရအောင် ရှင်းရှင်းအလုပ်လုပ်ခြင်း၊
(ဝါ)အနှောင့်အယှက်ကင်းသော အလုပ်တို့ကိုလုပ်ခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။ – ဤသုံးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

➡ မင်္ဂလာကဗျာ

- ဘိ မိဘကိုပြုစုလို့၊ သားရွှေဥ သမီးမေ၊
- ဘိ ဇနီးဆွေ ချစ်သူမြင့်အောင်၊ ချီးမြှင့်ပါလေ၊
- ဘိ မရှုပ်ပွေ၊ လုပ်လေကွယ့်အလုပ်၊
  သုံးပါးမင်္ဂလာတော့၊ စဉ်မကွာ
  နောင်ခါပြုရအောင် ပေါင်းစု၍ချုပ်။

မိဘကိုလုပ်ကျွေသောသားလိမ္မာ

အဓိပ္ပါယ်အကျဉ်း။ ။ ကြီးပွားတိုးတက်လိုပါလျှင်-

(၁) ကျေးဇူးရှင်မိဘနှစ်ပါးကို ပြန်လည်ပြုစုလုပ်ကျွေးပါ။

(၂) အိမ်ထောင်ရှင် ဖြစ်လာသောအခါ အိမ်ထောင်ဦးစီး ပီသစွာ သားသမီး၊ ဇနီး(ခင်ပွန်း)တို့ကို အောက်ကျနောက်ကျ မဖြစ်ရအောင် စောင့်ရှောက်ပါ။

(၃) တရားသောနည်းဖြင့် သမ္မာအာဇီဝဖြစ်အောင် စီးပွားရှာ၍ (သန့်ရှင်းသောစီးပွားရေးဖြင့်) မိဘ၊ သားသမီး၊ ဇနီး(ခင်ပွန်း)တို့ကို စောင့်ရှောက်ကျွေးမွေးပါ။

ကြီးပွားတိုးတက် ပါလိမ့်မည်။

➡ လိမ္မာစမ်းပါကွယ်

လက်ဦးဆရာ၊ မည်ထိုက်စွာ၊ နှစ်ဖြာမိဘ၊ ပြုစုကြလျက်၊
သုခပွားစည်၊ အသက်ရှည်၍၊ ရှင်ကြည်သာအေး၊ အိမ်လုံးမွေးအောင်၊
မောင်လေး လိမ္မာစမ်းပါကွယ်။ (မလေး လိမ္မာစမ်းပါကွယ်)။

အိမ်ထောင်စုတစ်ခု၏ မင်္ဂလာ

မြတ်စွာဘုရားဟောကြားသော မင်္ဂလာတရားတော်တွင် မိသားစုတစ်ခုတွင်လိုက်နာကျင့်ကြံအပ်သော ကျင့်ဝတ်တရားများသည် လောကီကောင်းကျိုးသာမက လောကုတ္တရာကောင်းကျိုးတွေကိုပါ အမှန်ဖြည့်စွမ်းနိုင်သည့်အတွက် မိဘတို့ကလည်း မိဘတို့ဝတ်တရားများနှင့်အညီ၊ လင်ကလင်ကျင့်ဝတ်, မယားကမယားကျင့်ဝတ်, သားသမီးကသားသမီးကျင့်ဝတ်စသည်တို့ကို ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ကြမည်ဆိုလျှင် သာယာစိုပြေသော မင်္ဂလာအိမ်ထောင်စုဖြစ်လာပြီး၊ နောက်ထပ်ပေါက်ဖွားလာမည့် မိမိတို့မျိုးဆက်သစ်များသည်လည်း **"အတုယူ၊ အတတ်သင်"**ဆိုသလို မင်္ဂလာတရားတော်မြတ်နှင့်အညီ မြေး,မြစ်အစဉ်အဆက် သာယာစိုပြေလာမည်မှာ မလွဲမှားနိုင်ပေ။

မိဘတို့ကို လုပ်ကျွေးပြုစု စောင့်ရှောက်ရန်, သားမယားတို့ကို တရားနှင့်အညီ ချီးမြှောက်ရန် စီးပွားရှာရာတွင်လည်း တရားသောနည်းဖြင့် သမ္မာအာဇီဝဖြစ်အောင် သန့်ရှင်းသောစီးပွားရေးစနစ်ဖြင့် စီးပွားရှာကြလျှင် ကြီးပွားတိုးတက်သော မင်္ဂလာအိမ်ထောင်စုတစ်ခု ဖြစ်လာပါလိမ့်မည်။

၁၁။ မာတာပိတု ဥပဋ္ဌာနံ မိဘလုပ်ကျွေးမင်္ဂလာ

{ **မာတာပိတု**– အမိအဖကို၊ **ဥပဋ္ဌာနံ**– ပြုစုလုပ်ကျွေးခြင်း၊ }
(အမိ–သားသမီးကို တရားနှင့်အညီ ချစ်မြတ်နိုးသူ။ အဖ–သားသမီးကို စောင့်ရှောက်တတ်သူ။)

အမိအဖတို့သည် သားသမီးများအပေါ်မှာ အလွန်ကျေးဇူးကြီးမားသော ဂုဏ်ဝင့်ထည်သည့် ဂုဏ်ကြီးရှင်များဖြစ်ကြသည့်အတွက် ပြုစုလုပ်ကျွေးခြင်းဖြင့် ကျေးဇူးဆပ်ခြင်းသည် အလွန်အကျိုးကြီးမြတ်လှပြီး ကုသိုလ်တရားများတိုးပွားရင့်ကျက်စေ၍ ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာ ဖြစ်ပါသည်။

မိဘတို့အား ကျေးဇူးတုံ့ပြန်၍ ပြန်လည်ပြုစုလုပ်ကျွေး စောင့်ရှောက်ခြင်းသည် လူတို့ပြုကျင့်အပ်သော ဝိနည်းကျင့်ဝတ်ဖြစ်သောကြောင့်၎င်း၊ ဟုတ်မှန်လေးနက်၍ ချိုသာနာပျော်ဖွယ်သောစကားဖြင့် မိဘတို့အားနှစ်သိမ့် ချမ်းသာစေတတ်သောကြောင့်၎င်း၊ ထိုမင်္ဂလာတို့၏အခြားမဲ့၌ 'မာတာပိတု ဥပဋ္ဌာနံ'တရားသည် သူတော်ကောင်းတို့ ချီးမွမ်းအပ် သာဓုခေါ်အပ်သော မင်္ဂလာ ဖြစ်ပါသည်။

လမ်းညွှန်။ ။ သင်ကြားရေးမင်္ဂလာ ၄–ပါးနှင့် ပြည့်စုံထားသူတို့သည် မိမိတတ်မြောက်ထားသောပညာဖြင့် မိမိအားလူလားမြောက်အောင် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သော မိဘနှစ်ပါးအား ရှေးဦးစွာပြုစုလုပ်ကျွေး ကျေးဇူးဆပ်ရန်လိုအပ်ကြောင်း မိဘပြုစုရေး၊ သားကောင်းသမီးကောင်းဖြစ်ရေး၊ ဓလေ့ထုံးစံထိန်းသိမ်းရေးတို့အတွက် "မာတာပိတု ဥပဋ္ဌာနံမင်္ဂလာ"က လမ်းညွှန်သည်။

မှတ်ချက်။ ။ * "မာတာဥပဋ္ဌာနံ" နှင့် "ပိတုဥပဋ္ဌာနံ"ဟူ၍ မင်္ဂလာကို ၂–ပုဒ် ခွဲယူလျှင်၊ "အာရတီ ဝိရတီ ပါပါ"ကို တစ်ခုပြု၍ ယူရပါမည်။
(* ငွေကြေးထောက်ပံ့ရံမျှသည် မြတ်သောပြုစုခြင်း မဟုတ်သေးပါ။)

"မာတာပိတု ဥပဋ္ဌာနံ" မင်္ဂလာဖြစ်သူ–

မိဘတို့အား လုပ်ကျွေးပြုစုသူ၊ မိဘများကို အကူအညီပေးသူ၊ မိဘများ၏ ဝေယျာဝစ္စကို နေ့စဉ်ဆောင်ရွက်ပေးသူ၊ သားသမီးဝတ်ဌေးပါးကို လိုက်နာပြုကျင့်သူ၊ မိဘကျေးဇူးဆပ်သူ(ကျွေးဟောင်းပေးဆပ်သူ)၊ မိဘစိတ်ချမ်းသာအောင် လိမ်လိမ်မာမာနေသူ၊ ဓလေ့ထုံးစံ, ရိုးရာယဉ်ကျေးမှုတို့ကိုလိုက်နာစောင့်ထိန်းသူ၊ ဘာသာခြားသူတို့နှင့် အိမ်ထောင်မပြုသူ၊ အမျိုးစောင့်သူ၊ အမျိုးချစ်သူစသည်..

"မာတာပိတု ဥပဋ္ဌာနံ"အကျိုး- (မိဘကျေးဇူးဆပ်ရကျိုး)

၁။ မိဘနှစ်ပါး လုပ်ကျွေးငြား၊ သွားလေရာဝယ် မည္ကိုးငယ်။
၂။ မိဘနှစ်ပါး လုပ်ကျွေးငြား၊ လူသားလည်းချစ် နတ်လည်းချစ်။
၃။ မိဘနှစ်ပါး လုပ်ကျွေးငြား၊ သုံးပါးကပ်နင်း ကျော်နိုင်ခြင်း။
၄။ မိဘနှစ်ပါး လုပ်ကျွေးငြား၊ သားရဲဘီလူး စားဝံ့ဘူး။
၅။ မိခင် ဖခင် လုပ်ကျွေးလျှင်၊ လေပင်မှောက်မှောက် မသေပျောက်။
၆။ မိဘကျွေးမူ ဝတ်ပြုစု၊ တောင်းဆုပိုင်ပိုင် ပြည့်စုံနိုင်။
၇။ မိဘနှစ်ပြင် လုပ်ကျွေးလျှင်၊ ပညာရှင်ချစ် နတ်လည်းဖြစ်။
၈။ မိဘနှစ်တန် လုပ်ကျွေးပြန်၊ ကြံ့ကြံ့သမျှ ပြီးကိစ္စ။
၉။ မိဘနှစ်ပြင် လုပ်ကျွေးလျှင်၊ ဂုဏ်အင်အဝေး ပန်းလိုမွှေး။
၁၀။ မိဘနှစ်ထွေ လုပ်ကျွေးပေ၊ ကျက်သရေမျိုး နေ့စဉ်တိုး။
၁၁။ မိဘနှစ်ဆူ လုပ်ကျွေးမူ၊ နိဗ္ဗာ်ပြည်ကြီး ရောက်လုနီး။
၁၂။ မိဘနှစ်ဆူ လုပ်ကျွေးသူ၊ ဘုန်းမူကြီးမား သက်ရှည်လျား။
၁၃။ မိဘဝတ်မှန် ပြုကြပြန်၊ ဘေးရန်အများ ဝေးကရား။

(မင်္ဂလာအလင်းရောင်ကျမ်း-မှ)

* လူ့ဘုံဌာန၊ ဤလောကခ၌၊ ဖကိုလက်ယာ၊ မိမှာလက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံးထက်တွင်၊ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်ဆိုင်၊ မကုန်နိုင်ဘူး။ (မဃဒေဝ)

"မာတာပိတု ဥပဋ္ဌာနံ"မင်္ဂလာပျက်သူ-

* အကတ္တာဇ္ဇာကရဏ- မလုပ်သင့်သောအကုသိုလ်ကို ပြုလုပ်သဖြင့်ဖြစ်သောအပြစ်၊
* ကတ္တာဇ္ဇာကရဏ- လုပ်သင့်လုပ်ထိုက်သောကျင့်ဝတ်တို့ကို မလုပ်သောအပြစ်၊

မိမိတို့မှာ ပြုစုလုပ်ကျွေးထောက်ပံ့နိုင်သော အခြေအနေရှိပါလျက် အိုမင်းမစွမ်းသော မိအိုဖအိုတို့ကို မလုပ်ကျွေးဘဲနေပါက လုပ်သင့်လုပ်ထိုက်သော ကျင့်ဝတ်အလုပ်များကို မလုပ်သဖြင့် အပြစ်ရှိပါသည်။

မိဘတို့ရအပ်သော ဘွဲ့ထူးဂုဏ်ထူးများ

* အလှူခံပုဂ္ဂိုလ်ထူး၊ လက်ဦးတဲ့မြတ်ဆရာ၊ ထက်ကောင်းကင် ဗြဟ္မာမျိုး၊ တိုးလို့မှတ်ပါ၊ ထိုသူဟာ ဘယ်မှာနေဌား၊ တခြားမောင်မရှာနဲ့ (တခြားမယ်မရှာနဲ့)၊ နောင်အခါပူဇော်ရမယ်၊ မိဘနှစ်ပါး။

မိဘတို့အား မြတ်စွာဘုရားရှင်က ပေးအပ်ခဲ့သော ဘွဲ့ထူးဂုဏ်ထူးများမှာ–

* **ဗြဟ္မာခေါ်ဆို မိဘကို**– အမိအဖတို့သည် သားသမီးများအပေါ် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုသည့် ဗြဟ္မဝိဟာရတရားလေးပါးနှင့် ပြည့်စုံကြပါသည်။ ဤဘာဝနာ ၄–မျိုးကို စွန့်လွှတ်မရှိသဖြင့် ဗြဟ္မာနှင့်တူ၏။
– သားသမီးများကို ပဋ္ဌိသန္ဓေတည်နေသည့်အချိန်မှစ၍ **မေတ္တာ**စိတ် ဖြစ်နေ၏။
– သားသမီးများ အဆင်မပြေမှုများရှိသည့်အခါမျိုး၌ ကြင်နာမှုများ **ကရုဏာ**၊
– သားသမီးတို့၏ ဖွံ့ဖြိုးတိုးတက် အောင်မြင်မှုအရပ်ရပ်တို့အတွက် **မုဒိတာ**၊
– သားသမီးတို့ သီးခြားကိုယ်စီ ရပ်တည်, နေထိုင်လာနိုင်ချိန်တို့၌ **ဥပေက္ခာ**၊
ဤကဲသို့ အချိန်အခါအားလျော်စွာ ရသင့်သော ဗြဟ္မဝိဟာရတရားမြတ်တို့ကို ရသည့်အတွက် ဗြဟ္မာနှင့်အလားတူသောဂုဏ်ကို ရရှိထား၏။

* **ရှေးဦးဆရာ မည်ကြပါ**– အတော်အသင့် နားလည်နိုင်သည့်အရွယ်ကစ၍ "ဒီလိုထိုင်ရမယ်.. ဒီလိုသွားရမယ်.. ဒီလိုစားရမယ်.. ဒီလိုမလုပ်ရဘူး...စသည်ဖြင့် ရှေးဦးစွာသွန်သင်ပေးကြသည့်အတွက် **ပုဗ္ဗာစရိယ** လက်ဦးဆရာ မည်ထိုက်၏။

* **စောင်မ မပြတ် အိမ်ဦးနတ်**– မိမိတို့ကို စောင်မတတ်သည့်အတွက် အိမ်ဦးခန်းမှာထားပြီး ကိုးကွယ်ကြစတမ်း–ဆိုပါလျှင် အမိအဖတို့ကိုသာထား၍ ကိုးကွယ်သင့်ပါသည်။ အမိအဖတို့ကသာ ကိုယ်တွေ့မျက်မြင် အထင်အရှား မိမိတို့ကို ငယ်စဉ်တောင်ကျေးကလေးဘဝကစ၍ စောင့်ရှောက်လာခဲ့၍ ပူဇော်သင့်၏။

* **အပူဇော်ခံ မည်ရပြန်**– သားသမီးများက ဆောင်ယူပူဇော်အပ်သော, အမျိုးမျိုးအဖုံဖုံ ပူဇော်အပ် ပြုပြင်စီမံအပ်သော စားဖွယ်သောက်ဖွယ် အရာဝတ္ထုဟူ သမျှကို ခံယူရန် သင့်တော်လျောက်ပတ်သူများဖြစ်၍ အပူဇော်ခံပုဂ္ဂိုလ် မည်၏။

ဤသို့ ဂုဏ်များကို အာရုံပြုကာ နေ့ညမပြတ် ဆည်းကပ်ခစားကြပြီး **မိမိတို့၏ကုသိုလ်မျိုးကို ကြဲချစိုက်ပျိုးစရာ လယ်ယာမြေကောင်း** ဖြစ်သည်ဟု နှလုံးသွင်း၍ **ရိုရိုးပြုစု လုပ်ကျွေးမှု**တို့ကို ပြုလုပ်ကြရပါမည်။

မိဘဂုဏ်ရည်

မိဘတို့၏ ကျေးဇူးကြီးမားပုံကို ဘုရားရှင်က ဤသို့ဟောထားပါသည်-

* နှစ်သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးသည် မိဘတို့၏ ကျေးဇူးနှင့် နှိုင်းစာလိုက်ပါလျှင် ဝါးရွက်ကလေးတမျှ သေးငယ်သွားရာ၏။
* ရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင့်မိုရ်တောင်ကြီးသည်လည်း မိဘကျေးဇူးနှင့် နှိုင်းစာလိုက်ပါလျှင် ပေါက်ခါစနွားကလေး၏ ဦးချိုလောက် သာရှိသွားရာ၏။
* အလွန်ကျယ်ပြန့်သော စကြဝဠာကြီးသည်လည်း မိဘတို့၏ ကျေးဇူးနှင့် နှိုင်းစာလိုက်ပါလျှင် အပ်နဖားပေါက်ကလေးတမျှ ကျဉ်းငယ်သွားရာ၏။
* အပြောကျယ်လှသည်နှင့်အမျှ ထုထည်နက်ရှိုင်းလှသည့် သမုဒ္ဒရာရေပြင်ကြီးသည်လည်း မိဘတို့၏ ကျေးဇူးနှင့် နှိုင်းစာလိုက်ပါလျှင် မိုးရေပေါက်တမျှ သေးငယ်သွားရာ၏။

မိဘတို့ကို လုပ်ကျွေးရကြောင်းစီစစ်ချက်

မိဘများသည် သားသမီးမရသေးမီကပင် ရလိုဇောနှင့် ဆုတောင်းရခြင်း၊ သားသမီးရလာပြန်တော့လည်း အမိဖြစ်သူ ကိုယ်ဝန်ဆောင်နေရသောချိန်မှာပင် ပဋ္ဌိသန္ဓေသားငယ် ဒုက္ခ မရောက်ရလေအောင် ချိုချဉ်,ပူ,စပ်,ဖန်,ခါးစသည့် အစားအစာတွေကို ရှောင်ကြဉ်၍ စားသောက်ရခြင်း၊ ကြမ်းကြမ်းတမ်းတမ်း သွားလာနေထိုင်မှုတို့ကို ဆင်ခြင်ရခြင်း၊ မွေးဖွားလာပြန်တော့လည်း မှက်,ခြင်ယင်,ကြမ်းပိုး မကိုက်စေရဘဲ နို့ချိုတိုက်ကျွေး ပြုစုစောင့်ရှောက်ပေးရခြင်း၊ သားငယ်သမီးငယ်ကို နေညမပြတ် အရိပ်တကြည့်ကြည့်ဖြင့် "ဟော.. ကလေးနို့ဆာလာပြီ၊ ကလေးကိုယ်တွေ ပူနေပြန်ပြီ၊ အိပ်ချင်နေပြီစသည်ဖြင့် မိဘတိုင်းသည် ပင်လယ်ဝေအောင် သောကတွေများကြရပါသည်။

ကြီးပြင်းလာပြန်တော့လည်း ကျောင်းထားချိန်ထားပေးရပြီး၊ အရွယ်ရောက်ပြန်လျှင်လည်း ထိမ်းမြားမင်္ဂလာပြုပေးရခြင်း၊ မိဘတို့ပစ္စည်းဥစ္စာတွေကိုလည်း အရင်းအနှီးဖြစ်အောင် ခွဲဝေပေးရခြင်း၊ ဘုရား,တရား,သံဃာ ရတနာသုံးပါး ကိုးကွယ်တတ်အောင် သင်ပြဆုံးမပေးရခြင်းစသည့် **မိဘတို့ဝတ်ဌေးပါး**နှင့်အညီ ဆုံးမပဲ့ပြင်လာခဲ့သော အနန္တကျေးဇူးဂုဏ်များကြောင့် **သားသမီးကျင့်ဝတ်ဌေးပါး**နှင့်အညီ ကျေးဇူးဆပ်၍ လုပ်ကျွေးပြုစုထိုက်ခြင်း ဖြစ်ပါသည်။

မိဘကို လုပ်ကျွေးနည်း – ကျေးဇူးဆပ်နည်း

သားသမီးများက လုပ်ကျွေးပြုစုကြရာတွင်–**သားသမီး ကျင့်ဝတ် ၅–ပါး**

* ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားသမီးတာ။

မိဘတို့ကို လုပ်ကျွေးခြင်းဆိုသည်မှာ–

၁။ မိဘ၏အနီးအပါးဌာနေ၍ ခြေဆုပ်လက်နယ်, ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊

၂။ သားသမီးကျင့်ဝတ်ငါးပါးနှင့်အညီ ပြုကျင့်ခြင်း၊ ပြုစုခြင်း၊

၃။ ရတနာသုံးပါးဌာ ကြည်ညိုသဒ္ဓါတရားအားနည်းသေးသော မိဘများကို သဒ္ဓါယုံကြည်စိတ်ဖြစ်လာအောင် သွေးဆောင်ညွှန်ပြရခြင်း၊ ဒါန,သီလ,ဘာဝနာ စသည့် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်လာအောင် တိုက်တွန်းပေးရခြင်း၊ တရားရိပ်သာတွေမှာ တရားအားထုတ်နိုင်ရန် ထောက်ပံ့နှိုးဆော်ပေးရခြင်း၊ ဥပုသ်သီလစောင့်စေခြင်း၊ ရသေ့ရဟန်းပြုစေပြီး ပစ္စည်းလေးပါးဖြင့်ထောက်ပံ့ကာ ပြုစုခြင်းများ ဖြစ်ပါသည်။

* ထိုပြုစုလုပ်ကျွေးခြင်းများအနက် နောက်ဆုံးအချက်သည် အမြတ်ဆုံးလုပ်ကျွေးနည်းဖြစ်၏။

စောင့်လေမျိုးနွယ်

'စောင့်လေမျိုးနွယ်'ဟူသည် မိမိတို့၏မျိုးရိုးစဉ်လာတို့ကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ဆိုလိုပါသည်။ "လူမှာအမျိုး၊ ကြက်မှာအရိုး"ဟူသော ဆိုရိုးစကားအတိုင်း လူတိုင်းမှာ အမျိုးအနွယ်သည် အရေးကြီးလွန်းလှပါသည်။ ဘာသာရေးအရဆိုပါလျှင် မိမိတို့၏ ဗုဒ္ဓဘာသာဝင်မျိုးရိုးကို စောင့်ထိန်းရပါမည်။ ဗုဒ္ဓဘာသာဝင်မျိုးရိုးကို ချစ်မြတ်နိုးတတ်ရပါမည်။

အိမ်ထောင်ဘက်ရွေးရာ၌ ဘာသာတူဖြစ်သော ဗုဒ္ဓဘာသာဝင်မျိုးရိုးကို ရွေးချယ်ရပါမည်။ ဤအချက်သည် အလွန်အရေးကြီးပါသည်။ အချို့လူငယ်တို့သည် "အချစ်သည်သာ ပဓာန"ဟူသောစကားကို အားကျ အဟုတ်ထင်ပြီး အိမ်ထောင်ဘက် ရွေးချယ်မှားကြလေသည်။ မိမိတို့မျိုးရိုးထဲသို့ အခြားလူမျိုးကွဲများ ဝင်ရောက်ရောနှောခွင့်မရအောင် အထူးပင်သတိစွဲမြဲသင့်ပါသည်။

ဝတ္ထု သာဓကများ-

ဘုရားလောင်းကျေးမင်း

သာလိကေဒါရဇာတ်၌ ရာဇကြိုဟ်ပြည် မာဂဓမင်းလက်ထက် ဘုရားလောင်းကျေးမင်းသည် ၄က်အပေါင်းခြံရံလျက် မာဂဓလယ်တောအနီးရှိသောလက်ပံတောင်၌နေ၏။ ကျေးငှက်တို့သည် ထိုလယ်တောရှိ သလေးစပါးများကို စားကြသည်။ ဘုရားလောင်းကမူ စားပြီးလျှင် စပါးနှံများကို ကိုက်ချီယူသွား၏။ တစ်နေ့သ၌ လယ်စောင့်သည် ဘုရားလောင်းကိုဖမ်း၍ လယ်ရှင်ပုဏ္ဏားကောသိယထံ ပို့ရာ လယ်ရှင်ပုဏ္ဏားက "သင်သည်စားရုံသာမက အဘယ်ကြောင့် အပိုချီယူသွားသနည်း"ဟု မေး၏။ ဘုရားလောင်းကျေးမင်းက "ငါသည် မိဘတို့အားကျေးဇူးဆပ်ခြင်း ကြွေးဟောင်းဆပ်မှု၊ သားမီးများအား ကျွေးမွေးခြင်း ကြွေးသစ်ချမှု၊ သက်ကြီးရွယ်အို ဆွေမျိုးများအား ကျွေးမွေးခြင်း ရွှေအိုးမြှုပ်နှံမှုအတွက် အပိုချီယူသွား၏"ဟုဆို၏။ လယ်ရှင်ပုဏ္ဏားလည်း ဘုရားလောင်းအားကြည်ညိုလျက် လယ်များကိုပေးလှူပြီး ပန်းနံသာတို့ဖြင့် ပူဇော်၍ လွှတ်လိုက်လေသည်။

ဤသာဓက၌ ဘုရားလောင်းကျေးမင်း အသက်ဘေးမှ လွှတ်ခြင်း၊ လယ်များကို ရရှိခြင်းမှာ "မာတာတာပိတု ဥပဋ္ဌာန၊ ပုတ္တဒါရဿ သင်္ဂဟ၊ ဒါနမင်္ဂလာတို့နှင့် ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

ရှင်သာရိပုတ္တရာ ကျေးဇူးဆပ်ပုံ

ပညာကြီးရင့်သောအရာတွင် ဇတဒဂ်ရတော်မူခဲ့သော လက်ျာရံ အရှင်သာရိပုတ္တရာကြီးသည်လည်း လွန်ခဲ့သောအတိတ်ဘဝက ဝိပါက်ကံကြောင့် သွေးအန်သောရောဂါ ဖွဲ့ကပ်နေချိန်မှာတောင် မိစ္ဆာအယူရှိနေသေးသော မိခင်ပုဏ္ဏားမကြီးထံ အိမ်အရောက်ကြွမြန်းပြီး တရားဓမ္မဟောပြောခြင်းဖြင့် ကျေးဇူးဆပ်ခဲ့ရာ မိခင်ပုဏ္ဏားမကြီးသည် မိစ္ဆာအယူမှ သမ္မာဒိဋ္ဌိအယူမှန်သို့ ကူပြောင်းပြီး သောတာပန်အရိယာအဖြစ်သို့ တည်စေခဲ့ပါသည်။

အခြားမှတ်သားဖွယ်-

ဘုရားလောင်း **သုဝဏ္ဏသာမ**သည် မျက်စိနှစ်ကွင်း အလင်းမရကြသော **ဒုက္ခလနှင့်ပါရိကာ** မိဘနှစ်ပါးကို လုပ်ကျွေးပြုစု ကျေးဇူးဆပ်မင်္ဂလာပြုသောကြောင့် **"သားရွှေအိုးထမ်းလာတာကို မြင်ရခြင်း"**သည် ထင်ရှားလှပါသည်။

၁၂။ ပုတ္တဒါရသ သင်္ဂဟာ သားမယားချီးမြှောက်မင်္ဂလာ

{ **ပုတ္တဒါရသ**– သား, မယားတို့ကို၊ **သင်္ဂဟ**– ချီးမြှောက်ထောက်ပံ့ရခြင်း၊ }
(**ပုတ္တသ**–သားသမီးကို၊ **ဒါရသ**–မယားကို၊ **သင်္ဂဟ**–ချီးမြှောက်ရခြင်း၊)

ရှေးဦးစွာမိဘများကို ပြုစုလုပ်ကျွေးပြီးမှ အိမ်ထောင်ပြုလိုလျှင်ပြု၍ အိမ်ထောင်ရေးသာယာစေရန် မိမိကြောင့်ဖြစ်ပွားလာသော ဇနီးမယား, သမီးသားတို့ကို ပစ္စည်းအမွေ၊ ပညာအမွေ၊ စာရိတ္တအမွေများပေးနိုင်အောင်၊ ဇနီးကောင်း, သားကောင်းသမီးကောင်းများဖြစ်အောင်၊ ပြုစုပျိုးထောင်မွေးမြူရန်လိုအပ်ကြောင်း 'ပုတ္တဒါရ သင်္ဂဟမင်္ဂလာ'ကို ဟောတော်မူ၏။

မိဘတို့ကိုသာလျှင် ပြုစုလုပ်ကျွေးရမည် မဟုတ်သေးပါ၊ သား,မယားရှိခဲ့လျှင် သား,မယားတို့ကိုလည်း ပြုစုလုပ်ကျွေးစောင့်ရှောက်ရမည်ဖြစ်သော လောကဝတ္တရားရှိသည်ကို ညွှန်ပြတော်မူသည်။

မိမိ၏မိဘများက မိမိအား ချစ်ချစ်ခင်ခင်ယုယယ ပြုစုစောင့်ရှောက်ထောက်ပံ့ခဲ့သည့်အတွက် မိမိတည်တံ့နေနိုင်ခြင်းသာဖြစ်သည်ဟု **ကိုယ်ချင်းစာ**တရားဖြင့် မိမိ၏ သမီးသား,ဇနီးမယားတို့ကိုလည်း ချီးမြှောက်ထောက်ပံ့ရပေမည်။ မိမိ၏ဇနီးသည် သူ၏မိဘများကိုခွဲခွါပြီး 'လင်တစ်မျက်နှာ တစ်ရွာထင်'ဆိုသလို မိမိကို အားကိုးအားထားပြုပြီး ပေါင်းသင်းနေရှာသည်ဟု စိတ်နလုံးမှာသွင်းပြီး လင်ကျင့်ဝတ်ငါးပါးနှင့်အညီ စောင့်ရှောက်ပေးရမည်။ သမီးသားတို့ကိုလည်း မိဘကျင့်ဝတ်ငါးပါးဖြင့် ပြုစုစောင့်ရှောက်ပေးမှသာ မိမိတို့အိုမင်းမစွမ်းဖြစ်လာသည့်အခါ 'ကျွေးတုံ့ကျွေးလဲ့ မွေးတုံ့မွေးလဲ့'စကားအရ တဖန်ပြန်လည်လုပ်ကျွေးပြုစု စောင့်ရှောက်ပေလိမ့်မည်။

လမ်းညွှန်။ ။ 'ပုတ္တဒါရသ သင်္ဂဟ'မင်္ဂလာသည် အိမ်ထောင်သာယာရေး၊ မိကောင်းဖကောင်းဖြစ်ရေး၊ ဇနီးကောင်း၊ ခင်ပွန်းကောင်းဖြစ်ရေး၊ မိသားစုညီညွတ်ရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ မိသားစုဝင်အားလုံး တူညီသော သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ ရှိကြလျှင် ခုရောနောင်ပါ မခွဲမခွာ အစဉ်ချစ်ခင် နေနိုင်ကြပေလိမ့်မည်။

"ပုဗ္ဗာဒါရသသင်္ဂဟ"မင်္ဂလာဖြစ်သူ-

သားသမီး ဇနီးမယားတို့ကို ချီးမြှောက်ထောက်ပံ့သူ(ကြွေးသစ်ချသူ)၊ မိဘဝတ်တရားငါးပါးကို လိုက်နာကျင့်သုံးသူ၊ ဇနီးမယား သမီးသားကို တရားသဖြင့် ရှာဖွေကျွေးမွေးသူ၊ သားသမီးကို လိမ်မာအောင်ဆုံးမသူ၊ သားသမီးကို မွေးပြီး ပစ်မထားသူ၊ မိကောင်းဖကောင်း စသည်.. .

သားမယားကို ချီးမြှောက်ပါ (အကျိုး)

* ရင်သွေးသက်ထား၊ သားမယား၊ ရိုးသား ဖြောင့်မတ်စွာ။
သားမှတ်, မယားမှတ်၊ ချီးမြှောက်အပ်၊ မပြတ် လုပ်ကျွေးပါ။
ဤလိုလူအား၊ မိုဃ်းသကြား၊ လေးစား ရိုသေရာ။
သားမယားမှ၊ သူမပြု၊ လူဟု မဆိုသာ။
တိရစ္ဆာန်ဇာတ်သွင်း၊ လူ့ဂုဏ်ကင်း၊ ချို့ယွင်းမင်္ဂလာ။

မိမိတို့၏ သားမယားကို တရားသဖြင့် လုပ်ကျွေးမွေးမြူကြရမည့်အပြင် ရတနာသုံးပါးကို လေးစားခြင်းမရှိသော သားမယားမျိုးဖြစ်နေပြန်လျှင်လည်း လေးစားကြည်ညိုဖို့ရန် လောကီရေးအရ, လောကုတ္တရာရေးအရ ချီးမြှောက်ခြင်းမျိုးကိုပါ ချီးမြှောက်ပါလျှင် ပုတ္တဒါရသသင်္ဂဟမင်္ဂလာတရားတော်ကြီး လွှမ်းမိုးသောကမ္ဘာကြီး ပေါ်ပေါက်လာရုံမျှမက ထိုသူတို့ကို သိကြားမင်းကြီးကပင် အရိုအသေပြုထိုက်သူ ဖြစ်နိုင်ပါသည်။

ဇတေ ခေါ သင်္ဂဟာ နဲ့သု၊ နဲ့ မာတာ ပုတ္တကာရဏာ၊
လဘေထ မာနံ ပူဇံ ဝါ၊ နဲ့ ပိတာ ပုတ္တကာရဏာ။ ။

မိမိတို့၏ သားမယားအပေါ်၌ လုပ်ကျွေးပြုစု ချီးမြှောက်မှု သင်္ဂဟတရားကင်းမဲ့ခဲ့လျှင် အမိသည်လည်း သား-ဟူသောအကြောင်းကြောင့် ထိုသားသမီးတို့၏ ချစ်ခင်မှု, ပူဇော်မှုကို မရနိုင်ပေ။ အဖဖြစ်သူသည်လည်း သား-ဟူသော အကြောင်းကြောင့် ယင်း-သားသမီးတို့၏ ချစ်ခင်မှုကိုလည်း မရနိုင်ပေရာ၊ ပူဇော်မှုကိုလည်း မရနိုင်ပေရာ။ (သိင်္ဂါလောဝါဒသုတ်)

မင်္ဂလာမိသားစု ကျင့်ဝတ်များ

မိဘ ကျင့်ဝတ် ၅-ပါး

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊
ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

လင် ကျင့်ဝတ် ၅-ပါး

မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊
မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊
မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

မယား ကျင့်ဝတ် ၅-ပါး

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊
မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချီ၊
ပျင်းရိမမှု၊ ဝတ်ငါးဆု၊ အိမ်သူကျင့်အပ်စွာ။

သားသမီး ကျင့်ဝတ် ၅-ပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှုမ္ဘဝေ၍၊
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားသမီးတာ။

သားမယား ချီးမြှောက်မှုလမ်းစဉ်

(လောကီရေးဖြင့် ချီးမြှောက်ရခြင်း၊ လောကုတ္တရာရေးဖြင့် ချီးမြှောက်ရခြင်း။)

ပုတ္တဒါရသသင်္ဂဟမင်္ဂလာအရ သားမယားကို ချီးမြှောက်ရမည့်အချက်များ-

၁။ ပစ္စည်းဥစ္စာ အပ်နှံပေးကမ်းခြင်း၊

၂။ မိမိသားမယားအပေါ်၌ ချစ်ခင်ဖွယ်ရာ ချိုသာစွာပြောဆိုခြင်း။

၃။ သားမယား ဖြစ်သူတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း- တို့ဖြစ်၏။

တစ်နည်းအားဖြင့် မိမိသားမယားဖြစ်သူတို့ကို

၁။ ဘုရားသွား ကျောင်းတက် ကုသိုလ်ဘက်ကို လိုက်စားနိုင်ရန် အစာရိက္ခာ လုံလောက်စွာ စီစဉ်ပေးရခြင်း။

၂။ ပွဲလမ်းသဘင် ပြသင့်သောအခါ၌လည်း ပြရခြင်း။

၃။ ကျောင်းအပ်ချိန်၌ ကျောင်းအပ်မင်္ဂလာပြုပေးမှု၊ ရှင်ပြုချိန်၌ ရှင်ပြုမင်္ဂလာ ဆောင်ရွက်ပေးမှု၊ သမီးဆိုလျှင်လည်း အခါကိုသိ၍ လက်ထပ်ပေးမှုစသော ထိုက်တန်ရာ မင်္ဂလာပွဲများကို ပြုလုပ်ပေးရခြင်း။

၄။ သားမယားတို့၏ မျက်မှောက်ဘဝ၌ အကျိုးဖြစ်ထွန်းမှု၊ နောင်သံသရာ၌ အကျိုးဖြစ်ထွန်းမှုကို ရည်ရွယ်လျက် မိမိဥာဏ်မှီသမျှ ဆုံးမသွန်သင်ပေးရခြင်း။

အိမ်ထောင်စု ၄-မျိုး

၁။ ယောကျ်ားက သီလလုံခြုံ၍၊ မယားက သီလမလုံခြုံလျှင်-
နတ်သားလင်နှင့် လူသေမယား ပေါင်းသင်းသည်နှင့်တူ၏။
၂။ ယောကျ်ားက သီလမလုံခြုံပဲ၊ မယားက သီလလုံခြုံလျှင်-
လူသေလင်နှင့် မယားနတ်သမီး ပေါင်းသင်းသည်နှင့်တူ၏။
၃။ ဇနီးမောင်နှံနှစ်ဦးစလုံး သီလမလုံခြုံလျှင် လူသေချင်း ပေါင်းသင်းသည်နှင့်တူ၏။
၄။ ဇနီးမောင်နှံနှစ်ဦးစလုံး သီလလုံခြုံနေကြလျှင်- (အကောင်းဆုံး)
နတ်သားနှင့်နတ်သမီး ပေါင်းသင်းသည်နှင့်တူ၏။
(သီလမလုံခြုံသောသူသည် အသက်ရှင်နေသော်လည်း လူသေနှင့် တူနေ၏။)

'ပုဏ္ဏ'အရ သားသမီး ၃-မျိုး

၁။ အတိဇာတသားသမီး - မိဘထက် သီလ,သမာဓိ,ပညာသာလွန်သူ (မြတ်)
၂။ အနုဇာတသားသမီး - မိဘနှင့် သီလ,သမာဓိ,ပညာ တန်းတူလိုက်သူ (အလတ်)
၃။ အဝဇာတသားသမီး - မိဘလောက် သီလ,သမာဓိ,ပညာ မရှိသူ (ညံ့)

ဟိတောပဒေသ နိတိပျို့လာ သား ၄-မျိုး

၁။ အမိဝမ်းတွင်းကပင် သေသောသား၊ ၂။ ဖွားမြင်ပြီးမှ သေသောသား၊
၃။ ဆိုးမိုက်ပြီး အသက်ရှည်နေသောသား၊ ၄။ အစစ ထူးချွန်ထက်မြတ်သောသား၊
ဤတွင် အချို့သားသမီးက မိဘကို တစ်ကြိမ်မျှသာ ဒုက္ခပေးပြီး၊ အချို့က
"သားဆိုးအမေ တပေပေ"၊ "သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့"

'ဒါရဏ'အရ မယား ၇-မျိုး

(အဂ်ုတ္တိရ် သတ္တကကနိပါက် အဗျာကတဝဂ်- 'သုဇာတ'ကိုအကြောင်းပြုပြီးဟော၊)

၁။ ဝဓကသမာ	- သူသတ်သမားနှင့်တူသောမယား၊	(သေလျှင် ငရဲ)
၂။ စောရီသမာ	- သူခိုးနှင့်တူသောမယား၊	(သေလျှင် ငရဲ)
၃။ အယျာသမာ	- အရှင်သခင်နှင့်တူသောမယား၊	(သေလျှင် ငရဲ)
၄။ မာတာသမာ	- အမိနှင့်တူသောမယား၊	(သေလျှင် နတ်ပြည်)
၅။ ဘဂိနီသမာ	- နှမနှင့်တူသောမယား၊	(သေလျှင် နတ်ပြည်)
၆။ သခိသမာ	- မိတ်ဆွေနှင့်တူသောမယား၊	(သေလျှင် နတ်ပြည်)
၇။ ဒါသီသမာ	- ကျွန်နှင့်တူသောမယား၊	(သေလျှင် နတ်ပြည်)

သူသတ်,ခိုးသူ၊ သခင်ယူ၊ မိတ္တူ,နှမ၊ မိတ်,ဒါသ။ ခုနစ်မယား အစဉ်ထား။

၁ဏ္ဍ သာဓကများ-

အနာထပိဏ်သူဌေးနှင့် သား-ကာလ

ဘုရားရှင်၏ကျောင်းဒကာ အနာထပိဏ်သူဌေး၌ "ကာလ"ဟုခေါ်သော သားတစ်ယောက်ရှိ၏။ သူသည် ဘုရားကို မကြည်ညိုပဲ။ တရားနာဖို့မှာ သာ၍ ဝေး၏။ သူဌေးကြီးလည်း သား၏စိတ်ထားပုံကိုမနှစ်သက်၍ "ချစ်သား ဥပုသ်စောင့်၍ တရားနာပါ၊ မနက်ဖြန်ငွေတစ်ရာပေးမည်"ဟုပြော၏။ 'ကာလ'သည် ငွေလိုချင်၍ ဥပုသ်စောင့်သွား၏။ သို့သော် တရားမနာဘဲပြန်လာသည်။ နောက်တစ်ကြိမ်၌ သူဌေးကြီးက "ချစ်သား.. ဘုရားရှေ့ရပ်ပြီး တရားတစ်ပုဒ်လောက် မှတ်မှတ်သားသား နာခဲ့ပါ။ ငွေတစ်ထောင်ပေးမည်"ဟုပြော၍ ကျောင်းတော်သို့လွှတ်ပြန်၏။ 'ကာလ'သည် ဘုရားရှေ့ရောက်၍ ဟောပြောဆုံးမသည်ကို တစ်ပုဒ်လောက်ရလျှင် ပြန်မည်ဟူသောအကြံဖြင့် နာယူလေရာ နားစိုက်ရင်း နားစိုက်ရင်း တရားသဘောကျ၍ 'သောတာပန်အရိယာ'ဖြစ် သွား၏။

ထိုသို့ သောတာပန်အရိယာ ဖြစ်သွားခြင်းမှာ အနာထပိဏ်သူဌေး၏ မိမိသားအပေါ် လောဘီ,လောကုတ္တရာ နှစ်ဖြာသောချီးမြှောက်ခြင်းဖြင့် ချီးမြှောက် ထောက်ပံ့ခြင်း 'ပုတ္တဒါရဿသင်္ဂဟ မင်္ဂလာ'နှင့်ပြည့်စုံသောကြောင့်ဖြစ်ပါသည်။

မဟာဓနသူဌေးသား၏ မိဘများအကြောင်း

ဘုရားရှင်လက်ထက်က ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးလင်မယားသည် မိမိတို့၏သား 'မဟာဓန'ကို ပစ္စည်းဥစ္စာဖြင့်သာချီးမြှောက်၍ အတတ်ပညာ သင်ကြားစေမှု၊ အကျင့်စာရိတ္တကောင်းစေမှု၊ သူတော်ကောင်းတရား ကျင့်သုံးစေမှုဟူသော ဓမ္မရေးဖြင့် မချီးမြှောက်သောကြောင့် ၎င်းတို့၏သား မဟာဓနသည် ၎င်းတို့သေဆုံးသွားသောအခါ မသူတော်လူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံသောကြောင့် နောက်ဆုံးတွင် သူတောင်းစားဘဝဖြင့် အသက်ဆုံးရလေသည်။

ဤသို့အဖြစ်ဆိုးနှင့်ကြုံရခြင်းမှာ အနာထပိဏ်သူဌေးကဲ့သို့ သားသမီးကို ပစ္စည်း၊ ဓမ္မနှစ်ဌာနဖြင့်(၀၊)လောဘီ,လောကုတ္တရာ နှစ်မျိုးစလုံးဖြင့် မချီးမြှောက်မှု "ပုတ္တဒါရဿသင်္ဂဟမင်္ဂလာပျက်"သောကြောင့် ဖြစ်ပါသည်။

အခြားမှတ်သားဖွယ်-

တရားသဖြင့်ကျွေးမွေးက သိကြားမင်းပင်ရှိခိုးရ-

အိမ်ထောင်ဦးစီးဖြစ်ကြသော လင်ယောကျ်ားတွေက သားမယားများအပေါ် တရားသဖြင့် ကျွေးမွေးပြုစုကြသည့်အတွက် လူသားအချင်းချင်းက ချီးမွမ်းထောပနာပြုနိုင်သည်ကို မဆိုထားဘိ သိကြားမင်းကတောင် ရှိခိုးခြင်းကို ခံရတတ်ပါသည်။

၁၃။ အနာကုလာ စ ကမ္မန္တာ အလုပ်အပြစ်ကင်းမဂ်လာ

{ **အနာကုလ= နှ အာကုလ-** ရှုပ်ထွေးခြင်းမရှိသော၊ **ကမ္မန္တ-** အလုပ်၊ }

ရှုပ်ထွေးခြင်း ကင်းသောအလုပ်၊ ရှုပ်ထွေးခြင်းကင်းပြီး သန့်ရှင်းအောင် အလုပ်လုပ်ခြင်းသည် ကုသိုလ်တရား တိုးပွားရင့်ကျက်ရန် 'အနာကုလကမ္မန္တ' မဂ်လာ မည်၏။

မိဘနှင့်သမီးသားတို့ကို လုပ်ကျွေးပြုစု ကျွေးမွေးစောင့်ရှောက်ခြင်းပြုရန်နှင့် အသက်မွေးကျောင်းအတွက် ပစ္စည်းဥစ္စာတို့ကိုရှာဖွေရာတွင် အယူအဆမှားယွင်းကြပြီး အပြစ်အနာမလွတ်ကင်းသောအလုပ်အကိုင်တို့ဖြင့် ဥစ္စာကြေးငွေရှာဖွေခြင်းတို့ မပြုလုပ်ရန်နှင့် လောကဥပဒေအပြစ်ကင်းအောင်, သံသရာအပြစ်အကုသိုလ်လည်းကင်းအောင် သမ္မာအာဇီဝ-သန့်ရှင်းစင်ကြယ်သောအလုပ်မျိုးဖြင့် အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ခြင်းတို့ကိုပြုကြရန် 'အနာကုလကမ္မန္တ' မဂ်လာကို ဟောတော်မူ၏။

အလုပ်မရှုပ်ထွေးကြောင်း

အလုပ်ရှုပ်ထွေးကြောင်းများဖြစ်သော **ကာလဝိတက္ကမန**-အချိန်လွန်ခြင်း, **အပ္ပတိရူပကရဏ**-ဒေသနှင့်မသင့်လျော်အောင်ပြုခြင်း, **သိထိလကရဏ**-ပေါ့ပေါ့လျော့လျော့လုပ်ခြင်း တို့မှကင်းအောင် အလုပ်မရှုပ်ထွေးကြောင်းဖြစ်သော..

၁။ ကာလညုတာ - အချိန်ကို သိနားလည်ခြင်း၊
၂။ ပတိရူပကာရိတာ - ဒေသနှင့်သင့်လျော်အောင်ပြုခြင်း၊
၃။ အနလသတာ - မပျင်းရိခြင်း၊
၄။ ဥဋ္ဌာနဝီရိယသမ္ပတ္တိ - လုံ့လဝီရိယရှိခြင်း၊
၅။ အဗျသနိယတာ - ပျက်စီးအောင် မလုပ်ခြင်း၊

တို့ဖြင့်ပြုလုပ်သော လုပ်ငန်းများသည် 'အနာကုလကမ္မန္တ' မည်ပါသည်။

* ချိန်ခါသိလင့်၊ သင့်အောင်ပြုခြင်း၊ မပျင်းမရိ၊ လုံ့လရှိလျက်၊ မပျက်စီးစေ၊ အလုပ်တွေ၊ ရှုပ်ပွေမရှိရာ။

လမ်းညွှန်။ ။ မိမိ၏မိဘများနှင့်သားသမီးများ ချမ်းချမ်းသာသာနေနိုင်ရေးအတွက် စီးပွားရှာရာတွင် သမ္မာအာဇီဝခေါ် ကောင်းသောအသက်မွေးဝမ်းကျောင်းမှုမျိုး၊ ဥပဒေလွတ်ကင်းသည့် စီးပွားရှာနည်းမျိုးဖြစ်သာ မပျင်းမရိ စီးပွားရှာရမည်။ သူတစ်ပါးအား ထိခိုက်နစ်နာစေကာ သူတစ်ပါးမျက်ရည်ကျမှ မိမိထမင်းဝမည့် စီးပွားရှာနည်းမျိုး မဖြစ်ရန်လိုအပ်ကြောင်း 'အနာကုလကမ္မန္တမင်္ဂလာ'က စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သမ္မာအာဇီဝဖြစ်ရေးအတွက် လမ်းညွှန်သည်။

(* အလုပ်သမားလမ်းညွှန်မင်္ဂလာ, စီးပွားရေးလမ်းညွှန်မင်္ဂလာ ဖြစ်ပါသည်။)

မှတ်ချက်။ ။ **ဗုဒ္ဓဘာသာဝင်များ အထူးရှောင်ကြဉ်ရန်**– အဆိပ်,လက်နက်, လူ,အရက်,သားထွက်တိရစ္ဆာန်၊ သုံးဌား,ရောင်းဝယ်လျှင် မွေးသတ်မိစ္ဆာမှန်။

" အနာကုလကမ္မန္တမင်္ဂလာ" မင်္ဂလာဖြစ်သူ–

မရှုပ်ထွေးအောင် ရှင်းရှင်းအလုပ်လုပ်သူ၊ အလုပ်ကို အကြွေးမထားသူ၊ ဥပဒေ(အပြစ်)လွတ်ကင်းသော စီးပွားရေးအလုပ်မျိုးကိုလုပ်သူ၊ မှောင်ခိုအလုပ်မလုပ်သူ၊ ကောင်းရာကောင်းဝယ် ကုန်သွယ်,လယ်လုပ်အလုပ်မျိုးလုပ်သူ၊ တရားသဖြင့် စီးပွားရှာသူ၊ အဆိပ်,လက်နက်, လူ,အရက်,သားထွက်တိရစ္ဆာန်သတ္တဝါတို့ကိုရောင်းဝယ်ဖောက်ကားခြင်းမှ ရှောင်ကြဉ်သူ၊ သမ္မာအာဇီဝဖြင့် အသက်မွေးသူ၊ အလုပ်လုပ်ရာတွင် အပျင်းမထူသူ၊ လောင်းကစားမလုပ်သူ၊ ကြက်တိုက်ဖဲရိုက် မလုပ်သူ၊ မိမိစီးပွားရေးဆိုင်ရာ၌ ကျွမ်းကျင်သူ၊ လုပ်ငန်းတာဝန်များကိုရိုသေအလေးထားသူ၊ မခိုမကပ်အလုပ်လုပ်တတ်သူ စသည်..

အကျိုး–

အပြစ်ကင်းသော စီးပွားရေးကိုလုပ်လျှင် ရရှိနိုင်သောချမ်းသာသုခ ၄–မျိုး

၁။ အတ္ထိသုခ – ငါ့မှာရှိသည်ဟု တွေးတောမိသောအခါဖြစ်သော ချမ်းသာသုခ၊

၂။ ဘောဂသုခ – သုံးဆောင်ခံစားခြင်းကြောင့်ဖြစ်သော ချမ်းသာသုခ၊

၃။ အာနဏျသုခ – ကြွေးမြီမတင်ခြင်းကြောင့်ဖြစ်သော ချမ်းသာသုခ၊

၄။ အနဝဇ္ဇသုခ – အပြစ်မရှိခြင်းကြောင့်ဖြစ်သောချမ်းသာသုခ တို့ဖြစ်၏။

သူဌေးဖြစ်နည်း နိဿရည်း (သမ္မဒါတရား ၄-ပါး)

ဗုဒ္ဓရှင်တော်မြတ်သည် 'လောကကြီးပွားရေး, နောင်သံသရာကြီးပွားရေး နည်းပေးလမ်းပြတော်မူပါ'ဟုလျှောက်ထားသော "ဗျဂ္ဃပဇ္ဇ"ဆိုသူ ဥပါသကာအား လောကကြီးပွားရေးအတွက် သမ္မဒါ ၄-ပါး၊ နောင်သံသရာကြီးပွားရေးအတွက် သမ္မဒါတရား ၄-ပါးတို့ကို (အဂ်ုတ္တိုရ်ပါဠိတော်၌) ခွဲခြား ဟောပြတော်မူ၏။

လောကကြီးပွားရေး-

၁။ **ဥဋ္ဌာနသမ္မဒါ** - မိမိ၏အလုပ်ကိစ္စမှာ ကျွမ်းကျင်လိမ္မာ၍ ထကြွလုံ့လ ဝီရိယဖြင့် မပျင်းမရိ ကြိုးစားရှာဖွေရမည်။ အချိန်ကိုမလွန်စေပဲ လိုအပ်လျှင် ကြိုတင်ပြင်ဆင်မှုများ ရှိထားရမည်။ အပျင်းမထူရ။

၂။ **အာရက္ခသမ္မဒါ** - ရှာဖွေရရှိလာသော ငွေကြေး, ပစ္စည်း ဥစ္စာများကို လုံလုံ ခြုံခြုံ သိမ်းဆည်းစောင့်ရှောက်ရမည်။ စည်းကမ်းမဲ့စွာ မထားရ။

၃။ **ကလျာဏမိတ္တသမ္မဒါ** - လောကရေး, ဓမ္မရေးတို့၌ နည်းပေးလမ်းပြနိုင် သောမိတ်ဆွေကောင်းရှိရမည်။ အကျင့်ပျက်သူများနှင့် မပေါင်းရ။

၄။ **သမဇီဝိတသမ္မဒါ** - ဝင်ငွေများပြီး ထွက်ငွေနည်းအောင် ချွေချွေတာတာ ချင့်ချိန်သုံးစွဲရမည်။ အဝင်အထွက် မျှတစွာရှိရမည်။ လက်မဖွာရ။

ဤတရား ၄-ပါးသည် ဘဝမှာ ကြီးပွားချမ်းသာခြင်း၏ အကြောင်း ဖြစ်ပါသည်။ အချိန်မလွန်မီ သတိတရားရှိကြပြီး မြတ်စွာဘုရား၏ညွှန်ကြား ချက်ကို ရိုသေလေးစားစွာ လိုက်နာကျင့်သုံးကြမှသာ မကြာလှသောအချိန်အ တွင်းမှာ မိမိနှင့်တကွ တိုင်းပြည်နှင့်လူမျိုးပါ တိုးတက်ကြီးပွားလာပါမည်။

ဘဝသံသရာကြီးပွားရေး-

၁။ သဒ္ဓါသမ္မဒါ - သဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊

၂။ သီလသမ္မဒါ - သီလနှင့်ပြည့်စုံခြင်း၊

၃။ စာဂသမ္မဒါ - စွန့်ကြဲပေးကမ်းခြင်းနှင့်ပြည့်စုံခြင်း၊

၄။ ပညာသမ္မဒါ - ပညာနှင့်ပြည့်စုံခြင်း၊

ဤတရား ၄-ပါးသည် နောင်ဘဝသံသရာမှာ ကြီးပွားချမ်းသာခြင်း၏ အကြောင်းများ ဖြစ်ပါသည်။

နည်းစနစ်မှန်ကန်စွာတိုးတက်ရေးနှင့် သမ္မတ္တ ၅–မျိုး

လူသားတို့သည် ဆန္ဒအလိုလို, ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လုပ်ငန်းဆောင်တာအဖြာဖြာကို ပြုလုပ်ဆောင်ရွက်ကြ၏။ ထိုသို့ လုပ်ငန်းဆောင်ရွက်ရာ၌ နည်းစနစ်မှန်ကန်စွာတိုးတက်ရေးအတွက်–

* နှောင့်ယှက်မှုကင်းသော လုပ်ငန်းကို ရွေးချယ်ခြင်း၊
* လုပ်ငန်းခွင်၌ ရှုပ်ထွေးမှုမရှိအောင် ပြုလုပ်ခြင်း၊

စသော အခြေခံနည်းများ ပြည့်စုံအောင် ဖန်တီးရမည် ဖြစ်သည်။

၁။ အဆိပ်အမျိုးမျိုး ပြုလုပ်ရောင်းဝယ်ခြင်း၊
၂။ လက်နက်များ ထုတ်လုပ်ရောင်းဝယ်ခြင်း၊
၃။ လူကို အရောင်းအဝယ်ပြုလုပ်ခြင်း၊
၄။ အရက်သေစာ, မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း၊
၅။ သူတပါးတို့အား ညှဉ်းဆဲနှိပ်စက်မှုမကင်းသော မွေးမြူရေး, စိုက်ပျိုးရေး ကူးသန်းရောင်းဝယ်ရေးဆောင်ရွက်ခြင်း၊

စသော လုပ်ငန်း ၅–မျိုးသည် ပင်ကိုယ်သဘောအားဖြင့် နှောင့်ယှက်မှုရှိနေသော လုပ်ငန်းများဖြစ်နေ၍ ဗုဒ္ဓဘာသာဝင်တို့ အထူးရှောင်ကြဉ်ရန် လိုအပ်၏။

လုပ်ငန်းခွင်၌ အလုပ်မရှုပ်ထွေးကြောင်းဖြစ်သော အချိန်ကို သိနားလည်ခြင်း၊ အေသနှင့်သင့်လျော်အောင်ပြုခြင်း၊ မပျင်းရိခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ပျက်စီးအောင် မလုပ်ခြင်းတို့သည် လုပ်ငန်းခွင်၌ ရှုပ်ထွေးမှုမရှိ, သန့်ရှင်းသပ်ရပ်စွာပြုလုပ်ခြင်းဖြစ်၍ 'အနာကုလကမ္မန္တ' မည်ပါသည်။

ပြုလုပ်အားထုတ်သော အမှုကိစ္စတို့၌ ရည်ရွယ်ချက်ထမြောက်အောင်မြင်စေရန် **သမ္မတ္တိ ၅–မျိုး**နှင့်လည်း ပြည့်စုံအောင်သတိပြုရမည်ဖြစ်သည်။

၁။ ဉာဏသမ္မတ္တိ – သိရှိသင့်သည်ကို သိရှိခြင်း၊
၂။ ဂတိသမ္မတ္တိ – သင်လျော်သောဌာနကို ရွေးချယ်ခြင်း၊
၃။ ဥပတိသမ္မတ္တိ – အထောက်အကူပစ္စည်း ပြည့်စုံခြင်း၊
၄။ ကာလသမ္မတ္တိ – အချိန်အခါကို နားလည်ခြင်း၊
၅။ ပယောဂသမ္မတ္တိ– သင်လျော်အောင် ပြုလုပ်ခြင်းတို့ဖြစ်သည်။

ဝီရိယလည်းပြည့်စုံ, သမ္မတ္တိငါးမျိုးနှင့်လည်း ညီညွတ်ပါမူ ပြုဖွယ်ကိစ္စမှန်သမျှသည် ရည်ရွယ်ချက်အတိုင်း မလွဲမသွေ အောင်မြင်ပြီးစီးမည်ဖြစ်ပေသည်။

ဝတ္ထု သာဓကများ-

ရွဲကုန်သည် ၂-ဦး

သေရိုဝဇာတ်၌ ဘုရားလောင်းနှင့် ဒေဝဒတ်လောင်း ရွဲကုန်သည်နှစ်ယောက်သည် တစ်လမ်းဝင်တစ်လမ်းထွက်ဖြင့် ရွှေရောင်းကြရာ မြေးအဖွားနှစ်ယောက်သာရှိသောအိမ် တစ်အိမ်သို့ရောက်လာကြ၏။ အဘွားအိုက မြေး၏ပူဆာမှုကြောင့် မိမိတို့၏ဟောင်းနွမ်း နေသောရွှေခွက်ကို ကြေးခွက်ထင်၍ ရွဲဖြင့်လဲခိုင်းရာ ဒေဝဒတ်လောင်းရွဲကုန်သည်က ရွှေခွက်မှန်းသိသော်လည်း အလကားလိုချင်၍ ရွှေခွက်ကို အဖိုးမတန်သည့်ဟန်ဖြင့် မြေကြီးပေါ်ပစ်ချ၍ ဟန်ဆောင်ထွက်သွား၏။ ဘုရားလောင်းရွဲကုန်သည်ကမူ တန်ရာ တန်ဖိုးပေး၍ဝယ်သွားသည်။ ထို့နောက် ဘုရားလောင်း မြစ်ကမ်းတစ်ဘက်သို့ကူးစဉ် ဒေဝဒတ်လောင်းလိုက်လာ၍ ရွှေခွက်ကိုတောင်းရာ မရသဖြင့် ထိုနေရာမှပင် ပူပင် သောကအားကြီးကာ သေရလေသည်။ (ထိုဘဝမှစ၍ ဒေဝဒတ်သည် ဘုရားလောင်း အပေါ် ရန်ငြိုးထား၍ ဖြစ်လေရာဘဝတွင် အခွင့်သင့်တိုင်း အနှောင့်အယှက် ပေးခဲ့၏။)

ဤသာဓက၌ ဘုရားလောင်းရွှေခွက်ရ၍ ချမ်းသာသွားသည်မှာ သမ္မာအာဇီဝ (သမလောဘ)ဖြင့်စီးပွားရှာမှု 'အနာကုလာစ ကမ္မန္တမင်္ဂလာ'နှင့် ပြည့်စုံသောကြောင့် ဖြစ်ပြီး၊ ဒေဝဒတ်အလောင်း ပစ္စည်းရောအသက်ပါဆုံးရှုံးရခြင်းမှာ ဝိသမလောဘဖြင့် မတရားစီးပွားရှာမှု "အနာကုလာစကမ္မန္တမင်္ဂလာပျက်"သောကြောင့် ဖြစ်ပါသည်။

ကြွက်သေတစ်ခု အရင်းပြု

ရှေးအခါက ဗာရာဏသီမြို့မှာ ဉာဏ်ပညာရှိသော စူဠသူဌေးသည် ကြွက်သေ တစ်ကောင်ကိုတွေ့ရာ နက္ခတ်ယှဉ်ပုံကိုကြည့်ပြီး 'ဒီကြွက်သေကောင်ကို အရင်းအနှီး ပြုပြီး စီးပွားရှာရင်ချမ်းသာမည်'ဟု ပြောလိုက်သောစကားကိုကြားရသော သူဆင်းရဲ တစ်ယောက်သည် ကြွက်သေကိုယူ၍ ဈေးကိုသွားပြီး ကြောင်စာအတွက်ရောင်းစားရာ ငွေ-တစ်ချင်ရွေးကိုရ၏။ ငင်းကို တင်လဲ(ထန်းလျက်)ဝယ်၍ လမ်းစုံတွင် သောက်ရေအိုး စင်တည်၍ ရေနှင့်တင်လဲကိုလှူရာ ပန်းသည်များရောက်လာပြီး သူ့အား ပန်းများကို လက်ဆောင်ပေး၏။ ထိုပန်းတို့ကိုရောင်းရာ ငွေရှစ်ကျပ်ရ၏။ ထိုငွေဖြင့် မြက်များ ဝယ်၍ မြင်းကုန်သည်တို့ကိုရောင်း၊ ထိုမှတဆင့် ကုန်သည်များထံမှကုန်များဝယ်၍ ကြိုးကြိုးစားစား လုပ်ကိုင်လာသည့်အတွက် အဆင့်ဆင့်တိုးတက်ကြီးပွားလာပြီး သူ၏ အရည်အချင်းကိုသဘောကျ၍ စူဠသူဌေးက သမီးနှင့်ထိမ်းမြားပေးလိုက်သည်။

အခြားမှတ်သားဖွယ်-

အချိန်ကိုဖြုန်းခြင်းနှင့် ငွေကိုမတရားသုံးခြင်းသည် ကြီးပွားရေး၌ အကြီးဆုံးရန်သူဖြစ်၏။

မင်္ဂလသုတ်ပို့ (မုံရွေးဆရာတော်)

(အဌမပို့) (ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါး)

မာတာပိတု ဥပဋ္ဌာနံ[၁၁] (မိဘလုပ်ကျွေးမင်္ဂလာ)

ပုတ္တဒါရဿ သင်္ဂဟော[၁၂] (သားမယားချီးမြှောက်မင်္ဂလာ)

အနာကုလာ စ ကမ္မန္တာ[၁၃] (အလုပ်အပြစ်ကင်းမင်္ဂလာ)

၈။ မြဝတိန်သာ၊ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ သိကြားတမန်၊ မောင်နတ်မွန်.. ..။

(၁၁) ယုဂန်တောင်ညို၊ မြင်းမိုရ်မက၊ ဂုဏ်ကြီးလှသား၊ မိဘမည်သာ၊ မာတာပိတု၊ ဤနှစ်စုကို၊ ဥပဋ္ဌာန၊ တုပ်ကွမြတ်လေး၊ ဦးစားပေး၍၊ ကျွေးမွေးနိုင်စေ..

(၁၂) လူဖြစ်လေမူ၊ သူတော်တကာ၊ ကျင့်ရာမှတ်သား၊ ဝတ်ငါးပါးဖြင့်၊ သားမယားကို၊ ဆဲဆိုစောင်းရိပ်၊ မနှိပ်မစက်၊ ရိုက်နှက်ပစ္စာ၊ ပြစ်မရှာဘဲ၊ ကောင်းစွာကျင့်လေ..

(၁၃) စိတ်နေ ဖြောင့်ဖြောင့်၊ သတိ စောင့်လျက်၊ နှောင့်ယှက်လေဘွယ်၊ မှုကြီးငယ်ကို၊ လွှဲဖယ်ခွာမူ၊ ရှောင်ရှားရှုလျက်၊ ပြုရခြင်းသည်..

ကြံစည်မှတ်သား၊ ဤသုံးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန် စွဲမှတ်ရှာလေလော့။

ပို့အဓိပ္ပါယ်-

မြရောင်အဆင်းရှိသော တာဝတိံသာနတ်ပြည်မှ သိကြားမင်းတမန် မောင်နတ်သား..

(၁၁) ယုဂန္ဓိုရ်နှင့်မြင်းမိုရ်မက ကျေးဇူးကြီးလှသော မိဘနှစ်ပါးကို ရိုသေလေးစား, စားဦးစားဖျားပေး၍ ပြုစုလုပ်ကျွေးခြင်းသည် မင်္ဂလာမည်၏။

(၁၂) အိမ်ထောင်ရှင် လင်ယောကျ်ားသည် သားမယားကို ဆဲဆိုခြင်း၊ စောင်းမြောင်းပြောဆိုခြင်း၊ နှိပ်စက်ခြင်း၊ ရိုက်နှက်ခြင်း၊ အပြစ်ရှာခြင်း မပြုဘဲ သူတော်ကောင်းများ လိုက်နာအပ်သည့် ကျင့်ဝတ်ငါးပါးဖြင့် ကောင်းစွာ စောင့်ရှောက် ချီးမြှောက်ခြင်းသည် မင်္ဂလာမည်၏။

(၁၃) စိတ်ကို ဖြောင့်မတ်စွာထား၍ အမြဲမပြတ် သတိဖြင့် စောင့်ကြပ်လျက် နှောင့်ယှက်ဖွယ်ရှိသော အမှုကြီးငယ်တို့ကို ရှောင်ရှားကာ ပြုလုပ်ရခြင်းသည် မင်္ဂလာ မည်၏။ အမိအဖတို့ကို ပြုစုလုပ်ကျွေးခြင်း၊ သားမယားကို ချီးမြှောက်ထောက်ပံ့ခြင်း၊ နှောင့်ယှက်မှုကင်း, သန့်ရှင်းသောအမှုတို့ကို ပြုလုပ်ခြင်း၊

ဤသုံးပါးကို မွန်မြတ်လှစွာ မင်္ဂလာတရားများဖြစ်၏ဟူ၍ သဒ္ဓါကဲလွန်နတ်တမန်သည် ယုံမှားမရှိ စွဲမြဲစွာမှတ်သားလေလော့။

လို့ရင်းခက်ဆစ်အဖြေ–

မြဝတိန်သာ – တောင်ဘက်၌ မြရောင်အဆင်းရှိသော တာဝတိံသာနတ်ပြည်၊

ယုဂန် – (ပါဠိ) ယုဂ = အစုံ၊ ရေ = ဆောင်၊
ယုဂန္ဓိရ်တောင်နှင့်အမျှ နေ,လ နှစ်ခုတို့ သွားလာသောကြောင့် နေ,လအစုံကို ဆောင်ထားသည်နှင့် တူရကား ၎င်းတောင်ကို 'ယုဂန္ဓရ'ဟုခေါ်ဆိုလေသည်။ (ဆောင်ထားသကဲ့သို့ ၎င်းနေလ အစုံသည် ယင်းတောင်အပါးမှ ထွက်ကြသည်။)

မြင်းမိုရ် – မြင်းမိုရ်တောင်
တောင်စဉ်ခုနစ်ထပ်မြင့်မား၍ တာဝတိံသာနတ်ပြည်၏ တည်ရာ၊ (မေရု–လေးကျွန်းတည်ရာ စက္ကဝဠာ၏ ဗဟိုဌ်တည်သော အမြင့်ဆုံးတောင်)

မာတာပိတု – မာတာ–အမိ၊ ပိတု–အဖ၊

ဥပဋ္ဌာန – လုပ်ကျွေးခြင်း၊
မိဘတို့အား လုပ်ကျွေးရာ၌ ဇနကဇာတ်၊ သုဝဏ္ဏသာမဇာတ် စသည်တို့တွင် များစွာအကျိုးကြီးကြောင်း ပြဆိုထားလေသည်။ အဂ်ုတ္တိရ်၌လည်း 'အာဟုနေယျ'ထိုက်ကြောင်း၊ ပူဇော်အထူးကို ခံထိုက်ကြောင်း 'ပုဗ္ဗာစရိယ'မည်ထိုက်ကြောင်းနှင့် မိဘနှစ်ပါးတို့ကို အသက်ထက်ဆုံး ကျွေးမွေးပူဇော်စေကာမူ မိဘကျေးဇူးမကျေသေးကြောင်းကိုလည်း ပြဆိုလေသည်။

ပစ္စာ – (ပေါရာဏ) အပြစ်အနာအဆာ၊

မင်္ဂလာ+အတိဓမ္မာသဘော–

သမ္မပ္ပဓာန် ၄– ပါး (သမ္မပ္ပဓာန်= သမ္မာ–ကောင်းစွာ + ပဓာန–အားထုတ်ခြင်း)

ကောင်းစွာအားထုတ်ကြောင်း၊ ပြီးစေကြောင်း ဖြစ်သောကြောင့် ဝီရိယစေတသိက် (၀၊) ဝီရိယ အထူးသည် 'သမ္မပ္ပဓာန်တရား' မည်၏။

သမ္မပ္ပဓာန်–ဝီရိယသည် အသားအသွေးခန်းခြောက်စေ၊ အရေ,အကြော,အရိုးမျှကြွင်းစေ၊ မဆုတ်မနစ်သောဇွဲဖြင့် အားထုတ်သော အလွန်ဇွဲကောင်းသော 'ဝီရိယ' ဖြစ်သည်။ တရားကိုယ်မှာ– မဟာကုသိုလ်စိတ် ၈–ပါး, မဟဂ္ဂုတ်ကုသိုလ်စိတ် ၉–ပါး,

မဂ်ကုသိုလ် ၄–ပါးအားဖြင့် ကုသိုလ်စိတ် ၂၁–ပါးရှိ 'ဝီရိယ'ဖြစ်သည်။ (အားထုတ်မှုပြီးမြောက်သောရဟန္တာနှင့်မဆိုင်၍ ကြိယာ,ဖိုလ်တရားတို့ကို မကောက်ထိုက်။)

	သမ္မပ္ပဓာန်တရား ၄–ပါး	အဓိပ္ပါယ်(ကောင်းစွာ အားထုတ်ခြင်း)	တရားကိုယ်
	ဥပ္ပန္နာနံ ပါပကာနံ၊ ပဟာနာယ ဝါယာမော၊	ဖြစ်ပြီး အကုသိုလ်တို့ကို ပယ်ခြင်းငှာ ကောင်းစွာ အားထုတ်ခြင်း၊	**ဝီရိယ**
	အနုပ္ပန္နာနံ ပါပကာနံ၊ အနုပါဒါယ ဝါယာမော၊	မဖြစ်သေးသော အကုသိုလ်တို့ကို အသစ်မဖြစ်အောင် ကောင်းစွာ အားထုတ်ခြင်း၊	။
	အနုပ္ပန္နာနံ ကုသလာနံ၊ ဥပ္ပါဒါယ ဝါယာမော၊	မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်လာအောင် ကောင်းစွာ အားထုတ်ခြင်း၊	။
	ဥပ္ပန္နာနံ ကုသလာနံ၊ ဘိယျောဘာဝါယ ဝါယာမော၊	ဖြစ်ပြီး ကုသိုလ်တို့ကို အစဉ်တိုးပွားနေအောင် ကောင်းစွာ အားထုတ်ခြင်း၊	။

* ဒုဟောင်း ပယ်ပစ်၊ ဒုသစ် မလာ။ ကု ဟောင်း မလစ်၊ ကုသစ် ရ,ဌ,ဌ။
* အကုပယ်ရှား၊ မဖြစ်ပွားဘို့။ ကုမျှားဖြစ်စေ၊ တိုးပွားစေ လေးထွေသမ္မပ် အားထုတ်အပ်။
* ကြော+ချင်+ရိုး+ရေ,ကြွင်းလေစေ၊ ကန်စေသားအသွေး၊ အသက်မျှမညှာရ,သမ္မပ္ပဓာန်လေး။

ဝိရတီ ၃–ပါး

၁	သမ္မာဝါစာ	အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက် ၄–ပါးမှရှောင်ကြဉ်မှု။
၂	သမ္မာကမ္မန္တ	အသက်မွေးဝမ်းကြောင်းနှင့်မစပ်ဆိုင်သော ကာယဒုစရိုက် ၃–ပါးမှရှောင်ကြဉ်မှု။
၃	သမ္မာအာဇီဝ	အသက်မွေးဝမ်းကြောင်းနှင့် စပ်ဆိုင်သော ဝစီဒုစရိုက် ၄–ပါးနှင့်တကွ ကာယဒုစရိုက် ၃–ပါးတို့မှ ရှောင်ကြဉ်မှု။

(ဒုစရိုက်တရားများအား အဆိပ်သီးကို မစားဝံ့သကဲ့သို့ ရှောင်ကြဉ်ကြရန် ဖြစ်ပါသည်။)

မှတ်ပွယ်ရာရာ မင်္ဂလာ-

ကံ,ဉာဏ်,ဝိရိယ တရားသုံးမျိုးသည် ကြီးပွားတိုးတက်ရေး၏ အခြေခံ အကြောင်းတရားများဖြစ်ပါသည်။ ဤ 'အနာဂုလာစ ကမ္မန္တ မင်္ဂလာ'၌ကား ကြီးပွားတိုးတက်ရေးအတွက် (ကံတရား ချို့တဲ့ခဲ့လျှင်တောင်မှ) ဉာဏ်,ဝိရိယ နှစ်ပါးဖြစ်ပင် လုပ်ကိုင်၍ရနိုင်ကြောင်း ဖော်ညွှန်းပြထားသည်။ ကံတရားကိုသာ ရိုးမယ်ဖွဲ့၍နေသူများသည် မိမိ၏ ဉာဏ်,ဝိရိယကို ကိုးစားမပြုဘဲ လုပ်ကိုင်နေ ထိုင်မည်ဆိုပါလျှင် ကြီးပွားတိုးတက်ရေးအတွက် မပြည့်စုံနိုင်သေးပါ။ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်၍ ခံယူချက်ပြောင်းလဲရန် လိုအပ်ပေသည်။ မသိမမြင်နိုင်သော 'ကံတရား'ကိုသာ ယုံစားရှိမနေတော့ဘဲ ဉာဏ်,ဝိရိယကို လက်တွေ့အသုံးချလျက် ကြီးပွားတိုးတက်အောင် ကြိုးစားသင့်ပေသည်။

* လောကန္တိုက်တွင်၊ ပျားနှင့်ယင်ကို၊ မျက်မြင်ပုံထား၊ မောင်ရှုစားလော့။
ပျားကားအုံပြု၊ အရည်စုရ၊ ထားမှုလိမ္မာ၊ နောင်ချမ်းသာ၏။
ယင်မှာသော်တုံ၊ ဝမ်းဝရုံမျှ၊ အုံကာသောက်စား၊ စုမထား၍၊ ရှာငြားမပြတ်၊ မရုဇတ်၏။
ဆတ်ဆတ်မုချ၊ ငယ်ကပျင်းသူ၊ ကြီးမူဆင်းရဲ၊ ရစမြဲတည်း။
(မဃဒေဝ၊ ၁၉၉။ ပိုဒ်-၂၆၇)

* ကံသာ ဥစ္စာဓနဖြစ်ချေသည်၊ ဉာဏ်မှာ ဟုတ်ရာသမျှ ဖြစ်ချေသည်။
ကံရှိမှ တတ်သည်၊ ဉာဏ်ရှိမှ မြတ်သည်။
ကံနှိုးဆော်မှ ထင်ပေါ်သည်၊ ဉာဏ်နှိုးဆော်မှ မြင်မြော်သည်။
ကံပင်ရှိသော်လည်း ဝိရိယချွတ်တတ်သည်၊ ဉာဏ်ပင်ရှိသော်လည်း သတိလွတ်တတ်သည်။
ကံပင်ရှိသော်လည်း ဝိရိယကူရမည်၊ ဉာဏ်ပင်ရှိသော်လည်း သတိမူရမည်။
ကံရှိမှ ဥစ္စာတင်သည်၊ ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်။
ကံပင်ရှိသော်လည်း ဝိရိယ မယွင်းစေရာ၊ ဉာဏ်ပင်ရှိသော်လည်း သတိမကင်းစေရာ။
(ကျည်းကန်ရှင်ကြီး)

* မပြုခင်က၊ စဉ်းစားကြ၊ ကိစ္စအသွယ်သွယ်၊
အမှားကိုပစ်၊ အမှန်ချစ်၊ စင်စစ်ချမ်းသာဖွယ်၊
အမှားကိုချစ်၊ အမှန်ပစ်၊ စင်စစ်ဆင်းရဲမယ်၊
လုံ့လပညာ၊ ကံလည်းပါ၊ ရိုက္ခာမျိုးထုတ်လွယ်။ (သုတရတနာ)

မဂ်လာမြတ် လေ့ကျင့်အပ်

အောက်ပါပုဂ္ဂိုလ်တို့၌ အဘယ်မဂ်လာများ (ပြည့်စုံ) သို့မဟုတ် (ဖျက်)သနည်း။

* မိဘကိုအကူညီပေးသူ၊ အလုပ်မပျင်းသောယောကျ်ား၊ .. .. (၁၁၊၁၃)
* စာကိုကြိုးစားသင်ခြင်း၊ စီးပွားကိုကြိုးစားရှာခြင်း၊ .. .. (၆၊၇၊၁၃)
* အပြောအဆို ချိုချိုသာသာဖြင့် စီးပွားရှာကောင်းသူ၊ .. .. (၁၀၊၁၃)
* လက်မှုပညာသင်ယူပြီး၊ တရားသဖြင့် စီးပွားရှာသူ၊ .. .. (၈၊၁၃)
* အနေအထိုင်ယဉ်ကျေးပြီး၊ မိဘတို့အားပြုစုသူ၊ .. .. (၉၊၁၁)
* စည်းကမ်းရှိပြီး၊ သားမယားတို့အားဆိုဆုံးမတတ်သူ၊ .. .. (၉၊၁၂)
* (မတရားမှုအတွက်)လာဘ်ပေးသူ၊ လာဘ်ယူသူ၊ .. .. (၁၃၊၉)
* လမ်းသရဲ၊ အဂတိလိုက်စားသူ၊ အပြောဆိုးသူ၊ .. .. (၆၊၉၊၁၀)
* ဇနီးမယား,သမီးသားတို့အား သမ္မာအာဇီဝဖြင့်ရှာကျွေးသူ၊ .. .. (၁၂၊၁၃)
* မိဘ,ဇနီးမယား,သမီးသားတို့အား ရိုးသားစွာရှာကျွေးသူ၊ .. .. (၁၁၊၁၂၊၁၃)

* မာတာပိတု ဥပဋ္ဌာန် ဂါထာကို ပါဠိရေး၍ ဆိုင်ရာဆောင်ပုဒ်ကိုလည်းပြပါ။
* မိဘတို့၏ဂုဏ်ရည်, ရအပ်သော ဘွဲ့ထူးဂုဏ်ထူးများကို ပူဇော်ခဲ့ပါ။
* "မာတာပိတု ဥပဋ္ဌာန်"အကျိုး–(မိဘကျေးဇူးဆပ်ရကျိုး)တို့ကို ဖော်ပြပြီး၊ မိဘတို့အား မလုပ်ကျွေးလျှင်အပြစ်ရှိသလား၊ အကောင်းဆုံးလုပ်ကျွေးပြပါ။
* မိဘတို့ကို လုပ်ကျွေးရကြောင်းစီစစ်ချက်နှင့် လက်တွေ့ကျေးဇူးဆပ်ပြပါ။
* မဂ်လာမိသားစု ကျင့်ဝတ်များနှင့် ဇနီး,သားသမီးတို့အား ချီးမြှောက်ပုံကိုရေးပါ။
* 'ပုတ္တဒါရသ သင်္ဂဟ'မဂ်လာအရ ဇနီးမယား,သမီးသားတို့ကို ရေတွက်ပြပါ။
* အလုပ်မရှုပ်ထွေးကြောင်းတို့ကိုဖော်ပြပြီး အနာကုလာစ ကမ္မန္တ အကျိုးကိုရေးပါ။
* လောကကြီးပွားရေးအတွက် သမ္ဘဒါ ၄–ပါး၊ နောင်သံသရာကြီးပွားရေးအတွက် သမ္ဘဒါတရား ၄–ပါးတို့ကိုခွဲခြား ပူဇော်ပြပါ။
* နည်းစနစ်မှန်ကန်စွာဖြင့်တိုးတက်ရေးအတွက် သမ္ဘတ္တ ၅–မျိုး၊ သမ္ဘပွဓာန် ၄–ပါး၊ ဝိရတိ ၃–ပါး တို့ကို ပူဇော်ပြပါ။
* ကြီးပွားတိုးတက်ရေးအတွက်(ကံတရား ချို့တဲ့ခဲ့ပါလျှင်) ဥဏ္ဏ,ဝီရိယ နှစ်ပါးဖြင့်ပင် လုပ်ကိုင်၍ရနိုင်ကြောင်း ဖော်ညွှန်းပြပါ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မဂ်လာ။"

အခန်း(၅)

ကူညီဆောင်ရွက်ရေးမင်္ဂလာ ၄-ပါး

မြတ်စွာဘုရားရှင်သည် ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါးကို ဟောတော်မူသည်၏အခြားမဲ့၌ ကူညီဆောင်ရွက်ရေးမင်္ဂလာ ၄-ပါးကို ဟောတော်မူ၏။

သတိဉာဏ်ရှေ့သွားသော ဝီရိယဖြင့် ထူထောင်ပြီး အပြစ်ကင်းစင်စွာ ရှာမှီး၍ရရှိသော မိမိဥစ္စာပစ္စည်းထဲမှ ထိုက်သည့်အားလျော်စွာ ပေးကမ်းချီးမြှောက်ထောက်ပံ့သင့်သော ပုဂ္ဂိုလ်တို့အားပေးကမ်းလှူဒါန်းခြင်း၊ သုစရိုက်တရားတို့ကို ဖြည့်ကျင့်ရခြင်း၊ ဆွေမျိုးများကို ချီးမြှောက်ရခြင်း၊ အများအကျိုးဆောင်မှုများကို ဆောင်ရွက်ရခြင်းတို့အတွက် ကောင်းမြတ်သော 'မင်္ဂလာ'၌ တည်ထားနိုင်ရန် ကူညီဆောင်ရွက်ရေးမင်္ဂလာ ၄-ပါးဖြစ်သော.. 'ဒါနဿ၊ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော၊ အနဝဇ္ဇာနိ ကမ္မာနိ၊' ပုဒ်တို့ကို ဟောတော်မူပါသည်။

အလှူလည်းပေး၊ စရိုက်ကောင်းလည်းမွေး။
ဆွေမျိုးဝတ်လည်း မချွတ်စေနှင့်၊
အပြစ်ကင်းသည့် အလုပ်ကိုလည်းလုပ်သော်၊
ဤလေးပါး- မြတ်သော မင်္ဂလာတရားတော်။

ကူညီဆောင်ရွက်ရေးမင်္ဂလာ ၄-ပါးတို့ကို လေ့လာ,ဆောင်ထား, လက်တွေ့ကျင့်သုံး,ပွါးများနိုင်ရန်အတွက်-

* လှူဒါန်းထောက်ပံ့ကူညီရေး၊ ပညာပေးရေး၊ တရားဓမ္မဖြန့်ချီရေး မင်္ဂလာတရားများ တိုးပွားရင့်ကျက်လာစေရန်အတွက် "ဒါနဿ" ပုဒ်၊
* ကုသလကမ္မပထတရားဟူသော သုစရိုက်တရားတို့ကို ဖြည့်ကျင့်ရမည့်အဖြစ် "ဓမ္မစရိယာစ" ပုဒ်၊
* မိမိနှင့်စပ်သမျှ ဆွေမျိုး,မိတ်ဆွေတို့ကိုလည်း စွမ်းအားရှိသလောက် အားပေးထောက်ပံ့ ကူညီနိုင်ရန်အတွက် "ဉာတကာနဉ္စ သင်္ဂဟော၊" ပုဒ်၊
* သံသရာစီးပွားရေး, လောကုတ္တရာစီးပွားရေးတို့၌ အပြစ်ကင်းသောအလုပ်ကို ပြတော်မူလို၍ "အနဝဇ္ဇာနိ ကမ္မာနိ၊" ပုဒ်တို့ကို ဤအခန်းတွင် တင်ပြပါမည်။

(၅) ကူညီဆောင်ရွက်ရေးမင်္ဂလာ ၄-ပါး			
၁၄	ဒါနဋ္ဌ	ပေးကမ်းလှူဒါန်းမင်္ဂလာ	သုံးတန်စေတနာ ဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှ လှူနိုင်စေ။
၁၅	ဓမ္မစရိယာ စ	တရားသဖြင့်ကျင့်ကြံမင်္ဂလာ	ကိုယ် နှုတ် စိတ်ကြံ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ။
၁၆	ဉာတကာနဋ္ဌ သင်္ဂဟာ	ဆွေမျိုးချီးမြှောက်မင်္ဂလာ	ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊ သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။
၁၇	အနဝဇ္ဇာနိ ကမ္မာနိ	အများအကျိုးဆောင်မင်္ဂလာ	သန့်စင်ပြစ်မျိုး လူထုအကျိုး၊ သယ်ပိုး ဆောင်ရွက်စေ။
	ဧတံ မင်္ဂလ'မုတ္တမံ	အဲဒါ မင်္ဂလာ ၄-ဖြာ၊	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

❖ မင်္ဂလာဂါထာ

မင်္ဂလာမြန်မာ

၁၄။ ဒါနဋ္ဌ – စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊
၁၅။ ဓမ္မစရိယာ စ – သုစရိုက်တရားတို့ကို ကျင့်ခြင်း၊
၁၆။ ဉာတကာနဋ္ဌ သင်္ဂဟာ – ဆွေမျိုးတို့ကို ချီးမြှောက် ထောက်ပံ့ ကူညီခြင်း၊
၁၇။ အနဝဇ္ဇာနိ ကမ္မာနိ – အပြစ်ကင်းသော(လူထုအကျိုးပြု)အမှုတို့ကိုပြုလုပ်ခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။ – ဤလေးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

➡ မင်္ဂလာကဗျာ

- ပေးဌဝေ၊ လှူဒါန်းလို့၊ တရားလမ်း ကျင့်ကြစေ၊
- မျိုးအဆွေ၊ အောက်မကျအောင်၊ ထောက်ပံ့ကြလေ၊
- အပြစ်ကင်း အလုပ်တွေ၊ လုပ်လေကွယ့်အမြ၊
- မင်္ဂလာလေးပါး ဂုဏ်အင်္ဂါနှင့်၊
  စုံလင်စွာ အခြေစိုက်ရအောင်၊ မင်းစိတ်ဌိတ်ခဲ့။

ဒါနအလှူမင်္ဂလာ

အဓိပ္ပါယ်အကျဉ်း။ ။ ကြီးပွားတိုးတက်လိုပါလျှင်-

(၁) တတ်နိုင်သမျှ စွန့်ကြဲပါ။ ပေးကမ်းပါ။ လှူဒါန်းပါ။

(၂) ကိုယ်ကျင့်စာရိတ္တကောင်းအောင် သုစရိုက်တရားတို့ကို ကျင့်ပါ။

(၃) ဆွေမျိုးများကိုလည်း ပစ်မထားဘဲ တတ်နိုင်သလောက် ကူညီထောက်ပံ့ပါ။

(၄) မိဘရေး၊ သားရေး၊ သမီးရေး၊ ဆွေမျိုးရေးတွေချည်းမဟုတ်ဘဲ ရပ်ရေး၊ ရွာရေး၊ သာရေး၊ နာရေးတို့ကိုလည်း ဆောင်ရွက်ပါ။ ကြီးပွားတိုးတက်ပါလိမ့်မည်။ (အပြစ်မရှိသောအလုပ်ဟူသည် လမ်းခင်းခြင်း၊ တံတားဆောက်ခြင်းစသော ရပ်ရေး၊ ရွာရေးများကိုဆိုလိုသည်)။

မဂ်လာတရားတော်အစဉ်

မဂ်လာတရားတော် အစဉ်ဟောထားမှုကို လေ့လာကြည့်လိုက်လျှင်-

* ပထမအရွယ်၌ ပြည့်စုံရမည့်မဂ်လာ (၁)မှ (၁၀)အထိ = ၁၀-ပါး
ဒုတိယအရွယ်၌ ပြည့်စုံရမည့်မဂ်လာ (၁၁)မှ (၂၁)အထိ = ၁၁-ပါး

* ပညာရှာသောအရွယ်၌ ပြည့်စုံရမည့်မဂ်လာ (၁)မှ (၁၀)အထိ = ၁၀-ပါး
ဥစ္စာရှာသောအရွယ်၌ ပြည့်စုံရမည့်မဂ်လာ (၁၁)မှ (၂၁)အထိ = ၁၁-ပါး

ဤတွင် 'အသေဝနာ'မှအစထား၍ ပေါင်းသင်းဆက်ဆံရေးမဂ်လာ ၃-ပါး၊ နေထိုင်ရေးမဂ်လာ ၃-ပါး၊ သင်ကြားရေးမဂ်လာ ၄-ပါးတို့ကို **ပထမအရွယ်, ပညာရှာ**သောအရွယ်၌ပြည့်စုံအောင် လက်တွေ့ကျင့်သုံးနိုင်ရန် ညွှန်ပြထား၏။

ဒုတိယ, ဥစ္စာရှာသောအရွယ်**အစ**တွင် ပြုစုလုပ်ကျွေးရေးမဂ်လာ ၃-ပါးကို ထပ်မံညွှန်ပြသောကြောင့် ပေါင်းသင်းရေး,ပညာရေး,စီးပွားရေးတို့ကို စနစ်တကျ ကျင့်ဆောင်မှုတို့တွင် မိမိ, မိမိတို့မိသားစု,အသိုင်းအဝိုင်းအတွက်ဖြစ်နိုင်ပါသည်။ သို့ရာတွင် အလွန်ကျယ်ဝန်းလှသည့် လူ့လောကကြီးအတွက် ဤမျှနှင့်မလုံလောက်သေး၊ လူမှုရေး, ကုသိုလ်ရေးစသည်အရေးများစွာတို့ ရှိနေသေးသည်။ ဆိုလိုသည်မှာ မိဘ,ဓနိုးမယား,သမီးသားတို့ကို ကျွေးမွေးရုံနှင့်လည်း လူ့ဝတ္တရားပြီးပြည့်စုံပြီ မဆိုနိုင်သေးပါ။ ပြီးခဲ့သည့် မဂ်လာ ၁၃-ပါးကို ကျင့်ကြံဆောင်ရွက်ခဲ့ကြသဖြင့် **ဥစ္စာ,ဓနပိုင်ရှင်**ဖြစ်လာလျှင်လည်း မဂ်လာအစဉ်အရ **ဒါန=ကုသိုလ်မဂ်လာပိုင်ရှင်** အဖြစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ဆက်လက်ညွှန်ပြတော်မူပါသည်။

၁၄။ ဒါနဋ္ဌ ပေးကမ်းလှူဒါန်းမဂ်လာ

{**ဒါတဗ္ဗန္တိ ဒါနံ**– လှူဖွယ်ဝတ္ထု။ **ဒီယတိ ဧတေနာတိ ဒါနံ**– ပေးလှူကြောင်းစေတနာ။}

စေတနာပါပါဖြင့် စွန်ကြဲ, ပေးကမ်း, လှူဒါန်း ထောက်ပံ့နိုင်ခြင်းသည် ကြီးပွားတိုးတက်ရေးနှင့် ကုသိုလ်တရားများ တိုးပွားရင့်ကျက်လာစေရန်အတွက် ဖြစ်သောကြောင့် 'ဒါန' မဂ်လာ မည်ပါသည်။

မိမိ၏လှူဖွယ်ဝတ္ထုကို သူတစ်ပါးတို့အား ပေးလှူလိုသူမှာ ပေးလိုသော စေတနာရှိမှသာ ဒါန–လှူဒါန်းခြင်းဖြစ်ပါသည်။ စေတနာမရှိလျှင် မလှူဖြစ်ပါ။ စေတနာက ပေးလှူဖြစ်ရန် အခြေခံအကြောင်းဖြစ်သောကြောင့် **'စေတနာ'**ကို **'ဒါန'** ဟုခေါ်ပါသည်။

လှူဖွယ်ဝတ္ထုတွင် တွယ်တာမက်မောမှု–လောဘ ဖြစ်နေပြန်လျှင်လည်း မလှူဖြစ်တော့ပါ။ လှူဖွယ်ဝတ္ထုမှာ မတွယ်တာ,မမက်မောမှု–အလောဘကလည်း အလှူဖြစ်ရန် အခြေခံအကြောင်းဖြစ်နေသောကြောင့် အလှူဖြစ်မြောက်ကြောင်း **'အလောဘ'**ကိုလည်း **'ဒါန'** ဟုခေါ်ပါသည်။

ဒါန ၂–မျိုး

၁။ **ဝတ္ထုဒါန** – တရားနှင့်လျော်သော လှူဖွယ်ဝတ္ထုပစ္စည်း၊ (စာ–၁၄၈)
၂။ **စေတနာဒါန**– ပေးလှူကြောင်းဖြစ်သောစေတနာ၊ (စာ–၁၆၇)

တစ်နည်းအားဖြင့်

၁။ **ပစ္စယာနုဂ္ဂဟဒါန** – ဝတ္ထုပစ္စည်းဖြင့် စွန်ကြဲ,ပေးကမ်း,လှူဒါန်းခြင်း၊
၂။ **ဓမ္မာနုဂ္ဂဟဒါန** – တရားဓမ္မတို့ဖြင့် ချီးမြှောက်ထောက်ပံ့ခြင်း၊

* ပစ္စယာနုဂ္ဂဟဒါန= အာမိသဒါန၊ ဓမ္မာနုဂ္ဂဟဒါန=ဓမ္မဒါန ဟုလည်းဆို၏။
* **'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ'**နှင့်အညီ 'ဓမ္မဒါန'ဆိုင်ရာက သာလွန်၍မြတ်၏။

စေတနာ ၃–တန်

၁။ ပုဗ္ဗစေတနာ– မလှူခင် ဖြူစင်စွာဖြစ်ပေါ်နေသော စေတနာ၊
၂။ မုဉ္စစေတနာ– လှူဆဲအခါ ဖြူစင်စွာဖြစ်ပေါ်နေသော စေတနာ၊
၃။ အပရစေတနာ– လှူပြီးနောက်ပိုင်း ဖြူစင်စွာဖြစ်ပေါ်နေသော စေတနာ၊

ဒါနပြစ်ကြောင်း အင်္ဂါများ

ဒါနဟူသည် အင်္ဂါ ၄-ပါးရှိမှ အောင်မြင်ထမြောက်၏။ ၎င်းတို့မှာ- အလှူပေးပုဂ္ဂိုလ်၊ ထင်ရှားရှိသောအလှူခံပုဂ္ဂိုလ်၊ လှူဒါန်းဖွယ်ရာဝတ္ထုပစ္စည်း၊ လှူဒါန်းလိုသောစေတနာ တို့ဖြစ်ပါသည်။

ဒါနပြုရာ၌- အလှူပေးပုဂ္ဂိုလ်, အလှူခံပုဂ္ဂိုလ်တို့သည် သီလနှင့်ပြည့်စုံရခြင်း၊ လှူဖွယ်ဝတ္ထုသည် အပြစ်မကင်းသောနည်းလမ်းဖြင့် ရှာဖွေ၍ရရှိသော ဝတ္ထုပစ္စည်းမျိုးမဟုတ်ပဲ အပြစ်ကင်းပြီး တရားနှင့်ညီညွတ်သောပစ္စည်းဖြစ်ခြင်း၊ စေတနာသုံးတန် ထက်သန်ခြင်း၊ သဒ္ဓါတရားနှင့်ပြည့်စုံခြင်း- ဟူသောအင်္ဂါများပြည့် စုံရန်လိုအပ်ပါသည်။ ဤ အင်္ဂါရပ်များနှင့်ပြည့်စုံလျှင် ဒါန၏အကျိုးထက်သန်၏။ အင်္ဂါယုတ်လျော့လျှင် ဒါန၏အာနုဘော်လည်း ဆုတ်ယုတ်သည်ဟုဆိုလိုသည်။

* ဒါနပြုရာတွင် အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေနှင့်တူ၏။
* အလှူပေးပုဂ္ဂိုလ်သည် လယ်ယာလုပ်သူနှင့်တူ၏။
* လှူဖွယ်ဝတ္ထုပစ္စည်းသည် မျိုးစေ့နှင့်တူ၏။
* ရရှိလာသော အကျိုးတရားများသည် မျိုးစေ့မှအပင်ပေါက်၍ အသီးသီးခြင်းနှင့်တူ၏။

လမ်းညွှန်။ ။ 'ဒါနဠမင်္ဂလာ'သည် သမ္မာအာဇီဝခေါ် ကောင်းသောအသက်မွေးခြင်းဖြင့် ရရှိလာသောပစ္စည်းများကို မိမိ၏မိသားစုအတွက်လောက်သာအသုံးမပြုပဲ ရဟန်းသံဃာ၊ မရှိဆင်းရဲသူများနှင့် မိမိရပ်ရွာ သာယာတိုးတက်ရေးအတွက် ငွေကြေးထည့်ဝင်ကူညီခြင်း၊ မိမိတတ်သိနားလည်ထားသည့်ပညာရပ်၊ ဘာသာရပ်နှင့် တရားဓမ္မများကို သင်ကြားပို့ချဖြန့်ချိခြင်းအားဖြင့် ဒါနရှင်ဖြစ်အောင် ကြိုးပမ်းရန်လို အပ်ကြောင်း ဒါနဠမင်္ဂလာက လှူဒါန်းထောက်ပံ့ကူညီရေး၊ ပညာပေးရေး၊ တရားဓမ္မဖြန့်ချိရေးအတွက် လမ်းညွှန်သည်။

မှတ်ချက်။ ။ **ပူဇာစ နှင့် ဒါနဠ ထူးခြားချက်**

* ဂုဏ်တော်,ကျေးဇူးတော်ကို ရည်မှော်ပေးလှူခြင်းမှာ ပူဇာစမင်္ဂလာဖြစ်ပါသည်။
* မဂ်,ဖိုလ်,နိဗ္ဗာန်ရလိုရှိ ပေးလှူခြင်းမှာ ဒါနဠမင်္ဂလာ ဖြစ်ပါသည်။ ဤသို့ထူး၏။

"ဒါနဋ္ဌ" မဂ်လာဖြစ်သူ–

စွန့်ကြဲ ပေးကမ်း လှူဒါန်းသူ၊ ဆွမ်း,ပန်း,ရေချမ်း,ဆီမီး ကပ်လှူသူ၊ အသိအလိမ္မာဉာဏ်ပညာ ပေးလှူသူ၊ တရားမမ္မ ဟောပြောဖြန့်ချီသူ၊ စာအုပ်စာတမ်း ခဲတံ ပေတံ စသည့် ပညာရေးတို့အတွက်လှူဒါန်းသူ၊ ဆေးရုံဆေးခန်းစာသင်ကျောင်း စာကြည့်တိုက် ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်လှူဒါန်းသူ၊ လူနာများအတွက် သွေး,ဆေးဝါး,ပစ္စည်း လှူဒါန်းသူ၊ ဓမ္မစာပေသင်တန်းများအတွက် ကူညီပံ့ပိုးပေးသူ စသည်..

လောကဌ်ဒါနမပြုနိုင်သူ ၂–ဦး = နှမြောဝန်တိုသူ၊ မေ့လျော့သူ၊

"ဒါနဋ္ဌ" အကျိုး–

၁။ အလှူရှင်ပုဂ္ဂိုလ်သည် လူအများ၏ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း၊
၂။ သူတော်ကောင်းများ အလှူရှင်များထံ ချဉ်းကပ်လာခြင်း၊
၃။ ကောင်းသတင်းဖြင့် ဂုဏ်သတင်းကျော်စောမွှေးပျံ့ခြင်း၊
၄။ ပရိသတ်အလယ်တွင် ရဲရဲဝင့်ဝင့် တင့်တယ်စွာ ဝင်ရောက်နိုင်ခြင်း၊
၅။ သေပြီးနောက် နတ်ပြည်သို့ရောက်ရခြင်းတို့ဖြစ်ပါသည်။

လူများချစ်အပ်၊ ချဉ်းကပ်သူတော်၊ ကောင်းသတင်းလွင့်၊ ရဲရင့်လူမော်၊
သေသည့်နောက် ရောက်ရနတ်ဖေါ်၊ ဒါနမျိုး ၄၊ မျိုးမှတ်ကြကော်။

ဒါနဟူသည်–

* နတ်ပြည်ရောက်ကြောင်း စောင်းတန်းလှေကားသဖွယ် ဖြစ်၏။
* သံသရာခရီးသည်အတွက် အမြတ်ဆုံးရိက္ခာထုပ် သဖွယ်ဖြစ်၏။
* နိဗ္ဗာန်ရောက်ကြောင်း ဖြောင့်တန်းသော လမ်းမတော်လည်းဖြစ်၏။
* ဆင်းရဲလွတ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်၏။

ဒါန၏ အစွမ်းသတ္တိထူးများ

* ဒါနသည် မယဉ်ကျေးသူတို့ကို ယဉ်ကျေးစေနိုင်သည်။
* ဒါနသည် အကျိုးစီးပွားအားလုံးကို ပြီးမြောက်အောင်မြင်စေနိုင်၏။
* ဒါနဖြင့်ဂင်း၊ ချိုသာသောစကားဖြင့်ဂင်း မိမိဘက်ပါအောင်ဆွဲဆောင်နိုင်၏။
* ဒါနသည် မာနလွမ်းတက်၊ ခက်ထန်သောသူကို နူးညံ့သွားစေနိုင်၏။

သူတော်ကောင်းတို့ရဲ့ အလှူ ၅-မျိုး

၁။ **သဒ္ဓါယ ဒါန် ဒေတိ။** ရတနာသုံးတန် ကံ,ကံ၏အကျိုးတရား စသည်တို့ အပေါ်၌ ယုံကြည်ချက် သဒ္ဓါတရားဖြင့် အလှူဒါနကို ပေးလှူ၏။

၂။ **သက္ကစ္စံ ဒါန် ဒေတိ။** လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့အပေါ်၌ ရိုရိုသေသေ လေးလေးစားစား ပြုပြင်၍ အလှူဒါနကို ပေးလှူ၏။

၃။ **ကာလေန ဒါန် ဒေတိ။** ပေးလှူသင့်သော အချိန်အခါကာလ၌ အလှူဒါနကို ပေးလှူ၏။

၄။ **အနုဂ္ဂဟိတစိတ္တော ဒါန် ဒေတိ။** အလှူခံပုဂ္ဂိုလ်တို့ အပေါ်၌ ချီးမြှောက်လိုသော စိတ်ထားရှိသည်ဖြစ်၍ အလှူဒါနကို ပေးလှူ၏။

၅။ **အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ဒါန် ဒေတိ။** မိမိကိုယ်ကိုလည်း သူတစ်ပါးကိုလည်း မထိခိုက်စေမူ၍ အလှူဒါနကို ပေးလှူ၏။

ဆွမ်းလှူကျိုး ၅-ပါး

သက်ရှည် ဆင်းလှ၊ သုခ ခွန်အား၊ ပညာများ... ငါးပါး ဆွမ်းလှူကျိုး၊

ပန်းလှူကျိုး ၃-ပါး

ပန်းလိုလှပ၊ ဘဝရုပ်ရည်၊ ခန္ဓာကိုယ်တွင်း၊ သန့်ရှင်းပေသည်၊
နံစော်ကင်းလို့၊ ခံတွင်းမွေးကြည်၊ ပန်းလှူကျိုး၊ သုံးမျိုးရနိုင်သည်။

ရေလှူကျိုး ၁၀-ပါး

လျင်မြန်,သန့်ရှင်း၊ ကျော်စောခြင်းနှင့်၊ လွတ်ကင်း မွတ်သိပ်၊ မဆိတ်ခြံရုံ၊
ဒီဃံ သက်ရှည်၊ ရုပ်ရည် ဆင်းလှ၊ သုခ ခွန်အား၊ ပညာများ...ဆယ်ပါး ရေလှူကျိုး။

မီးလှူကျိုး ၂-ပါး

ဘုရားရှင်အား၊ စိတ်ထားကြည်ဖြူ၊ ဆီမီးလျှပ်ပန်း၊ လှူဒါန်းသောသူ၊
စက္ခုမ်ံသ၊ ဉာဏနှစ်ဆူ၊ ကြည်လင်၏၊ ဖြစ်ဘိ ဉာဏ်ကြီးသူ။

အလှူ-ဒါနက အကျိုးပေးသောအခါ-

* ဝတ္ထုဒါန-ဆိုသည့် လှူဖွယ်ဝတ္ထုက အကျိုးမပေးတတ်ပါ။
* အလှူခံပုဂ္ဂိုလ်ကလည်း အကျိုးပေးတာ မဟုတ်ပါ။
* အလှူရှင်ပုဂ္ဂိုလ်၏ အတွင်းသန္တာန်မှာဖြစ်သော 'စေတနာ'ကသာ အကျိုးပေး၏။

ဝတ္ထုဒါနအပြား

သုတ္တန်ဒေသနာတော်နည်းအားဖြင့် ဒါနဝတ္ထု ၁၀–မျိုး

၁။ အန္န–စားဖွယ်အမျိုးမျိုး ၂။ ပါန–သောက်ဖွယ် ၃။ ဃရ–အဆောက်အအုံ
၄။ ဝတ္ထ–အဝတ်အထည် ၅။ ယာန–ဖိနပ်,ယာဉ် ၆။ မာလ–ပန်းအမျိုးမျိုး
၇။ ဝိလေပန–လိမ်းခြယ်စရာ ၈။ ဂန္ဓ–နံ့သာအမျိုးမျိုး ၉။ သေယျ–အိပ်ရာနေရာ
၁၀။ ပဒီပေယျဒါန–မီးထွန်းစရာဆီ,ဆီမီးစသော အလှူ

ဝိနည်းဒေသနာတော်နည်းအားဖြင့် ဒါနဝတ္ထု ၄–မျိုး

၁။ စီဝရ– သင်္ကန်းစသော အဝတ်အထည်၊ ၂။ ပိဏ္ဍပါတ–ဆွမ်းစသောစားဖွယ်၊
၃။ သေနာသန–ကျောင်းစသောအဆောက်အအုံ၊ ၄။ ဘေသဇ္ဇ–ဆေးပစ္စည်းအမျိုးမျိုး၊

အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် ဒါနဝတ္ထု ၆–မျိုး

၁။ ရူပ–အဆင်းအမျိုးမျိုး ၂။ သဒ္ဒ–အသံအမျိုးမျိုး ၃။ ဂန္ဓ–အနံ့အမျိုးမျိုး
၄။ ရသ–အရသာအမျိုးမျိုး ၅။ ဖောဋ္ဌဗ္ဗ–အတွေ့အထိ ၆။ ဓမ္မ–တရားသဘောများ

တရားနှင့်မလျော်သောအလှူများ

၁။ မဇ္ဇဒါန – ယစ်မျိုးအလှူ
၂။ သမဇ္ဇဒါန – ပွဲသဘင်အလှူ
၃။ ဣတ္ထိဒါန – ပြည့်တန်ဆာများကို ငှားရမ်းပေးသောအလှူ
၅။ ဥသဘဒါန – အမရှိရာ အဖိုလွှတ်ပေးမှု၊ နွားလား,မြင်းလားအလှူ
၆။ စိတ္တကမ္မဒါန– မသင့်လျော်သောရုပ်ပုံ ရုပ်တုများ ပြုလုပ်ပေးသောအလှူ

> အလှူမပီ၊ တရားဖီသည်၊ ပန်းချီ,ကချေ၊ သေ,ဥသဘ၊ မိန်းမလည်းဟူ၊
> ငါးပါးမူကား၊ အလှူမဝင်၊ ကုသိုလ်ပြင်တိ။ (ဥမ္မာဒန္တီပျို့၊ ပိုဒ်–၇၅၁)

ဒါနနှင့် ပုဂ္ဂိုလ် ၄–မျိုး		ဖြစ်လေရာ ဘဝတိုင်း၌	
		ပစ္စည်းဥစ္စာ	အခြွေအရံ
၁။	ကိုယ်တိုင်သာလှူ၍ သူတစ်ပါးကိုလှူဖို့ မတိုက်တွန်းသူ။	✓	✗
၂။	သူတစ်ပါးကိုလှူဖို့ တိုက်တွန်းပြီး ကိုယ်တိုင်မလှူသူ။	✗	✓
၃။	ကိုယ်တိုင်လည်းမလှူ သူတစ်ပါးကိုလည်း လှူဖို့မတိုက်တွန်းသူ။	✗	✗
၄။	ကိုယ်တိုင်လည်းလှူ သူတစ်ပါးတို့ကိုလည်းလှူဖို့တိုက်တွန်းသူ။	✓	✓

တစ်ပါးတည်းဖြစ်သော်လည်း ပင့်ဧလျှောက်တတ်က သံဃာကအလှူ-

အလှူခံပုဂ္ဂိုလ်နှင့်စပ်၍ ဒါနသည် သံဃာဒါန၊ ပုဂ္ဂလိကဒါန ဟုနှစ်မျိုးရှိ၏။ သာသနာတော်၌ရှိသော ရဟန်းသံဃာတော်များကို ရည်မှန်း၍လှူဒါန်းသောဒါနသည် 'သံဃာဒါန' မည်၏။ အလှူခံပုဂ္ဂိုလ်ကို သီးခြားရွေးချယ်၍လှူဒါန်းသောဒါနသည် (အလှူခံပုဂ္ဂိုလ်မည်မျှပင် များပြားစေကာမူ) ပုဂ္ဂိုလ်ကို ရည်မှန်း၍လှူဒါန်းသောကြောင့် 'ပုဂ္ဂလိကဒါန' မည်၏။

သံဃာဒါနသည် ပုဂ္ဂလိကဒါနထက် အကျိုးပေးသာလွန်ပါသည်။ သာသနာအတွင်း၌ရှိသမျှရဟန်းအားလုံးကို ရည်ရွယ်သည်ဖြစ်၍ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာမှစ၍ ပုထုဇဉ်အထိ အားလုံးပါဝင်၏။ ပုဂ္ဂလိကဒါနသည် ရွေးချယ်ထားသောရဟန်းများသာ အကျုံးဝင်သဖြင့် ရဟန္တာများ ပါချင်မှပါဝင်ပေမည်။ ပါဝင်သည့်တိုင်အောင် သံဃာဒါနကဲ့သို့ မများနိုင်ချေ။ ထို့ကြောင့် ပုဂ္ဂလိကဒါနထက် သံဃာဒါနက အကျိုးပေးသာလွန်ခြင်းဖြစ်သည်။

သံဃာဒါနဖြစ်စေရန်လှူဒါန်းသောအခါ 'သုပ္ပဋ္ဌိပန္ဇတာ'စသော သံဃာ့ဂုဏ်ကို အာရုံပြုလျက် 'သံဃသ ဒေမ = သံဃာတော်အား လှူပါ၏'ဟု မြွှတ်ဆိုရပါသည်။ မိမိစိတ်၏ကို သာသနာတွင်းမှာ ရှိနေသမျှသံဃာတော်အားလုံးသို့ ညွှတ်စေနိုင်မှသာ သံဃာကအစစ် ဖြစ်နိုင်ပါသည်။

ဆွမ်းကျွေးလိုရှိ၍ နီးရာကျောင်းတိုက်သို့သွားကာ 'မနက်ဖြန် တပည့်တော်တို့ အိမ်မှာ ဆွမ်းကပ်လှူဒါန်းလိုပါသည်၊ သံဃာတော်ထဲမှ တစ်ပါး(၂-ပါး, ၃-ပါး..) နံနက်(--)နာရီအချိန် ကြွရောက်ချီးမြှောက်တော်မူပါရန်-ဟု လျှောက်ထားရပါမည်။ ဆရာတော်နှင့်တကွ, ဘုန်းကြီးနှင့်တကွ-စသည့် စကားမျိုးကို ထည့်သွင်းလျှောက်ထားမှ မပြုရပါ။ အချိန်ကျ၍ ကြွရောက်လာသောပုဂ္ဂိုလ်ကို သံဃာတော်ကိုကပ်လှူခြင်းသာ ဖြစ်သည်ဟု သံဃာတော်ကိုသာ အာရုံပြု၍စိတ်ညွှတ်နိုင်လျှင် တစ်ပါး, နှစ်ပါးလှူ ရာတွင်လည်း သံဃာကအစစ်ဖြစ်နိုင်ပါသည်။

'သံဃာ'-ဆိုသည့် ပါဠိစကားကို မြန်မာလို "အပေါင်း(အဖွဲ့အစည်း)"ဟုဖွင့်ဆိုပါသည်။ ဘုရား၏သားတော်, သမီးတော် အဖွဲ့အစည်းကိုရည်မှန်း၍ လှူဒါန်းသော ဒါနဖြစ်သောကြောင့် ကိုရင်ကလေးကအစ သာသနာ့ဥယျောဉ်ဆရာတော်ကြီးများအထိ လှူဒါန်းသော အလှူတော်ဒါန ဖြစ်ရပါသည်။

ဝတ္ထု သာဓကများ--

ကိုယ်နှင့်ရင်း၍ ဒါနပြုသော သုမေဓာရှင်ရသေ့

ဂေါတမဘုရားဖြစ်ရန် ပထမဆုံးဗျာဒိတ်ရခဲ့သော သုမေဓာရသေ့(ဘုရားအလောင်း) သည်သူဌေးသားတစ်ယောက်ဖြစ်ပြီး မိဘများကွယ်လွန်သည့်အခါ ရရှိသောအမွေအနှစ် ဥစ္စာပစ္စည်းများကို စွန့်လွှတ်လှူဒါန်းခဲ့ပြီး ဟိမဝန္တာတောကိုဝင်၍ ရသေ့ပြုလုပ်တရား အားထုတ်နေ၏။ ဘုရားအလောင်းသည် ဒါနပါရမီကို မြတ်နိုးမှုမှာ အလွန်ထင်ရှား၏။ ရသေ့ဘဝရောက်ပြန်တော့လည်း ဒါနပါရမီကိုလုံးဝမစွန့်ပေ။ လှူစရာမရှိသော်လည်း ရလာသောကြာပန်းငါးခိုင်နှင့် သူ့ကိုယ်ကို ရွှံ့ညွန်တွေအပေါ်မှာ ဝမ်းလျားမှောက်ပြီး ဒီပင်္ကေရာဘုရားသခင်နှင့် သံဃာတော်ပေါင်းငါးရာကို တံတားခင်းပေးပြီး သူ၏ကိုယ်ကို ရင်းပြီး ဒါနပြုခဲ့ပါသည်။ ထို ဒီပင်္ကေရာဘုရားရှင်လက်ထက်တော်မှာ ဂေါတမဘုရား ဇကာန်ဖြစ်ရမည်ဟု ဗျာဒိတ်ပန်းဆင်ခဲ့ရပြီးနောက် 'နှစ်ကျိပ်လေးဆူ'သောဘုရားရှင်များ လက်ထက်မှာလည်း ပစ္စည်းအလှူ, အသက်ကိုတောင်လှူဒါန်း ဒါနပြုခဲ့၍ ၂၄-ကြိမ် တိုင်တိုင် 'ဒါနဥမင်္ဂလာ'ဖြင့် ဗျာဒိတ်ပန်းဆင်ခဲ့ပါသေးသည်။

ဒါနပြုသောရဟန်းနှင့် မပြုသောရဟန်းအကြောင်း

ကဿပဘုရားရှင်လက်ထက် ရဟန်းအတူပြု၍ တရားအားထုတ်ခဲ့ကြသော ရဟန်းနှစ်ပါးတွင် တစ်ပါးမှာ ဆွမ်းခံ၍ မိမိမစားမီ အခြားရဟန်းများအားပေးလှူပြီးမှ အကျန်ကိုသာစား၏။ တစ်ပါးကမူ ပေးလှူလေ့မရှိ၊ တရားသာအားထုတ်၏။ ယင်းတို့ နှစ်ဦးအနက် ဒါနပြုသောရဟန်းမှာ ဖြစ်လေရာဘဝ၌ ပစ္စည်းဥစ္စာပေါများသောအမျိုး အနွယ်နေရာ၌ဗာနစသည်တို့၌ဖြစ်၍ ဒါနမပြုသောရဟန်းမှာ ဆင်းရဲနိမ့်ကျသောအမျိုး အနွယ်နေရာ၌ဗာနများ၌ ဖြစ်ရလေသည်။ ဂေါတမဘုရားရှင်လက်ထက်သို့ ရောက်သော အခါ ဒါနပြုသောရဟန်းမှာ ဘုရင့်သားဖြစ်လာ၍ ဒါနမပြုသောရဟန်းမှာ အထိန်းတော်၏ သားဖြစ်လာ၏။ ၎င်းတို့သည် ဘုရားရှင်သာသနာတော်၌ ရဟန်းပြု၍ တရားအား ထုတ်ရာ ရဟန္တာဖြစ်ကြလေသည်။

ဤသာဓက၌ ဒါနပြုသောရဟန်း အဆင့်အတန်းမြင့်ရသည်မှာ "ဒါနမင်္ဂလာ နှင့်ပြည့်စုံ"သောကြောင့်ဖြစ်ပြီး၊ ဒါနမပြုသောရဟန်း၏ အဆင့်အတန်းနိမ့်ကျရခြင်းမှာ "ဒါနမင်္ဂလာချို့တဲ့"သောကြောင့်ဖြစ်သည်။

အခြားမှတ်သားပွယ်--

"လဝန်းထဲမှ ယုန်ရုပ်"ကိုရှုမြင်ရတိုင်း အလောင်းတော်ယုန်ပညာရှိ၏ ဒါနပါရမီ 'ဒါနဥမင်္ဂလာ'ကို ကြည်ညိုအားကျနိုင်ပါသည်။

၁၅။ ဓမ္မစရိယာ စ တရားသဖြင့်ကျင့်ကြံမင်္ဂလာ

{ **ဓမ္မ**- ကုသလကမ္မပထတရား ၁၀-ပါးကို၊ **စရိယာ**- ကျင့်ခြင်း၊ }
(ကုသလကမ္မပထ=အပြစ်ကင်းသောအလုပ်ထမြောက်အောင်မြင်ကြောင်း)

အာမိသဒါန, ဓမ္မဒါန ဖြစ်နေရုံသာမက သုစရိုက်တရားတို့ကိုလည်း ဖြည့်ကျင့်ရမည့်အဖြစ်ကို 'ဓမ္မစရိယာ စ'ဟူ၍ ဆက်လက်ဟောကြားတော်မူ၏။

သုဂတိသွားလမ်းကုသိုလ်ကောင်းမှုတရား=ကုသလကမ္မပထ ၁၀-ပါးကို ကျင့်ခြင်းသည် 'ဓမ္မစရိယ' မည်ပါသည်။ ဤတရားတို့သည် ကောင်းမြတ်သော အကျင့်လမ်းစဉ်ဖြစ်သောကြောင့် သုစရိုက်တရား ၁၀-ပါးဟုလည်းအမည်ရ၏။ ပစ္စုပ္ပန်,သံသရာနှစ်ဖြာ ကြီးပွားချမ်းသာကြောင်းဖြစ်၍ 'မင်္ဂလာ' မည်ပါသည်။

ငါးပါးသီလနှင့် ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်ဆိုသည့် သုစရိုက်သုံးပါး ကောင်းမွန်မြင့်မြတ်သောတရားကို မှတ်သားပြီး နှစ်သက်စွာ ကျင့်ခြင်းသည် 'ဓမ္မစရိယမင်္ဂလာ'မည်ပါသည်။

လမ်းညွှန်။ ။ 'ဓမ္မစရိယာ စ' မင်္ဂလာသည် စာရိတ္တကောင်းမွန်ရေး၊ ရိုးသားဖြောင့်မတ်ရေးအတွက် လမ်းညွှန်ပါသည်။ **ဒါနရှင်**ဖြစ်နေသော်လည်း အကျင့်စာရိတ္တမကောင်းလျှင် ဓလေ့ထုံးစံကောင်းများကိုပင် လက်မခံ။ မကျင့်သုံးလျှင် လူကဲ့ရဲ့ခံရမည်၊ သို့ဖြစ်၍ အကျင့်စာရိတ္တကောင်းမွန်ရန်၊ ဓလေ့ထုံးစံကောင်းများကို လက်ခံကျင့်သုံးရန်လိုအပ်ကြောင်း "ဓမ္မစရိယာ စ မင်္ဂလာ"က လမ်းညွှန်သည်။

မှတ်ချက်။ ။ လူမိုက်တို့၏အလုပ် ဒုစရိုက် ၁၀-ပါးတို့သည် မတရား၊ သူတော်ကောင်းတို့၏အလုပ် သုစရိုက် ၁၀-ပါးတရားကို ကျင့်ပါသည်။

"ဓမ္မစရိယာ စ"မင်္ဂလာဖြစ်သူ-

သုစရိုက်တရားတို့ကို ဖြည့်ကျင့်သူ၊ တရားမျှတစွာ ကျင့်ကြံ, ပြောဆို, လုပ်ကိုင်သူ၊ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်သူ၊ မျက်နှာမလိုက် ဘက်မလိုက်သူ၊ အမှန်တရားဘက်မှရပ်တည်သူ၊ အဂတိမလိုက်စားသူ၊ ရိုးသားဖြောင့်မတ်သူ၊ တရားလမ်းမှန်အတိုင်း သမာသမတ်လုပ်ကိုင်ဆောင်ရွက်သူ၊ စသည်..

"ဓမ္မစရိယာ စ" မင်္ဂလာလိုက်နာရကျိုး

ဓမ္မစရိယာ စ မင်္ဂလာတရားတော်အတိုင်း လိုက်နာကျင့်သုံးနေထိုင်နိုင်လျှင် ခံစားရမည့်အကျိုးများမှာ–

* တရားနှင့်ပြည့်စုံသူဖြစ်၍ အများသူငါ ကြည်ညိုလေးစားမှုကို ခံရခြင်း၊
* ရဟန်းရှင်,လူ ပရိသတ်ဗိုလ်ပုံအလယ်မှာလည်း မျက်နှာပွင့်လန်းရခြင်း၊
* စားသောက်နေထိုင်မှုများတွင် လော်လီမှုကင်းပြီး၊ ပစ္စည်းဥစ္စာမဆုတ်ယုတ်ခြင်း၊
* နည်းလမ်းတကျ ရသင့်ရထိုက်သော လောက, သံသရာအခွင့်အရေးများရခြင်း၊
* ပစ္စုပ္ပန် သံသရာ နှစ်ဌာနတို့မှာ ဒုက္ခအမျိုးမျိုးကင်းဝေးပြီး ချမ်းသာသုခ ဖြစ်သော မဂ်,ဖိုလ်, နိဗ္ဗာန်အကျိုးများကို ခံစားရခြင်းတို့ဖြစ်ပါသည်။

မွန်မြတ်သော ဓမ္မတရား ၁၀–ပါး

တရားဆိုသည်မှာ အမှန်ဖြစ်ပြီး ကောင်းမြတ်သော အပြောအဆို အနေ အထိုင် အလုပ်အကိုင် အကြံအစည်တို့နှင့်သာသက်ဆိုင်သော–
(၁)သောတာပတ္တိမဂ်၊ (၂)သကဒါဂါမိမဂ်၊ (၃)အနာဂါမိမဂ်၊ (၄)အရဟတ္တမဂ်၊ (၅)သောတာပတ္တိဖိုလ်၊ (၆)သကဒါဂါမိဖိုလ်၊ (၇)အနာဂါမိဖိုလ်၊ (၈)အရဟတ္တဖိုလ်၊ (၉) နိဗ္ဗာန်တရား (၁၀) သင်အံ့လေ့လာမှုဆိုအပ်သော ပရိယတ္တိဓမ္မ ဟူ၍ ပေါင်း ၁၀–ပါး ရှိပါသည်။

လိုအပ်သောဓမ္မ–

လောကုတ္တရာတရားမြတ် ၉–ပါးသည် မိမိတို့အားထုတ်သောစွမ်းရည် သတ္တိအလိုက် ကိလေသာ ပယ်သတ်ထားနိုင်သော အရိယာသူတော်သူမြတ် ပုဂ္ဂိုလ်ထူးများသာ ကိုယ်တွေ့မျက်မှောက်တွေ့မြင်ပြီး ခံစားနိုင်ပါသည်။

ပုထုဇဉ်ဖြစ်သောပုဂ္ဂိုလ်များသည် လောကုတ္တရာနယ်သို့ မဆိုက်ရောက်သေးမီအတွင်း မိမိတို့ကိုယ်တွေ့မဟုတ်သေးသော တရားမြတ်များကို မှန်းဆပြီး အာရုံပြုရုံမှတပါး အခြားမည်ကဲ့သို့မှ ကိုယ်တွေ့မျက်မှောက် မသိမြင်နိုင်ပါ။ ကျင့်ကြံခြင်းငှါ မစွမ်းနိုင်သောကြောင့် ဤ ဓမ္မစရိယာ မင်္ဂလာတရားတော်အရ တရားကိုကျင့်ရမည်ဆိုရာဝယ် ကိုယ်တွေ့အနေဖြင့် တကယ်ကျင့်ကြံနိုင်သော ပုညကြိယာဝတ္ထု ၁၀–ပါးကို ယူရပါမည်။

ပုညကြိယာဝတ္ထု ၁၀-ပါး

ပုညကြိယာဝတ္ထု ၁၀-ပါးကိုပင် ဓမ္မစရိယာမင်္ဂလာတရားဟော်အရ လိုအပ်သော ဓမ္မ(တရား)ဟု မှတ်ရမည်။

* ပုည – ကောင်းမှု(မိမိစိတ်အစဉ်ကို သန့်ရှင်းဖြူစင်စေတတ်သောတရား၊)
* ကြိယာ – စင်စစ်ပြုသင့် ပြုထိုက်သောကောင်းမှုတရား၊
* ဝတ္ထု – ကောင်းကျိုးချမ်းသာ, မင်္ဂလာတို့၏တည်ရာ, မှီရာ၊

ကောင်းကျိုးချမ်းသာ, မင်္ဂလာတို့၏တည်ရာ, မှီရာဖြစ်သောကြောင့် စင်စစ်ပြုသင့်ပြုထိုက်သောကောင်းမှုတရားများကို 'ပုညကြိယာဝတ္ထု' ဟုခေါ်ဆိုပါသည်။

၁	ဒါန	စွန့်ကြဲပေးကမ်း လှူဒါန်းမှု၊	ဒါန
၂	သီလ	ကိုယ်ကျင့်တရားကောင်းအောင် သီလစောင့်ထိန်းမှု၊	သီလ
၃	ဘာဝနာ	ကမ္မဋ္ဌာန်းတရား အားထုတ်မှု၊	ဘာဝနာ
၄	အပစာယန	ရိုသေထိုက်သူကို ရိုသေမှု၊	သီလ
၅	ဝေယျာဝစ္စ	ကုသိုလ်ရေးတို့၌ ကူညီဆောင်ရွက်မှု၊	သီလ
၆	ပတ္တိဒါန	မိမိကုသိုလ်အဖို့ကို အမျှပေးဝေမှု၊	ဒါန
၇	ပတ္တာနုမောဒနာ	သူတစ်ပါးကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်မှု၊	ဒါန
၈	ဓမ္မသဝန	တရားစကား နာကြားမှု၊ (ဓမ္မစာပေသင်တန်းတက်ခြင်း)	ဘာဝနာ
၉	ဓမ္မဒေသနာ	လာဘ်မငဲ့ဘဲ တရားဟောမှု၊	ဘာဝနာ
၁၀	ဒိဋ္ဌုကမ္မ	အယူကို ဖြောင့်မှန်စွာယူမှု။	ဘာဝနာ

လောကုတ္တရာတရားများကို ရအောင်အားထုတ်လိုလျှင် လက်ငင်းကျင့်ကြံအားထုတ်နိုင်သော ဖော်ပြပါ ပုညကြိယာဝတ္ထု ၁၀-ပါးနှင့် **'ကုသလကမ္မပထ'** တရားဟုဆိုအပ်သော **ကိုယ်**ဖြင့် တရားမျှတမှုကိုပြုကျင့်ခြင်း ၃-ပါး၊ **နှုတ်**ဖြင့် တရားမျှတမှုကိုပြုကျင့်ခြင်း ၄-ပါး၊ **စိတ်**ဖြင့် တရားမျှတမှုကိုပြုကျင့်ခြင်း ၃-ပါး၊ တို့ဖြစ်သော သုစရိုက်တရား ၁၀-ပါးကို ကျင့်သုံးခြင်းဖြင့် ဒုစရိုက်တရား ၁၀-ပါးတို့ကို ပယ်ရှားနိုင်၏။ ဤနည်းဖြင့် ဒုစရိုက်တရားတို့ကို တိုက်ဖျက်ရာ၌ အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။

ကုသလကမ္မပထ = သုစရိုက်(ကောင်းကျင့်) ၁၀–ပါး

၄ ပြုလုပ်ခြင်း	၁။	ပါဏာတိပါတာ ဝေရမဏိ	သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း၊
	၂။	အဒိန္နာဒါနာ ဝေရမဏိ	သူ့ဥစ္စာကို ခိုးဝှက်,တိုက်ခိုက်ယူမှုမှ ။
	၃။	ကာမေသု မိစ္ဆာစာရာ ဝေရမဏိ	ကာမဂုဏ်၌ မှားယွင်းစွာကျင့်မှုမှ ။
၄ ခြင်း	၄။	မုသာဝါဒါ ဝေရမဏိ	လိမ်ညာပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊
	၅။	ပိသုဏာဝါစာ ဝေရမဏိ	ချောပစ်,ကုန်းတိုက်စကားပြောဆိုမှု ။
	၆။	ဖရုသဝါစာ ဝေရမဏိ	ကြမ်းတမ်းစွာပြောဆိုမှု ။
	၇။	သမ္ဖပ္ပလာပါ ဝေရမဏိ	ပြိန်ဖျင်းသောစကားကိုပြောဆိုမှု ။
၃ နည်း	၈။	အနဘိဇ္ဈာ	အဘိဇ္ဈာ မဖြစ်အောင် စောင့်စည်းခြင်း၊
	၉။	အဗျာပါဒ	ဗျာပါဒ မဖြစ်အောင် စောင့်စည်းခြင်း၊
	၁၀။	သမ္မာဒိဋ္ဌိ	အယူမှန်ခြင်း၊

* သက်သတ်ခိုးမှု၊ ကာမေသု၊ ရှောင်မှုသုံးတန်ကာယကံ။
* မုသားဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း၊ အပြိန်းစကား၊ ဤလေးပါး ရှောင်ကြားဝစီကံ။
* သူ့စည်းစိမ်ကို၊ တည်စေလိုမှု၊ သူ့သက်ဇီဝေ၊ ရှည်စေချင်ဟု၊ အယူဖြောင့်ကြား၊ ဤသုံးပါး၊ မှတ်သားမနောကံ၊

ကိုယ်ချင်းစာတရားရှေ့ထားလျက် မိမိ၌ ကိုယ်တွေ့သဘောသက်ရောက်အောင် လုံခြုံစေမှသာ၊ ကိုယ်တိုင်ကျင့်ယူမှသာ ထိုဂုဏ်သိက္ခာနှင့် လိုက်လျောညီညွတ်သူ (ဝါ) ကိုယ်ကျင့်တရားရှိသူဟု လူသာခုခေါ်, နတ်သာခုခေါ်ဖြစ်နိုင်၏။ ထို့အပြင် ထို သုစရိုက်တရားတို့၌ တစ်ပါးတစ်ပါးမှာ–

* **ကိုယ်တိုင်** – မိမိကိုယ်တိုင် စောင့်ထိန်း လိုက်နာ ကျင့်ဆောင်ခြင်း၊
* **တိုက်တွန်း** – သူတပါးတို့အား တိုက်တွန်း နှိုးဆော် စေခိုင်းခြင်း၊
* **ချီးမွမ်း** – တပါးသူတို့ အားကျလိုက်နာစေရန်ရည်ရွယ်၍ ချီးမွမ်းခြင်း၊
* **စိတ်တူ** – မိမိက စိတ်တူ ဆန္ဒတူ သဘောတူ ကျေနပ်မှုတို့ဖြစ်ခြင်း၊

ဟူ၍ အခြံအရံနှင့်တကွ ၄–ပါးစီရှိပြန်ရာ အပြားအားဖြင့် (၄၀)ဖြစ်၏။

ဝတ္ထု သာဓကများ

ဓမ္မပါလ ရွာသားများအကြောင်း

ဓမ္မပါလဇာတ်၌ ကာသိတိုင်း ဓမ္မပါလရွာမှ ဘုရားလောင်းဓမ္မပါလလုလင်သည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာကြီးတစ်ဦးထံ၌ ပညာသင်ကြားစဉ် ဆရာကြီး၏ သားငယ်တစ်ယောက် သေဆုံး၏။ သူသည် ငယ်ငယ်ရွယ်ရွယ်နှင့်သေသောသူကို မမြင်ဘူး သဖြင့် တအံ့တသြဖြစ်နေ၏။ ထိုအကြောင်း ကိုဆရာကြီးသိ၍ ဓမ္မပါလအားမေးကြည့်ရာ ဓမ္မပါလက "မိမိတို့ရွာ၌ ငယ်ငယ်ရွယ်ရွယ်နှင့် သေသူမရှိ"ဟုဖြေ၏။ ဆရာကြီးလည်း ငယ်ငယ်ရွယ်ရွယ်နှင့် မသေခြင်းအကြောင်းကို သိလို၍ ဓမ္မပါလရွာသို့သွားစုံစမ်းရာ ဓမ္မပါလ၏ဖခင်က "ငင်းတို့ရွာသားများသည် အစဉ်အလာအားဖြင့် သူတစ်ပါး၏ အသက်ကို မသတ်၊ သူတစ်ပါးပစ္စည်းဥစ္စာကို မခိုး၊ သူ့သားမယားကို မစော်ကား၊ မလိမ်မညာ၊ အရက်သေစာ မသောက်စားခြင်း၊ သုစရိုက်တရားတို့ကိုကျင့်သုံးခြင်း ဟူသော ငါးပါးသီလလုံခြုံသည့်အပြင် တရားနည်းလမ်းအတိုင်း ကျင့်သုံးနေကြသော ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့်မသေကြောင်း" ရှင်းပြ၏။ ဆရာကြီးလည်းမှတ်သား၍ သူ၏ တပည့်များအား တစ်ဆင့်သင်ကြားဆုံးမလေသည်။

ဤသာဓကဌ ဓမ္မပါလရွာသားများ ငယ်ငယ်ရွယ်ရွယ်နှင့်မသေခြင်းမှာ သုစရိုက်တရားကိုကျင့်သုံးမှု "ဓမ္မစရိယမဂ်လာနှင့်ပြည့်စုံ" သောကြောင့်ဖြစ်ပြီး ဆရာကြီးတို့ အရပ်၌ ငယ်ငယ်ရွယ်ရွယ်နှင့်သေရခြင်းမှာ "ဓမ္မစရိယမဂ်လာပျက်"သောကြောင့် ဖြစ်ပါသည်။

ခိုးသား-၅၀၀ တို့ မထေရ်၏ သြဝါဒကိုခံယူ၍ ငါးပါးသီလဆောက်တည်

ကဿပဘုရားရှင်၏သာသနာနောက်ပိုင်းမှာ ယောက်ျား-၅၀၀ တို့သည် ခိုးယူလုယက်မှု တို့ကိုပြုသောကြောင့် ပြည်သူများက လိုက်လံဖမ်းဆီးရာ ပြေးရင်းလွှားရင်း တောတွင်းတစ်နေရာ ကိုရောက်လာရာ မထေရ်တစ်ပါးကိုတွေ့၍ 'ကိုးကွယ်ရာအားထားရာဖြစ်တော်မူပါ'ဟု လျှောက်ထား၏။ မထေရ်က 'သီလနှင့်တူသော ကိုးကွယ်အားထားရာမရှိ၊ သီလဆောက်တည်ကြပါ'ဟု ချီးမြှင့်သဖြင့် သီလခံယူကြပြီး လူဆိုးဘဝမှ လူကောင်းများဖြစ်လာပြီး ကျွတ်တန်းဝင်သွားကြ၏။

အခြားမှတ်သားဖွယ်-

တရားဟူသည် တရားကျင့်သူကို ပြန်လည်စောင့်ရှောက်တတ်၏။ ဥပမာအားဖြင့် ကြီးစွာသောထီးကို ဆောင်းသူအား ထိုထီးကပင် မိုးမစိုအောင် စောင့်ရှောက်သကဲ့သို့ ဖြစ်သည်။ ဤသို့ဖြစ်၍ ပစ္စုပ္ပန်-သံသရာ ချမ်းသာရရှိရေးအတွက် 'ဓမ္မစရိယမဂ်လာ' ကို စဉ်မကွာကျင့်သုံးလိုက်နာရမည်ဖြစ်သည်။

၁၆။ ဥတကာနဋ္ဌ သင်္ဂဟာ ဆွေမျိုးချီးမြှောက်မင်္ဂလာ

{ **ဥတကာနံ**– ဆွေမျိုးတို့ကို၊ **သင်္ဂဟာ**– ချီးမြှောက်ထောက်ပံ့ခြင်း၊ }

ကုသိုလ်ဖြစ်ကြောင်း ကုသလကမ္မပထတရားတို့ကို လိုက်နာအားထုတ်ရမည့်အပြင် မိမိနှင့်စပ်သမျှသော မိဘက်,ဖဘက် ဆွေမျိုးတို့ကိုဂင်း၊ မိတ်ဆွေတို့ကိုဂင်း၊ ရပ်သူရွာသား, တိုင်းသူပြည်သားတို့ကိုဂင်း၊ မိမိစွမ်းအားရှိသလောက် အကြောင်းပေါ်ပေါက်လာသောအခါတို့၌ အားပေးချီးမြှောက်ပြု၍ ထောက်ပံ့ကြည့်ရှုခြင်းသည် ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရား ဖြစ်ပါသည်။

ဒါနမင်္ဂလာ၊ ဓမ္မစရိယမင်္ဂလာတို့ကို ပြုလုပ်ကျင့်သုံးရာတွင် မိဘက်၊ ဖဘက်မှ ဆင်းသက်လာသော လုပ်ဖော်ကိုင်ဖက် အတူနေအတူစား ဆွေမျိုးရင်းချာနှင့်တကွ ရပ်ဆွေရပ်မျိုး မိတ်ဆွေသင်္ဂဟတို့၏အကူအညီကို ရယူသုံးမှသာလျှင် ထမြောက်အောင်မြင်နိုင်မည်ဖြစ်သောကြောင့် ထိုသို့သော ဆွေမျိုးဥတိ မိတ်သင်္ဂဟတို့၏ ကျေနပ်နှစ်သိမ့်မှုကို ပြုလုပ်ဆောင်ရွက်စေလိုသောကြောင့် 'ဥတကာနဋ္ဌသင်္ဂဟမင်္ဂလာ'ကို ဆက်၍ဟောတော်မူပါသည်။

ရှည်လျားလှစွာ ကျင်လည်လာခဲ့ကြသော သံသရာတစ်ခွင်၌ အမိအဖ၊ ညီအစ်ကိုမောင်နှစ်မစသည်ဖြင့် မဖြစ်ဖူးသူ, မတော်စပ်ဖူးသူ မရှိပေ။ အားလုံးတော်စပ်ကြဖူးသည်ချည်းပင်ဖြစ်၏။

လမ်းညွှန်။ ။ 'ဥတကာနဋ္ဌသင်္ဂဟမင်္ဂလာ'သည် ဒါနပြုရာ၌ ရဟန်းသံဃာ, မရှိဆင်းရဲသူများကို ပေးလှူပြီး ဆွေမျိုးများကိုမပေးလှူလျှင် ဆွေမျိုးများနှင့် ဆက်ဆံရေးပြေလည်မည်မဟုတ်၊ ဆက်ဆံရေးပြေလည်စေရန် ဆွေမျိုးများအပေါ် ပေးလှူခြင်းတစ်မျိုးသာမက ချိုချိုသာသာပြောခြင်း၊ ဝိုင်းဝန်းကူညီခြင်း၊ တန်းတူရည်တူဆက်ဆံခြင်းမျိုးကိုလည်း ပြုလုပ်ရန်လိုအပ်ကြောင်း ဥတကာနဋ္ဌသင်္ဂဟမင်္ဂလာက ဆွေမျိုးသွေးစည်းညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လမ်းညွှန်သည်။

မှတ်ချက်။ (အထက်)ဆွေ(၇)ဆက်– ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောင်၊ ဘော၊
(အောက်)မျိုး(၇)ဆက်– သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ကျွတ်ဆက်၊

"ဥတကာနဌသဂ်ဟ"မဂ်လာဖြစ်သူ

ဆွေမျိုးများကို ကူညီထောက်ပံ့သူ၊ ဆွေမျိုးများကို ပစ်ပယ်မထားသူ၊ ဆွေမျိုးတို့က အားကိုးရသူ၊ ဆွေမျိုးများ၏ ကျေးဇူးရှင်ဖြစ်သူ၊ ညီငယ်ညီမငယ်များကို ညှာတာသူ၊ တိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကူညီသူ၊ ဆင်းရဲသော ဆွေမျိုးများအား စည်းလုံးညီညွတ်ရေးအတွက်ဦးစားပေးသူ၊ ဆွေပေါ်မျိုးပေါ်မှာ ဝတ္တရားမချွတ်ချော်သောသူ၊ ဆွေမျိုးတို့အား ကိုယ်၏စောင်မခြင်း (ကာယကံ မေတ္တာ)၊ နှုတ်၏စောင်မခြင်း(ဝစီကံမေတ္တာ)၊ စိတ်၌ စွဲမြဲချစ်ကြည် ၍နေခြင်း (မနောကံမေတ္တာ)ရှိသူ စသည်.. .

'ဥတကာနဌသဂ်ဟမဂ်လာ' အကျိုး

ဥတကာနဌသဂ်ဟမဂ်လာနှင့် ပြည့်စုံသောသူတို့အား ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးကျူးခံရသော လက်ငင်းအကျိုး၊ ကောင်းရာသုဂတိသို့ ရောက်ရခြင်း နောင်သံသရာအကျိုးတို့ကို အမှန်ရရှိနိုင်ပါသည်။ ဆွေမျိုးအသိုင်းအဝိုင်းတို့၏ ချစ်ခင်မြတ်နိုးမှု၊ ဘေးပတ်ဝန်းကျင်၏ ချီးမွမ်းမှု, လေးစားမှုအစရှိသော လက်ရှိဘဝအကျိုးစီးပွားတို့ကို ရခြင်းအကြောင်းဖြစ်သောကြောင့် ကြီးပွားချမ်းသာရေးမဂ်လာပင်ဖြစ်ပါသည်။

ဆွေမျိုးခေါ်ရပုံ

ဆွေမျိုးဆိုသည်မှာ- အဖဘက်မှတော်စပ်သောဆွေမျိုး၊ အမိဘက်မှတော်စပ်သောဆွေမျိုး၊ လောကဆွေမျိုး၊ ရာဇဝင်ဆွေမျိုးဟူ၍ တစ်နည်းနည်းဖြင့် တော်စပ်ကြသော ဆွေမျိုးများကို ခေါ်ရပါသည်။

အဖဘက်မှဆွေ ၇-ဆက်၊ အမိဘက်မှမျိုး ၇-ဆက် တော်စပ်ကြသော **ဆွေ ၇-ဆက်, မျိုး ၇-ဆက်**တို့ကိုလည်း ဆွေမျိုးဟုခေါ်ရပါသည်။ မိမိနှင့် နီးနီးကပ်ကပ် ကောင်းတိုင်ပင်ဆိုးတိုင်ပင် ပေါင်းသင်းနေထိုင်ကြသည့်မိတ်ဆွေများကို **လောကဆွေမျိုး**ဟုလည်းခေါ်၏။ လူအမျိုးမျိုး, ဇာတ်အမျိုးမျိုး, ဘာသာအမျိုးမျိုး၊ အမျိုးတူ ဇာတ်တူ ဘာသာတူအချင်းချင်းတို့ သွေးစပ်ကြပြီး ဆွေမျိုးအုပ်စုကြီးများသဖွယ် တော်စပ်ကြခြင်းကို **ရာဇဝင်ဆွေမျိုး**ဟုခေါ်၏။

ဆွေမျိုးစစ် ဆွေမျိုးမှန်

ဥတကာနဋ္ဌသင်္ဂဟမင်္ဂလာနှင့်ကိုက်ညီသောဆွေမျိုးဆိုသည်မှာ– **သင်္ဂဟတရား(၄)ပါး**နှင့်ညီမှသာ ဆွေမျိုးစစ်ဆွေမျိုးမှန် ဖြစ်လာနိုင်ပါသည်။ လူရယ်လို့ဖြစ်လာလျှင် မိဘ, သားသမီး, ဆွေမျိုး, မိမိနှင့်ဘာမှမတော်စပ်သူ ဟူ၍ရှိလာပါသည်။ မိဘတို့အတွက် "မာတာပိတု"၊ သားမယားတို့အတွက် "ပုတ္တဒါရ"၊ ဘာမှမတော်စပ်သူတွေအတွက် "ဒါနဋ္ဌ"တို့ဖြင့်ဟောခဲ့ပြီးဖြစ်၏။ ဆွေမျိုးများအတွက်ဆိုလျှင် ပေးကမ်းရံမက သင်္ဂဟတရားနှင့်ကိုက်ညီရ၏။

(၁) **ဒါနသင်္ဂဟ** – မိမိစွမ်းအားရှိသလောက် ပေးကမ်းချီးမြှောက်ခြင်း၊
(၂) **ပေယျဝဇ္ဇသင်္ဂဟ** – သာယာညှင်းပျောင်း, ချစ်ဖွယ်သောစကားပြောဆိုခြင်း၊
(၃) **အတ္ထစရိယာသင်္ဂဟ**– ပညာ,ကျန်းမာ,အကျိုးစီးပွားတို့ကိုရွက်ဆောင်ခြင်း၊
(၄) **သမာနတ္တာသင်္ဂဟ** – ကိစ္စအဝဝတို့၌ တန်းတူရည်တူဆက်ဆံခြင်းတို့ဖြစ်၏။

ဆွေမျိုးအချင်းချင်း လိုက်နာရမည့်အချက်

ဆွေမျိုးအချင်းချင်းတို့ တစ်ဦးနှင့်တစ်ဦး "ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ" ဆိုသလို ဥမကွဲသိုက်မပျက် နေနိုင်ကြရန်အတွက်–

(က) ဆွေမျိုးအချင်းချင်း ချစ်ခင်မှုရှိပါစေ၊
(ခ) ဆွေမျိုးထဲမှ တစ်ဦးတစ်ယောက် ဒုက္ခရောက်နေပါက ကျန်လူများက 'တစ်ဆုပ် တစ်လက်'ဆိုသလို ဝိုင်းဝန်းကူညီမှု ရှိနိုင်ပါစေ၊
(ဂ) အကူအညီခံရသူကလည်း 'ကျွေးတုံ့ကျွေးလှဲ၊ ပေးတုံ့ပေးလှဲ'ဆိုသလို ဝိုင်းဝန်းကူညီကြသူတွေကို တုံ့ပြန်ကူညီနိုင်ပါစေ၊
(ဃ) အမျိုးထိက မချိအောင်နာတတ်သော စိတ်ထားမျိုးရှိနိုင်ပါစေ၊
(င) မျိုးတူဇာတ်တူ သွေးစပ်သူတွေကို ဆွေမျိုးဥာတိလို့ သိထားနိုင်ပါစေ

ဟူ၍ အင်္ဂါတွေနှင့်ပြည့်စုံအောင် အစဉ်အမြဲဆောင်ရွက်စောင့်ရှောက် ချီးမြှင့်နိုင်ပါမှ ဥတကာနဋ္ဌသင်္ဂဟမင်္ဂလာနှင့်ကိုက်ညီသောဆွေမျိုး ဖြစ်ပါမည်။

မင်္ဂလာတိုင်းပြည်တည်ထောင်ရန်အတွက် အမျိုးသားထောက်ပံ့ရေး မင်္ဂလာလည်း မည်ပါသည်။

ဆွေမျိုးတို့အတွက်ဟောကြား မြတ်တရား

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အချိန်ကလည်း ဘုရားရှင်သည် ဆွေတော်မျိုးတော်များ၏အကျိုးကို အဖန်ဖန်ဆောင်ရွက်တော်မူခဲ့သည်။ လောကုတ္တရာအရေးဌ် သာမက လောကီအရေးကိစ္စတို့ဌ်ပင် ပါဝင်ပြုလုပ်ခဲ့ပေသည်။

ဆွေတော်မျိုးတော်များဖြစ်တော်မူကြသော ကပိလဝတ်ပြည်သာကီဝင်မင်းတို့နှင့် ကောလိယပြည်သာကီဝင်မင်းတို့သည် ရောဟိဏီမြစ်ရေကိုအကြောင်းပြု၍ အငြင်းပွားကာ သာကီဝင်တစ်မျိုးသားလုံး သွေးချောင်းစီး ပျက်စီးဆုံးရှုံးရမည့်အရေးကို ကြိုတင်သိမြင်တော်မူ၍ ဘုရားရှင်ကိုယ်တော်တိုင် ကယ်တင်စောင့်ရှောက်တော်မူရန် နှစ်ဖက်သော စစ်တပ်တို့အကြား ထက်ဝယ်ဖွဲ့ခွေလျက် "ရန်ငြိမ်းကြောင်းဒေသနာတော်"ကို ဟောကြားတော်မူသည်။

"မြတ်သောမင်းအပေါင်းတို့...။ အဖိုးအနည်းငယ်မျှသာထိုက်တန်သော ရောဟိဏီမြစ်ရေကိုအကြောင်းပြု၍ အဖိုးအနဂ္ဃထိုက်တန်လှသော ခတ္တိယနွယ်ရိုး, မင်းမျိုးတို့ကို အဘယ့်ကြောင့် ဖျက်ဆီးလိုကြဘိသနည်း၊ ခိုက်ရန်အငြင်းပွားအချင်းများ ခြင်းကြောင့် တစိုးတစိ သာယာဖွယ်မရှိချေ"

ဟုဟောကြားတော်မူရာ နှစ်ပြည်ထောင်မင်းတို့သည် အချင်းချင်းညီညွတ်ကြကုန်လျက် ဘုရားရှင်အား ငါးရာသောမင်းသားတို့ကို လျှုဒါန်းကြလေသည်။ (ဗုဒ္ဓဝင်၊ ၃။၃၄၅-၃၇၈)

တစ်ချိန်ကလည်း ဝိဌဋ္ဌာဘမင်းသားသည် သာကီဝင်တို့ကိုသတ်ဖြတ်ရန်အတွက် သာဝတ္ထိပြည်မှ စစ်ချီလာခဲ့သည်။ ထိုအခါ ဘုရားရှင်သည် ကပိလဝတ်ပြည်နယ်စပ်တွင် အရိပ်ကျဲသောသစ်ပင်အောက်ဌ် ထိုင်နေတော်မူသည်။ ထိုသစ်ပင်နှင့်မနီးမဝေးသော သာဝတ္ထိပြည်နယ်စပ်ဌ်ကား အရိပ်ထူထဲသော ပညောင်ပင်ရှိ၏။ ဝိဌဋ္ဌာဘမင်းသားသည် ဘုရားရှင်ထံ ချဉ်းကပ်၍- "ဘုန်းတော်ကြီးသောမြတ်စွာဘုရား..။ ယူပြင်းလှသော ကာလဝယ် အဘယ့်ကြောင့် အရိပ်ကျဲသောသစ်ပင်အောက်ဌ် သီတင်းသုံးတော်မူပါသနည်း၊ ပညောင်ပင်ရင်းသို့ ကြွတော်မူပါ"ဟု လျှောက်ထား၏။

ဘုရားရှင်က ဤသို့ပြန်လည်မိန့်ကြား၏-

"မြတ်သောမင်းကြီး...။ ရှိပါစေ။ ဆွေမျိုးတို့၏အရိပ်သည် အေးမြလှဘိ၏" ဟူ၍ဖြစ်သည်။ ဝိဌဋ္ဌာဘမင်းသားသည် "ဘုရားရှင်သည် ဆွေမျိုးတို့ကို စောင့်ရှောက်ရန် ကြွလာတော်မူခြင်း ဖြစ်ပေလိမ့်မည်"ဟု ကြံစည်အောက်မေ့၍ စစ်တပ်ကိုရုပ်သိမ်းကာ သာဝတ္ထိသို့ပြန်သွား၏။ ဤသို့ဖြင့် သုံးကြိမ်တိုင်အောင် ဆွေမျိုးတို့ကို ကယ်တင်၍ စောင့်ရှောက်တော်မူခဲ့ပေသည်။ (ဓမ္မပဒ၊ ၆၊ ၁၊ ၂၂၆။ ဗုဒ္ဓဝင်၊ ၅၊ ၃၇-၈။)

ဝတ္ထု သာဓကများ

ဘုရားလောင်းမျောက်မင်းအကြောင်း

မဟာကပိဇာတ်၌ ဘုရားလောင်းမျောက်မင်းသည် ညဘက် လူခြေတိတ်ချိန်၌ မြစ်တစ်ဘက်ကမ်းသို့ကူး၍ တပည့်မျောက်များနှင့်အတူ သရက်ပင်ပေါ်၌ သရက်သီးစားစဉ် ဘုရင့်စစ်သည်များသိ၍ အဝိုင်းခံရ၏။ ဘုရားလောင်းသည် "ငါ၏ဆွေမျိုးများကို ငါမကယ်လျှင်အသက်ဆုံးရှုံးကြရပေတော့မည်"ဟုကြံလျက် တစ်ဖက်ကမ်းသို့ခုန်ကူး၍ နွယ်ကြိုးများကိုရှာဆက်ကာ ခါးဝိုက်ချည်ပြီး ယခင်သရက်ပင်သို့ ပြန်ခုန်အကူးတွင် နွယ်ကြိုးတိုသဖြင့် သရက်ကိုင်းကိုသာကိုင်မိနိုင်၏။ ဘုရားလောင်းသည် မိမိကျောကုန်းပေါ်မှတစ်ဆင့် နွယ်ကြိုးတစ်လျှောက် မျောက်များကိုကူးစေရာ အားလုံးအသက်ချမ်းသာရာရကြလေသည်။

ဤသာဓကဌ၌ မျောက်အားလုံး အသက်ချမ်းသာရာရခြင်းမှာ ဘုရားလောင်းမျောက်မင်း၏ ဆွေမျိုးများကို ကူညီမှု "ဉာတကာနဋ္ဌ သင်္ဂဟောမဂ်လာ"နှင့်ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

ဆွေမျိုး မကူညီသူအကြောင်း

ရှေးအခါက လူတစ်ယောက်သည် ဆင်းရဲစဉ်အခါက ဆွေမျိုးများကို ကူညီသော်လည်း ချမ်းသာလာသောအခါ မကူညီဘဲနေ၏။ တစ်နေ့သ၌ ၎င်း၏အိမ်ကို ခါးပြတိုက်ရာ ဆွေမျိုးများကသိနေသော်လည်း မကူညီသောကြောင့် ပစ္စည်းဥစ္စာဆုံးပါး၍ ဒုက္ခရောက်ရလေသည်။ ဤသို့ဖြစ်ရခြင်းမှာ ဆွေမျိုးများအားမကူညီမှု "ဉာတကာနဋ္ဌ သင်္ဂဟောမဂ်လာပျက်"သောကြောင့် ဖြစ်ပါသည်။

အခြားမှတ်သားပွယ်

ဆွေမျိုးတို့ကိုချီးမြှောက်ထောက်ပံ့ရာ၌ လောကီစီးပွားဖြင့် ချီးမြှောက်ထောက်ပံ့ခြင်း လောကုတ္တရာစီးပွားဖြင့် ချီးမြှောက်ထောက်ပံ့ခြင်း ဟူ၍နှစ်မျိုးရှိ၏။ အမျိုးကောင်းသားသည် လောကီစီးပွားကို ဆောင်ရွက်ပေးရုံမျှဖြင့် တာဝန်ကျေပွန်သူမမည်သေးချေ။ လောကုတ္တရာစီးပွားကို ဆောင်ရွက်ပေးနိုင်အောင်လည်း ကြိုးစားရမည်ဖြစ်ပါသည်။ လောကုတ္တရာစီးပွားဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းက သာလွန်၍မြတ်၏။

၁၇။ အနဝဇ္ဇာနိ ကမ္မာနိ အများအကျိုးဆောင်မင်္ဂလာ

{ **အနဝဇ္ဇ**– အပြစ်မရှိသော၊ **ကမ္မ**– အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ခြင်း၊ }

'အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသလာ' ဟူ၍လာရှိသော အပြစ်မရှိသော အဋ္ဌကထာဆရာတော်၏အဆိုအမိန့်အရ အပြစ်မရှိသည့်အပြင် ချမ်းသာသော အကျိုးကို ပေးခြင်းသဘောလက္ခဏာရှိသောတရားသည် "ကုသိုလ်=မင်္ဂလာ" မည်ပါသည်။

ဥတိသင်္ဂဟမင်္ဂလာကဲ့သို့ မင်္ဂလာတရားများကိုဖြည့်ကျင့်ဆောင်ရွက်မှုတို့တွင် လောက, သံသရာအပြစ်မကင်းသောအမှုတို့ကို မပြုမိစေရန်အတွက် မင်္ဂလာ အစဉ်အားဖြင့် 'အနဝဇ္ဇာနိ ကမ္မာနိ'မင်္ဂလာ မေတ္တာကရုဏာတော်ဖြင့်ယောဂတော်မှု၏။

'အနဝဇ္ဇကမ္မ' အပြစ်မရှိသောအမှုကိစ္စဟူသည် ဒါန, ဓမ္မစရိယာ–စသည်တို့မှ ကြွင်းကျန်နေသော ဥပုသ်စောင့်ခြင်း, ဝေယျာဝစ္စပြုလုပ်ခြင်း, အများအသုံးပြုရန် ဥယျာဉ်ပြုလုပ်ခြင်း, အရိပ်ရသစ်ပင်စိုက်ပျိုးခြင်း, တံတားဆောက်လုပ်ခြင်း, လမ်းပြင်ခြင်း, ရေတွင်းရေကန်တူးဖော်ခြင်း, စေတနာ့ဝန်ထမ်း ပရဟိတလုပ်ငန်း တို့ကိုဆောင်ရွက်ခြင်း စသည့်အလုပ်တို့ဖြစ်ပါသည်။

{အချုပ်အားဖြင့်– ဝါရိတ္တသီလ နှင့် ဝေယျာဝစ္စ(မိမိ၏လုပ်အားကုသိုလ်) }

လမ်းညွှန်။ ။ 'အနဝဇ္ဇာနိ ကမ္မာနိ'မင်္ဂလာသည် မိမိ၏ဆွေမျိုးများနှင့် ဆက်ဆံ ရေးပြေလည်သော်လည်း ရပ်ရေးရွာရေး ရပ်ကွက်ရေးတို့၌ ပေါ်ပေါက် လာသောကိစ္စများတွင် ဝိုင်းဝန်းမကူညီပါက ရပ်ရွာလူထု ရပ်ကွက် လူထု၏ ငြိုငြင်မှုအထင်လွဲမှုခံရမည်။ ယင်းသို့ ငြိုငြင်မှု၊ အထင်လွဲမှု မခံရစေရန် ရပ်ရေးရွာရေးကိစ္စများ၌လည်း ဝိုင်းဝန်း ကူညီဆောင်ရွက် လုပ်အားပေးရန်လိုအပ်ကြောင်း "အနဝဇ္ဇာနိကမ္မာနိမင်္ဂလာ"က လူမှုရေး၊ စာရိတ္တဗလပြည့်ဝစေရေး၊ လူထုအကျိုးပြု သယံဇာတပိုးဆောင်ရွက်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာရေးအတွက် လမ်းညွှန်သည်။

မှတ်ချက်။ ။ **အနာကုလကမ္မန္တမင်္ဂလာနှင့် အနဝဇ္ဇကမ္မမင်္ဂလာ အထူး**
အကုသိုလ်လည်းမဖြစ်, မင်းပြစ်မင်းဒဏ်လည်းမရှိသောအလုပ်တို့တွင်–
* အနာကုလကမ္မန္တ – မရှုပ်ထွေးသောအလုပ်လုပ်ခြင်း၊ (ဝင်ငွေရသောအလုပ်ဖြစ်နိုင်၏)၊
* အနဝဇ္ဇကမ္မ – အများအကျိုးအတွက် စေတနာ့ဝန်ထမ်းဆောင်ရွက်မှု၊

"အနဝဇ္ဇာနိ ကမ္မာနိ" မင်္ဂလာဖြစ်သူ

အပြစ်ကင်းသော လူထုအကျိုးပြုအမှုများကိုပြုလုပ်သူ၊ ကျောင်းကန်ဘုရား, စာသင်ကျောင်း, ဆေးရုံသန့်ရှင်းရေးအတွက် လုပ်အားပေးသူ၊ အများအတွက် ရေတွင်းရေကန်တူးသူ၊ ဇရပ်ဆောက်သူ၊ တံတားခင်းသူ၊ ခရီးသွားများ နားခိုရန် သစ်ပင်စိုက်သူ၊ လူထုအကျိုးဆောင်ရွက်သူ၊ တိုင်းပြည်အတွက်လုပ်အားပေးသူ၊ ကျောင်းကန်ဘုရား, ဇရပ်တန်ဆောင်း၌ ဝေယျာဝစ္စလုပ်ပေးသူ၊ မိမိအတန်း,မိမိကျောင်းကို ကောင်းအောင်ကြိုးစားသူ၊ အများပိုင်ပြည်သူပိုင် ပစ္စည်းများကို စောင့်ရှောက်ထိန်းသိမ်းသူ၊ သတ္တဝါများ၏အသက်ကိုကယ်တင်သူစသည်..

"အနဝဇ္ဇာနိ ကမ္မာနိ" မင်္ဂလာအကျိုး

'အနဝဇ္ဇာနိ ကမ္မာနိ'မင်္ဂလာနှင့် ပြည့်စုံသောသူတို့အား လူအများချစ်ခင်ရိုသေလေးစား၊ ချီးကျူးမှုကိုခံရသော လက်ငင်းအကျိုး၊ ကောင်းရာသုဂတိသို့ရောက်ရခြင်း နောင်သံသရာအကျိုးတို့ကို အမှန်ရရှိနိုင်ပါသည်။ လူ့ဘုံနတ်ရပ်မှာ ကြီးကျယ်များမြတ်လှသော စည်းစိမ်ချမ်းသာတို့ကို ခံစားရတတ်သောကြောင့် **ချမ်းသာသောအကျိုးကိုပေးခြင်းသဘောလက္ခဏာရှိ၏**ဟု ဖွင့်ဆိုကြပါသည်။

တံမြက်စည်းလှည်းရုံမျှပင် အကျိုးတရား ၅-ပါးရရှိနိုင်၏။

မိမိစိတ်ကြည်လင်ခြင်း၊ သူတစ်ပါးစိတ်ကိုကြည်လင်စေခြင်း၊ နတ်တို့ချစ်မြတ်နိုးခြင်း၊ အဆင်းလှပခြင်း၊ နတ်ပြည်သို့ရောက်ရှိခြင်း တို့ဖြစ်ပေသည်။

အများအကျိုးဆောင် - လူမှုဝန်ထမ်းစိတ်ဓာတ်

လူမှုဝန်ထမ်းဆောင်ရွက်ရာတွင် အခက်အခဲနှင့် ရင်ဆိုင်ရတတ်၏။ ဆန့်ကျင်ဘက်နှင့် ကြုံတွေ့ရတတ်၏။ ရည်ရွယ်ချက်မပျက် ဆက်လက်ဆောင်ရွက်သွားရမည်သာဖြစ်သည်။ လောကဌ် နှစ်သက်လျှင်ချီးမွမ်း၍ မလိုလားလျှင် ရှာကြံကဲ့ရဲ့ ပြစ်တင်တတ်ကြပါသည်။ ပညာရှိတို့၏ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းသာ စစ်မှန်ပေသည်။

"အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ကျိုးမတဲ့သည့်၊ ကဲ့ရဲ့စကား၊ ဆိုတုံ့ငြားလည်း၊ အသွားမပျက်၊ စိတ်မကွက်ဘဲ၊ ဆက်လက်လမ်းမှန်၊ အမြင်ဉာဏ်နှင့်၊ ထက်သန်ပေါက်မြောက်၊ အကျိုးရောက်အောင်၊ မကြောက့်မရွံ့၊ မတွန့်မတန်၊ အားကုန်ဆန်လော့"

ဦးတင်ဝင်း(ဒိုက်ဦး-သုံးဇွ)

ဝတ္ထု သာဓကများ

မာဃလူငယ်ခေါင်းဆောင်သော မစလရွာသားများအကြောင်း

ရှေးအခါက မစလရွာ၌ ၃၃-ယောက်ပါဝင်သော မာဃလူငယ်ခေါင်းဆောင်သည့် လူမှုဝန်ထမ်းအဖွဲ့သည် မိမိတို့ရွာ၌လမ်းပြင်ခြင်း၊ တံတားခင်းခြင်း၊ သစ်ပင်စိုက်ခြင်း၊ တည်းခိုဧရပ်ဆောက်လုပ်ခြင်းစသော လူမှုဝန်ထမ်းအလုပ်များကို ညီညီညွတ်ညွတ်လုပ်ကိုင်ဆောင်ရွက်ကြ၏။ ယခင်က ၎င်းတို့ထံမှ တံစိုးလက်ဆောင်ရရှိသော ရွာစားသည် ယခုမရရှိတော့သဖြင့် ဘုရင်အားကုန်းတိုက်ရာ ဘုရင်က မာဃတို့အဖွဲ့ကို ဖမ်း၍ ဆင်ဖြင့် နင်းသတ်စေ၏။ သို့သော် မာဃတို့၏ စေတနာမေတ္တာကြောင့် ဆင်မနင်းဝံ့ဘဲနေ၏။ ရှင်ဘုရင်လည်း အဖြစ်မှန်ကိုသိလိုရှိ၍မေးမြန်းရာ ရွာစားကုန်းတိုက်မှန်းသိ၍ မာဃတို့အား လွှတ်လိုက်သည့်အပြင် ဆင်တစ်ကောင်နှင့် အခိုင်းအစေအဖြစ် ရွာစားကိုပါပေးလိုက်၏။ မာဃတို့အဖွဲ့လည်း ရှေးကထက်ပင်ပို၍ စေတနာ့ဝန်ထမ်းအလုပ်ကို ကျယ်ပြန့်စွာ ဆောင်ရွက်ရာ သေလွန်သော် ၃၃-ယောက်လုံး တာဝတိံနတ်ပြည်၌ နတ်သားများ ဖြစ်ကြလေသည်။

ဤသာဓက၌ မာဃတို့အဖွဲ့ ဆင်နင်းမခံရဘဲ သေဘေးမှလွတ်၍ နတ်ပြည် ရောက်ရသည်မှာ စေတနာ့ဝန်ထမ်းအလုပ်လုပ်ခြင်း "အနဝဇ္ဇာနိ ကမ္မမဂ်လာ"နှင့် ပြည့်စုံသောကြောင့်ဖြစ်ပြီး၊ ရွာစားအနေဖြင့် ရွာစားရာထူးမှလျှော့ကျ၍ အစေခံဘဝ ရောက်ရသည်မှာ လူမှုဝန်ထမ်းစိတ်မရှိမှု "အနဝဇ္ဇာနိ ကမ္မ မဂ်လာပျက်" သောကြောင့် ဖြစ်ပါသည်။

မုံရွာမြို့ ပထမလယ်တီဆရာတော်ကြီး

မြန်မာ့သာသနာဝင်၌ မုံရွာမြို့ ပထမလယ်တီဆရာတော်သည် ဝေယျာဝစ္စ ဆောင်ရွက်ရာတွင် စံပြုထိုက်သောပုဂ္ဂိုလ်ဖြစ်၏။ ဆရာတော်သည် နေ့စဉ် စာချ၊ ကျမ်းပြု၊ တရားဟောရုံမျှမက တံမြက်လှည်း၏။ သောက်သုံးရေခပ်၏။ သံဃာတော်များအား ဆွမ်းခံ၍ ကျွေးမွေး၏။ နံနက်(၄)နာရီထိုးလျှင် ကုဋီပါမကျန် ရေအိုးမှန်သမျှ ရေဖြည့်ပြီးဖြစ်နေ၏။ အချို့ဘုန်းတော်ကြီးများက ဤသို့မပြုလုပ်ရန်တောင်းပန်ကြရာ ဆရာတော်က "တပည့်တော်ကိုသနားလျှင်ခွင့်ပြုပါ။ တပည့်တော်၏လက်ခြေများသည် သံသရာတစ်လျှောက်လုံး သားမယားဝတ္ထုကျွန်ဖြစ်ခဲ့ရပါသည်။ ယခုဘဝ၌ သံဃာ့ကျွန်, သာသနာ့ကျွန်ပြုခွင့်ပေးတော်မူပါ"ဟုလျှောက်ထား၍ ပြုမြဲအတိုင်းပြုလေသည်။ **"ခန္ဓာကိုယ် အင်ားနွားကြီးကို တန်အောင် ခိုင်းစေပေးရမည်"**ဟုလည်း မကြာခဏ မိန့်ကြားတော်မူလေ့ရှိ၏။

မင်္ဂလာသုတ်ပျို့ (မုံရွေးဆရာတော်)

(နဝမမပျို့) (ကူညီဆောင်ရွက်ရေးမင်္ဂလာ ၄–ပါး)

ဒါနဋ္ဌ[၁၄]	(ပေးကမ်းလှူဒါန်းမင်္ဂလာ)
ဓမ္မစရိယာ စ[၁၅]	(တရားသဖြင့်ကျင့်ကြံမင်္ဂလာ)
ဉာတကာနဋ္ဌ သင်္ဂဟော[၁၆]	(ဆွေမျိုးချီးမြှောက်မင်္ဂလာ)
အနဝဇ္ဇာနိ ကမ္မာနိ[၁၇]	(အများအကျိုးဆောင်မင်္ဂလာ)

၉။ ဖယ်တိန်သာ၊ နတ်တို့ရှာက၊ ဣန္ဒာဒေဝ၊ သိကြားတမန်၊ မောင်နတ်မွန်.. .။

(၁၄) အန္ဓ, ပါန်၊ ဃရံ, ဝတ္ထု၊ ယာနံ, မာလံ၊ ပိလေပနံ၊ ဂန္ဓော, သေယျော၊ ပဒီပေါစ၊ ဒသဝတ္ထု၊ ကောင်းမှုဟူသည်၊ အလှူကံကျွေး၊ ပေးရခြင်းသည်၊ တစ်ပါးမည်၏။

(၁၅) ငါးမည်သီလ၊ သုံးဝသုစရိုက်၊ နှစ်ခြိုက်မှတ်သား၊ တရားကောင်းဖြင့်၊ ကျင့်ရခြင်းသည်၊ တစ်ပါးမည်၏။

(၁၆) မျိုးမည်စပ်လေ၊ အဆွေရင်းချာ၊ ဉာတကာကို၊ ဥစ္စာနှီးရင်း၊ ပေးခြင်းထောက်ပင့်၊ ချီးမြှင့်ခြင်းသည်၊ တစ်ပါးမည်၏။

(၁၇) လူ့ပြည်ရပ်ဆစ်၊ အပြစ်ရှောက်ဖွယ်၊ ငယ်စေ, ကြီးစေ၊ နီး,ဝေးစေတော့၊ ရှောင်သွေကွာမှု၊ ဉာဏ်ဖြင့်ရှု၍၊ ပြုရခြင်းသည်၊ တစ်ပါးမည်၏။

လူ့ပြည်ထင်ရှား၊ ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊ မွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်၊ မှန်မှန်စွဲမှတ် ရှာလေလော့။

ပျို့အဓိပ္ပါယ်–

ဖလ်ရောင်အဆင်းရှိသော တာဝတိံသာနတ်ပြည်မှ သိကြားမင်းတမန် မောင်နတ်သား..

(၁၄) အန္ဓ, ပါန စသည်ပေါင်းစု ဆယ်ပါးသောဝတ္ထုတို့ကို ပေးကမ်းလှူဒါန်းခြင်းသည် ဒါနမင်္ဂလာ မည်၏။

(၁၅) ငါးပါးသီလနှင့် သုစရိုက်တရားသုံးပါးကို လေ့လာမှတ်သား၍ ကောင်းစွာ ကျင့်သုံးခြင်းသည် ဓမ္မစရိယမင်္ဂလာ မည်၏။

(၁၆) အမျိုးတော်စပ်သူ, အဆွေရင်းချာတို့အား အရင်းအနှီးပြုရန် ဥစ္စာပေးခြင်း၊ အခြားနည်းဖြင့် ထောက်ပံ့ချီးမြှင့်ခြင်းသည် ဥာတကာနဋ္ဌမင်္ဂလာ မည်၏။

(၁၇) လူ့ပြည်လောက, ဤဌာနဌ အပြစ်ရောက်ဖွယ် မှန်သမျှကို ဉာဏ်ဖြင့် ဆင်ခြင်လျက် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ ရှောင်သွေကာပြုရခြင်းသည် မင်္ဂလာ မည်၏။

ပေးကမ်းလှူဒါန်းခြင်း၊ သုစရိုက်တရားကိုကျင့်သုံးခြင်း၊ ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း၊ အပြစ်မရှိသောအလုပ်တို့ကို ပြုလုပ်ခြင်း၊ လူ့ပြည်၌ ထင်ရှားသည့် ဤတရားလေးပါးကို မွန်မြတ်လှစွာသော မင်္ဂလာတရားမည်၏ ဟူ၍ သဒ္ဓါကဲလွန် နတ်တမန်သည် ယုံမှားမရှိ စွဲမြဲစွာ မှတ်သားလေလော့။

လှိုရင်းခက်ဆစ်အဖြေ–

(သုတ္တန်နည်း အလှူဝတ္ထု ၁၀–ပါးပြဂါထာ)

အန္နံ – ထမင်း,အစားအစာ(ဆွမ်း)၊	ပါနံ – သောက်စရာအဖျော် (ရေ)၊
ဃရံ – အိမ် (ကျောင်း)၊	ဝတ္ထံ – အဝတ်အထည် (သင်္ကန်း)၊
ယာနံ – သွားလာရန်ယာဉ်၊	မာလံ– ပန်းမာလ် (ပန်း)၊
ပိလေပနံ – လိမ်းကျံရန်နံ့သာပျောင်း၊	ဂန္ဓော– ထုံမွှေးရန်နံ့သာတုံးခဲ၊
သေယျော – အိပ်ရာနေရာ၊	ပဒီပေါ– အလင်းရောင်ဆီမီး၊

ဒသဝတ္ထု – ဆယ်ပါးသောဝတ္ထုပစ္စည်း၊

ကံကျွေး – ကျွေးမြီ (အလှူပေးခြင်းသည် သံသရာအတွက် ကျွေးမြီပေးခြင်း။)

ငါးမည်သီလ – ငါးပါးသီလ၊

သုံးဝသုစရိုက် – ကာယသုစရိုက် (ကာယကံသုံးပါး)ကိုယ်ဖြင့်ကောင်းစွာကျင့်ခြင်း၊
– ဝစီသုစရိုက်(ဝစီကံလေးပါး) နှုတ်ဖြင့်ကောင်းစွာကျင့်ခြင်း၊
– မနောသုစရိုက်(မနောကံသုံးပါး)စိတ်ဖြင့်ကောင်းစွာကျင့်ခြင်း၊

မျိုးမည်စပ်လေ – အမျိုးတော်စပ်သူ (အမျိုး ၇–ပါး)၊

အဆွေရင်းချာ – အဆွေတော်စပ်သူ (အဆွေ ၇–ပါး)

ဥာတကာ – (ပါဠိ) ဆွေမျိုး၊

နီးရင်း – အရင်းအနှီး၊

ချီးမြှင့် – သင်ကြားထောက်ပံ့ခြင်း၊ (သင်ဟတရားလေးပါး)

ရပ်ဆစ် – အရပ်ဒေသ၊ (တောင်ပိုင်း,မြောက်ပိုင်း,စသည်)

မင်္ဂလာ+အဘိဓမ္မာသဘော

ဒါနကောင်းမှု–

အချို့က "ဒါနဟူသည် ဘုရားရှင်နှစ်သက်သော တရားမဟုတ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားလည်းမဟုတ်၊ သံသရာကို ချဲ့ထွင်တတ်သောတရားဖြစ်သည်" ဟုပြောဆိုကြ၏။ ထို့ပြင် သူတို့၏စကားကိုခိုင်မြဲစေရန် သက်သေထူသော အားဖြင့်– ဘုရားရှင်သည် သံယုတ်ပါဠိတော်၌–

"ပညာရှိပုဂ္ဂိုလ်သည် ထက်မြက်သောလုံ့လဖြင့် သီလ၌တည်လျက် သမာဓိ, ပညာ, ဝိပဿနာတရားတို့ကို ပွားများလျှင် တဏှာအရှုပ်အထွေးကို ဖြေရှင်းနိုင်ပေသည်" ဟု ဟောကြားတော်မူ၏။ (သံ၊ ၁၊ ၁၃)

ဤဟောကြားချက်၌ သီလ, သမာဓိ, ပညာ သုံးပါးကိုသာဟောကြား၏။ ဒါနနှင့်ပတ်သက်၍ အရိပ်အမြွက်မျှပင် ဟောတော်မမူဟု ပြောဆိုကြ၏။

ဤသို့ယူဆခြင်းသည် ဒေသနာတော်၏သဘောကို နားမလည်သောကြောင့် ဖြစ်၏။ ဒါနမပြုရဟု ဟောကြားခြင်းမဟုတ်ချေ။ သုဂတိဘဝ ရရှိရေး၊ စည်းစိမ်ဥစ္စာပြည့်စုံရေးအတွက် ဒါနကိုပင် အားကိုးအားထားပြုရမည်ဖြစ်၏။ ဘဝ, ဘောဂပြည့်စုံမှသာ သီလ, သမာဓိ, ပညာကို လွတ်လပ်စွာ အားထုတ်နိုင်မည်ဖြစ်ကြောင်း လေးနက်စွာဆင်ခြင်သင့်ပေသည်။

ဒါနကို ပစ်ပယ်သူတို့သည် မိစ္ဆာဝါဒတို့နှင့် မည်မျှနီးစပ်နေသည်ကို သတိပြုသင့်၏။ "ဒါနသည် သံသရာကို ရှည်စေ၏"ဟုပြောဆိုခြင်းမှာလည်း ယုတ္တိမရှိချေ။ သံသရာရှည်ခြင်းမှာ ဒါနကြောင့်မဟုတ်။ ဒါနပြုရာ၌ရည်ရွယ်ချက်မမှန်ကန်သောကြောင့်ဖြစ်၏။ ဘဝစည်းစိမ်ကို တောင့်တလျက်ပြုလုပ်နေသမျှ သံသရာရေလျှဉ်ကြောမှာ မျောနေအုံးမည်သာတည်း။ ဒါနပါရမီကို ဆုံးခန်းတိုင် ဖြည့်ကျင့်တော်မူပြီးသောဘုရားရှင်နှင့် သာဝကကြီးတို့ ၇၂ကမ်းဝင်ကြပြီးဖြစ်ပါလျက် ယခုတိုင် သံသရာကျင်လည်နေရသူတို့သည် ဘုရားရှင်တို့ထက်ပင် ဒါနကောင်းမှုများပြားနေသလောဟု မေးခွန်းထုတ်ရန်သာရှိတော့၏။ ဒါနကိုပစ်ပယ်လိုက်ခြင်းအားဖြင့် ပေးကမ်းချီးမြှောက် ကူညီခြင်းတို့မရှိနိုင်ချေ။ စိတ်ကောင်းများ မကိန်းအောင်းနိုင်တော့ဘဲ သာသနာတော်ကြီး တည်တံ့ရန်နိုင်ရန်အတွက် ခဲယဉ်းပေလိမ့်မည်။

မှတ်ဗွယ်ရာရာ မဂ်လာ

စေတနာသုံးတန်

စေတနာဒါန-ဟုခေါ်ရသော ဒါနစေတနာသည် 'ပုဗ္ဗစေတနာ'၊ 'မုဉ္စစေတနာ'၊ 'အပရစေတနာ' ဟူ၍သုံးမျိုးရှိပါသည်။ ထိုသုံးမျိုးထဲမှ လျှုဖွယ်ဝတ္ထုအဆင်သင့်ရှိပြီးဖြစ်လျှင် 'လှူဒါန်းပေးကမ်းတော့မည်'-ဟု ကြံစည်သောအချိန်မှစ၍ မစွန့်လွှတ်မလျှုဒါန်းခင် ရှေ့အဖို့တွင် ဒါနနှင့်ဆက်သွယ်၍ဖြစ်နေသမျှ စေတနာများသည် **ပုဗ္ဗစေတနာ** မည်ပါသည်။ လျှုဖွယ်ဝတ္ထုမရှိသေးလျှင်လည်း လျှုဖွယ်ဝတ္ထုကို ရှာဖွေစုဆောင်းသည့်အချိန်ကစ၍ မစွန့်လွှတ် မလျှုဒါန်းခင် ရှေ့အဖို့တွင် ဒါနနှင့်ဆက်သွယ်၍ဖြစ်နေသမျှ စေတနာများသည်လည်း **ပုဗ္ဗစေတနာ** မည်ပါသည်။ လျှုဖွယ်ဝတ္ထုကို မစွန့်လွှတ် မလျှုဒါန်းခင် မပေးကမ်းခင် ရှေ့အဖို့တို့တွင်ဖြစ်ခဲ့သော်လည်း ပေးလျှုမှုကိစ္စနှင့်သာဆက်သွယ်မှုမရှိသော အခြားကိစ္စများနှင့်သာ ဆက်သွယ်၍ဖြစ် သောစေတနာများသည် ပုဗ္ဗစေတန မမည်ပါ။

"သံဃသ ဒေမိ - သံဃာတော်အားလှူဒါန်း၏" ဟူ၍ မြွက်ဆိုပေးကမ်းလှူဒါန်းနေစဉ်ဖြစ်သောစေတနာသည် **မုဉ္စစေတနာ** မည်ပါသည်။ ထို စေတနာကို **သန္နိဋ္ဌာနစေတနာ**(အလှူကိစ္စအပြီးဆုံးသို့ရောက်သော စေတနာ)ဟု ခေါ်ပါသည်။

လှူဒါန်းပြီးသည့်နောက် (အလှူကိစ္စအပြီးအဆုံးသို့ ရောက်ပြီးသည့်နောက်) မိမိလှူထားသော အလှူဒါနကို သတိရတိုင်း ဝမ်းမြောက်ဝမ်းသာ နောက်ထပ်ဖြစ်လာသမျှ စေတနာသည် **အပရစေတနာ** မည်ပါသည်။

လောကဌ် မည်သည့်အရာမဆို ဆန့်ကျင်ဘက်=(ရန်သူ)ရှိမြဲဖြစ်သည်။ **ဒါန-စေတနာ**နှင့် ဣဿာ, မယ္ဆေရိယတို့သည် ဆန့်ကျင်ဘက်ဖြစ်၏။ ဒါန-စေတနာ၏လက္ခဏာကား ပေးကမ်းလှူဒါန်းလိုသည်။ ဣဿာ, မယ္ဆေရိယတို့ကား မလှူရက်, မပေးရက်, ပစ္စည်းဥစ္စာ၌ စွဲလမ်းကြ၏။ ထိုတရားတို့သည် အချင်းချင်းဆန့်ကျင်လျက် သတ္တဝါတို့သန္တာန်၌ စစ်ထိုးကြလေသည်။ **အင်အားကြီးမားသော စေတနာ**သည် တစ်ခုတည်းပင်ဖြစ်သော်လည်း ယုံကြည်မှု=**သဒ္ဓါ**, အားထုတ်မှု=**ဝီရိယ**တို့နှင့်ပြည့်စုံလျှင် မယ္ဆေရိယဦးဆောင်သော ကိလေသာရန်သူများစွာတို့ကို ချေမှုန်းလျက် အောင်မြင်နိုင်ပေသည်။ (သံ၊ ၌၊ ၁၊ ၅၈)

မဂ်လာခြောက် လေ့ကျင့်အပ်

အောက်ပါပုဂ္ဂိုလ်တို့၌ အဘယ်မဂ်လာများ (ပြည့်စုံ) သို့မဟုတ် (ပျက်)သနည်း။

* နေ့စဉ် သံဃာတော်တို့အား ဆွမ်းလောင်းလှူရခြင်း၊ .. .. (၁၄)
* ဓမ္မစာပေ(ယဉ်ကျေးမှု)သင်တန်းများအတွက် လှူဒါန်းခြင်း၊ .. .. (၁၄)
* ဘတ်စ်ကားပေါ်၌ ရဟန်းသံဃာတော်, သက်ကြီးရွယ်အိုတို့အား
  မိမိနေရာမှ ထ၍နေရာပေးခြင်း၊ .. .. (၁၄)
* သူတော်ကောင်း၊ သမာသမတ်ရှိသူ၊ .. .. (၁၅)
* တရားမျှတစွာ ကျင့်ကြံပြောဆိုပြုလုပ်ခြင်း၊ .. .. (၁၅)
* အမျိုးသားအချင်းချင်း ရိုင်းပင်းကူညီသူ၊ .. .. (၁၆)
* ကျေးဇူးရှင်နှင့် ဆွေမျိုးများကို ပစ်ပယ်ထားသူ၊ .. .. (၁၆)
* တိုင်းရင်းသားဆွေမျိုးများနှင့် လူထုအကျိုး ပြုသူ၊ .. .. (၁၆၊၁၇)
* ကျောင်းဝေယျာဝစ္စ ဆောင်ရွက်လေ့ရှိသူ၊ .. .. (၁၇)
* အများအကျိုးဆောင်ရွက်သူ၊ ရိုးသားဖြောင့်မတ်သူ၊ .. .. (၁၇၊၁၅)
* ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အတွက် လုပ်အားပေးသူ၊ .. .. (၁၇)
* မိမိအတန်းကို, မိမိကျောင်းကို ကောင်းအောင်ကြိုးစားသူ၊ .. .. (၁၇)

* ကူညီဆောင်ရွက်ရေးမဂ်လာဂါထာနှင် မြန်မာပြန်အကျဉ်းမျှကို ပူဇော်ပြပါ။
* ဒါနဖြစ်ကြောင်းအင်္ဂါများနှင့် ဒါနဏ၏အကျိုးကို ဝေဖန်ပြပါ။
* မွန်မြတ်သောဓမ္မတရား ၁၀–ပါး၊ ပုညကြိယာဝတ္ထု ၁၀–ပါးနှင့် သရုပ်ကိုပြဆိုပါ။
* 'ဓမ္မစရိယာ စ'မဂ်လာမှ ဓမ္မပါလရွာသားများအကြောင်းကို ဖော်ပြပါ။
* ဆွေအစစ်, မျိုးအစစ်နှင့် ဆွေမျိုးအချင်းချင်း လိုက်နာရမည့်အချက်တို့ကိုဖော်ပြပါ။
* 'ဥတကာနဋ္ဌသင်္ဂဟမဂ်လာ'ကိုဆောင်သူများနှင့် အကျိုးကိုလည်းဝေဖန်ပြပါ။
* ဆွေမျိုးချင်း ထောက်ပံ့သဖြင့် အကျိုးရှိပုံကို ပြဆိုပါ။
* မြတ်စွာဘုရားရှင်၏ ဆွေမျိုးတို့အတွက်ဟောကြား မြတ်တရားကိုပူဇော်ပြပါ။
* အဘယ်အမှု(အလုပ်)မျိုးကို အပြစ်မရှိသော အမှုဟုဆိုသနည်း။
* အများအကျိုးဆောင်လူမှုဝန်ထမ်းလုပ်ငန်းမဂ်လာနှင့် ဆောင်ထားအပ်သော
  စိတ်ဓာတ်တို့ကိုလည်း (ဆောင်ပုဒ်/စကားပြေ)တင်ပြပါ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မဂ်လာ။"

အခန်း(၆)

ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ ၄-ပါး

ရှင်တော်ဘုရားဟောကြားတော်မူသော မင်္ဂလာတရားတော်မြတ်သည် ပေါင်းသင်းဆက်ဆံရေး, နေထိုင်ရေး, သင်ကြားရေး, ပြုစုလုပ်ကျွေးရေး, ကူညီဆောင်ရွက်ရေး မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံလာပြီဖြစ်၍ ဗျော်ရှင်ဝမ်းမြောက်သာယာ တင့်တယ်လာပြီဖြစ်သောကြောင့် မွေ့လျော်ဖွယ်ရာ၌သာ ယစ်မူးပြီး သတိလွတ်ကင်းမေ့လျော့ခြင်းတို့ဖြင့် မင်္ဂလာတရားတော်တို့နှင့်မစပ်ဆိုင်သော သူ့အသက်ကိုသတ်ခြင်းစသော မကောင်းမှုတို့မှ ရှောင်ကြဉ်စောင့်စည်းတတ်သော ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ ၄-ပါးကို ဟောတော်မူပါသည်။

မင်္ဂလာတရားတော်၌ ဟောကြားတော်မူထားသော အစဉ်(ကွင်းဆက်)တို့သည် မျက်ခြည်မပြတ် တင့်တယ်ကောင်းမြတ်လှပါသည်။ မင်္ဂလာအစဉ်အရ 'အသေဝနာ စ ဗာလာနံ'အစထားပြီး 'အနဝဇ္ဇာနိ ကမ္မာနိ'အထိ အဆင့်ဆင့် အပြစ်ကင်းသောအလုပ်များကိုလုပ်နေသလို 'အာရတီ ဝိရတီ ပါပါ' တစ်ဖက်ကလည်း အပြစ်မကင်းသောအလုပ်တွေကို ရှောင်ကြဉ်ကြရန်ဟောထားမှုသည် **"စီးတဲ့ရေ ဆည်တဲ့ကန်သင်း"**ဆိုသလို ရှေ့သွားနောက်လိုက်ညီညွတ်လှပါသည်။

ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ ၄-ပါးတို့ကို လေ့လာ, ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွါးများနိုင်ရန်အတွက်-

* မကောင်းသောယုတ်မာမှု-အကုသိုလ်တရားတို့ကို **စိတ်**ဖြင့် ဝေးစွာရှောင်ကြဉ်ကြရန်အတွက် 'အာရတီပါပါ' ပုဒ်၊
* မကောင်းသောယုတ်မာမှု-အကုသိုလ်တရားတို့ကို **ကိုယ်,နှုတ်** နှစ်ပါးတို့ဖြင့် အထူးရှောင်ကြဉ်ကြရန်အတွက် 'ဝိရတီပါပါ' ပုဒ်၊
* မူယစ်မေ့လျော့စေတတ်သော သေရည်သေရက်များကို သောက်စားခြင်းမှ ကောင်းစွာရှောင်ကြဉ်ကြရန်အတွက် 'မဇ္ဇပါနာ စ သံယမော' ပုဒ်၊
* ကောင်းရာကောင်းမှုများဖြစ်သောတရားများကို မမေ့မလျော့သော သတိတရားဖြင့်(အမြဲတမ်းစွဲစွဲမြဲမြဲအမှတ်ရနေခြင်း) ပြည့်စုံအောင်နေထိုင်ကျင့်ကြံနိုင်ကြရန်အတွက် 'အပ္ပမာဒေါ စ ဓမ္မေသု' ပုဒ်၊

တို့ကို ဤအခန်းတွင်တင်ပြပါမည်။

(၆) ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ ၄-ပါး			
၁၈	အာရတီ (ပါပါ)	မကောင်းမှု ဝေးဝေးရှောင် မင်္ဂလာ	မကောင်းမှုတွေ ဟူသမျှကို၊ မတွေ့ခင်က ရှောင်ကြဉ်လေ။
၁၉	ဝိရတီ ပါပါ	မကောင်းမှု အတွေ့ရှောင် မင်္ဂလာ	တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊ အထူးသဖြင့် စောင့်စည်းလေ။
၂၀	မဇ္ဇပါနာ စ သံယမော	အရက်သေစာရှောင်မင်္ဂလာ	အရက်သေစာ မသောက်စားနဲ့၊ မှောက်မှားတတ်တဲ့ အရာပေ။
၂၁	အပ္ပမာဒေါ စ ဓမ္မေသု	တရားမမေ့မင်္ဂလာ	လုပ်ကိုင်ပြောကြား သတိထား၊ တရား မမေ့စေ။
	ဧတံ မင်္ဂလ'မုတ္တမံ	အဲဒါ မင်္ဂလာ ၄-ဖြာ၊	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

❖ မင်္ဂလာဂါထာ — မင်္ဂလာမြန်မာ

၁၈။ အာရတီ(ပါပါ) – မကောင်းမှုမှဝေးစွာ **စိတ်**ဖြင့်ရှောင်ကြဉ်ခြင်း၊
၁၉။ ဝိရတီ ပါပါ – မကောင်းမှုမှအထူးသဖြင့် ကိုယ်နှုတ်ဖြင့်ရှောင်ကြဉ်ခြင်း၊
၂၀။ မဇ္ဇပါနာ စ သံယမော – အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊
၂၁။ အပ္ပမာဒေါ စ ဓမ္မေသု – ကောင်းမှုကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။ – ဤလေးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

➡ မင်္ဂလာကဗျာ

ဝိ မကောင်းဆိုး ထိုအယုတ်ကိုလ၊
စိတ်ကိုယ်နှုတ်ရှောင်ခွာဖယ်၊
ဝိ ဘိန်းကဖော် လျှော်ဇာနှင့်၊ သေရည်ပါ
အရက်များကို၊ သောက်စားနှင့်ကွယ်၊
ဝိ တရားနှင့်ဆိုင်ရာဝယ်၊ မေ့တယ်လို့ရှိဘူး၊
ဝိ မင်္ဂလာ.... လေးပါး ခြံရံကာတော့
ရန်မာန်ပါ ဘယာဝေးရအောင်၊ အေးမြကြည်နူး။

စံပြလုလင်

အဓိပ္ပါယ်အကျဉ်း။ ။ ကြီးပွားတိုးတက်လိုပါလျှင်-

(၁) မကောင်းမှုဒုစရိုက်တို့ကို စိတ်ဖြင့်လည်း မကြံစည်ပါနှင့်။ (မနောဒုစရိုက်ကို ရှောင်ပါ။)

(၂) မကောင်းမှုဒုစရိုက်တို့ကို ကိုယ်ဖြင့်လည်း မပြုလုပ်ပါနှင့်။ နှုတ်ဖြင့်လည်း မပြောဆိုပါနှင့်။ (ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့ကို ရှောင်ပါ။)

(၃) ဒုစရိုက်တွေကို ဖြစ်စေတတ်သော သေရည်၊ သေရက် (မူးယစ်ဆေးဝါး) တို့ကိုလည်း ရှောင်ကြဉ်ပါ။

(၄) မကောင်းမှု၊ ဒုစရိုက်များကိုရှောင်ကြဉ်နိုင်အောင် ကုသိုလ်တရားကို အမြဲအားထုတ်ပါ။ ကုသိုလ်တရားတို့ကို မမေ့ပါနှင့်။ ကြီးပွားတိုးတက်ပါလိမ့်မည်။

မင်္ဂလာမောင်မယ်တို့၏ အရွယ်(အပိုင်းအခြား)

မင်္ဂလာတရားတော်မြတ်အစဉ်အရ မင်္ဂလာမောင်မယ်တို့သည် မိမိတို့အတွက် ပညာရေး, စီးပွားရေးတို့ကို တိုးတက်အောင်ကြိုးစား၊ ပြီးနောက်တွင် အမိအဖတို့ကိုလုပ်ကျွေး၊ အိမ်ရာတည်ထောင်ပြီးချိန်တွင်လည်း သားမယားတို့အပေါ်တာဝန်ကျေကျေပြုကျင့်ပြီးလျှင်၊ ဆွေမျိုးတို့ကိုလည်း ဘေးဖယ်မထားထောက်ပံ့စောင့်ရှောက်ထားပါသည်။ မိမိကိုယ်ကို, ကိုယ့်မိကိုယ့်ဖ, မိသားစု, ဆွေမျိုးအပိုင်းအခြားတို့ဌာနကန့်သတ်ထား၍ မရပါ။ သို့ဖြစ်ပါ၍ မင်္ဂလာအစဉ်အရ ရပ်ကျိုးရွာကျိုး, တိုင်းကျိုးပြည်ကျိုးလည်းတို့ကို ရွက်သယ်ပိုးရာမှာလည်း **မကောင်းမှုရှောင်, ကောင်းမှုဆောင် စင်အောင်စိတ်ကိုထားကြရန်** လမ်းညွှန်လာပါသည်။ **မင်္ဂလာသရုပ်**နှင့်လည်း ညီညွတ်စေရန်မှာ-

	အရွယ်အပိုင်းအခြား	**ပြည့်စုံရမည့်မင်္ဂလာတရား အစဉ်နှင့် အရေအတွက်**	
၁။	ပထမအရွယ်	မင်္ဂလာအမှတ်စဉ် ၁ မှ ၁၀ အထိ	၁၀-ပါး
	ဒုတိယအရွယ်	မင်္ဂလာအမှတ်စဉ် ၁၁ မှ ၂၁ အထိ	၁၁-ပါး
	တတိယအရွယ်	မင်္ဂလာအမှတ်စဉ် ၂၂ မှ ၃၈ အထိ	၁၇-ပါး
၂။	ပညာရှာသောအရွယ်	မင်္ဂလာအမှတ်စဉ် ၁ မှ ၁၀ အထိ	၁၀-ပါး
	စီးပွားရှာသောအရွယ်	မင်္ဂလာအမှတ်စဉ် ၁၁ မှ ၂၁ အထိ	၁၁-ပါး
	တရားရှာသောအရွယ်	မင်္ဂလာအမှတ်စဉ် ၂၂ မှ ၃၈ အထိ	၁၇-ပါး
၃။	မိမိ ကောင်းစားရေး	မင်္ဂလာအမှတ်စဉ် ၁ မှ ၁၀ အထိ	၁၀-ပါး
	သူတစ်ပါး ကောင်းစားရေး	မင်္ဂလာအမှတ်စဉ် ၁၁ မှ ၂၁ အထိ	၁၁-ပါး
	နှစ်ဦးစလုံးကောင်းစားရေး	မင်္ဂလာအမှတ်စဉ် ၂၂ မှ ၃၈ အထိ	၁၇-ပါး

၁၈။ **အာရတီပါပါ** **မကောင်းမှုဝေးဝေးရှောင်မဂ်လာ**

{ **ပါပ**– မကောင်းမှု၊ **အာရတီ**– ဝေးစွာ ရှောင်ကြဉ်ရခြင်း၊ }

မဂ်လာတရားတော်မြတ်အရ မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်းပင် ဖြစ်ပါသည်။ မကောင်းမှုမှ စိတ်ဖြင့် ရှောင်ခြင်းဟူသည်မှာလည်း မိမိ၏စိတ်ကို မကောင်းမှုနှင့်သက်ဆိုင်သော အာရုံတစ်ခုခုထဲ၌ စိတ်ဝင်စားရန် အခွင့်မပြုဘဲ ထားခြင်း၊ မတွေးတောခြင်းသည် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း 'အာရတီ ပါပါ'မဂ်လာ မည်ပါသည်။

အာရတီမဂ်လာအရ 'ဝေးစွာရှောင်ကြဉ်ခြင်း'ဟူသည် အကုသိုလ်များကို **စိတ်**၌ ဖြစ်ခွင့်မပေးဘဲ စိတ်ဖြင့်ရှောင်ကြဉ်ခြင်း၊ မတွေ့ခင်က ရှောင်ကြဉ်ခြင်း၊ သီလဆောက်တည်၍ ရှောင်ကြဉ်ခြင်းတို့ဖြစ်ပါသည်။ မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်သည်ကိုပင် ဝေးစွာရှောင်ကြဉ်သည်ဟု ဆိုပါသည်။

မကောင်းမှု, အကုသိုလ်ဖြစ်မည့် အခြေအနေများနှင့် မတွေ့ကြုံမီအချိန်ကပင် မကောင်းသောစိတ်များ ဖြစ်မလာအောင် ကြိုတင်စိတ်ကူး ရှောင်ကြဉ်ခြင်းမျိုးကို မကောင်းမှုမှဝေးစွာ စိတ်ဖြင့်ရှောင်ကြဉ်မှု='အာရတီ'ဟု ခေါ်ပါသည်။

မြွေ, ကင်းစသော ပိုး,မွားတိရစ္ဆာန်တို့မည်သည် အမှိုက်သရိုက်ရှုပ်ထွေးရာ၌သာ ပျော်ပိုက်ကြကုန်သကဲ့သို့ လူတို့သည်လည်း **'အရိယာစိတ်'မဟုတ်သေးက** ရှုပ်ထွေးသောမကောင်းမှုအာရုံထဲ၌သာ (များသောအားဖြင့်) မွေ့လျော်ပျော်ပိုက်ကြမြဲဖြစ်သည်ကို ရည်ရွယ်၍ **'ပါပသို့ ရမတေ မနော'** (လူ့စိတ်သည် မကောင်းမှု၌သာ ပျော်ပိုက်သည်။) ဟူ၍ မြတ်ဘုရား ဟောကြားတော်မူပါသည်။

ပါပါ = မကောင်းသောအကျင့်ဆိုး၊ ဒုစရိုက်တရား ၁၀–ပါးကို ယူရပါမည်။

❖ (တစ်နည်း) **ပါပါအရ**– သတ်မှု၊ ခိုးမှု၊ ကာမ၌မှားယွင်းမှု၊ လိမ်လည်မှု တို့ကိုသာ ယူရပါမည်။ (➡ သီလ ၄–ပါး)

မှတ်ချက်။ ။ မဂ်လာတရား ၃၈–ပါးအနက် 'မဇ္ဇပါနာ စ သံယမော'မဂ်လာသည် **'အရက်သေစာ** မသောက်စားရန်'မဂ်လာတစ်ပါးအနေဖြင့် ဟောထား၍ ဤ၌ 'ပါပ'အရတွင် အရက်သေစာသောက်စားခြင်းကိုကြဉ်၍ ကြွင်းသော မကောင်းမှု ၄–ပါးတို့ကိုသာ ကောက်ရပါသည်။

လမ်းညွှန်။ ။'အာရတီ ပါပါ'မင်္ဂလာသည်– မင်္ဂလာများနှင့်ပြည့်စုံ၍ ဒါနရှင်အဖြစ်၊ ဆက်ဆံရေးကောင်းသူအဖြစ်ဖြင့် အောင်မြင်မှုရနေသော်လည်း မကောင်းမှု ကိုသာတွေးတောကြံစည်နေပါက ရရှိပြီးသားအောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းထားနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ပါ၍ မကောင်းသော ကြံစည်မှု, တွေးတောမှုမှ ရှောင်ကြဉ်ကြရန်လိုအပ်ကြောင်းကို 'အာရတီ ပါပါ'မင်္ဂလာက မကောင်းမှု ဒုစရိုက်မှ ကြိုတင်ရှောင်ကြဉ်ရေးအတွက် လမ်းညွှန်သည်။

မှတ်ချက်။ ။ မိမိအားရန်ပြုမည့်ရန်သူကို ကြိုတင်၍ ဝေးဝေးမှရှောင်ကွင်းနိုင်ခဲ့ပါလျှင် ထိုရန်သူမှ ရုတ်တရက်ရန်မပြုတော့သကဲ့သို့ဖြစ်ပါသည်။ (မစုံစည်းခင်ကပင် ကြိုကြိုတင်တင် ရှောင်ကြဉ်ထားခြင်း၊)

"အာရတီ ပါပါ" မင်္ဂလာဖြစ်သူ–

မကောင်းမှုဒုစရိုက်မှ စိတ်ဖြင့် ဝေးဝေးရှောင်သူ၊ မကောင်းမှုကို စိတ်ဖြင့် ရှောင်ကြဉ်သူ၊ မကောင်းမှု အကုသိုလ်လုပ်ဖို့ စိတ်မကူးသူ၊ အကုသိုလ်ဖြစ်စရာများကို မတွေးသူ၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူ၊ သူတစ်ပါးပစ္စည်းကို မတရားရယူရန် မကြံစည်သူ၊ သူ့သားမယားစော်ကားဖျက်စီးခြင်းမှ ရှောင်ကြဉ်သူ၊ မကောင်း ကြံဖို့ မတွေးသူ၊ ပါပတရားဆိုးမှ ဝေးဖို့ရန် မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်သူ၊ စသည်.. .

"အာရတီ ပါပါ" အကျိုး

မကောင်းမှုမှ ရှောင်ကြဉ်သောသူနှင့် မိမိတို့ဆိုင်ရာသီလများကို စနစ်တကျ ထိန်းသိမ်းသူတို့မှာ– မမှေ့မလျော့ခြင်းကြောင့် ကြီးစွာသော စည်းစိမ်ဥစ္စာအစုကို ရရှိနိုင်၏။ ကောင်းသော ဂုဏ်သတင်း ပျံ့နှံ့ကျော်စောအ၏။ မင်း, ပုဏ္ဏား,သူကြွယ်,ရဟန်းဟူသော ပရိသတ်လေးပါးသို့ ချဉ်းကပ်ရသည်ရှိသော် မကြောက်မရွံ့ ရဲရင့်ရွင်လန်းသောမျက်နှာဖြင့် ချဉ်းကပ်ဝင်ရောက်ရအ၏။ မိမိပြုခဲ့ဖူးသော ကောင်းမှုတို့ကိုသာ ထင်မြင်လျက် မတွေ့မဝေ သေရအ၏။ သေပြီးနောက် ကောင်းမှုရှိသူတို့သည် သုဂတိဘဝသို့သာ လားရောက်ရအ၏။

စိတ်ထဲသို့ ဝင်ရောက်လာသော မကောင်းမှု

မည်သူမဆို မကောင်းမှုအာရုံအမျိုးမျိုးတို့ မိမိတို့၏စိတ်ထဲသို့ မကြာမကြာ ဝင်ရောက်တတ်ပါသည်။ ဘုရားကိုအာရုံပြုနေခိုက်မှာပင် စိတ်သည် အခြားသော အလုပ်ကိစ္စသို့ ရောက်သွားတတ်ပေသည်။ တစ်ခုသောအလုပ်ကိစ္စကိုဆောင်ရွက် စဉ်တွင်လည်း ဆိုင်ရာကိစ္စ၌ ငြိမ်ဝပ်မှုမရှိဘဲ မဆိုင်သေးသောအာရုံအမျိုးမျိုး ထံသို့ ရောက်သွားပြန်သည်။ လူက ဘာအလုပ်ကိစ္စကိုမှမဆောင်ရွက်ဘဲ အားလပ် ခွင့်ရနေသောအခါ၌ကား စိတ်၏အလုပ်သည် ပို၍ပင်များလာတော့၏။

* **ကာမဝိတက်** – လောကီအာရုံလိုက်စားရေး ကြံတွေးစိတ်ကူးမှု၊
* **ဗျာပါဒဝိတက်** – တစ်ဖက်သားပျက်စီးရေး ကြံတွေးစိတ်ကူးမှု၊
* **ဝိဟိံသာဝိတက်** – သက်ရှိသတ္တဝါချင်း သတ်ဖြတ်ညှဉ်းပန်းရေးကြံဆမှု၊

စသည်တို့သည် စိတ်၏ဓလေ့ထုံးစံ, အလုပ်ကိစ္စရပ်တို့ဖြစ်ပါသည်။

လူတို့သည် အလုပ်လက်မဲ့ဖြစ်ရသည့်တိုင်အောင် စိတ်သည်ကား အလုပ် လက်မဲ့မဖြစ်နိုင်ပေ။ ဤသို့စိတ်သည် ဆိုင်ရာကိစ္စထဲ၌ ငြိမ်ဝပ်မနေဘဲ ထွေရာ လေးပါး ပြေးသွားလေလွင့်နေသည်ကိုပင် စိတ်ထဲမှာမကောင်းမှုတွေ ဝင်လာနိုင် ခြင်းဖြစ်သည်ဟု ဆိုပါသည်။

စိတ်ကို မကောင်းမှုမှကာကွယ်ခြင်းမရှိဘဲ **'တံခါးမရှိ ဓားမရှိ'** လွှတ်ထား ခဲ့လျှင် **ပဲ–မရှိသော လှေငယ်**သည် ရေလယ်မှာမျောရသကဲ့သို့ ထိုစိတ်အထိန်း ကင်းသော လောကသူ, လောကသားတို့သည်လည်း **ဒုက္ခအဏ္ဏဝါသံသရာ ရေကြောင့်** မျောမြဲတိုင်း မျောနေရုံသာ ရှိလေသည်။

မကောင်းမှုမှ ဝေးစွာရှောင်ပါ

မိမိ၏စိတ်သို့ မကောင်းမှုအာရုံတစ်ခုခုဝင်လာလျှင် ရတနာသုံးပါး၏ဂုဏ်ကို ဆင်ခြင်အောက်မေ့လျက်ဖြစ်စေ၊ မိမိနှစ်သက်ရာ တရားကောင်းတစ်မျိုးမျိုးကို နှလုံး သွင်းပွားများလျက်ဖြစ်စေ၊ ထိုဝင်ရောက်လာသော မကောင်းမှုအာရုံအစား အခြားသော အာရုံကောင်းတစ်ခုခုကို မိမိ၏စိတ်ထဲ၌ သွင်းပေးထားရမည်။ အကယ်၍ ဤလိုတရား အာရုံမျိုးကို နှလုံးသွင်းခွင့်မရခဲ့သော် မိမိတရားသဖြင့် လုပ်ငန်းစဉ်တစ်ခုခုထဲ၌ စိတ် ဝင်စားနေသင့်၏။ **"ယောနိသော မနသိကာရ"** ကောင်းစွာနှလုံးသွင်းခြင်း၊ သတိတရား (ကုသိုလ်)နှင့်ယှဉ်စပ် ထိန်းကွပ်ထားသင့်သည်။ မကောင်းသော အာရုံနှင့်စိတ်တို့ကို ဖယ်ရှားတားမြစ်ရန် ကောင်းသောအာရုံ,စိတ်တို့နှင့် ဖလှယ်ပြီးအစားထိုးရပါသည်။

ဝတ္ထု သာဓကများ

သီလကို စုံစမ်းသည့်ဆရာကြီးအကြောင်း

ဗာရဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းပုဏ္ဏားလုလင်သည် ထိုမြို့၌ ဒိသာပါမောက္ခဆရာကြီးထံတွင် လုလင်ငါးရာတို့၏ အကြီးအကဲအဖြစ် အတတ်ပညာကိုသင်ယူနေ၏။ တစ်နေ့သ၌ ဆရာကြီးသည် တပည့်များ၏သီလကို စုံစမ်းလို၍ "ငါ့သမီးအား သီလရှိသူနှင့် ထိမ်းမြားလက်ထပ်ပေးမည်"ဟုကြံကာ လုလင်တို့အား ခေါ်၍ "တပည့်တို့.. ငါ့သမီးကို ထိမ်းမြား မင်္ဂလာပြုပေးလို၏။ သင်တို့သည် မိမိတို့၏ဆွေမျိုးများမမြင်စေဘဲ အဝတ်တန်ဆာတို့ကို ခိုးယူခဲ့ကြလော့"ဟုဆို၏။ လုလင်တို့သည် ဆွေမျိုးများမမြင်အောင် အဝတ်တန်ဆာများကို ခိုးယူခဲ့ကြ၏။ ဘုရားလောင်းကား မည်သည့်တစ်ခုမျှ မယူခဲ့ချေ။ ဆရာကြီးကမေးသော် "ခိုးခြင်းသည်မကောင်းမှု(ပါပ)ဖြစ်၏။ မကောင်းမှုကိုပြုခြင်းသည် ဆိတ်ကွယ်ရာအရပ် မရှိ၊ ထို့ကြောင့် မယူခဲ့"ဟုဖြေ၏။ ဆရာကြီးသည် နှစ်သက်လွန်း၍ ဘုရားလောင်းအား သမီးနှင့်ထိမ်းမြားပေးပြီး ကျန်လုလင်တို့အား သူတို့ယူခဲ့သောအဝတ်များကို အိမ်သို့ပြန်ပို့ခိုင်းလေသည်။

ဤသာဓကဌ ဆရာကြီး၏သမီးကို ဘုရားလောင်းရရှိခြင်းမှာ မကောင်းမှုမှ ကြိုတင်ရှောင်ကြဉ်မှု "အာရတီပါပါ မင်္ဂလာ"နှင့်ပြည့်စုံသောကြောင့်ဖြစ်ပြီး ကျန်လုလင်များ ဆရာကြီး၏သမီးကို မရနိုင်ခြင်းမှာ "အာရတီပါပါမင်္ဂလာပျက်"သောကြောင့် ဖြစ်ပါသည်။

ဒု-သ-နု-သော သူဌေးသား ၄-ဦး

လောဟကုမ္ဘီ ငရဲအိုးပေါ်တက်လာပြီး တစ်ဦးလျှင် (ဒု)(သ)(နု)(သော)ဆိုသည့် အက္ခရာတစ်လုံးစီမျှသာ ရွတ်ဆိုနိုင်ကြသော သူများသားမယားတွေကို ပြစ်မှားကျူးလွန်ခဲ့သော သူဌေးသားလေးယောက် ဖြစ်ပါသည်။

ကောသလမင်းကြီးသည် ဆင်းရဲနွမ်းပါး ကာမပိုင်လင်ရှိသောမိန်းမတစ်ယောက်ကို သိမ်းပိုက်လိုစိတ် ညွှတ်ခဲ့သောချိန်တွင်၊ ညအခါ တစ်ဦးစီက (ဒု)(သ)(နု)(သော)ဆိုသည့် အသံတွေကို ကြားမိကြောင်း ဘုရားရှင်အားလျှောက်ထားသောအခါ "ကာမေသုမိစ္ဆာစာရကံ"တွေ ကျူးလွန်ခဲ့ကြသောကြောင့် ကျိုက်ကျိုက်ဆူဝေနေသော ငရဲအိုးကြီးထဲမှာ အနှစ်သုံးသောင်းကြာမှတစ်ကြိမ်သာ အိုးနှုတ်ခမ်းပေါ်ကိုပေါ်လာပြီး တစ်ဦးလျှင် အက္ခရာတစ်လုံးကျစီသာ အော်ဟစ်နိုင်ကြပြီး ငရဲအိုးအောက်သို့ မြုပ်ချီ,ပေါ်ချီဖြစ်နေသောသူဌေးသား ၄-ယောက်အကြောင်း ဟောကြားတော်မူသဖြင့် မင်းကြီးလည်း သံဝေဂရပြီး "အာရတီပါပါမင်္ဂလာမပျက်"သောကြောင့် သက်သာရာရရှိခဲ့ပါသည်။

၁၉။ ဝိရတီ ပါပါ မကောင်းမှုအတွေ့ရှောင်မင်္ဂလာ

{ **ပါပ**– မကောင်းမှု၊ **ဝိရတီ**– ကိုယ်,နှုတ်ဖြင့် အထူး ရှောင်ကြဉ်ရခြင်း၊ }

မကောင်းမှုမှ ကိုယ်,နှုတ်ဖြင့် အထူး ရှောင်ကြဉ်ရခြင်းသည်လည်း ကုသိုလ်တရား တိုးပွားရင့်ကျက်ရန် 'ဝိရတီမင်္ဂလာ'တရား မည်၏။

အထူးရှောင်ကြဉ်ခြင်းဟူသည် မကောင်းမှုမှ ကိုယ်,နှုတ် နှစ်ပါးဖြင့် ရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။ မကောင်းမှုတစ်စုံတရာကို ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ မကျူးလွန်မိရန် အထူးကြောင့်ကြစိုက်၍ ရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။

စိတ်ဌဿဖြစ်လာသော မကောင်းမှုများကို ရုတ်တရက်မဖယ်ရှားနိုင်၍ စိတ်မှုကမလုံခြုံသည့်တိုင်အောင် ကာယဒုစရိုက်, ဝစီဒုစရိုက်များကို ကျူးလွန်ခြင်းမရှိသဖြင့် ကိုယ်မှ,နှုတ်မှတို့က လုံခြုံနေလျှင်ကား ထိုသူသည် ကိုယ်ကျင့်သီလရှိသူပင်ဖြစ်သည်။ ကိုယ်မှလုံခြုံသူတို့မှ ထွက်ပေါ်လာသောအပြုအမူများသည် **ကာယသမာစာရ**(ကိုယ်အမူအရာကောင်းများ)သာဖြစ်၍၊ နှုတ်မှလုံခြုံသူတို့မှ ထွက်ပေါ်လာသော **ဝစီသမာစာရ**(နှုတ်အမူအရာကောင်း)တို့သာ ဖြစ်ရပေမည်။ သံသရာခရီးသည်များအတွက် ကိုယ်မှ,နှုတ်မှများ လုံလုံလောက်လောက်ရှိနေသည်မှတပါး အခြားခရီးရောက်သောကျင့်စဉ်ကို တွေ့ရလိမ့်မည်မဟုတ်ပေ။

ဝိရတီစေတသိက် ၃ ပါး – (ဒုစရိုက်,ဒုရာဇီဝတို့ကိုမပြုဘဲ ရှောင်ကြဉ်ခြင်း၊) မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်ခြင်း, စောင့်စည်းခြင်းသည် 'ဝိရတီ' မည်၏။

❷ ဝိရတီစေတသိက်သည် သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ အားဖြင့် စေတသိက် ၃–ပါး ဖြစ်၏။

သမ္မာဝါစာ	အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက် ၄–ပါးမှရှောင်ကြဉ်မှု။
သမ္မာကမ္မန္တ	အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော ကာယဒုစရိုက် ၃–ပါးမှရှောင်ကြဉ်မှု။
သမ္မာအာဇီဝ	အသက်မွေးဝမ်းကြောင်းနှင့် စပ်ဆိုင်သော ဝစီဒုစရိုက် ၄–ပါးနှင့် ကာယဒုစရိုက် ၃–ပါးတို့မှ ရှောင်ကြဉ်မှု။
(ဆိုင်ရာဒုစရိုက်တရားတို့ကို အဆိပ်သီးကို မစားဝံ့သကဲ့သို့ ရှောင်ကြဉ်အပ်၏။)	

လမ်းညွှန်။ ။ 'ဝိရတီပါပါ'မင်္ဂလာသည် မကောင်းကြံစည်ခြင်းမှရှောင်ကြဉ်နိုင်သော်လည်း ရုတ်တရက်ရင်ဆိုင်တွေ့ကြုံလာသော ကာယကံမကောင်းမှု၊ ဝစီကံမကောင်းမှုများကို မရှောင်ကြဉ်နိုင်လျှင် မိမိကောင်းခဲ့သမျှတွေ အလကား အလဟာသဖြစ်သွားနိုင်သည်။ ထိုသို့မဖြစ်အောင် ရရှိထားသောအောင်မြင်မှု တည်တံ့ခိုင်မြဲစေရန်လိုအပ်ကြောင်း 'ဝိရတီပါပါမင်္ဂလာ' က ဒုစရိုက်မှ လက်တွေ့ရှောင်ကြဉ်ရေး၊ တိုင်းပြည်အေးချမ်းသာယာရေးအတွက် လမ်းညွှန်သည်။

မှတ်ချက်။

၁။ **သမ္ဘတ္တ ဝိရတီ** – ရင်ဆိုင်တွေ့ကြုံလာစဉ် မလွန်ကျူးဘဲ ရှောင်ကြဉ်ခြင်း၊

၂။ **သမာဒါန ဝိရတီ**– သိက္ခာပုဒ်ဆောက်တည်၍ ရှောင်ကြဉ်ခြင်း၊

၃။ **သမုစ္ဆေဒ ဝိရတီ**– မင်္ဂတရားဖြင့် မကောင်းမှုမှ အမြစ်ပြတ်ရှောင်ကြဉ်ခြင်း၊

* (လောကီဝိရတီ, လောကုတ္တရာဝိရတီ တို့ကိုလည်းကြံဆ၍ သိအပ်၏။)

"ဝိရတီပါပါ"မင်္ဂလာဖြစ်သူ

မကောင်းမှုဒုစရိုက်မှ အထူးရှောင်ကြဉ်သူ၊ မကောင်းမှုကို လက်တွေ့ကိုယ်ဖြင့်မလုပ်, နှုတ်ဖြင့်မပြောဘဲ ရှောင်ကြဉ်သူ၊ ရင်ဆိုင်အတွေ့ကို ရှောင်ကြဉ်သူ၊ သတ်စရာတွေ့သော်လည်း–မသတ်၊ ခိုးစရာတွေ့သော်လည်း–မခိုး၊ သူတစ်ပါးသားမယားကို မပြစ်မှားသူ၊ လင်ရှိမယား မယားရှိလင်ကို မပြစ်မှားသူ၊ မလိမ်ညာသူ၊ ငါးပါးသီလမြဲသူ၊ ဥပုသ်စောင့်သူ၊ သီလရှိသူ၊ ကုန်းချောခြင်း, ကုန်းတိုက်ခြင်း, အတင်းအဖျင်းပြောခြင်းမှရှောင်ကြဉ်သူ၊ မကောင်းမှုတစ်ခုခုကို ပြုလုပ်,ပြောဆို,လွန်ကျူးဖို့ ရင်ဆိုင်ကြုံတွေ့လာရသောအခါ မပြုလုပ်,မပြောဆို, မလွန်ကျူးမိအောင် ကိုယ့်လက်, ကိုယ့်ခြေ, ကိုယ့်ပါးစပ်ကို နိုင်နင်းအောင် ထိန်းချုပ်နိုင်သူ စသည်.. .

"ဝိရတီ ပါပါ"မင်္ဂလာအကျိုး

'ဝိရတီပါပါ'မင်္ဂလာကို လိုက်နာကျင့်သုံးပါလျှင် လူသားအားလုံးကို တန်းတူရည်တူ ဆက်ဆံနေနိုင်မှု၊ တရားမျှတမှု၊ စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု၊ လွတ်လပ်စွာနေထိုင်ရမှုစသော လူ့အခွင့်အရေးများ အပြည့်အဝရရှိကာ ငြိမ်းချမ်းသာယာသော လောကသစ်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပေသည်။

အာရတီနှင့် ဝိရတီ အထူး

- မကောင်းမှုမှ **စိတ်**ဖြင့်ရှောင်ကြဉ်ခြင်းသည် အာရတီ မည်၏။
- မကောင်းမှုမှ **ကိုယ်,နှုတ်**ဖြင့်ရှောင်ကြဉ်ခြင်းသည် ဝိရတီ မည်၏။

(သုတ္တနိပါတ၊ ၄၂၊ ၂။ ၂၅၊ ခုဒ္ဒကပါဋ၊ ၄၂၊ ၁၁၉)

အာရတီမင်္ဂလာနှင့် ဝိရတီမင်္ဂလာ နှစ်ပါးစလုံးသည် မကောင်းမှုတရားများကို ရှောင်ကြဉ်သော တရားချင်းတူပါလျက် မင်္ဂလာနှစ်ပါးခွဲခြားပြီး ဟောကြားတော်မူပါသနည်း။

* အာရတီမင်္ဂလာသည် မကောင်းမှုတရားများကို မတွေ့မမြင် မကြားမီက မိမိစိတ်, မိမိအာရုံရှိရာ ရောက်မလာရလေအောင် ဝေးစွာ မနောက် စိတ်ဖြင့် ကြိုတင်ပြီး ရှောင်ကြဉ်ခြင်းကို ဆိုလိုပါသည်။
* ဝိရတီမင်္ဂလာသည် မကောင်းမှုတရားများကို ကြိုတင်ရှောင်ကြဉ်ရုံသာ မက မလွဲမရှောင်သာအောင် 'နဖူးတွေ့၊ ဒူးတွေ့'ဆိုသလို ပက်ပင်းမှာတကယ် တွေ့နေရသည့်တိုင်အောင် မလွန်ကျူးမိရလေအောင် ကာယက်, ဝစီက် ဟုဆို အပ်သော ကိုယ်,နှုတ် နှစ်ပါးတို့ဖြင့် အထူး ရှောင်ကြဉ်ခြင်းကို ဆိုလိုပါသည်။

ဤသို့ မင်္ဂလာနှစ်ပါး ခွဲခြားသိစေလိုအပ်သောကြောင့် မင်္ဂလာနှစ်ပါးကို ခွဲခြားဟောကြားတော်မူအပ်ပါသည်။

(**တူပါသည် ⇒** ဤမင်္ဂလာနှစ်ပါးသည် **စာရိတ္တဗလမင်္ဂလာ** နှစ်ပါးဖြစ်ပါသည်။)

အာရတီမင်္ဂလာဖြစ်ဖို့ရန် မကျရောက်မီက ကြိုတင်ကာကွယ်သောအနေဖြင့် ထိန်းသိမ်းထားကြရန်သာဖြစ်ပါသည်။ ဝိရတီမင်္ဂလာဖြစ်လာဖို့ရန်အတွက် လက်တွေ့ရှောင်ကြဉ်ရသည်ကား အပြောလွယ်သလောက် အမှန်တကယ် ကြုံတွေ့လာရသောအခါ မလွယ်ကူနိုင်ပါ။

ရင်ဆိုင်အစတွေ့ကို ရှောင်နိုင်မှ ဝိရတီမင်္ဂလာ

သူတစ်ပါးက ရန်လာစသောအခါ လက်,ခြေ တစ်ခုခုဖြင့် မတုန့်ပြန်မိ အောင် ချုပ်တည်းခြင်းစသည်တို့ဖြစ်ပါသည်။ ကိုယ့်လက်, ကိုယ့်ခြေ, ကိုယ့် ပါးစပ်ကို မချုပ်တည်းနိုင်မှကြောင့် ဖြစ်ပေါ်လာနိုင်သော ခိုက်ရန်ဖြစ်ခြင်း၊ ရုံးပြင်ကန္တာရောက်ခြင်း၊ ငွေကြေးကုန်ကျခြင်း၊ အချုပ်အနှောင်ခံရခြင်း၊ နာမည် ပျက်ခြင်းစသည့်ဆိုးကျိုးများ မဖြစ်ပေါ်အောင် မိမိကိုယ်,နှုတ် နှစ်ပါးတို့ကို နိုင်နင်းအောင် သည်းခံ,ထိန်းချုပ်ပြီး အထူး ရှောင်ကြဉ်မှုသည် ဝိရတီ မည်၏။

ဝတ္ထု သာဓကများ

စက္ကနလူငယ်အကြောင်း

သီဟိုဠ်ကျွန်း၌ စက္ကနခေါ်သော လူငယ်တစ်ယောက်ရှိ၏။ မကျန်းမာသောမိခင်အတွက် ဆေးဆရာကြီးက "ယုန်သားဓာတ်စာ ကြွေးရမည်"ဟုပြော၍၊ ၎င်း၏အစ်ကိုက ၎င်းကို ယုန်သားရှာခိုင်း၏။ သူသည် ယုန်ကလေးတစ်ကောင်ကိုဖမ်းပြီးမှ မသတ်ရက်သဖြင့် လွှတ်လိုက်ပြီးလျှင် အိမ်သို့ပြန်၍ မိခင်ထံ၌ "ကျွန်တော် သိတတ်သည့်အရွယ်မှစ၍ သူတစ်ပါးအသက်ကိုမသတ်ဖူးပါ၊ ဤမှန်သောသစ္စာစကားကြောင့် အမေ့ရောဂါ ပျောက်ကင်းပါစေ"ဟု သစ္စာဆိုလိုက်ရာ သူ့မိခင်၏ရောဂါချက်ချင်းပျောက်ကင်းသွားလေသည်။

ဤသာဓက၌ စက္ကန၏မိခင် ရောဂါပျောက်ကင်းရခြင်းမှာ စက္ကန၏ ဝိရတီ ပါပါအကြောင်းခံသော သစ္စာစကားနှင့်ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

ကောကမုဆိုးအကြောင်း

ဘုရားရှင် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် 'ကောက'မည်သောမုဆိုးသည် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးကို သူ၏အမဲလိုက်ခွေးများနှင့် ရှူးတိုက်၍လိုက်၏။ ရဟန်းလည်း သစ်ပင်ပေါ် တက်ပြေး၏။ မုဆိုးက အောက်မှနေ၍ မြှားဖြင့်ထိုးသော် ရဟန်း၏သက်နှံသည် မုဆိုးအပေါ် ဖြန့်၍ကျ၏။ ခွေးတို့သည် မုဆိုးကို ရဟန်းထင်၍ကိုက်သတ်ရာ မုဆိုး သေလေသည်။

ဤသာဓက၌ မုဆိုးသေရခြင်းမှာ ရင်ဆိုင်တွေ့ကြုံလာသောအာရုံကို မကောင်းမှုမဖြစ်ရန် ရှောင်ရှားရမည့်အစား မကောင်းမှုကျူးလွန်ဖို့ရန် ပြုလုပ်အားထုတ်သဖြင့် 'ဝိရတီမင်္ဂလာပျက်'သောကြောင့် ဖြစ်ပါသည်။

အခြားမှတ်သားဖွယ်

မကောင်းမှုပြုလွယ်သူများ-

* သဒ္ဓါတရားခေါင်းပါးသူ = မိစ္ဆာဒိဋ္ဌိ၊
* ကိုယ်ကျိုးကိုသာ ဦးစားပေးသူ၊
* ပျက်စီးချိန်ရောက်သူများသည် မကောင်းမှုပြုလုပ်လွယ်သူများ ဖြစ်၏။

၂၀။ **မဇ္ဈပါနာ** ၏ **သံယမော** **အရက်သေစာရှောင်မဂ်လာ**

{ **မဇ္ဈပါနာ**– မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်း၊ **သံယမော**– ရှောင်ကြဉ်ခြင်း၊ }

မူးယစ်မှေ့လျော့ကြောင်းဖြစ်သော သေရည်အရက်, မူးယစ်ဆေးဝါးစသည် သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တရားတိုးပွားရင့်ကျက်ရန် 'မဇ္ဈပါနသံယမဂ်လာ' မည်၏။

အာရတီ ပါပါ, ဝိရတီ ပါပါ မဂ်လာတို့တွင် **ပါပ**–အရတွင် အရက်သေစာ သောက်စားခြင်း, မူးယစ်ဆေးဝါးသုံးစွဲခြင်း မပါဝင်သဖြင့် သောက်စားသုံးစွဲလျှင် အပြစ်မရှိဟု မှတ်ထင်မည်စိုးသောကြောင့်ငင်း၊ မကောင်းမှုဒုစရိုက်များစွာကို ပေါက်ဖွားပေးတတ်သည့်အကြောင်းအရင်း မူလ,လက်သည်,တရားခံတစ်ပါးကို ပြလိုသောကြောင့်ငင်း ဤမဂ်လာကို ထပ်မံ၍ သီးခြားဟောရပါသည်။

မဂ်လာတရားတော်အစဉ်တွင် အစမဂ်လာမှ အနဝဇ္ဇာနိ ကမ္မာနိမဂ်လာ တိုင်အောင် သဘာဝမမှန်အားလျော်စွာ အကြောင်းအကျိုးဆက်သွယ်လျှင် ပျော်ရွှင်နှစ်သက်ဖွယ်ရာမဂ်လာတို့ကိုသာလျှင် ဟောကြားတော်မူ၏။ ၎င်းတို့၏ နောက်တွင် ယုတ်မာမှုတို့သည် အလိုအလျောက်မပေါ်ပေါက်လာကြသော်လည်း ပျော်ရွှင်ဖွယ်ရာတို့ကို ရှာကြံလာကြ, ပြုလုပ်လာကြသောအခါ တစ်ဆင့်တစ်ဆင့် တက်၍ ငါးပါးသီလဆိုင်ရာဖောက်ပြန်ပျက်စီးသည်အထိရှိလာနိုင်သောကြောင့် အာရတီ ပါပါ, ဝိရတီ ပါပါ, မဇ္ဈပါန သံယမ မဂ်လာတို့ကို ကိုယ်ကျင့်သီလ ကောင်းမွန်ရန်, စာရိတ္တကောင်းမွန်ရန်, အထူးအားဖြင့် ငါးပါးသီလကိုလုံခြုံရန် ဟောကြားတော်မူ၏။

အရက်သေစာသောက်စားမှုသည် ဒုစရိုက်ဖြစ်

အရက်သေစာသောက်စားမှုသည် ဒုစရိုက်တရား ၁၀–ပါးထဲတွင် တိုက်ရိုက်အနေအားဖြင့် မပါဝင်ဟုဆိုကြသော်လည်း ကာယဒုစရိုက်သုံးပါးရှိသည့် အနက် **ကာမေသုမိစ္ဆာစာရကံ**–တွင် အရက်သောက်ခြင်း, လောင်းကစားပြုခြင်း တို့သည် သဘောတရားအားဖြင့် တူနေသောကြောင့် ကာမေသုမိစ္ဆာစာရကံ–အတွင်း ထည့်သွင်းယူထားပါသည်။

ငါးပါးသီလ

* ငါးပါးသီလတို့တွင် **သုရာမေရယ**သည် အပြစ်အကြီးမားဆုံးဖြစ်၏။
* **သေရည်အရက်သောက်စားခြင်းသည် သူရူးဘဝကိုဖြစ်စေနိုင်သည်။**
* သူရူးဟူသည် အရိယာတို့သိအပ်သော မြတ်သောတရားကို သိနိုင်စွမ်းမရှိ။

(ခုဒ္ဒကပါဋ္ဌ၊ ဋ္ဌ၊ ၁၉)

မဇ္ဇ = သေရည်အရက်နှင့် ယစ်မူးမေ့လျော့ကြောင်းဖြစ်သော ဆေးဝါးပစ္စည်း မှန်သမျှ။ (သံ၊ ၁၊ ၃။ ၃၃၄)

ရှေဟသံဃရာတော်ကြီးကလည်း-

'အရက်ဟူသည် အမည်တစ်မျိုးမျှသာ ခေါင်းစဉ်တပ်ထားသော်လည်း မဇ္ဇ-သဒ္ဒါအရ ယစ်မူးရူးသွပ်ကြောင်းဖြစ်သော ဝတ္ထုမှန်သမျှကို မသောက်ရ၊ မစားရ၊ မရှုရ၊ မမျိုရ၊ မသုတ်လိမ်းရ၊ မထိုးရ'ဟုမှတ်ရမည်ဟုဟောတော်မူ၏။

ယစ်မျိုး ၁၀-ပါး

သုရာ(သေရည်) ၅-မျိုးနှင့် မေရယ(အရက်) ၅-မျိုးတို့ဖြစ်ပါသည်။

သုရာ(သေရည်) ၅-မျိုး

၁။ ပိဋ္ဌသုရာ - မုန့်ညက်ဖြင့် ပြုလုပ်သောသေရည်၊
၂။ ပူဝသုရာ - မုန့်ဖြင့်ပြုလုပ်သောသေရည်၊
၃။ သြဒနသုရာ - ထမင်းဖြင့်ပြုလုပ်သောသေရည်၊
၄။ ကိဏ္ဏပက္ခိတ္တာ - သေရည်မျိုးစေ့ထည့်၍ ပြုလုပ်သောသေရည်၊
၅။ သမ္ဘာရသံယုတ္တာ - ပစ္စည်းမျိုးစုံထည့်၍ ပြုလုပ်သောသေရည်၊

မေရယ(အရက်) ၅-မျိုး

၁။ ပုပ္ဖါသဝ - သစ်ပွင့်ဖြင့်ပြုလုပ်သောအရက်၊
၂။ ဖလာသဝ - သစ်သီးဖြင့်ပြုလုပ်သောအရက်၊
၃။ မဓုါသဝ - မုဒရက်သီးအရည်ဖြင့်ပြုလုပ်သောအရက်၊
၄။ ဂုဠာသဝ - တင်လဲဖြင့်ပြုလုပ်သောအရက်၊
၅။ သမ္ဘာရသံယုတ္တာ - ပစ္စည်းမျိုးစုံထည့်၍ ပြုလုပ်သောအရက်၊

(ဝိ၊ ၂၊ ၁၄၆။ ဝိ၊ ဋ္ဌ၊ ၃၊ ၁၂၇။)

လမ်းညွှန်။ ။'မဇ္ဈပါနာ စ သံယမော'မင်္ဂလာသည် အရှက်အကြောက်ရှိသူတို့မှာ ကာယကံမကောင်းမှု၊ ဝစီကံမကောင်းမှုများကို ဘယ်တော့မှမပြုပေ။ အရက်သေစာ မူးယစ်ဆေးဝါးသောက်စားသုံးစွဲခြင်းသည် အရှက်အကြောက်ကင်းမဲ့စေ၍ မကောင်းမှုပြုလုပ်ရန် အားပေးတတ်၏။ ထို့ကြောင့် မကောင်းမှုများ၏ လက်သည်,တရားခံဖြစ်သော အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းမှလည်း ရှောင်ကြဉ်ရန်လိုအပ်ကြောင်း မဇ္ဈပါနာစသံယမော မင်္ဂလာက မူးယစ်ဆေးဝါး တားမြစ်ရေး၊ အရက်သေစာ မသောက်စားရေး၊ ဒုစရိုက်မှုလျော့နည်းပျောက်ရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ အရက်သေစာဆိုသည်မှာ– ဘိန်း၊ ဘင်း၊ ကစော်၊ လျော်စာ၊ ဆေးခြောက်၊ ကိုကင်း၊ စိတ်ကြွဆေးများ၊ အရက်၊ ဘီယာ၊ ဝိုင်၊ ထန်းရည် စသော မူးယစ်စေတတ်သောအရာများဖြစ်၏။

"မဇ္ဈပါနာ စ သံယမော " မင်္ဂလာဖြစ်သူ

အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်သူ၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းမှရှောင်ကြဉ်သူ၊ ကစော် ထန်းရည် မသောက်သူ၊ ဘိန်း,ဆေးခြောက် မရှူသူ၊ စိတ်ကြွဆေးများသုံးစွဲမှုကို မပြုသူ၊ မူးယစ်,မှောက်မှားစေတတ်သောအရာများကို သောက်စား, သုံးစွဲခြင်းမှရှောင်ကြဉ်သူ စသည်.. .

'မဇ္ဈပါနာ စ သံယမော'မင်္ဂလာ အကျိုး

* အရက်သေစာ သောက်စားခြင်းကြောင့် ခံရမည့်အပြစ်များမှ လွတ်ကင်းနိုင်ခြင်း၊
* လျင်မြန်သွက်လက် ဖျတ်လတ်စွာ သိနိုင်ကြားနိုင်ခြင်း၊
* ကြီးမားသော ဉာဏ်ပညာနှင့်လည်းပြည့်စုံစေနိုင်ခြင်း၊
* သူတပါး၏ကျေးဇူးတွေကို သိတတ်နိုင်ခြင်း၊
* ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှ လွတ်ကင်းနိုင်ခြင်း၊
* အမျက်ဒေါသနည်းပြီး၊ သီလနှင့်လည်း ပြည့်စုံလာနိုင်ခြင်း၊
* ဟိရီ–မကောင်းမှုဒုစရိုက်များကို ပြုကျင့်ရန် စက်ဆုပ် ရှက်မုန်းတတ်ခြင်း။
  ဩတ္တပ္ပ– မကောင်းမှုဒုစရိုက်များကို ပြုကျင့်ရန်ထိတ်လန့် ကြောက်ရွံ့တတ်ခြင်း။

ဆရာတော် ဦးဗုဒ္ဓ၏ ဂီဟိဝိနယ ဆုံးမစာ

မူးယစ်သေစာ သောက်စားခြင်း အပြစ် ၆-ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊
ပညာနည်းရှား၊ ဤ ခြောက်ပါးကား၊ သောက်စားသေစာ အပြစ်တည်း။

အရက်သေစာ သောက်စား အပြစ်များ

* ဥစ္စာပျက်ပြား၊ ရန်မက်များ၊ ထူးပွားနာရောဂါ။
ကျော်စောမဲ့ခြင်း၊ ရှက်ကြောက်ကင်း၊ ချို့ယွင်းဉာဏ်ပညာ။
သေစာသောက်စား၊ လူ့ငရဲကား၊ ခြောက်ပါးအပြစ်လာ။

(တစ်နည်း)

* သေရည်သောက်စား၊ ထိုသူအား၊ လူသားလည်းမုန်း၊ နတ်လည်းမုန်း၊
* ယစ်မူးသေစာ၊ သောက်သူမှာ၊ ဥစ္စာလည်းပျောက်၊ ငရဲရောက်။
* ယစ်မူးသေစာ၊ သောက်သူမှာ၊ ရောဂါလည်းများ၊ ခိုက်ရန်ပွား။
* ယစ်မူးသေစာ၊ သောက်သူမှာ၊ ယုတ်မာသတင်း၊ ရှက်ကြောက်ကင်း။
* ယစ်မူးသေစာ၊ သောက်သူမှာ၊ ပညာလည်းကုန်၊ ဉာတိသုန်။
* သုရာသောက်စား၊ ထိုသူအား၊ မယားက ဆဲ၊ သားက မဲ။
* သုရာသောက်စား၊ ထိုသူအား၊ သားသမီးပင်၊ သူ မခင်။
* သုရာယစ်ဝ၊ လူ့ဗာလ၊ မိဘကိုလည်း၊ သူညှဉ်းဆဲ။
* သုရာယစ်မျိုး၊ များလူဗိုလ်၊ အကုသိုလ်များ၊ နေ့စဉ်ပွား။
* ယစ်မူးသေစာ၊ သောက်သူမှာ၊ ဖြစ်ရာဘဝ၊ အရူးထ။
* သုရာသောက်မျိုး၊ များလူဗိုလ်၊ မဂ,ဖိုလ်တံခါး၊ ပိတ်ဆို့ထား။
* သုရာသောက်စား၊ ထိုသူများ၊ ဘုရားတွေ့လည်း၊ ကျွတ်ဖို့ခဲ။

မင်္ဂလာအလင်းရောင်ကျမ်း

သေရည်သောက်စားခြင်းသည် အကုသိုလ်ကံကို ကျူးလွန်ရုံမပြီးသေးဘဲ အလွန်ကြီးလေးသော ကံကြီးများကိုတောင် ကျူးလွန်လာအောင် သွေးဆွဲပေးတတ်သောကြောင့် မိမိတို့ကိုယ်တိုင်ရှောင်ကြဉ်ရုံသာမက မိမိလက်လှမ်းမှီရာနီးစပ်ရာပုဂ္ဂိုလ်တို့ကိုလည်း ရှောင်ကြဉ်ကြရန် တိုက်တွန်းအပ်၏။

ဝတ္ထု သာဓကများ

မိမိရင်သွေးကို အရက်နဲ့မြည်းတဲ့သူ

ဗာရာဏသီပြည်တွင် ဧကရာဇ်အမည်ရှိသော ဘုရင်တစ်ပါးသည် အရက်သေစာများကိုအလွန်ကြိုက်နှစ်သက်ပြီး၊ အရက်နှင့်အမဲသားမပါလျှင် ပွဲတော်မတည်နိုင်ပေ။ ဥပုသ်နေ့များတွင် အမဲသား,ငါးများ မရမှာစိုးသောကြောင့် စားတော်ကဲသည် အမဲဟင်းလျှာများကို တစ်ရက်ကြိုတင်၍ဝယ်ထားခဲ့သော်လည်း လုံခြုံစွာမသိမ်းမိသောကြောင့် ခွေးများဝင်စားသွား၏။ နောက်တစ်နေ့ ပွဲတော်ဆက်ချိန်ရောက်သောအခါ စားတော်ကဲသည် အမဲဟင်းလျှာမပါသဖြင့် ပွဲတော်အုပ်ကိုမဆက်ဝံ့ဘဲ မိဖုရားကြီးထံပြေး၍ အကူအညီ အကြံဉာဏ်တောင်းရလေတော့သည်။

မိဖုရားကြီးက ဘုရင်ကြီး သူ၏သားတော်လေးကိုပေါင်ပေါ်တင်ပြီး ချော့မြူနေတဲ့အခါမှာ ရတဲ့ဟင်းလျှာနဲ့ဘဲ ပွဲတော်အုပ်ကိုဆက်ပေတော့လို့ အကြံပေးလိုက်၏။ စားတော်ကဲလည်း မိဖုရားကြီးပေးသောအကြံအတိုင်း ပွဲတော်အုပ်ဆက်သောအခါ အရက်မူးနေသောကြောင့် အမဲဟင်းလျှာမပါခြင်းကိုစိတ်ဆိုး၍ "မင်းမှာ အမဲမပါလာပေမဲ့ ငါ့မှာအမဲရှိတယ်၊ ဒီအမဲကိုချက်ပြီး ငါ့ကိုဆက်ပေတော့"လို့ပြောဆိုပြီး မိမိ၏ပေါင်ပေါ်မှာကစားနေသော သားတော်လေး၏လည်ပင်းကိုလိမ်ချိုးပြီး ပေးလေသည်။

ဤသို့ မိမိသားတော်ကိုပင် သတ်၍စားရခြင်းမှာ အရက်သေစာသောက်စားမှု "မဇ္ဇပါနာစ သံယမော မဂ်လာပျက်"သောကြောင့် ဖြစ်ပါသည်။

ဆင်ဖြူရှင်မင်းတရားကြီးအကြောင်း

မြန်မာသက္ကရာဇ် ၆၁၃–ခုနှစ်တွင် ဟံသာဝတီတိုင်းပြည်ကြီး၌ ဘုရင်အဖြစ်သို့ ရောက်တော်မူသော ဆင်ဖြူရှင်မင်းတရားကြီးသည် တပင်ရွှေထီးမင်းလက်အောက်၌ ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ဖြင့် အမှုထမ်းနေရစဉ်ကပင် အရက်သေစာသောက်စားမှုကို အထူးရှောင်ကြဉ်တော်မူခဲ့၏။ ဘုရင်ဖြစ်သောအခါ၌လည်း မည်သည့်အခါမျှ မူးယစ်သောက်စားခြင်းမရှိဘဲ ပညာရှိတို့နှင့်သာ အစဉ်မပြတ်တိုင်ပင်၍ ရဲသွေးရဲမာန်တိုးတက်ရေးတို့ကိုသာ ကြံစည်လေ့လာတော်မူသဖြင့် မြန်မာနိုင်ငံ၏ဂုဏ်သတင်းကို ရာဇဝင်ထင်လင်းအောင် ဆောင်ကျဉ်းတော်မူနိုင်ခဲ့လေသည်။

ဤသို့ဂုဏ်ဆောင်နိုင်ခြင်းမှာ အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်မှု "မဇ္ဇပါနာစ သံယမော မဂ်လာနှင့်ပြည့်စုံ"သောကြောင့်ဖြစ်ပါသည်။

၂၁။ **အပ္ပမာဒေါ စ ဓမ္မေသု** တရားမမေ့မဂ်လာ

{ **ဓမ္မေသု**- ကုသိုလ်တရားတို့၌၊ **အပ္ပမာဒေါ**- မမေ့လျော့ခြင်း၊ }

ကောင်းမှု, ကုသိုလ်တရားမြတ်တို့၌ မမေ့လျော့ခြင်းကို 'အပ္ပမာဒဓမ္မ'ဟု ခေါ်ပါသည်။ ပြုသင့်ပြုထိုက်သော ကောင်းမှုတရားတို့၌ မမေ့လျော့ခြင်းသည် ကုသိုလ်တရားတိုးပွား ရင့်ကျက်ရန် 'အပ္ပမာဒေါ စ ဓမ္မေသု မဂ်လာ' မည်၏။

'အပ္ပမာဒဓမ္မ'အရ- မမေ့လျော့ခြင်း, အမှတ်ရမှုကို **'သတိ'**ဟု ဆိုရ၏။ ပြုသင့်ပြုထိုက်သော ကုသိုလ်တရားတို့၌သာ ခိုင်မြဲသောအမှတ်ရမှု-သတိ ဟူသည်မှာလည်း မြေ၌စိုက်ထားသော ကျောက်တိုင်ကြီးသည် မြေပေါ်မှာခိုင်မြဲ နေသကဲ့သို့ ခိုင်မြဲနေခြင်းပင်ဖြစ်ပါသည်။

မကောင်းမှု,အကုသိုလ်,ဒုစရိုက်တို့ကို မပြုလုပ်မူ၍ ရှောင်ကြဉ်ကာမျှနှင့် အမှတ်တမဲ့ပျေါ်တန်စွာမနေမူ၍ ကောင်းမှုကုသိုလ်,ကောင်းသောအလုပ်တို့ကို ပြုလုပ်ခြင်း၌ မမေ့လျော့စေရ၊ ပြုလုပ်ပြီးသော,ပြုလုပ်ဖူးသော ကုသိုလ်ကောင်းမှု တို့ကို အဖန်တလဲလဲ တိုးပွားများပြား အားကြီးအောင် 'သတိ'ရှေ့သွားဖြင့်ပြု လုပ်ကြရန် 'အပ္ပမာဒေါ စ ဓမ္မေသု မဂ်လာ'ကို ဟောတော်မူသည်။

သတိတရား

သတိသည် ယခုဘဝနှင့် နောင်ဘဝ နှစ်ဌာနလုံး၌ပင် ကြီးပွားချမ်းသာ ကြောင်းဖြစ်သည်။ နိဗ္ဗာန်ရကြောင်း တရားအစစ်သည်လည်း သတိပင်ဖြစ်၏။ ကုသိုလ်တရားတို့ကိုဖြစ်စေရာ၌ လိုအပ်သော **သဒ္ဓါ, ပညာ, ဝီရိယ, သမာဓိ** အမှန်လိုအပ်သည်ဟု ဆိုရသည်တိုင်အောင် **လိုအပ်သောစ်ချိန်ထက်ပိုလွန်ပြန် လျှင်လည်း** သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိတို့ကို အချိုးအစားညီမျှရန်အတွက် ချိန်ခွင်လျှာ ညီမျှနေအောင် သင့်တော်အောင် ချိန်ညှိပေးရပါသည်။

သို့ရာတွင် ကုသိုလ်ဖြစ်ရေး၌ အမှတ်ရမှု 'သတိ'သည်ကား သဒ္ဓါစသည် တို့ကဲ့သို့ မည်သည့်အခါမှ ပိုလွန်နေသည်ဟူ၍ မရှိနိုင်ပေ။ အဋ္ဌကထာဆရာကြီး တို့က **"သတိ ပန သဗ္ဗတ္ထ ဗလဝတီဝဋ္ဋတိ"**(လိုသာလို၍ မပို)ဟု ဖွင့်ဆိုကြ၏။ မိမိက သတိရှိသူ၊ သတိကောင်းသူဖြစ်နေပါမူ ထိုသတိတရားကပင် **'သတိမဋ္ဌ'** ဖြစ်သောမိမိအား ကုသိုလ်ရေး၌ မမေ့လျော့မှုမဖြစ်စေရန် အမြဲအမှတ်ရနေလိမ့်မည်။

လမ်းညွှန်။ ။'အပ္ပမာဒေါ စ ဓမ္မေသု'မင်္ဂလာသည် အရက်သေစာသောက်စားခြင်း အပါအဝင် မကောင်းမှုများဖြစ်ပေါ်လာရခြင်းမှာ ဒါန၊ သီလ စသော ပုညကြိယာဝတ္ထု(၁၀)ပါးတို့၌ စိတ်မဝင်စားမှု၊ သတိ မရမှု၊ အလေ့အကျင့် လုပ်မထားမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် မကောင်းမှုများ မဖြစ်ပေါ်စေရန်အတွက် ကောင်းမှုတို့တွင် အောက်မေ့,သတိရ,စိတ်ဝင်စားရန် အလေ့အကျင့်လုပ်ထားရန် လိုအပ်ကြောင်း၊ အရာရာမှာ အသိတရားလက်ကိုင်ထားရေး၊ ကုသိုလ်တိုးပွားရေးအတွက် 'အပ္ပမာဒေါစ မဓမ္မေသု မင်္ဂလာ'က လမ်းညွှန်သည်။

မှတ်ချက်။ ။ **အပ္ပမာဒ**= စိတ်ပါဝင်စားခြင်း၊ အမှတ်ရနေခြင်း = **သတိ** 'အပ္ပမာဒေါ စ ဓမ္မေသု မင်္ဂလာ'သည် **ခပ်သိမ်းသောကောင်းမှုမင်္ဂလာတို့၏ပါဝင်ရာ၊ အတွင်းဝင်ရာဖြစ်၍ ကြီးကျယ်သော မင်္ဂလာ** ဖြစ်၏။

"အပ္ပမာဒေါ စ ဓမ္မေသု"မင်္ဂလာဖြစ်သူ–

ကုသိုလ်ပြုရန် မမေ့သူ၊ အိပ်ရာဝင် အိပ်ရာထတိုင်း ဘုရားရှိခိုးဖို့ရန် မမေ့သူ၊ ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုများကို အောက်မေ့၍ အမှတ်ရနေသူ၊ နေ့စဉ် ဆွမ်းလောင်းဖို့, ပန်း,ရေချမ်း,ဆီမီး ကပ်လှူဖို့ မမေ့သူ၊ အရာရာကို သတိထား၍ လုပ်ကိုင်ပြောဆိုသူ၊ နေ့စဉ် ကုသိုလ်ကောင်းမှုပြုဖို့ရန်မမေ့သူ၊ သတိတရားလက်ကိုင်ထားသူ၊ စသည်.. .

"အပ္ပမာဒေါ စ ဓမ္မေသု"မင်္ဂလာ အကျိုး

အပ္ပမာဒမင်္ဂလာတရားသည် **ခပ်သိမ်းသောကောင်းမှုမင်္ဂလာ**တို့အတွင်းဝင်ရာဖြစ်သောကြောင့် ကြီးကျယ်သောမင်္ဂလာဖြစ်ပြီး၊ 'အပ္ပမာ'ဟူသော'သတိ' နှင့်ပြည့်စုံသောသူသည် အလုပ်ကိစ္စဟူသမျှတို့၌ သူတစ်ပါးတို့ချီးမွမ်းရအောင် ကောင်းမွန်သောအလုပ်မျိုးကို ဖြစ်ပေါ်စေတတ်၏။ အလျင်ပြီးစီးခြင်း, ခိုင်မြဲသပ်ရပ်ခြင်း, အကွက်ကျော်မြင်တတ်ခြင်း, ဘေးရန်ကင်းလွတ်စေတတ်ခြင်း, လူတကာတို့ အားထားယုံကြည်ရခြင်းတို့ဖြင့် နတ်,လူအပေါင်းတို့၏ ချစ်ခင်လေးစားမှုတို့ကို ဖြစ်စေတတ်ပါသည်။

'အပ္ပမာဒ'ဟူသော 'သတိ'

မြတ်စွာဘုရားရှင်သည် 'အပ္ပမာဒ'ဟူသော 'သတိ'ကို အထူးသဖြင့် ကျယ်ဝန်းစွာဟောတော်မူ၏။ ဓမ္မပဒ-အပ္ပမာဒ တစ်ဝဂ်လုံး၌ သတိ၏ကျေးဇူးကိုပင် ဟောတော်မူ၏။ 'မဟာသတိပဋ္ဌာနသုတ်'စသော ထိုထိုသုတ္တန်တို့၌လည်း သတိကိုတရားကိုယ်ပြု၍ ဟောတော်မူအပ်သော ဒေသနာတို့လည်းများလှ၏။ **ဗောဓိပက္ခိယတရား**တို့၌ သတိပဋ္ဌာန၊ သတိန္ဒြေယ၊ သတိဗလ၊ သတိသမ္ဗောဇ္ဈင်၊ သတိမဂ္ဂင်တို့သည်လည်း 'အပ္ပမာဒ'ဟူသော သတိပင်ဖြစ်၏။ ထို့ကြောင့်ပင် သတိသည် ကျယ်ဝန်း၏။ ခရီးရောက်၏။ တန်ဖိုးရှိ၏။ မာယလုလင်သည် သတိအားကြီးစွာရှိသောကြောင့် နတ်တို့၏ဘုရင်ဖြစ်ရ၏။ လူတွင် လူ့အလျောက်, နတ်တွင်နတ်အလျောက် အထက်တန်းစား အကြီးအမှူးသာဖြစ်ရ၏။ သတိသည် ယခုဘဝနှင့် နောက်ဘဝ နှစ်ဌာနလုံး၌ပင် ကြီးပွားချမ်းသာ ကြောင်းဖြစ်၏။ နိဗ္ဗာန်ရကြောင်း တရားအစစ်သည်လည်း သတိပင်ဖြစ်သည်။

သတိသည် ပညာနှင့် အလားတူ၏။ ကောင်းသောအမှု လုပ်ငန်းတို့၏ ရှေ့သွားလည်းဖြစ်၏။ "အကုသိုလ်နှင့်ယှဉ်သော သတိအစစ် မရှိ"ဟု ကျမ်းဂန်တို့၌ ဆုံးဖြတ်ကြပါသည်။ သတိနှင့် ပညာတို့သည် မကောင်းမှု အကုသိုလ်တို့နှင့်လားလားမျှ(လုံးဝ)မယှဉ်ပါ။ သတိသာရှိနေလျှင် မကောင်းမှုတို့မဖြစ်။

မည်သည့်ဒုက္ခဖြစ်ဖြစ် သတိလွတ်ကင်း၍သာဖြစ်ရ၏။ ငါ..သတိမေ့လို့ ဖြစ်ရတာ..စသည်ဖြင့် သတိကင်းမိသည်ကို အပြစ်တင်ကြရသည်။ သို့ဖြစ်၍ လောကီ၌ ကြီးပွားချမ်းသာရေးသာမက လောကုတ္တရာ-နိဗ္ဗာန်တိုင်အောင်အထိ ချမ်းသာသုခကိုဆောင်ရာမင်္ဂလာဖြစ်၍ အပ္ပမာဒမင်္ဂလာ အမြဲတည်ရှိနေအောင် "သတိတမန်၊ ဉာဏ်မြေကတုတ်" ကြိုးစားကြရာ၏။

အမေ့သန်လေ ဆုံးရှုံးမှုကြီးမားလေ

ကုသိုလ်ရေး၌ မေ့လျော့လျှင် ကုသိုလ်မရနိုင်၊ ထို့အတူ စီးပွားရေး၌ မေ့လျော့လျှင် စီးပွားမတိုးတက်နိုင်။ ပညာရေး၌ မေ့လျော့လျှင် ပညာတတ်မဖြစ်နိုင်။ မိသားစုရေး၌ မေ့လျော့လျှင် အိမ်တွင်းရေး မသာယာနိုင်။ အမေ့သန်လျှင် ဆုံးရှုံးမှုများကို အနည်းနှင့်အများ တွေ့ကြုံ့ရတတ်ပေသည်။

ကျေးဇူးကြီးလှ အပွမာဒ

ကြီးမားသော အကျိုးစီးပွားကိုဖြစ်စေရာမှာ အပွမာဒနှင့် တန်းတူလိုက်နိုင်သောတရား မရှိ၊ အပွမာဒတရားသည် ကြီးမားသောအကျိုးစီးပွားကို ဖြစ်စေတတ်ပါသည်။

ကြီးမားသော အကျိုးစီးပွားကိုဖြစ်စေရာမှာ အပွမာဒနှင့် တန်းတူညီမျှလိုက်နိုင်သော အခြားကိုယ်တွင်းအကြောင်း မရှိ၊ အပွမာဒတရားသည် ကြီးမားသောအကျိုးစီးပွားကို ဖြစ်စေနိုင်သော ကိုယ်တွင်းအကြောင်းဖြစ်၏။

(အံ-၁၊ ၁၄, ၁၆။)

အပွမာဒတရားသည် **သီလ**ဖြည့်ကျင့်ရာတွင်လည်း ကျေးဇူးပြုတတ်၏။ တွန်းအားပေးတတ်၏။ **ဣန္ဒြေ**တို့ကို စောင့်ရှောက်မှု၊ အစားအသောက်နှင့် စပ်လျဉ်း၍ အတိုင်းအရှည်ပမာဏကိုသိမှု၊ နိုးကြားတက်ကြွကြိုးစားအားထုတ်မှု၊ သူတော်ကောင်းတရား ၇-ပါးကို ဖြစ်ပွားစေတတ်မှုတို့တွင် ကျေးဇူးပြုတတ်၏။

မဂ်၏ရှေ့အဖို့မှာဖြစ်သော ဝိပဿနာဉာဏ်ကို ပွားစေခြင်း၌လည်း ကျေးဇူးပြုတတ်၏။ အတ္ထ**ပဋိသမ္ဘိဒါ**ဉာဏ်စသည်တို့ကိုရခြင်း၊ **သီလက္ခန္ဓ** (သီလအစု) ငါးပါးစသောတရားအစု၊ အကြောင်းဟုတ်သည်မဟုတ်သည်ကိုသိမှု၊ မြင့်မြတ်သော စျာန်သမာပတ်ကိုဝင်စားခြင်း၊ အရိယသစ္စာကိုပွားများခြင်း၊ သတိပဋ္ဌာန်စသည် ဗောဓိပက္ခိယတရား ၃၇-ပါးဖြစ်ပွားခြင်း၊ ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဝိဇ္ဇာရှစ်ပါးတို့၌ ကျေးဇူးပြုတတ်၏။ တွန်းအားပေးတတ်၏။ ဤကဲ့သို့ အပြစ်ကင်းသောတရားအားလုံးမှာ ကျေးဇူးများလှပါသည်။ (ဒီဃ-၄-၃၊ ၂၃၉)

ဤအဆိုအမိန့်များအရ အပွမာဒတရားကိုပွားများလျှင် လူ,နတ်,နိဗ္ဗာန်သုံးတန်သော ချမ်းသာကိုရနိုင်ခြင်းသည် သိသာထင်ရှားလှ၏။

သတ္တဝါအားလုံးထက် ဘုရားရှင်က သာ၍မြတ်သကဲ့သို့ အားလုံးသော ကုသိုလ်တို့သည် အပွမာဒကြောင့်သာဖြစ်ရ၏။ အပွမာဒမှာ ပေါင်းစုကြ၏။ ထိုကြောင့် အပွမာဒတရားက အားလုံးထက်မြတ်၏။ အပွမာဒကြောင့်သာ လောကီ, လောကုတ္တရာ ကုသိုလ်တရားများရကြသောကြောင့် ရှင်တော်မြတ်ဘုရားက- **"သဗ္ဗေ တေ အပွမာဒမူလကာ** – ကုသိုလ်တရားအားလုံးသည် အပွမာဒ တရားကြောင့်ဖြစ်ရ၏။"ဟု ဟောတော်မူထားပါသည်။ (အံ-၄-၃၊ ၂၈၉။)

ဝတ္ထု သာဓကများ

မေ့လျော့သောရဟန်းနှင့် မမေ့လျော့သောရဟန်းအကြောင်း

ဇေတဝန်ကျောင်း၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် သူငယ်ချင်းရဟန်းနှစ်ပါးသည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းယူ၍ တောကျောင်း၌ နေ၏။ ထိုရဟန်းနှစ်ပါးတွင် တစ်ပါးမှာ ကမ္မဋ္ဌာန်းတရားအားမထုတ်ပဲ ကိုရင်ငယ်များနှင့် စကားပြောကာ အချိန်ဖြုန်း နေ၏။ ၎င်းအား အဖော်ရဟန်းက "မေ့လျော့နေသူအဖို့ အပါယ်လေးပါးသည် မိမိအိမ်နှင့်တူ၏..."စသည်ဖြင့် သတိပေးဆုံးမသော်လည်း နားမထောင်ဘဲနေ၏။ ဆုံးမသော ရဟန်းလည်း ပြောမရသည့်အဆုံး ဘာမျှမပြောတော့ဘဲ မိမိဘာသာမမေ့မလျော့ တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်လေသည်။

ဤသာဓက၌ ရဟန်းနှစ်ပါးအနက် တစ်ပါးက ရဟန္တာဖြစ်သွားရသည်မှာ မမေ့မလျော့ တရားအားထုတ်မှု "အပွမာဒမေ့မေ မင်္ဂလာနှင့် ပြည့်စုံ"သောကြောင့်ဖြစ်ပြီး တစ်ပါးက တရားထူးမရဘဲနေသည်မှာ မေ့လျော့ပေါ်ဆစ်နေမှု 'အပွမာဒမေ့မေ မင်္ဂလာပျက်' သောကြောင့် ဖြစ်ပါသည်။

အပွမာဒဝိဟာရီ ရဟန်း

အခါတစ်ပါး မြတ်စွာဘုရားသခင်သည် မရဏာနုဿတိဆိုသော သေခြင်းတရားကိုနှလုံးသွင်းအားထုတ်နေသော ရဟန်း ၈-ပါးကို ခေါ်ယူစစ်ဆေးမေးမြန်းတော်မူ၏။

* မထမရဟန်းက တစ်ညဉ့်နှင့်တစ်နေ့ပတ်လုံး ငါသေရတော့မည်ဟုနှလုံးသွင်း၊
* ဒုတိယရဟန်းက တစ်နေ့အတွင်း ငါသေရတော့မည်ဟုနှလုံးသွင်း၊
* တတိယရဟန်းက တစ်နေ့၏ထက်ဝက်ဖြစ်တဲ့ နေ့ဝက်မှာ ″ ″
* စတုတ္ထရဟန်းက ဆွမ်းတစ်ကြိမ်စားနေသောအချိန်အတွင်း ″ ″
* ပဉ္စမရဟန်းက ဆွမ်းလေးငါးလုပ်စားနေတဲ့အချိန်အတွင်း ″ ″
* ဆဋ္ဌမရဟန်းက ဆွမ်းတစ်လုပ်စာမျှသာစားနေတဲ့အချိန်အတွင်း ″ ″
* သတ္တမရဟန်းက ဆွမ်းတစ်လုပ်စာ၏ထက်ဝက်အတွင်း ″ ″

အားထုတ်နေကြောင်း အသီးသီးလျှောက်တင်ကြပါသည်။

* အဋ္ဌမ ရှစ်ကြိမ်မြောက် ရဟန်းလျှောက်ထားပုံက- အရှင်ဘုရား သေခြင်းတရားဆိုသည်မှာ အလွန်လျင်မြန်နိုင်တာဖြစ်သည့်အတွက် တပည့်တော်သည် "အဿာသံ-အဿာသ၊ ပဿာသံ-ပဿာသ"ဆိုသည့် ထွက်လေဝင်လေ အသက်ရှူရှိုက်နေတဲ့အချိန်ကလေးအတွင်းမှာ ငါသေရတော့မည်ဟုနှလုံးသွင်းအားထုတ်နေပါသည်"ဟု လျှောက်၏။ မြတ်စွာဘုရားရှင်က အဋ္ဌမရဟန်းကို 'အပွမာဒဝိဟာရီ'ဟု ချီးကျူးတော်မူပါသည်။

မဂ်လသုတ်ပျို့ (မုံရွေးဆရာတော်)

(ဒသမပျို့) (ရှောင်ကြဉ်လိုက်နာရေးမဂ်လာ ၄-ပါး)

အာရတီ ၁၈	(မကောင်းမှု ဝေးဝေးရှောင် မဂ်လာ)
ဝိရတိပါပါ ၁၉	(မကောင်းမှု အတွေ့ရှောင် မဂ်လာ)
မဒ္ဒပါနာ စ သံယမော ၂၀	(အရက်သေစာရှောင်မဂ်လာ)
အပ္ပမာဒေါ စ ဓမ္မေသု ၂၁	(တရားမမေ့မဂ်လာ)

၁၀။ ရွှေရောင်ဂိရိန်၊ မြတ်ဝတိန်သာ၊ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ ရာဇတမန်၊ မောင်နတ်မွန်.. ..။

(၁၈) ဆယ်တန်ပါပ၊ သာဝဇ္ဇမှ၊ ကာယဝစီ၊ ဤနှစ်ပါးဖြင့်၊ ရှောင်ရှားခြင်းသည်၊ တပါးမည်၏။

(၁၉) ဆယ်မည်သဘော၊ ပါပဓောမှ၊ မနောဒွါရ၊ ရက္ခိတဖြင့်၊ ဝေးစွဖဲ့ကြဉ်၊ မယဉ်ပါးခြင်း၊ ရှောင်ကွင်းကျင့်ရိုး၊ လုံ့လကြိုးလော့..။

(၂၀) ယစ်မျိုးဆယ်ပါး၊ သောက်စားယွင်းလစ်၊ ထိုကျင့်ညစ်ကို၊ ပယ်ပစ်ရှောင်ကွင်း၊ စောင့်ရှောက်ခြင်းကား၊ တစ်ပါးခေါ်ဆို။

(၂၁) ကုသိုလ်ကမ္မ၊ ဓမ္မသိမ်မွေ့၊ မြတ်ဓလေ့ခ၊ မမေ့မလျော့၊ မပေါ့တုံ့လျင်း၊ ယင်းလည်းတခြား-

ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊ မွန်မြတ်လှစွာ၊ မဂ်လာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်၊ မှန်မှန်စွဲမှတ် ရှာလေလော့။ ။

ပျို့အစီပွါယ်

ရွှေရောင်အဆင်းရှိသော တာဝတိ$ သာနတ်ပြည်မှ သိကြားမင်းတမန် မောင်နတ်သား..

(၁၈) အပြစ်ရှိသော(ဝါ)ကဲ့ရဲ့ထိုက်သော မကောင်းမှုဒုစရိုက်ဆယ်ပါးမှ ကိုယ်,နှုတ်,နှစ်ပါးဖြင့် ရှောင်ကြဉ်ခြင်းသည် အာရတီ မည်၏။

(၁၉) အပြစ်ရှိသော(ဝါ)ကဲ့ရဲ့ထိုက်သော မကောင်းမှု ဒုစရိုက်ဆယ်ပါးမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် ဝိရတီ မည်၏။

ဤသို့ မကောင်းမှုဒုစရိုက်ဆယ်ပါးမှ ကိုယ်,နှုတ်, စိတ် ဖြင့်ရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏။

(၂၀) ယစ်မျိုးဆယ်ပါးကို သောက်စားခြင်းဟူသော ချွတ်ယွင်းသောအကျင့်မှ ရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏။

(၂၁) သိမ်မွေ့မြင့်မြတ်သော အကျင့်ဟုဆိုအပ်သည့် ကုသိုလ်ကမ္မပထ တရားဆယ်ပါးတို့၌ မမေ့မလျော့ မပျေါ်မဆ သတိရလျက်ပြုလုပ်ခြင်းသည် မင်္ဂလာမည်၏။

စိတ်ဖြင့် မကောင်းမှုမှရှောင်ကြဉ်ခြင်း၊ ကိုယ်,နှုတ်ဖြင့် မကောင်းမှုမှ ရှောင်ကြဉ်ခြင်း၊ ယစ်မျိုးကို သုံးစွဲမှုမှရှောင်ကြဉ်ခြင်း၊ ကုသိုလ်ကမ္မပထတရားဆယ်ပါးတို့၌ မမေ့လျော့ခြင်း ဟူသော ဤတရားလေးပါးကို မွန်မြတ်လှစွာ မင်္ဂလာတရားများဖြစ်၏ဟူ၍ သဒ္ဓါကဲလွန် နတ်တမန်သည် ယုံမှားမရှိ စွဲမြဲစွာ မှတ်လေလော့။

လိုရင်းခက်ဆစ်အပြေ-

ဂိရိန်	– ဂိရိန္ဒ(ပါဠိ) ဂိရိ–တောင်၊ ဣန္ဒ–အစိုးရခြင်း၊ တောင်တို့ကိုအစိုးရသော မြင်းမိုရ်တောင်၊ (သဒ်သုပစာရ)
ရာဇ	– (ပါဠိ) မင်း၊
ဆယ်တန်ပါပ	– မကောင်းမှု ဒုစရိုက် ဆယ်ပါး၊
သာဝဇ္ဇ	– (ပါဠိ) အပြစ်ရှိသော အကုသိုလ်တရား၊
ကာယ	– (ပါဠိ) ကိုယ်၊ (ကာယဒွါရ ဟုဆိုလိုပါသည်။)
ဝစီ	– (ပါဠိ) နှုတ်၊ (ဝစီဒွါရ ဟုဆိုလိုပါသည်။)
ဇော	– ဇဝန (ပါဠိ) အရှိန်အဟုန်ဖြင့် ကျတတ်,ဖြစ်တတ်သောတရား၊
မနောဒွါရ	– မနော–စိတ်၊ ဒွါရ–တံခါး၊ တံခါးသဖွယ်ဖြစ်သောစိတ်၊
ရက္ခိတ	– (ပါဠိ) စောင့်ရှောက်ခြင်း၊
မယဉ်ပါးခြင်း	– (ပေါရာဏ) အကျွမ်းတဝင်မပြုလုပ်ခြင်း၊
လုံ့လ	– (ပေါရာဏ) ဝီရိယ အားထုတ်ခြင်း၊
ကမ္မ	– (ပါဠိ) အမှု၊ ကာယ,ဝစီ,မနောက်မှတို့ဖြင့်ဖြစ်သော စေတနာ၊
ဓလေ့	– (ပေါရာဏ) အလေ့အကျင့်၊

မဂ်လာ+အဘိစမ္ဘာသဘော

အပ္ပမာဒနှင့် ပမာဒ

နိဗ္ဗာန်ကိုရည်မှန်း၍ ပြုအပ်သောကုသိုလ်ကောင်းမှုနှင့် သတိပဋ္ဌာန်, သမ္မပ္ပဓာန် စသော ဗောဓိပက္ခိယတရား ၃၇–ပါးတို့ကို ပွားများခြင်းသည် 'ဝိဝဋ္ဋဂါမိက'ကုသိုလ် (ဝဋ္ဋမှထွက်မြောက်ရာ နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်သောကုသိုလ်) မည်၏။ အထူးအားဖြင့် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော သရဏာဂုံဆောက်တည်ခြင်း၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ်ကို ကျင့်သုံးပွားများခြင်းသည် သာသနာတော်၌ အဓိကကျသော လုပ်ငန်းစဉ်များဖြစ်ပေသည်။

'အပ္ပမာဒ'တရားသည် အကုသိုလ်ရန်သူကို တိုက်ခိုက်ရာ၌ အစွမ်းထက်လှ သောလက်နက်ဖြစ်သည်။ မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေနိုင်၏။ ဖြစ်ပြီးသော အကုသိုလ်ကို ဆုတ်ယုတ်စေနိုင်သည်။

"ရဟန်းတို့...။ မမေ့လျော့ခြင်း၊ အပ္ပမာဒတရားသည် မဖြစ်သေးသော ကုသိုလ်တရားကို ဖြစ်ပေါ်စေ၏။ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့ကို ဆုတ်ယုတ်စေ၏။ ထို့အတူ မဖြစ်သေးသော ကုသိုလ်တရားများဖြစ်စေရန်နှင့် ဖြစ်ပြီးသော အကုသိုလ်တရားများ ဆုတ်ယုတ်စေရန်အတွက် အပ္ပမာဒ မှတစ်ပါး အခြားသောတရားကို မမြင်ချေ။"

အပ္ပမာဒ၏ဆန့်ကျင်ဘက်ကား 'ပမာဒ' ဖြစ်၏။ ဒုစရိုက်တရား ၁၀–ပါး တို့၌ကျင်လည်ကျက်စားသူ၊ ငါးပါးအာရုံကာမဂုဏ်၌ မွေ့လျော်သူ၊ ကုသိုလ် တရားတို့၌စိတ်ဝင်စားမှု မရှိသူ၊ တာဝန်ကို ကျေပွန်အောင် မဆောင်ရွက်သူ တို့ကား ပမာဒပုဂ္ဂိုလ်(မေ့လျော့သူ)များဖြစ်ပေသည်။

မေ့လျော့သူကား အကုသိုလ်၏ကျက်စားရာ အရပ်ဒေသဖြစ်၏။ ထိုဒေသ၌ ပမာဒတရား၏လှည့်စားမှုကို ခံနေရသောကြောင့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသောကိစ္စရပ်များ၌ ချွတ်ယွင်းနေမည်ဖြစ်ပေသည်။ သံသရာခရီးအတွက်လည်း ပြင်ဆင်ရန် သတိရမည်မဟုတ်ချေ။ အဘက်ဘက်မှ ဆုတ်ယုတ်ပျက်စီးလျက် သံသရာဝယ် အဖန်ဖန်သေခြင်းဖြစ်သာ အမြဲမပျက် လည်ပတ်နေမည်ဖြစ်ပေသည်။

* **မမေ့လျော့သူသည် သေလွန်သော်လည်း အသက်ရှင်နေသူဟုဆိုထိုက်၏။**
* မေ့လျော့သူကား အနှစ်တစ်ရာအသက်ရှည်ပါသော်လည်း သူသေနှင့်ထူးခြားမှုမရှိ။

မှတ်ပွယ်ရာရာ မင်္ဂလာ

ဓမ္မစရိယနှင့် အာရတီ, ဝိရတီ အထူး-

- **ဒုစရိုက်တို့မှ** ကောင်းမြတ်သောအလေ့အကျင့်စသော အစဉ်အလာသဘော အားဖြင့် ရှောင်ကြဉ်ခြင်း 'ဓမ္မစရိယ'မည်၏။
  * တစ်ဦးချင်း(စီ)အတွက် ရည်ရွယ်ပါသည်။
  အထူးကျင့်သုံးဆောက်တည်၍ ရှောင်ကြဉ်ခြင်းသည် 'အာရတီ, ဝိရတီ' မည်၏။
  * ရပ်ရွာနှင့်ချီပြီး အများအတွက်ရည်ရွယ်ပါသည်။

ဗုဒ္ဓ၏ နောက်ဆုံးသတိပေးစကား

မိမိတို့ဥပုသ်, သီလ ခံယူကြသောအခါ သီလပေးသော ဆရာတော်ကြီး များက သီလချပေးမှုပြီးဆုံးသောအခါ **"အပ္ပမာဒေန သမ္ပာဒေထ"**ဟူ၍ ဆောက် တည်ခံယူသောသီလကို မမေ့မေလျော့သတိရှိစေဖို့ ဆုံးမသကဲ့သို့ လူတိုင်းလူတိုင်း စားဝတ်နေရေးအတွက် လုပ်ကိုင်နေထိုင်ကြသောအခါ 'အပ္ပမာဒတရား'လက်ကိုင် ထား၍ 'အပ္ပမာဒ ဓမ္မေ မင်္ဂလာ'နှင့် ညီညွတ်ကြရန်ဖြစ်ပါသည်။

ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံဝင်ခါနီးသောအချိန်- "ပစ္ဆိမ ဗုဒ္ဓဝစန" ဟုခေါ်သော နောက်ဆုံး ဆုံးမသွားတော်မူခြင်းမှာ-

'ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ'။

"သင်္ခါရတရားများသည် အမြဲတစေ ပျက်စီးလျက် ရှိနေကြသောကြောင့် သင်တို့ ရဟန်းများသည်လည်း အပ္ပမာဒတရား လက်ကိုင်ထားလျက် မမေ့ မလျော့သော သတိတရားဖြင့်ပြည့်စုံစွာ နေရစ်ကြပေတော့"ဟူ၍ နောက်ဆုံး ဟောကြားတော်မူပါသည်။

လောကီရေးနှင့်တကွ လောကုတ္တရာရေးတို့တွင် အားထုတ်ကြသောအခါ သတိသမ္ဗဇဉ် ဉာဏ်ယှဉ်ပြီးလျှင် အားထုတ်ကြရန် နိဂုံးချုပ်ဟောကြားတော်မူ၏။

မင်္ဂလာမြတ် လေ့ကျင့်အပ်

အောက်ပါပုဂ္ဂိုလ်တို့၌ အဘယ်မင်္ဂလာများ (ပြည့်စုံ) သို့မဟုတ် (ပျက်)သနည်း။

* မကောင်းမှုဒုစရိုက်တို့ကို စိတ်ဖြင့်လည်း မကြံစည်ခြင်း၊ .. .. (၁၈)
* အကျင့်စာရိတ္တကောင်းမွန်သူ၊ မကောင်းမှုမှရှောင်ကြဉ်သူ .. .. (၁၈၊၁၉၊၂၀)
* ငါးပါးသီလမြဲသူ၊ သတိတရားလက်ကိုင်ထားသူ။ .. .. (၁၈၊၁၉၊၂၀၊၂၁)
* ဥပုသ်စောင့်သူ၊ ယုတ်မာမှုမှရှောင်ကြဉ်ခြင်း၊ .. .. (၁၈၊၁၉)
* ဒုစရိုက်,ဒုရာဇီဝတို့ကိုမပြုဘဲ ရှောင်ကြဉ်ခြင်း၊ .. .. (၁၉)
* ယုတ်မာခြင်း၊ ကိုယ်ကျင့်တရားမကောင်းခြင်း၊ .. .. (၁၈၊၁၉)
* အတင်းအဖျင်းပြောခြင်း၊ ဆဲရေးခြင်း၊ .. .. (၁၈၊၁၉)
* အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ .. .. (၂၀)
* မကောင်းမှုမဝေးစွာ ကိုယ်,နှုတ်,စိတ်ဖြင့်ရှောင်ကြဉ်ခြင်း၊ .. .. (၁၈၊၁၉)
* မူးယစ်ဆေးဝါးသုံးစွဲခြင်းမှလည်း ရှောင်ကြဉ်ခြင်း၊ .. .. (၂၀)
* အိပ်ရာဝင် အိပ်ရာထ ဘုရားရှိခိုးရန် မမေ့ခြင်း၊ .. .. (၂၁)
* ကုသိုလ်ပြုရန် နေ့စဉ်အမှတ်ရသူ၊ .. .. (၂၁)

* ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ ၄–ပါးတို့ကို ဆိုင်ရာမင်္ဂလာ ပါ၌, မြန်မာပြန် မင်္ဂလာကဗျာတို့ကို ပူဇော်ခဲ့ပါ။
* မင်္ဂလာမောင်မယ်တို့၏ အရွယ်(အပိုင်းအခြား)ကို မင်္ဂလာအစဉ်ဖြင့်ခွဲခြားပြပါ။
* စိတ်ထဲသို့ ဝင်ရောက်လာသော မကောင်းမှုကို ဖယ်ရှားနိုင်ရန် နည်းပြခဲ့ပါ။
* အာရတီပါပါနှင့် ဝိရတီပါပါ မင်္ဂလာတို့ကို ယှဉ်တွဲပြ၍ အကျိုးကိုဖော်ထုတ်ပါ။
* 'ပါပါ'အရ မကောင်းမှုတရားတို့ကိုကောက်ပြ၍ ကျန်တရားကိုလည်းဖော်ပြပါ။
* အရက်သေစာသောက်စားမှုသည် ဒုစရိုက်ဖြစ်ပုံမှန်ကန်စွာတင်ပြခဲ့ပါ။
* အရက်သေစာ သောက်စား အပြစ်များကို သင်သိသမျှ ရေးပါ။
* ကျေးဇူးကြီးလှ အပွမာဒနှင့် အမှေသန်လေဆုံးရှုံးလေတို့ကို တင်ပြခဲ့ပါ။
* အပွမာဒဝိဟာရီ ရဟန်းအကြောင်းတင်ပြပူဇော်ပါ။
* အပွမာဒ, ပမာဒ အကြောင်းနှင့် ဗုဒ္ဓ၏နောက်ဆုံးသတိပေးစကားကိုပူဇော်ပါ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မင်္ဂလာ။"

အခန်း(၇)

စိတ်ထားဖြူစင်မြင့်မားရေးမင်္ဂလာ ၅-ပါး

ရှင်တော်ဘုရားဟောကြားတော်မူသော မင်္ဂလာတရားတော်မြတ်သည် ပေါင်းသင်းဆက်ဆံရေး, နေထိုင်ရေး, သင်ကြားရေး, ပြုစုလုပ်ကျွေးရေး, ကူညီဆောင်ရွက်ရေး, ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံလာပြီဖြစ်၍ ပုထုဇဉ်တို့သဘာဝအရ ပညာတတ်လျှင်ပညာမာန်, စီးပွားတက်လျှင်ဓနမာန်, တရားတက်လာလျှင်ဓမ္မမာန် တက်လာခြင်းတို့ ဖြစ်တတ်သောကြောင့် အပွမာဒ မင်္ဂလာကိုဟောကြားတော်မူပြီး အရာရာမှာ သတိတရားလက်ကိုင်ထားလျက် စိတ်ထားဖြူစင်မြင့်မားရေးအတွက် မင်္ဂလာ ၅-ပါးကို ဟောတော်မူပါသည်။

မင်္ဂလာတရားတော်အစဉ်အရလည်း ပထမ,ဒုတိယအရွယ်မင်္ဂလာတို့နှင့် ပြည့်စုံပြီးလျှင် တတိယအရွယ်မင်္ဂလာတို့ကို တက်လှမ်းရန်သာဖြစ်ပါသည်။

စိတ်ထားဖြူစင်မြင့်မားရေးမင်္ဂလာ ၅-ပါးတို့ကို လေ့လာ, ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွါးများနိုင်ရန်အတွက်-

* ညီညွတ်မှုနှင့် ကိုယ်,စိတ်ချမ်းသာမှုသို့ ရှေးရှုသောအားဖြင့် တစ်ဦးအပေါ်တစ်ဦး ရိုသေလေးစားမှု ဂါဝရတရားရရှိနိုင်ကြရန်အတွက် 'ဂါရဝေါစ' ပုဒ်၊
* ဂါရဝထားနိုင်ရန်အတွက် မာန မကြီးရန်၊ ဘဝင် မမြင့်ရန်.. လိုအပ်ကြောင်း မိမိကိုယ့်ကိုယ်ကို (မာန်မာနကို)နှိမ့်ချရန်အတွက် 'နိဝါတော စ' ပုဒ်၊
* ရိုးရိုးကျင့် မြင့်မြင့်ကြံသည့်အနေဖြင့် ရသမျှနှင့်သာတင်းတိမ်ရောင့်ရဲလွယ်နိုင်ရန်အတွက် 'သန္တုဋ္ဌိ စ' ပုဒ်၊
* မိမိအားကူညီဖူးသော ပုဂ္ဂိုလ်များ၏ကျေးဇူးကို မမ့ဘဲ ရှေးကပြုဖူး သူ့ကျေးဇူးတို့ကို အထူးသိမြင်နိုင်ရန်အတွက် 'ကတညုတာ' ပုဒ်၊
* ခဲခဲယဉ်းယဉ်းရရှိလာသောမိမိ၏ဘဝကို လောကီရေးဌာသာ အချိန်မကုန်စေပဲ အနာဂတ်ဘဝအတွက် လောကုတ္တရာဘက်သို့ ဦးလှည့်ရန်လိုသေးသဖြင့် လောကုတ္တရာ အသိပညာ တိုးတက်စေရေးအတွက် သင့်လျော်သည့်အခါ လောဘ,ဒေါသ,မောဟ နည်းပါးစေမည့် တရားများကိုနာကြားကျင့်သုံးရန် လိုအပ်သည့်အတွက် 'ကာလေန ဓမ္မသဝနံ' ပုဒ်၊

တို့ကို ဤအခန်းတွင်တင်ပြပါမည်။

(၇) စိတ်ထားဖြူစင်မြင့်မားရေးမင်္ဂလာ ၅-ပါး			
၂၂	ဂါရဝေါ စ	ရိုသေကိုင်းရှိုင်းမင်္ဂလာ	အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရိုသေသေ။
၂၃	နိုဝါတော စ	နှိမ့်ချကျိုးနွံမင်္ဂလာ	မာနတံခွန် ဂုဏ်မကြွနဲ့၊ ကိုယ့်ကိုယ်နှိမ့်ချ အမြဲနေ။
၂၄	သန္တုဋ္ဌိ စ	ရောင့်ရဲတင်းတိမ်မင်္ဂလာ	လောဘအပို၊ လိုမလိုက်နဲ့၊ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
၂၅	ကတညုတာ	ကျေးဇူးသိတတ်မင်္ဂလာ	ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူး၊ အထူးသိတတ်စေ။
၂၆	ကာလေန ဓမ္မသဝနံ	တရားနာမင်္ဂလာ	ကောင်းကျိုးဆင့်ပွား၊ မြတ်တရား၊ နာကြား မပြတ်ပေ။
	ဧတံ မင်္ဂလ'မုတ္တမံ	အဲဒါ မင်္ဂလာ ၅-ဖြာ၊	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

❖ မင်္ဂလာဂါထာ

၂၂။	ဂါရဝေါစ	– ရိုသေလေးစားထိုက်သူတို့ကို ရိုသေလေးစားခြင်း၊
၂၃။	နိုဝါတော စ	– မိမိကိုယ်ကို (မာန်မာနကို)နှိမ့်ချခြင်း၊
၂၄။	သန္တုဋ္ဌိ စ	– ရသမျှဖြင့်သာ တင်းတိမ်ရောင့်ရဲလွယ်ခြင်း၊
၂၅။	ကတညုတာ	– ရှေးကပြုဖူး သူ့ကျေးဇူးကို အထူးသိမြင်ခြင်း၊
၂၆။	ကာလေန ဓမ္မသဝနံ	– သင့်လျော်သောအခါ တရားနာကြားခြင်း၊
	ဧတံ မင်္ဂလ'မုတ္တမံ။	– ဤငါးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

➡ မင်္ဂလာကဗျာ

- ☼ လေးစားဖွယ် ဂုဏ်ကြွယ်မြင့်လျှင်လ၊ လေးစားသင့်ပေတယ်၊
- ☼ ကိုယ့်ကိုယ်ကို မာန်စွယ်ကျိုးအောင်၊ ချိုးနှိမ်ချကွယ်၊
- ☼ ရောင့်ရဲလွယ်၊ ဆာကျယ်နှင့်မေ့သား၊
- ☼ ကျေးဇူးကို ဖန်ဖန်တင်လို့၊ ချိန်တန်လျှင် နာတရားရယ်နှင့်၊ ငါးပါးစုံ မင်္ဂလာပွားရအောင်၊ မင်းသတိထား။

ရိုသေထိုက်သူ

အဓိပ္ပါယ်အကျဉ်း။ ။ ကြီးပွားတိုးတက်လိုပါလျှင်-

(၁) ရိုသေလေးစားထိုက်သော ရတနာမြတ်သုံးပါး၊ မိဘ,ဆရာသမား၊ အသက်ကြီးသော၊ ဂုဏ်သိက္ခာကြီးသောသူတို့ကို ရိုသေလေးစားပါ။

(၂) ပညာမည်မျှတော်တော်၊ ဥစ္စာမည်မျှပေါပေါ၊ ရုပ်ရည်မည်မျှချောချော၊ မာန်မတက်ပါနှင့်။

(၃) လောဘသိပ်မကြီးပါနှင့်။ တင်းတိမ်ရောင့်ရဲတတ်ပါစေ။

(၄) သူတစ်ပါးက ပြဖူးသောတရားကို မမှေ့ပါနှင့်။ ကျေးဇူးသိတတ်ပါ။

(၅) သင့်လျော်လျောက်ပတ်သောအခါ တရားတော်များကို နာကြားပေးပါ။ ကြီးပွားတိုးတက်ပါလိမ့်မည်။

ဣန္ဒာသယမင်္ဂလာ ၉-ပါး (ခေါင်းဆောင်ကျင့်ဝတ် ၉-ပါး)

(၁) (ဂါရဝ) ကြီးသူကိုရိုသေ၊ ရွယ်သူကိုလေးစား၊ ငယ်သူကိုအလေးထားရမည်။

(၂) (နိဝါတ) ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလား၊ ချိုကျိုးနွားလားပမာ နေထိုင်ရမည်။

(၃) (သန္တုဋ္ဌိ) ကြိုးစား၍ရသမျှနှင့် ရောင့်ရဲရမည်။ မတရားလောဘ မရှိစေရ။

(၄) (ကတညုတာ) ကျေးဇူးရှင်တို့၏ ကျေးဇူးတရားကို မည်သည့်အခါမှ မမေ့ရ။

(၅) (ကာလေနဓမ္မသဝန်) သင့်လျော်လျောက်ပတ်သောအခါ တရားတော်များကို နာကြားပြီး, ကြီးပွားတိုးတက်ကြောင်းများကို မှတ်သားနာယူရမည်။

(၆) (ခန္တီ) စိတ်ကိုချုပ်တည်း၍၊ ဒေါသ,အာဃာတ ဆင်းရဲဒုက္ခအပေါင်းတို့ကို သည်းခံနိုင်ရမည်။ စိတ်ရှည်ရှည်ထားပြီး ခွင့်လွှတ်တတ်ရမည်။

(၇) (သောဝစဿတာ) အတတ်ပညာရှင်, အသိပညာရှင်တို့က ညွှန်ကြားလာသည့် အကျိုးရှိရာရှိကြောင်းစကား၊ အကြံပေးချက်များကို လိုက်နာရမည်။

(၈) (သမဏာနဉ္စဒဿနံ)- သီလရှိသည့်ရဟန်းတော်မြတ်များ, ဣန္ဒြေငြိမ်သက်သော ရဟန်းတော်မြတ်များကို ဖူးမြော် တွေ့ဆုံရမည်။

(၉) (ကာလေန ဓမ္မသာကစ္ဆာ)- သင့်လျော်သောအခါ ပညာရှင်များနှင့် ကြီးပွားတိုးတက်ကြောင်း ကုသိုလ်တရားတိုးပွားရင့်ကျက်ကြောင်းမင်္ဂလာတရား တရားစကားများကို တိုင်ပင်ဆွေးနွေးမေးမြန်းရမည်။

(* ခေါင်းဆောင်ကောင်းတိုင်း ကျင့်ဆောင်ကြသည့် မင်္ဂလာ ၉-ပါးဖြစ်ပါသည်။)

၂၂။ ဂါရဝေါ စ ရှိသေကိုင်းရှိုင်းမင်္ဂလာ

{ ဂရုနံ ဘာဝေါ– ဂါရဝေါ = ရိုသေထိုက်သူတို့ကိုရိုသေခြင်း၊ }

ရိုသေထိုက်သူကို အရိုအသေပေးနိုင်ခြင်း၊ လေးလေးစားစားဆက်ဆံခြင်း၊ ဂရုစိုက်ခြင်း၊ နေရာပေးခြင်းစသည်တို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ခြင်း၊ တိုးပွားအောင်သတိပြုခြင်းကိစ္စ မင်္ဂလာဖြစ်စေရန် ရိုသေလေးစားသော ဂါရဝမှုကို လိုအပ်သည်ဖြစ်၍ 'ဂါရဝေါ စ' မင်္ဂလာကို ဆက်လက်ဟောတော်မူပါသည်။

လောကဓ္ဓ ပုဂ္ဂိုလ်ရေးဆည်းကပ်၍ စည်းကမ်းကို မျက်ကွယ်ပြုလိုကြသူ၊ စည်းကမ်းကိုအကြောင်းပြု၍ ပုဂ္ဂိုလ်ရေး တိုက်ခိုက်လိုသူများ ရှိကြပါသည်။ သတ္တဝါတို့သဘောကား "လူကိုခင်လျှင် မူကိုပြင်ဆင်လိုကြ၏။ လူကိုမုန်းလျှင် မူကိုသုံးကြသည်။" ဤလက္ခဏာများကား မရိုးသားသူ၏ သင်္ကေတများဖြစ်၏။ ဂါရဝတရားကို လှည့်စားခြင်းသာဖြစ်သည်။ ထို့ကြောင့် ရှင်တော်မြတ်ဘုရားက **ပုဂ္ဂိုလ်, ဥပဒေ** နှစ်မျိုးလုံးကိုပင် ရိုသေလေးစားရန် ပညတ်တော်မူခြင်းဖြစ်၏။

ဂါရဝမင်္ဂလာကို လိုက်နာကျင့်သုံးခြင်းဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို တည်ဆောက်နိုင်ပေသည်။ ဂါရဝတရားသည် လူမှုဆက်ဆံရေးနယ်ပယ်၌ အလွန်အရေးပါ၏။ ဂါရဝတရားပျက်ပြားပါက ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီးတို့ပင် ဆက်ဆံရေး၌အနှောင့်အယှက်ဖြစ်နိုင်သည်။

အချို့က "သူတစ်ပါးအား ဂါရဝပြုရခြင်းသည် နိမ့်ကျသောအလုပ်ဖြစ်၏" ဟူ၍ ထင်မှတ်ကြ၏။ အမှန်စင်စစ် ဂါရဝတရားဟူသည် တရားသိသူ၊ မြင့်မြတ်သူတို့သာ ပြုလုပ်နိုင်သောကျင့်ဝတ်ဖြစ်၏။ အရိယာတို့သည် ဂါရဝတရားကို မည်သည့်အခါမှ မျက်ကွယ်ပြုရိုး မရှိချေ။ အရိယာတို့၏ ကျင့်စဉ်ဖြစ်သော ဂါရဝတရားကို နိမ့်ကျသောအလုပ်ဟု ယူဆခြင်းသည် အမြင်မှားခြင်းသာဖြစ်၏။ ဘုရားရှင်က "ဂါရဝတရား ပျက်စီးသူသည် ငရဲသို့ကျရောက်ကြောင်း၊ ငရဲမှ လွတ်မြောက်၍ လူဖြစ်ရပါသော်လည်း ယုတ်ညံ့သောအမျိုးဌ်ဖြစ်ရကြောင်း"ကို သုဘလုလင်အား ဟောကြားတော်မူခဲ့သည်။

လမ်းညွှန်။ ။ 'ဂါရဝေါ စ' မဂ်လာ–ရိုသေလေးစားမှု ဂါရဝသည် လူဖြစ်စေ၊ ရဟန်းဖြစ်စေ အထူးလိုက်နာကျင့်သုံးရမည့် ကုသိုလ်ရေးလုပ်ငန်း တစ်ခုဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ရိုသေလေးစားမှု မရှိကြလျှင် မည်သည့်အခါမျှ ညီညွတ်မှုမရနိုင်သည့်အပြင် ကိုယ်,စိတ်ချမ်းသာမှုလည်း ရရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ညီညွတ်မှုနှင့် ကိုယ်,စိတ်ချမ်းသာမှုသို့ ရောက်ရှိသောအားဖြင့် တစ်ဦးအပေါ်တစ်ဦး ရိုသေလေးစားမှု ဂါဝရ ရရှိရန်လိုအပ်ကြောင်း "ဂါရဝေါစ မဂ်လာ"က ရိုသေလေးစားရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ ဘုရားရှင်သည် ကိုယ်တော်တိုင် သံဃာတော်ကို လေးစားသကဲ့သို့ ရဟန်းအချင်းချင်းလည်း ရိုသေလေးစားရန် ညွှန်ကြားတော်မူ၏။ ရိုသေလေးစားမှုကင်းသော အမှုအရာတို့ကို ခွင့်မပြု။

* ရှိခိုးရန်လိုအပ်လာပါက တည်ခြင်းငါးပါးဖြင့် အခြေအနေမပေးခဲ့လျှင် ရပ်တည်လျက် ရှိခိုးသင့်၏။
* အရိုအသေပေးခြင်းတွင် အမှုအရာထက် **စေတနာ**သာ အဓိကဖြစ်၏။
* အရိုအသေပေးခြင်းသည် ပိုက်ဆံမကုန်ပဲရသော ကုသိုလ် ဖြစ်၏။

"ဂါရဝေါ စ" မဂ်လာဖြစ်သူ–

ရိုသေထိုက်သူကို ရိုသေလေးစားသူ၊ ရဟန်းသံဃာနှင့် လူကြီးသူမများကို အရိုအသေပေးသူ၊ ဆရာ,မိဘအရှေ့မှာ ကိုယ်ကိုကိုင်းညွှတ်၍သွားသူ၊ ရဟန်းသံဃာလူကြီးသူမများနှင့် လမ်းမှာတွေ့သောအခါ လမ်းဖယ်ပေးသူ၊ ရိုသေထိုက်သူတို့နှင့် ရင်ဘောင်တန်း၍ လမ်းမလျှောက်သူ၊ မထီလေးစားမနေသူ၊ မခန့်လေးစား မပြောသူ၊ ဂရုတစိုက် နှုတ်ဆက်တတ်သူ၊ ကြီးသူကိုရိုသေ,ရွယ်သူကို လေးစား, ငယ်သူကိုအလေးထားတတ်သူ၊ ရဟန်းသံဃာ စေတီပုထိုးကိုမြင်လျှင် လက်အုပ်ချီသူ၊ ခရီးသွားရာ၌ ရဟန်းသံဃာ လူကြီးသူမများကို နေရာပေးသူ၊ ရဟန်းသံဃာများကြွလာပါက အမြင့်မှဆင်းပေးသူ၊ ဆရာသမားဘိုးဘွားများရှေ့, ဘုရားစင်ရှေ့, ရဟန်းသံဃာများရှေ့ တွေ့ကရာမပြောသူ၊ ဘုရားပုံတော်နှင့် တရားစာအုပ်များကို အနိမ့်မှာ, ခြေရင်းမှာ မထားသူစသည်.. .

ဂါရဝတရား ၁၀–ပါး

ရိုသေထိုက်သောပုဂ္ဂိုလ်များကိုရိုသေလျှင် ကုသိုလ်မင်္ဂလာဖြစ်သောကြောင့် ရိုသေထိုက်သူအများအပြားကို တူရာပေါင်းပြီးရေတွက်လျှင်– (အင်္ဂုတ္တရနိကာယ်)

(၁) ဗုဒ္ဓဂါရဝ – ဘုရားရှင်၌ ရိုသေလေးစားခြင်း၊
(၂) ဓမ္မဂါရဝ – တရားတော်၌ ရိုသေလေးစားခြင်း၊
(၃) သံဃဂါရဝ – သံဃာတော်၌ ရိုသေလေးစားခြင်း၊
(၄) သိက္ခာဂါရဝ – ကျင့်ဝတ်သိက္ခာပုဒ်၌ ရိုသေလေးစားခြင်း၊
(၅) သမာဓိဂါရဝ – တည်ကြည်ငြိမ်သက်သောဈာန်၌ ရိုသေလေးစားခြင်း၊
(၆) အပ္ပမာဒဂါရဝ – မမေ့လျော့သောသတိတရား၌ ရိုသေလေးစားခြင်း၊
(၇) ပဋိသန္ထာရဂါရဝ– တစ်ဦးနှင်တစ်ဦး မိတ်ဆက်စေ့စပ်မှု၌ ရိုသေလေးစားခြင်း၊
(၈) ဟိရိဂါရဝ – မကောင်းမှုပြုခြင်းမှရှက်ခြင်း၌ ရိုသေလေးစားခြင်း၊
(၉) သြတ္တပ္ပဂါရဝ – မကောင်းမှုပြုခြင်းမှကြောက်ခြင်း၌ ရိုသေလေးစားခြင်း၊
(၁၀) အညမညဂါရဝ – ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီး၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ စသည်အချင်းချင်း တစ်ဦးကိုတစ်ဦး အလေးအမြတ်ပြု၍ ရိုသေလေးစားခြင်း၊

ဂုဏ်ကြီးသူအား ရှိခိုးရခြင်း

* **ဂုဏာဝုဒ္ဓ** (မိမိထက် ဂုဏ်ကြီးသူ၊)
* **ဝယောဝုဒ္ဓ** (မိမိထက် အသက်,သီက္ခာ,ဝါကြီးသူ၊)

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် လောကုတ္တရာရေးလမ်းစဉ်အရ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့က မိမိထက်သာလွန်နေသောပုဂ္ဂိုလ်သည်.. မိမိထက် အသက်အရွယ်ငယ်နေသော်လည်း ဂုဏ်အားဖြင့် မိမိထက် ကြီးမြတ်သူပင်တည်း။ လောကီရေးအရ ရာထူး(ဌာနန္တရ)ကြီးသူ၊ ဘုရင်,သမ္မတ,ဝန်ကြီးချုပ်နှင့်တကွ တို့အား ဓမ္မလမ်းကြောင်းနှင့်မဆန့်ကျင်က လောကအလိုက် အရိုအသေပေးရမည်။

အသက်ကြီးသူဆိုရာ၌ မိမိထက် တစ်နေ့,တစ်မိနစ်ကြီးလျှင် အကြီးပင်တည်း။ သာသနာ့နယ်သား ရဟန်းတော်အချင်းချင်း၌ အသက်ကြီးမှုသည် လိုရင်းမဟုတ်၊ သီက္ခာ,ဝါကြီးမှုသည်သာ လိုရင်းပဓာန ဖြစ်၏။

"ဂါရဝေါ စ" မင်္ဂလာ အကျိုး

ဂါရဝေါစ မင်္ဂလာတရားတော်နှင့်အညီ ရိုသေထိုက်သောပုဂ္ဂိုလ်များကို ဂါရဝတရားရှေ့ထား ရိုသေလေးစားကြသူများသည်-

* 'လိမ္မာယဉ်ကျေးပြီး အသိတရားနှင့်ပြည့်စုံသူ'ဟု ပြောဆိုချီးမွမ်းကြပါသည်။
* အရိုအသေပြုခံရသောပုဂ္ဂိုလ်တို့၏ ချစ်ကြည်လေးစားမှုကို တုံ့ပြန်ရရှိခြင်း။
* သေပြီးနောက် ကောင်းရာသုဂတိဘဝကို ရနိုင်ခြင်း။
* သုဂတိဘဝတွင်လည်း အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားဗလရှိခြင်းစသော အကျိုးများတိုးပွားရရှိနိုင်ကြပါသည်။

ဤဘဝ၏အကျိုးစီးပွား၊ နောင်ဘဝ၏အကျိုးစီးပွားကို ရခြင်း၏အကြောင်းဖြစ်သောကြောင့် ကောင်းမြတ်သောအကျိုးစုတို့ မုချမသွေရရှိပေမည်။

❖ *ဂုဏ်ဝါကြီးမား... . အားထားရိုသေ၊ အာယု,ဝဏ္ဏော.. သုခေါ,ဗလေ။*
တစ်နေ့တစ်ခြား... တိုးပွားမလေ၊ အမျိုးသား... ကြီးစားကျင့်ကြံစေ။
သော်တာစန်းသို့... ပြည့်လျှမ်းထွေထွေ၊ ဒီဃာဝု... ပြစုပ်သက်သေ။

(ဒုတိယ-ဘုံစံဆရာတော် အရှင်ကောဏ္ဍည)

ဂါရဝတရားပျက်သောအပြစ်

* 'မိုက်မဲ ရိုင်းစိုင်းသောသူ'ဟု အများတကာ၏ ကဲ့ရဲ့မှုကိုခံရ၏။
* အရိုအသေခံထိုက်သောပုဂ္ဂိုလ်တို့၏ ချစ်ကြည်လေးစားမှုကို မရရှိနိုင်ခြင်း။
* အောက်သံသရာခေါ်သော အပါယ်လေးဘုံသို့ရောက်နိုင်သောအပြစ်တို့ကိုခံရ၏။

ရှိသေထိုက်သူကို မရှိသေသူ ၁၂-ဦး

သုတေသီတို့က ရာဂထူပြောသူ၊ ဒေါသထူပြောသူ၊ မောဟထူပြောသူ၊ မာန်မာန ကြီးမားလွန်းသူ၊ ဂုဏ်ကျေးဇူးကို မသိတတ်သူ၊ အလွန်ခက်ထန်ကြမ်းကြုတ်သူ၊ အလွန်ရိုင်းစိုင်းသူ၊ အစိုးရသူ(မင်းဆိုးရာဇာ)၊ ကောက်ကျစ်စဉ်းလဲသူ၊ ဆင်းရဲမည့်သူ၊ အလိုရမက်ကြီးသူ၊ လုပ်ငန်း၌စိတ်ဝင်စားနေသူတို့သည် ဂါရဝတရားကို အလေးမထားကြကြောင်း မှတ်တမ်းပြုခဲ့ကြပါသည်။

ဝဏ္ဏ သာဓကများ

ဆင်, မျောက်, ခါ တို့အကြောင်း

တိတ္ထိရဇာတ်၌ ဆင်၊ မျောက်၊ ခါ တို့သည် ဟိမဝန္တာဝယ် ညောင်ပင်တစ်ပင်ကို အမှီပြု၍နေကြ၏။ သူတို့သည် အချင်းချင်းမရိုသေကြသဖြင့် တစ်နေ့သ၌ "ငါတို့သည် အသက်ကြီးသူကိုရိုသေသင့်၏"ဟု တိုင်ပင်ကြပြီး ညောင်ပင်မူတည်၍ အသက်ကြီးသူ ကိုရွေးချယ်ကြရာ ဆင်က 'ငါသည်ငယ်စဉ်က ညောင်ပင်ကို ပေါင်ကြားခ၌ထား၍သွားဖူး၏' ဟုပြော၏။ မျောက်က "ငါသည်ငယ်စဉ်က ဤညောင်ပင်၏အညွှန့်တို့ကို ထိုင်လျက် စားဖူး၏"ဟုပြော၏။ ခါဌက်က "ဤညောင်ပင်သည် ညောင်သီးစားသောငါ၏ မစင်မှ ပေါက်ခဲ့၏" ဟုပြော၏။ ထိုအခါမှစ၍ ဆင်နှင့် မျောက်တို့သည် အသက်ကြီးသော ခါဌက်အား ရိုသေခြင်း၊ ရှိခိုးခြင်း ပြုကြ၏။ ခါဌက်လည်းငင်းတို့အား အကျင့်သီလ နှင့်ပြည့်စုံစေရာ သေသောအခါအားလုံးနတ်ပြည်သို့ ရောက်ကြလေသည်။

ဤသာဓကဌ ဆင်၊ မျောက်၊ ခါ တို့ နတ်ပြည်ရောက်ရခြင်းမှာ အချင်းချင်း ရိုသေလေးစားမှု "ဂါရဝမင်္ဂလာနှင့်ပြည့်စုံ"သောကြောင့် ဖြစ်ပါသည်။

ဗိမ္မိသာရမင်းကြီးအကြောင်း

ဗိမ္မိသာရမင်းကြီးသည် တစ်ခုသောဘဝ၌ သံဃာတော်များအတွက် ခင်းထား သောနေရာကို ညစ်ပေနေသောသူ၏ ခြေထောက်ဖြင့် မရိုမသေ တက်၍နင်းဖူးခဲ့၏။ သူသည် ဂေါတမဘုရားရှင်လက်ထက်သို့ရောက်သောအခါ သားဖြစ်သူ အဇာတသတ် မင်း၏ စေခိုင်းချက်ဖြင့် အာဏာပါးကွက်သားတို့က သူ၏ခြေဖဝါးကို ခါးဖြင့်ခွဲ၍ ဆားသိပ်,မီးကင်ရာ ဆင်းရဲဒုက္ခပြင်းထန်စွာ ခံစားရလေတော့သည်။

ဤသာဓကဌ ဗိမ္မိသာရမင်းကြီး ခြေဖဝါးခါးခွဲခံရခြင်းမှာ မရိုသေမှု 'ဂါရဝမင်္ဂလာပျက်' ခဲ့သောကြောင့် ဖြစ်ပါသည်။

အခြားမှတ်သားပွယ်–

အာယုဝမုနသတို့သားသည် ခုနစ်ရက်မျှ အသက်ရှင်မည့်သူဖြစ်၏။ သို့သော် ရတနာသုံးပါးကို ရိုသေစွာဆည်းကပ်ခဲ့သော ကောင်းမှုကြောင့် အသက်–၁၂၀ တိုင် အောင်ရှည်ကြာလေသည်။ ထို့ကြောင့်ဘုရားရှင်က "အသက်,သိက္ခာ,ဂုဏ်ဝါကြီးသူကို ရိုသေမြတ်နိုး ရှိခိုးလေ့ရှိသောပုဂ္ဂိုလ်အား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာ ကြီးခြင်း၊ ခွန်အားကြီးခြင်း ဤတရားလေးပါးတို့သည် တိုးပွားကုန်၏"ဟု ဟောကြား တော်မူ၏။ (ဓမ္မပဒ၊ ၆၊ ၁။ ၄၂–၅)

၂၃။ နိဝါတောစ နှိမ့်ချကြွားနွံမင်္ဂလာ

{ **နိ**- နိမ့်ကျသောအနေဖြင့်၊ **ဝါတ**- ဖြစ်ခြင်း၊ }

လူအချင်းချင်းဆက်ဆံရေး၌ မိမိကိုယ်ကို နှိမ့်ချခြင်း၊ မိမိစိတ်ကို မာန်မာန မရှိရလေအောင်၊ ဝင့်ဝါပလွှားချင်သောစိတ် မောက်မာမာန်ထောင်သောစိတ်ယုတ် များမရှိခြင်းသည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

'ဂါရဝေါ စ မင်္ဂလာ'အရ ရိုသေထိုက်သောသူတို့ကို ရိုသေရုံမျှသာမက မာန်မာန နှိမ့်ချလိုသော**စိတ်ဖြင့် ကိုယ်ရော,နှုတ်ရော** နှိမ့်ချပြီးဖြစ်စေလိုသောကြောင့် 'နိဝါတောစ မင်္ဂလာ'ကို ရှင်တော်ဘုရားက ဟောကြားတော်မူပါသည်။

မင်္ဂလာတရားတို့တွင် နိဝါတမင်္ဂလာသည်လည်း အခြေခံကျသော မင်္ဂလာ တစ်ပါးဖြစ်ပါသည်။ ပညာရှိထံ ဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ သူတစ်ပါးကို ရိုသေလေးစားခြင်း၊ ဆုံးမစကားကိုနာယူခြင်းစသော ကျင့်ဝတ် များကို နိဝါတမင်္ဂလာရှိသူတို့သာ လိုက်နာကျင့်သုံးနိုင်၏။ နိဝါတမင်္ဂလာကို အခြေခံ၍ မင်္ဂလာများစွာ ပြည့်စုံနိုင်ကြောင်း သတိပြုသင့်ပေသည်။

ပုထုဇဉ်တို့သည် ဤ နိဝါတမင်္ဂလာဖြင့် အထက်တန်းသို့တက်လှမ်းကြ ရပါသည်။ နိဗ္ဗာန်နှင့် အမှန်တရားကိုလိုလားသူသည် နူးညံ့ပျော့ပျောင်းရ၏။ ယဉ်ကျေးသိမ်မွေ့ရ၏။

နိဝါတရှိမှ ဂါရဝဖြစ်

မိမိကိုယ်ကို မနှိမ့်ချဘဲ မာန်မာနထောင်နေသူများက ဘယ်သူ့ကိုယ်မှ ထီမထင် ကိုယ်လုပ်ချင်ရာကိုသာ လုပ်နေတတ်ကြ၍ ရိုသေလေးစားထိုက်သူ တို့ကို မရိုသေ,မလေးစားနိုင်ပါ။ ထိုကြောင့် 'နိဝါတ'သည် 'ဂါရဝ'ဖြစ်လာရန် အခြေခံတရားဖြစ်ပါသည်။ မိမိကိုယ်ကို နှိမ့်ချထားလို့ မာန်မာနကင်းသူကသာ ရိုသေလေးစားထိုက်သူကို ရိုသေလေးစားတတ်ပါသည်။

ဂါရဝနှင့် နိဝါတ မင်္ဂလာအထူး-

* ဂါရဝသည် ရိုသေမှု စေတနာ ပြဋ္ဌာန်းသည်။ လူငယ်နှင့်သက်ဆိုင်သည်။
* နိဝါတသည် မာန်မာနနှိမ့်ချမှု စေတနာ ပြဋ္ဌာန်းသည်။ အထက်လူနှင့် အောက်လူ အားလုံးနှင့်သက်ဆိုင်သည်။ ဤသို့ထူးပါသည်။

လမ်းညွှန်။ ။ 'နိဝါတောစ' မင်္ဂလာသည် တစ်ဦးပေါ်တစ်ဦး ရှိသေလေးစားနိုင်ရန်အတွက် မာန်မာနမရှိရန်လိုအပ်သည်။ အမျိုးအနွယ်၊ ပစ္စည်းဥစ္စာ၊ ရုပ်ရည်အဆင်း၊ ဆွေမျိုး,အသိုင်းအဝိုင်း၊ ရာထူး,အာဏာစသည်ကို အကြောင်းပြု၍ မာနကြီး,ဘဝင်မြင့်နေလျှင် တစ်ဦးအပေါ်တစ်ဦး ရှိသေလေးစား ဂါရဝထားနိုင်မည် မဟုတ်။ ဂါရဝတရားထားနိုင်ရန်အတွက် မာန မကြီးရန်၊ ဘဝင် မမြင့်ရန်၊ စိတ်ဓာတ် ပုံမှန်အနေအထားရှိရန် လိုအပ်ကြောင်း 'နိဝါတောစ မင်္ဂလာ'က ဘဝင်မမြင့်ရေး၊ မာန မကြီးရေး၊ မိမိမာနကို ချိုးနှိမ်ရေး၊ ပုံမှန် နေထိုင်ဆက်ဆံရေးတို့အတွက် လမ်းညွှန်သည်။

* မာနသည် လူတန်းစားမရွေး အကျိုးမဲ့ကို ဖြစ်စေတတ်၏။ ထို့ကြောင့် မာနကို ချိုးနှိမ်ရန် ဤမင်္ဂလာတရားတော်က လမ်းညွှန်နေခြင်းဖြစ်သည်။

သရုပ် → *"ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား၊"*

မှတ်ချက်။ ။ **မိမိကိုယ်ကို နှိမ့်ချရန်သာလမ်းညွှန်၏။ မိမိနိုင်ငံ, မိမိလူမျိုးနှင့်ယဉ်ကျေးမှုကို နှိမ့်ချ,အထင်သေးခြင်းသည် 'နိဝါတမင်္ဂလာ' မဟုတ်။ ဇာတိသွေးဇာတိမာန်ဟူသည်.. တလူလူလွင့်အောင် အမြဲမြင့်တင်ထားရ၏။**

* အစေခံသဖွယ် သိမ်ငယ်သောစိတ်ထားမျိုး, အနေအထားမျိုး, အခြေအနေမျိုးသည် 'နိဝါတ' မဟုတ်ပါ။

"နိဝါတောစ" မင်္ဂလာဖြစ်သူ–

မိမိကိုယ်ကို နှိမ့်ချသူ၊ မာန်မာနမထားသူ၊ မာနမကြီး, ဘဝင်မမြင့်သူ၊ အောက်ခြေမလွတ်သူ၊ ရည်ရည်မွန်မွန် ပွင့်ပွင့်လင်းလင်းနေသူ၊ မောက်မောက်မာမာ, ဝါဝါကြွားကြွား မလုပ်တတ်သူ၊ ပညာတတ်,ရုပ်ချော,ဥစ္စာပေါသော်လည်း ပုံမှန် နေထိုင်ဆက်ဆံတတ်သူ၊ မိမိတော်ကြောင်းတတ်ကြောင်းမကြွားသူ စသည်..

"ဂုဏ်အင်အထား၊ကျေးဇူးရှိသူ၊ ထိုထိုလူကို၊မပြေ သ၊မာန်မထား၊နှိမ့်ချခြင်းလျှင်၊တန်ဆာဆင်၏။"

"နိဝါတောစ" မင်္ဂလာ အကျိုး

မိမိ၏စိတ်ကို မာန်မာနနှင့်မယှဉ်စေဘဲ မာန်ကိုဖယ်ရှားနိုင်ပြီး၊ ထောင်လွှားမော်ကြွားလိုစိတ် မရှိစေခြင်းတို့သည် အခြွေအရံ, အကျော်အစောရခြင်း, ရှေ့ဆောင်ကောင်း, ခေါင်းဆောင်ကောင်း, လူကြီးလူကောင်းဖြစ်ရခြင်း၏ အကြောင်းရင်းတစ်ပါး ဖြစ်၏။ လောကီဆိုင်ရာ အတက်လမ်း၊ လောကုတ္တရာဆိုင်ရာ အမှန်လမ်းကို ရရှိနိုင်ပါသည်။

မာန်မာန ၉-မျိုးနှင့် မာနဏ်အရင်းခံလက်သည်များ

မာနကြီးမားသူသည် သန့်စင်မွန်မြတ်သော ဂါရဝကို မည်သည့်အခါမှ ပြုလုပ်နိုင်မည်မဟုတ်ချေ။ သူ၏ ကိုယ်,နှုတ် အမူအရာတို့၌ မာနအရိပ်အရောင်များ ထင်ရှားပေါ်လွင်နေမြဲ ဖြစ်သည်။ မာန၏လွှမ်းမိုးမှုကြောင့် မိမိအကျိုးစီးပွားကိုပင် သိမြင်ရန် စွမ်းအားမရှိတော့ပေ။

မာန်မာနကို ဖြစ်ပေါ်စေနိုင်သော အကြောင်းတရားများကို ရှာဖွေကြည့်လျှင် မရေတွက်နိုင်လောက်အောင် များပြားလှပါသည်။ အဓိက ပေါ်လွင်လှသော မာနမျိုးတွေကိုဖော်ပြရလျှင်-

(၁) ဇာတိ,ဂေါတ္တ- အမျိုးအနွယ်ကြောင့်ဖြစ်သော မာန၊
(၂) ဓန- ဥစ္စာ, ရွှေငွေပစ္စည်းကြောင့်ဖြစ်သော မာန၊
(၃) ရူပါ- အဆင်းကြောင့်ဖြစ်သော မာန၊
(၄) ယသ- အခြွေအရံ အကျော်အစောကြောင့်ဖြစ်သော မာန၊
(၅) ဣသရိယ- ရာထူးဂုဏ်ထူးကြောင့်ဖြစ်သော မာန၊
(၆) သုတ- ဗဟုသုတကြွယ်ဝခြင်းကြောင့်ဖြစ်သော မာန၊
(၇) ပညာ- ပညာထူးချွန်ခြင်းကြောင့်ဖြစ်သော မာန၊
(၈) လာဘ- လာဘ်ကြီးမားခြင်းကြောင့်ဖြစ်သော မာန၊
(၉) ပုညာ- ကောင်းမှုကုသိုလ် ရှိခြင်းကြောင့်ဖြစ်သော မာန၊

စသည် မာနအမျိုးမျိုးရှိပါသည်။

မာန၏သဘောသည် အောက်သို့နိမ့်ကျမနေဘဲ အမြဲမြင့်မောက်တက်ကြွနေသည်မှာ မှန်၏။ သို့သော် မြှောက်ပင့်ပေးတတ်သော အရင်းခံလက်သည် ရှိမှသာလျှင် ထိုမာနတရားက ထောင်လွှားတက်ကြွလာနိုင်၏။

အရင်းခံလက်သည်တို့မှာ- **ဥစ္စာဂုဏ်၊ အဆင်းဂုဏ်၊ ပညာဂုဏ်၊ ရာထူးဂုဏ်၊ အခြွေအရံဂုဏ်**စသော မြှောက်ပင့်ပေးတတ်သော လောကဂုဏ်အမျိုးမျိုးတို့က မာနတရားကို အရှိန်ရအောင် မြှင့်ပေးရာ၌ အရင်းခံလက်သည်များဖြစ်သည်ဟု မှတ်သားထားရန် လိုအပ်ပေသည်။

မိမိသန္တာန်၌ အထင်ကြီးနေတတ်သော မာနတရားကို နှိပ်ကွပ်ထားရန်မှာ မိမိ၏တာဝန်သာဖြစ်သည်ဟု နားလည်ထားရပေမည်။

ဝတ္ထု သာဓကများ

အရှင်သာရိပုတ္တရာအကြောင်း

ဘုရားရှင်၏ အဂ္ဂသာဝကကြီးတစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာကိုယ်တော်သည် ပညာဉာဏ်ကြီးကျယ်သော ဧတဒဂ်ဘွဲ့ရ ထိပ်တန်းပညာရှင်တစ်ပါး ဖြစ်၏။ အရှင်သည် အခါတစ်ပါး သင်္ကန်းဝတ်ပုံ မညီမညာဖြစ်နေရာ ကိုရင်ငယ်တစ်ပါးက သင်္ကန်းဝတ်ပုံ မညီမညာဖြစ်နေကြောင်း သတိပေးလျှောက်ထားသည်တွင် 'ငါပညာရှိ တစ်ပါးဖြစ်သည်' ဟုမာန်မာနမထားဘဲ ကိုရင်ငယ်လေးသတိပေးသည့်အတိုင်း သင်္ကန်းကို ပြင်ဆင်ဝတ်ပြီး 'နောင်အခါ ဤလိုအမှုအရာမျိုးတွေ့လျှင် ပြောဆိုသတိပေးပါ'ဟု မာန်မာနကင်းစွာဖြင့် လက်ခံနာယူဖူးလေသည်။ ထို့ကြောင့်ပင် အရှင်မြတ်ကြီး၏ မာန်မာနကင်းရှင်းမှုဂုဏ်သတင်းသည် ယနေ့တိုင်အောင် သာသနာ့လောကဌ ထင်ရှားကျော်ကြားလေသည်။

ထိုသို့ ကျော်ကြားရခြင်းမှာ မာန်မာနကင်းရှင်းမှုခေါ် 'နိဝါတ မင်္ဂလာ' နှင့်ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

အရှင်ဥပါလိအကြောင်း

ဘုရားရှင်၏တပည့် အရှင်ဥပါလိသည် ဝိနည်းဧတဒဂ်ဘွဲ့ရ ဥပဒေပညာရှင်ကြီးတစ်ပါးဖြစ်၏။ သို့သော် အရှင်သည် လူ့ဘဝတုံးက သာကီဝင်မင်းများ၏ ဆံပင်၊ မုတ်ဆိတ်၊ လက်သည်း၊ ခြေသည်းများကို ရိတ်ဖြတ်လှီးပေးရသော ဇာတ်နိမ့်သည့် ဆတ္တာသည်တစ်ယောက်ဖြစ်သည်။ ထိုသို့ အမျိုးဇာတ် နိမ့်ကြရသည်မှာ ဘဝတစ်ခုဝယ် ရှင်ဘုရင်ဖြစ်ခါစ ဆင်စီး၍ တိုင်းပြည်လှည့်လည်ရာတွင် လမ်း၌ ဆွမ်းခံကြွနေသော ပစ္စေကဗုဒ္ဓါတစ်ပါးကို လမ်းမဖယ်ပေးရကောင်းလားဟု မင်းမာန်ယစ်ကာ ဆင်နှင့် လိုက်ဖူးသောကြောင့် ဖြစ်လေသည်။

ဤသာဓကဌ အရှင်ဥပါလိ အမျိုးဇာတ် နိမ့်ကျရသည်မှာ မာန်,မာနကြီးမှု "နိဝါတမင်္ဂလာပျက်" သောကြောင့် ဖြစ်ပါသည်။

ပညာဝန်ဦးဖိုးကျား–

အမျိုးသားကျောင်း ပညာဝန်ဦးဖိုးကျားသည် တောမြို့တစ်ခုမှာရှိသောကျောင်းကို စစ်ဆေးရန်သွားသောအခါမှာ ကောလိပ်ကျောင်းမှပြန်လာသော မောင်သောင်းဆိုသူ၏ သားရေအိတ်ကို ကူလီအဖြစ်ဖြင့် သယ်ပိုးပေးခဲ့ဖူးပါသည်။ နောက်မှ မောင်သောင်း သိရှိသွားပြီး သံဝေဂရရှိကာ ဦးဖိုးကျားကို သွားရောက်ကန်တော့ပြီးတောင်းပန်ရ၏။

ဦးတင်ဝင်း(ဒိုက်ဦး–သုံးဆ)

၂၄။ သန္တာန် ၈ ရောင့်ရဲတင်းတိမ်မဂ်လာ

{ **သံ**- ကိုယ့်မှာရှိနေသောဥစ္စာနှင့်သာ၊ **တုဋ္ဌိ**- ကျေနပ်နှစ်သက်ခြင်း၊ }

သန္တာန် = ရောင့်ရဲခြင်းဆိုသည်မှာ ပညာရှာမှီးရာ၌ဖြစ်စေ စီးပွားရှာရာ၌ဖြစ်စေ တရားရှာရာ၌ဖြစ်စေ စား,ဝတ်,နေမှုတို့တွင် အခြေအနေအရ ကျေနပ်တင်းတိမ်နိုင်ခြင်း၊ ပစ္စည်း,ဝတ္ထု သုံးဆောင်ရေး၌ ရောင့်ရဲလွယ်ခြင်း, ရိုးရိုးဝတ်ရိုးရိုးစား အနေအထိုင်မဆန်းပြားဘဲ သင့်တင့်ရုံမျှဖြင့် ကျေနပ်တင်းတိမ်ခြင်းတို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မဂ်လာတစ်ပါး မည်ပါသည်။

မဂ်လာတရားတော်အစဉ်အရ- မာနကို ခေါင်းပါးစေ ကင်းရှင်းစေပြီးနောက် **ပါပိစ္ဆ**- ယုတ်မာသော အလိုရမ္မက်ရှိခြင်း၊ **မဟိစ္ဆ**- အလိုကြီးခြင်း၊ **အတ္တိစ္ဆ**- အလွန်အလိုကြီးခြင်းတို့ကိုပယ်၍ ရသမျှသောပစ္စည်းတို့ဖြင့်သာ မျှတရောင့်ရဲတင်းတိမ်သောအားဖြင့် **ကြောင့်ကြ ဗျာပါရ ပူစာမှုတို့ ကင်းလွတ်**၍ လက်ငင်းချမ်းသာခွင့်ကို ရရှိနိုင်ကြစေရန်အတွက် 'သန္တာန် မဂ်လာ'ကို ရှင်တော်ဘုရားကဟောကြားတော်မူပါသည်။

'အသေဝန'မှစ၍ ဖြည့်ကျင့်ခဲ့သော ပေါင်းသင်းဆက်ဆံရေးနှင့် လူမှုရေးကိစ္စများမှာ ဂါရဝ,နိဝါတ မဂ်လာနှစ်ပါးဖြင့် မာန်မာနနှိမ့်ချမှုကို ပြဋ္ဌာန်းခဲ့ပြီး၊ နေထိုင်ရေး, သင်ကြားရေး, ပြုစုလုပ်ကျွေးရေး, ကူညီဆောင်ရွက်ရေး, ရှောင်ကြဉ်လိုက်နာရေးမဂ်လာတို့ဖြင့် ဖြည့်ကျင့်၍ တိုးတက်လာသော ပစ္စည်းဥစ္စာများအတွက် ကြိုးစားမှုနှင့် (ရံခါဖြစ်တတ်)တွဲ၍ပါလာတတ်သော **လောဘ**ကို သန္တာန်မဂ်လာဖြင့် ချိုးနှိမ်ရမည်။ သာသနာတော်၌ ခုတင်ကျင့်ဝတ်သည် လောဘစသော အကုသိုလ်တရားတို့ကို အပြတ်အသတ် နှိမ်နင်းခါထုတ်တတ်၏။ ပေါင်းသင်းဆက်ဆံရေးမပျက်စီးရန် ဂါရဝ,နိဝါတ ဖြင့်ထိန်းရန်နှင့် စီးပွားရေး,ကြီးပွားတိုးတက်ရေးတို့ မကျဆုံးစေရန် သန္တာန်မဂ်လာဖြင့် ထိန်းသိမ်းကြရန်ဖြစ်ပါသည်။ ဤမဂ်လာကို မြင်သာအောင်တင်ပြရလျှင် သန္တာန်မဂ်လာမရှိဘဲ စားသင့်သည်ထက်ပိုစားလျှင်, နေသင့်သည်ထက်ပိုနေချင်လျှင် **ဓမ္မသမား**များအတွက် တရားအလုပ်ပျက်ပြီး **ဓနသမား**များအတွက် စီးပွားပျက်တတ်ပါသည်။ **"စီးတဲ့ရေ ဆည်တဲ့ကန်သင်း"** ဆိုရာတွင် **'ဆည်တဲ့ကန်သင်းသည် သန္တာန်'**သာ ဖြစ်ပါတော့သည်။

လမ်းညွှန်။ ။ 'သန္တာန် စ' မင်္ဂလာသည် လူမှုရေး၊ ကြီးပွားရေး၊ စီးပွားရေး စသည်တို့၌ ဂါရဝရှိရုံမျှ၊ မာနကင်းရုံမျှဖြင့် မပြီးသေး၊ မိမိ ကိုယ်၏ ကျန်းမာရေး၊ စိတ်၏ချမ်းသာရေးတို့အတွက် လောကီရေး၌ဖြစ်စေ၊ လောကုတ္တရာရေး၌ဖြစ်စေ အလိုလောဘ မကြီးဘဲ မိမိရရှိထားသည့် ကိုယ်ပိုင်ပစ္စည်းဖြင့်သာ တင်းတိမ်ရောင့်ရဲ မျှတစွာဖြင့် ရှာဖွေသုံးစွဲ၊ စားသောက်ဝတ်ဆင်တတ်ရန်၊ ရိုးရိုးကျင့် မြင့်မြင့်ကြီးသည့်အနေဖြင့် ပုံမှန်နေထိုင်စားသောက် ဝတ်ဆင်ရန်လိုအပ်ကြောင်း 'သန္တာန် စ မင်္ဂလာ'က တင်းတိမ်ရောင့်ရဲရေးအတွက် လမ်းညွှန်ပါသည်။

** မရောင့်ရဲနိုင်လျှင် မည်သည့်အခါမျှ မချမ်းသာနိုင်ပါ။*

မှတ်ချက်။ ။ ထိုက်သင့်သော ကြိုးစားအားထုတ်မှု မပြုတော့ဘဲ 'ဒီလောက်ရှိ တော်ရောပေါ့'ဟု လျော့ချခြင်းသည် 'ရောင်ရဲခြင်း–သန္တာန်' မဟုတ်ပါ၊ ပျင်းရိဆုတ်နစ်ခြင်း, အပျင်းထူ, ပေါ့ပေါ့ဆဆနေခြင်းသာဖြစ်၏။

ဘောဂဗလမင်္ဂလာ ၂–ပါး– အနာကုလာ စ ကမ္မန္တာ၊ သန္တာန် မင်္ဂလာတို့ ဖြစ်ပါသသည်။

'သန္တာန် စ' မင်္ဂလာဖြစ်သူ–

မတရား လောဘမကြီးသူ၊ မရသောပစ္စည်းကြောင့် ပူပန်မနေသူ၊ ချေးမများသူ၊ ရသမျှဖြင့် စိတ်ကိုဖြေသိမ့်တတ်သူ၊ လာဘ်မယူသူ၊ ရသင့်သည်ထက် ပို၍မလိုချင်သူ၊ ချွေတာစုဆောင်းသူ၊ အသုံးအဖြုန်း မကြီးသူ၊ မတရားသော နည်းဖြင့်ရသောပစ္စည်းကို အလိုမရှိသူ၊ သူတစ်ပါး၏ဥစ္စာကို မတရားမလိုချင်သူ၊ ရိုးရိုးကျင့် မြင့်မြင့်ကြီးသည့်အနေဖြင့် ပုံမှန်နေထိုင်စားသောက်သူ–စသည်... .

'သန္တာန် စ'မင်္ဂလာ အကျိုး

ရောင့်ရဲသူသည် ဘဝကိုတည့်မတ်အောင် ထိန်းသိမ်းနိုင်၏။ ချမ်းမြေ့အောင် ဖန်တီးတတ်၏။ ပစ္စည်းဥစ္စာရှာဖွေရာ၌ စာနာမှုရှိ၏။ လောဘအလိုသို့မလိုက်ပါ။ ကိုယ်ကျိုးမရှာ။ ထို့ကြောင့် ကိုယ်ကျင့်တရား မပျက်ပြား။ အသက်မွေးမှု စင်ကြယ်၏။ ပစ္စည်းဥစ္စာ ချို့တဲ့စေကာမူ ချမ်းသာကြွယ်ဝသူများမရနိုင်သော ငြိမ်းချမ်းမှုကို ရရှိနိုင်ခြင်း။ ကြောင့်ကြ ဗျာပါရ ပူစာမှုတို့မှကင်းလွတ်၍ 'ယောနိသော မနသိကာရ'ဖြင့် သိမ်းဆည်းနိုင်ပြီး လောကီဆိုင်ရာ အတက်လမ်း၊ လောကုတ္တရာဆိုင်ရာ အမှန်လမ်းကို ရရှိနိုင်ပါသည်။

သန္တာန် အမျိုးမျိုး

ပစ္စည်းဥစ္စာသုံးစွဲရာ၌ အလိုကြီးခြင်း, စွဲလမ်းနှစ်သက်ခြင်း မဖြစ်စေဘဲ မိမိအခြေအနေနှင့် လိုက်လျောညီထွေနေနိုင်ခြင်း၊ ကျေနပ်နှစ်သိမ့်နိုင်ခြင်းဟူသော သန္တာန်သည်- အခြေခံမူ(မူ)အားဖြင့် **သန္တာန် ၃-မျိုး**

(က) ယထာ**လာဘ**သန္တာန် - ရရှိသမျှပစ္စည်းဖြင့် ရောင့်ရဲခြင်း၊
(ခ) ယထာ**ဗလ**သန္တာန် - မိမိ၏ခွန်အားနှင့်ချိန်၍ ရောင့်ရဲခြင်း၊
(ဂ) ယထာ**သာရုပ္ပ**သန္တာန် - မိမိအခြေအနေ,ဂုဏ်ဒြပ်နှင့်လျောက်ပတ်ရုံ ပစ္စည်းဖြင့် ရောင့်ရဲခြင်း၊
ဟူ၍ အခြေခံမူအားဖြင့် ၃-ပါးရှိသည်။

သန္တာန် ၁၂-မျိုး

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတော်များအတွက် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ဟူသော ပစ္စည်းလေးပါးရှိရာဝယ် တစ်ပါးတစ်ပါး၌ (မူ)သန္တာန် သုံးပါးစီ ရနိုင်သောကြောင့် "သုံးပါးလေးလီ သန္တာန် ၁၂-ပါးရှိသည်"ဟု သာမည်ဖလသုတ် အဋ္ဌကထာစသည်တို့၌ အကျယ်လာရှိ၏။

သန္တာန် ၉-မျိုး

ရောင့်ရဲခြင်းသည် ရှင်ရဟန်းများနှင့်သာမက လူသားအားလုံးနှင့်လည်း သက်ဆိုင်၏။ မျက်မြင်လောကၽ၌ လောဘတဏှာ၏အာရုံဖြစ်သော သုံးဆောင်ခံစားဖွယ်တို့သည် အလွန်များပြားလှသည်ဟုဆိုရသော်လည်း လူတိုင်းအဖို့ မလွဲမကင်းနိုင်သော သုံးဆောင်ခံစားဖွယ်တို့မှာကား- **စားရေး, ဝတ်ရေး, နေရေး** ဟူ၍ ၃-မျိုးသာရှိလေသည်။ ထို စားမှု, ဝတ်မှု, နေထိုင်မှုတို့နှင့် စပ်လျဉ်း၍ သန္တာန်(ရောင်ရဲမှု)မွေးမြူနိုင်ရန်အတွက် (မူ)သန္တာန် သုံးပါးစီ ရနိုင်သောကြောင့် "သုံးပါးသုံးလီ သန္တာန် ၉-ပါးရှိပြန်သည်"ဟု အဋ္ဌကထာဆရာတို့က အကျယ်ဖွင့်ဆိုကြပါသည်။

❸ *လာဘ-ဗလ၊ သာရုပ္ပ၊ သုံး၀ သန္တာန်။*

❾ *စား-ဝတ်-နေမှု၊ ဤသုံးခု၊ မြောက်မှု ၉-ပါးရှိ။*

❶❷ *စား-ဝတ်-နေ-ဆေး၊ မြောက်ပွားပေး၊ မှတ်ရေး ၁၂-ရှိ။*

သန္တာန်ဌ ပရမ် စနံ (ရောင့်ရဲခြင်းသည် အမြတ်ဆုံးဥစ္စာဖြစ်၏။)

ရောင့်ရဲမှု၏ ဆန့်ကျင်ဘက်ကား 'လောဘ'ဖြစ်၏။ လောဘသည် အာရုံဟူသမျှကို ခုံမင်စွဲလမ်းတတ်၏။ ခြောက်ပါးသောအာရုံတို့ကို မခွဲနိုင်မခွာရက်အောင် ဖမ်းယူတတ်သော လက္ခဏာရှိ၏။ ရောင့်ရဲမှုမရှိသူကား လောဘကိုအခြေခံသဖြင့် ပစ္စည်းဥစ္စာရှာဖွေရာ၌ မည်မျှပင်ရရှိစေကာမူ အလိုပြည့်သည်ဟူ၍ မရှိကြချေ။ မျှော်မှန်းသလောက် ခရီးမရောက်ကြသောအခါကိုယ်ကျင့်တရား၊ နိုင်ငံ့ဥပဒေ၊ လောကကျင့်ဝတ်တို့ကို ဖောက်ဖျက်ကြသောကြောင့် အန္တရာယ်တို့ အသွင်အမျိုးမျိုးဖြင့် ရောက်ရှိလာတော့၏။

ရောင့်ရဲခြင်းသည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသာမက လူသားအားလုံးနှင့် သက်ဆိုင်၏။ စားဝတ်နေရေး ကျန်းမာရေးကိစ္စနှင့်မကင်းနိုင်သူဟူသမျှ ရောင့်ရဲမှုကို ဥပေက္ခာပြု၍ မရနိုင်ချေ။ ရောင့်ရဲခြင်းဟူသည် ချို့တဲ့စွာနေထိုင်ခြင်းမဟုတ်၊ မိမိအခြေအနေနှင့်လျော်ညီစွာ သုံးစွဲ၍ အပြစ်ကင်းစင်အောင်နေထိုင်ခြင်းကိုသာဆိုလိုပေသည်။

ရောင့်ရဲသူသည် ဘဝကိုတည့်မတ်အောင်, ချမ်းမြေ့အောင်, ကိုယ်ကျင့်တရားမပျက်ပြားရအောင် ထိန်းသိမ်းဖန်တီးပြီး အသက်မွေးမှုကို စင်ကြယ်အောင်ပြု၏။ ကြောင့်ကြ ဗျာပါရ ပူစာမှုတို့ကင်းလွတ်ကာ ငြိမ်းချမ်းမှုတို့ကိုရရှိကြပါသည်။ ပစ္စည်းဥစ္စာ ချို့တဲ့စေကာမူ ချမ်းသာကြွယ်ဝသူများမရနိုင်သော ငြိမ်းချမ်းမှုကို ရရှိနိုင်ပါသည်။ ထိုကြောင့် ဘုရားရှင်က–

"ရောင့်ရဲခြင်းသည် အမြတ်ဆုံးဥစ္စာဖြစ်၏။"ဟု ဟောတော်မူ၏။ (ခု၊ ၁၊ ၄၃။)

မရောင်ရဲသင့်သောအရာများ

ထိုက်သင့်သော ကြိုးစားအားထုတ်မှုကိုမပြုခြင်းသည် 'ရောင့်ရဲခြင်း–သန္တာန်ဌ' မဟုတ်ပါ၊ ပျင်းရိဆုတ်နစ်ခြင်း, အပျင်းထူ, ပေါ့ပေါ့ဆဆနေခြင်းသာဖြစ်၏။ ပညာရေး, ပစ္စည်းဥစ္စာရှာဖွေရေး, ကျန်းမာရေး, ကိုယ်ကျင့်တရား ထိန်းသိမ်းရေး **လောကီ,လောကုတ္တရာကုသိုလ်ရေး**တို့တွင် ဝီရိယကင်း–တွန့်ဆုတ်ခြင်း အားလျော့မှုတို့သည် 'ရောင်ရဲခြင်း–သန္တာန်ဌ'မဟုတ်ပါ။ "ပညာလို အိုတယ် မရှိ"ဟုဆို၏။ ပညာရေး,စီးပွားရေး,ကျန်းမာရေး, ကိုယ်ကျင့်သိက္ခာထိန်းသိမ်းရေးတို့ ပြည့်စုံပါမှ တာဝန်အသီးသီး, ကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်နိုင်ကြမှာဖြစ်ပါသည်။

‘ဝဏ္ဏ သာဓကများ

ငုံးနှင့် ကျီးကန်းတို့ အကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ငုံးသည် မြက်သီးခြောက်ကိုသာစား၍ နေ၏။ ဆင်သေကောင်စသည်ကိုစားရလျက် မရောင့်ရဲသည့် လျပ်ပေါ်သောကျီးတစ်ကောင်သည် ဘုရားလောင်းကိုမြင်လျှင် “ဤငုံးသည် အလွန်ဝ၏ အစာကောင်းကိုမေး၍ ငါဝအောင်ပြုအုံ့”ဟု ကြံပြီးလျှင် အနီးရှိသစ်ခက်၌နား၏။ ဘုရားလောင်းက “လူတို့၏ထောပတ်ထမင်းစသည်ကိုစားရလျက် အဘယ်ကြောင့် သင်ပိန်သနည်း”ဟု ကျီးကိုမေး၏။ “ဤကဲ့သို့ အစားကောင်းကိုစားရသော်လည်း ငါသည် ရောင့်ရဲခြင်း မရှိ၊ အမြဲထိတ်လန့်သောနှလုံးရှိသဖြင့် ငါပိန်၏”ဟုဆိုပြီး၊ “သင်သည် အဆီဩဇာနည်းပါးသည့် မြက်သီးများကိုသာစားရလျက် အဘယ်ကြောင့်ဝဖြိုးပါသနည်း”ဟု ပြန်မေး၏။ ဘုရားလောင်းက “အလိုနည်းပါးခြင်း၊ အာဟာရ၌ မတပ်မက်လွန်းခြင်း၊ အဝေးသို့ မသွားရခြင်း၊ ရသမျှနှင့်ရောင့်ရဲခြင်း–သန္တုဋ္ဌိ ကြောင့် ငါဝဖြိုး၏၊”ဟု မိမိ ဝ-ရခြင်းအကြောင်းအရင်းကို ပြောဆိုဖြေကြားလေသည်။

ဤသာဓကဌ ဘုရားလောင်းငုံး ဝဖြိုးခြင်းမှာ ရောင့်ရဲမှု ‘သန္တုဋ္ဌိမင်္ဂလာ’နှင့် ပြည့်စုံသောကြောင့်ဖြစ်ပြီး၊ ကျီးကန်းပိန်ခြောက်ရခြင်းမှာ ရောင့်ရဲမှုမရှိခြင်း ‘သန္တုဋ္ဌိမင်္ဂလာပျက်’ သောကြောင့်ဖြစ်ပါသည်။

အလိုကြီးက အရနည်း၏။

ရောင့်ရဲမှုမရှိနိုင်သောကြောင့် လောဘကြီးလျှင် များသောအားဖြင့် ပျက်စီးတတ်ပါသည်။ “အလိုကြီး အရနည်း”စကားပုံတွင် ဖေါ်ပြထားသည့်အတိုင်း တစ်နေ့လျှင် ရွှေဥတစ်ဥ ဥပေးသော ငန်းကြီးတစ်ကောင်ကို တစ်နေ့တစ်လုံး မှန်မှန်ရနေလျက်သားနဲ့ ငန်းပိုင်ရှင်သည် လောဘကြီးပြီး ငန်းကြီး၏ရင်ကိုခွဲလိုက်တော့ ဘာမှမရတော့ဘဲ အခွင့်အရေးဆုံးရှုံးရသောဖြစ်ရပ်သည် ‘သန္တုဋ္ဌိမင်္ဂလာ’ပျက်ခြင်းကို သိသာထင်ရှားလှပါသည်။

အခြားမှတ်သားပွယ်

ရေသည်ပြဇော်– ဂင်္ဂါမာလဇာတ်၌ ရေသည်ယောကျ်ားဆင်းရဲသားသည် အိမ်ရှေ့မင်းရာထူးနှင့် မရောင့်ရဲနိုင်ပါသဖြင့် ကျေးဇူးရှင်မင်းကြီးကို သတ်ဖြတ်ရန်ကြိုးစားခဲ့ခြင်းသည် လောဘကပြဋ္ဌာန်းပေးလိုက်သော ‘သန္တုဋ္ဌိမင်္ဂလာ’ပျက်ခြင်းသာဖြစ်သည်။

၂၅။ ကတညုတာ ကျေးဇူးသိတတ်မင်္ဂလာ

{ **ကတ**– ပြုဖူးသောသူ့ကျေးဇူးကို၊ **အညုတာ**– သိတတ်သူဖြစ်ရခြင်း၊ }

* မိမိအပေါ် ကျေးဇူးရှိသည်ဟု သိသူကို **"ကတညုတာ"**ဟု ခေါ်ပါသည်။
* သိရုံတင်မက မိမိအပေါ် ကျေးဇူးရှိကြောင်း ထုတ်ဖော်ပြောဆိုတတ်သူကို **"ကတဝေဒီ"**ဟု ခေါ်ပါသည်။

ကတညုတာ ပြုပေဖူးခဲ့၊ သူ့ကျေးဇူးတဲ့ သိတတ်စေ။
ကျေးဇူးတွေကို ထုတ်ပြန်ပြောလို့၊ ဟုတ်မှန်သောပေါ်လွင်စေ။
ကတညုတာ ဝေဒီနှစ်ခုကို၊ အခြေပြုလို့ တို့တွေ့။
မင်္ဂလာတရား စဉ်လာမှုမှား၊ တိုးပွားကြပါစေ။

မိမိအပေါ် ပြုခဲ့ဖူးသော သူကျေးဇူးကိုသိခြင်း၊ ပြန်လည်ပေးဆပ်နိုင်ခြင်းသည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

ကတညုတမင်္ဂလာကို 'မာနတရား'က ကာဆီးတတ်ပါသည်။ ကျေးဇူးတင်ထိုက်သူများကို ကျေးဇူးတင်တတ်တဲ့မျက်စိနဲ့ကြည့်ပြီး ကျေးဇူးရှင်များအဖြစ် သတ်မှတ်ခံယူနိုင်ရန်နှင့် နှစ်နှစ်ကာကာခံယူသဘောပေါက်နိုင်အတွက် 'မာန' တရားကို 'ဂါရဝ, နိဝါတမင်္ဂလာ'ဖြင့် ဖောက်ခွဲပြီးမှ ဟောတော်မူပါသည်။

'အသေဝန'မှစ၍ သန္ဓာဠိမင်္ဂလာ အထိ' ဖြည့်ကျင့်ခဲ့ကြပြီး၊ ပေါင်းသင်းဆက်ဆံရေး, နေထိုင်ရေး, သင်ကြားရေး, ပြုစုလုပ်ကျွေးရေး, ကူညီဆောင်ရွက်ရေး, ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာတို့ဖြင့် ဖြည့်ကျင့်၍ တိုးတက်လာသော ကိစ္စများနှင့် အောင်မြင်မှုအရပ်ရပ်တို့ကို ရရှိခဲ့မှုတွင် **မည်သူတို့က** ဝိုင်းပြီးမြေတောင်မြှောက်ပေးလိုက်ကြသနည်း။ ဝိုင်းဝန်းထောက်ပံ့ကူညီ ချီးမြှောက်မှုများ ဧကန် ရှိ၍သာလျှင် ဤကဲ့သို့ မင်္ဂလာအပေါင်းနှင့်တကွ ပြည့်စုံအောင်မြင်ရခြင်း ဖြစ်သောကြောင့် မိမိတို့အပေါ် ကျေးဇူးရှင်တို့က ပြုထားသောကျေးဇူးတရားများကို မေ့မထားဘဲ၊ သိရုံတင်မက မိမိအပေါ် ကျေးဇူးရှိကြောင်း ထုတ်ဖော်ပြီး လက်တွေ့ကျကျ 'ကတညုတမင်္ဂလာ'နှင့်အညီ ကျေးဇူးပြန်ဆပ်ရရပါမည်။

လမ်းညွှန်။ ။ 'ကတညုတ'မင်္ဂလာသည် သန္တာန်ဋ္ဌမင်္ဂလာဖြင့် မိမိရရှိထားသည့် ကိုယ်ပိုင်ပစ္စည်းဖြင့်သာ တင်းတိမ်ရောင့်ရဲစွာ ဝတ်စားနေထိုင်ရာ၌ မိမိ အားကူညီဖူးသော ပုဂ္ဂိုလ်များ၏ကျေးဇူးတို့ကို မမေ့ဘဲ စွမ်းနိုင်သမျှ ပေးဆပ်ရန်လိုအပ်ကြောင်း "ကတညုတမင်္ဂလာ"က ကျေးဇူးသိရေး၊ ကျေးဇူးဆပ်ရေးအတွက် လမ်းညွှန်သည်။

မှတ်ချက်။ ။ မိမိကိုယ်ကို သူတစ်ပါးကျေးဇူးနှင့် ကင်းရှင်းသူဟု မှတ်ထင်နေသူသည် မင်္ဂလာတရားပျက်နေသူသာဖြစ်၏။

"ကတညုတ" မင်္ဂလာဖြစ်သူ

သူ့ကျေးဇူးကို သိတတ်သူ၊ ရဟန်းသံဃာ မိဘနှင့်ဆရာသမားတို့၏ ကျေးဇူးကို သိသူ၊ ကိုယ့်ကိုကူညီသူကို ပြန်၍ကူညီသူ၊ သူ့အရိပ်ခိုပြီး သူ့အခက် မချိုးသူ၊ မာနမကြီးဘဲ သူ့ကျေးဇူးကိုမမေ့သူ၊ နိုင်ငံတော်၏ကျေးဇူး ကိုသိသူ၊ သူကျေးဇူး ကိုယ့်မှာရှိကြောင်း ပြောဆိုတတ်သူစသည်။ .

"ကတညုတ" မင်္ဂလာအကျိုး

အစားအစာ ပေါများခြင်း၊ ရောက်ရာအရပ်၌ အပူဇော်ခံရခြင်း၊ သူခိုးဓားပြတို့ မနှိပ်စက်နိုင်ခြင်း၊ လူအများက နှစ်သက်လိုလားခြင်း၊ ဂုဏ်သတင်းကျော်စောခြင်း၊ အခြံအရံပေါများခြင်း၊ ဘုန်းကျက်သရေတိုးပွားခြင်း၊ အမြင့်မှ ကျသော်လည်း မှီရာတည်ရာရခြင်း၊ ဆင်မြင်း ကျွဲနွား လယ်ယာစပါး တိုးပွားခြင်း၊ မည်သူမျှ မထိပါးနိုင်ခြင်းဟူသော အကျိုး ၁၀-ပါးကို ရရှိနိုင်ပါသည်။

ကျေးဇူးမသိခြင်းကြောင့် ကျေးဇူးယုတ်ခြင်း

ကျေးဇူးမသိတတ်သူသည် 'တစ်ခါဆက်ဆံ ဆယ်ခါလန်'ဟု ဆိုရလောက်အောင် ပေါင်းသင်းဆက်ဆံရေးအရ လူညံ့ဖြစ်၏။ နီတိကျမ်းဆရာတို့က-

(၁) မစင်အလူးလူး အလဲလဲဖြစ်သော နေရာအကျဉ်းကဏေးထဲ၌ နေရထိုင်ရခြင်းသည် ဆင်းရဲသည်။

(၂) ထို့ထက် မိမိမချစ်မနှစ်သက်သောရန်သူနှင့် နေထိုင်ရခြင်းက သာလွန်၍ ဆင်းရဲ၏။

(၃) ရန်သူနှင့်အတူနေထိုင်ရခြင်းထက် သူ့ကျေးဇူးကို မသိတတ်သူနှင့်အတူဆက်ဆံ ပေါင်းသင်းရခြင်းက သာလွန်၍ ဆင်းရဲ၏။ သူနှင့်ဘယ်သူ ပေါင်းသင်းအုံ့နည်း။

ကျေးဇူးရှင်

မိမိဘဝ ကြီးပွားတိုးတက်စေရန် (သို့မဟုတ်) တည်တံ့ခိုင်မြဲစေရန် လမ်းညွှန်ကူညီပြုလုပ်ပေးခဲ့သူကို "ကျေးဇူးရှင်"ဟု ခေါ်ဆိုရ၏။ ကုသိုလ်ကောင်းမှုတို့သည်လည်း ကောင်းမှုရှင်ကို အပါယ်ဘေးမှ ကင်းလွတ်စေလျက် ကောင်းကျိုးချမ်းသာအဖြာဖြာကို ရရှိအောင်ပြုလုပ်ပေးတတ်၏။

ကျေးဇူးရှင်ဟူသည် ဆင်းရဲသူ, နိမ့်ကျသူလည်းဖြစ်နိုင်၏။ ချမ်းသာသူ, မြင့်မြတ်သူလည်းဖြစ်နိုင်၏။ လူပုဂ္ဂိုလ်ဖြစ်နိုင်သလို တိရစ္ဆာန်လည်းဖြစ်နိုင်၏။ ဤသို့ဖြင့် ကျေးဇူးရှင်သည် အလွှာပေါင်းစုံနှင့် သက်ဆိုင်၏။ ထို့အတူ ကျေးဇူးပြုရာဌာနလည်း အနည်းအများ အကြီးအသေး ကွာခြားချက်ရှိနိုင်၏။ အချို့က လောကီအတွက် ကျေးဇူးပြုပြီး၊ အချို့က လောကုတ္တရာစီးပွားကို လမ်းညွှန်ပြသ၏။ အချို့က ပစ္စုပ္ပန်အတွက် ဆောင်ရွက်၏။ အချို့က သံသရာခရီးအတွက် ကူညီပံ့ပိုး၏။ ထို့ကြောင့် **ကျေးဇူးရှင်**ကိုဖြစ်စေ **ကျေးဇူးတရား**ကိုဖြစ်စေ အရည်အသွေးအဆင့်အတန်း ကန့်သတ်၍ မဖြစ်နိုင်ချေ။ ကျေးဇူးပြုဖူးသူသည် ကျေးဇူးရှင်ဖြစ်သည်ဟုသာဆိုသင့်၏။

လောကဌ် ကျေးဇူးတရားအားလုံးတို့တွင် မဂ်,ဖိုလ်,နိဗ္ဗာန် ရရှိအောင်ပြုလုပ်ပေးသောကျေးဇူးတော်သည် အမြတ်ဆုံးဖြစ်၏။ **ဘုရား, တရား, သံဃာ** ရတနာသုံးပါး၏ ကျေးဇူးတော်များသည် ပြောမကုန်နိုင်အောင်ပင်ဖြစ်ပါသည်။ ဒေသနာတော်၏ ဆုံးမသွန်သင်မှုများကြောင့် လောက၏ကောင်းကျိုးချမ်းသာ သံသရာ၏ကောင်းကျိုးချမ်းသာ အဝဝတို့ကို ခံစားနိုင်ကြပြီး နိဗ္ဗာန်ချမ်းသာ တိုင်အောင် ပေးစွမ်းနိုင်သောကျေးဇူးတရားများကိုသိပြီး၊ တရားတော်များအတိုင်း လိုက်နာကျင့်ဆောင်ကြကာ ရတနာသုံးပါး၏ကျေးဇူးကို တုံ့ပြန်ပေးဆပ်ရေပါမည်။

တုံ့ပြန်ကူညီခြင်း၊ ထုတ်ဖော်ချီးကျူးခြင်း၊ အောက်မေ့သတိရခြင်းစသည်ဖြင့် သူတစ်ပါး၏ကျေးဇူးကို ပေးဆပ်ရ၏။ အကုသိုလ်မှ ရှောင်ကြဉ်ခြင်း၊ ဆင်ခြင်ပွားများခြင်းစသည်ဖြင့် ကုသိုလ်၏ကျေးဇူးကို တုံ့ပြန်မှုပြုရ၏။ ကျေးဇူးကို သိရုံဖြင့် တာဝန်မကျေသေးပေ။ စွမ်းနိုင်သမျှ တုံ့ပြန်ပေးဆပ်ရ၏။ ပေးဆပ်နိုင်အောင်လည်း ကြိုးစားရမည်ဖြစ်သည်။ ထို့ထက်အရေးကြီးသောကိစ္စရပ်မှာ ကျေးဇူးကို မချေဖျက်မိစေရန် စောင့်ထိန်းခြင်းပင်ဖြစ်သည်။

ရှေးဦးစွာ ကျေးဇူးပြုတတ်သူများနှင့် ကျေးဇူးတုံ့ပြန်သူ

သတ္တဝါတို့ ဖြစ်ရခြင်းသည် တဏှာနှင့် အဝိဇ္ဇာတို့ လွှမ်းမိုးနှိပ်စက်ခံရသောကြောင့် ဖြစ်၏။ သူတစ်ပါးအား ရှေးဦးစွာ ကျေးဇူးပြုရာ၌ မိမိအတွက် ကိုယ်စိတ်ပင်ပန်းဆင်းရဲမှု ဖြစ်ရ၏။ တဏှာလွှမ်းမိုးခံရသူသည် မိမိကိုယ်ကို ငဲ့ညှာ၏။ ဆင်းရဲပင်ပန်းမှုကို မခံလိုကြပေ။ ထို့ကြောင့် လောကဘ၌ ရှေ့ဦးစွာ ကျေးဇူးပြုတတ်သူ ရှားပါးနေခြင်းဖြစ်၏။

သူတစ်ပါး၏ ကျေးဇူးပြုမှုကို တုံ့ပြန်ပေးဆပ်မှုသည် အသိအလိမ္မာဉာဏ်ပညာကို အခြေခံ၏။ အဝိဇ္ဇာ အလွှမ်းမိုးခံရသူအား အသိအလိမ္မာဉာဏ်ပညာတို့ မရှိတော့ချေ။ ထို့ကြောင့် သူတစ်ပါး၏ကျေးဇူးပြုမှုကို တုံ့ပြန်ပေးဆပ်မှုသည် ရှားပါးနေခြင်းဖြစ်၏။

* လူ့လောကတွင် မိဘတို့သည် ရှေးဦးစွာကျေးဇူးပြုတတ်သူများ ဖြစ်၏။ မိဘတို့ကို ပြုစုလုပ်ကျွေးသော သားသမီးတို့သည် ကျေးဇူးတုံ့ပြန်သူတို့ မည်ကုန်၏။
* သာသနာ့ဝန်ထမ်းတို့တွင် ဆရာဥပဇ္ဈယ်တို့သည် ရှေးဦးစွာ ကျေးဇူးပြုတတ်သူတို့ ဖြစ်ကုန်၏။ ဆရာဥပဇ္ဈယ်တို့ကို ပြုစုလုပ်ကျွေးသူတို့သည် ကျေးဇူးတုံ့ပြန်သူများ ဖြစ်ကုန်၏။
* ထို့အတူ အမှန်တရားကို သင်ပြပေးသူသည် ရှေးဦးစွာ ကျေးဇူးပြုတတ်သူ မည်၏။ ကျင့်ကြံလိုက်နာသူသည် ကျေးဇူးဆပ်သူမည်၏။

ကျေးဇူးအမျိုးမျိုးရှိခြင်း

ကျေးဇူးတရားဆိုသည်မှာ အထည်ဒြပ်လည်းမရှိ။ အလုံးလည်းမဟုတ်, အပြားလည်းမဟုတ်၊ အခဲလည်းမဟုတ်၊ အရည်လည်းမဟုတ်၊ အဝါ,အနီ,အပြာ,အဖြူအရောင်တွေလည်းမဟုတ်၊ အကြောင်းကိစ္စအပေါ်မှာ အခြေအနေအရမူတည်ပြီး ဖြစ်ပေါ်လာသည့် အပြုအမူကိုသာ ကျေးဇူးဟုတပ်ဆိုရပါသည်။ ထိုအကြောင်းကိစ္စ, အကူအညီများကလည်း–

(၁) အသက်ဘေးမှ ကယ်ဆယ်ခဲ့ဘူးလျှင် အသက်ကျေးဇူး၊
(၂) ကျွေးမွေးစောင့်ရှောက်ခဲ့ဘူးလျှင် မွေးကျေးဇူး၊
(၃) ပစ္စည်းဥစ္စာ, လယ်ယာကိုင်းကျွန်းနှင့် စောင့်ရှောက်ခဲ့ဘူးလျှင် ဥစ္စာပစ္စည်းကျေးဇူးရှင်၊
(၄) နှုတ်မှုအတတ်, လက်မှုအတတ်တို့ဖြင့် အတတ်ပညာသင်ပေးလျှင် ပညာကျေးဇူး၊
(၅) နေထိုင်ဖို့ရာ အိုး,အိမ်,ကျောင်း,ဇရပ် နေထိုင်စရာတို့ဖြင့် .. .. နေရာကျေးဇူး၊
(၆) အသိလိမ္မာဖြစ်လာအောင် ဆုံးမသွန်သင်ပေးလျှင် အလိမ္မာကျေးဇူး၊

.. ..တစ်လုပ်စားဘူး သူ့ကျေးဇူး၊ ရေတစ်ခွက်သောက်ဘူး ရေကျေးဇူး၊ .. ..

ကျေးဇူးတိုကိုသိတတ်ကြပြီးနောက် ကျေးဇူးပြန်ဆပ်ရမည်ဖြစ်ပေသည်.. .

ဝတ္ထု သာဓကများ

အရှင်သာရိပုတ္တရာအကြောင်း

ဘုရားရှင်လက်ထက် အသက်ကြီးရင့်သော ရာဓပုဏ္ဏားကြီးသည် ရဟန်းပြုလို၍ ရဟန်းတို့၏ဝတ်ကြီးဝတ်ငယ်ကို ဆောင်ရွက်လျက်နေ၏။ သို့သော် မည်သည့်ရဟန်းကမျှ သူ့ကို ရဟန်းအဖြစ် ပြုမပေးချေ။ ထိုအကြောင်းကို ဘုရားရှင်သိ၍ ရဟန်းများကို စည်းဝေးစေကာ "မည်သည့်ရဟန်းအပေါ်မှာ ဤပုဏ္ဏားကြီး၏ ကျေးဇူးရှိသနည်း"ဟု မေးတော်မူရာ အရှင်သာရိပုတ္တရာက မိမိအား ဆွမ်းတစ်ဖွန်း လောင်းဖူးသည့်ကျေးဇူးရှိကြောင်းလျှောက်ထားပြီး ပုဏ္ဏားကြီးအား တာဝန်ယူ၍ ရဟန်းပြုပေးသဖြင့် ဘုရားရှင်က "သူ့ကျေးဇူးသိတတ်ပါပေ၏"ဟု ချီးမွမ်းတော်မူ၏။ ထို့အပြင် အရှင်သာရိပုတ္တရာ၏ ဂုဏ်သတင်းသည် ယနေ့တိုင်အောင် ထင်ရှားကျော်ကြားလေသည်။

ဤသို့ ဘုရားရှင်၏ ချီးမွမ်းခံရခြင်း၊ ဂုဏ်သတင်းကျော်ကြားရခြင်းမှာ အရှင်သာရိပုတ္တရာ၏ သူ့ကျေးဇူးကိုသိတတ်မှု၊ သိသည့်အတိုင်းပေးဆပ်မှု 'ကတညုတာမင်္ဂလာ' နှင့်ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

ကျေးဇူးကန်းသောပုဏ္ဏားအကြောင်း

မဟာကပိဇာတ်၌ ပုဏ္ဏားတစ်ယောက်သည် မျက်စိလည်လမ်းမှားပြီး ချောက်ကြီးတစ်ခု၌ကျ၍ အားကိုးရာမဲ့နေ၏။ ဤသည်ကို ဘုရားလောင်းမျောက်မင်း တွေ့မြင်သဖြင့် ရှေးဦးစွာပုဏ္ဏား၏အလေးချိန်နှင့် ညီမျှသော ကျောက်တုံးတစ်တုံးကို ထမ်း၍ အစမ်းခုန်တက်ပြီး နောက်တစ်ဖန် ပုဏ္ဏားကိုကျောပိုး၍ ခုန်တက်ရာ မောပန်းလွန်း၍ ပုဏ္ဏားပေါင်ပေါ်၌ အိပ်ပျော်သွားသည်။ ပုဏ္ဏားလည်း ကယ်တင်ခဲ့သည့်ကျေးဇူးကို မထောက်ထားဘဲ ဘုရားလောင်း၏ဦးခေါင်းကို ကျောက်တုံးဖြင့်ထု၏။ ဘုရားလောင်းမှာ မသေသော်လည်း ဦးခေါင်း၌ဒဏ်ရာပြင်းထန်စွာရရှိသွား၏။ သို့သော် မိမိလမ်းမပြလျှင် ပုဏ္ဏား အိမ်မပြန်တတ်မည်စိုး၍ သွေးစက်ဖြင့်လမ်းပြကာ အိမ်လမ်းအထိ လိုက်ပို့လေသည်။ ကျေးဇူးကန်းသောပုဏ္ဏားလည်း ဘုရားလောင်း၏ မျက်စိကွယ်ရာသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ခန္ဓာကိုယ်မှ အပိန့်အဖုများထွက်ကာ ထိုရောဂါဖြင့်ပင်သေ၍ ငရဲကျလေသည်။

ဤသာဓကဌ၌ ကျေးဇူးကန်းသောပုဏ္ဏား ရောဂါဖြစ်၍ ငရဲကျရခြင်းမှာ ကျေးဇူးကန်းမှု 'ကတညုတာမင်္ဂလာပျက်'သောကြောင့်ဖြစ်ပါသည်။

၂၆။ ကာလေန ဓမ္မသဝနံ တရားနာမင်္ဂလာ

{ **ကာလေန**- သင့်လျော်သောအခါ၊ **ဓမ္မသဝနံ**- တရားနာယူမှတ်သားခြင်း၊ }

အခါအခွင့်သင့်၍ အချိန်ကာလအားလျော်စွာ သူတော်ကောင်းတရားများ နာယူမှတ်သားရခြင်း၊ တရားစာဖတ်ခြင်းတို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

မင်္ဂလာတရားတော်အစဉ်အရ "ဂါရဝ-နိဝါတ-သန္တုဋ္ဌိ-ကတညုတ" တရားမြတ်တို့နှင့်ပြည့်စုံညီညွတ်နေစေရန် ရိုသေ, နှိမ့်ချ, ရောင့်ရဲ, ကျေးဇူးသိ ဟူသော ကျင့်ဆောင်အပ်သော ကုသိုလ်-မင်္ဂလာတရားများသည် သူတော်ကောင်း အလုပ်များသာဖြစ်သည်။ ထို သူတော်ကောင်းအလုပ်များကို လက်တွေ့ကျင့်သုံးဆောက်တည်နိုင်ရန် လောကီ, လောကုတ္တရာ ချမ်းသာကြီးပွားကြောင်းများ အတွက် အခါအခွင့်သင့်သောအခါ သူတော်ကောင်းတရားများ နာယူမှတ်သားရန် "ကာလေန ဓမ္မသဝန"မင်္ဂလာတရားကို ဟောတော်မူပါသည်။

သူတော်ကောင်းတရားတွေကို အဘယ်ကြောင့် အခါအခွင့်သင့်တိုင်းတွင် နာကြားမှတ်ယူသင့်သနည်းဆိုလျှင်- လူတွေဟာ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် မိုးလင်းမှမိုးချုပ်သည့်တိုင်အောင် နေ့စဉ်နေ့တိုင်း... အပတ်တကုတ် လုပ်ကိုင်ရာဖွေစားသောက်ရသောကြောင့် လောဘ, ဒေါသ, မောဟစသော အကုသိုလ်တရားတွေအနည်းနှင့်အများဆိုသလို မိမိတို့၏စိတ်သန္တာန်မှာ ဖြစ်ပေါ်လာလေ့ရှိကြသောကြောင့် ကုသိုလ်ကောင်းမှုတွေဖြစ်စေနိုင်သော သူတော်ကောင်းတရားများကို အခါအခွင့်သင့်တိုင်း နာယူ,ကျင့်ကြံအားထုတ်သင့်ပါသည်။

လမ်းညွှန်။ ။ 'ကာလေန ဓမ္မသဝန'မင်္ဂလာသည်ခဲခဲယဉ်းယဉ်း ရရှိလာသော မိမိ၏ဘဝကို လောကီရေးရှေ့သာ အချိန်မကုန်စေပဲ အနာဂတ်ဘဝအတွက် လောကုတ္တရာဘက်သို့ ဦးလှည့်ရန်လိုသေးသဖြင့် လောကုတ္တရာ အသိပညာတိုးတက်စေရေးအတွက် သင့်လျော်သည့်အခါ၊ လောဘ၊ ဒေါသ၊ မောဟ နည်းပါးစေသည့်တရားများကို နာကြား ကျင့်သုံးရန်လိုအပ်ကြောင်း 'ကာလေန ဓမ္မသဝနံ မင်္ဂလာ'က တရားနာယူ ကျင့်သုံးရေးအတွက် လမ်းညွှန်သည်။

မှတ်ချက်။ ။ တရားနာခြင်းအရ– တရားသဘောဟောပြမည့်ပုဂ္ဂိုလ်မရှိလျှင် တရားသဘောပါသော ကျမ်းစာအုပ်ကို ကြည့်ရှုနေခြင်း၊ သူများဖတ်နေခြင်းကို နားထောင်ခြင်းသည်လည်း တရားနာခြင်း မည်၏။

* **နားအသုံးချပုံပြသည့် မဂ်လာ ဖြစ်ပါသည်။**

"ကာလေန ဓမ္မသဝန" မဂ်လာဖြစ်သူ

သင့်လျော်သောအခါ တရားနာသူ၊ တရားစာဖတ်သူ၊ ယဉ်ကျေးလိမ္မာ, မဂ်လာ, ဓမ္မစာပေ, အဘိဓမ္မာသင်တန်းစသည် တရားသင်တန်းများတက်သူ၊ သာသာရေးသင်တန်းများသို့ တက်ရောက်သင်ယူသူ၊ တရားပွဲများသို့ ရိုသေလေးစားစွာနာယူသူ၊ တရားနာယူရာတွင် စူးစိုက်လျက် ရိုသေလေးစားစွာ နာကြားသူ၊ သင့်လျော်သော နှလုံးသွင်းမှုရှိပြီး တရားနာကြားသူ စသည်.. .

"ကာလေန ဓမ္မသဝန" မဂ်လာ အကျိုး

တရားနာရခြင်း ကောင်းကျိုးငါးပါး

(၁)မကြားနာရဖူးသေးသော တရားများကိုနာကြားရခြင်း၊

(၂)ကြားနာဖူးသည်ကို တစ်ဖန် သန့်ရှင်းခိုင်မြဲစေသည်၊

(၃)အယူအမြင် (အတွေးအခေါ်) ဖြောင့်မှန်သည်၊

(၄)ယုံမှားသံသယမှ ပယ်ဖျောက်နိုင်သည်၊

(၅)စိတ်နှလုံး ကြည်လင်ရွင်လန်း ချမ်းသာစေသည်။ စသည်တို့ဖြစ်၏။

"သူတော်တရား၊ နာယူကြားက၊ မကြားစဖူး၊ ကြားရ ဖူး၏၊
ကြားဖူးပြီးပြန်၊ ထပ်မံ၍ရင်း၊ လွတ်ကင်းယုံ မှား၊ ဖြောင့်သားအယူ၊
စိတ်ကြည်ဖြူသည်၊ ငါးဆုရ မြဲ အကျိုးတည်း။"

တရားနာယူသူသည် သူတော်ကောင်းတရားကိုနာယူခြင်း၊ ရိုသေလေးစားခြင်း၊ ပါရမီရှိသူဖြစ်ခြင်းစသောအင်္ဂါရပ်တို့နှင့် ပြည့်စုံလျှင် အထက်ပါအကျိုးတရားများ ဧကန်မုချ ရရှိမည်ဖြစ်ပါသည်။ {တရားဟောပုဂ္ဂိုလ်ကို ခင်မင်ခြင်း(ပုဂ္ဂိုလ်စွဲ)၊ သူတစ်ပါးအထင်ကြီးစေလိုခြင်း၊ ဟော်ရှင်ရယ်မောလိုခြင်းစသည်ရည်ရွယ်လျှင်... }

+

ကာလေန– သင့်လျော်သောအခါ

* စိတ်ပျံ့လွင့်သောအခါ 'ကာမဝိတက်'စသည်တို့ လွှမ်းမိုးနှိပ်စက်သောအခါ တို့၌ တရားနာယူရမည်ဖြစ်သည်။ (ခုဒ္ဒကပါဋ၊ ၆၊ ၁၂၄။)
* အရှင်အနုရုဒ္ဓါက ဘုရားရှင်အား.. 'အရှင်ဘုရား.. ။ တပည့်တော်တို့သည် ငါးရက်တစ်ကြိမ် စုဝေး၍ တစ်ညလုံးပင် တရားစကား ပြောကြားကြပါသည်'ဟု လျှောက်ထားဖူး၏။ ထိုလျှောက်ထားချက်ကို သာဓကပြု၍ 'ငါးရက်တစ်ကြိမ် တရားနာယူသင့်၏။'ဟု ဆိုကြပြန်၏။ (မ၊ ၁၊ ၂ဖ၈။)
* အဂ္ဂိုတ္တရဋ္ဌကထာ၌ကား တစ်လလျှင် ရှစ်ကြိမ်တိုင် တရားဟောမှုကို ခွင့်ပြု၏ဟု ဆိုသည်။ ရှစ်ကြိမ်ဟူသည် လဆန်း, လဆုတ်ပက္ခ၌ (၅၊၈၊၁၄၊၁၅)မြောက်နေ့ တို့ဖြစ်သည်။ (အံ၊ ၆၊ ၂၊ ၈၉။ သပ္ပေကန်။ ၁ဖ၆။)
* ထိုမှတစ်ပါး အခွင့်သာသောအခါ မိတ်ဆွေကောင်းတို့ထံ ချဉ်းကပ်၍ ယုံမှားမှု ကင်းရှင်းစေရန် တရားနာခြင်းသည် 'ကာလေနဓမ္မသဝနမဂ်လာ' မည်၏ ဟုဖွင့်ဆိုသည်။ အထက်ပါစကားရပ်တို့တွင် ဤနည်းသည် အသင့်လျော်ဆုံး ဖြစ်၏။ တရားနာယူရန် မသင့်လျော်သော အချိန်ကာလဟူသည် မရှိချေ။

တရားဟောမည့်ပုဂ္ဂိုလ်လည်း အသင့်ရှိ၍ မိမိလည်း နာယူရန် အခွင့်သာသောအခါသည် 'တရားနာယူရန် သင့်လျောသော အချိန်ဖြစ်၏'ဟု မှတ်သားသင့်ပေသည်။

(တစ်နည်းအားဖြင့်)

* ကိုယ်, စိတ်ပင်ပန်းခြင်းမှ ကင်းရှင်းခိုက်အခါ၊
ဘုရားရှင်ကိုဖူး၍ တရားနာယူရန် ထီးနန်းစည်းစိမ်ကို စွန့်လွှတ်လျက် ယူဇနာ ပေါင်းများစွာ ခရီးပြင်းထွက်ချီလာခဲ့ရသော ပုဏ္ဏသာတိမင်းကို ဘုရားက ဆီးကြိုကာ ခရီးပန်းနေသည့်အတွက် တရားမဟောသေးပဲ အမောအပန်းပြေလောက်မှဟော၏။
* ဆာလောင်မွတ်သိပ်မှု မရှိသောအခါ၊
ဓမ္မပဒသုခဝဂ်၊ ဂေါနဒ္ဒဝတ္ထု၌ နွားပျောက်ရှာရာမှ ဆာဆာလောင်လောင်ဖြစ်၍ ဘုရားထံ တရားနာရောက်လာသော ဥပါသကာတစ်ဦးအား ဘုရားက ရုတ်ခြင်း တရားမဟော သေးပဲ ကျွေးမွေးစေတော်မူပြီးမှ တရားဟောတော်မူပါသည်။

ဓမ္မ–တရား၊ တရားဟောပုဂ္ဂိုလ်၊ တရားနာပုဂ္ဂိုလ်

ဤမင်္ဂလာ၌ **ဓမ္မ–တရား**ဟူသည် သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ်နှင့် ဆက်နွယ်သော သူတော်ကောင်းတရားကို ဆိုလိုဏ်။ သာသနာတော်၌ ကမ္မဋ္ဌာန်းမှ လွတ်သောတရားမည်သည် မရှိချေ။ အသံကောင်း, အပြောကောင်း၍ တသောသော ရယ်မောရသော တရားတော်များ မဟုတ်ပါ။

တရားဟောပုဂ္ဂိုလ်သည် နာမည်ကြီးလိုခြင်း၊ လာဘ်လာဘရရှိလိုခြင်း၊ ဟန်ဆောင်လှည့်ဖြားခြင်း၊ ပုတ်ခတ်စွပ်စွဲခြင်းစသည်တို့ကို ရှောင်ရှား၍ သူတော်ကောင်းတရားကို ဖြောင့်မတ်စွာဟောပြောရပါမည်။

* (မြင့်သောနေရာ၌နေသူ၊ လက်နက်ကိုင်ဆောင်ထားသူများကို ဟောကြားမှု မပြုရ။)

သူတော်ကောင်းတရားနာသူသည် မိမိစိတ်ကို အာရုံတစ်ပါးစိတ်မသွားဘဲ တရားတော်၌သာ စူးစိုက်လျက် ရိုသေလေးစားစွာ ကြားနာရာ၏။ ကြားနာပြီး နောက်တရားအာရုံကို စိတ်ထဲ၌ ဧကဂ္ဂတာကျ၍ သမာဓိရအောင် ဆောင်ယူရ၏။ တရားကို မလေးစားခြင်း၊ ဟောကြားသူကို မလေးစားခြင်း၊ မိမိကိုယ်ကိုမလေးစားခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ မသင့်လျော်သော နှလုံးသွင်းမှုရှိခြင်း ဤတရားငါးမျိုးနှင့် နာကြားသူသည်လည်း အမြတ်ဆုံးအကျိုးနှင့် မပြည့်နိုင်သေးချေ။ တရားနာပုဂ္ဂိုလ်သည်လည်း သုံးမျိုးခွဲ၍ လေ့လာနိုင်မည်–

(က) မှောက်ထားသော အိုးအတွင်းသို့ ရေကိုလောင်းထည့်အပ်သော် အိုး၌ ရေမတည်၊ နံဘေးသို့သာ လျှောကျသကဲ့သို့ တရားနာကြားသော်လည်း တရား၏ အစ, အလယ်, အဆုံး မမှတ်မိသူသည် **'မှောက်ထားသောအိုးနှင့်တူသော ပညာရှိ'**

(ခ) ခါးပုံစအတွင်း၌ အစားအစာကိုထည့်ပြီး စားနေသူသည် အမှတ်တမဲ့ထလိုက်သောအခါ အစားအစာများဖိတ်စင်ကျကုန်သကဲ့သို့ နာယူချိန်တွင်နှလုံးသွင်းသော်လည်း နေရာမှထသောအခါ၌မူ အားလုံးကိုမေ့ပျောက်သူ **'ခါးပိုက်နှင့်တူသော ပညာရှိ'**

(ဂ) လှန်ထားသောအိုး၌ လောင်းထည့်အပ်သော ရေသည် ကောင်းစွာတည်နေ၍ ရေများမဖိတ်မစင်တည်နေသကဲ့သို့ ဟောကြားအပ်သောတရားတော်ကို အစ, အလယ်, အဆုံး သုံးပါးလုံးကို အမြဲနှလုံးသွင်းနိုင်သူသည် **'ကြီးကျယ်သော ပညာရှိ'**မည်၏။ ဤပုဂ္ဂိုလ်သည် လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ပေသည်။

ဝတ္ထု သာဓကများ

ဥပါသကာ ငါးယောက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပါသကာ ငါးယောက်သည် တရားနာမည်ဟုကြံ၍ ဘုရားရှင်ထံလာကြ၏။ တစ်ယောက်သည် မြတ်စွာဘုရား တရားဟောနေသည်ကို နားမထောင်ဘဲ ထိုင်လျက်အိပ်နေ၏။ သူသည် ဘဝငါးရာ မွေးဖြစ်ခဲ့ဖူး၏။ အခြားတစ်ယောက်သည် မိုးပေါ် မော့ကြည့်နေ၏။ သူသည် ဘဝငါးရာ ဗေဒင်နက္ခတ်သမား ဖြစ်ခဲ့ဖူး၏။ အခြားတစ်ယောက်သည် မြေကြီးကို လက်ဖြင့် ခြစ်နေ၏။ သူသည် ဘဝငါးရာ တီကောင်ဖြစ်ခဲ့ဖူး၏။ တစ်ယောက်သည် သစ်ပင် တစ်ပင်ကို ကိုင်၍လှုပ်နေ၏။ သူသည် ဘဝငါးရာ မျောက်ဖြစ်ခဲ့ဖူး၏။ နောက်ဆုံး တစ်ယောက်ကမူ ဘဝငါးရာပတ်လုံး ဗေဒင်သုံးပုံသင်ဖူးသော ပုဏ္ဏား ဖြစ်ဖူးသောကြောင့် မြတ်စွာဘုရား တရားဟောသည်ကို ဗေဒင်သင်နေရာတိသက့ဲသို့ ရိုရိုသေသေ နားထောင်၏။ ယင်းဥပါသကာ ငါးယောက်အနက် နောက်ဆုံးတစ်ယောက်သာလျှင် သောတာပန် ဖြစ်လေသည်။ ကျန်လေးယောက်မှာ တရားထူး မရကြပေ။

ဤသာဓကၦ သောတာပန်အရိယာဖြစ်သွားသော ပုဂ္ဂိုလ်မှာ တရားတော်ကို ရိုသေစွာနာကြားမှု 'ကာလေန ဓမ္မသဝနမင်္ဂလာ'နှင့် ပြည့်စုံသောကြောင့်ဖြစ်ပြီး ကျန် ပုဂ္ဂိုလ်များတရားထူးမရသည်မှာ တရားတော်ကိုစိတ်ဝင်စားစွာ မနာယူမှု 'ကာလေန ဓမ္မသဝန မင်္ဂလာပျက်'သောကြောင့် ဖြစ်ပါသည်။

တရားနာရလို့ နတ်ပြည်ရောက်သွားသောတိရစ္ဆာန်များ

ရှေးအခါက လိုဏ်ဂူတစ်ခုအတွင်းမှာ ရှိနေကြသော လင်းနို့သားငါးရာတို့သည် ရဟန်းတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသော အဘိဓမ္မာတရားအသံကို အာရုံစူးစိုက်ပြီး နာကြားခဲ့ရဘူးသော ကုသိုလ်ကံကြောင့် လင်းနို့များသည် သုဂတိဘုံတွေမှာဖြစ်လာ ကြပြီး၊ ယခုဘုရားသခင်၏သာသနာတော်မှာ အရှင်သာရိပုတ္တရာမထေရ်ကြီး၏တပည့်များ အဖြစ် အဘိဓမ္မာတရားတော်များကို ရှေးဦးစွာ နာကြားကြရသည့်အတွက် ကျွတ်တန်း ဝင်ကြရခြင်းသည် "ကာလေန ဓမ္မသဝနမင်္ဂလာ"နှင့်ပြည့်စုံသောကြောင့်ဖြစ်ပါသည်။

ဖားနတ်သား

စမ္ဘာပြည် ဂဂ္ဂရာရေကန်အနီးမှာ ဘုရားသခင်တရားဟောတော်မူစဉ်အခါမှာ ဖားငယ်တစ်ကောင်သည် တရားတော်အသံကိုနာနေရင်း နွားကျောင်းသား၏တုတ်က ဖား၏ဦးခေါင်းကို ထောက်မိသဖြင့် သေလွန်ပြီး နတ်ပြည်ကိုရောက်၏။ နတ်ဘဝဖြင့်ပင် ဘုရား၏တရားသံကို ထပ်မံနာကြား၍ ဖားနတ်သား သောတာပန် ဖြစ်ရ၏။

မင်္ဂလသုတ်ပျို့ (မုံရွေးဆရာတော်)
(ဧကာဒသမပျို့) (စိတ်ထားဖြူစင်မြင့်မားရေးမင်္ဂလာ ၅-ပါး)

ဂါရဝေါ စ ၂၂ (ရိုသေကိုင်းရှိုင်းမင်္ဂလာ)
နိဝါတော စ ၂၃ (နှိမ့်ချကျိုးနွံမင်္ဂလာ)
သန္တုဋ္ဌိ စ ၂၄ (ရောင့်ရဲတင်းတိမ်မင်္ဂလာ)
ကတညုတာ ၂၅ (ကျေးဇူးသိတတ်မင်္ဂလာ)
ကာလေန ဓမ္မသဝနံ ၂၆ (တရားနာမင်္ဂလာ)

၁၁။ ငွေရောင်ဂိရိန်၊ မြတ်ဝတိန်သာ၊ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ ရာဇတမန်၊ မောင်နတ်မွန်.. .။

(၂၂) ဆုံးစွန်ကျော်ကြား၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊ ဆရာမိဘ၊ စိုးရသခင်၊ အရှင်ဂုဏ်ထူး၊ ကျေးဇူးရှိပေ၊ သူမြတ်တွေကို၊ ရိုသေဂါရဝ၊ ပြုအပ်လှ၏။
(၂၃) နှိမ့်ချထိုက်စွာ၊ နေရာကာလ၊ အိပ်ရာစသည်၊ ပြောထစကား၊ အသွားအလာ၊ အရာရာ၌၊ နိဝါတ,ဖြင့် နှိမ့်ချအမြဲ၊ မာန်ကိုခွဲလော့။
(၂၄) ရောင့်ရဲသိပ်သည်း၊ ပညာတည်း၍၊ ပစ္စည်းဥစ္စာ၊ ရာ, မရာကို၊ ထောက်ညှာဆိုင်တွဲ၊ ရောင့်ရဲလွယ်ခြင်း၊ နှလုံးသွင်းလော့။
(၂၅) တင်ခြင်းလွန်ကျူး၊ ထိုကျေးဇူးကို၊ အထူးသိစေ။
(၂၆) ခွဲဝေစိတ်ဖြာ၊ အခါမှတ်သား၊ သိသောအားဖြင့်၊ တရားပေစာ၊ မှတ်နာရခြင်း။
အရင်းအဖျား၊ ဤငါးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်၊ မှန်မှန်စွဲမှတ်ရှုလေလော့။

ပျို့အစီပွါယ်

ငွေရောင်အဆင်းရှိသော တာဝတိ$ သာနတ်ပြည်မှ သိကြားမင်းတမန် မောင်နတ်သား..

(၂၂) လောကဓ၏ အဆုံးစွန်တိုင်အောင် ထင်ရှားကျော်ကြားတော်မူသော မြတ်ဘုရားနှင့် တရား, သံဃာ, ဆရာ, မိဘ, အစိုးရသူ, အရှင်သခင်, ကျေးဇူးရှင်တို့ကို ရိုသေခြင်းသည် မင်္ဂလာမည်၏။

(၂၃) နေထိုင်ရာ, အိပ်ရာ, ပြောဆိုရာ, သွားလာရာ စသည့် အရာခပ်သိမ်း၌ မိမိကိုယ်ကို အမြဲနှိမ့်ချခြင်းသည် မင်္ဂလာမည်၏။

(၂၄) ပညာဖြင့် ဆင်ခြင်ပိုင်းခြားလျက် ပစ္စည်းဥစ္စာကို မိမိနှင့်သင့်လျော်ရုံမျှ ကျစ်လျစ်စွာ သုံးစွဲ၍ ရောင့်ရဲစွာနေခြင်းသည် မင်္ဂလာမည်၏။

(၂၅) အလွန်အကျူး တင်ရှိခဲ့ဖူးသော သူ့ကျေးဇူးကို အထူးသိခြင်းသည် မင်္ဂလာမည်၏။

(၂၆) အချိန်ကာလကို ခွဲခြားဝေဖန်၍ သင့်လျော်သောအခါ၌ တရားဒေသနာ ကြားနာခြင်းသည် မင်္ဂလာ မည်၏။

ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကို နှိမ့်ချခြင်း၊ ရောင့်ရဲမှု ရှိခြင်း၊ သူ့ကျေးဇူးကို သိခြင်း၊ သင့်လျော်သောကာလ၌ တရားနာယူခြင်း၊ ဤတရား ငါးပါးတို့ကို မွန်မြတ်လှစွာသော မင်္ဂလာမည်၏ဟူ၍ သဒ္ဓါကဲလွန် နတ်တမန်သည် ယုံမှားမရှိ စွဲမြဲစွာမှတ်လေလော့။

လိုရင်းခက်ဆစ်အဖြေ

ဂါရဝ – ရိုသေထိုက်သူကိုရိုသေခြင်း၊
နိဝါတ – မိမိကိုယ်ကိုနှိမ့်ချခြင်း၊
သန္တုဋ္ဌိ – ရောင့်ရဲလွယ်ခြင်း၊
ကတညုတ – သူပြုဖူးသောကျေးဇူးကိုသိခြင်း၊
ဓမ္မသဝန – လျောက်ပတ်သောအခါ တရားတော်ကို နာကြားခြင်း၊
မာန်ကိုခွဲလော့ – မာန်မာနကို ဖယ်ခွာခြင်း၊
ပညာတည်း၍ – ပညာဖြင့် ပိုင်းခြား၍၊
ပစ္စည်း – ပစ္စယ (ပါဠိ)
ရာ, မရာ – သင့်, မသင့် = အပ်, မအပ်၊
ဆိုင်တွဲ – သက်ဆိုင်နှင့်သာ ယှဉ်တွဲခြင်း၊
ဟေစာ – ဟေရွက်၌ရေးသားသောစာ၊
ဟေစာဟူ၏ သော်လည်းစက္ကူစာ,ကျောက်စာစသည်ကိုလည်းယူရမ်း။

မင်္ဂလာ+အဘိဓမ္မာသဘော
မင်္ဂလာယဉ်ကျေးမှု နှင့် ဗြဟ္မဝိဟာရတရား

ရိုသေထိုက်သောပုဂ္ဂိုလ်များကို ရိုသေလေးစားသောအခါ အရိုအသေပြု သူ၏သန္တာန်မှာ ရိုသေထိုက်သူကို မေတ္တာတရားတွေဖြစ်နေပါတယ်၊ ရိုသေထိုက်သူ ကလည်း ရိုသေသမှုပြုသူကို ပြန်လည်ချစ်ခင်မှုမေတ္တာတရားဖြင့် "ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးကင်းပါစေ၊ ရန်ကင်းပါစေ"စသည်ဖြင့် နှုတ်ကအံ့ထွက်လာ သောစကားသံဖြင့်ပင် တစ်ဦးကိုတစ်ဦး မေတ္တာအစေးဓာတ်ဖြင့် စေးကပ်စပ်ဟပ် ထားပြီးဖြစ်သည်မှာ သိသာထင်ရှားလှသော **'မေတ္တာဗြဟ္မဝိဟာရတရား'**ဖြစ် ပေါ်မှုကို ပြဆိုခြင်းဖြစ်ပါသည်။

ရိုသေထိုက်သူနှင့် ရိုသေလေးစားသူတို့.. တစ်ဦးဦးမှာ ဆင်းရဲဒုက္ခနှင့်တွေ့ကြုံ လာသောအခါ သနားကြင်နာမှုတို့ဖြစ်ပေါ်လာကြခြင်းသည် **ကရုဏာ**သဘော ဖြစ်ကြရပါသည်။ တစ်ဦးဦးမှာ ချမ်းသာသုခရရှိပြန်လျှင်လည်း အချင်းချင်း ဝမ်းမြောက်ဝမ်းသာ **မုဒိတာ**သဘော စပ်ယှဉ်နှောကြပြန်ပါသည်။ ၎င်းအပြင် တစ်ဦး၏အမှားအယွင်းကို တစ်ဦးကသည်းခံလာတတ်ကြပြီး **ဥပေက္ခာ**သဘော ကိုလည်း ပြကြဖြစ်ပြန်သေးသည်။

ထို့ကြောင့် ရိုသေထိုက်သူနှင့် ရိုသေလေးစားသူတို့ ဂါရဝတရား=ကုသိုလ် မင်္ဂလာပြုကြခြင်းသည် **'မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ'**ဟူသော မြတ်သော ဗြဟ္မဝိဟာရတရားများ တိုးပွားစည်ပင်ကြောင်း၊ ဣသာ, မစ္ဆရိယ, မာန်မာန စသောတရားဆိုးတွေ ဆုတ်ယုတ်ကင်းပျောက်ကြောင်း အလွန်ကောင်းမြတ်သော မင်္ဂလာယဉ်ကျေးမှုတစ်ရပ်ပင်ဖြစ်ပါသည်။ တိုင်းသူပြည်သား အားလုံးကသာ ထို မင်္ဂလာယဉ်ကျေးမှုကို ဆောင်ထား,လက်တွေ့ကျင့်သုံး, ပွါးများပြီး နေထိုင် ကြပါလျှင် အေးချမ်း,သာယာသော မင်္ဂလာတိုင်းပြည်ကြီး ဖြစ်လာပါမည်။

ရှိခိုးခြင်းနှင့် နှုတ်ဆက်ခြင်းမတူ ကွဲပြားပုံ၊

လက်အုပ်ရင်မှာ၊ နှုတ်ဆက်တာ၊ ထိပ်မှာ ရိုခိုးမှု။
နလုံးသွေးရည်၊ ကြာအိုင်မည်၊ အုပ်ခိုကြားဖူးပါ။
မကွဲမပြား၊ ယောင်ဝါးဝါး၊ သူများပုံမတူ။ (ဦးပြုံးချို)

အရိုအသေ – ကိုယ်,နှုတ်,စိတ် သုံးပါးတို့ဖြင့် ညွတ်တွားကိုင်းရှိုင်းခြင်း၊
အလေးအမြတ် – စစ်မှန်သော(စိတ်ပါပါဖြင့်) လေးစားမြတ်နိုးခြင်း၊

မှတ်ပွယ်ရာရာ မင်္ဂလာ

ဂါရဝမင်္ဂလာ

'ဂါရဝတရား'မရှိလျှင် တိုးတက်ကြီးပွားလာလေလေ ဘဝင်မြင့်မှု, မာနကြီးမှု, အောက်ခြေလွတ်မှုစသည်များ ဖြစ်ပေါ်လာတော့သည်။ သို့ဖြစ်လျှင် တစ်ယောက်ကိုတစ်ယောက် မလေးစားကြတော့ချေ။ ထိုကြောင့် အချင်းချင်းလေးစားမှု (အညမညဂါရဝ)ကို အလေးထား ဂရုစိုက်၍ အားဖြည့်ကျင့်သုံးကြရပါမည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လူကြီးနှင့်လူငယ် အပြန်အလှန် ထိခိုက်နစ်နာမှုမဖြစ်ကြစေရန်အတွက် 'ဂါရဝမင်္ဂလာ'ကို လိုက်နာကျင့်သုံးရပါမည်။

နိဝါတမင်္ဂလာ

မိမိကိုယ်ကိုနှိမ့်ချခြင်းသည်ပင် မိမိဂုဏ်ကိုမြှင့်တင်ခြင်းတစ်မျိုးဖြစ်သည်။ နိဝါတသည် မာန်မာနနှိမ့်ချမှု စေတနာ ပြဌာန်းသောကြောင့် ကြီးပွားတိုးတက်လိုသူတိုင်း, အထက်တန်းသို့တက်လှမ်းလိုသူတိုင်းသည် သူများထက်ဘယ်လိုပဲ သာသာ ပုံမှန်အတိုင်းနေထိုင်ဆက်ဆံကြရန်ဖြစ်ပါသည်။ မာနကြီးသူ,ဘဝင်မြင့်သူသည် လူမုန်းခံရ၍ လျှောကျဆုတ်ယုတ်ပျက်စီးတတ်သည်။

သန္တုဋ္ဌိမင်္ဂလာ

ဂါရဝနှင့် နိဝါတမင်္ဂလာတို့က အဆင့်အတန်းမြင့်အောင် မြှင့်တင်ပေးသည့်အတွက် သန္တုဋ္ဌိမင်္ဂလာသည် တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်အောင် ကြိုးစားရာတွင် အဆင့်မကျော်, လောဘမကြီး, ရိုးရိုးကျင့် မြင့်မြင့်ကြံရမည်ဟု ဆိုလိုပါသည်။

ကတညုတမင်္ဂလာ

မင်္ဂလာတို့ဖြင့် ဖြည့်ကျင့်၍ တိုးတက်လာသော ကိစ္စများနှင့် အောင်မြင်မှု အရပ်ရပ်တို့ကို ရရှိခဲ့မှုတွင် **မည်သူတို့က**ဝိုင်းပြီး ကျေးဇူးပြုပေးလိုက်ကြသနည်း။ ဝိုင်းဝန်းထောက်ပံ့ကူညီ ချီးမြှောက်မှုများ ဧကန်ရှိ၍သာလျှင် ပြည့်စုံအောင်မြင်ရခြင်းဖြစ်သောကြောင့် မိမိတို့အပေါ် ကျေးဇူးရှင်တို့က ပြုထားသောကျေးဇူးများကို မေ့မထားဘဲ၊ သိရုံတင်မက မိမိအပေါ် ကျေးဇူးရှိကြောင်း ထုတ်ဖော်ပြီး လက်တွေ့ကျကျ 'ကတညုတမင်္ဂလာ'နှင့်အညီ ကျေးဇူးပြန်ဆပ်ရပါမည်။

မဂ်လာမြတ် လေ့ကျင့်အပ်

အောက်ပါပုဂ္ဂိုလ်တို့၌ အဘယ်မဂ်လာများ (ပြည့်စုံ) သို့မဟုတ် (ပျက်)သနည်း။

* မထီလေးစားမနေသူ၊ မခန့်လေးစား မပြောသူ၊ .. .. (၂၂)
* ရိုသေထိုက်သူတို့နှင့် ရင်ဘောင်တန်း၍ လမ်းမလျှောက်သူ၊ .. .. (၂၂)
* ဆရာ,မိဘအရှေ့မှာ ကိုယ်ကိုကိုင်းညွှတ်၍သွားသူ၊ .. .. (၂၂)
* မာနမကြီး, ဘဝင်မမြင့်သူ၊ အောက်ခြေမလွတ်သူ၊ .. .. (၂၃)
* ပညာတတ်,ရုပ်ချော,ဥစ္စာပေါသော်လည်း ပုံမှန်နေထိုင်ဆက်ဆံတတ်သူ၊ (၂၃)
* ပစ္စည်းဥစ္စာရှာဖွေရာ၌ စာနာမှုရှိသူ၊ လောဘအလိုသို့မလိုက်သူ၊.. .. .. .. (၂၄)
* ရသမျှဖြင့် စိတ်ကိုဖြေသိမ့်တတ်သူ၊ ရသင့်သည်ထက် ပို၍မလိုချင်သူ၊ (၂၄)
* ရဟန်းသံဃာ မိဘနှင့်ဆရာသမားတို့၏ ကျေးဇူးကိုသိသူ၊ .. .. (၂၅)
* ကိုယ့်ကိုကူညီသူကိုပြန်၍ကူညီသူ၊ သူ့အရိပ်ခိုပြီး သူ့အခက်မချိုးသူ၊ (၂၅)
* သင့်လျော်သောအခါ တရားနာသူ၊ တရားစာဖတ်သူ၊ .. .. (၂၆)
* ယဉ်ကျေးလိမ္မာ, မဂ်လာ, အဘိဓမ္မာသင်တန်းများတက်သူ၊.. .. .. (၂၆)
* တရားနာယူရာတွင် စူးစိုက်လျက် ရိုသေလေးစားစွာ နာကြားသူ၊ .. .. (၂၆)

* စိတ်ထားဖြူစင်မြင့်မားရေးမဂ်လာ ၅–ပါးတို့ကို ဆိုင်ရာမဂ်လာ ပါဠိ, မြန်မာပြန် မဂ်လာကဗျာတို့ကို ပူဇော်ခဲ့ပါ။
* မဂ်လာယဉ်ကျေးမှုနှင့် ဗြဟ္မဝိဟာရတရားတို့ကို ယှဉ်စပ်၍ ဖေါ်ပြပါ။
* ဂါရဝတရား ၁၀–ပါး၊ ဂုဏ်ကြီးသူ,အသက်ကြီးသူတို့ကို ပူဇော်ခဲ့ပါ။
* မာန်မာန ၉–မျိုးနှင့် မာနဓ၏အရင်းခံလက်သည်များကို သင်သိမျှဖြေဆိုပါ။
* ဂါရဝနှင့် နိဝါတတို့အထူး, စပ်ယှဉ်ပုံနှင့် နိဝါတမဂ်လာအကျိုးတို့ကို ဖြေဆိုပါ။
* ကျေနပ်နှစ်သိမ့်နိုင်ခြင်းဟူသော သန္တုဋ္ဌိ အမျိုးမျိုးတို့ကို ဆိုင်ရာဆိုင်ရာဖြေဆိုပါ။
* ရောင့်ရဲခြင်းသည်အမြတ်ဆုံးဥစ္စာဖြစ်ခြင်းနှင့် မရောင်ရဲသင့်မှုများကိုလည်းဖေါ်ပြပါ။
* ကတညုတမဂ်လာအကျိုးနှင့် ကျေးဇူးမသိခြင်းကြောင့် ကျေးဇူးယုတ်ခြင်းကိုဖြေပါ။
* ရှေ့ဦးစွာ ကျေးဇူးပြုတတ်သူများနှင့် ကျေးဇူးအမျိုးမျိုးရှိခြင်း တို့ကိုဖြေဆိုခဲ့ပါ။
* 'ကာလေန ဓမ္မသဝန'မှ ဓမ္မ–တရား၊ တရားဟော၊ တရားနာပုဂ္ဂိုလ်တို့ကိုရေးပါ။
* 'ကာလေန ဓမ္မသဝန' မဂ်လာအကျိုးနှင့် ကာလေန–အရ သင့်လျော်သောအချိန်တို့ကို ဖြေဆိုပါ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မဂ်လာ။"

အခန်း(၈)

သည်းခံခြင်းစသောမဂ်လာ ၄-ပါး

ရှင်တော်ဘုရား ဟောကြားတော်မူသော မဂ်လာတရားတော်မြတ်သည် တရားတော် အစဉ်အရ- ပထမ, ဒုတိယအရွယ် မဂ်လာတို့နှင့် ပြည့်စုံပြီးလျှင် တတိယအရွယ်မဂ်လာတို့ကို တက်လှမ်းလာခဲ့ရာ စိတ်ထားဖြူစင်မြင့်မားရေး မဂ်လာ ၅-ပါးတို့ကို ဖြည့်ကျင့်ပြီးဖြစ်၍ တတိယအရွယ်, တရားရှာသောအရွယ်, မိမိနှင့်သူတစ်ပါး နှစ်ဦးစလုံးကောင်းစားရေးမဂ်လာများ ဆက်လက်ဖြည့်ကျင့်နိုင်ရန်အတွက် သည်းခံခြင်းစသောမဂ်လာ ၄-ပါးတို့ကို ဟောတော်မူပါသည်။

ကမ္ဘာသူ, ကမ္ဘာသားတွေ ခန္ဓာမဂ်လာထိအောင် ကျင့်နိုင်မှလည်း လူ့လောကတည်တံ့ရေးဖြစ်နိုင်ပါတယ်။ 'ဂါရဝ', 'နိဝါတ'တို့က မာန်မာနမရှိဖို့, 'သန္တုဋ္ဌိ'က လောဘမကြီးဖို့, 'ကတညု'က ကျေးဇူးသိတတ်ဖို့အတွက် အမြဲတမ်းဖုံးလွှမ်းနေတဲ့ မောဟကို ဖယ်ခိုင်းခြင်းဖြစ်ပြီး, 'ခန္တီ'တရားဆိုသည်က ဒေါသ ကို ပယ်ခိုင်းခြင်းဖြစ်ပါသည်။ မာန, လောဘ, မောဟ, ဒေါသတို့ကို မဂ်လာတရားတို့က မဂ်လာအစဉ်နှင့်အမျှ အဆင့်ဆင့် ပယ်နေခြင်းပင်ဖြစ်ပါသည်။

သည်းခံခြင်းစသော မဂ်လာ ၄-ပါးတို့ကို လေ့လာ, ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွါးများနိုင်ရန်အတွက်-

* တွေ့ကြုံရသော အခက်အခဲများကို စိတ်မပျက်ဘဲ သည်းခံကျော်လွှားရန်လိုအပ်ကြောင်း, စိတ်ရှည်ခွဲသန် သည်းညည်းခံရေး, ခေါင်းဆောင်ကောင်း, ဆရာကောင်းဖြစ်ရေးအတွက် 'ခန္တီ စ' ပုဒ်,
* လမ်းညွှန်ချက်ကို လက်ခံကျင့်သုံးရေး, တပည့်ကောင်း နောက်လိုက်ကောင်းဖြစ်ရေး, မဂ်လာစီမံကိန်းအောင်မြင်ရေးအတွက် 'သောဝစဿတာ' ပုဒ်,
* လောဘ, ဒေါသ, မောဟနည်းပါး အဂတိမလိုက်စားဘဲ ဣန္ဒြေငြိမ်သက်သည့် ရဟန်းပုဂ္ဂိုလ်များနှင့်တွေ့ဆုံရေးအတွက် 'သမဏာနဉ္စ ဒဿနံ' ပုဒ်,
* မဂ်ဖိုလ်နိဗ္ဗာန်ရရှိရေးအတွက် ကျင့်ကြံအားထုတ်ရာတွင် မှန်ကန်သည့်ကျင့်ထုံးကျင့်နည်းကို သိမြင်နားလည်ရေးအတွက် ဆွေးနွေး မေးမြန်းရန်လည်းလိုအပ်ကြောင်း 'ကာလေန ဓမ္မသာကစ္ဆာ' ပုဒ်,

တို့ကို ဤအခန်းတွင်တင်ပြပါမည်။

(၈) သည်းခံခြင်းစသောမင်္ဂလာ ၄-ပါး			
၂၇	ခန္တီစ	သည်းခံမင်္ဂလာ	ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း သည်းခံလေ။
၂၈	သောဝစဿတာ	နာခံလွယ်မင်္ဂလာ	ကြောင်းကျိုးပြည့်ဆုန် ဆုံးမစကားကို၊ ပြောကြားလာက နာလွယ်စေ။
၂၉	သမဏာနဉ္စ ဒဿနံ	သူမြတ်ဖူးမြော်မင်္ဂလာ	သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊ မကြာခဏ တွေ့ဆုံလေ။
၃၀	ကာလေန ဓမ္မသာကစ္ဆာ	တရားဆွေးနွေးမင်္ဂလာ	သဘာဝတွေး မှန်ကန်ရေး၊ ဆွေးနွေး မပြတ်ပေ။
	ဧတံ မင်္ဂလ'မုတ္တမံ	အဲဒါ မင်္ဂလာ ၄-ဖြာ၊	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

❖ မင်္ဂလာဂါထာ

၂၇။ ခန္တီ စ
၂၈။ သောဝစဿတာ
၂၉။ သမဏာနဉ္စ ဒဿနံ
၃၀။ ကာလေန ဓမ္မသာကစ္ဆာ
ဧတံ မင်္ဂလ'မုတ္တမံ

မင်္ဂလာမြန်မာ

- (မြေကြီးပမာ) အရာရာ၌ သည်းခံခြင်း၊
- ဆုံးမခံယူ လွယ်ကူသောသူဖြစ်ခြင်း၊
- ရဟန်းတော်တို့ကို ဖူးမြင်ရခြင်း၊
- သင့်လျော်ရာအခါ၌ ပညာရှိတို့နှင့် တရားဆွေးနွေးခြင်း၊
- ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

➡ မင်္ဂလာကဗျာ

- မခံသာ ဆဲဆိုရိုက်သော်လည်း၊ သည်းခံလိုက်စေချင်၊
- ကျိုးရှိအောင် ဆိုသမျှကို၊ နားသောတဆင်၊
- ငြိမ်သက်တဲ့ ရဟန်းရှင်ကို၊ ဖူးမြင်ကွယ်မမှား၊
- သင့်တော်ရာ တရားဆွေးနွေးကာဖြင့်၊
  အေးဆေးစွာ မင်္ဂလာပြုရမယ်၊ လေးစုတရား။

ပညာရှိနှစ်ဦး ဆွေးနွေးခန်း

အဓိပ္ပါယ်အကျဉ်း။ ။ ကြီးပွားတိုးတက်လိုပါလျှင် -

(၁) အစားအသောက်၊ အနေအထိုင်၊ ရာသီဥတုတို့ကို သည်းခံတတ်ပါ။ သူတစ်ပါးတို့၏ ပြစ်မှားကျူးကျော်စော်ကားမှုတို့ကိုလည်း မေတ္တာတရားဖြင့် သည်းခံနိုင်အောင် ကြိုးစားပါ။

(၂) မိမိအကျိုးစီးပွားအတွက် ပြောဆိုဆုံးမမှုမှန်သမျှကို လွယ်လွယ်ကူကူလက်ခံပါ။ စကား နားထောင်တတ်ပါစေ။

(၃) သူတော်ကောင်း ရဟန်းတော်များကို ဖူးမြော်ပါ။

(၄) သင့်လျော်သောအခါ တရားဆွေးနွေးမေးမြန်းပါ။

ကြီးပွားတိုးတက် ပါလိမ့်မည်။

အရွယ်အပိုင်းအခြားနှင့် ပြည့်စုံရမည့်မင်္ဂလာတရားအစဉ်နှင့် အရေအတွက်						
ပထမအပိုင်း	(၁) ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ	၃-ပါး	ဦးဆုံးကာလ	ပထမတန်းကျောင်းသား	(၀၄ နှင့် ၁၀)	၁-၁၀ (၁၀)
	(၂) နေထိုင်ရေးမင်္ဂလာ	၃-ပါး				
	(၃) သင်ကြားရေးမင်္ဂလာ	၄-ပါး				
ဒုတိယအပိုင်း	(၄) ပြုစုလုပ်ကျွေးရေးမင်္ဂလာ	၃-ပါး	ကြားကာလ	ဒုတိယတန်းကျောင်းသား		၁၁-၂၁ (၁၁)
	(၅) ကူညီဆောင်ရွက်ရေးမင်္ဂလာ	၄-ပါး				
	(၆) ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ	၄-ပါး				
တတိယအပိုင်း	(၇) စိတ်ထားဖြူစင်မြင့်မားရေးမင်္ဂလာ	၅-ပါး	နောက်ဆုံးကာလ	တတိယတန်းကျောင်းသား		၂၂-၃၈ (၁၇)
	(၈) သည်းခံခြင်းစသောမင်္ဂလာ ၄ပါး	၄-ပါး				
	(၉) ခြိုးခြံခြင်းစသောမင်္ဂလာ	၄-ပါး			ကျန်ကျောင်းသား	
	(၁၀) စိတ်ထားခိုင်မာရေးမင်္ဂလာ	၄-ပါး				

အထက်ဖော်ပြပါ မင်္ဂလာသရုပ်ဇယားကို လေ့လာသုံးသပ်လိုက်ပါလျှင် ဖြည့်ကျင့်အပ်ပြီးသော(၁-၂၆)မင်္ဂလာသည် လောကီပိုင်းဆိုင်ရာ ထိုက်သင့်သလောက် ပြည့်စုံလာပြီ ဖြစ်၍ ကျန်ရှိသော လောကီမင်္ဂလာဆိုင်ရာ စိတ်မာတ်မြင့်မြတ်ရေး, သဘောတရားရင့်ကျက်ခိုင်မာရေး, အချင်းချင်း သွေးစည်းညီညွတ်ရေး မင်္ဂလာတို့ကို ဆက်လက်ဖြည့်ကျင့်ကြပြီး လောကီကြီးပွားရေးမင်္ဂလာများကို ပြည့်စုံစေပါမည်။ .. .. ..

၂၇။ ခန္ဓိ စ သည်းခံမင်္ဂလာ

(မြေကြီးပမာ သည်းခံရေးမင်္ဂလာ)

{ **ခမနံ–ခန္ဓိ–** သည်းခံခြင်း(အမျက်မထွက်ခြင်း)၊ }

အရာရာ၌ သည်းခံ–စိတ်ရှည်ခြင်း၊ စိတ်မတိုခြင်း စသည်တို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

သူတော်ကောင်းတရားကို နာကြားရခြင်း 'ခမ္မသဝန မင်္ဂလာ'ကို ရရှိသော ပုဂ္ဂိုလ်၌ သည်းခံခြင်း 'ခန္ဓိမင်္ဂလာ' ဖြစ်ရန် လျော်ကန်လှသောကြောင့် 'ခန္ဓိ စ'ဟု ဆက်လက် ဟောကြားတော်မူပါသည်။

ရှင်တော်မြတ်ဘုရားက ရဟန်းတော်များအတွက် သိက္ခာပုဒ်များကို မပညတ်မီ ခန္ဓိတရား၏ အရေးပါပုံကို သြဝါဒပေးရာ၌ **"ခန္ဓိ ပရမံ တပေါ တိတိက္ခာ** = တိတိက္ခာဟုခေါ်သော ခန္ဓိတရားသည် မြင့်မြတ်သောအကျင့် ဖြစ်၏။"ဟု မိန့်ကြားတော်မူခဲ့ပါသည်။ ထို့ပြင် **'ခန္တျာဘိယျော နု ဝိဇ္ဇတိ** = သည်းခံခြင်းထက် လွန်မြတ်သောစွမ်းအားသတ္တိ မရှိ'ဟု ချီးကျူးတော်မူပါသည်။ သို့ဖြစ်၍ ခန္ဓိတရားကို လက်ကိုင်ထားနိုင်သည်နှင့်အမျှ ကုသိုလ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့၌ တိုးတက်ကြီးပွား အောင်မြင်ကြမည်သာ ဖြစ်ပေသည်။

ခေါင်းဆောင်နှင့်နောက်လိုက်၊ လူကြီးနှင့်လူငယ်၊ ဆရာနှင့်တပည့်တို့တွင် နောက်လိုက်,လူငယ်,တပည့်များထက် ခေါင်းဆောင်,လူကြီး,ဆရာများက ပို၍ သည်းခံတတ်ရပါမည်။ ခေါင်းဆောင်,လူကြီး,ဆရာများ ခန္ဓိတရားလက်ကိုင်မထားဘဲ မင်္ဂလာပျက် စိတ်ဆိုးအမျက်ထွက်ပါက ရိုးရိုးလူများ စိတ်ဆိုးသည်ထက် ပို၍ဆိုးကျိုးဒုက္ခများ ပိုမိုသာလွန်ပြီးဖြစ်တတ်သောကြောင့်ဖြစ်ပါသည်။

စိတ်ဆိုးအမျက်ထွက်သူအပေါ်မှာ ပြန်၍စိတ်ဆိုးသူသည် ယုတ်ညံ့သူသာ ဖြစ်ပါသည်။ စိတ်ဆိုးအမျက်ထွက်သူကို ပြန်၍စိတ်မဆိုးဘဲ သည်းခံသူကသာ **အောင်နိုင်ခဲသောစစ်ပွဲကို အောင်နိုင်သူ** မည်ပါသည်။ သူတစ်ပါး အမျက်ထွက်တာကိုသိရ၍ သတိတရားနှင့် သည်းခံသူသည် မိမိ,သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်ရာရောက်ပါသည်။

လမ်းညွှန်။ ။ 'ခန္တီ စ'မဂ်လာသည် တရားနာပြီးနောက် တရားတော် အတိုင်း စားရေး၊ ဝတ်ရေး၊ နေထိုင်ရေး၌ တွေ့ကြုံရသော အခက်အခဲများနှင့် တရားမမှန်ဖွေရာ၌ တွေ့ကြုံရသောအခက်အခဲများကို စိတ်မပျက်ဘဲ သည်းခံကျော်လွှားရန်လိုအပ်ကြောင်း ခန္တီမဂ်လာက စိတ်ရှည်,ဇွဲသန် သည်းညည်းခံရေး၊ ခေါင်းဆောင်ကောင်း၊ ဆရာကောင်းဖြစ်ရေး အတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ **ခန္တီပါရမီသာပျက်လျှင် ကြွင်းပါရမီအားလုံး ပျက်နိုင်၏။**
ခန္တီတရားမြတ်သည် ကုသိုလ်တရားတို့၏ ခေါင်းဆောင်။

* **ငုံ့ခံတာ ခန္တီမဟုတ်**– သည်းခံခြင်း ခန္တီမဂ်လာသည် ငုံ့ခံရန် ရည်ညွှန်းလိုခြင်းမဟုတ်ပါ။ ဒေါသတရား ရှေ့မထားရန်၊ ဒေါသဖြင့် မဆုံးဖြတ်ရန်၊ ဇွဲသတ္တိရှိရန်၊ အကြမ်းဖက်မှုကို အနှုန့်သာ အနိုင်ယူရန် ဖြစ်ပါသည်။
* **သည်းခံခြင်းသည် အရုံးပေးခြင်းမဟုတ်** –
ဘုရားရှင်က ဓမ္မပဒ–၌ **'အက္ကောဓေန ဇိနေ ကောဓံ'** = 'စိတ်ဆိုးသူကို စိတ်မဆိုးခြင်းဖြင့် အနိုင်ယူရမည်'ဟု ဟောတော်မူထားပါသည်။ ထို့ကြောင့် သည်းခံခြင်းသည် အရုံးပေးခြင်းမဟုတ် = အနိုင်ယူခြင်းသာဖြစ်ပါသည်။
* ဇွဲသတ္တိကို ဖြစ်ပေါ်စေတတ်သော မဂ်လာ ဖြစ်ပါသည်။

"ခန္တီ စ" မဂ်လာဖြစ်သူ

ဒေါသမဖြစ်အောင် စိတ်ချုပ်တည်း သည်းခံသူ၊ ဒေါသမကြီးသူ၊ သူတစ်ပါးက နောက်ပြောင် စွပ်စွဲရန်စသော်လည်း စိတ်မဆိုးသူ၊ စိတ်ရှည်သူ၊ အလုပ်လုပ်ရာတွင် စေ့စေ့စပ်စပ်ရှိသူ၊ ရန်မလိုသူ၊ အာဃာတ,ရန်ငြိုးမထားသူ၊ သူတစ်ပါးအပြစ်ကို ခွင့်လွှတ်တတ်သူ၊ သဘောထားကြီးသူ၊ ဇွဲကောင်းကောင်းဖြင့် ကောင်းမှုကုသိုလ် အတွက် အသေခံရဲသူ၊ ရဲစွမ်းသတ္တိရှိသူ၊ မိမိကအပေါ်စီးရနေသော်လည်း အနိုင် မယူသူ၊ ရန်မပြုတတ်သူ၊ အများနှင့်သင့်မြတ်အောင် နေတတ်သူ၊ ပြဿနာကို ခေါင်းအေးအေးထားပြီး ဖြေရှင်းတတ်သူ၊ ဒေါသရှေ့ထား မဆုံးဖြတ်သူ၊ စိတ်လိုက် မာန်ပါမလုပ်တတ်သူ စသည်..

ခန္ဓာ – **သည်းခံမှု**ကို စွဲမြဲစွာကျင့်သုံးနိုင်ရေးအတွက် **ဒေါသ၏အပြစ်** နှင့် **သည်းခံခြင်း၏အကျိုး**တို့ကို အဖန်ဖန် ဆင်ခြင်အပ်၏။

"ခန္ဓာ ၈" မင်္ဂလာ အကျိုး

လူချစ်လူခင်များခြင်း၊ ရန်မများခြင်း၊ အမှားနည်းခြင်း၊ မတွေ့မဝေသေရခြင်း၊ သေပြီးလျှင်လည်း ကောင်းရာသုဂတိရောက်ရခြင်းဟူသော အကျိုး ၅–ပါး ရ၏။

* လူ့လောကတည်ဆောက်ရေးအတွက် အရေးကြီးလှသော **ဓွဲသတ္တိ**ကို ဖြစ်စေ၏။

* **ကီ,ကုတ် နှစ်တန်၊ ကျိုးများရန်က၊ သည်းခံကြ၊ မုချ မင်္ဂလာ။**

ခန္ဓာ၏သဘောလက္ခဏာ

မိမိက အင်အားကြီးမားသူဖြစ်၍ အနိုင်ယူခြင်းသည် နောင်တမလွန်ဘဝတွင် အကျိုးယုတ်ဖို့ ရှိပေသည်။ မနိုင်ပါဘဲလျက် သည်းမခံဘဲ အံတုဖက်ပြိုင်ခြင်းသည် ယခုချက်ချင်း အကျိုးယုတ်နိုင်ပါသည်။ နိုင်ခြင်း, ရှုံးခြင်းသည် ခန္ဓာမင်္ဂလာနှင့် မဆိုင်ပါ။ မိမိက အင်အားကြီးမား၍ နိုင်သည်ဖြစ်စေ၊ အင်အားသေး၍ရှုံးသည်ဖြစ်စေ တစ်ဖက်သားနှင့်ဆက်ဆံရာ၌ မိမိ၏ **'ဒေါသ'ကို ချုပ်တည်းထားမှု**သည်သာ 'ခန္ဓာမင်္ဂလာ'၏သဘော ဖြစ်ပါသည်။

ခန္ဓာဟူသည် တရားကိုယ်အားဖြင့် အမျက်မထွက်ခြင်း လက္ခဏာရှိသော **'အဒေါသစေတသိက်'** ဦးဆောင်သည့် ကုသိုလ်စိတ်, စေတသိက် တရားအစု ဖြစ်၏။ (တစ်နည်း)– အမျက်ဒေါသ မဖြစ်စေရန်တားဆီးသည့် အခြင်းအရာအားဖြင့် ဖြစ်သော 'အဒေါသစေတသိက်'ပင်ဖြစ်သည်။ (ဗုဒ္ဓဝင်၊ ၁၊ ၁။ မော)

ဤမင်္ဂလာ၌ ခန္ဓာ၏သဘောလက္ခဏာကို သိရှိရန် လိုအပ်၏။ သာမန်အားဖြင့် အမျက်မထွက်ခြင်းနှင့် သည်းခံခြင်းတို့ကို 'ခန္ဓာ'ဟုခေါ်ဆိုနေကြသည်။ သို့သော် ဤတရားနှစ်မျိုးတို့သည် ကွဲပြားခြားနားကြ၏။ သူတစ်ပါးက ပြုလုပ်လာသော ကိုယ်,နှုတ် ကျူးလွန်မှုတို့ကို **ဒေါသမထွက်–အမျက်သိမ်းဆည်း** သည်းခံခြင်းသည်သာ ခန္ဓာ မည်၏။ ခန္ဓာဝါဒီဇာတ်၌ ကလာဗုမင်းသည် ရှင်ရသေ့ကို အသက်ဆုံးသည့်တိုင်အောင် ကိုယ်,နှုတ်တို့ဖြင့် ကျူးလွန်ပြစ်မှား၏။ ရှင်ရသေ့သည် လွန်ကျူးမှုမှန်သမျှကို သည်းခံတော်မူ၏။ ဤသို့ သည်းခံခြင်းသည် ခန္ဓာ မည်၏။

အမျက်ထွက်ခြင်း (သည်းခံခြင်း၏ ဆန့်ကျင်ဘက်)

အမျက်ထွက်ခြင်းဟူသည် သတ္တဝါတို့၏ သန္တာန်၌ ဒေါသစိတ် ဖြစ်ပေါ်ခြင်းတည်း။ ဒေါသ၏ လက္ခဏာသဘာဝသည်- "ဒေါသသည် တုတ် လုံတံဖြင့် ပုတ်ခတ်အပ်သော မြွေကဲ့သို့ 'ကြမ်းတမ်းခြင်းလက္ခဏာ' ရှိ၏။ မိုးကြိုးစက်ကျရောက်သကဲ့သို့ တစ်ကိုယ်လုံး၌ အနိဋ္ဌရုပ်များ ပျံ့နှံ့ခြင်းကိစ္စ ရှိ၏။ (၀ါ) တောမီးကဲ့သို့ မိုရာပုဂ္ဂိုလ်ကို ပူလောင်စေခြင်းကိစ္စ ရှိ၏။ ရအပ်သောအခွင့်ရှိသော ရန်သူကဲ့သို့ ဖျက်ဆီးတတ်သောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။ **အဆိပ်နှင့်ရောနှောအပ်သော ဆေး**ကဲ့သို့ ရန်ငြိုးဖွဲ့ခြင်းလျှင် နီးစွာသောအကြောင်း ရှိ၏။" ဟူ၍ဖြစ်၏။ (ဘိ၊ ၆၊ ၁။ ၂၉၉)

သည်းခံခြင်း၏ ဆန့်ကျင်ဘက်သည် အမျက်ထွက်ခြင်းပင် ဖြစ်ပါသည်။ **အမျက်ထွက်ခြင်း အကြောင်းတရား ၉-ပါး** ရှိ၏။ သရုပ်အားဖြင့်ပြဆိုရသော်-

ဤသူသည် ငါ၏**အကျိုးစီးပွားမဲ့**ကို-

(က) ရှေးကပြုခဲ့ဖူးပြီ၊ (ခ) ယခုလည်း ပြုနေဆဲ၊ (ဂ) နောင်အခါလည်းပြုလတ္တံ့ ဟု

* မိမိကိုယ်ကို အကြောင်းပြု၍ အမျက်ထွက်ခြင်း ၃-ပါး၊
* မိမိ၏မိတ်ဆွေကို အကြောင်းပြု၍ အမျက်ထွက်ခြင်း ၃-ပါး၊

ဤသူသည် ငါရန်သူ၏**အကျိုးစီးပွား**ကို-

* မိမိ၏ရန်သူကို အကြောင်းပြု၍ အမျက်ထွက်ခြင်း ၃-ပါး၊

(အံ၊ ၃၊ ၂၀၈။)

(တစ်နည်း) **အမျက်ထွက်ခြင်း အကြောင်းတရား ၄-ပါး**

(၁) ပင်ကိုယ်အားဖြင့် ဒေါသဓာတ်ခံရှိခြင်း၊
(၂) စိတ်သဘောထား သေးသိမ်ခြင်း၊
(၃) အကြားအမြင် နည်းပါးခြင်း၊
(၄) မနှစ်သက်သောအာရုံနှင့် တွေ့ရခြင်း၊ တို့ဖြစ်သည်။ (သင်ဘာဋ္ဌ။ ၄၁)

သည်းမခံခြင်း၏ အပြစ်

သည်းခံခြင်း မရှိသူ၌ အပြစ် ၅-မျိုး ဖြစ်လာနိုင်သည်။ ယင်းတို့မှာ- လူအများ မုန်းတီးခြင်း၊ ရန် များခြင်း၊ အပြစ် များခြင်း၊ တွေဝေစွာ သေရခြင်း၊ အပါယ်သို့ လားရောက်ရခြင်းတို့ဖြစ်ပါသည်။

ခန္ဓာတရားအရေးထား

ပွင့်တော်မူသွားရှာကြသော ဘုရား, ပစ္စေကဗုဒ္ဓါအပေါင်းနှင့်တကွ ရဟန္တာ အရိယာသူတော်စင်အပေါင်းသည် 'ခန္ဓာတရားကို အရင်းထားပြီး' နိဗ္ဗာန်တိုင်အောင် ကူးမြောက်သွားကြပါသည်။

ပါရမီဆယ်ပါးတွင်လည်း ဒါနပါရမီကို စတင်အရင်းခံပြီး ခန္ဓာပါရမီကိုလည်း ဘဝပေါင်းများစွာ ဖြည်းဆည်းခဲ့ကြရပါသည်။ ခန္ဓာပါရမီများကို ဖြည့်ဆည်းခဲ့သည့်အတွက်ကြောင့် "မာရ် ငါးပါး"တွေကိုပါအောင်မြင်ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းဖြစ်ပါသည်။ အများသိကြပြီးဖြစ်သော အောင်ခြင်းရှစ်ပါးတွင်လည်း မာရ်နတ်နှင့်တကွ ရှစ်ဦးသောသတ္တဝါတို့၏ ရန်အပေါင်းကိုလည်း ဤ ခန္ဓာသတ္တိ–ခန္ဓာမင်္ဂလာ ဖြင့်ပင် အောင်မြင်တော်မူပါသည်။

အမျိုးမျိုးသောနည်းတို့ဖြင့် ကျူးလွန်စော်ကားလာသည်ကို မိမိကပြုလုပ်တုံ့ပြန်ခြင်းငှာ စွမ်းနိုင်သောအစွမ်းသတ္တိရှိလျက်နှင့် သည်းခံလိုက်ခြင်းသည် မိမိ၌အောက်ကျနောက်ကျ မဖြစ်၊ ညံ့ဖျင်းရာသို့ မရောက်သည့်အပြင် သူတော်ကောင်းပညာရှိများ ချီးမွမ်းထောမနာပြုသော အောင်မြင်ခြင်းမင်္ဂလာကြီးသာဖြစ်၏။

(၁) စိတ်ဆိုးသူကို စိတ်မဆိုးခြင်းဖြင့် အောင်နိုင်ရာ၏။
(၂) မကောင်းသူကို ကောင်းခြင်းဖြင့် အောင်နိုင်ရာ၏။
(၃) စေးနဲသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏။
(၄) စကားမမှန်သူကို စကားမှန်ခြင်းဖြင့် အောင်နိုင်ရာ၏။

သည်းခံခြင်း ၃–ပါး၊ အပြား–၁၀

သည်းခံခြင်း သုံးမျိုးသုံးစားဆိုသည်မှာ–

(၁) ကိုယ်အမှုတို့၌ သည်းခံခြင်း၊ – ကာယဒုစရိုက် ၃–ပါးမှ သည်းခံခြင်း
(၂) နှုတ်အမှုတို့၌ သည်းခံခြင်း၊ – ဝစီဒုစရိုက် ၄–ပါးမှ သည်းခံခြင်း
(၃) စိတ်အမှုတို့၌ သည်းခံခြင်း၊ – မနောဒုစရိုက် ၃–ပါးမှ သည်းခံခြင်း

ကိုယ်,နှုတ်,စိတ် အမှုသုံးပါးတို့၌ သည်းခံခြင်းကို ဒုစရိုက် ၁၀–ပါး တို့၌ သည်းခံခြင်း(ကျူးလွန်ပြစ်မှားခြင်း မဖြစ်ပေါ်ရလေအောင်) ခန္ဓာမင်္ဂလာ တရားတော်ဖြင့် ဟောဖော်ညွှန်ပြခဲ့ပါသည်။

ဝတ္ထု သာဓကများ

ခန္တီဝါဒီရသေ့နှင့် ကလာဗုမင်းအကြောင်း

ခန္တီဝါဒီဇာတ်၌ ဗာရာဏသီပြည်တွင် စစ်သူကြီးတစ်ယောက်သည် ဘုရားလောင်း ခန္တီဝါဒီရသေ့ကို ပြုစုလုပ်ကျွေးလျက်နေ၏။ တစ်နေ့သ၌ ဒေဝဒတ်အလောင်းဖြစ်သော ကလာဗုမင်းသည် သူ၏မိဖုရား, အလုပ်အကျွေးများနှင့်အတူ ဥယျာဉ်ကစားကြပြီး သူနှစ်သက်သော မိန်းမတစ်ဦး၏ရင်ခွင်၌ အိပ်ပျော်သွား၏။ နိုးလာသောအခါ ၎င်း၏ အခြံအရံမိန်းမများကို မမြင်ရ၍ မေးမြန်းကြည့်ရာ ဘုရားလောင်းရသေ့အား ဆည်းကပ်နေကြောင်းသိ၍ မနာလိုဝန်တိုစိတ်ဖြင့် သည်းမခံနိုင်တော့ဘဲ လူသတ်သမားကိုခေါ်၍ ဘုရားလောင်းရသေ့အား ကြိမ်ဒဏ်–နှစ်ထောင် ပေးသည့်အပြင် လက်၊ ခြေ၊ နား၊ နှာခေါင်းတို့ကိုပါ ဖြတ်စေ၍ ရသေ့၏ရင်ဘတ်ကို ကန်လှဲ၍သွား၏။ ဘုရားလောင်းကား အမျက်မထွက် စိတ်မဆိုးဘဲ သည်းခံ၍သာနေ၏။ ကလာဗုမင်းလဲ ဘုရားလောင်း၏ မျက်ကွယ်သို့ရောက်သောအခါ မြေမျိုး၍ အဝီစိငရဲသို့ ရောက်ရလေသည်။ ဘုရားလောင်းကား ထိုကဲ့သို့ ခန္တီပါရမီထူး အဆက်ဆက်ဖြည့်ကျင့်ခဲ့သောကြောင့် နောက်ဆုံးတွင် သဗ္ဗညုဘုရား ဖြစ်လာလေသည်။

ဤသာဓက၌ ဘုရားလောင်း ဘုရားဖြစ်လာရခြင်းမှာ 'ခန္တီမဂ်လာ' အဆက်ဆက် ကျင့်သုံးလာသောကြောင့်ဖြစ်ပြီး၊ ကလာဗုမင်း မြေမျိုး၍ ငရဲရောက်ရခြင်းမှာ ကိုယ့်ထက်သာ မနာလို အမျက်ထွက်၍ သည်းမခံနိုင်မှု "ခန္တီမဂ်လာပျက်"သောကြောင့် ဖြစ်ပါသည်။

အခြားမှတ်သားဖွယ်

* ဘုရားအလောင်းတော် မျောက်မင်းဖြစ်စဉ်ဘဝက ပုဏ္ဏားက ကျောက်တုံးကြီးနှင့်ထုလို့ သွေးတွေဖြိုင်ဖြိုင် ယိုစီးနေရာပေမယ့် ပုဏ္ဏားအား သွေးစက်ခံစေပြီး လမ်းပြခဲ့၏။
* ဆဒ္ဒန်ဆင်မင်းဘဝကလည်း သောနုတ္တိရ်မုဆိုးက အစွယ်လိုချင်တာကို ကြည်ဖြူစွာဖြင့် ဖြတ်ယူခွင့်ပေးခဲ့ပါသည်။
* ဘူရိဒတ္တနဂါးမင်းဘဝကလည်း အလမ္ဗါယ်ဆရာပြုကျင့်သလို သည်းခံခဲ့ပါသည်။
* ဝေဿန္တရာမင်းကြီးဘဝတွင်လည်း သားသမီးတွေကို ပုဏ္ဏားအား ရက်ရက်ရောရော သည်းခံ၍ ပေးလှူခဲ့ပါသည်။

ဤကိစ္စရပ်အသီးသီးသည် ခန္တီဆိုသော သည်းခံနိုင်ခြင်းသတ္တိထူး ကြောင့်သာဖြစ်၏။

+

၂၈။ သောဝစဿတာ နာခံလွယ်မင်္ဂလာ

{ **သောဝစဿတာ**– ဆိုဆုံးမလွယ်သူ့အမှု၏ဖြစ်ကြောင်း၊ }

မိဘ,ဆရာ အထက်လူကြီးစသည်တို့က မိမိအကျိုးရှိအောင် ပြောဆိုဆုံးမလျှင် ဆိုဆုံးမလွယ်ခြင်းစသည်တို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

သည်းခံတတ်သောပုဂ္ဂိုလ်တို့သည် မိဘ,ဆရာ အထက်လူကြီးစသည်တို့၏ ပြောဆိုညွှန်ပြဆုံးမသည်ကို သည်းခံကာ နာယူကျင့်သုံးရန် လွယ်ကူတော့သည် ဖြစ်၍ 'သောဝစဿတာ'မင်္ဂလာကို ခန္ဓာမင်္ဂလာ၏ အခြားမဲ့၌ ဟောတော်မူသည်။

မိဘ,ဆရာ အထက်လူကြီးများ၏ ဆုံးမမှု, လမ်းညွှန်မှု, အမိန့်ပေးမှုတို့ကို ရိုသေလေးစားစွာ လိုက်နာနားထောင်သော သားသမီးများ, တပည့်များ, လက်အောက်ငယ်သားများသည် '**သုဝစ**'ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

သောဝစဿတာ– အပြောအဆိုရလွယ်ကူသော သုဝစပုဂ္ဂိုလ်၏ သန္တာန်မှာ ရှိသော ဆိုဆုံးမလွယ်ကူမှုဂုဏ် မည်၏။ အဘိဓမ္မာသဘောအရ ပြောဆိုဆုံးမလွယ်ကူမှုကို ဖြစ်စေတတ်သော စေတနာပြဋ္ဌာန်းသော 'မဟာကုသိုလ်တရားစု'သည် 'သောဝစဿတာ'မင်္ဂလာ မည်၏။

သူတော်ကောင်းတို့က တရားနှင့်အညီ ဆုံးမစကားပြောကြားသောအခါ စိတ်ပျံ့လွင့်ခြင်း၊ မနှစ်သက်ဟန် အမူအရာပြခြင်း၊ စကားမပြော **တုဏှီဘော**နေခြင်း၊ ဂုဏ်,အပြစ်စသည်တို့ကို စီစစ်ဝေဖန်ခြင်းတို့ မပြုလုပ်ဘဲ အလွန်အကဲ ရိုသေလေးစားစွာ နာခံမှတ်သားခြင်းသည် 'သောဝစဿတာ'မင်္ဂလာ မည်၏။

ပညာရှိသူတော်ကောင်း ဆရာမိဘစသော ပုဂ္ဂိုလ်တို့သည် လောက၏ ရှေ့ဆောင်လမ်းပြများ ဖြစ်ကြသည်။ ထိုသူတို့က တရားနှင့်အညီ ပြောဆိုဆုံးမသည့်အခါ လေးစားစွာမှတ်သားနာယူသူသည် **"ဆုံးမ၍လွယ်ကူသူ"** မည်၏။ မာနကြီးသူ၊ အမျက်ဒေါသပြင်းထန်သူ၊ ပညာမဲ့သူတို့သည် ဆိုဆုံးမစကားကို နာယူခြင်းမပြုကြချေ။ အလေးမမူသည့်သဘောဖြင့် ဆန့်ကျင်ဘက်သော်လည်း ပြုတတ်၏။ ထိုသူတို့၏စကားသည် နှစ်သက်ဖွယ်မရှိ။ **ဆူးကောက်ကဲ့သို့**ကပ်ငြိ တတ်ကြ၏။ ထိုပုဂ္ဂိုလ်များကို **"ဆုံးမရန်ခက်ခဲသူ"**ဟု ဆိုရမည်။

လမ်းညွှန်။ ။ 'သောဝစသတာ'မဂ်လာသည် လောကီရေး လောကုတ္တရာရေးခ်ဋ္ဌ စိတ်ရှည်ခွဲသန် သည်းညည်းခံနိုင်သော်လည်း သူတစ်ပါးက မိမိအား အကျိုးရှိကြောင်းနည်းလမ်းကောင်း ညွှန်ပြ၍ ဆုံးမသွန်သင်အကြံပေး၊ ညွှန်ကြားလာသည်ကို **မာနခံ၍**ဂရုမစိုက်၊ မနာယူ၊ အလေးမထား၊ လက်မခံလျှင် ရသင့်ရထိုက်သော ကောင်းကျိုးများ မရနိုင်ပေ။ သို့ဖြစ်၍ အကျိုးရှိရာရှိကြောင်း သောဝစသတာ မဂ်လာက လမ်းညွှန်ချက်ကို လက်ခံကျင့်သုံးရေး၊ တပည့်ကောင်း နောက်လိုက်ကောင်း ဖြစ်ရေး၊ ဝန်ထမ်းကောင်းဖြစ်ရေး၊ စီမံကိန်းအောင်မြင်ရေးအတွက် လမ်းညွှန်သည်။

မှတ်ချက်။ ။ အတ္တသမ္ဘာပဏိဓိ၊ ဂါရဝ၊ နိဝါတမဂ်လာတို့နှင့်ပြည့်စုံသူများ မှသာ သောဝစသတာဂုဏ်နှင့် ပြည့်စုံနိုင်ပါသည်။

"သောဝစသတာ" မဂ်လာဖြစ်သူ

ဆိုဆုံးမလွယ်သူ၊ ကောင်းမြတ်သည့် အကြံဉာဏ်များကို လွယ်ကူစွာဖြင့် လက်ခံလိုက်နာသူ၊ ဆရာသမား လူကြီးမိဘစကား နားထောင်သူ၊ အမိန့်ကို နာခံတတ်သူ၊ အထက်လူကြီး၏ လမ်းညွှန်ချက်ကို လိုက်နာဆောင်ရွက်သူ၊ မိမိအမှားကို လွယ်ကူစွာဝန်ခံတတ်သူ၊ ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့်ဆိုဆုံးမ အပ်သည် ရှိသော် ရိုသေစွာနားထောင်သူ စသည်..

"သောဝစသတာ" မဂ်လာ အကျိုး

ပြောဆိုဆုံးမ အကြံဉာဏ် ပေးသောပုဂ္ဂိုလ်တို့၏ ဆုံးမသြဝါဒကိုရခြင်း၊ အကြံကောင်း ဉာဏ်ကောင်းတို့ကိုရခြင်း၊ သောဝစသတာဂုဏ်ကို ရနိုင်ခြင်း၊ ဖြစ်တတ်သောအပြစ်တို့မှ ကြိုတင်ကာကွယ်နိုင်ခြင်း၊ အရိယာတို့၏စောင့်ရှောက်မှုကို ခံယူနိုင်ခြင်း၊ လောကုတ်,လောကီ နှစ်လီစီးပွား များပြားတိုးတက်နိုင်ခြင်း၊ ဤဂုဏ်နှင့်ပြည့်စုံသော အိမ်ထောင်စု, မြို့ရွာ, တိုင်းနိုင်ငံတို့သည် တိုးတက်ကြီးပွားနိုင်ခြင်းစသည်..

အကျိုးလိုလားသူ၏ဆုံးမသြဝါဒကို မလိုက်နာ မပြုကျင့်သူများသည်-

* **ပဋ္ဌာ်ရှုပဒေသ၌ ပညာရှိကို** ဆည်းကပ်နေရသော်လည်း ပညာရှိ၏ ညွှန်ကြားမှုကို နာယူမည်မဟုတ်သဖြင့် အခြားသောမဂ်လာများနှင့် ပြည့်စုံသူ မဖြစ်နိုင်ပေ။
* ဆုံးမရန်ခက်ခဲသူကို ပြောဆိုဆုံးမသောအခါ မနှစ်သက်, အမျက်ထွက်၏။

အနာဟောင်းကို ထိခိုက်မိသော် သွေး,ပြည် ယိုထွက်လာသကဲ့သို့ဖြစ်၏။

ရှင်တော်ဘုရားလမ်းညွှန်ချက်

"ယထာဘူတံ ဉာဏယ သတ္ထာ ပရိယေသိတမ္ဘော = အမှန်တရားကို သိဖို့ရန် ဆရာကောင်းကို ရှာမှီးဆည်းကပ်ရမည်"ဟု ဘုရားရှင်က လမ်းညွှန်တော်မူ၏။ ဆုံးမရန်လွယ်ကူသူသည် ဆုံးမသူကို လေးစားရ၏။ တရားကို လက်တွေ့လိုက်နာ ရ၏။ ထိုသူသည် အကျိုးစီးပွားကို ရရှိအောင်ရှာမှီးနိုင်သူဖြစ်၏။ (သံ၊ ၁၊ ၃၄၉)

* ပန်းပဲဆရာ အထုမခံရသောသံတုံးသည် လက်နက်အဖြစ်သို့ မရောက်။
* ကျောက်ဆစ်ဆရာအဖြတ်မခံရသောကျောက်တုံးသည် အရုပ်အဖြစ်သို့ မရောက်။
* ဆရာကောင်းအဆုံးအမ မခံရသောတပည့်သည် သူတော်ကောင်း မဖြစ်။

(ရွှေကျင်ညြ၀ါဒ)

သူတော်ကောင်းဥစ္စာ ၇-ဖြာ

ဆိုဆုံးမ, သွန်သင်မှုနှင့်ဆိုင်ရာ အဆုံးမစကားများသည် အမျိုးမျိုးရှိကြသည့် အနက် လူလိမ္မာ,သူတော်ကောင်းတစ်ယောက် ဖြစ်လာဖို့ရန်အတွက် ခုနစ်ဖြာသော 'သူတော်ကောင်းဥစ္စာ'တို့သည် အဓိက ဖြစ်ပါတော့သည်။

(၁) **သဒ္ဓါ** – ရတနာသုံးပါးကို ယုံကြည်ခြင်း၊ ကံ,ကံ၏အကျိုးကို ယုံကြည်ခြင်း စသည်တို့ဖြစ်၏။ သဒ္ဓါတရားကို 'မြ'ဖြင့် တင်စားဥပမာ ပြုကြ၏။

(၂) **သီလ** – ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ စတုပါရိသုဒ္ဓိသီလ၊ စသည်တို့ဖြစ်ပြီး၊ သီလတရားကို 'ပုလဲ'ဖြင့် တင်စားဥပမာ ပြုကြ၏။

(၃) **သုတ** – ပစ္စုပ္ပန်, သံသရာစီးပွားနှင့်စပ်သော အကြားအမြင် မှတ်သားဖွယ် ဗဟုသုတတို့ဖြစ်ပြီး၊ သုတတရားကို 'သန္တာ'ဖြင့် တင်စားဥပမာ ပြုကြ၏။

(၄) **စာဂ** – လှူဒါန်း, ပေးကမ်းစွန့်ကြဲခြင်းဖြစ်ပြီး၊ စာဂတရားကို ခပ်သိမ်း သောအလိုတို့ကိုပြီးစေတတ်သော မဏိဇောတ 'ပတ္တမြား'ဖြင့် တင်စားကြ၏။

(၅) **ပညာ** – ပစ္စုပ္ပန်, သံသရာစီးပွားတို့ကို မြော်မြင်နိုင်ခြင်း၊ သစ္စာလေးပါး မြတ်တရားတိုကို သိမြင်နိုင်ခြင်းတို့ဖြစ်ပြီး၊ ဝရဖိန် 'ကျောက်'ဖြင့် တင်စားကြ၏။

(၆) **ဟိရီ** – သူတော်ကောင်းတို့၏ ကဲ့ရဲ့ခြင်းကို ရှက်သဖြင့် မကောင်းမှုတို့မှ ရှောင်ကြဉ်ခြင်းဖြစ်ပြီး၊ ဟိရီတရားကို 'ငွေ'ဖြင့် တင်စားဥပမာပြုကြ၏။

(၇) **ဩတ္တပ္ပ**– သံသရာ၌ အပါယ်လေးဘုံမှာ ခံရမည်ကို ကြောက်လန့်သဖြင့် မကောင်းမှုတို့မှ ရှောင်ကြဉ်ခြင်းဖြစ်ပြီး၊ ဩတ္တပ္ပကို 'ရွှေ'ဖြင့် ဥပမာပြုကြ၏။

ဝတ္ထု သာဓကများ

ဘုရားလောင်းဌက်မင်းနှင့် တပည့်ဌက်များအကြောင်း

သကုဏာဇာတ်၌ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းဌက်မင်းသည် တပည့်ဌက်အပေါင်းခြံရုံလျက် တောအရပ်၌ သစ်ပင်ကြီးတစ်ပင်ကို အမှီပြု၍နေ၏။ တနေ့သ၌ ထိုအပင်၏အကိုင်းတို့သည် အချင်းချင်းထိခိုက်ပွတ်တိုက်သဖြင့် အမှုန့်များထွက်လာ၍ အခိုးထလေ၏။ ၎င်းကိုမြင်သော် ဘုရားလောင်းသည် ဌက်တို့အား "ဤသစ်ပင်သည် မကြာမီ မီးလောင်လိမ့်မည်။ အခြားအရပ်သို့ ပြောင်းရွှေ့၍နေသင့်၏"ဟု ဆို၏။ ဆုံးမလွယ်သောဌက်တို့သည် ဘုရားလောင်း၏စကားကို နားထောင်ပြီး အခြားအရပ်များသို့ ပြောင်းရွှေ့သွားကြသဖြင့် မီးဘေးမှကင်းလွတ်ကာ အသက်ချမ်းသာရာ ရကြ၏။ နေရစ်ခဲ့သည့် ဆိုဆုံးမခက်သော ဌက်တို့သည်ကား သစ်ပင်မီးလောင်၍ မီးဘေးသင့်ပြီး သေကြရလေသည်။

ဤသာဓက၌ ဘုရားလောင်းစကားကို နားထောင်သည့်ဌက်များ မီးဘေးမှကင်းလွတ်ရသည်မှာ 'သောဝစဿတာမင်္ဂလာ'နှင့် ပြည့်စုံသောကြောင့်ဖြစ်ပြီး၊ ဆုံးမခက်သောဌက်များ မီးဘေးသင့်ရသည်မှာ "သောဝစဿတာမင်္ဂလာပျက်"သောကြောင့် ဖြစ်ပါသည်။

သားတော်ရာဟုလာ

အရှင်ရာဟုလာသည် သဲများကို လက်ဖြင့်ဆုပ်ကိုင်လျက် "ဤသဲလုံးများနှင့် အမျှ ငါ့ကို ဆုံးမသြဝါဒပေးမည့် ပုဂ္ဂိုလ်များရှိပါမူ ကောင်းလေစွ"ဟု တောင့်တခဲ့၏။ သူတော်ကောင်းစိတ်ဓာတ် အံ့မခန်းဖွယ် ကြည်ညိုဖွယ် ကောင်းလှပါဘိ။

အခြားမှတ်သားဖွယ်-

ဘုရားရှင် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ဆန္ဒသည် မသင့်လျော်သောအမှုကို အကြိမ်များစွာပြု၏။ ရဟန်းများက ဆုံးမသောအခါ မနာခံဘဲ ပြန်လှန်ပြောဆို၏။ ဘုရားရှင် သိတော်မူလေသော်-

"ရဟန်းမည်သည် ဆုံးမခက်သောသဘော မရှိစေရ၊ တရားနှင့်အညီ ဆုံးမခဲ့သော် လွယ်ကူစွာလိုက်နာရမည်။ သဘောထား တင်းမာနေပါက သံဃာစုဝေး၍ ဥတ်ကမ္မဝါစာဖြင့်ဆုံးမရမည်။ ထိုသို့ပြုလုပ်ပါလျက် အယူမစွန့်သော် သံဃာဒိသိသ်အာပတ်သင့်စေ" ဟု သိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။ (ဝိ၊ ၁၊ ၂၇၁။)

၂၉။ သမဏာနဋ္ဌ ဒဿနံ သူမြတ်ဗူးမြော်မင်္ဂလာ

{ **သမဏ**– ဖူးမြော်ထိုက်သူ ရဟန်းပုဂ္ဂိုလ်၊ **ဒဿန**– ဖူးမြော်ခြင်း၊ }

ဣန္ဒြေငြိမ်သက်သော၊ ကိလေသာအပူဓာတ်ငြိမ်းပြီးသော ရဟန်းသံဃာများကို ဖူးမြော်နိုင်ခြင်းစသည်တို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

မိဘ,ဆရာ အထက်လူကြီးများ၏ ဆုံးမမှု, လမ်းညွှန်မှု, သတိပေးမှုတို့ကို ကြီးကျယ်လှစွာသောလာဘ်ကို ရတိသက္ခဲသို့ ဝမ်းမြောက်,နှစ်သက် လိုက်နာသမှု ပြုလုပ်တတ်သောသူသည် သူတော်ကောင်းရဟန်းတို့အား ဖူးမြော်ရခြင်းသည် ကောင်းမြတ်သော မင်္ဂလာကြီးပင်ဖြစ်သောကြောင့် 'သမဏာနဋ္ဌ ဒဿနံ'မင်္ဂလာကို ဟောတော်မူပါသည်။

ဆုံးမမှု,လမ်းညွှန်မှု,သတိပေးမှုတို့ကို နာယူလွယ်သောသူဖြစ်အောင် ကြိုးစားပြီးသောအခါ အခွင့်ရတိုင်း **ချဉ်းကပ် မှီခိုရမည့် ပုဂ္ဂိုလ်**တို့ကို ဖော်ပြလိုသောကြောင့် 'သမဏာနဋ္ဌ ဒဿနံ'မင်္ဂလာကို ဟောတော်မူပါသည်။

ကိလေသာဟူသမျှ **ငြိမ်းအေးပြီးသူ**၊ ကိလေသာငြိမ်းအေးစေရန် ကြိုးစား **အားထုတ်နေဆဲ** ရဟန်းတော်များကို ဆည်းကပ်ခြင်း၊ ပြုစုလုပ်ကျွေးခြင်း၊ သတိရခြင်း၊ တရားနာခြင်း၊ ဖူးမြင်ခြင်းသည် 'သမဏာနဋ္ဌဒဿနမင်္ဂလာ' မည်၏။

သမဏ=ရဟန်း ဟူသည် ကိလေသာအညစ်အကြေးမှ ကင်းဝေးသန့်စင်သူ၊ ပူဇော်အထူးကိုခံယူထိုက်သူ 'အရဟန္တ'(ပါဠိ)မှ (**အရဟန္တ–အရဟန်–ရဟန်–ရဟန်း**) ဆင်းသက်လာသော ဝေါဟာရ ဖြစ်ပါသည်။

ဘုရားရှင်သည် သာသနာတော်၌ ရဟန်း၊ ရဟန်းမ၊ သာမဏေ၊ သာမဏေမ၊ သိက္ခာမာန် ဟူ၍ သာသနာ့ဝန်ထမ်းငါးမျိုးကို ခွင့်ပြုတော်မူခဲ့၏။ ထိုပုဂ္ဂိုလ်တို့ကို **"သီတင်းသုံးဖော် ငါးဦး"** ဟုလည်း ခေါ်ဆိုကြပါသည်။ (ဓာန်။ ၄၄၀–ဂါထာ) (ယခုခေတ်၌ ပေါ်ထွန်းလျက်ရှိသည့် သီလ,သမာဓိ,ပညာ ရှိကြသော **သီလရှင်**တို့ကိုလည်း လက်ရှိ–လက်တွေ့ သာသနာ့ဝန်ထမ်းများဖြစ်၍ ထည့်သွင်းသင့်၏။)

ဒဿန=ဖူးမြင်ခြင်း ဆိုသည်မှာ သာသနာ့ဝန်ထမ်းတို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ အကျင့်သိက္ခာဂုဏ်တို့ကို အာရုံပြု၍ တွေ့ဆုံ–ဖူးမြော်ခြင်းကိုဆိုလို၏။

+

လမ်းညွှန်။ ။ 'သမဏာနဋ္ဌဒဿနမဂ်လာ'သည် ပစ္စုပ္ပန်, သံသရာ နှစ်ဖြာ အကျိုးကို ဖြစ်ထွန်းစေမည့် လမ်းညွှန်ချက်များကို လက်ခံကျင့်သုံးနိုင်ရေးအတွက် ယင်းလမ်းညွှန်ချက်များကို ပေးစွမ်းနိုင်သော၊ လောဘ, ဒေါသ, မောဟ နည်းပါး၊ အဂတိ မလိုက်စားဘဲ ကျွန်ဇြိုင်မ်သက်သည့် ရဟန်းပုဂ္ဂိုလ်များနှင့် တွေ့ဆုံရန်လိုအပ်ကြောင်း 'သမဏာနဋ္ဌ ဒဿနံ' မဂ်လာက ရဟန်းသံဃာများအား ဖူးမြော်ရေး၊ သူတော်ကောင်းများနှင့် တွေ့ဆုံရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။(ကုသိုလ်ရရေးအတွက်) မျက်စိအသုံးချပုံပြ မဂ်လာ ဖြစ်ပါသည်။

"သမဏာနဋ္ဌဒဿန" မဂ်လာဖြစ်သူ

ကျွန်ုပ်သိကျွှာရှိသော ရဟန်းသံဃာများကို ဖူးမြော်သူ၊ သူတော်ကောင်းများနှင့် တွေ့ဆုံသူ၊ ရဟန်းတော်များကို ဆည်းကပ်သူ၊ ရဟန်းတော်များကို ပြုစုလုပ်ကျွေးသူ၊ သံဃာ့ဂုဏ်ကို အာရုံပြု၍ သတိရ, ရှိခိုးသူ၊ တရားနာရန် သံဃာတော်တို့အား ဖူးမြင်တွေ့ဆုံသူ၊ သံဃာတော်တို့အား သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး စသည်တို့ဖြင့် လုပ်ကျွေးလှူဒါန်းသူ စသည်.. .

"သမဏာနဋ္ဌဒဿနမဂ်လာ" အကျိုး

ဘဝပေါင်းတစ်ထောင် မျက်စိရောဂါ ကင်းခြင်း၊ ပူပန်မှု ငြိမ်းအေးခြင်း၊ မျက်စိ ကြည်လင်၍ ရတနာဗိမာန်ဌဖွင့်ထားသော ပတ္တမြားပြတင်းပေါက်နှင့်တူခြင်း၊ ကမ္ဘာတစ်သိန်း နတ်စည်းစိမ် ခံစားရခြင်းစသည့် အကျိုးများရှိ၏ဟု ဖွင့်ဆိုကြ၏။ သံသရာတစ်လျှောက်လုံး ချမ်းသာစေနိုင်သော ကုသိုလ်ကောင်းမှုကို ရရှိနိုင်၏။

ရဟန်းတော်တို့၏ကျေးဇူးကြောင့် လူတော်လူကောင်းများ ပေါ်ထွန်းလာ၏။ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်တတ်ကြ၏။ အများအကျိုးကို သယ်ပိုးဆောင်ရွက်တတ်သည့် စိတ်ဓာတ်များထွန်းကားလာ၏။ စာရိတ္တမြင့်မားလာ၍ လိမ္မာရေးခြား ရှိလာကြ၏။ အမျိုးဘာသာ သာသနာ၏ တာဝန်ကိုထမ်းဆောင်ကြရန် စိတ်ဓာတ်များ အစဉ်ထွန်းကားလျက်ရှိပေသည်။

ရဟန်းအဖြစ်သည် ရခဲလှသည်

ဗုဒ္ဓသာသနာတော်၌ မြင့်မြတ်သော **'ရဟန်း=ပဋ္ဌင်း'**ဟု ဖွင့်ဆိုကြရာတွင် ပဋ္ဌင်းဟူသည်ကား 'ပဋ္ဌဂ်'မှ ဆင်းသက်လာခြင်း ဖြစ်သည်။ (မြန်၊ ဓာန်။ ၂၂၃) ရဟန်းပြုသူသည် ပဋ္ဌဂ် (ပဋ္ဌ+အဂ် = အဂ်ါငါးပါး)နှင့် ပြည့်စုံရ၏။ ငါးပါးဟူသည်– (၁) ရဟန်းလောင်း၏ အရည်အသွေးနှင့်ပြည့်စုံရခြင်း၊ (၂) သိမ်၏ ပြည့်စုံရခြင်း၊ (၃) ပရိသတ် ပြည့်စုံရခြင်း၊ (၄) ဥတ်၏ ပြည့်စုံရခြင်း၊ (၅) ကမ္မဝါစာ၏ ပြည့်စုံရခြင်း၊ တို့ဖြစ်၏။ (ကခ်ီ၊ ၆။ ၁၀၄)

ဒုလ္လဘတရားတို့တွင်လည်း **'ရဟန်းအဖြစ်သည် ရခဲလှသည်'**ဟုပြဆိုထား၏။ ရခဲသောအရာဝတ္ထုဟူ၍ သတ်မှတ်ရာ၌–

– အချိန်ကာ ကြာမြင့်မှ ဖြစ်ပေါ်လာရခြင်း၊

– ဖြစ်ပေါ်လာသော်လည်း အရေအတွက် နည်းပါးခြင်း စသည်ကိုအခြေခံရ၏။

ရဟန်း–ပဋ္ဌင်းဘဝသည် ဘုရားပွင့်တော်မူသောအခါ (၀ါ) သာသနာတော်ပေါ်ထွန်းလာသောအခါ၌သာ ရရှိနိုင်၏။

* ဂေါတမဘုရားလောင်း၏ ဗျာဒိတ်ခံရကာလ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းဝယ် သာသနာတော်သည် ၂၄–ကြိမ်သာ ပေါ်ထွန်းခဲ့၏။ ဘုရားလောင်းသည် ထိုကာလအတွင်း၌ ရဟန်းဘဝကို ၉–ကြိမ်မျှသာ ရရှိခဲ့၏။ (နီ၊ ဘာဋီ၊ ၁။ ၂၄၆)

သာသနာတော်၌ ရဟန်းဖြစ်ပုံအခြင်းအရာသည် အမျိုးအစား ၈–ပါးကွဲပြား၏။ (၁) ဧဟိဘိက္ခုပသမ္ပဒါ၊ (၂) သရဏာဂမနူပသမ္ပဒါ၊ (၃) ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ၊ (၄) ပဉ္စာဗျာကရဏူပသမ္ပဒါ၊ (၅) ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ၊ (၆) ဒူတေနူပသမ္ပဒါ၊ (၇) အဋ္ဌဝါစိကူပသမ္ပဒါ၊ (၈) ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါ တို့ဖြင့် ရဟန်းဖြစ်ကြ၏။

ဘုရားရှင်သည် သာသနာ့ခေတ်ဦးပိုင်းအချိန်၌ ဧဟိဘိက္ခု ခေါ်တော်မူလျက် ရဟန်းပြုပေးတော်မူ၏။ နောင်းခေတ်ကာလ၌မူ ရဟန်း ၈–မျိုးလုံးပင် ဖြစ်ပေါ်လာ၏။ ယနေ့ချိန်တွင်မူ 'ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါ'ဟူသော ဥတ်ကမ္မဝါစာ လေးကြိမ်ရွတ်ဖတ်ခြင်းဖြင့် ရဟန်းဖြစ်သူ တစ်မျိုးသာရှိတော့၏။

သာသနာတော်၌ ဧဟိဘိက္ခုရဟန်းအရေအတွက်မှာ (၂၈၆၄၁) ရှိခဲ့ကြောင်း အရှင်ဗုဒ္ဓဃောသက ရေတွက်ပြသထားပေသည်။ (ဝိ၊ ၆၊ ၁။ ၂၀၅–၇။)

+

ရဟန်း ကျင့်ဝတ် ၆–ပါး

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြား၊ နာဘူးထပ်မံ၊
နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွန်သေချာ။

ရဟန်းဘဝ၏ စွမ်းရည်သတ္တိ

ရဟန်းနှင့် လူ ကွာခြားချက် (၀၊) ရဟန်းဘဝ၏ စွမ်းရည်သတ္တိကိုပေါ်လွင်စေသော အကြောင်းတစ်မျိုးရှိ၏။ တစ်စုံတစ်ယောက်သည် လူဝတ်ကြောင်ဘဝဖြင့် **အရဟတ္တဖိုလ်ကိုရရှိ၍ ရဟန္တာဖြစ်အံ့**။ ထိုပုဂ္ဂိုလ်သည် ရဟန္တာဖြစ်သည့်နေ့မှာပင် ပရိနိဗ္ဗာန်သော်လည်း ပြုရ၏။ ထိုသို့မဟုတ်ဘဲ ဆက်လက်အသက်ရှင်နေလိုပါက ရဟန်းဘဝသို့ ပြောင်းရွှေ့ရပေသည်။ လူဝတ်ကြောင်ဘဝဖြင့်ကား အသက်ရှင်လျက်နေခွင့် မရချေ။ ထိုအကြောင်းကို **ရှင်နာဂသေန က မိလိန္ဒမင်းကြီး**အား ဤသို့ ရှင်းလင်းဖြေဆိုလေသည်။ (ခ၊ ၁၁။ ၂၅၇)

"မင်းကြီး... ။ လူ၏ အသွင်အပြင်သည် မည်ညွတ် အားနည်း၏။ အရဟတ္တဖိုလ်တရားကို ဆောင်ယူထားခြင်းမှာ မစွမ်းနိုင်။ ထို့ကြောင့် အရဟတ္တဖိုလ်သို့ရောက်သော်လူပုဂ္ဂိုလ်သည် ထိုနေ့၌ပင် ပရိနိဗ္ဗာန်လည်း ပြုရ၏။ ဆက်လက်၍ အသက်ရှင်လိုပါက ရဟန်းသော်လည်း ပြုရသည်။ ဤသို့ဖြစ်ရခြင်းသည် အရဟတ္တဖိုလ်၏အပြစ်မဟုတ်။ လူဝတ်ကြောင်ဘဝ၏ အားနည်းချက်ကြောင့်သာဖြစ်ပါသည်။

မင်းမြတ်...။ ဥပမာသော်ကား... ဘုန်းကံနည်းပါးသော အမျိုးယုတ်သော ယောကျ်ားသည် အားနည်းသောကြောင့် ကြီးစွာသောမင်းစည်းစိမ်ကို တည်တံ့အောင် မစွမ်းနိုင်။ ခဏချင်း လျှောကျပျက်စီးသကဲ့သို့ လူဝတ်ကြောင်ဘဝသည်လည်း အရဟတ္တဖိုလ်ကို ဆောင်ထားခြင်းငှာ မစွမ်းနိုင်ချေ။" ဟု မိန့်ကြားလေသည်။

သမဏသုခ ၈–ပါး

ရဟန်းသည် လူသားတို့မရနိုင်သော သမဏသုခ–ချမ်းသာကိုလည်း ရနိုင်၏။ **သောဏကပစ္စေကဗုဒ္ဓါ**၏ ဟောကြားချက်တို့ဖြစ်သည်။ (ဓာ၊ ၄၊ ၅၊ ၂၆၁–၂၇၁။)

(၁) ဥစ္စာ,စပါး သိမ်းဆည်းမှု မပြုရခြင်း၊ (၂) အပြစ်ကင်းသောဆွမ်းကို ရှာမှီးခြင်း၊
(၃) အေးပြီးသောဆွမ်းကို ဘုဉ်းပေးခြင်း၊ (၄) အခွန်အတုတ်မှ ကင်းလွတ်ခြင်း၊
(၅) အသုံးအဆောင်တို့၌ တပ်မက်မှုကင်းခြင်း၊ (၆) လူဆိုးများ၏ လုယက်မှုမှကင်းဆေးခြင်း၊
(၇) မင်းတို့နှင့် ရောယှက်မှုမှကင်းဝေးခြင်း (၈) အတားအဆီးမရှိဘဲ လိုရာသို့သွားနိုင်ခြင်း၊

ဝတ္ထု သာဓကများ

အဇာတသတ်မင်းအကြောင်း

အဇာတသတ်မင်းသည် ခမည်းတော်ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံပြီးသည့်နောက် အိပ်စက်၍မပျော်နိုင်ဘဲ လန့်၍လန့်၍နိုးတတ်ရာ စိတ်သက်သာမှုရရှိစေရန် ဘုရားထံသို့ သွားလိုသော်လည်း ခမည်းတော်ကိုသတ်မှုက ကြီးကျယ်လှသဖြင့် မသွားဝံ့ပေ။ ထိုသို့ ဖြစ်နေရာ တစ်ခုသောတန်ဆောင်မုန်းလပြည့်နေ့၌ ဆရာကြီးဇီဝက၏ အကြံပေးမှုနှင့် အကူအညီကို ရယူ၍ ဘုရားရှင်ထံ ဖူးမြော်ဖို့ရန်သွားသည်။ သူသည် ဣန္ဒြေငြိမ်သက်သော ဘုရားရှင်နှင့်ရဟန်းတော်မြတ်များကို ဖူးမြော်လိုက်ရသည်နှင့်တစ်ပြိုင်နက် စိတ်အေးချမ်းမှု ရရှိသွားသည်။ ထို့နောက် သူ့အား ဘုရားရှင်က ဆက်လက်တရားဟောရာ ဗုဒ္ဓသာသနာ၌ အလွန်ကြည်ညိုသော ဘုရင်တစ်ပါး ဖြစ်လာရလေသည်။ ထို့အပြင် နောင်အခါ၌ ပစ္စေကဗုဒ္ဓါတစ်ပါးဖြစ်မည့် ကုသိုလ်အထောက်အပံ့ကိုလည်း ရရှိသွားလေသည်။ ထိုသို့ အဇာတသတ်မင်း ကောင်းကျိုးများကို ရရှိသွားခြင်းမှာ ဣန္ဒြေငြိမ်သက်သောဘုရားနှင့် ရဟန်းတော်မြတ်များကို ဖူးမြော်မှု "သမဏာနဉ္စ ဒဿနမင်္ဂလာ"နှင့်ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးရှိစဉ်က ဘုရားရှင်ထံ အဖူးအမြော်မသွားဘဲ ဆရာဒေဝဒတ်ထံသို့သာ သွားခဲ့၏။ သို့ဖြစ်၍ ဒေဝဒတ်၏ မကောင်းသောအကြံပေးမှုဖြင့် ခမည်းတော်ကို သတ်ရာ ပိတုဃာတကကံကြီးထိုက်၍ သေသောအခါ ငရဲ ရောက်ရလေတော့သည်။ အကယ်၍ သူသည် ဒေဝဒတ်ထံမသွားပဲ ဘုရားရှင်ထံ ဦးစွာအဖူးအမြော်ရောက်ပါလျှင် ထိုအဖြစ်ဆိုးနှင့် ကြုံတွေ့ရမည် မဟုတ်ပေ။ ယခု အဖြစ်ဆိုးနှင့်ကြုံတွေ့ရခြင်းမှာ ဘုရားရှင်ကဲ့သို့ ဣန္ဒြေငြိမ်သက်လှသည့် သမဏာမျိုးကို မဖူးမြင်မှု 'သာမဏာနဉ္စ ဒဿနမင်္ဂလာပျက်'သောကြောင့် ဖြစ်ပါသည်။

အခြားမှတ်သားပွယ်– ရဟန်းကို ဖူးမြင်ရခြင်းအကျိုးများ

* ရှင်သာရိပုတ္တရာလောင်း ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိထေရ်ကို ဖူးတွေ့ရ၍ ယေဓမ္မ.. အစချီသောဂါထာကို ကြားနာရ၍ တရာထူးရလာခဲ့ပါသည်။
* ဓမ္မာသောကမင်းသည် နိဂြောဓသာမဏေကို ဖူးတွေ့ရပြီး တရားဓမ္မတို့ကိုကြားနာရ၍ သမ္မာအယူရှိသူဖြစ်လာရပြီး တတိယသံဂါယနာ၏ ဒါယိကာဖြစ်လာရပါသည်။
* အနော်ရထာမင်းစောသည် 'ရှင်အရဟံ=ရှင်ဓမ္မဒဿီ'ကို ဖူးတွေ့ရ၍ အဆုံးမရရှိသဖြင့် အရည်းကြီးအယူဝါဒကို စွန့်လွှတ်နိမ်နင်းပြီး မြန်မာနိုင်ငံတွင် ထေရဝါဒ သာသနာကို ထွန်းလင်းတောက်ပြောင်စေခဲ့သည်မှာ ယနေ့တိုင်အောင်ဖြစ်ပါသည်။

၃၀။ ကာလေန ဓမ္မသာကစ္ဆာ တရားဆွေးနွေးမဂ်လာ

{**ကာလေန**-အခွင့်အခါသင့်သောကာလ၊**ဓမ္မ**-တရားစကား၊**သာကစ္ဆာ**-ဆွေးနွေးခြင်း၊}

အခါအခွင့် သင့်တော်ကြုံကြိုက်တိုင်း တရားစကား ဆွေးနွေးမေးမြန်းရခြင်းတို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မဂ်လာတစ်ပါး မည်ပါသည်။

မိဘ,ဆရာ အထက်လူကြီးစသည်တို့က မိမိအကျိုးရှိအောင် ပြောဆိုဆုံးမလျှင် ဆိုဆုံးမလွယ်ခြင်း၊ ဣန္ဒြေငြိမ်သက်သော ကိလေသာအပူဓာတ်ငြိမ်းပြီးသော ရဟန်းသံဃာများကို ဖူးမြော်ခြင်းမဂ်လာတို့ကို ဟောတော်မူပြီးနောက် ယင်းကဲ့သို့ နာခံ, ချဉ်းကပ်, ဖူးမြော်ရုံမျှသာမက မိမိတို့ မသိ, မတတ်, နားမလည်သောကိစ္စအကြောင်းအရာများကို အခါအခွင့်သင့်လျှင် မေးမြန်း, စုံစမ်း, ဆွေးနွေးကြရန် ညွှန်ပြသောအားဖြင့် 'ကာလေန ဓမ္မသာကစ္ဆာ'မဂ်လာကို ဟောတော်မူပါသည်။

ဘုရားရှင်ဟောတော်မူသော တရားတို့သည် သားမြီးဖျားမျှပင် ချွတ်ချော်တိမ်းပါးခြင်း မရှိချေ။ မိမိကြားနာမှတ်သားခဲ့သော အကြောင်းအရာသည် မူရင်းမပျက် မှန်ကန်မှုရှိရန် လိုပေသည်။ ထို့ကြောင့် သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းကို ပြုလုပ်သင့်၏။ ညီညွတ်စွာ စည်းဝေးခြင်း၊ ညီညွတ်စွာဆုံးဖြတ်လုပ်ကိုင်ခြင်းတို့သည် ကြီးပွားတိုးတက်ရေးအတွက် လိုအပ်ချက်များပင်ဖြစ်၏။ 'ကာလေန ဓမ္မသာကစ္ဆာ မဂ်လာ'ကို လိုက်နာရခြင်းဖြင့် အယူဝါဒ စင်ကြယ်၏။ အမှန်တရားထင်ရှားစွာ သိရ၏။ လူတော်လူကောင်းတို့၏ ကျင့်ဝတ်များနှင့်လည်း ညီညွတ်၏။ ထိုကြောင့် သင့်လျော်သောအခါ တရားဆွေးနွေးရမည်ဖြစ်ပေသည်။

ဆွေးနွေးသောအခါ မိမိကိုယ်တိုင် အမှန်ကို သိရှိနားလည်လိုသော **ဆန္ဒ**၊ သူတစ်ပါးကိုလည်း သိနားလည်စေချင်သော **စေတနာ** အရင်းခံ၍ ဆွေးနွေးရမည်။ အစွမ်းပြလိုသော **မာန**၊ ရှုတ်ချလိုသော **ဒေါသ**တို့ဖြင့်ဆွေးနွေးလျှင် မဂ်လာ ပျက်၏။

'ဗဟုသစ္စမဂ်လာ'အရ လေ့လာမှတ်သားခဲ့သော အကြောင်းအရာဟူသမျှ သည်လည်း အမှားအယွင်းကင်းစင်မည် မဟုတ်ချေ။ ပြန်လည်စစ်ဆေးရန်လိုအပ်လာသည်။ ထိုလိုအပ်ချက်ကို 'ကာလေန ဓမ္မသာကစ္ဆာ'မဂ်လာက တာဝန်ယူ၍ ဖြေရှင်းပေးမည်ဖြစ်သည်။ ဤမဂ်လာဖြင့် ဗဟုသုတကို အရည်အသွေးကောင်းမွန်အောင် ပြုလုပ်ပေးခြင်းဖြစ်သည်။

လမ်းညွှန်။ ။ 'ကာလေန ဓမ္မသာကစ္ဆာ' မင်္ဂလာသည် လောဘ၊ ဒေါသ၊ မောဟနည်းပါး အဂတိမလိုက်စားဘဲ ကျွန်ုပ်ကြိုက်သည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံရသော်လည်း မိမိအတွက် ပစ္စုပ္ပန်, သံသရာ တိုးတက်ရာတိုးတက်ကြောင်း အထောက်အကူပြုမည့် တရားဓမ္မများကို မပြောဆိုမဆွေးနွေးလျှင် ရသင့်ရထိုက်သော အကျိုးများမရဘဲ တွေ့ဆုံ ရကျိုး မနပ်ဖြစ်လိမ့်မည်။ သို့ဖြစ်၍ တွေ့ဆုံရုံနှင့်မပြီးသေး။ မင်,ဖိုလ် နိဗ္ဗာန် ရရှိရေးအတွက် ကျင့်ကြံအားထုတ်ရာတွင် မှန်ကန်သည့်ကျင့်ထုံး ကျင့်နည်းကို ရှင်းရှင်းလင်းလင်း သိမြင်နားလည်ရေးအတွက် ဆွေးနွေး မေးမြန်းရန်လည်းလိုအပ်ကြောင်း 'ကာလေန ဓမ္မသာကစ္ဆာ' မင်္ဂလာက ဆွေးနွေးမေးမြန်းရေး၊ ညှိနှိုင်းတိုင်ပင်ရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ **အခြားသော မင်္ဂလာများလည်း ဖြစ်နိုင်ခြင်း**

အကျိုးမဲ့ပြောခြင်းမှ ရှောင်ကြဉ်၍ အကျိုးရှိ အဖိုးတန်သောစကားတို့ကို ပြောဆိုခြင်းဖြင့် 'သုဘာသိတာစ ယာဝါစာ' သိမှုကိုရှေ့ထား၍ ဗဟုသုတ ဆည်းပူးရာရောက်သောကြောင့် 'ဗာဟုသစ္စဉ္ဉ' အချင်းချင်း(အပြန်အလှန်) တရားနာမှုကိစ္စ ပြီးစီးသောကြောင့် 'ဓမ္မစရိယ, ဓမ္မသဝန'မင်္ဂလာများ လည်း ဖြစ်နိုင်သည်။ ဆွေးနွေးမှုတိုမှတဆင့် အခြားသောမင်္ဂလာများလည်းဖြစ်နိုင်၏။

* ရဟန်းသံဃာတော်များနှင့် တွေ့ဆုံသည့်အခါ လိုက်နာရမည်။
* ပါးစပ်အသုံးချပုံပြ မင်္ဂလာ ဖြစ်ပါသည်။

"ကာလေန ဓမ္မသာကစ္ဆာ" မင်္ဂလာဖြစ်သူ

သင့်လျော်သောအခါ တရားစကားဆွေးနွေးသူ၊ မသိသည်များကို မေးမြန်းသူ၊ နားမလည်သည်များကို ဆရာနှင့်ဆွေးနွေးသူ၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေး နွေးသူ၊ တရားသဘောနှင့်ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မေးမြန်းသူ၊ အပြန်အလှန် တင်ပြပြောဆိုသူ၊ အသိပညာ ဉာဏ်အလိမ္မာချင်း ဖလှယ်သူ၊ ပညာရေး, ကျန်းမာရေး, စီးပွားရေး, ရပ်ရွာရေး, နိုင်ငံရေးစသော လောကကြီးပွားရေးတို့ အတွက် ဆွေးနွေးညှိနှိုင်းတိုင်ပင်သူ၊ အစွမ်းပြလိုသော **မာန**၊ ရှုတ်ချလိုသော **ဒေါသ** တို့ဖြင့် မဆွေးနွေးသူ၊ မိမိကိုယ်တိုင် အမှန်ကိုသိရှိနားလည်လိုသော ဆန္ဒ၊ သူတစ်ပါး ကိုလည်း သိနားလည်စေချင်သော စေတနာ အရင်းခံ၍ဆွေးနွေးသူ၊ အစည်းအဝေး မှန်မှန်တက်သူ စသည်...

"ကာလေန ဓမ္မသာကစ္ဆာ" မဂ်လာအကျိုး

(၁) တရားဟောပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ ချစ်ခင်လေးစားမှုကို ခံရသည်။
(၂) အနက်ကိုလည်းသိမြင်နိုင်, ပါဠိကိုလည်း သိမြင်နိုင်ပါသည်။
(၃) နက်နဲသော အနက်သဘောကို ပညာဖြင့်ထိုးထွင်း သိမြင်နိုင်၏။
(၄) သူတော်ကောင်းများ၏ ချစ်ခင်မှု, လေးစားမှု, ချီးမွမ်းမှုကို ခံရသည်။
(၅) တရားစကားကြားနာရသူတို့၏ မဂ်,ဖိုလ်ရရန် အားထုတ်ခြင်း, အရဟတ္တဖိုလ်ကို ရပြီးသူတွေ၏ ဖလသမာပတ်ဝင်စားရန် အားထုတ်ခြင်းကိုလည်းဖြစ်စေ၏။
(ဤအကျိုးတို့သည် ဟောပြောသူ,ကြားနာသူ နှစ်မျိုးလုံးအတွက် ပြဆိုထား၏။)

ဆွေးနွေးသင့်ရာ ချိန်အခါ = (စာ- ၂၁၉ ကာလေန- သင့်လျော်သောအခါ)
ဓမ္မအရ ဆွေးနွေးရမည့်အကြောင်း = မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ္တိ၊
သုတ်, ဝိနည်း, အဘိဓမ္မာတရားများ၊

အမေး ငါးထွေ၊ အဖြေ လေးမျိုး

* အဒိဋ္ဌဇောတနာပုစ္ဆာ – မသိသေးသောအကြောင်းအရာကို သိလိုရှာ မေးမြန်းခြင်း၊
* ဒိဋ္ဌသံသန္ဒနာပုစ္ဆာ – မိမိနှင့် အယူအဆ တူ,မတူ နှိုင်းယှဉ်လိုရှာ မေးမြန်းခြင်း၊
* ဝိမတိစ္ဆေဒနာပုစ္ဆာ – နှစ်လုံးနှစ်ခု သံသယဖြစ်နေသော မေးမြန်းခြင်း၊
* **အနုမတိပုစ္ဆာ** – အလိုဆန္ဒကို စူးစမ်းလိုရှာ မေးမြန်းခြင်း၊
* **ကထေတုကမ္မတာပုစ္ဆာ**– မိမိက ဖြေကြားလိုရှာ မေးမြန်းခြင်း၊ တို့ဖြစ်၏။

(ဘုရားရှင်တို့သည် ဤအမေးငါးထွေတို့တွင် နောက်ဆုံးအမေးနှစ်မျိုးကိုသာ မေးမြန်းတော်မူ၏။ ရဟန်းတို့၏ အလိုဆန္ဒ, မိမိဖြေကြားလိုခြင်း အကြောင်း နှစ်မျိုး၊)

* ဇကံသဗ္ဗာကရဏီယ – အမေးကို တိုက်ရိုက်ဖြေဆိုခြင်း၊
* ဝိဘဇ္ဇဗ္ဗာကရဏီယ – အကျယ်ဝေဖန်၍ ဖြေဆိုခြင်း၊
* ပဋိပ္ဆာဗ္ဗာကရဏီယ – မေးမြန်းသူအားတစ်ဖန်ပြန်၍ မေးကာ ဖြေဆိုခြင်း၊
* ဌပနီယ – မေးမြန်းသည်မှတစ်ပါး အခြားသော အကြောင်းဖြင့် ဖြေကြားခြင်း၊ တို့ဖြစ်ပါသည်။

မေးခြင်း၊ ဖြေခြင်း၊ ဆွေးနွေးခြင်းစသော သုတေသနလုပ်ငန်းစဉ်များသည် ရှေးနှစ်ပေါင်းများစွာမှစ၍ လူ့ဘောင်၌ ပေါ်ပေါက်ခဲ့၏။ ရှင်နာဂသိန်နှင့် မိလိန္ဒမင်း၊ သာလွန်မင်းတရားနှင့် တောင်ဖီလာဆရာတော်၊ ရှင်သီရိမာလာနှင့် မုံရွေးဆရာတော်.. .

ကာလေန ဓမ္မသာကစ္ဆာ – နည်းလမ်းများ

ဤမဂ်လာသည် အချင်းချင်း ဆွေးနွေးမေးမြန်းကြရာ၌ အကျိုးများစေရန် နည်းလမ်းများကို မှတ်သားလိုက်နာရန် ညွှန်ပြနှိုးဆော်ထားရာတွင်–

* **ဆွေးနွေးသင့်သောအကြောင်း** – ဆွေးနွေးမှုမပြုသင့်သော အကြောင်းအရာများကား 'တိရစ္ဆာနကထာ'ဟုဆိုအပ်သော မဂ်,ဖိုလ်မှ ဖီလာဖြစ်သောအကြောင်းများဖြစ်၏။ ထိုစကားတို့ကိုဆွေးနွေးခြင်းသည် 'ကာလေန ဓမ္မသာကစ္ဆာ' မဂ်လာနှင့် သက်ဆိုင်မှု မရှိချေ။ ဒါန, သီလ, ဘာဝနာနှင့်စပ်သောစကား၊ နတ်ရွာ, နိဗ္ဗာန်အကျင့်မြတ်နှင့် စပ်သောစကားကိုသာ ပြောဆိုဆွေးနွေးရ၏။ သို့သော် စီးပွားရေး, ကျန်းမာရေးစသည်တို့ကို ဆွေးနွေးခြင်းမပြုရဟု မတားမြစ်၊ လောကီရေးအဖြာဖြာကို ဆွေးနွေးခြင်းကား 'ဗာဟုသစ္စမဂ်လာ'၌ ဝင်၏။

* **ဆွေးနွေးသင့်သောပုဂ္ဂိုလ်** – တစ်စုံတစ်ယောက်သောသူသည် ပြဿနာကို မေးမြန်းအပ်သော် စကားတစ်ခုဖြင့် စကားတစ်ခုကို ဖုံးကွယ်အံ့။ အပြင်စကားကို ဆောင်ယူ၍ ပယ်မြစ်အံ့။ စိတ်ဆိုးခြင်း, အမျက်ထွက်ခြင်း, မနှစ်သက်ခြင်းကို ထင်ရှားစွာပြုအံ့။ ဤပုဂ္ဂိုလ်မျိုးသည် မဆွေးနွေးသင့်သောသူ မည်၏။ ဤလက္ခဏာများ ကင်းစင်သောပုဂ္ဂိုလ်သည် 'ဆွေးနွေးသင့်သောပုဂ္ဂိုလ်' မည်၏။

ထိုမှတစ်ပါး **မဃဒေဝ**၌ တရားလွတ်သူ=မဆွေးနွေးသင့်သူ ၆–ဦးရှိကြောင်းပြဆိုထား၏။ ၎င်းတို့မှာ–

(၁) မိမိကိုယ်ကို ပညာရှိဟုထင်မှတ်သူ၊ (၂) သူတစ်ပါးကို အထင်အမြင်သေးသူ၊
(၃) အပျက်စကား ပြောကြားတတ်သူ၊ (၄) ဆွေးနွေးမှု မပြုလိုသူ၊
(၅) သူတစ်ပါးစကားကို မယုံကြည်သူ၊ (၆) သိနိုးတတ်ရောင် ဟန်ဆောင်တတ်သူ၊

* **ဆွေးနွေးပုံ နည်းစနစ်** – ဆွေးနွေးခြင်းဟူသည် အမှန်တရားကို သုတေသနအမြင်ဖြင့် ရှာဖွေခြင်းဖြစ်၏။ အယူအဆ တင်းမာခြင်း၊ ဂိုဏ်းဂဏအင်္ဂါသန်ခြင်းစသည်များကို ရှောင်ရှားရ၏။ အစွဲတစ်မျိုးမျိုးရှိနေပါက အမှန်တရားကိုသိမြင်နိုင်မည်မဟုတ်– ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်းများဖြင့်သာ အဆုံးသတ်ရ၏။

ဆွေးနွေးမေးမြန်းခြင်း ပြုလုပ်ရာ၌ အတားအဆီး အနှောင်အဖွဲ့မရှိစေဘဲ တန်းတူရည်တူ အခွင့်အရေး ရှိရမည်ဖြစ်သည်။ ဤသို့ပြုလုပ်မှသာ ဓမ္မသာကစ္ဆာ ဟူသောတရားတော်နှင့် လျော်ညီပေသည်။ *(ငြင်းခုံမှုပါ ဓမ္မသာကစ္ဆာ)*

ဝတ္ထု သာဓကများ

လိစ္ဆဝီမင်းအကြောင်း

ဘုရားရှင်လက်ထက်က ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့သည် အချင်းချင်း ညီညွတ်ကြ၏။ အစည်းအဝေးရှိလျှင် တညီတညွတ်တည်းလာကြ၏။ ပြီးလျှင် တညီတညွတ်တည်းပြန်ကြ၏။ စည်းဝေးဆုံးဖြတ်ချက်များကို ညီညီညွတ်ညွတ် အကောင်အထည်ဖော်ကြ၏။ ထိုသို့လစဉ် ပုံမှန်စည်းဝေးတိုင်ပင်ညှိနှိုင်း သုံးသပ်ဆုံးဖြတ် အတည်ပြု အကောင်အထည်ဖော်ဆောင်ရွက်ကြသောကြောင့် အခြားမင်းများက လာရောက်တိုက်ခိုက်ကြသော်လည်း မအောင်မြင်ဘဲ အရှုံးနှင့်သာပြန်ကြရလေသည်။ ၎င်းတို့တိုင်းပြည်သည်လည်း ၎င်းတို့ညီညွတ်မှုကြောင့် အစာရေစာဝပြောရှိ အေးချမ်းသာယာလေသည်။

ထိုကဲ့သို့ လိစ္ဆဝီမင်းတို့ အင်အားတောင့်တင်း၍ အစာရေစာ ဝပြောရခြင်းမှာ မကြာမကြာ ဆွေးနွေးတိုင်ပင်မှု "ကာလေန ဓမ္မသာကစ္ဆာ မဂ်လာ'နှင့် ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

၎င်း လိစ္ဆဝီမင်းတို့သည်ပင် အစကနဦး၌ ညီညွတ်မှုရှိသော်လည်း ရာဇာ့ဂြိုဟ်ပြည် အဇာတသတ်မင်း၏ အမတ်ကြီး'ဝေဿကာရ'၏ ခြေထိုးသွေးခွဲမှုကြောင့် တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် အထင်မှားကာ အစည်းအဝေးမခေါ်၊ ခေါ်ပါသော်လည်း အစုံအညီ မတက်ရောက်၊ တက်ရောက်သော်လည်း ဆွေးနွေးခြင်းသဘောမှ ငြင်းခုံခြင်းသဘောသို့ ပြောင်းလဲဆိုက်ရောက်လာကြသဖြင့် အဇာတသတ်မင်း၏ လက်အောက်သို့ ကျွန်သဘောက် သဖွယ် ရောက်ရှိသွားရလေသည်။

ထိုသို့ဖြစ်ရခြင်းမှာ ညီညီညွတ်ညွတ် ပုံမှန်စည်းဝေးတိုင်ပင်ညှိနှိုင် ဆွေးနွေးမှုမရှိခြင်း "ကာလေန ဓမ္မသာကစ္ဆာ မဂ်လာပျက်"သောကြောင့် ဖြစ်ပါသည်။

ရှင်နာဂသိန်နှင့် မိလိန္ဒမင်းကြီး

မိလိန္ဒမင်းကြီးသည် ပိဋကတ်သုံးပုံကို အတော်နှံ့စပ်သော ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်သည်။ မင်းကြီးသည် စာအလွန်တတ်သည့်အလျောက် ရဟန်းသံဃာတော်များကို စာမေးလေ့ရှိသောကြောင့် မင်းကြီး၏အနားကို မကပ်ဝံ့ကြပါ။ အရှင်နာဂသေနမထေရ်မြတ်သည် စာပေနှံ့စပ်သော ရဟန္တာပုဂ္ဂိုလ်ထူးဖြစ်သောကြောင့် မိလိန္ဒမင်းကြီးသည် မရှင်းလင်းဘဲ ဉာဏ်နှစ်စွန်းထွက်နေသော အချက်အလက်များကို မထေရ်မြတ်ထံ၌ မေးလျှောက် ဆွေးနွေးခြင်းဖြင့် ဉာဏ်၌ရှင်းလင်း ယုံမှားသံသယကင်းကာ သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုရာ ထင်ရှားသောရဟန်းတစ်ပါး ဖြစ်ခဲ့လေသည်။

မင်္ဂလသုတ်ပျို့ (မုံရွေးဆရာတော်)
(ဒွါဒသမပျို့) (သည်းခံခြင်းစသောမင်္ဂလာ ၄-ပါး)

ခန္တီ စ ၂၇		(သည်းခံမင်္ဂလာ)
သောဝစဿတာ	၂၈	(နာခံလွယ်မင်္ဂလာ)
သမဏာနဉ္စ ဒဿနံ	၂၉	(သူမြတ်ဖူးမြော်မင်္ဂလာ)
ကာလေန ဓမ္မသာကစ္ဆာ	၃၀	(တရားဆွေးနွေးမင်္ဂလာ)

၁၂။ မြရောင်ဂိရိန်၊ မြဝတိန်သာ၊ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ ရာဇတမန်၊ မောင်နတ်မွန်.. ။။

(၂၇) နှုန်းရန်ပုံချီ၊ ပထဝီသည်၊ မညီမညွှတ်၊ ယုတ်,မြတ် မကောင်း၊ သွန်းလောင်းလှာလည်း၊ ခြင်းရာမခြား၊ မဖောက်ပြားသို့၊ တရားခန္တီ၊ သည်းခံဤလော့။

(၂၈) ပါရမီရင့်ညောင်း၊ သူတော်ကောင်းတို့၊ မကောင်းရာပြင်၊ ကောင်းရာသင်၍၊ ယူငင်ပြလတ်၊ စကားမြတ်ကို၊ စွဲမှတ်ခံနာ၊ တည်စေရာ၏။

(၂၉) သမဏာ ဗြဟ္မဏာ၊ ဘိက္ခုစသည့်၊ နာမခေါ်ဩန်း၊ ရဟန်းရသေ့၊ ဟူသရွှေ့ကို၊ ဖူးတွေ့မျှော်ရှု၊ ကြည်ညိုမှုလည်း၊ တခုမှတ်လေ။

(၃၀) သိစေအခါ၊ ပညာရှိထံ၊ တရားသံကို၊ နာခံဆွေးနွေး၊ မေးမြန်းပြောဟော၊ နှီးနှော ကုန်ရာ။

အင်္ဂါပိုင်းခြား၊ ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်၊ မှန်မှန်စွဲမှတ် ရှာလေလော့။

ပျို့အဓိပ္ပါယ်

မြရောင်အဆင်းရှိသော တာဝတိံသာနတ်ပြည်မှ သိကြားမင်းတမန် မောင်နတ်သား..

(၂၇) ဥပမာနှိုင်းခိုင်း၍ ပြဆိုရသော် မဟာပထဝီမြေကြီးသည် ယုတ်,မြတ် ကောင်းဆိုး, အမျိုးကွဲပြား အရာဝတ္ထုများကို မိမိအပေါ်သို့ သွန်းလောင်းလာသောအခါ ဖောက်ပြန်မှုမရှိ၊ ပကတိအတိုင်းသာဖြစ်သကဲ့သို့ ထို့အတူ ယုတ်, မြတ် ကောင်းဆိုး အာရုံအမျိုးမျိုးနှင့် တွေ့ကြုံရသောအခါ မဖောက်မပြန် သည်းခံနိုင်ခြင်းသည် မင်္ဂလာမည်၏။

(၂၈) ပါရမီရင့်ကျက်ပြီးသော သူတော်ကောင်းတို့က "မကောင်းမှုမှ ရှောင်ကြဉ်၍ ကောင်းမှုဌာယဉ်စေရန်" ဟောကြားပြသ ဆုံးမအပ်သောစကားကို မှတ်သားနာခံ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းသည် မဂ်လာမည်၏။

(၂၉) ရဟန်း ပုဏ္ဏား ရသေ့များကို ဖူးမြော်ကြည်ညိုခြင်းသည် မဂ်လာမည်၏။

(၃၀) သင့်လျော်သောအခါ၌ ပညာရှိထံဆည်းကပ်၍ တရားတော်ကို ဆွေးနွေးမေးမြန်း မှတ်သားနာယူခြင်းသည် မဂ်လာမည်၏။

သည်းခံခြင်း၊ ဆုံးမ၍လွယ်ကူခြင်း၊ ရဟန်းတော်များကို ဖူးမြင်ခြင်း၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်း ဤလေးပါးကို မွန်မြတ်လှစွာသော မဂ်လာမည်၏ဟူ၍ သဒ္ဓါကဲလွန် နတ်တမန်သည် ယုံမှားမရှိစွဲမြဲစွာမှတ်သားလေလော့။

လို့ရင်းခက်ဆစ်အဖြေ

နှုန်းရန်ပုံချီ – နှိုင်းခိုင်းရန် ပုံပမာပြရသော်၊

ပထဝီ – မြေကြီး (မြေကြီးသည် မိမိအပေါ်သို့ ယုတ်မြတ်, ဆိုးကောင်းသွန်းလောင်းသော်လည်း မငြင်းဆန်သကဲ့သို့ သည်းခံနိုင်ရမည်ဟုဆို) ပံသုပထဝီ– ရွံ့မြေ၊ သိလာပထဝီ–ကျောက်မြေ၊ (ယူဇနာ တစ်သိန်းနှစ်ဆောင်းစီ)

ခန္တီ – (ပါဠိ) သည်းခံခြင်း၊

ဤလော့ – (ပေါရာဏ) မြတ်နိုးလော့၊ အလိုရှိလော့၊

ပါရမီ – (ပါဠိ) မြတ်သောသူတို့၏ ဥစ္စာအကျင့်၊ နိဗ္ဗာန်ကိုရောက်စေတတ်သောအကျင့်၊ ပါရမီတော် ၁၀–ပါး, အပြား ၃၀ ရှိ၏။

ဒါနသီလ နေက္ခမ္မ၊ ပညာဝီရိယ၊ ခန္တီသစ္စာအဓိဋ္ဌာန်၊ မေတ္တာ ဥပေက္ခာ။

မူလပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီ ၃–မျိုးနှင့်မြှောက်၊ အပြား–၃၀ ရ၏။

ရင့်ညောင်း – ရင့်ရော်၊ ကြာညောင်းခြင်း၊

သမဏ – ကိလေသာကို ငြိမ်းအေးစေသော ရဟန်း၊

ဗြဟ္မဏ – (အရိယာဗြဟ္မဏ) ကိလေသာကို ထုတ်ပယ်ပြီးသော ရဟန္တာ၊ (ဇာတိဗြဟ္မဏ) ရသေ့ပုဏ္ဏား, လူပုဏ္ဏား၊ (ဤနေရာတွင် ရသေ့ပုဏ္ဏား)

ဘိက္ခု – ရဟန်း၊ ကိလေသာအတုံးအခဲကို ဖောက်ခွဲတတ်၍ဌင်း၊ အရိယာတို့တောင်းခံနည်းဖြင့် စကားမဆို,အမှုအရာမပြ တောင်းခံတတ်၍ဌင်း၊ အဖိုးငွေ,အဆင်းရောင်,အတွေ့ကောင်း သုံးမျိုးပျက်နေသောအဝတ်ကို ဝတ်ရုံတတ်၍ဌင်း ဗုဒ္ဓ၏တပည့်သာဝကကို ဘိက္ခုဟု ခေါ်၏။

ရသေ့ – ဣသိ, ရိသိ (ပါဠိ) – ရသေ့ ဟုဖြစ်လာသည်။

မဂ်လာ+အဘိဓမ္မာသဘော

ခန္ဓီ စ– သည်းခံခြင်းသည်လည်း၊ အတ္ထိ ရှိ၏။

အရတရား = သည်းခံခြင်း အဒေါသ(မေတ္တာ) ပြဋ္ဌာန်းသော
မဟာကုသိုလ်စိတ်–၈, မဟာကြိယာစိတ်–၈၊ စေတသိက်–၃၈၊

သောဝစဿတာ စ– ဆိုဆုံးမလွယ်သောစကား ရှိသောသူ၏,အမူ၏ အဖြစ်၊

အရတရား = ဘုရားဟောတော်မူအပ်သောသိက္ခာပုဒ်ဖြင့်ဆိုဆုံးမအပ်သည်
ရှိသော် ရှိသေစွာနားထောင်သော အခါ
မဟာကုသိုလ်စိတ်–၈, မဟာကြိယာစိတ်–၈၊ (ဝိရတီ,အပွကြဉ်)စေ–၃၃၊

ဒေါဝစဿတာ စ– ဆိုဆုံးမခက်သောစကား ရှိသောသူ၏,အမူ၏ အဖြစ်၊

အရတရား = ဘုရားဟောတော်မူအပ်သောသိက္ခာပုဒ်ဖြင့် ဆိုဆုံးမ အပ်သည်
ရှိသော် မရိုမသေပြုသောအခါ ဒေါသမူစိတ်–၂၊ စေတသိက်–၂၂၊

ကလျာဏမိတ္တတာ စ– ကောင်းသောအဆွေ ခင်ပွန်းရှိသောသူ၏, အမူ၏ အဖြစ်၊

အရတရား = အဆွေခင်ပွန်းကောင်းကို ဆည်း ကပ်သောအခါ
မဟာကုသိုလ်စိတ်–၈, မဟာကြိယာစိတ်–၈၊ (ဝိရတီ,အပွကြဉ်)စေ–၃၃၊

ဣန္ဒြေယေသု ဂုတ္တဒ္ဒါရတာ စ– ဣန္ဒြေခြောက်ပါးတို့၌ စောင့်အပ်သောတံခါး
ရှိသောသူ၏အဖြစ်သည်လည်း၊ (၀၊) တံခါးကို စောင့်သောသူ၏ အဖြစ်၊

အရတရား = မဟာကုသိုလ်စိတ်–၈, မဟာကြိယာစိတ်–၈၊ ဃောကုတ္တရာ–၈၊
စေတသိက်–၃၈၊

ဟိရီ စ– စက်ဆုပ်အပ်သော ကာယဒုစရိုက်စသည်ကို စက်ဆုတ်တတ်သော
သဘောတရားသည်လည်း၊(၀၊)ရှက်အပ်သောကာယဒုစရိုက်စသည်မှ
ရှက်တတ်သောသဘောတရား၊

အရတရား = ဟိရီ စေတသိက်၊

သြတ္တပ္ပဋ္ဌ– လန့်အပ်သောကာယဒုစရိုက်စသည်မှလန့်တတ်သော သဘောတရား၊

အရတရား = သြတ္တပ္ပ စေတသိက်၊

မှတ်မွယ်ရာရာ မင်္ဂလာ– "ခန္တီ သည် အားမာန်"

ဘုရားရှင်က "သုခနှင့်တွေ့သော်လည်း စိတ်မတက်၊ ဒုက္ခနှင့်တွေ့သော်လည်း စိတ်မပျက်၊ အမျက်မထန် သည်းခံခြင်းသည် ခန္တီ မည်၏"ဟု ဟောတော်မူသည်။

(ခု၊ ၄။ ၃၁၇။)

သို့သော် အဌကထာ, ဋီကာကျမ်းတို့၌ကား ဆရာမြတ်တို့က "ဒုက္ခနှင့်တွေ့ သည့်အခါဝယ် အမျက်မထွက် စိတ်မပျက်ဘဲ သည်းခံခြင်းသည် ခန္တီ မည်၏" ဟု ဖွင့်ဆိုကြ၏။ (စရိယာ၊ ၌။ ၂၇၃။ မူလဋီ၊ ၁၊ ၁၆၂။)

အဘယ့်ကြောင့် ဤသို့ ဖွင့်ဆိုကြသနည်းဟူမူ သူတော်ကောင်းများသည် ပကတိအားဖြင့် စိတ်သဘောထားနက်နဲလျှ၏။ ထို့ကြောင့် သုခနှင့်တွေ့သည့် အခါ ဖောက်ပြန်မှု မရှိ၊ ခံနိုင်ရည် ရှိကြသည်။ ဒုက္ခနှင့် တွေ့သောအခါ၌ကား ဒေါသမဖြစ်စေရန် ခဲယဉ်းစွာ သည်းခံကြရ၏။ ဤနိယာမကို သိမြင်တော်မူ သောကြောင့် အဌကထာ,ဋီကာဆရာတို့က "ဒုက္ခနှင့်တွေ့ကြုံရာ၌ သည်းခံနိုင်ခြင်း ကိုသာ ခန္တီ မည်၏"ဟု ဖွင့်ဆိုကြခြင်းဖြစ်ပါသည်။ ဘုရား၏အယူ ဝါဒတို့ကို ဆန့်ကျင်ခြင်း မဟုတ်ချေ။ (ဗုဒ္ဓဝင်၊ ၁။ ၁။)

သူတစ်ပါးတို့၏ စွပ်စွဲကဲ့ရဲ့ခြင်း၊ ကျေးဇူးမဲ့ပြုခြင်း၊ ဆဲရေးခြင်း၊ သတ်ဖြတ် ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းနှင့် အေးခြင်း, ပူခြင်း ဆာလောင်မွတ်သိပ်ခြင်းစသော နှောင့်ယှက်ဖျက်ဆီးမှုမှန်သမျှကို သည်းခံခြင်းတို့သည် ခန္တီ မည်၏။

ခန္တီတရားတရား သာလွန်မြင့်မြတ်ပုံကိုကြည့်လျှင် ခန္တီတရားလက်ကိုင် ထားနိုင်ပါမှ မင်္ဂလာတရားတော်မြတ်များ၊ ပါရမီတရားများကို အောင်မြင်ပေါက် မြောက်အောင် ကျင့်ဆောင်နိုင်မည်ဖြစ်ခြင်းက ပြဆိုနေပါသည်။

ခန္တီတရားသည် သူတော်ကောင်းတို့အတွက် အသက်သွေးခဲမမာ အရေးပါ လှ၏။ ကုသိုလ်တရားတို့သည် ခန္တီတရား၌ အခြေခံ၍ ဖြစ်ပေါ်လာရပါသည်။ သည်းခံမှုမရှိသူအတွက် သီလ, သမာဓိ, ပညာတို့ကို ရရှိရန် ခက်ခဲလှ၏။ လောက၌ ဖြစ်စေ သာသနာတော်ကြီးအတွက်ဖြစ်စေ အကျိုးစီးပွားရှာမှီးသူသည် ခန္တီတရားကို မျက်ကွယ်ထား၍ မဖြစ်ချေ။ အနှောင့်အယှက်အတားအဆီးဟူသည် လုပ်ငန်းကိစ္စနှင့် ဒွန်တွဲနေမြဲဖြစ်၏။ ခန္တီတရားရှိသူကား မည်မျှခက်ခဲသောအရာကိုဖြစ်စေ အလွယ်တကူ ရယူနိုင်ပေသည်။ **သံသရာရေအလျဉ်ကို ကူးခပ်ရာ၌ မရှိမဖြစ်သော အားမာန်** ဟု ဆိုနိုင်ပေသည်။

မင်္ဂလာမြတ် ၁၄ကျင့်အပ်

အောက်ပါပုဂ္ဂိုလ်တို့၌ အဘယ်မင်္ဂလာများ (ပြည့်စုံ) သို့မဟုတ် (ဗျက်)သနည်း။

* ဒေါသမဖြစ်အောင် စိတ်ချုပ်တည်း သည်းခံသူ၊ .. .. (၂၇)
* သူတစ်ပါးက နောက်ပြောင် စွပ်စွဲရန်စသော်လည်း စိတ်မဆိုးသူ၊ (၂၇)
* သူတစ်ပါးအပြစ်ကို ခွင့်လွှတ်တတ်သူ၊ သဘောထားကြီးသူ၊ .. .. .. (၂၇)
* သိက္ခာပုဒ်ဖြင့်ဆိုဆုံးမအပ်သည်ရှိသော် ရှိသေစွာနားထောင်သူ၊ .. .. .. (၂၈)
* ကောင်းမြတ်သည့်အကြံဉာဏ်များကို လွယ်ကူစွာဖြင့်လက်ခံလိုက်နာသူ၊ (၂၈)
* ဆရာသမား,လူကြီးမိဘစကား နားထောင်သူ၊ အမိန့်ကိုနာခံတတ်သူ၊ (၂၈)
* ဆန္ဒသိက္ခာရှိသောရဟန်းများကိုဖူးမြော်သူ၊ သူတော်ကောင်းများနှင့်တွေ့ဆုံသူ၊ (၂၉)
* ရဟန်းတော်များကို ဆည်းကပ်သူ၊ ရဟန်းတော်များကို ပြုစုလုပ်ကျွေးသူ၊ (၂၉)
* သံဃာ့ဂုဏ်ကို အာရုံပြု၍ သတိရ, ရှိခိုးသူ, လျှုဒါန်းသူ၊ (၂၉)
* သင့်လျော်သောအခါ တရားစကားဆွေးနွေးသူ၊ အစည်းအဝေးမှန်မှန်တက်သူ၊ (၃၀)
* အစွမ်းပြလိုသော မာန၊ ရှုတ်ချလိုသော ဒေါသတို့ဖြင့် မဆွေးနွေးသူ၊ .. .. .. (၃၀)
* မိမိကိုယ်တိုင် အမှန်ကိုသိရှိနားလည်လိုသော ဆန္ဒ၊ သူတစ်ပါးကိုလည်း
  သိနားလည်စေချင်သော စေတနာ အရင်းခံ၍ဆွေးနွေးသူ၊ .. .. (၃၀)

* သည်းခံခြင်းစသောမင်္ဂလာ ၄–ပါးတို့ကို ဆိုင်ရာမင်္ဂလာ ပါဠိ, မြန်မာပြန် မင်္ဂလာကဗျာတို့ကို ပူဇော်ခဲ့ပါ။
* ခန္တီ၏သဘောလက္ခဏာနှင့် သည်းခံခြင်း၏အကျိုးတို့ကို ဖော်ပြပါ။
* အမျက်ထွက်ခြင်း အကြောင်းတရားတို့နှင့် သည်းခံခြင်း ၃–ပါး၊ အပြား–၁၀ ကိုဖော်ပြပါ။
* သောဝစဿတာမင်္ဂလာအရ ဆုံးမ၍လွယ်ကူသူနှင့် ဆုံးမရန်ခက်ခဲသူတို့အကြောင်းဖြေဆိုပါ။
* သောဝစဿတာမင်္ဂလာအတွက် ဘုရားရှင်လမ်းညွှန်ချက်နှင့် သူတော်ဥစ္စာ ၇–ဖြာ ကိုဖြေပါ။
* "သမဏာနဉ္စဒဿန"မင်္ဂလာဖြစ်သူနှင့် အကျိုးကျေးဇူးများကို ဖေါ်ပြပါ။
* 'ရခဲလှသော ရဟန်းအဖြစ်'အကြောင်း ရဟန်းကျင့်ဝတ်တို့ကို ပူဇော်ပြပါ။
* ရဟန်းဘဝ၏ စွမ်းရည်သတ္တိနှင့် သမဏသုခ ၈–ပါးတို့ကို ပူဇော်ပြပါ။
* ကာလေန ဓမ္မသာကစ္ဆာ– နည်းလမ်းများမှ ဆွေးနွေးသင့်သောအကြောင်း ဆွေးနွေးသင့်သောပုဂ္ဂိုလ် ဆွေးနွေးသင့်သောပုဂ္ဂိုလ်တို့ကို ဖြေဆိုပါ။
* ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာအကျိုးနှင့် အမေးငါးထွေ၊ အဖြေလေးမျိုးကို ဖြေပါ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မင်္ဂလာ။"

အခန်း(၉)

ခြိုးခ်ိန်ခြင်းစသောမင်္ဂလာ ၄-ပါး

ရှင်တော်ဘုရား ဟောကြားတော်မူသော မင်္ဂလာတရားတော်မြတ်သည် တရားတော် အစဉ်အရ- ပထမ, ဒုတိယအရွယ် မင်္ဂလာတို့နှင့် ပြည့်စုံပြီးလျှင် တတိယအရွယ်မင်္ဂလာတို့ကို တက်လှမ်းလာခဲ့ရာ စိတ်ထားဖြူစင်မြင့်မားရေး၊ သည်းခံခြင်း, နာခံလွယ်ခြင်း, သူမြတ်ဖူးမြော်ခြင်း, တရားဆွေးနွေးခြင်းမင်္ဂလာတို့ကို ဖြည့်ကျင့်ပြီးဖြစ်၍ တတိယအရွယ်, တရားရှာသောအရွယ်, မိမိနှင့်သူတစ်ပါးနှစ်ဦးစလုံး ကောင်းစားရေးမင်္ဂလာများ ကျင့်ဆောင်ခြင်း အတိုင်းအတာ မင်္ဂလာခရီးစဉ်မြတ်သည် **လောကကြီးပွားရေးမင်္ဂလာ(၁-၃၀)**တို့ကို အောင်မြင်ခဲ့ပြီးဖြစ်သောကြောင့်ဝင်း၊ စိတ်ထားဖြူစင်မြင့်မားရေး, သည်းခံခြင်းစသော မင်္ဂလာတို့ဖြင့် လောကီနှင့် လောကုတ္တရာကို ပေါင်းကူးတံတား ဆက်ပေးထားပြီးဖြစ်သောကြောင့်ဝင်း၊ **လောကုတ္တရာကြီးပွားရေးမင်္ဂလာ(၃၁-၃၈)**များကို ကျင့်ဆောင်နိုင်ရန်အတွက် ဆက်လက် ညွှန်ကြားပြသ ဟောကြားတော်မူပါသည်။

လောကကျင့်ဝတ်ကို နားလည်ဖြည့်ကျင့်ပြီး လောကမှထွက်မြောက်လိုလျှင် လောကုတ္တရာကျင့်ဝတ်မင်္ဂလာတို့ကို မင်္ဂလာတရားအစဉ်တိုင်း လေ့လာရပါမည်။

ခြိုးခ်ိန်ခြင်းစသောမင်္ဂလာ ၄-ပါးတို့ကို လေ့လာ, ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွါးများနိုင်ရန်အတွက်-

* ပထမအဆင့်- မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ် တို့ကို ထိန်းချုပ်သောအားဖြင့် အဆင့်မြင့် **'သီလ'** စောင့်ထိန်းရန်လိုအပ်**ကြောင်း** 'တပေါ စ' ပုဒ်၊
* ဒုတိယအဆင့်- စိတ်ထားတည်ကြည်မှု **'သမာဓိ'** စခန်းသို့ တက်လှမ်းရန်လိုအပ်နေသေး**ကြောင်း** 'ဗြဟ္မစရိယဠ' ပုဒ်၊
* တတိယအဆင့်- ဝိပဿနာ **'ပညာ'**စခန်းသို့ တက်လှမ်းရန် လိုအပ်**ကြောင်း** 'အရိယသစ္စာန ဒဿန' ပုဒ်၊
* ကိလေသာအပူအားလုံး ငြိမ်းအေးပြီးသည့်အတွက် အရဟတ္တမဂ်,ဖိုလ်ဉာဏ် ပိုင်ရှင် ရဟန္တာဖြစ်၍ နိဗ္ဗာန်ရွှေပြည်မြတ်ကြီးကို မျက်မှောက်ပြုနိုင်ကြခြင်း **အကျိုး** 'နိဗ္ဗာနသစ္ဆိကိရိယာ စ' ပုဒ်၊ (အကျဉ်းပြု မင်္ဂလာ အစ)

တို့ကို ဤအခန်းတွင်တင်ပြပါမည်။

(၉) ခြိုးခြံခြင်းစသောမင်္ဂလာ ၄–ပါး			
၃၁	တပေါ စ	အာရုံမလိုက်စားမင်္ဂလာ	လောကီအာရုံ ဒိမ်ယစ်မှုးလို့၊ အပျော်မကျူးနဲ့ ခြိုးခြံလေ။
၃၂	ဗြဟ္မစရိယဠ	အကျင့်မြတ်ပွားများမင်္ဂလာ	မေတ္တာဗြဟ္မစိုရ်လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံး ယွင်းမသွေ။
၃၃	အရိယသစ္စာန ဒဿနံ	အရိယသစ္စာမြင်မင်္ဂလာ	လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊ အမှန်သိအောင် ကြိုးစားလေ။
၃၄	နိဗ္ဗာနသစ္ဆိကိရိယာ စ	နိဗ္ဗာန်မျက်မှောက်ပြုမင်္ဂလာ	ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊ အလင်း ပေါက်နိုင်စေ။
ဧတံ မင်္ဂလ'မုတ္တမံ		အဲဒါ မင်္ဂလာ ၄–ဖြာ၊	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

❖ မင်္ဂလာဂါထာ

၃၁။ တပေါ စ	– ငြိမ်းအေးစေတတ်သောအကျင့်မြတ်ကို ကျင့်ခြင်း၊
၃၂။ ဗြဟ္မစရိယဠ	– မြတ်သောအကျင့်ကို ကျင့်ခြင်း၊ (ဝါ) မေထုန်မှ ရှောင်ကြဉ်ခြင်း၊
၃၃။ အရိယသစ္စာန ဒဿနံ	– အရိယသစ္စာတို့ကို သိမြင်ခြင်း၊
၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ	– (အရဟတ္တဖိုလ်)နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။	– ဤလေးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

➡ မင်္ဂလာကဗျာ

- ရဟန္တာအဆင့်မှန်းလျှင်လ၊ အကျင့်စွမ်းကျင့်ကာ၊
- မေထုန်ဆို ဟိုအရေးကို၊ ဝေးကရှောင်ခွာ၊
- အရိယာ၊ သစ္စာတဲ့ မြင်ငြား၊
- မြတ်နိဗ္ဗာ။ အရဟတ္တဖိုလ်ကို ယူမှ၊ မြတ်လေးဆူ မင်္ဂလာပြည့်မယ်၊ ကောင်းပေ့တရား။

ခြိုးခြံသူ

အစိပ္ပါယ်အကျဉ်း။ ။ ကြီးပွားတိုးတက်လိုပါလျှင်–

(၁) သီလအကျင့်ကို ကျင့်ပါ။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေခြောက်ပါးမှာ အကုသိုလ်နည်းအောင် ထိန်းသိမ်းပါ။

(၂) မေထုန်ကိုရှောင်၍ သမထတရား၊ ဝိပဿနာတရားတို့ကို ကြိုးစားပါ။

(၃) ထိုသို့ သီလ၊ သမာဓိ၊ ပညာကျင့်စဉ်တို့ကို ကြိုးစားအားထုတ်ပါလျှင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော အရိယသစ္စာ လေးပါးကို သိမြင်ပါလိမ့်မည်။

(၄) သစ္စာသိမြင်လျှင် နိဗ္ဗာန်ဝင်ပါလိမ့်မည်။
လောကုတ္တရာကြီးပွားရေး လမ်းညွှန်ဖြစ်ပါသည်။

<table>
<tr><td colspan="38">၃၈ ဖြာ မင်္ဂလာလမ်းညွှန် သရုပ်ပြဇယား</td></tr>
<tr><td>၁</td><td>၂</td><td>၃</td><td>၄</td><td>၅</td><td>၆</td><td>၇</td><td>၈</td><td>၉</td><td>၁၀</td><td>၁၁</td><td>၁၂</td><td>၁၃</td><td>၁၄</td><td>၁၅</td><td>၁၆</td><td>၁၇</td><td>၁၈</td><td>၁၉</td><td>၂၀</td><td>၂၁</td><td>၂၂</td><td>၂၃</td><td>၂၄</td><td>၂၅</td><td>၂၆</td><td>၂၇</td><td>၂၈</td><td>၂၉</td><td>၃၀</td><td>၃၁</td><td>၃၂</td><td>၃၃</td><td>၃၄</td><td>၃၅</td><td>၃၆</td><td>၃၇</td><td>၃၈</td></tr>
<tr><td colspan="10">ပထမအရွယ်(၁၀)</td><td colspan="11">ဒုတိယအရွယ်(၁၁)</td><td colspan="17">တတိယအရွယ်(၁၇)</td></tr>
<tr><td colspan="20">သီလ ဖြူစင်စေရေးမင်္ဂလာ (၂၀)</td><td colspan="12">သမာဓိ ဖြစ်ပွားစေရေး(၁၂)</td><td colspan="6" rowspan="2">ပညာပိုင်းဆိုင်
ရာပွင့်လင်း</td></tr>
<tr><td colspan="20">ကျင့်ဝတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု မင်္ဂလာ</td><td colspan="12">စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု</td></tr>
<tr><td colspan="20">ရုပ်ပိုင်းဆိုင်ရာကြီးပွားရေး မင်္ဂလာ</td><td colspan="18">စိတ်ပိုင်းဆိုင်ရာ ကြီးပွားရေး မင်္ဂလာ</td></tr>
<tr><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td colspan="3">မြိုးမြိုခြင်း...</td><td colspan="5">စိတ်ထားနိုင်</td></tr>
<tr><td colspan="30">လောကကြီးပွားရေး မင်္ဂလာ (၁-၃၀)</td><td colspan="8">လောကုတ်ကြီးပွား</td></tr>
<tr><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td>✓</td><td>✓</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td colspan="32">✓ လောကီ မင်္ဂလာ = ပုထုဇဉ် မင်္ဂလာ (၁-၃၂)</td><td colspan="6">လောကုတ္တရာ</td></tr>
<tr><td colspan="33">အကြောင်း မင်္ဂလာ (၁-၃၃)</td><td colspan="5">အကျိုးမင်္ဂလာ</td></tr>
</table>

အထက်ဖော်ပြပါ မင်္ဂလာလမ်းညွှန် သရုပ်ပြဇယားကို လေ့လာသုံးသပ်လိုက်ပါလျှင် ဖြည့်ကျင့်အပ်ပြီးသော လောကီကြီးပွားရေးမင်္ဂလာ(၁-၃၀) ပြည့်စုံလာပြီဖြစ်၍ လောကုတ္တရာ ကြီးပွားရေး မင်္ဂလာများသို့ တက်လှမ်းရန်မှာ လောကုတ္တရာကြီးပွားရေးတွင် အကြောင်း, အကျိုးမင်္ဂလာတွင် အကြောင်းဖြစ်သော၊ ပုထုဇဉ်, အရိယာမင်္ဂလာတို့တွင် ပုထုဇဉ်ဖြစ်သော မင်္ဂလာတို့မှတဆင့် အကျိုးဖြစ်သော၊ အရိယာဖြစ်သော မင်္ဂလာတို့ကို လေ့လာပါမည်။

၃၁။ တပေါ စ အာရုံမလိုက်စားမင်္ဂလာ

{ **တပေါ**– မကောင်းမှု ဒုစရိုက်ကို ရှိုမြှိုက်ဖျက်စီးကြောင်း အကျင့်၊ }

တပေါမင်္ဂလာအရ မကောင်းမှုဒုစရိုက်ကို ရှိုမြှိုက်ဖျက်ဆီးကြောင်း အကျင့်ဟူသည်မှာ မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ်–ဆိုသည့် အကုသိုလ်ဝင်ပေါက်တို့ကို **သတိ**ပြဋ္ဌာန်းသော **'ဣန္ဒြိယ သံဝရသီလ'**နှင့် **ဝိရိယ**ပြဋ္ဌာန်းသော ဆောင်ရွက်အားထုတ်မှု ဇွဲလုံ့လထက်သန်မှုတို့ဖြင့် ခြိုးခြံစွာကျင့်ခြင်း, အလိုမလိုက်ခြင်းစသည်တို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

'ဓမ္မသာကစ္ဆာ'တိုင်အောင် မင်္ဂလာများဖြင့် လောကကျင့်ဝတ်မင်္ဂလာများကို ညွှန်ပြ ကျင့်ဆောင်ခဲ့ပြီးနောက် လောကကိုလွတ်အောင် ရုန်းထွက်လိုသူများအဖို့ လောကုတ္တရာကြီးပွားရေးမင်္ဂလာတို့ကို ညွှန်ပြတော်မူရာတွင် 'ဂါရဝ'မှ 'ဓမ္မသာကစ္ဆာ' တိုင်အောင် မင်္ဂလာများကို ကာယကံမြောက် ကျင့်သုံးလာခဲ့ကြပါလျှင် ထိုသူ၏ စိတ်နှလုံးသည် ပျော့ပြောင်းနူးညံ့ပြီး သူတော်ကောင်းစိတ်ဓာတ်များ ကိန်းဝပ်နေပြီဖြစ်သောကြောင့် လောကုတ္တရာ ကြီးပွားရေးမင်္ဂလာ ၈–ပါးမှ အစပျိုးမင်္ဂလာဖြစ်သော 'တပေါ စ မင်္ဂလာ'ကို ဟောတော်မူပါသည်။

လောကုတ္တရာ ကြီးပွားရေးမင်္ဂလာမြတ်တို့ကို ဟောတော်မူရာတွင်လည်း တပေါမင်္ဂလာက **'သီလ'**၊ ဗြဟ္မစရိယမင်္ဂလာက **'သမာဓိ'**(သမထနှင့် ဝိပဿနာ)၊ သီလ,သမာဓိနှင့်ပြည့်စုံလျှင် **'ပညာ'**ပြဋ္ဌာန်းသော အရိယသစ္စာန ဒဿန မင်္ဂလာဖြင့် သစ္စာလေးပါးကို သိမြင်ပြီး၊ နိဗ္ဗာနသစ္ဆိကိရိယာ မင်္ဂလာဖြင့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်ဟု မင်္ဂလာအစဉ်ထား ဟောကြားတော်မူ၏။ လောကုတ္တရာ လမ်းစဉ်သည်လည်း ဝိသုဒ္ဓိလမ်းစဉ်(စင်ကြယ်သောလမ်းစဉ်)ဖြစ်၍ သီလ, သမာဓိ, ပညာ အစဉ်ထားသဖြင့် သီလပြဋ္ဌာန်းသော 'တပေါ မင်္ဂလာ'ကို ဟောတော်မူ၏။

ခြိုးခြံစွာကျင့်ခြင်း

တပေါစမင်္ဂလာသည် ပစ္စည်းဥစ္စာ၌ ချွေချွေတာတာ သုံးစွဲနေထိုင်ခြင်းတို့ကို ဆိုလိုသည် မဟုတ်ပါ။ မိမိစိတ်ကို ချိုးနှိမ်ထားပြီး အပျော်အပါး, ကာမဂုဏ်အာရုံများမှ တတ်နိုင်သမျှရှောင်ခွာ၍ ဥပုသ်စောင့်ခြင်း၊ ကောင်းသောတရားဓမ္မ အလုပ်ကို ကြိုးစားအားထုတ်ခြင်းတို့ကို ဆိုလိုပါသည်။

လမ်းညွှန်။ ။ 'တပေါ စ'မင်္ဂလာသည် ရဟန်းပုဂ္ဂိုလ်၊ လူကောင်းလူတော်ပညာရှင် လူပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံပြီးနောက် ၎င်းတို့၏ လမ်းညွှန်ချက်အတိုင်း ပထမအဆင့်အနေဖြင့် မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ်တို့ကို ထိန်းချုပ်သောအားဖြင့် အဆင့်မြင့် 'သီလ'တရား စောင့်ထိန်းကြရန်လိုအပ်ကြောင်း 'တပေါစ မင်္ဂလာ'က အဆင့်မြင့်သီလ ကျင့်သုံးရေးအတွက် လမ်းညွှန်သည်။

မှတ်ချက်။ ။ တရားကိုယ်အရတရား = **သတိ** နှင့် **ဝိရိယ**၊

"တပေါ စ" မင်္ဂလာဖြစ်သူ

ခြိုးခ်စွာကျင့်သူ၊ ပွဲလမ်းသဘင် မကြည့်သူ၊ မကြည့်သင့်သောအရုံတို့ကို မကြည့်သူ၊ အပျော်အပါး မလိုက်စားသူ၊ အပျော်အပါး ဝါသနာမပါသူ၊ဥပုသ်စောင့်ပြီး သီချင်းနားထောင်ခြင်း, အမွေးနံ့သာလိမ်း သုံးစွဲခြင်းမှ ရှောင်ကြဉ်သူ၊ မျက်စိ,နား, နှာ,လျှာ,ကိုယ်,စိတ်တို့ကို စောင့်ထိန်းသူ၊ သတိပြဋ္ဌာန်းသော 'ဣန္ဒြိယ သံဝရသီလ' ဆောက်တည်သူ၊ မကောင်းမှုဒုစရိုက်ကို ရှိုမ်ခြိုက်ဖျက်ဆီးကြောင်း ကျင့်သူစသည်..

"တပေါ စ" မင်္ဂလာ အကျိုး

မိမိစိတ်ကို ချိုးနှိမ်ထားပြီး သီလစောင့်သူသည် စိတ်နလုံးသာယာရွှင်လန်း၏။ ထိုသူအား ဝမ်းမြောက်ခြင်း(ပါမောဇ္ဇ) ဖြစ်၏။ ဝမ်းမြောက်ခြင်းကြောင့် နှစ်သက်ခြင်း ကိုယ်,စိတ်ချမ်းသာခြင်း၊ တည်ကြည်ခြင်း၊ ဟုတ်မှန်စွာ သိမြင်ခြင်း၊ ဝဋ်ဆင်းရဲ တို့၌ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ လွတ်မြောက်ခြင်း၊ လွတ်မြောက်မှုကို သိခြင်းဟူသော အကျိုးတရားများ ဖြစ်ပေါ်၏။ ဤသို့လျှင် သီလစောင့်တည်ခြင်းသည် နိဗ္ဗာန်တိုင်အောင် အကျိုးတရား ရရှိနိုင်ပေသည်။ (အံ့၊ ၃၊ ၅၁၅။)

(တစ်နည်းအားဖြင့်) သီလနှင့်ပြည့်စုံသူသည်-

သီလခေါ်ဆို၊ ကိုယ်ကျင့်တရား၊ စင်ကြယ်ကြောင်းမှ၊ စီးပွားတိုးလျက်၊
နာမည်တက်၍၊ ရွှံ့ရက်ကြောက်ကင်း၊ ပွဲလယ်ချဉ်း၍၊ သေခြင်းဆိုက်လတ်၊ သတိကပ်လျက်၊
ရောက်လတ်နတ်ဝယ်၊ ဤငါ:သွယ်၊ ရဖွယ်ကောင်းကျိုးတည်း။

(ချမ်းသာရေးတရား။ ၁၇၈)

တပေါစ တရားကိုယ်

'တပေါစမင်္ဂလာ'သည် အဘိဓ္ဓာ,ဗျာပါဒစသော အကုသိုလ်တရားများကို ဖျက်ဆီးတတ်သော **'ဣန္ဒြိယ သံဝရသီလ**ဖြစ်သော အမှတ်**'သတိ'**ကိုဝင်း၊ ဝိပဿနာ ဘာဝနာတရားများကို အားမထုတ်လိုဘဲ ပျင်းရိဆုတ်ယုတ်အောင် ပြုလုပ်တတ်သော ကောသဇ္ဇတရားတွေကို ဖယ်ရှားသောသတ္တိရှိသည့် **'ဝီရိယ'**ကိုဝင်း လက်ကိုင်ထား၍ အသုံးပြုပြီး ဣန္ဒြေခြောက်ပါးလုံးကို လုံခြုံအောင် ပိတ်ဆို့ကျင့်ကြံနိုင်ခြင်းကိုပင် ခြိုးခြံစွာကျင့်ခြင်းဟုဆိုသော မင်္ဂလာ ဖြစ်ပါသည်။

'သတိ'ပြဋ္ဌာန်းသော စောင့်စည်းမှုကြောင့် ကိုယ်ကျင့်တရား ပြည့်ဝသူသည် **လူကောင်း** ဖြစ်နိုင်သည်။ 'ဝီရိယ'ပြဋ္ဌာန်းသော ကြိုးစားမှုကြောင့် အရည်အချင်း ရှိသူ **လူတော်**ဖြစ်နိုင်သည်။ **လူကောင်း,လူတော်** ဖြစ်သူသည် မိမိအကျိုး,သူတစ်ပါး၏အကျိုးကို ပျက်စီးနစ်နာစေနိုင်သော ဆိုးညစ်မှုမျိုးကို ပြုလုပ်တော့မည်မဟုတ်သောကြောင့် စင်စစ်အားဖြင့် မကောင်းမှုမျိုးကို ဖြိုဖျက်ရာရောက်ပါသည်။

ကာမဂုဏ် အာရုံတရားများ မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ်–ဟုဆိုသည့် အကုသိုလ်ဝင်ပေါက်တို့မှ စီးဝင်မလာအောင် သတိတရားဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စိတ်ထဲ, နှလုံးထဲတွင် ရာဂစသော ကိလေသာတရားဆိုးများ ထကြွသောင်းကျန်းမလာအောင် လေ့ကျင့်မှု (သမထဘာဝနာ)ကို ကျင့်ကြံအားထုတ်ခြင်း ဖြစ်ပါသည်။ ကာမဂုဏ်အာရုံ စည်းစိမ်များ မိမိတို့အနီးအနားတွင် များစွာရှိနေသော်လည်း တဏှာ,ရာဂများ နည်းပါးသွားအောင် ဟူသောရည်ရွယ်ချက်တို့ဖြင့် ထိုထိုအာရုံများကို မလိုက်စား, မခံစားဘဲ ကြိုးစားရှောင်ကြဉ်ပြီး ကျင့်ကြံအားထုတ်ခြင်းသည် သတိတရားပြဋ္ဌာန်းသော 'ဣန္ဒြိယ သံဝရသီလ'နှင့် ကောင်းမြတ်သောလုပ်ငန်းကို နောက်မဆုတ်တမ်း ကြိုးပမ်းအားထုတ်ခြင်း ဝီရိယ ပင်ဖြစ်၏။

'သံဝရ'ဟူသည် 'သတိ'၏အမည်တစ်မျိုး ဖြစ်ပါသည်။ မိမိ၏ မျက်စိ,နား, နှာ,လျှာ, ကိုယ်,စိတ်–တို့ကို ခြိုးခြံစွာ ချင့်ချင့်ချိန်ချိန်အသုံးပြုခြင်း, ထိန်းချုပ်ခြင်း ရှိနေပါက ကိလေသာတို့ကို ပူပန်စေရာ ဖျက်ဆီးရာရောက်၍ 'တပ'ဟု ဆို၏။

ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းရာ၌ ထက်သန်သော ဇွဲလုံ့လ ဝီရိယတရားတို့ ရှိနေပါက ကိလေသာတို့ကို ပူပန်စေရာ ဖျက်ဆီးရာရောက်၍ 'တပ'ဟု ဆို၏။

ဤ'တပေါစမင်္ဂလာ'၌ 'တပ'ဟူသည်မှာ 'သတိ'နှင့် 'ဝီရိယ' တို့ပင်ဖြစ်၏။

ဦးတင်ဝင်း(ခိုက်ဦး–သုံးစွ)

တပ အကျင့် ၃-မျိုး

၁။ **အတ္တကိလမထာနုယောဂ** – ခန္ဓာကိုယ်ကို အလွန်ပင်ပန်းအောင် တရားလွန် အားထုတ်သော(=လက်ဝဲစွန်းရောက်)အကျင့်၊

၂။ **ကာမသုခလ္လိကာနုယောဂ** – ကာမဂုဏ်စည်းစိမ်ချမ်းသာကို တရားလွန် ခံစားသော(=လက်ယာစွန်းရောက်)အကျင့်၊

၃။ **မဇ္ဈိမပဋိပဒါ** – လက်ဝဲလက်ယာအစွန်းနှစ်ခုမှလွတ်သော အလယ်အလတ် လမ်းစဉ်(=မဂ္ဂင် ၈-ပါး)အကျင့်၊

အထက်ပါ 'တပ'ခေါ် အကျင့် ၃-မျိုးတို့တွင် 'တပေါစမင်္ဂလာ'၌ တပ-အရမှာ မဇ္ဈိမပဋိပဒါအကျင့်ကိုသာ လိုအပ်၏။

လောကီရေး ခြိုးခြံကျင့်သုံးရန်

လူအများသည် စား,ဝတ်,နေရေးအတွက် ရှာဖွေကြရသည့်အခါမှာ ရရှိလာ ကြသော ပစ္စည်းဥစ္စာများကို မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ်-ဆိုသည့် အကုသိုလ် ဝင်ပေါက်တို့၏ အလိုဆန္ဒများကိုသာ လိုက်လျောနေကြပြီး ဣန္ဒြေတွေကို ခြိုးခြံ ထိန်သိမ်းခြင်း မရှိဘဲ လွယ်လွယ်သုံး လွယ်လွယ်ဖြုန်းတတ်ကြပါသည်။ ရရှိထား သောပစ္စည်းဥစ္စာများကို စားသင့်သလောက်သာစား ဝတ်သင့်သလောက်သာဝတ်ပြီး ပစ္စည်းဥစ္စာများကို မစုဆောင်းထားလျှင် မကျန်းမာဖြစ်လာသောအခါ, အိုမင်းမစွမ်း ဖြစ်လာသောအခါ စိတ်ဆင်းရဲခြင်းဒုက္ခများဖြင့် ရင်ဆိုင်တိုးရမည်မှာ ဧကန်မလွဲပါ။ ထို့ကြောင့် ရှေးဆိုရိုးစကားအရ "တန်ဆေး"ဖြင့်သာ ရပ်တန့်ပြီး "လွန်ဆေး"မဖြစ် ကြရလေအောင် ခြိုးခံကြဖို့သာလိုပါသည်။

* စည်းစိမ်ဥစ္စာနှင့် အသက် တစ်ခုခုကို စွန့်ဖို့ကြုံလာလျှင် စည်းစိမ်ဥစ္စာကိုသာ စွန့်ရမည်။ အသက်ကို ရအောင်ယူရမည်။
* အသက်နှင့် သီလ တစ်ခုခုကို စွန့်ဖို့ကြုံလာလျှင် အသက်ကိုသာ စွန့်ရမည်။ သီလတရားကို ရအောင်ယူရမည်။

ထို့ကြောင့် လောကီရေးသာမက လောကုတ္တရာရေးတို့တွင်လည်း မျက်စိ,နား, နှာ,လျှာ, ကိုယ်,စိတ်-ဆိုသည့် ဒွါရပေါက်များကို **သတိ, ဝိရိယ** တို့ဖြင့် ခြိုးခြံ ထိန်သိမ်းစောင့်ရှောက် ကြရန်ဖြစ်ပါသည်။

ဝတ္ထု သာဓကများ

ဘုရားလောင်း မင်းသားအကြောင်း

တောလပတ္တဇာတ်၌ ဘုရားလောင်းမင်းသားသည် ပစ္စေကဗုဒ္ဓါတို့၏ ညွှန်ပြမှုဖြင့် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သို့ မင်းပြုရန်အတွက် နောက်လိုက်ငါးယောက်နှင့်အတူ ကန္တာရခရီးကိုဖြတ်သွားစဉ် လူယောင်ဆောင်ထားသော ဘီလူးများနှင့် တွေ့ကြ၏။ ဘီလူးတို့က ၎င်းတို့အား ကြိုက်နှစ်သက်ဖွယ်ရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဟူသော အာရုံမျိုးစုံတို့ဖြင့် ဖြားယောင်း သွေးဆောင်ကြရာ နောက်လိုက်ငါးယောက်လုံး ဘုရားလောင်းနောက် ဆက်မလိုက်တော့ဘဲ မိမိတို့၏ကြိုက်နှစ်သက်သည့် အာရုံရှိရာ ဘီလူးတို့ရှာ၍ နေခဲ့ကြသဖြင့် ဘီလူးအစားခံရလေသည်။ ဘုရားလောင်းကား ဘီလူးတို့၏ သွေးဆောင်ဖြားယောင်းမှုကို မနှစ်သက်မသာယာ စိတ်ဓာတ်ခိုင်မာစွာ ထားသောကြောင့် တက္ကသိုလ်ပြည်သို့ရောက်၍ ဘုရင်ဖြစ်လေသည်။

ဤသာဓကတ်၌ နောက်လိုက်ငါးယောက် ဘီလူးစားခံရခြင်းမှာ မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ်တို့ကို ဣန္ဒြေငါးပါးကို အလိုမလိုက်မှု 'တပေါစမဂ်လာ'နှင့်ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

'တစ်ဆုပ်ဆန်'

ရှေးအခါက **သာလွန်မင်းတရားကြီး**သည် သူအုပ်ချုပ်ရသော တိုင်းပြည် မြို့ရွာများတွင် နေ့စဉ်ထမင်းချက်သော ဆန်ထဲမှတစ်ဆုပ်ကျ နှုတ်ယူပြီး စုဆောင်းစေခဲ့ပါသည်။ ထိုကဲ့သို့ အိမ်တိုင်းက စုဆောင်းထားသော တစ်ဆုပ်ဆန်များကို တစ်လပြည့်သည့်အခါ မြို့ပြင်လေးရပ်တွေမှာ မဏ္ဍပ်ကန္ဒားတွေထိုးပြီး အလှူကြီးတွေ ပေးခဲ့ပါသည်။

အခြားမှတ်သားဖွယ်–

စာမရီသားကောင် (သီလ)ဥပမာဆောင်

ဥပုသ်သီလ စောင့်သုံးသူသည် စာမရီသားကောင်ကဲ့သို့ ပြုကျင့်ရာ၏။ စာမရီသားကောင်သည် ခြံနွယ်၌ မြီးဆံတစ်မျှင်မျှ ငြိခဲ့လျှင် မြီးဆံပြတ်မည်ကို စိုးရိမ်လှသဖြင့် ရန်းကန်ခြင်း မပြုတော့ချေ။ ငါသေသော်လည်း ဖြစ်ခဲလှစွာ မင်းမြောက်တန်ဆာရတနာ၌ အပါအဝင်ဖြစ်သော ငါ့မြီးဆံကို မပျက်မစီး ရယူနိုင်ကြစေဟု နှလုံးသွင်း၍ ထိုနေရာ၌ပင် ဝပ်သကဲ့သို့ သီလကိုချစ်မြတ်နိုးသော သူတော်စင်တို့သည်လည်း အသက်ကို စွန့်လွှတ်လျက်ပင် သီလတည်းဟူသော မြီးဆံကို စောင့်ရှောက် ထိန်သိမ်းရမည်ဖြစ်သည်။

+

၃၂။ ဗြဟ္မစရိယ အကျင့်မြတ်ပွားများမင်္ဂလာ

{ **ဗြဟ္မ**- အမြတ်၊ **စရိယ**- အကျင့်ကို ကျင့်သုံးခြင်း၊ }

'ဗြဟ္မစရိယ'အကျင့်ကို ကျင့်သုံးခြင်းဟူသော မြတ်သောအကျင့်ကို ကျင့်ခြင်းတို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

သာသနာတော်ညွှန်ကြားချက် သုံးရပ်ဖြစ်သော သီလ, သမာဓိ, ပညာ တို့တွင် ပထမအဆင့်- မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ် တို့ကို ထိန်းချုပ်သောအားဖြင့် အဆင့်မြင့် **'သီလ'** စောင့်ထိန်းရန် 'တပေါစမင်္ဂလာ'ကို 'သတိ' 'ဝီရိယ' တို့ဖြင့် ဖြည့်ကျင့်ပြီးလျှင်၊ ဒုတိယအဆင့်- စိတ်ထားတည်ကြည်မှု **'သမာဓိ'** စခန်းသို့ တက်လှမ်းရန် 'ဗြဟ္မစရိယ မင်္ဂလာ'ကို ဟောကြားတော်မူပါသည်။

လောကုတ္တရာ ကြီးပွားရေးမင်္ဂလာမြတ်တို့ကို ဟောတော်မူရာတွင်လည်း တပေါမင်္ဂလာက **'သီလ'**၊ ဗြဟ္မစရိယမင်္ဂလာက **'သမာဓိ'**(သမထနှင့် ဝိပဿနာ)၊ ဟောကြားတော်မူ၏။ (တစ်နည်း) 'တပေါဂုဏ်'နှင့်ပြည့်စုံလျှင် 'ဗြဟ္မစရိယ' မင်္ဂလာ ပြည့်စုံရေး၌ လွယ်ကူတော့သည်ဖြစ်၍ အခြားမဲ့ပြုရ ဟောတော်မူ၏။

ဗြဟ္မစရိယ အရတရားများ ဝေဖန်ခြင်း

'မဟာဂေါဝိန္ဒသုတ်'၌ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသောတရား လေးပါးကို 'ဗြဟ္မစရိယ'ဟု ဖေါ်ပြထား၏။ သို့သော် **အဋ္ဌကထာဆရာများက- "ဒါန၊ ဝေယျာဝစ္စ၊ ပဋ္ဌသီလ၊ အပ္ပမညာ၊ မေထုန်မှရှောင်ကြဉ်ခြင်း၊ မိမိမယားဖြင့် ရောင့်ရဲခြင်း၊ ဝီရိယ၊ ဥပုသ်အင်္ဂါ၊ အရိယမဂ်၊ သာသနာ၊ သမဏဓမ္မ-ရဟန်းတရား"** ဟူ၍ **၁၁-ပါး**ပြဆိုထား၏။ ဤတရားတို့တွင်လည်း မင်္ဂလာ-အရ တို့ကို-

ဒါနကို ဒါနဋ္ဌာ၌၊ **ဝေယျာဝစ္စ**နှင့် **ဥပုသ်အင်္ဂါ**တို့ကို အနဝဇ္ဇာ၌၊ **ပဋ္ဌသီလ**နှင့် **မိမိမယားဖြင့် ရောင့်ရဲခြင်း**တို့ကို ဝိရတိပါပါ၌၊ **ဝီရိယ**ကို တပေါ၌၊ **အပ္ပမညာ**ကို ခန္တီ၌ ဟောထားတော်မူပြီး၊ **အရိယမဂ်**ကို အရိယသစ္စာမင်္ဂလာတွင် ဟောမည်ဖြစ်၍-

* ဤ မင်္ဂလာအရမှာ- **"မေထုန်မှ ရှောင်ကြဉ်ခြင်း၊ သာသနာ၊ ရဟန်းတရား"** ဆိုသည့် တရား ၃-မျိုးကိုသာ ယူကြရပါမည်။ သို့ရာတွင် ဤ'ဗြဟ္မစရိယမင်္ဂလာ' တရားတော်အရ- ကာမအရသာ, ကာမဂုဏ်ချမ်းသာ၌ အာရုံမစပ် စွဲကပ်ခြင်းမရှိ ပကတိမြင့်မြတ် စင်ကြယ်သော မင်္ဂလာအကျင့်မြတ်ဖြစ်ပေသည်။

လမ်းညွှန်။ ။ 'ဗြဟ္မစရိယ'မဂ်လာသည် မျက်စိ,နား,နှာ,လျှာ, ကိုယ် တို့ကို ထိန်းချုပ်နိုင်သော်လည်း စိတ်ကိုမထိန်းချုပ်နိုင်လျှင် ဒုက္ခမငြိမ်း နိုင်သေး။ သို့ဖြစ်၍ ပထမအဆင့် သီလစောင့်ထိန်းပြီးလျှင် ဒုတိယအဆင့် စိတ်တည်ကြည်မှု သမာဓိစခန်းသို့တက်လှမ်းရန် လိုအပ်နေ သေးကြောင်း 'ဗြဟ္မစရိယ မဂ်လာ'က အဆင့်မြင့်**သမာဓိ** ကျင့်သုံးရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ လူပုဂ္ဂိုလ်များအနေဖြင့် ရှစ်ပါးသီလ, ဆယ်ပါးသီလတို့ကို ခံယူဆောက်တည်နေကြမှသာ 'ဗြဟ္မစရိယအကျင့်'တို့ကို ကျင့်သုံးနိုင်မည်။ ရဟန်းတော်များအနေဖြင့် မကုစားနိုင်သော 'ပါရာဇိကအာပတ်'လေးပါးထဲတွင်ပါသော မေထုန်အမှုကို အသက်ထက်ဆုံး ရှောင်ကြဉ်နေထိုင်ကြရသောကြောင့် လူပုဂ္ဂိုလ်များထက် ပို၍ကျင့်နိုင်ကြပါသည်။

"ဗြဟ္မစရိယ" မဂ်လာဖြစ်သူ

မြတ်သောအကျင့်ကို ကျင့်သူ၊ မေထုန်ကြီး,ငယ်တို့ကို ရှောင်ရှားသူ၊ အချစ်အကြိုက်ကို ရှောင်ရှားသူ၊ သမထနှင့်ဝိပဿနာ ကျင့်ကြံအားထုတ်သူ၊ ကမ္မဋ္ဌာန်းတရား ကျင့်ကြံအားထုတ်သူ၊ ကာမဂုဏ်ချမ်းသာ၌ စွဲကပ်ခြင်း မရှိသူ၊ ကာမဂုဏ်တို့၏ အပြစ်ကိုရှုသူ၊ ကာမချမ်းသာနှင့် အာရုံမစပ် လွတ်လွတ်လပ်လပ် နေထိုင်နိုင်သူ၊ စတုပါရိသုဒ္ဓိသီလကို ကျင့်သုံး စောင့်ထိန်းသူ၊ ဗြဟ္မစရိယ **အာဇီဝဋ္ဌမကသီလ**ကို ဆောက်တည်သူ စသည်.. .

"ဗြဟ္မစရိယ" မဂ်လာ အကျိုး

ယခုဘဝ၌ ချမ်းသာစွာ နေရခြင်း၊ သုဂတိဘဝသို့ ရောက်ရှိရခြင်းဟူသော အကျိုးတရားများကို ရရှိနိုင်သည်။ ထိုမှတစ်ပါး သူတစ်ပါးကို ပျက်စီးစေလိုချင်း, ညှင်းဆဲခြင်း, နိုင်ထက်ကလူပြုမှုခြင်း, မနာလိုဝန်တိုခြင်းနှင့် ကုသိုလ်တရားတို့မှ မမွေ့လျော်နိုင်ခြင်းတို့မှ လွတ်မြောက်နိုင်၏။ ငြိမ်းချမ်းရေးနယ်မြေ ဖြစ်အောင် ဖန်တီးနိုင်၏။

ဗြဟ္မစရိယအကျင့် ၃–မျိုး

(၁) မေထုန ဝိရတိ

'ဗြဟ္မစရိယမင်္ဂလာ'တရားတော်အရ အကျင့်မြတ်ဟူသည်မှာ– လူတို့၏ အကျင့်ဖြစ်သော **မေထုန်မှုကို ရှောင်ကြဉ်ခြင်း–မေထုန ဝိရတိ** ပင်ဖြစ်ပါသည်။ 'သလ္လေခသုတ်'၌ မေထုန ဝိရတိဟုဆိုအပ်သော ဗြဟ္မစရိယ အကျင့်မြတ်ကိုဟော တော်မူပါသည်။ မိန်းမ, ယောကျ်ား ကာယကံမြောက် သွားလာမှီဝဲသော ဤ မေထုန်မှုသည် မေထုန်ကြီး, မေထုန်ငယ်ဟူ၍ နှစ်မျိုးရှိ၏။

မေထုန်ကြီးကို– ဓမ္မစက္ကပဝတ္တနသုတ်၌ **"ဟီနော ဂမ္မော ပေါထုဇ္ဇနိကော"** (ရွာနေ လူပုထုဇဉ်တို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော အကျင့်ယုတ်တစ်မျိုး)ဟုဟော တော်မူသောကြောင့်၊ ဤအကျင့်ယုတ်ဟုဆိုရသော မေထုန်ကာမမှ ရှောင်နိုင်လျှင် 'ဗြဟ္မစရိယ'ဟု ဆိုရသော အကျင့်မြတ်ကိုလည်း ကျင့်ပြီးဖြစ်တော့သတည်း။

မေထုန်ကြီးမှတစ်ပါး အခြား မေထုန်ငယ် ၇–မျိုးလည်းရှိသေး၏။ လောက အာရုံ လိုက်စားမှုတို့မည်သည်မှာ အကျင့်ယုတ် မေထုန်ကိစ္စသို့ ဆိုက်ရောက်မှသာလျှင် အယုတ်ဆုံးဖြစ်သောကြောင့် ကာမဂုဏ်၏အပြစ်ကို ရှုလိုလျှင် အကျင့်ယုတ် မေထုန် ကာမ၏အပြစ်ကိုသာ အများဆုံး ရှုရမည်ဖြစ်သည်။

(၂) သာသန ဗြဟ္မစရိယ

ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာဟု ဆိုအပ်သော သာသနာသုံးရပ် စည်ပင်ပြန့်ပွားလာစေရန် တစ်စုံတစ်ခုသောကျောင်း, ကမ္မဋ္ဌာန်း ဌာနစသည်များပြုလုပ်ခြင်း၊ **ဓမ္မစာပေသင်တန်းများ ပို့ချနာယူခြင်း**၊ တရားဓမ္မ ဆိုဆုံးမခြင်း, ကျင့်ကြံအားထုတ်ခြင်းသည် 'မြတ်သောအကျင့်' မည်ထိုက်၏။

(၃) သမဏဓမ္မ ဗြဟ္မစရိယ

အဓိသီလ, အဓိစိတ္တ, အဓိပညာဆိုသည့် သိက္ခာသုံးပါး ရဟန်းတရားများကို ကျင့်ခြင်း၊(ဝါ) ၂၂၇–သွယ်သော သိက္ခာပုဒ်, အကျယ် ကိုးကုဋေကျော်တွေကိုလည်း ဆောက်တည်ရပါသည်။ ဤ သမဏဓမ္မသည် အနီးကပ်ဆုံးသော နိဗ္ဗာန်ရောက် ကြောင်းတရားများဖြစ်၍ 'မြတ်သောအကျင့်'ဟူသောအမည်နှင့်သာထိုက်၏။

မေထုန်မှမှ ရှောင်ကြဉ်ခြင်း

မေထုန်ကာမဂုဏ်ကို ရလိုမှုကြောင့် ကာမသတ္တဝါတို့သည် မျက်မှောက်လောက လက်ငင်းဘဝ၌ ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြရကုန်၏။ ကာမဂုဏ်အာရုံဆိုသည်မှာ သာယာဖွယ်နည်းပါး၊ ဆင်းရဲမှုကသာ များလှပါသည်။ ပူဆွေးညှိုးမှိန်စိုးရိမ်ပင်ပန်းရခြင်းသည်လည်း များလှပါသည်။ အပြစ်အနာအဆာ များလှသောကြောင့် ကြီးကျယ်လှစွာသော ဆင်းရဲမျိုးစုံကို ကြာရှည်လေးမြင့် ခံကြရကုန်၏။ ဤမျှလောက် ဆင်းရဲမျိုးစုံနှင့် တွေ့ကြုံရခြင်းသည် မေထုန်ကိုရှောင်ကြဉ်သော 'ဗြဟ္မစရိယမဂ်လာ' မရှိမှုကြောင့်ပင် ဖြစ်ပါသည်။ မေထုန်မှ ရှောင်ကြဉ်နိုင်သော ပုဂ္ဂိုလ်မြတ်တို့သည်ကား ဒုက္ခတို့မှ ကင်းစင်လွတ်မြောက်၍ ယခုဖြစ်ဆဲဘဝ နောက်နောင်ဘဝ နှစ်ဌာနတို့၌ပင်လျှင် ချမ်းသာခွင့်ကို ရရှိနိုင်ကြပါသည်။

မေထုန်အမှုကို ဘုရားအစရှိသော သူတော်ကောင်းများက ကဲ့ရဲ့ကြပါသည်။ ရံရှာ စက်ဆုပ်ကြပါသည်။ ဓမ္မစက္ကပဝတ္တနသုတ်၌ ရှင်တော်ဘုရားက–
"ကာမဂုဏ်မေထုန်မှသည် ယုတ်ညံ့လှပါသည်။ ရွာသူရွာသား လူအများတို့၏ အကျင့်ဖြစ်ပါသည်။ ရဟန်းသူတော်ကောင်းတို့၏ အကျင့် မဟုတ်ပါ။ ပုထုဇဉ်တို့၏ အကျင့်သာဖြစ်ပါသည်။ အရိယာသူတော်ကောင်းတို့၏ အကျင့်မဟုတ်ပါ။ ကောင်းသောအကျိုးစီးပွားနှင့် စပ်ယှဉ်သောတရားလည်း မဟုတ်ပါ။" ဟူ၍ ဟောတော်မူထားပါသည်။

ဤကဲ့သို့ ချမ်းသာနည်းပါး ဆင်းရဲဒုက္ခများလှသော မေထုန်–ကာမဂုဏ်ကို တစ်ရက်စွန့်နိုင်ပါက တစ်ရက်ချမ်းသာသုခ ရနိုင်ပါသည်။ နှစ်ရက်စွန့်နိုင်ပါက နှစ်ရက်ချမ်းသာသုခ ရနိုင်ပါသည်။ တစ်ပတ်စွန့်နိုင်ပါက တစ်ပတ်ချမ်းသာသုခ ရနိုင်ပါသည်။.. .. တစ်နှစ်စွန့်နိုင်ပါက တစ်နှစ် ချမ်းသာသုခ ရနိုင်ပါသည်။

လူပုဂ္ဂိုလ်များအနေဖြင့် ရှစ်ပါးသီလ, ဆယ်ပါးသီလတို့ကို ခံယူဆောက်တည်နေကြမှသာ 'ဗြဟ္မစရိယအကျင့်'တို့ကို ကျင့်သုံးနိုင်ပါမည်။ လူပုဂ္ဂိုလ်များသည် မိမိတို့တတ်အားသမျှ ဥပုသ်ရက်ရှည်စောင့်ထိန်း၊ အစားအသောက် အနေအထိုင်များကို ခြိုးခြံကြပြီး ကျင့်ကြံအားထုတ်နိုင်ကြပါက မဂ်,ဖိုလ် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော 'ဗြဟ္မစရိယအကျင့်'တို့ကို ကျင့်သုံးနိုင်ပါမည်။

ဦးတင်ဝင်း(ဒိုက်ဦး–သုံးဇွ)

ဝဏ္ဏ သာဓကများ

ပိပ္ပလိနှင့် မယ်ဘဒ္ဒါ

မာဂဓတိုင်း မဟာတိတ္ထရွာသား ကပိလပုဏ္ဏားမှာ 'ပိပ္ပလိ'မည်သော သားတစ်ယောက်ရှိ၏။ ဘဒ္ဒတိုင်း သာဂလမြို့သား ကောသိယပုဏ္ဏားမှာလည်း 'ဘဒ္ဒါ'မည်သော သမီးတစ်ယောက်ရှိ၏။ ထို သားနှင့်သမီးတို့သည် ကိလေသာအလွန်နည်းပါးကြပါသည်။ အချိန်တန်အရွယ်ရောက်သဖြင့် အိမ်ထောင်ပြုဖို့ရန် တိုက်တွန်းပါသော်လည်း အမြင့်ငင်းကြ၏။ နောက်ဆုံးတွင် နှစ်ဘက်မိဘတို့က သဘောတူ ထိမ်းမြားလက်ထပ်ပေးလိုက်ကြပါသည်။

ထူးခြားသောပါရမီရှင်များဖြစ်သဖြင့် ဇနီးမောင်နှံ ဖြစ်ကြသည့်တိုင်အောင် တစ်ယောက်နှင့်တစ်ယောက် ဖောက်ပြန်သောစိတ်ဖြင့် မဆက်ဆံကြပါ။ မောင်ရင်း နှမရင်း သဘောဖြင့်သာ ဆက်ဆံကြပါသည်။ ညအိပ်ရာဝင်သောအခါတွင် နှစ်ယောက်ကြားမှာ ပန်းကုံးကို အိပ်ရာအလယ်မှာ ထားကြပါသည်။ နေ့ဘက်မှာလည်း တစ်ဦးနှင့်တစ်ဦး ပြုံးရယ်ရုံမျှကိုတောင်မှ မပြုကြပါ။ သူတို့နှစ်ယောက်သည် ကာမဂုဏ်နှင့် မရောယှက်ကြဘဲ မိဘများထင်ရှားရှိနေသမျှ နေလာခဲ့ကြပါသည်။ မိဘများ ကွယ်လွန်သွားသော အခါ နှစ်ယောက်လုံး ရဟန်းပြုလိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်လာကြသဖြင့် စည်းစိမ်ဥစ္စာတို့ကိုစွန့်ပြီး တောထွက်ခဲ့ကြသည်။ လမ်းခရီးတွင် ရသေ့ရဟန်းအသွင်ဖြင့် မိန်းမနှင့်ယောကျ်ား အတူ တွဲသွားတာမြင်လျှင် အထင်လွဲမှားပြီး ကဲရဲ့ကြကာ လူအများတို့ အကုသိုလ်ဖြစ်ကြမည်ကို စိုးကြသည့်အတွက် တစ်လမ်းစီ လမ်းခွဲထွက်ကြပါသည်။

ထိုအချိန်တွင် မြတ်စွာဘုရားရှင်သည် ပိပ္ပလုလင် တောထွက်လာသည်ကို သိတော်မူသဖြင့်ရာဇဂြိုဟ်နှင့် နာလန္ဒမြို့အကြားရှိ ညောင်ပင်ကြီးတစ်ပင်အောက်မှာ စောင့်ဆိုင်းနေတော်မူ၏။ ပိပ္ပလုလင်လည်း ရောက်ရှိလာပြီး ဘုရားရှင်ကို လက်အုပ်ချီမိုး, တပည့်အဖြစ်ခံယူ၍ ရဟန်းပြုခဲ့ပါသည်။ ဘုရားရှင်က အဆုံးအမသဲ့ဝါဒနှင့် ရဟန်းပြုပေးပြီး 'ဗြဟ္မစရိယမဂ်လာ'ကို ဟောကြားတော်မူပါသည်။ ပိပ္ပရဟန်းလည်း ကာယကံမြောက်ကျင့်သုံးလိုက်နာသဖြင့် တရားထူးရကာ ရဟန္တာအရှင်မြတ် ဖြစ်ရပါသည်။

ဤသာဓကဌ ''ဗြဟ္မစရိယမဂ်လာ'နှင့် ပြည့်စုံသောကြောင့် တရားထူးကိုရရှိပြီး အရိယာ ဖြစ်လာရခြင်း ဖြစ်ပါသည်။

ဒုကူလနှင့် ပါရိကာ- တို့သည် ဇနီးမောင်နှံဖြစ်ကြသော်လည်း ကာမဂုဏ်ကိုပယ်စွန့်ကာ ပန်းကုံးခြားအိပ်ကြသော သာဓကတို့ရှိပြီး နောက်ဆုံးတရားထူးကို ရရှိကြ၏။

မာတိကာမာတာ ဥပါသိကာမကြီးသည် ရဟန်းတော်များထံမှ နည်းခံတောင်းယူပြီး မြင့်မြတ်သော အကျင့်တို့ကို ကြိုးစားအားထုတ်ခဲ့ရာ တရားထူးကို ရရှိခဲ့ပါသည်။

၃၃။ **အရိယသစ္စာန ဒဿနံ** **အရိယသစ္စာမြင်မင်္ဂလာ**

{**အရိယ**–ဖြူစင်မြင့်မြတ်သော၊ **သစ္စ**–အမှန်တရား၊ **ဒဿန**–သိမြင်ခြင်း၊}

အရိယာများအနေဖြင့် မဖောက်မပြန် အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခသစ္စာ, သမุဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ဟုဆိုအပ်သော အရိယသစ္စာလေးပါးတို့ကို သိမြင်နိုင်ခြင်းသည် နိဗ္ဗာန် ရလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

တပေါစနှင့် ဗြဟ္မစရိယမင်္ဂလာ နှစ်ပါးတို့သည် သစ္စာတရားသိမြင်ရေး 'အရိယသစ္စာန ဒဿနမင်္ဂလာ' ဖြစ်ပေါ်လာရေးအတွက် အဓိကအကြောင်းအရင်း မင်္ဂလာများ ဖြစ်ပါသည်။ တပေါစမင်္ဂလာအရ သီလစင်ကြယ်ပြီး၊ ဗြဟ္မစရိယ မင်္ဂလာအရ စိတ်သည်လည်း စင်ကြယ်လာခဲ့ပြီဖြစ်သောကြောင့် အခြားမဲ့တွင် ပညာ ပြဌာန်းသော 'အရိယသစ္စာန ဒဿနမင်္ဂလာ'ကို ဟောတော်မူပါသည်။

ပုထုဇဉ်, အရိယာမင်္ဂလာတို့တွင် ပုထုဇဉ်ဖြစ်သော(၁–၃၂) မင်္ဂလာတို့ကို ဟောကြားပြီးဖြစ်သောကြောင့် အရိယာ–မင်္ဂလာတို့ကို ဟောတော်မူပါသည်။ လောကုတ္တရာ ကြီးပွားရေး **အကျိုးမင်္ဂလာ**များသို့ တက်လှမ်းနိုင်ရန်အတွက် **အကြောင်းမင်္ဂလာ** (၁–၃၃)ကို ပြီးမြောက်အောင် ဟောကြားတော်မူ၏။

အရိယသစ္စာကို သိမြင်ခြင်းဆိုသည်မှာ အရိယသစ္စာတရား လေးပါးတို့ကို **မင်ဉာဏ်ဖြင့်** ပိုင်းခြားထိုးထွင်းပြီး သိမြင်ခြင်းပင် ဖြစ်ပါသည်။ လောကီနယ်ကို လွန်မြောက်၍ လောကုတ္တရာနယ်သို့ ရောက်ရှိသွားခြင်း ဖြစ်ပါသည်။ (တစ်နည်း) အရိယာသူတော်စင်တို့သာ မြင်နိုင်၏၊ သာမန်ပုထုဇဉ်တို့၏ အရာမဟုတ်ပေ။ သို့ဖြစ်၍ 'အရိယသစ္စာ'ဟု ခေါ်ပါသည်။

သစ္စာ– သောက်ရှူးကြယ်သည် သွားမြွှာလမ်းမှ ပြောင်းလွှဲခြင်းမရှိသကဲ့သို့ အမှန်တရားမှ အနည်းငယ်မျှ ပြောင်းလဲမှု မရှိဘဲ အမြဲဖြောင့်မှန်စွာ ပြောဆိုခြင်းသည် 'သစ္စာ' မည်၏။

သစ္စာသည်လည်း ပရမတ္ထသစ္စာနှင့် သမ္မုတိသစ္စာဟူ၍ နှစ်မျိုး ကွဲပြား၏။ ဤ အရိယသစ္စာသည် ပရမတ္ထသစ္စာတရားကိုသာ ဆိုလိုရင်းဖြစ်သောကြောင့် ဖြူစင်မြင့်မြတ်သော အရိယသစ္စာလေးပါးကိုသာ ရယူထိုက်ပါသည်။

လမ်းညွှန်။ ။'အရိယသစ္စာန ဒဿနမင်္ဂလာ' မင်္ဂလာသည် စိတ်တည်ငြိမ်မှု 'သမာဓိ' ရနေသော်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါးကို မမြင်ပါက သစ္စာလေးပါးကို မသိမြင်နိုင်။ သစ္စာလေးပါးကို သိမြင်နိုင်ရေး အတွက် တတိယအဆင့်ဖြစ်သည့် ဝိပဿနာပညာစခန်းသို့ တက်လှမ်းရန် လိုအပ်ကြောင်း "အရိယသစ္စာန ဒဿနမင်္ဂလာ"က အဆင့်မြင့်ပညာ ကျင့်သုံးရေးနှင့် အမှန်တရားသိမြင်ရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။အရိယသစ္စာလေးပါးတို့တွင် လောကီဆိုင်ရာ အကြောင်း,အကျိုး၊ လောကုတ္တရာဆိုင်ရာ အကြောင်း,အကျိုးတရားတို့ကို **အဘိဓမ္မာသဘော** အရနားလည်ကြပြီး ဖြစ်ပါသည်။ ဤ မင်္ဂလာတရားတော်ဆိုင်ရာတွင်-

* **လောကုတ္တရာကြီးပွားရေး, အရိယာ, အကြောင်းမင်္ဂလာ** အဖြစ်ကြယူ၏။

"အရိယသစ္စာန ဒဿန" မင်္ဂလာဖြစ်သူ

ခန္ဓဒုက္ခ, ရုပ်နာမ်ဒုက္ခတို့ကို သိမြင်သူ၊ ဒုက္ခဖြစ်ကြောင်း တဏှာလောဘ ဟူသော သမုဒယသစ္စာကိုသိသူ၊ ဒုက္ခချုပ်ကြောင်း နည်းလမ်းကောင်းဖြစ်သည့် မဂ္ဂင်(၈)ပါးအကျင့်မြတ်တရားကို ဖြည့်ကျင့်သူ၊ ခန္ဓာငါးပါးအပေါ် အမြင်ရှင်းသူ၊ အပါယ်တံခါး အပြီးတိုင်ပိတ်သွားသူ၊ ငါစွဲကွာကင်း သံသယရှင်းသွားသူ၊ စသည်..

အရိယသစ္စာန ဒဿနမင်္ဂလာ အကျိုး

မင်္ဂလာသည် အကြောင်းမင်္ဂလာ, အကျိုးမင်္ဂလာ ဟူ၍ နှစ်မျိုးရှိရာဝယ် 'အသေဝနာ'အစထား၍ 'အရိယသစ္စ'မင်္ဂလာအထိ(၁-၃၃)သည် အကြောင်းဟု ဆိုရ၏။ ထိုအကြောင်းမင်္ဂလာ ၃၃-ပါးတို့ကို ပြည့်စုံစေခဲ့လျှင် အကျိုးမင်္ဂလာ ၅-ပါး(၃၄-၃၈)တို့သည်လည်း အလိုအလျောက် ပြည့်စုံပြီး ဖြစ်ပေလိမ့်မည်။

* 'နိဗ္ဗာနသစ္ဆိကိရိယ'- နိဗ္ဗာန်(အရဟတ္တဖိုလ်)မျက်မှောက်ပြုမင်္ဂလာ၊

* စိတ်ထားခိုင်မာရေးမင်္ဂလာ ၄-ပါး ဟုဆိုအပ်သော 'ဖုဋ္ဌသ လောကဓမ္မေဟိ စိတ္တံယသ နကမ္ပတိ၊ အသောကံ၊ ဝိရဇံ၊ ခေမံ'- လောကဓံမတုန်လှုပ်မင်္ဂလာ, ဝမ်းမနည်းမင်္ဂလာ, မမက်မောမင်္ဂလာ, ဘေးမရှိမင်္ဂလာ ဟူသော ၅-ပါးသော **လောကုတ္တရာကြီးပွားရေး, အရိယာ, အကျိုးမင်္ဂလာ**တို့သည် ဖြစ်ပွားကုန်၏။

အမှန်တရား ၄–မျိုးကို ခွဲခြားညွှန်ပြခြင်း

ဗုဒ္ဓရှင်တော်ဘုရား မပွင့်မီခေတ်အချိန်က ကမ္ဘာသူ ကမ္ဘာသားတို့မှာ–ဗြဟ္မဏာတို့၏ အမှားလမ်းစဉ်၊ ရုပ်ဝါဒသမားတို့၏ အမှားလမ်းစဉ်၊ နာမ်ဝါဒသမားတို့၏ အမှားလမ်းစဉ် ဟူသော ဤအမှားကြီး သုံးခုတို့ကြားတွင် တွေဝေနေရ၏။ ထိုအမှားသုံးမျိုးကြားထဲမှ ထိုးဖောက်၍ ရှင်တော်ဘုရားသည် မိမိ၏ဗုဒ္ဓဝါဒကို ကြေညာရာတွင် အမှန်တရား ၄–မျိုးကို ခွဲခြားညွှန်ပြတော်မူ၏။

(၁) **ဒုက္ခသစ္စာ**– ဆင်းရဲမှုဟူသော အမှန်တရားတစ်မျိုးရှိကြောင်း ဟောတော်မူ၏။
[ရုပ်ဝါဒတို့က ဒိဋ္ဌနိဗ္ဗာန(လောကနိဗ္ဗာန်)ဟု ယူဆစွဲလမ်းနေသော လောကီရုပ်နာမ်ဟူသမျှသည် ၎င်းတို့ထင်သလိုမဟုတ်၊ သူတို့ကိုယ်တိုင် မူပိုင်ပြုလုပ်ထားနိုင်လောက်အောင် တည်ငြိမ်မှု မရှိသောကြောင့် စင်စစ်အားဖြင့် ဆင်းရဲသာ အမှန်ဖြစ်သည်ဟု **ဒုက္ခသစ္စာ**ကို ညွှန်ပြတော်မူ၏။]

(၂) **သမုဒယသစ္စာ**– ဆင်းရဲဖြစ်ကြောင်းအမှန်တရားတစ်မျိုးလည်းရှိကြောင်း ဟော၏။
[ဆင်းရဲဟုဆိုရသော နတ်,လူလောက ရှိသမျှအမျိုးမျိုးတို့သည် ဗြဟ္မဏာတွေ ယူဆသကဲ့သို့ တန်ခိုးရှင်က ဖန်ဆင်းပေးလိုက်သည် မဟုတ်ပါ။ လောကကိုပင် အကောင်းထင်ပြီး စွဲလမ်းတပ်မက် နေကြသောကြောင့် ယင်းတပ်မက်မှုအရ ဘဝအပြန်ပြန် ဖြစ်ပေါ်လာစေသည်ဟု **သမုဒယသစ္စာ**ကို ထင်ရှားစေသည်။]

(၃) **နိရောဓသစ္စာ**– ဆင်းရဲချုပ်ငြိမ်းမှု အမှန်တရားတစ်မျိုးလည်း ရှိသေး၏ဟု ဟောပြတော်မူ၏။ [ဗြဟ္မဏာတို့ ယူဆသည့်အတိုင်း မူလဖန်တီးသူထံသို့ ရောက်မှ ထာဝရငြိမ်းချမ်းမှုရအံ့ ဟူသည်မှာ မမှန်ပေ။ လောကကို လိုချင်တပ်မက်သည့် သမုဒယ(တဏှာ)ချုပ်ငြိမ်းမှသာ ဆင်းရဲကင်းရာဖြစ်သော ထာဝရချမ်းသာအစစ် ဖြစ်သည်ဟု နိရောဓသစ္စာဖြင့် ရှင်းပြပြန်သည်။]

(၄) **မဂ္ဂသစ္စာ**– ဆင်းရဲချုပ်ငြိမ်းရေး လမ်းစဉ်ဟူသော အမှန်တရားတစ်မျိုးလည်း ရှိသေးကြောင်း ဟောပြ၏။ [တည်ငြိမ်မှု ချမ်းသာအစစ်ကို ရလိုလျှင် ရုပ်ဝါဒသမားတို့ ယူဆသည့်အတိုင်း လျှော့လွန်းသော လောကစည်းစိမ်ကိုခံစားရေး လမ်းစဉ်ဖြင့်လည်း မရနိုင်ပါ။ ဂျိမ်းတို့ယူဆသည့်အတိုင်း တင်းလွန်းလှသော လောကစည်းစိမ်တိုက်ဖျက်ရေး လမ်းစဉ်ဖြင့်လည်း မရနိုင်ပါ။ မလျှော့မတင်းဖြစ်သော အလယ်အလတ်လမ်းစဉ်ဖြင့်သာလျှင် ချမ်းသာအစစ်ကို ရနိုင်သည်ဟု မဂ္ဂသစ္စာက ထင်ရှားစေသည်။] (မဂ်လာ အမြှုတော–၄၃၃–၄၃၄)

ဤသို့လျှင် ဗုဒ္ဓရှင်တော်မြတ်က အမှန်တရား ၄–မျိုးကို ခွဲခြားပြ၏။

သစ္စာတရားများ

* မှန်ကန်ခြင်းသဘောတရား သစ္စာသည် အရာဌာနသို့လိုက်၍ ၂-မျိုးပြား၏။

(က) **သမ္မုတိသစ္စာ**- လောကီဘုံသားတို့ ခေါ်ဝေါ်ပညတ် ထားကြသည့်အတိုင်း မှန်ကန်ခြင်းသည် 'သမ္မုတိသစ္စာ' မည်၏။ **သညာ၏အာရုံ**ဖြစ်၍ သညာဖြင့် သာထင်ရှားစွာ သိနိုင်၏။ သို့သော် သမ္မုတိသစ္စာသည် တဏှာ, ဒိဋ္ဌိတို့ကို ပယ်ရှားခြင်း မပြုနိုင်၊ ဝိမုတ္တာသုခကိုရခြင်းငှာ မစွမ်းနိုင်။ ထို့ကြောင့် ဤသစ္စာ နယ်မြေကိုလွန်မြောက်၍ ပရမတ္ထသစ္စာတိုင်အောင် ရှုမြင်နိုင်ရန် လိုအပ်၏။

(ခ) **ပရမတ္ထသစ္စာ**- အမှန်မှုချ ထင်ရှားရှိသော အမှန်သဘောတရားတို့သည် ပရမတ္ထသစ္စာ မည်၏။ ဥပမာ- အာရုံအမျိုးမျိုးကို သိခြင်းသဘောတရား သည် 'စိတ်' မည်၏ ဟုဆိုရာ၌ အာရုံကို သိခြင်းသဘောရှိသောစိတ်သည် ထင်ရှားရှိပြီး မှန်ကန်၏။ အချုပ်အားဖြင့် **စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန်** ဟူသော သဘောတရားတို့သည် 'ပရမတ္ထသစ္စာ' မည်ကုန်၏။ ဤသစ္စာကို **ပညာဖြင့် ကြည့်ရှုမှသာ မြင်နိုင်၏**။ သညာမျက်စိဖြင့်ကြည့်လျှင် မမြင်နိုင်။

ပညာဖြင့်ကြည့်ရှုသော် ပျောက်ကွယ်မသွားဘဲ သဘာဝသတ္တိကို ထင်ရှားစွာ တွေ့မြင်ရပါမူ ပရမတ္ထသစ္စာသည် ဖြစ်၏။ ထို့ကြောင့် ပရမတ္ထသစ္စာသည်လည်း ၂-မျိုး ပြား၏။

(က) **သဘာဝသစ္စာ**- တစ်ဦးတစ်ယောက်၏ ပြုပြင်ဖန်တီးမှုမရှိဘဲ ပင်ကိုယ် သဘောအတိုင်း ဖြစ်ပေါ်နေသောအမှန်တရားသည် 'သဘာဝသစ္စာ' မည်၏။

(ခ) **အရိယသစ္စာ**- အရိယာဖြစ်ကြောင်း အကျင့်ကောင်းဖြစ်သော အမှန်တရား ကို 'အရိယသစ္စာ' ဟု ခေါ်ဆို၏။ အရိယာပုဂ္ဂိုလ်တို့ သိမြင်ကြသည့်အတိုင်း မှန်ကန်စွာ သိမြင်ခြင်းသည် 'အရိယသစ္စာန ဒဿန မဂ်လာ' မည်၏။ အရိယသစ္စာသည် ၄-မျိုးရှိ၏။

(၁) ဒုက္ခသစ္စာ - ဆင်းရဲ အစစ်အမှန်တရား၊ (လောကီ ၈၁၊ စေ-၅၁၊ ရူပ် ၂၈)
(၂) သမุဒယသစ္စာ - ဆင်းရဲဖြစ်ကြောင်း အစစ်အမှန်တရား၊ (လောဘ)
(၃) နိရောဓသစ္စာ - ဆင်းရဲငြိမ်းရာ, ချမ်းသာ အစစ်အမှန်တရား၊ (နိဗ္ဗာန်)
(၄) မဂ္ဂသစ္စာ - ဆင်းရဲငြိမ်းရာရောက်ကြောင်း (မဂ္ဂင် ၈-ပါး)
အကျင့်လမ်းကောင်း အစစ်အမှန်တရား၊ တို့ဖြစ်ပါသည်။

သစ္စာ ၄–ချက်၊ အနက် ၁၆–ပါး

ပရမတ္ထ–အရိသစ္စာ ၄–ပါးတို့တွင် သစ္စာတစ်ပါးစီ၌ အနက်(အဓိပ္ပါယ်) ၄–ချက်စီ ရှိသည့်အတွက် သစ္စာ ၄–ချက်၊ အနက် ၁၆–ပါးကို ကောင်းစွာ သိမြင်ကြလျှင် 'သမ္မာဒိဋ္ဌိ' ဖြစ်နိုင်ကြပါသည်။

ဒုက္ခသစ္စာအနက် ၄–ချက်

(၁) ပီဠနအနက် = နှိပ်စက်ခြင်းသဘော၊
(၂) သန္တာပအနက် = ပူလောင်စေခြင်းသဘော၊
(၃) ဝိပရိဏာမအနက် = ဖောက်ပြန်ခြင်းသဘော၊
(၄) သင်္ခတအနက် = ပေါင်းစုပြုခြင်းသဘော။

သမုဒယသစ္စာအနက် ၄–ချက်

(၁) အာယူဟနအနက် = အားထုတ်ခြင်းသဘော၊
(၂) နိဒါနအနက် = ဆင်းရဲ၏အကြောင်းသဘော၊
(၃) သံယောဇအနက် = ဆင်းရဲနှင့်ယှဉ်စေခြင်းသဘော၊
(၄) ပလိဗောဓအနက် = နှောင့်ယှက်တားမြစ်ခြင်းသဘော။

နိရောဓသစ္စာအနက် ၄–ချက်

(၁) နိဿရဏအနက် = ထွက်မြောက်ခြင်းသဘော၊
(၂) ဝိဝေကအနက် = သခ်ါတို့မှ ကင်းဆိတ်ခြင်းသဘော၊
(၃) အသင်္ခတအနက် = မပြုမပြင်အပ်သောသဘော၊
(၄) အမတအနက် = မသေခြင်းသဘော။

မဂ္ဂသစ္စာအနက် ၄–ချက်

(၁) နိယျာနအနက် = ထွက်မြောက်ကြောင်းသဘော၊
(၂) ဟေတုအနက် = နိဗ္ဗာန်ရောက်ကြောင်းသဘော၊
(၃) ဒဿနအနက် = နိဗ္ဗာန်ကို မျက်မှောက်မြင်ခြင်းသဘော၊
(၄) အာဓိပတေယျအနက် = အကြီးအမှူးဖြစ်ခြင်းသဘော။

ဝတ္ထု သာဓကများ

အရိယာနှင့် ပုထုဇဉ်

ပဋ္ဌဝဂ္ဂီစသော အရိယာပုဂ္ဂိုလ်တို့သည် သံသရာတစ်ခွင်၌ ခန္ဓာငါးပါးနှင့် ပတ်သက်၍ အထင်အမြင် မှားနေခဲ့ကြရာ ဘုရားရှင်၏တရားကို နာကြားရ၍ သစ္စာလေးပါး အသိအမြင် အမှန်တရားကို သိရှိနားလည် သဘောပေါက်ကာ အသိဉာဏ် ရှင်းလင်းသွားသောကြောင့် သိရမည့်တရားကို သိ၍၊ ပယ်ရမည့်တရားကို ပယ်ကာ၊ ပွားရမည့်တရားကို ပွားများ၊ မျက်မှောက်ပြုရမည့်တရားကို မျက်မှောက်ပြုကြသဖြင့် ကာယသုခ၊ စိတ္တသုခနှင့် အစဉ်ပြည့်စုံကြလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ "အရိယသစ္စာန ဒဿနမဂ်လာ"နှင့် ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်များမှာမူ သံသရာတစ်ခွင်၌ ခန္ဓာငါးပါးနှင့် ပတ်သက်၍ အမြင်မရှင်း၊ မကြည်လင် မပြတ်သားခဲ့သောကြောင့် သိရမည့်တရားကို မသိ၊ ပယ်ရမည့်တရားကို မပယ်၊ ပွားရမည့်တရားကို မပွား၊ မျက်မှောက်ပြုရမည့်တရားကို မျက်မှောက်မပြုနိုင်ကြသဖြင့် ကိုယ်စိတ်ချမ်းသာမှု အစစ်အမှန်ကို မရရှိကြသည့်အပြင် ဆင်းရဲဒုက္ခ ရောက်ကြရလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ "အရိယသစ္စာန ဒဿနမဂ်လာ" ပျက်သောကြောင့် ဖြစ်ပါသည်။

ဗိမ္ဗိသာရမင်းကြီး

မြတ်စွာဘုရားရှင်သည် ဥရုဝေလတောသို့ ကြွတော်မူရာမှာ လမ်းခရီးအကြား၌ ဘဒ္ဒဝဂ္ဂိညီနောင် သုံးကျိပ်တို့နှင့်တွေ့ပြီး သစ္စာလေးပါး ဟောကြားတော်မူသည့်အတွက် အားလုံး အရိယာများဖြစ်ကြရပါသည်။ ထို့နောက် ရသေ့ညီနောင် ရှင်တစ်ထောင်ကို ချေချွတ်တော်မူပြီး သစ္စာလေးပါးမြတ်တရားကို ဟောကြားသိမြင်စေတော်မူ၏။ ထို့နောက် ရဟန္တာတစ်ထောင်နှင့် ရာဇဂြိုဟ်ပြည်သို့ကြွပြီး သစ္စာတရားကို ဟောကြားတော်မူရာ ဗိမ္ဗိသာရမင်းကြီးနှင့် နောက်လိုက်များစွာတို့သည် သစ္စာသိမြင် ကျွတ်တန်းဝင်ကြရပြီး မင်းကြီးက ဝေဠုဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပါသည်။

ဥပတိဿနှင့် ကောလိတ သူငယ်ချင်းနှစ်ယောက်တို့သည်လည်း 'မသေတရား' လိုက်ရှာနေရာမှ အရှင်အဿဇိမထေရ်နှင့်တွေ့ကြရပြီး **'ယေဓမ္မာ.. အစရိယသောဂါထာ'** ကိုနာကြားရပြီး အရိယာဖြစ်ကြ၍ နောက်ပါတပည့် ၂၅၀-တို့နှင့်အတူ ဝေဠုဝန်ကျောင်းသို့ လာရောက်ကြပြီး တပည့်ခံယူ, သစ္စာတရားနာကြားရသဖြင့် 'ရဟန္တာ'ဖြစ်ကြရ၏။

၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ ၏ နိဗ္ဗာန်မျက်မှောက်ပြုမင်္ဂလာ

{ **နိဗ္ဗာန**–(အရဟတ္တဖိုလ်)နိဗ္ဗာန်ကို၊ **သစ္ဆိကိရိယာ**– မျက်မှောက်ပြုခြင်း၊ }

အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရခြင်း, ရောက်ခြင်း, ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ခြင်း, မျက်မှောက်ပြုနိုင်ခြင်းသည် ဒုက္ခဇာတ်သိမ်းလိုသူတိုင်းမှာ ရှိရမည့် အရည် အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

နိဗ္ဗာနသစ္ဆိကိရိယာ– နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဆိုသည်မှာ အရဟတ္တဖိုလ်ဉာဏ်ကို ရရှိခြင်း၊ အရဟတ္တဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနေခြင်း၊ ရဟန္တာ အဆင့်သို့ ရောက်ခြင်း၊ အတုမဲ့ငြိမ်းချမ်းရေး ရရှိခြင်း ဖြစ်ပါသည်။

အသခ်ေတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို '**ဝါန–တဏှာ**'မှ ထွက်မြောက်တတ်သည့်အတွက် နိဗ္ဗာန[(နိ+ဝါန) ဝါန–တဏှာဟူသော အနှောင်အဖွဲ့မှ နိ–ထွက်မြောက်ရာ, လွတ်မြောက်ရာနယ်မြေ]မည်သကဲ့သို့ အရဟတ္တဖိုလ်သည်လည်း တဏှာ မရှိတော့သည့်အတွက် 'နိဗ္ဗာန' မည်ပါသည်။ အရဟတ္တဖိုလ်ဉာဏ်သည် ကိလေသာအပူမီးဟူသမျှကို အငွေ့အသက်ပါ မကျန်ရအောင် ချုပ်ငြိမ်းအေးမြ စေတတ်သောကြောင့် 'နိဗ္ဗာန' မည်ပါသည်။

လောကုတ္တရာမင်္ဂလာမြတ်တို့ကို ဟောတော်မူရာတွင် 'တပေါမင်္ဂလာ'က **သီလ**၊ 'ဗြဟ္မစရိယမင်္ဂလာ'က **သမာဓိ**တို့နှင့် ပြည့်စုံသဖြင့် 'အရိယသစ္စာ မင်္ဂလာ'က **ပညာ**ဖြင့် သစ္စာလေးပါးကို သိမြင်၏။ သစ္စာလေးပါးကို သိမြင်သည့်အတွက် အရဟတ္တဖိုလ်ဉာဏ်ဖြင့် ဖလသမာပတ်ဝင်စားပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းကို ညွှန်ပြလိုသည့်အတွက် 'နိဗ္ဗာနသစ္ဆိကိရိယာ မင်္ဂလာ'ကို ဟောတော်မူ၏။

'အရိယသစ္စာ မင်္ဂလာ'တွင် မဂ္ဂသစ္စာအရ– မဂ်တရားနှင့် နိရောဓသစ္စာ အရ– နိဗ္ဗာန်တရားကို ကောက်ယူပြီး ဖြစ်သောကြောင့် 'နိဗ္ဗာနသစ္ဆိကိရိယာ မင်္ဂလာ' အရ– **အရဟတ္တဖိုလ်**၏ မျက်မှောက်ပြုခြင်းအဖြစ် ကောက်ပါသည်။

နိဗ္ဗာန်သည် တဏှာ၏စက်ကွင်းမှ လွတ်ကင်းပြီးသောတရား ဖြစ်သည်။

* ရဲရဲညီးသော သံတွေခဲ၌ ယင်ကောင်များ နားခိုခြင်း မပြုတဲ့သကဲ့သို့ နိဗ္ဗာန်ဟူသော လောကုတ္တရာတရား၌ ကိလေသာတို့ ကပ်ရောက်ခွင့် မရချေ။
* တဏှာဖြင့် ဝန်းရံအပ်သော သတ္တဝါတို့သည် ကျော့ကွင်း၌မိသော ယုန်ကဲ့သို့ ထိတ်လန့်နေကြ၏။

ဦးတင်ဝင်း(ခိုက်ဦး–သုံးဖွ)

လမ်းညွှန်။ ။ 'နိဗ္ဗာနသစ္ဆိကိရိယာ'မင်္ဂလာသည် သစ္စာလေးပါးကို သိမြင်နိုင်သော သောတာပတ္တိမဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်, ဖိုလ်ဉာဏ် ရရှိဖြင့် ကိလေသာအပူအကုန် မငြိမ်းအေးနိုင်သေး။ ထို့ကြောင့် ကိလေသာ အပူအားလုံးငြိမ်းအေးစေရန်အတွက် အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်ပိုင်ရှင် ရဟန္တာဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် လိုအပ်ကြောင်း "နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာ"က နိဗ္ဗာန်မျက်မှောက်ပြုရေးအတွက် လမ်းညွှန်သည်။

မှတ်ချက်။ ။ **ရဟန္တာ(အသက္ခ ပုဂ္ဂိုလ်)များနှင့်သာ သက်ဆိုင်သော မင်္ဂလာ။**

* **(၃၄–၃၈)မင်္ဂလာတို့သည် အကျိုးမင်္ဂလာများဖြစ်၍ မင်္ဂလာ၏အကျိုးနှင့် ဝတ္ထု သာဓကများကို မတင်ပြတော့ပါ။**

"နိဗ္ဗာနသစ္ဆိကိရိယာ" မင်္ဂလာဖြစ်သူ

(အရဟတ္တဖိုလ်)နိဗ္ဗာန် မျက်မှောက်ပြုသူ၊ ရဟန္တာပုဂ္ဂိုလ်၊ တကယ် ငြိမ်းချမ်းသွားသူ၊ ထာဝရငြိမ်းချမ်းရေး အတုမဲ့ငြိမ်းချမ်းရေးရသူ၊ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်သူ၊ လောဘ, ဒေါသ, မောဟ လုံးဝကင်းရှင်းသွားသူ၊ ဒုက္ခခပ်သိမ်းဇာတ်သိမ်းသူ၊ နိဗ္ဗာန်ချမ်းသာကို လက်တွေ့ခံစားသူ စသည်.. .

အရဟတ္တဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း

'အရိယသစ္စာ' မင်္ဂလာဖြင့် မျက်မှောက်ပြုရသော(=မြင်ရသော) နိဗ္ဗာန်မှာ မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်လေးပါးရှိသည့်အနက် သောတာပတ္တိမဂ်,ဖိုလ်၊ သကဒါဂါမိမဂ်,ဖိုလ်၊ အနာဂါမိမဂ်,ဖိုလ်၊ အရဟတ္တမဂ်ဟူသော၊ မဂ် ၄–ပါး, အောက်ဖိုလ် ၃–ပါးတို့၏ဉာဏ်ဖြင့် မြင်ရသော နိဗ္ဗာန် ဖြစ်၏။

'နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာဖြင့် မြင်ရသော 'နိဗ္ဗာန်'မှာ အရဟတ္တဖိုလ်ဉာဏ်ဖြင့်မြင်ရသော နိဗ္ဗာန် ဖြစ်၏။ လောဘ–တဏှာစသော ကိလေသာတို့ ကင်းပြတ်ပြီးသော အရဟတ္တဖိုလ်နိဗ္ဗာန်ကို အာရုံပြုခြင်း ဖြစ်ပါသည်။

လောကုတ္တရာ မဂ်ဉာဏ်,ဖိုလ်ဉာဏ်များရှိသည့်အနက် (အသက္ခ ပုဂ္ဂိုလ်၏) ဘာဝနာအစဉ်အရ အမြင့်ဆုံးဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုရခြင်း(မြင်ရခြင်း) သည် (၀ါ) ယခုဘဝမှာပင် ရဟန္တာဖြစ်ရခြင်းသည် **'မင်္ဂလာ အရှိဆုံး'**ဖြစ်၏ဟု သိစေလိုရ်ဲ 'နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာ'ကိုထပ်၍ ဟောရခြင်းဖြစ် ပါသည်။

နိဗ္ဗာန်ဟူသည်

နိဗ္ဗာန်ဟူသည် စိတ်,စေသိက်,ရုပ်တရားတို့မှ သီးခြားဖြစ်သော **ပရမတ္ထတရား** ဖြစ်ပါသည်။ ရုပ်နာမ်ခမ္မသခ်ါရတို့နှင့် ဆက်သွယ်မှုမရှိသောကြောင့် ရုပ်ဝိသေသ, နာမ်ဝိသေသ မဟုတ်ချေ။ ပုဂ္ဂိုလ်သတ္တဝါကဲ့သို့ ခံစားတတ်သောသဘောလည်း မဟုတ်ပေ။ ငါးပါးအာရုံ ကာမဂုဏ်တရားများကဲ့သို့ ခံစားတတ်သောသဘောလည်းမဟုတ်ချေ။ နိဗ္ဗာန်၌ ခံစားမှုဟူသော 'ဝေဒယိတသုခ'မျိုး မဟုတ်ဘဲ အေးမြငြိမ်းချမ်းခြင်းဟူသော 'သန္တိသုခ' သာရှိ၏။

'ဝေဒယိတသုခ'သည် ခံစား၍ ကုန်ခန်းသွားသောအခါ အသစ်ရရှိအောင် ရှာဖွေရ၏။ ရှာဖွေရသော ဒုက္ခသည် ခံစားရသောသုခနှင့် နှိုင်းယှဉ်၍ မရအောင် ကြီးမားလှ၏။ ခံစားမှုနှင့် မရောယှက်သော 'သန္တိသုခ'သည် ရုပ်နာမ်သခ်ါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်းသဘော ဖြစ်ပေသည်။ သန္တိသုခ ရှိသော နိဗ္ဗာန်သည် စိတ်ကူးဖြင့် ကြံစည်ပြုလုပ်ထားသော အရာမဟုတ်ပေ။ အမှန်စင်စစ် ထင်ရှားရှိသော ပရမတ္ထတရားဖြစ်သည်။ အရိယာတို့သည် နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ချမ်းသာကို ဝင်စားတော်မူကြသည်။

အချို့က နိဗ္ဗာန်ကို 'ယုံချို၊ လိပ်မွေး၊ ပုဇွန်သွေး'တို့ကဲ့သို့ အမှန်စင်စစ် မရှိသော တရားဖြစ်၏။ မရှိသောတရားကို ရရှိအောင် လုပ်ယူရမည်ဆိုခြင်းသည် ယုတ္တိမရှိသော နည်းလမ်းသာဖြစ်၏"ဟု ဆိုကြလေသည်။

အမှန်အားဖြင့် နိဗ္ဗာန်သည် လောကမှလွန်မြောက်သော တရားဖြစ်၏။ ထိုတရားကို အရိယာပုဂ္ဂိုလ်များသာ မျက်ဝါးထင်ထင် သိမြင်နိုင်ကြ၏။ ရတနာသုံးပါးကို မကြည်ညိုပဲ၊ တရားမနာ၊ စာပေမသင်၊ ကမ္မဋ္ဌာန်းမဝင်သော ပုထုဇဉ်များ အတွက် မသိနိုင်ချေ။ အရိယာတို့၏ အာရုံသာဖြစ်ကြောင်း ထင်ရှားပေသည်။

ရုပ်,နာမ်ခန္ဓာတို့နှင့် နိဗ္ဗာန် အထူး

* ရုပ်,နာမ်ခန္ဓာတို့ရှိလျှင် ပဋ္ဌသန္ဓေနေရခြင်း, အိုရခြင်း, သေရခြင်း ဒုက္ခဆင်းရဲများမှလွတ်စရာ မရှိ။ ရုပ်,နာမ်ခန္ဓာ ချုပ်ငြိမ်းပြီးသော နိဗ္ဗာန်သည် သေခြင်းသဘော မရှိ။ လွန်မြောက်ပြီး ဖြစ်၏။
* ရုပ်,နာမ်ခန္ဓာတို့သည် ကံ–စသောအကြောင်းတို့ ပြုပြင်အပ်၏။ ရုပ်,နာမ်ခန္ဓာ ချုပ်ငြိမ်းပြီးသော နိဗ္ဗာန်သည် ကံ–စသောအကြောင်းတို့ ပြုပြင်ခြင်း မရှိတော့။

နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏

"နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏၊" "နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပါစေ၊" စသည်ဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် ဆုတောင်းခြင်း, နိဗ္ဗာန်ကို ရည်မှန်း၍ ကုသိုလ်ပြုရန်တိုက်တွန်းခြင်းတို့သည် နိဗ္ဗာန်ချမ်းသာကို သိမြင်သူတို့၏ ဆောင်ရွက်ချက်လမ်းညွှန်ချက်များ ဖြစ်ပေသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူသည် လမ်းမှန်ကို လျှောက်လှမ်းရမည် ဖြစ်၏။ နိဗ္ဗာန်သွားရာလမ်းမှန်ကား မဂ္ဂင်ရှစ်ပါး ပင်ဖြစ်သည်။ ထိုလမ်းမှတစ်ပါး အခြားမရှိချေ။ သာသနာတော်၌ နိဗ္ဗာန်လည်းရှိ၏။ နိဗ္ဗာန်သွားရာ လမ်းသည်လည်း ထင်ရှားစွာရှိနေ၏။ သံသရာဝဋ္ဋမ ထွက်မြောက်လိုသူတို့သည် လမ်းမှန်ဖြင့် နိဗ္ဗာန်သို့ရောက်အောင် သွားရမည်ဖြစ်သည်။ လမ်းကောင်းလမ်းမှန် ရှိနေပါလျက် မသွားခဲ့သော် ခရီးလမ်း၏ တာဝန်မဟုတ်ချေ။

* *ရန်သူဝိုင်းထား၊ ထိုယောက်ျားကား၊ ပြေးသွားဖို့ရာ၊*
လမ်းပေါက်သာလျှက်၊ ပြေးမထွက်၊ လမ်းတွက်မဟုတ်ချေ။

မဂ်ဉာဏ်ရပြီးသော အရိယာပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို တိုက်ရိုက်မျက်မှောက်ပြုနိုင်၏။ ကလျာဏပုထုဇဉ်တို့သည်ကား နိဗ္ဗာန်ကိုရည်မှန်းလျက် ကောင်းမှုကုသိုလ်များဆောင်ရွက်၍ ဆုတောင်းမှုပြုရာကာလ, ကမ္မဋ္ဌာန်းစီးဖြန်းရာကာလ စသည်တို့၌ အနုမာနဉာဏ်ဖြင့် မှန်းဆ၍ အာရုံပြုနိုင်ပေသည်။ (သင်ဘာဋ္ဌ။ ၅၃၄။)

ပုထုဇဉ်လူသားများ နိဗ္ဗာန်ကို အနုမာနအားဖြင့် မှန်းဆ၍သိပုံ

သခ်ၼတတရားလျှင် အာရုံရှိသော(သို့မဟုတ်) ပညတ်တရားလျှင် အာရုံရှိသော ဉာဏ်သည် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း, တဖန်ငြိမ်းစေခြင်း ကိစ္စ၌ မစွမ်းနိုင်။ ဤလောက၌ အရိယာပုဂ္ဂိုလ်တို့သည် မဂ်,ဖိုလ်တရားတို့ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း, တဖန်ငြိမ်းစေခြင်းတို့ကို ဆောင်ရွက်နိုင်ကြကုန်၏။ ထို့ကြောင့် သခ်ၼတ, ပညတ်တရားတို့မှထူးသော (သခ်ၼတတရားလည်းမဟုတ်, ပညတ်တရားလည်းမဟုတ်သော) ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်ခြင်း, တဖန်ငြိမ်းစေခြင်းကို ပြုတတ်ကုန်သော မဂ်, ဖိုလ်တရားတို့၏ အာရုံဖြစ်သော **'နိဗ္ဗာန်'**မည်သောတရားတစ်မျိုးသည် ဧကန်ရှိ၏ဟု မှန်းဆ၍ သိနိုင်ကြပါသည်။

နိဗ္ဗာန်မျက်မှောက်ပြုသူများအကြောင်း

ဘုရား၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ဒုက္ခဟူသမျှ၏ ဆန့်ကျင်ဘက် ဒုက္ခဟူသမျှ မရှိရာ အငြိမ်းဓာတ်ခေါ် အမြတ်ဆုံးနိဗ္ဗာန်ကို သေသေချာချာ ကိုယ်တွေ့သိမြင် မျက်မှောက်ပြုကြရသောကြောင့် ယခုဘဝ၌ လောကဓံကြောင့် စိတ်လှုပ်ရှားရမှုများ၊ ပူဆွေးသောကရောက်ရမှုများ၊ အကုသိုလ် ဖြစ်ပွားမှုများ၊ အားရန်နှင့် ကြုံတွေ့ရမှုများ လုံးဝမရှိတော့ပဲ တမလွန်၌လည်း ခန္ဓာအသစ်ဖြစ်ရန် မရှိတော့သဖြင့် ဒုက္ခခပ်သိမ်းငြိမ်းအေး သွားကြလေသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ 'နိဗ္ဗာနသစ္စာကိရိယ မဂ်လာ'နှင့်ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

ရဟန္တာ မဖြစ်သေးသော ပုဂ္ဂိုလ်များကား တမလွန်၌ ခန္ဓာအသစ်(ဇာတိ) ဖြစ်ကြရသဖြင့် အိုခြင်း(ဇရာ)၊ သေခြင်း(မရဏ) ဒုက္ခများနှင့် ကြုံတွေ့ကြရလေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ 'နိဗ္ဗာနသစ္စာကိရိယမဂ်လာ'နှင့် မပြည့်စုံသောကြောင့်ဖြစ်ပါသည်။

အခြားမှတ်သားဖွယ်

* နိဗ္ဗာန်သည် ရုပ်,နာမ်ခန္ဓာ ချုပ်ငြိမ်းပြီးသဖြင့် ဘာမျှမရှိတော့ဟူသော အဘာဝပညတ် မဟုတ်။ နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် အမှန်ထင်ရှားရှိ၏။
* အရိယာတို့သာ မဂ်,ဉာဏ်ဖိုလ်ဉာဏ်ဖြင့် သိမြင်အပ်၏။
* နိဗ္ဗာန်သည် မည်သည့်တရားကိုမျှ အာရုံမပြု။ နိဗ္ဗာန်ကို ဂေါတြဘူ, ဝေါဒါန်, မဂ်, ဖိုလ်, အာဝဇ္ဇန်း, ပစ္စဝေက္ခဏာဇောတို့ကသာ အာရုံပြုသည်။
* သခ်ၢတတရားတို့သည် ဥပါဒ်,ဌီ,ဘင်အားဖြင့် ဖြစ်မှု,ပျက်မှုတို့ ရပ်တန့်သည်ဟူ၍ မရှိ။ နိဗ္ဗာန်သည် အသခ်ၢတတရားဖြစ်၍ ဥပါဒ်,ဌီ,ဘင် မရှိ။
* နိဗ္ဗာန်သည် အစ,အဆုံးဟူ၍ မရှိ။ အတိတ်,ပစ္စုပ္ပန်,အနာဂတ် ကာလသုံးပါးမှ လွတ်၏။ ကာလဝိမုတ်တရား ဖြစ်၏။
* နိဗ္ဗာန်သည် အဗ္ဗတ္တတရား မဟုတ်။ ဗဟိဒ္ဓတရားသာ ဖြစ်သည်။
* နိဗ္ဗာန်သည် ဆဒယိတသုခ မရှိ။ (ဆဒယိတသုခသည် တာရှည်မခံ၊ ဖြစ်,ပျက်နှင့် မကင်း။) နိဗ္ဗာန်သည် ဝေဒယိတသုခထက်သာသော အမြင့်ငြိမ်းအေးသည့် သန္တိသုခသောဇကန်ရှိ၏။

ထို့ကြောင့် နိဗ္ဗာန်သည် အမြတ်ဆုံးတရား ဖြစ်ပါသည်။

မင်္ဂလာသုတ်ပျို့ (မုံရွေးဆရာတော်)

(တေရသမပျို့) (ခြိုးခ်ခြင်းစသောမင်္ဂလာ ၄-ပါး)

တပေါ် စ ၃၁	(အာရုံမလိုက်စားမင်္ဂလာ)
ဗြဟ္မစရိယ ၆၃	(အကျင့်မြတ်ပွားများမင်္ဂလာ)
အရိယသစ္စာန ဒဿနံ ၃၃	(အရိယသစ္စာမြင်မင်္ဂလာ)
နိဗ္ဗာနသစ္ဆိကိရိယာ စ ၃၄	(နိဗ္ဗာန်မျက်မှောက်ပြုမင်္ဂလာ)

၁၃။ ဖန်ရောင်ဂိရိန်၊ မြဝတိန်သာ၊ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ ရာဇတမန်၊ မောင်နတ်မွန်... ...။

(၃၁) ညွှန် တဏှာဝ၊ သံသာရမှ၊ ထွက်ရလွယ်ကြောင်း၊ ရည်ဆုတောင်း၍၊ ထိန်းကျောင်းကိုယ်နှုတ်၊ ဥပသ်သီတင်း၊ ခြိုးခ်ခြင်းဖြင့်၊ ဖြောင့်စင်းစွဲးသုံး၊ နှလုံးမကျန်း၊ ကျင့်တန်းမှန်စွာ၊ စောင့်စည်းရာ၏။

(၃၂) လေးဖြာဗြဟ္မ၊ ဝိဟာရကို၊ သဗ္ဗသတ္တာ၊ သတ္တဝါပေါင်း၊ ပို့သွန်းလောင်း၍၊ လေးကြောင်းဗြဟ္မစိုရ်၊ ပွားစိမ့်ခိုလော့။

(၃၃) ထိုထိုဓမ္မ၊ ဝင့်သုံးဝကား၊ ဒုက္ခသစ္စာ၊ တဏှာလောဘ၊ သမုဒယသစ္စာ၊ ခေမာအမတ၊ နိဗ္ဗာနကား၊ နိရောဓသစ္စာ၊ သမ္မာဒိट्ठि၊ အစရှိသည်၊ ပြားဘိမှန်စွာ၊ အင်္ဂါခေါ်တွင်၊ မဂ္ဂင်ရှစ်ပါး၊ မင်္ဂလေးပါးကား၊ တရားအရ၊ မဂ္ဂသစ္စာ၊ လေးဖြာဘေဒ၊ အရိယဖွယ်ရာ၊ သစ္စာလေးအင်၊ သိမြင်ရှုဟန်၊ တစ်ပါးမှန်၏။

(၃၄) နိဗ္ဗာန်သိမြောက်၊ လမ်းကောင်းလျှောက်၍၊ မျက်မှောက်ပြုခြင်း၊

သန့်ရှင်းပိုင်းခြား၊ ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊ မွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်၊ မှန်မှန်စွဲးမှတ် ရှာလေလော့။

ပျို့အဓိပ္ပါယ်

ဖန်ရောင်အဆင်းရှိသော တာဝတိံသာနတ်ပြည်မှ သိကြားမင်းတမန် မောင်နတ်သား...

(၃၁) တဏှာညွှန်တို့ဖြင့် ပြည့်လျှံနေသော သံသရာရေအိုင်ကြီးမှ လျင်မြန်စွာ ထွက်မြောက်စေကြောင်း ဆုပန်တောင်း၍ ကိုယ်နှုတ်စိတ်ကို ထိန်းကျောင်းလျက် ဥပသ်သီတင်း စောင့်သုံးခြင်းဖြင့် မင်္ဂလာမည်၏။

(၃၂) သတ္တဝါအပေါင်းတို့၌ ဗြဟ္မဝိဟာရခေါ်ဆိုသည့် ဗြဟ္မစိုရ်တရားလေးပါးကို ပွားများခြင်းသည် မင်္ဂလာမည်၏။

(၃၃)ထိုထိုတရား အပေါင်းတို့တွင် ဝဋ်သုံးပါးသည် (၀၊) ဝဋ်သုံးပါး၌ ဖြစ်သော လောဘစိတ်(၈၁)ပါး၊ စေတသိက်(၅၂)ပါး၊ ရုပ်(၂၈)ပါး တရားတို့သည် "ဒုက္ခသစ္စာ"မည်၏။ တဏှာ လောဘသည် "သမုဒယသစ္စာ" မည်၏။ နိဗ္ဗာန်သည် "နိရောဓသစ္စာ"မည်၏။ မင်စိတ်လေးခု၌ရှိသော သမ္မာဒိट्ठि၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော မဂ္ဂင်္ဂရှစ်ပါးသည် "မဂ္ဂသစ္စာ" မည်၏။ ထိုအရိယာသစ္စာ လေးပါးကို သိမြင်ခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်။

(၃၄)မဂ္ဂင်ရှစ်ပါးတည်းဟူသော လမ်းမှန်သို့လျှောက်လှမ်း၍ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် သိမြင်ခြင်းသည် မင်္ဂလာမည်၏။

ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဗြဟ္မစိုရ်တရားပွားများခြင်း၊ အရိယသစ္စာတို့ကို သိမြင်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဤတရားလေးပါးကို မွန်မြတ်လှစွာသော မင်္ဂလာမည်၏ဟူ၍ သဒ္ဓါကဲလွန်နတ်တမန်သည် ယုံမှားမရှိ စွဲမြဲမှတ်လေလော့။

လိုရင်းခက်ဆစ်အဖြေ–

ညွှန်တဏှာဝ – ညွှန်စေး(ဗွက်အိုင်)နှင့်တူသော တဏှာပြည့်ဝသော၊
သံသာရ – (ပါဠိ) ခန္ဓာ,အာယတန,ဓာတ်တို့ မပြတ်ဖြစ်ရာ သံသရာ၊
ထိန်း – ထိန်းသိမ်းခြင်း၊ ကျောင်း – စောင့်ရှောက်ခြင်း၊
ဥပုသ်သီတင်း – ဥပေါသထ(ပါဠိ) ရှစ်ပါးသီလစောင့်သုံးခြင်း၊ ဥပုသ်သီလ၊
ခြိုးခြ – လျော့ပေါ့ခြင်း၊ (အဝတ်, အစားတို့ကို လျော့ပေါ့ခြင်း)
မကျန်း – မခက်ထန်ခြင်း၊
ကျင့်တန်း – ကျင့်ရိုးကျင့်စဉ်၊
ဗြဟ္မ ဝိဟာရ – (ပါဠိ) ဗြဟ္မ– အမြတ်၊ ဝိဟာရ– ပျော်မွေ့ခြင်း၊
သဗ္ဗသတ္တာ – သတ္တဝါအပေါင်း၊
ပို့သွန်းလောင်း – ပေးပို့သွန်းလောင်းခြင်း၊ (မေတ္တာ၌တင်စားဆိုခြင်း)
ဗြဟ္မစိုရ် – ဗြဟ္မစရိယ (ပါဠိ) ဗြဟ္မ– အမြတ်၊ စရိယ– အကျင့်၊
ဝဋ်သုံးဝ – ကံ,ကိလေသာတို့အကျိုးဖြစ်သော လောကသုံးပါး၊
ဒုက္ခသစ္စာ – (ပါဠိ) ဒုက္ခ– ဆင်းရဲခြင်း၊ သစ္စာ– အမှန်၊
သမုဒယသစ္စာ – (ပါဠိ) ဒုက္ခဖြစ်ကြောင်းအမှန်၊
နိရောဓသစ္စာ – (ပါဠိ) ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ အမှန်၊
မဂ္ဂသစ္စာ – (ပါဠိ) ဆင်းရဲချုပ်ရာသို့ သွားရာလမ်းကြောင်းအမှန်၊

မဂ်လာ+အဘိဓမ္မာသဘော

အရိယသစ္စာ ၄–ပါး

သစ္စာ = မှန်ကန်သောကြောင့် 'သစ္စာ'ဟု ခေါ်ရပါသည်။

အရိယသစ္စာ = သစ္စာလေးပါးအမှန်တရားကိုပင် အရိယာပုဂ္ဂိုလ်တို့၏ သစ္စာဖြစ်သောကြောင့် (၀ါ)အရိယာ၏အဖြစ်ကို ပြုတတ်,ပြီးစေတတ်သောကြောင့် 'အရိယသစ္စာ' မည်၏။
['သစ္စ'သဒ္ဒါသည် မှန်ကန်ခြင်း ဟူသောအနက်ကို ဟောသည်။]

	သစ္စာ	အဓိပ္ပါယ် (အမှန်တရား)	တရားကိုယ်	ဌာန	ရုပ်+
၁	ဒုက္ခသစ္စာ (သိ) (အကျိုး)	တေဘူမက ဝဋ်ဆုံးပါး၌ ဒုက္ခအမှန်တရားများ၊	ရုပ် ၂၈,လောကီ ၈၁ လောဘကြဉ် စေ ၅၁	ဗဟိဒ္ဓ	ရုပ်+နာမ်
၂	သမุဒယသစ္စာ (ပယ်)(အကြောင်း)	ဒုက္ခ ဖြစ်ကြောင်းအမှန်တရား	လောဘ တဏှာ		နာမ်
၃	နိရောဓသစ္စာ (ဆိုက်) (အကျိုး)	ဒုက္ခ+သမุဒယ နှစ်ပါးချုပ်	နိဗ္ဗာန်	ဗဟိဒ္ဓ	။
၄	မဂ္ဂသစ္စာ (ပွား) (အကြောင်း)	ဒုက္ခ+သမุဒယ နှစ်ပါးချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း	မဂ်လေးပါး၌ရှိသော မဂ္ဂင်တရားကိုယ် ၈		။

၁။ **ဒုက္ခသစ္စာ**= မိမိကိန်းရာသတ္တဝါကို ညှင်းဆဲ နှိပ်စက်တတ်သည်၏အဖြစ် ဟူသော (ဘဝက)သဘောသည် ဒုက္ခ၌သာ ရှိ၏။ ဒုက္ခမှတစ်ပါး အခြားသောတရားတို့၌ မရှိ။ ကာမ,ရူပ,အရူပ၊ ဘုံသုံးပါး၌ အကျုံးဝင်သော တရားများသည် ဒုက္ခသစ္စာ မည်၏။ လောကီစိတ် ၈၁–ပါး, လောဘကြဉ်စေတသိက် ၅၁–ပါး, ရုပ် ၂၈–ပါး (အကျိုးသစ္စာ)

၂။ **သမุဒယသစ္စာ**= ဒုက္ခ၏ အမှန်အစအဖြစ်ဟူသော (ပဘဝ)သဘောသည် သမุဒယ ၌သာ ရှိ၏။ သမุဒယ မှတစ်ပါး အခြားသောတရားတို့၌ မရှိ။
လောဘမူစိတ် ၈–ပါး၌ယှဉ်သော လောဘ(တဏှာ) (အကြောင်းသစ္စာ)

၃။ **နိရောဓသစ္စာ** = ဒုက္ခ, သမุဒယတို့၏ ထွက်မြောက်ရာအဖြစ်ဟူသော (နိဿရဏ) သဘောသည် နိရောဓ(နိဗ္ဗာန်)၌သာ ရှိ၏။ နိရောဓ မှတစ်ပါး အခြားသောတရားတို့၌ မရှိ။
နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ (အကျိုးသစ္စာ)

၄။ **မဂ္ဂသစ္စာ** = ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သည်၏ အဖြစ်ဟူသော(နိယျာနိက) သဘောသည် မဂ္ဂ(မဂ္ဂင် ၈–ပါး)၌သာ ရှိ၏။ မဂ္ဂ မှတစ်ပါး အခြားသောတရားတို့၌ မရှိ။
မဂ်စိတ် ၄ ပါး၌ရှိသော မဂ္ဂင်တရားကိုယ် ၈–ပါး၊ (အကြောင်းသစ္စာ)

မဂ္ဂင် ၈–ပါး

ဗောဓိပက္ခိယတရားဖြစ်သော မဂ္ဂင် ၈–ပါးသည်(**သမ္မာမဂ္ဂင်**) ကိလေသာတို့ကို ပယ်သတ်ကြောင်း၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း၊ အရိယာဘုံဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောတရား ဖြစ်ပါသည်။

မဂ်၏ အစိတ်အပိုင်း အကြောင်းအင်္ဂါဖြစ်သော တရားတို့သည် 'မဂ္ဂင်' မည်၏။

မဂ္ဂင်တရား ၈–ပါး (သီလ, သမာဓိ, ပညာ မဂ္ဂင်များ)

	မဂ္ဂင်တရား	အဓိပ္ပါယ် (လမ်းကြောင်း)	တရားကိုယ်
၁	သမ္မာဒိဋ္ဌိ	မှန်သော လမ်းစဉ်အကျင့်ကို သိမြင်သော လမ်းကြောင်း၊	ပညာ
၂	သမ္မာသင်္ကပ္ပ	မှန်သော ကုသိုလ်တရားတို့၌သာ ကြံစည်သော လမ်းကြောင်း၊	ဝိတက်(ကု)
၃	သမ္မာဝါစာ	မှန်သော စကားတို့ကိုသာပြောဆိုသော လမ်းကြောင်း၊	သမ္မာဝါစာ
၄	သမ္မာကမ္မန္တ	မှန်သော အမှုတို့ကိုသာ ပြုမူ,လုပ်ကိုင်သော လမ်းကြောင်း၊	သမ္မာကမ္မန္တ
၅	သမ္မာအာဇီဝ	မှန်ကန်စွာ တရားနှင့်အညီ အသက်မွေးသော လမ်းကြောင်း၊	သမ္မာအာဇီဝ
၆	သမ္မာဝါယာမ	ကုသိုလ်တရားတို့သာဖြစ်စေရန် မှန်ကန်စွာအားထုတ်မှု ။	ဝီရိယ
၇	သမ္မာသတိ	သတိပဋ္ဌာန် ၄–ပါး ရှုပွားမှု၌ကောင်းစွာအောက်မေ့မှုလမ်းကြောင်း၊	သတိ
၈	သမ္မာသမာဓိ	ကုသိုလ်တရားတို့၌ကောင်းစွာတည်ကြည်သော လမ်းကြောင်း၊	စိတ္တဂတာ

(ဆောင်) ဒိဋ္ဌိ, သင်, ဝါစာ၊ ကမ္မန်, အာ နှင့် ဝါ,ယာ, သတိ, သမာဓိ ၅စ်သိ သမ္မာ မဂ္ဂင်များ။

သစ္စာလေးပါးမှလွတ်သော သိမှတ်ဖွယ်ရာ တရားမည်သည်မရှိ

လောကီစိတ် ၈၁ ပါး, လောဘကြဉ်သော စေတသိက် ၅၁ ပါး, ရုပ် ၂၈ ပါး * ဒုက္ခသစ္စာ
လောဘ(တဏှာ)စေတသိက် * သမุဒယသစ္စာ
နိဗ္ဗာန် * နိရောဓသစ္စာ
မဂ်စိတ် ၄–ပါး၌ရှိ မဂ္ဂင် တရားကိုယ် ၈–ပါး * မဂ္ဂသစ္စာ

ကြွင်းသော(သစ္စာဝိမုတ်) မဂ်စိတ္တုပ္ပါဒ်–၂၉, ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ပါးတို့သည် မုချအားဖြင့် သစ္စာ ၄–ပါးမှ လွတ်ကြသော်လည်း *(သတ္တန်နည်းအရ သစ္စာ၌ပြန်သွင်းခြင်း)*– ပရိယာယ်အားဖြင့် ယူပါက ဖိုလ်တရားတို့၌ယှဉ်သော သမ္မာဒိဋ္ဌိစသော မဂ္ဂင်–၈ ပါးတို့ကို (မဂ်၏ အကျိုးဖြစ်သောကြောင့်ရင်း၊ မဂ္ဂင်ချင်းတူသောကြောင့်ရင်း) မဂ္ဂသစ္စာ၌ သွင်းယူနိုင်ပါသည်။
ထိုမှတစ်ပါး မဂ်စိတ္တုပ္ပါဒ် ၂၉, ဖိုလ်စိတ္တုပ္ပါဒ် ၂၉ ပါးတို့ကို(သခ်ါရ ဒုက္ခချင်းတူသောကြောင့်) ဒုက္ခသစ္စာ၌ သွင်းယူနိုင်ပါသည်။
ဤသို့ ပရမတ္ထတရားများကို အကြွင်းအကျန်မရှိအောင် သစ္စာဖွဲ့နိုင်ပါသည်။

မှတ်မွယ်ရောရာ မဂ်လာ– အရိယာသစ္စာ

ဗုဒ္ဓမြတ်စွာဘုရားသည် ဆရာမရှိ မိမိဘာသာ သစ္စာ ၄–ပါးကို ထိုးထွင်းသိမြင်သဖြင့် အရိယာအဖြစ်သို့ရောက်ခဲ့၏။ မိမိသိမြင်သော သစ္စာ ၄–ပါးတရားတို့ကို ဝေနေယျတို့အား ဟောတော်မူခဲ့သောကြောင့် ဝေနေယျများ သိကြရပါသည်။ ထို့ကြောင့် **'အရိယာဖြစ်သော ဘုရား၏ သစ္စာ'** ဟုလည်းဆိုရပါသည်။

ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ သာဝကတို့သည် သစ္စာ ၄–ပါးကို ထိုးထွင်းသိပြီးမှသာ အရိယာ ဖြစ်လာကြရပါသည်။ ဤသစ္စာ ၄–ပါး အမှန်တရားကို သိမှသာ အရိယာဖြစ်ကြရပါသည်။ ထို့ကြောင့် **'အရိယာအဖြစ်ကို ပြီးစေတတ်သော သစ္စာ'** ဟုလည်း ဆိုရပါသည်။

သစ္စာ ၄–ပါး(သာ) ဟောရခြင်း

၁။ သံသရာ၌ဖြစ်ရသော ရုပ်,နာမ်တရားတို့သည် ဒုက္ခတရားချည်းသာတည်း။ ထို့ကြောင့် ဒုက္ခသစ္စာသည် သံသရာဝဋ်ဒုက္ခ၌ ဖြစ်ရခြင်းဟူသော 'ပဝတ္တိသစ္စာ'၊ မကောင်းသော 'အကျိုးသစ္စာ' ဖြစ်၏။
(လောကီသစ္စာ) (ပိုင်းခြား၍ သိအပ်သောတရား) (တဏှာ၏တည်ရာ)

၂။ သမုဒယသစ္စာသည် ဝဋ်ဒုက္ခဟူသမျှတို့၏ ဖြစ်ရဖို့အကြောင်း 'ပဝတ္တိဟေတုသစ္စာ'၊ မကောင်းသော 'အကြောင်းသစ္စာ' ဖြစ်၏။
(လောကီသစ္စာ) (ပယ်အပ်သောတရား) (တဏှာ)

၃။ နိရောဓသစ္စာကား သံသရာဝဋ်ဒုက္ခ၏ ဆုတ်နစ်ရာ 'နိဝတ္တိသစ္စာ'၊ ကောင်းသော 'အကျိုးသစ္စာ' ဖြစ်၏။
(လောကုတ္တရာသစ္စာ) (မျက်မှောက်ပြုအပ်သောတရား) (တဏှာချုပ်ရာ)

၄။ မဂ္ဂသစ္စာသည် နိဝတ္တိ သို့ရောက်ကြောင်း 'နိဝတ္တိဟေတုသစ္စာ'၊ ကောင်းသော 'အကြောင်း သစ္စာ' ဖြစ်၏။
(လောကုတ္တရာသစ္စာ) (ပွားစေအပ်သောတရား) (တဏှာချုပ်ကြောင်း)

* ထိုသို့ မကောင်းသော အကျိုးနှင့်အကြောင်း၊ ကောင်းသော အကျိုးနှင့်အကြောင်းများ စုံလင်သဖြင့် သစ္စာလေးပါးသာ ဟောတော်မူ၏။
* ပိုလွန်၍လည်းကောင်း၊ ယုတ်လျော့၍ လည်းကောင်း ဟောတော်မမူပါ။

မဂ်လာမြတ် လေ့ကျင့်အပ်

အောက်ပါပုဂ္ဂိုလ်တို့၌ အဘယ်မဂ်လာများ (ပြည့်စုံ) သို့မဟုတ် (ပျက်)သနည်း။

* မကြည့်သင့်သောအာရုံတို့ကို မကြည့်သူ၊ အပျော်အပါး မလိုက်စားသူ၊ (၃၁)
* ပွဲလမ်းသဘင် မကြည့်သူ၊ အပျော်အပါး ဝါသနာမပါသူ၊ .. .. (၃၁)
* မျက်စိ,နား, နှာ,လျှာ,ကိုယ်,စိတ်တို့ကို စောင့်ထိန်းသူ၊ .. .. (၃၁)
* သတိပြဋ္ဌာန်းသော 'ဣန္ဒြိယ သံဝရသီလ' ဆောက်တည်သူ၊ .. .. (၃၁)
* မြတ်သောအကျင့်ကို ကျင့်သူ၊ မေထုန်ကြီး,ငယ်တို့ကို ရှောင်ရှားသူ၊ (၃၂)
* ကာမဂုဏ်ချမ်းသာ၌စွဲကပ်ခြင်း မရှိသူ၊ ကာမဂုဏ်တို့၏ အပြစ်ကိုရှုသူ၊ (၃၂)
* ဗြဟ္မစရိယ အာဇီဝဋ္ဌမကသီလကို ဆောက်တည်သူ၊ .. .. (၃၂)
* ခန္ဓင၊ပါ၊ဒုက္ခ, ရုပ်နာမ်မမ္မ ဒုက္ခတို့ကို သိမြင်သူ၊ .. .. (၃၃)
* ဒုက္ခဖြစ်ကြောင်း တဏှာလောဘဟူသော သမุဒယသစ္စာကိုသိသူ၊ .. (၃၃)
* ခန္ဓာင၊ပါ၊အပေါ် အမြင်ရှင်းသူ၊ ငါစွဲကွာကင်း သံသယရှင်းသွားသူ၊ .. (၃၃)
* ဒုက္ခခပ်သိမ်း ဇာတ်သိမ်းသူ၊ နိဗ္ဗာန်ချမ်းသာကို လက်တွေ့ခံစားသူ၊ .. (၃၄)
* လောဘ, ဒေါသ, မောဟ လုံးဝကင်းရှင်းသွားသူ၊ .. .. (၃၄)

* ခြိုးခြံခြင်းစသောမဂ်လာ ၄–ပါ၊တို့ကို ဆိုင်ရာမဂ်လာ ပါဠိ, မြန်မာပြန်, မဂ်လာကဗျာ တို့ကို ပူဇော်ခဲ့ပါ။
* တပေါမဂ်လာတော်၏ တရားကိုယ်တို့ကို ကောက်ပြ၍ ပူဇော်ခဲ့ပါ။
* တပေါစမဂ်လာ၏ ခြိုးခြံစွာကျင့်ခြင်းအကြောင်းနှင့် လမ်းညွှန်, အရတရားတို့ကိုဖြေပါ။
* 'တပ'အကျင့်သုံးမျိုးနှင့် လောကီရေး ခြိုးခြံကျင့်သုံးရန်တို့ကို ဖြေဆိုပါ။
* ဗြဟ္မစရိယမဂ်လာ၏ အရတရားများ ဝေဖန်၍ မှန်ကန်အောင် ကောက်ပြပါ။
* ဗြဟ္မစရိယအကျင့် ၃–မျိုးနှင့် မေထုန်မှရှောင်ကြဉ်ခြင်းတို့ကို ဖြေဆိုပါ။
* အရိယသစ္စာန ဒဿနမဂ်လာ၏ အကျိုးတရားတို့ကို ပြည့်စုံစွာ ပူဇော်ခဲ့ပါ။
* အမှန်တရား ၄–မျိုးကို အမှားလမ်းစဉ်တို့မှ ထိုးဖောက်၍ ခွဲခြားညွှန်ပြပါ။
* "နိဗ္ဗာနသစ္ဆိကိရိယာ"မဂ်လာ၏ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းကို ဖြေဆိုပါ။
* အရိယာများ နိဗ္ဗာန်ကိုအာရုံပြုပုံနှင့် ပုထုဇဉ်များ နိဗ္ဗာန်ကို အနုမာနအားဖြင့် မှန်ဆ၍သိပုံတို့ကို ဖြေဆိုပါ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မဂ်လာ။"

အခန်း(၁၀)

စိတ်ထားခိုင်မာရေးမင်္ဂလာ ၄-ပါး

ရှင်တော်ဘုရား ဟောကြားတော်မူသော မင်္ဂလာတရားတော်မြတ်သည် တရားတော် အစဉ်အရ- ပထမ, ဒုတိယအရွယ် မင်္ဂလာတို့နှင့် ပြည့်စုံပြီးလျှင် တတိယအရွယ်မင်္ဂလာတို့ကို တက်လှမ်းလာခဲ့ရာ သည်းခံခြင်းစသော မင်္ဂလာများ ဖြည့်ကျင့်ပြီးနောက် အာရုံမလိုက်စား, အကျင့်မြတ်ပွားများ, အရိယသစ္စာမြင် မင်္ဂလာမြတ် [အကြောင်းမင်္ဂလာ(၁-၃၃)] တို့ကို ဖြည့်ကျင့်ကြပြီးနောက်တွင် **'နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာ'**ဖြင့် မြင်ရသော 'နိဗ္ဗာန်'မှာ အရဟတ္တဖိုလ်ဉာဏ်ဖြင့် မြင်ရသော နိဗ္ဗာန် ဖြစ်သည်။ လောဘ-တဏှာစသော ကိလေသာတို့ ကင်းပြတ်ပြီးသော အရဟတ္တဖိုလ်နိဗ္ဗာန်ကို အာရုံပြုခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူသည် နိဗ္ဗာန်သွားရာလမ်းမှန်ဖြစ်သော မဂ္ဂင်ရှစ်ပါးလမ်းကို လျှောက်လှမ်းခဲ့သဖြင့် **အရဟတ္တဖိုလ်-နိဗ္ဗာန်တိုင်အောင် ဆောင်ခဲ့ပြီးနောက် အကျိုးမင်္ဂလာများ**ကို ညွှန်ကြားလိုသည့်အတွက် **'ဖုဋ္ဌသ လောကမမ္မေဟိ၊ စိတ္တं ယသ နကမ္ပတိ"** ရဟန္တာအရှင်မြတ်တို့၏ စိတ်သည် လောကမံ ၈-ပါး တို့နှင့် တွေ့ကြုံလျှင် မတုန်လှုပ်, ကြုံကြုံခံနိုင်ခြင်းသည် အာသဝေါ ကင်းကွာပြီး ဖြစ်ကြောင်း၊ အာသဝေါကင်းသောကြောင့် (**အသောကံ**) သောကကင်းဝေးပြီး၊ (**ဝိရဇံ**) ကိလေသာ အညစ်အကြေး ကင်းစင်ကာ၊ (**ခေမံ**) ကြောက်လန့်ဖွယ်ဘေးမရှိခြင်းမင်္ဂလာတို့ကို ဆက်လက် ညွှန်ကြားပြသ ဟောကြားတော်မူပါသည်။

စိတ်ထားခိုင်မာရေးမင်္ဂလာ ၄-ပါးတို့ကို လေ့လာ, ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွါးများနိုင်ရန်အတွက်-

* နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လျှင် လောကမံ ၈-ပါးကြောင့် စိတ်မတုန်လှုပ်ခြင်း **အကျိုး** 'ဖုဋ္ဌသ လောကမမ္မေဟိ စိတ္တं ယသ နကမ္ပတိ' ပုဒ်၊
* (ဖေါ်ပြပါအကျိုးတရားနှင့်တစ်ဆက်တည်း-) စိုးရိမ်သောက ကင်းရှင်းခြင်း **အကျိုး** 'အသောကံ' ပုဒ်၊
* ကိလေသာ ရမ္မက်မြူကင်းရှင်းခြင်း **အကျိုး** 'ဝိရဇံ' ပုဒ်၊
* ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်း **အကျိုး** 'ခေမံ' ပုဒ်၊

တို့ကို ဤအခန်းတွင်တင်ပြပါမည်။ (အကျိုးပြု မင်္ဂလာ မျှား)

(၁၀) စိတ်ထားခိုင်မာရေးမင်္ဂလာ ၄-ပါး			
၃၅	ဖုဋ္ဌသ လောကဓမ္မေဟိ စိတ္တं ယဿ နကမ္ပတိ	လောကမ် မတုန်လှုပ်မင်္ဂလာ	ဆင်းရဲချမ်းသာ သဘာဝ၊ တွေ့ကြုံနေကြ လူတိုင်းပေ။
၃၆	အသောကံ	ဝမ်းမနည်းမင်္ဂလာ	ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊ တစ်လဲစီလှည့် အမြဲနေ။
၃၇	ဝိရဇံ	မမက်မောမင်္ဂလာ	လောကမ်ကြုံ မဖြုတမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
၃၈	ခေမံ	ဘေးမရှိမင်္ဂလာ	သောကကိုထိန်း၊ ရမ္မက်သိမ်း၊ အေးငြိမ်း ချမ်းသာနေ။
	ဧတံ မင်္ဂလ'မုတ္တမံ	အဲဒါ မင်္ဂလာ ၄-ဖြာ၊	အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

❖ မင်္ဂလာဂါထာ

မင်္ဂလာမြန်မာ

၃၅။ ဖုဋ္ဌသ လောကဓမ္မေဟိ– လောကမ်တရားတို့နှင့် တွေ့ကြုံလည်း
စိတ္တं ယဿ နကမ္ပတိ စိတ်ဓာတ် မတုန်လှုပ်ခြင်း၊
၃၆။ အသောကံ – စိုးရိမ်သောက မရှိခြင်း၊
၃၇။ ဝိရဇံ – ကိလေသာ ရမ္မက်မြူ မရှိခြင်း၊
၃၈။ ခေမံ – ဘေးမရှိခြင်း၊ ဘေးကင်းခြင်း၊
ဧတံ မင်္ဂလ'မုတ္တမံ။ – ဤလေးပါးသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။

➡ မင်္ဂလာကဗျာ

- လောကမ် တွေ့ရိုးမို့၊ အမျိုးမျိုးတွေ့ရမယ်၊
- စိတ်အနေ မတုန်လှုပ်အောင်၊ ထိန်းချုပ်ပါ့ကွယ်၊
- ဝမ်းပန်းလည်း မနည်းလွယ်၊ မက်မောဖွယ်ရှိဘူး၊
- ဘေးကင်းစွာ.... လေးမျိုးမင်္ဂလာကြောင့်၊
  စဉ်မကွာ ချမ်းသာပြည့်လို့ရယ်၊ ဘုန်းရှိကံထူး။

ထူးခြားသော မင်းသမီး

အဓိပ္ပါယ်အကျဉ်း။ ။ ကိလေသာ ကင်းပြတ်သွားသော **ရဟန္တာအရှင်မြတ်တို့သည်-**

၁။ ပစ္စည်းဥစ္စာရခြင်း၊ ၂။ မရခြင်း၊
၃။ အခြွေအရံများခြင်း၊ ၄။ နည်းခြင်း၊
၅။ ကဲ့ရဲ့ခံရခြင်း၊ ၆။ ချီးမွမ်းခံရခြင်း၊
၇။ ချမ်းသာခြင်း၊ ၈။ ဆင်းရဲခြင်း ဟူသော

"လောကခံတရားရှစ်ပါး"ကြောင့်-
(၁) စိတ်မတုန်လှုပ်တော့ပါ။
(၂) ဝမ်းမနည်းတော့ပါ။
(၃) မက်မောတွယ်တာခြင်း မရှိတော့ပါ။
(၄) ဘေးရန်လည်း မရှိတော့ပါ။
ရဟန္တာအရှင်မြတ်ကြီးတို့၏ကြီးပွားတိုးတက်ခြင်း 'မင်္ဂလာ'များဖြစ်ပါသည်။

☑ **ရဟန္တာအရှင်မြတ်ကြီးတို့၏ စိတ်နေ၊ စိတ်ထားကို အတုယူ၍-**

* အကောင်းလောကခံတရားနှင့်တွေ့လျှင်လည်း စိတ်မတက်ကြွပါနှင့်၊ ဘဝင်မမြင့်ပါနှင့်၊
* အဆိုး လောကခံတရားများနှင့်တွေ့လျှင်လည်း စိတ်ဓာတ်မကျပါနှင့်၊ အားမငယ်ပါနှင့်။
* အကောင်း, အဆိုး လောကခံတို့ကို ကြံ့ကြံ့ခံနိုင်ကြပါစေ။

မှတ်ချက်။ ။ ဤ မင်္ဂလာလေးပါးသည် ရဟန္တာဖြစ်ပြီးပုဂ္ဂိုလ်များဆောင်ကြသော မင်္ဂလာ(အကျိုး-လောကုတ္တရာ မင်္ဂလာ ၅-ပါး)များ ဖြစ်ကြပါသည်။ လူဝတ်ကြောင်များနှင့် မထိုက်တန်အောင် အလွန်တရာ မွန်မြတ်လှပါသည်။ သို့သော် သာမန်လူပုဂ္ဂိုလ်များတွင်လည်း ရသင့်သလောက် ရနိုင်သောကြောင့် မင်္ဂလာတရား အစဉ်ထား ဟောကြားတော်မူခဲ့ပါသည်။

၃၅-နကမ္မတိ၊ ၃၆-အသောကံ၊ ၃၇-ဝိရဇံ ၃၈-ခေမံမင်္ဂလာမြတ်တို့သည် အကျိုးမင်္ဂလာများဖြစ်ကြသဖြင့် အကြောင်းပြုလုပ် သာဓကထုတ်ပြရန်လည်း လိုအပ်မည် မထင်တော့ပါ။

၃၅။ နကမ္ဘတိ လောကခံမတ္တန်လှုပ်မင်္ဂလာ

{ **လောကခမ္မေဟိ**– လောကခံ ၈–ပါးတို့နှင့်၊ **ဖုဋ္ဌဿ**– တွေ့ထိသော၊ **ယဿ**–အကြင် ရဟန္တာပုဂ္ဂိုလ်၏၊ **စိတ္တံ**–စိတ်သည်၊ **နကမ္ပတိ**–မတုန်လှုပ်၊ }

မင်္ဂလာတရားတော်မြတ် အစဉ်ထား ဟောကြားမှုသည် အရွယ်အပိုင်းအခြား အရင်း၊ လောကီ, လောကုတ္တရာ အားဖြင့်ရင်း၊ အကြောင်း, အကျိုးအားဖြင့်ရင်း ဟောကြားထားတော်မူရာတွင် လောကကြီးပွားရေးမင်္ဂလာ(၁–၃၀)တို့ကို အောင်မြင်ခဲ့ပြီး၊ လောကီဆိုင်ရာမင်္ဂလာ(၁–၃၂)လွန်မြောက်သဖြင့် ပေါင်းကူးတံတား ဆက်ပေးထားသောကြောင့် လောကုတ္တရာကြီးပွားရေး မင်္ဂလာ(**၃၁–၃၈**)များတို့ကိုဆက်လက်ကျင့်ဆောင်ရာတွင် **လောကုတ္တရာဆိုင်ရာ**မင်္ဂလာ(**၃၃–၃၈**)ကို ကျင့်ဆောင်ကြရာ၏။ ဓမ္မသဘောအရ အကြောင်းမင်္ဂလာ(**၁–၃၃**)တို့ကို ပြည့်စုံစွာ ထူထောင်နိုင်ခဲ့လျှင် အကျိုးမင်္ဂလာ(**၃၄–၃၈**)တို့ကို အလိုအလျောက် ထူထောင်ပြီး ဖြစ်နိုင်သောကြောင့် **အရဟတ္တဖိုလ်–နိဗ္ဗာန်(၃၄)**နှင့် **အကျိုးမင်္ဂလာများ**အဖြစ်– ရဟန္တာအရှင်မြတ်တို့၏ စိတ်သည် လောကခံ ၈–ပါးတို့နှင့် တွေ့ကြုံလျှင် မတုန်လှုပ်, ကြံ့ကြံ့ခံနိုင်ခြင်း၊ အာသဝေါကင်းသောကြောင့် သောကကင်းဝေးခြင်း၊ ကိလေသာအညစ်အကြေးကင်းစင်ခြင်း၊ ကြောက်လန့်ဖွယ်သော မရှိခြင်းမင်္ဂလာမြတ်တို့ကို ဆက်လက်၍ပြသ ဟောကြားတော်မူပါသည်။

အမှန်စင်စစ် "လောကခံကို ကြံ့ကြံ့ခံနိုင်သည်"ဆိုသည်မှာ အာသဝေါကင်းကွာပြီးသော ရဟန္တာများသာ ဖြစ်နိုင်ပါသည်။ အနာဂါမ်ပုဂ္ဂိုလ်များသည်ပင် **လာဘော**–ဟုဆိုသော ဗြဟ္မာပြည်ကို လိုချင်တောင့်တသော လောဘ(**ဘဝတဏှာ**)ကို မလွန်ဆန်နိုင်သေးသည့်အတွက် ဤ 'နကမ္ပတိ'မင်္ဂလာနှင့် လုံးဝကိုက်ညီသည် ဟုမဆိုသေးပါ။ ရဟန္တာပုဂ္ဂိုလ်များသာ အကုသိုလ်စိတ္တုပ္ပါဒ်(စိတ်+စေတသိက်)တို့ အပြီးတိုင် ပယ်သတ်ပြီးဖြစ်သောကြောင့် ဤမင်္ဂလာမြတ်ကို ရရှိခံစားနိုင်ကြပါမည်။ မည်သည့် လောကခံမျိုးနှင့်ပင် တွေ့ကြုံကြရစေကာမူ မတုန်လှုပ်မချောက်ချားသော စိတ်ရှိသည်၏အဖြစ်သည်ပင် အထက်တန်းဂုဏ်ကို ဆောင်နိုင်သည့်အတွက်ကြောင့် **"ထူးကဲမွန်မြတ်လှသော လောကုတ္တရာ, အကျိုးမင်္ဂလာ"**ဟု မှတ်ချက်ချတော်မူခဲ့ပေသတည်း။

လောကခံတရား

သတ္တလောကနှင့် လောကခံတရားသည် အစဉ်ထာဝရ ယှဉ်တွဲလျက် ရှိ၏။ လောကဌ် အကျုံးဝင်သူမှန်သမျှ လောကခံတရား ၈–ပါးနှင့် ကြုံတွေ့ရမြဲဖြစ်၏။ ဂုဏ်ရှိသူ, ဂုဏ်မဲ့သူ၊ လူမိုက်, ပညာရှိ အားလုံးတွေ့ကြုံရမည့် တရားများဖြစ်ပါသည်။

* လောကဌ် အလိုအလျောက် ဖြစ်ပေါ်လာသောတရားကို **လောကဓမ္မ= လောကခံ** တရားဟု ခေါ်ပါသည်။ (ဒီ၊ ၃၊ ၃၊ ၂၂၈။)
* အဆိုးနှင့်အကောင်း အပြောင်းအလဲ ဖြစ်လေ့ရှိသော တရားဟု ဖွင့်ဆိုသည်။ ထို လောကခံသည် ၈–ပါးရှိ၏။ (မြန်၊ ဓာန်၊ ၃၃၁။)

လာဘော – ပစ္စည်းဥစ္စာ ရရှိခြင်း၊	**အလာဘော** – ပစ္စည်းဥစ္စာ မရခြင်း၊
ယသော – အခြွေအရံ ပေါများခြင်း၊	**အယသော** – အခြွေအရံ မရှိခြင်း၊
နိန္ဒာ – ကဲ့ရဲ့ခံရခြင်း	**ပသံသာ** – ချီးမွမ်းခံရခြင်း၊
သုခံ – ချမ်းသာခြင်း၊	**ဒုက္ခံ** – ဆင်းရဲခြင်း၊

လောကခံစက်ကွင်းက ဘုရားရှင်သော်မှ မလွတ်ကင်းနိုင်ခဲ့ချေ။

* ဘုရားရှင်သည် မကုန်မခန်းနိုင်အောင် ပစ္စည်းလာဘ်လာဘ ပေါများတတ်သော်လည်း ဝေရဉ္ဇာပြည်တွင် ကြမ်းတမ်းသော မုယောဆွမ်းကို ဘုန်းပေးရ၏။ ဧကနာဠကပုဏ္ဏားရွာ၌ ဆွမ်းခံစဉ် မာရ်နတ်၏လှည့်ဖြားမှုကြောင့် ဆွမ်းမရခဲ့။
* တပည့်သာဝကပရိသတ်နှင့် ပြည့်စုံပါသော်လည်း အကြိမ်များစွာ တစ်ပါးတည်း သီတင်းသုံးတော်မူခဲ့ရ၏။
* လူနတ်ဗြဟ္မာသတ္တဝါတို့၏ ချီးမွမ်းသံကို ခံယူရပါသော်လည်း စိဉ္စမာဏဝိကာ၊ သုန္ဒရီပရဿိုဇ်မ၊ တိတ္ထိယတို့၏ စွပ်စွဲကဲ့ရဲ့မှုကို ခံတော်မူခဲ့ရ၏။
* ဘုရားရှင်သည် ဖလသမာပတ်ချမ်းသာ, နိရောဓသမာပတ်ချမ်းသာ များကို များစွာခံစားနိုင်သော်လည်း ခါးနာတော်မူခြင်း, ဒေဝဒတ်က ဂိဇ္ဈကူဋ်တောင်ပေါ်မှ ကျောက်မောင်းဆင်၍ လိုမ့်ချခဲ့သောကျောက်လွှာထိ၍ သွေးချေဥခြင်း, ဝမ်းတောလားခြင်း...စသည့်ဆင်းရဲဒုက္ခနှင့် ကြုံတွေ့ခဲ့ရ၏။

လမ်းညွှန်။ ။ 'နကမ္မတိ'မဂ်လာသည် စိတ်မလှုပ်ရှားရေး, စိတ်ဓာတ် ကြံ့ခိုင်ရေးအတွက် လမ်းညွှန်ပါသည်။

"နကမ္မတိ" မဂ်လာဖြစ်သူ

ကောင်းဆိုးနှစ်တန် လောကဓံများကြောင့် စိတ်မတုန်လှုပ်သူ၊ အကောင်းနှင့် ကြုံလည်း ဝမ်းမသာ, အဆိုးနှင့်ကြုံလည်း ဝမ်းမနည်းသူ၊ အမှန်တကယ်စိတ်ခိုင်မြဲသူ၊ စိတ်ဓာတ်ကြံ့ခိုင်သူ၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ရည်ရှိသူ စသည်.. .

ရဟန္တာ၏စိတ်နှင့် အခြားသူတို့၏စိတ်

ရဟန္တာဟူသောအမည်သည် 'အရဟန္တ'ဟူသောပါဠိမှ ဆင်းသက်လာခြင်းဖြစ်၏။ "မြတ်သောအလျှုကို ခံထိုက်သူ၊ ကိလေသာ ကင်းစင်သူ၊ သံသရာစက်ကို ဖျက်ဆီးပြီးသူ၊ မကောင်းမှုကို မပြုလုပ်သူ"ဟု အဓိပ္ပါယ်ရ၏။ (ဝိဘာဝိနီ။ ၇၈။)

ရဟန္တာသည် လောကဓံရှစ်ပါးကို တုန်လှုပ်မှုမရှိ၊ ပကတိအားဖြင့် ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်နိုင်စွမ်းရှိသည်။ ကျွဘ္ဘာရုံနှင့် တွေ့ကြုံသောအခါ ဝမ်းမြောက်ခြင်း, တက်ကြွခြင်း မဖြစ်သကဲ့သို့ အနိဋ္ဌာရုံနှင့် ကြုံတွေ့သည့်အခါလည်း နှလုံးမသာခြင်း, ဆုတ်နစ်ခြင်း မဖြစ်တော့ချေ။ ကျောက်တောင်ကြီးသည် လေတိုက်ခတ်မှုကြောင့် မလှုပ်ရှားကဲ့သို့ ရဟန္တာသည် ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းစသည်တို့ကြောင့် တုန်လှုပ်မှုမရှိသော ပညာရှိပုဂ္ဂိုလ် ဖြစ်ပေသည်။ [ရဟန္တာမှတစ်ပါး အခြားအရိယာများနှင့် ပုထုဇဉ်တို့၏စိတ်သည်လည်းထိုက်သည့်အားလျော်စွာတုန်လှုပ်မှုကင်းနိုင်ပါ သေး၏။]

အနာဂါမ်သည် ဒေါသကို ပယ်စွန့်ပြီးဖြစ်၍ အနိဋ္ဌာရုံ၌ နှလုံးမသာယာမှုမဖြစ်တော့ချေ။ သို့သော် လောဘကို အပြီးအပြတ် မပယ်သတ်နိုင်သေးသောကြောင့် ရူပ,အရူပရာဂနှင့် ဆက်စပ်၍ သာယာနှစ်သက်မှု ဖြစ်နိုင်သေး၏။

သောတာပန်, သကဒါဂါမ် လောဘ,ဒေါသ မကင်းသေးသဖြင့် လောကဓံနှင့် ကြုံကြိုက်သောအခါ ဝမ်းမြောက်မှု, နှလုံးမသာယာမှုများ ဖြစ်တတ်ကြသေး၏။ သို့သော် တရား၏သဘောသဘာဝကို နက်နဲစွာ သိရှိပြီးဖြစ်၍ ဖြစ်ပေါ်လာသော သောက, ပရိဒေဝများကို အလွယ်တကူပင် ပယ်ရှားနိုင်ကြ၏။

ပုထုဇဉ်တို့သည် ဖြစ်လာသော လောကဓံ၏ မမြဲမှု, ဆင်းရဲမှု, ဖောက်ပြန်မှု သဘောတို့ကို မဆင်ခြင်တတ်သောကြောင့် လောကဓံ၏ လွှမ်းမိုးမှုကို အလူးအလှိမ့်ခံရတတ်ပါသည်။ အကောင်းလောကဓံနှင့် တွေ့ကြုံရသောအခါ ပျော်တတ်ကြ၏။ အဆိုးလောကဓံနှင့် တွေ့ကြုံရသောအခါ နှလုံးကြေကွဲ စိတ်ဆင်းရဲရ၏။

လောကခံနှင့် တုန်လှုပ်ခြင်း

*လောကခံနှင့် တွေ့ကြုံသောအခါ တုန်လှုပ်ကြသူ၊ မတုန်လှုပ်တော့သူ။
*တုန်လှုပ်သောသူတို့သည် အဘယ်ကြောင့် တုန်လှုပ်ကြသနည်း။

ရူပကာယ၏ တုန်လှုပ်ခြင်း၊ နာမကာယဖြစ်သော စိတ်၏တုန်လှုပ်ခြင်း၊ ဤနှစ်မျိုးတို့တွင် တုန်လှုပ်တတ်သော ပုဂ္ဂိုလ်တို့၌ အဘယ်ကာယ တုန်လှုပ်သနည်း။ မတုန်လှုပ်သော ပုဂ္ဂိုလ်တို့၌ အဘယ်ကာယ မတုန်လှုပ်သနည်း။

လောကခံတရားနှင့် တွေ့ကြုံသောအခါ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့သည် တုန်လှုပ်ကြကုန်၏။ အသေက္ခဖြစ်သော (အရဟတ္တဖိုလ်)ရဟန္တာပုဂ္ဂိုလ်တို့သည် တုန်လှုပ်မှု မရှိကြကုန်။

တုန်လှုပ်ကြသည်မှာ စင်စစ်အားဖြင့် လောဘစသောကိလေသာတို့သည် လုံးဝ မကင်းရှင်းကြသေးဘဲ သမာဓိအားနည်းကြသောကြောင့်ဖြစ်သည်။ သမာဓိ အနုအရင့်သို့လိုက်၍ လောကခံ၏ဒဏ်ကို ခံနိုင်ရည်ရှိကြသည်ဖြစ်ရာ ပုထုဇဉ်ထက် သောတာပန်၊ သောတာပန်ထက် သကဒါဂါမ်၊ အနာဂါမ်, ရဟန္တာ အဆင့်ဆင့် ပို၍ပို၍ သည်းခံနိုင်ကြသည်။ တုန်လှုပ်ချောက်ချားမှု နည်းသည်ဟုဆိုရပေမည်။

ပုထုဇဉ်တို့တွင်လည်း လောကီမဂ္ဂင်ထိုက်သော သမ္မာသတိ၊ သမ္မာဝါယာမ၊ သမ္မာသမာဓိတို့ အားရှိလျှင်ရှိသလောက် တုန်လှုပ်ချောက်ချားမှုနည်း၍ လောကခံ၏ ဒဏ်ကို ခံနိုင်ရည်ရှိကြပေသည်။ **တုန်လှုပ်ချောက်ချားကြောင်း**ဖြစ်သော လောဘ, ဒေါသစသော ကိလေသာ–အယုတ်တရားတို့သည် ပုထုဇဉ်တို့နှင့် သေက္ခတို့၏ သန္တာန်၌ မကုန်ခန်း, မရှင်းလင်းကြသေးသောကြောင့် ကိလေသာထုထည် အားကြီးသူသည် အေးအေးချမ်းချမ်းမနေဝံ့၊ မစားဝံ့၊ မသွားဝံ့၊ မလာဝံ့နှင့် တုန်လှုပ်ချောက်ချားကာ **"တောမျောက်ပမာ"** ဣန္ဒြေမရ တုန်လှုပ်ချောက်ခြားလျက်နေ၏။

တုန်လှုပ်ခြင်း– ရူပကာယ, နာမကာယ တုန်လှုပ်ခြင်းနှစ်မျိုးတို့တွင်–
* ပုထုဇဉ်တို့၌ နှစ်မျိုးလုံးပင် တုန်လှုပ်ကြ၏။ **ပုထုဇဉ်တို့သည်** ပွားများအပ်သော ဘာဝနာ မရှိကြသောကြောင့် စိတ်တုန်လှုပ်၏။ ကိုယ်သို့အစဉ် လိုက်တတ်သော အအေး, အပူစသောတရား(၁၀)မျိုးတို့ကြောင့် ရူပကာယတို့ တုန်လှုပ်ရ၏။
* ရဟန္တာတို့၌ ရူပကာယသာလျှင် တုန်လှုပ်ကြ၏။ **ရဟန္တာတို့သည်** စိတ်ကို ယဉ်ကျေးစေနိုင်, အစိုးရနိုင်ပါလျက် စိတ်၏တည်ရာမှီရာ ဖြစ်သော ရူပကာယကို အစဉ်လိုက်သောသဘောကို အစိုးမရကြ၍ တုန်လှုပ်ရ၏။

အကြောင်းရှာ အဖြေထုတ်

သတ္တဝါမှန်သမျှ လောကခံတရားနှင့် ကြုံတွေ့ရမြဲဖြစ်ပါသည်။ မည်သို့မျှ ရှောင်လွှဲ၍ မရသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ အကောင်းလောကခံနှင့်တွေ့သော အခါ ဘာကြောင့်တွေ့ရသည်၊ အဆိုးလောကခံတို့နှင့် တွေ့သောအခါ၌လည်း ဘာကြောင့်တွေ့ရသည်ကို အကြောင်းတွေ့အောင် ရှာတတ်ရပေမည်။

အကြောင်းရှာတွေ့လျှင် ပြင်သင့်တာကို ပြင်ပြီး၊ ဖြေရှင်းကြိုးစားသင့်သည် တို့ကိုလည်း ကြိုးစားဖြေရှင်းရမည်။ အကောင်းနှင့် တွေ့ကြုံရသောအခါ "နတ်ရူး ဘုံမြှောက်သလို"၊ အဆိုးနှင့်တွေ့သောအခါ "ငါးရံ့ ပြာလူးသလို" မဖြစ်စေဖို့ရန် သတိထားရပေမည်။ လောကခံကို ခံနိုင်ရည်ရှိမှ လောကမှာ စိတ်ချမ်းသာမည်။ အဆိုးလောကခံအလှည့် ဖြစ်နေလျှင် အကြောင်းကိုရှာပြီး ကောင်းအောင် ပြုပြင်ကြိုးစားရပါမည်။ အကောင်းလောကခံအလှည့် ဖြစ်နေလျှင်လည်း အကြောင်းကို ရှာပြီး ပိုကောင်းအောင် ကြိုးစားရပေဦးမည်။

လောကခံမျက်စိဖြင့် လောကပတ်ဝန်းကျင်ကို သုံးသပ်၍ အဆိုးလောကခံ ဒဏ်ချက် ထိုးနှက်ခံနေရသူကို မေတ္တာထား ဖေးမ,ကူညီရပါမည်။ အကောင်း လောကခံ၏ မြှောက်ပင့်မှုကို ရရှိခံစားနေရသူကိုတွေ့လျှင် မုဒိတာထား ဝမ်းမြောက် သာဓုခေါ်ရပါမည်။ ရှုတ်ချခြင်း, ချီးမွမ်းခြင်းဆိုသည့် တစ်ဖက်စွန်းသို့မရောက် အောင် မဇ္ဈိမပဋိပဒါနည်းလမ်းဖြင့် သုံးသပ် ကျင့်ဆောင်ရပါမည်။

အဆိုး,အကောင်း လောကခံနှစ်ပါးတွင် အများအားဖြင့် ဆင်းရဲသောအခါ၌ လောကခံ၏သဘောဟု နားလည်ကြပြီး၊ ချမ်းသာသောအခါတွင် လောကခံဟု သတ်မှတ်နားလည်မှု မပြုကြတော့ချေ။ လောကခံကို မေ့ထားပစ်ပြီး ဘဝင်မြင့်ကာ အောက်ခြေလွတ်ကုန်၏။ ဤအခြင်းအရာသည် **လောကခံအကျဉ်းသား**အနေဖြင့် လောကခံ၏လှည့်ကွက်ကို ခံနေရခြင်းပင်ဖြစ်သည်။ လောကခံ၏ ချီးမြှောက်မှုကို မခံယူတတ်ခြင်းလည်း ဖြစ်သည်။

လောကတွင် လောကခံ ၈–ပါးတရားနှင့်အညီ အတက်အကျ, အနိမ့်အမြင့် အကွေ့အကောက် အမြင့်အမောက်တို့သည် ရှိမြဲမမ္ဓတာများပင် ဖြစ်ကြပါသည်။ ဤသဘာဝတရားတို့ကို အာသဝေါကင်းကွာပြီးသော ရဟန္တာအရှင်မြတ်တို့သည် ကောင်းစွာသိမြင်တော်မူကြသဖြင့် 'နကမ္မတိ မင်္ဂလာ'နှင့် ပြည့်စုံရပါသည်။

၃၆။ အသောကံ ဝမ်းမနည်းမင်္ဂလာ

{ **အသောကံ**– စိုးရိမ်သောက မရှိခြင်း၊ }

အသောကံ = စိုးရိမ်သောက မရှိခြင်းသည်လည်း ရဟန္တာအရှင်မြတ်တို့၏ စိတ်တော်သည် ကိလေသာ–အာသဝေါ ကင်းစင်နေသောကြောင့် ပူဆွေးသောက လုံးဝမရှိခြင်း ဖြစ်ပါသည်။ ထာဝရ နှလုံးအေးမြနေသော မင်္ဂလာ ဖြစ်ပါသည်။

လောကဓံတရားနှင့် တွေ့ကြုံလာသည့်တိုင် ကျောက်တောင်ကြီးများကဲ့သို့ ရဟန္တာတို့၏စိတ်တော်သည် စိုးရိမ်ပူဆွေး ငိုကြွေးတမ်းတ သောကပရိဒေဝတို့ ကင်းငြိမ်း အပူဇာတ်သိမ်းခြင်းကို ဆက်လက်ညွှန်ပြလိုသောကြောင့် 'အသောကံ' မင်္ဂလာမြတ်ကို ဆက်လက်၍ပြသ ဟောကြားတော်မူပါသည်။

ယသ လောကေ သကံ နတ္ထိ၊ အသတာစ နာ သောစတိ။
ဓမ္မေသုစ နာ ဂဠ္ဆတိ၊ သ ဝေ သန္တောတိ ဝုစ္စတိ။

(ပုရာဏဒသုတ် အဆုံးသတ်ဂါထာ)

ယသ၊ အကြင် ရဟန္တာပုဂ္ဂိုလ်မြတ်အား။ **သကံ**၊ ငါ၏ဥစ္စာဟု သာယာသိမ်းပိုက် အပ်သော မိမိဥစ္စာမည်သည်။ **နတ္ထိ**၊ မရှိတော့ပေ။ (ကိုယ်တွင်း,ကိုယ်ပ ငါ့ဥစ္စာ, ငါ့မျက်စိ,ငါ့ကိုယ်..စသည် တဏှာနှင့်ဒိဋ္ဌိ လုံးဝကင်းရှင်း နေနိုင်ခြင်း) **အသတာစ**၊ မရှိသည့်အတွက်။ **နာ သောစတိ**၊ မစိုးရိမ်,မပူဆွေးရတော့ပါ။ **ဓမ္မေသုစ**၊ ရုပ်နာမ် ဓမ္မသစ်ါရတရားတို့၌လည်း။ **နာ ဂဠ္ဆတိ**–တွယ်တာတပ်မက်နှစ်သက်ခြင်း မရောက်ကြတော့ပါ။ **သ–သော**၊ ထိုအင်္ဂါဂုဏ် အလုံးစုံနှင့် ပြည့်စုံသော ရဟန္တာမြတ်တို့ကို။ **ဝေ**၊ စင်စစ်။ **သန္တောတိ**၊ ကိလေသာအပူမီး,သောကမီးများသည် ငြိမ်းအေးပြီးဖြစ်ကြသော ပုဂ္ဂိုလ်မြတ်များဟု။ **ဝုစ္စတိ**၊ ခေါ်ဆိုအပ်ပါသည်။

ပုထုဇဉ်မှန်သမျှမှာတော့ မွေးလာပြီးသည့်နေ့ကစ၍ သေဆုံးသွားသည့်တိုင် အောင်ပင် သောက,ပရိဒေဝမီးများ နေ့စဉ်နှင့်အမျှ တောက်လောင်နေကြရ၏။ စိတ်အေးချမ်းသာခြင်း အလှည့်အကြိမ် ရနိုင်မှုတို့ နည်းပါးလှ၏။ အကြောင်းရင်း အမှန်ကိုရှာကြည့်လျှင် သတိပဋ္ဌာန်တရားကို လက်ကိုင်မထားနိုင်ကြသောကြောင့် **ဗျသနတရားငါးပါး**တို့နှင့် ကြုံတွေ့လာသောအခါ တရားသဘောကို မဆင်ခြင်, မစဉ်းစားနိုင်ဘဲ အသောမသတ်သော စိုးရိမ်ပူပန် သောကတို့ ဖြစ်ကြရပါသည်။

ဗျသနတရား ၅–ပါး

ကိုယ်စိတ်ချမ်းသာမှုနှင့် စည်းစိမ်ချမ်းသာတို့ကို ပျက်စီးစေတတ်သောကြောင့် 'ဗျသန'ဟု ခေါ်၏။ စိုးရိမ်ကြောင့်ကြ သောက ဖြစ်စရာအချက်များကား–

၁။ **ဉာတိဗျသန**	– ဆွေမျိုးမိတ်သင်္ဂဟများ ပျက်စီးခြင်း၊	ရဟန္တာများ
၂။ **ဘောဂဗျသန**	– စည်းစိမ်ဥစ္စာ ဆုံးရှုံး ပျက်စီးခြင်း၊	ကြုံတွေ့နိုင်သည်၊
၃။ **ရောဂဗျသန**	– ရောဂါနှိပ်စက် ပျက်စီးခြင်း၊	(ကိုယ်မပိုင်)
၄။ **သီလဗျသန**	– ကိုယ်ကျင့်သီလ,စာရိတ္တ ပျက်စီးခြင်း၊	အရိယာများနှင့်မဆိုင်
၅။ **ဒိဋ္ဌိဗျသန**	– အယူ–အမြင် ပျက်စီးခြင်း၊	(ကိုယ်ပိုင်တရား)

ဗျသန–ပျက်စီးခြင်း ငါးမျိုးတို့နှင့် ကြုံတွေ့ရသောအခါ ခန္ဓာကိုယ်တွင်း၌ ပူလောင်ခြောက်သွေ့၍ တစ်ဆွေ့ဆွေ့ပူပန်ခြင်း၊ တောင့်တခြင်း၊ ကြောင့်ကြခြင်း၊ စိတ်မအေးခြင်းကို 'စိုးရိမ်ခြင်း'ဟု ခေါ်ပါသည်။

[တရားကိုယ် (**ဒေါမနဿ**)**ဝေဒနာ** **စေတသိက်** ဖြစ်ပါသည်။]

❶ ရဟန္တာအရှင်မြတ်တို့သည် 'ဉာတိ,ဘောဂ,ရောဂဗျသန'တို့နှင့်သာ ကြုံတွေ့နိုင်ပြီး၊ 'ဒိဋ္ဌိ,သီလဗျသန'တို့နှင့် မကြုံတွေ့ရတော့ပါ။ ရဟန္တာနှင့်တကွ အရိယာသူတော်ကောင်းတို့သည် အယူမှားခြင်း(မိစ္ဆာဒိဋ္ဌိ)၊ သီလပျက်ခြင်းများ မရှိတော့ပါ။

❷ ပစ္စုပ္ပန်ဘဝမှာ စောင့်ရှောက်မှု ချွတ်ယွင်းအားနည်းမှုကြောင့် ပျက်စီးရခြင်းထက် အတိတ်ကံအကျိုးပေးများနှင့် အများဆုံးသက်ဆိုင်သောကြောင့် ဤသုံးပါးကို **ကိုယ်မပိုင်သောတရား**ဟု နှလုံးသွင်းပြီး ခန္ဓာမင်္ဂလာတရားလက်ကိုင်ထားလျက် ကြိုးစားနှလုံးသွင်းပြီး မပူပန်ရအောင် ကျင့်ဆောင်ရပါမည်။

❸ ဗုဒ္ဓသာသနာတော်ကြီးအပေါ် ယုံကြည်ချက်–သဒ္ဓါတရားဖြင့် အယူမမှားအောင်၊ မိမိအယူအဆ (**သမ္မာဒိဋ္ဌိ**)၊ သီလမပျက်ရအောင် ကိုယ်ကျင့်တရား(ဝိရိယ)ကို မပျက်စီးရအောင် **ကိုယ်ပိုင်တရား**အနေဖြင့် မိမိကိုယ်တိုင် စောင့်ရှောက်ရ၏။

စိုးရိမ်–သောက ဖြစ်ရခြင်းသည် '**ဒေါသ**'က မြစ်ဖျားခံလာခြင်း, ဒေါသ၏ အဖွဲ့ဝင်ဖြစ်ရသောကြောင့်သာဖြစ်၏။ ဒေါသ မကင်းသေးသမျှ **သောက**–စိုးရိမ်ခြင်း၊ **ပရိဒေဝ**– ငိုကြွေးမြည်တမ်းခြင်း၊ **ဒုက္ခ**–ဆင်းရဲခြင်း၊ **ဒေါမနဿ**–စိတ်နှလုံးမသာယာခြင်း၊ **ဥပါယာသ**–စိတ်နှလုံး ပြင်းစွာ ပူလောင်ခြင်းတို့ဖြစ်ရတော့၏။

လမ်းညွှန်။ ။ 'အသောက'်မင်္ဂလာသည် သောက ကင်းဝေးနေနိုင်ရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ **ကုက္ကုစ္စ နှင့် သောက အထူး**

* ပြုလုပ်ပြီးသော အကုသိုလ်၊ မပြုလုပ်ရသေးသော ကုသိုလ်ကို အာရုံပြု၍ စိတ်နှလုံးမသာယာ နောင်တရခြင်းကို 'ကုက္ကုစ္စ= စိုးရိမ်ပူပန်မှု'ဟု ခေါ်၏။
* ဗျသနတရား ၅–ပါးကြောင့် စိတ်ထဲ၌ တင်ွေ့ွေ့လောင်ကျွမ်း ပူပန်နေရမှုကို 'သောက= စိုးရိမ်ပူပန်မှု'ဟု ခေါ်၏။ ဤသို့ ထူးခြားပါသည်။

"အသောက်" မင်္ဂလာဖြစ်သူ–

ကောင်းဆိုးနှစ်တန် လောကခံကြောင့် စိုးရိမ်ပူဆွေးမှု မရှိသူ၊ ထာဝရနှလုံးသားအေးမြနေသူ၊ ကြောက်ရွံ့ထိတ်လန့်မှု, ပူဆွေးမှု, ငိုကြွေးမှု, လုံးဝမရှိတော့သူ စသည်..

ဒိဋ္ဌဗျသန

အဝိဇ္ဇာဖုံးလွှမ်းပြီး အယူမမှန်ခြင်းကို 'ဒိဋ္ဌဗျသန'ဟု ခေါ်သည်။ ဗုဒ္ဓဘာသာဝင်များသည် အများအားဖြင့် ဒါနမှု, သီလမှု, ဘာဝနာမှုများကို သက်ဝင်ယုံကြည်ကြပြီးလျှင် အလှူအတန်းများပြုလုပ်၊ ဥပုသ်သီတင်း သီလများဆောက်တည်ပြီး၊ ဘာဝနာတရားများကိုလည်း အားထုတ်ကြပါသည်။

အချို့ပုဂ္ဂိုလ်များသည် ဒါနဏ၏အကျိုး, သီလဏ၏အကျိုး, ဘာဝနာဏ၏အကျိုးတို့ကို မလေ့လာ မလိုက်စား အားမထုတ်ကြသည့်အတွက် သံသရာကောင်းကျိုး, ဘဝလွတ်မြောက်ရေးစသည့် အယူမှန် အမြင်မှန်များ မရနိုင်ချေ။ ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးများကိုလည်း နားမလည်ကြပါ။ "တစ်သက်တစ်ခါ ပျော်ပျော်နေလျှင်ပြီးတာပဲ။" "ဒီဘဝ သေပြီးလျှင်လည်း ပြတ်သွားတာပါပဲ။" ဟု မိစ္ဆာဒိဋ္ဌအယူများ ဖြစ်နေကြသည့်အတွက် သေလွန်ကြသည့်အခါမှာ အပါယ်လေးဘုံမှာ ဒုက္ခကြီးစွာဖြင့် ခံကြရမည်မှာ မလွဲပေ။

ထို့ကြောင့် 'ဒိဋ္ဌဗျသန'ကြောင့် 'သောက=စိုးရိမ်ပူပန်မှု'များသာမက အပါယ်ဘေးအထိ ကျရောက်မည်ကို သိရှိထားပြီး၊ ဗျသနတို့နှင့် မကြုံတွေ့ရလေအောင် အယူမှန် အမြင်မှန်ရအောင် လူကြီးမိဘများက ယေ်ရွယ်စဉ်မှစပြီး သွန်သင်ဆုံးမပေးဖို့ရန် လိုအပ်ပေသည်။

သောက ကင်းဝေး နေနိုင်ရေး

ပျက်စီးခြင်း–ဗျသနတရားတို့နှင့် ကြုံတွေ့ကြရသူများ၏ စိတ်ပူပန်ခြင်း, ဝမ်းနည်းခြင်း, သောကနှင့် ကြုံတွေ့ရခြင်းတို့သည် တရားသဘောကို မဆင်ခြင်မစဉ်းစားနိုင်သဖြင့် အသောမသတ် ပူပန်နေရခြင်းဖြစ်ပါသည်။ သောကပရိဒေဝ တွေကင်းပျောက်ရန် ဘုရားရှင်က အာမခံ၍ ဟောတော်မူထားသော **သတိပဋ္ဌာန်တရားတော်**ကို ဆင်ခြင်ပွားများလျှင် သောက ကင်းပျောက်နိုင်ပါသည်။ ရဟန္တာ ပုဂ္ဂိုလ်တို့သည် သောကသာမက အမျိုးမျိုးသော အကုသိုလ်တို့ကို ပယ်စွန့်ပြီး ဖြစ်သောကြောင့် အမြဲ မင်္ဂလာ ဖြစ်နေရပါတော့သည်။

ဗျသန တစ်မျိုးမျိုးနှင့် ကြုံတွေ့ကြရသောအခါ ပုထုဇဉ်သတ္တဝါတို့၌ သောက ဗျာပါဒကို ဖြစ်တတ်ကြပေသည်။ ရဟန္တာအရှင်မြတ်တို့၌မူကား ထိုသို့သော စိုးရိမ်မှု ကြောင့်ကြမှု သောက ဗျာပါဒတို့ ဖြစ်ပေါ်ခြင်း မရှိတော့ချေ။ အဘယ့်ကြောင့်ဆိုသော် **သောက၏ တရားကိုယ်သည် ဒေါမနဿ(ဝေဒနာ)** ဖြစ်ပေသည်။ ဒေါမနဿဝေဒနာသည် စိတ်နလုံး မချမ်းသာခြင်း သဘောရှိ၍ စိတ်၌ယှဉ်သော နာမကာယဖြစ်လေရာ စိတ်တည်းဟူသော နာမကာယကို ယဉ်ကျေးနေအောင် ဆုံးမအပ်ပြီးသော ရဟန္တာအရှင်မြတ်တို့၏သန္တာန်၌ စိတ်နလုံးမသာယာမှု **ဒေါမနဿ** ဖြစ်ပေါ်နိုင်ခွင့် မရှိတော့ပေ။ ကျောက်သားအတိပြီးသော ကျောက်ဖျာကြီးပေါ်၌ စပါး, ပြောင်း, ပဲစသော ဗီဇမျိုးစေ့တို့ ကျရောက်စိုက်ပျိုးပါသော်လည်း အပင်ပေါက်ခြင်း, ကြီးပွားဖြစ်ထွန်းခြင်း မရှိလေတော့သကဲ့သို့ ရဟန္တာတို့၏စိတ်တော်သည် စိုးရိမ်ကြောင့်ကြဖွယ်ရာ အာရုံတို့နှင့် တွေ့ကြုံရပါသော်လည်း စိုးရိမ်ကြောင့်ကြမှုတို့သည် မဖြစ်ပေါ်ကြတော့ပေ။ နှစ်သက်မြတ်နိုးအပ်သော ဣဋ္ဌာရုံဖြစ်သော အာရုံတို့နှင့် တွေ့ကြုံသည်ဖြစ်စေ၊ မနှစ်သက် မမြတ်နိုးအပ်သော အနိဋ္ဌာရုံဖြစ်သောအာရုံတို့နှင့် တွေ့ကြုံရသည်ဖြစ်စေ ပြောင်းလဲမှုမရှိ၊ သာယာမှုမရှိ၊ စိုးရိမ်ပင်ပန်းမှုမရှိဘဲ တည်ငြိမ်အေးဆေးစွာ သည်းခံနိုင်ခြင်းသည်ပင်လျှင် ကောင်းကျိုးချမ်းသာခြင်း မင်္ဂလာမြတ်ကြီးဖြစ်ပါသည်။ ရဟန္တာအရှင်မြတ်တို့၌ **အာသဝေါကုန်ခန်းခြင်းတည်းဟူသော အကြောင်းတရားတို့၏ အကျိုး–အာနိသံ**သဖြစ်သော 'အသောက မင်္ဂလာ'တရားတော်မြတ်ကို ရရှိတော်မူသည်ဟု ဟောကြားတော်မူလိုရင်း ဖြစ်ပေတော့သည်။

ဦးတင်ဝင်း(ဒိုက်ဦး–သုံးဓွ)

၃၇။ ဝိရဇံ မမက်မောမင်္ဂလာ

{ ဝိ-ကင်းရှင်းခြင်း၊ **ရဇ**-မြူ,အညစ်ကြေး(ရာဂ,ဒေါသ,မောဟ)၊ }

ရဟန္တာအရှင်မြတ်တို့၏ စိတ်တော်သည် အရာရာတိုင်းကို အတ္တစွဲကင်းပြီး ယထာဘူတကျကျ မြင်နိုင်စွမ်းတော်မူကာ **ရဇ**-မြူအညစ်အကြေး(ကိလေသာ)တို့ လုံးဝကင်းစင်နေသဖြင့် ကြည်လင်သန့်ရှင်းလျက်ရှိကာ လောဘ, ဒေါသ, မောဟ စသည်များ ကင်းရှင်းနေခြင်းသည် 'ဝိရဇ'မင်္ဂလာ ဖြစ်ပါသည်။

လောကမံနှင့် ကြုံတွေ့ကြရသည့်တိုင်အောင် အာသဝေါကင်းသွားပြီးသော ရဟန္တာအရှင်မြတ်တို့သည် တုန်လှုပ်မှု မရှိ၊ စိုးရိမ်သောက ကင်းရှင်းခြင်းတို့သည် ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ရသကဲ့ကို **ရဇ**-မြူအညစ်အကြေး (လောဘ, ဒေါသ, မောဟ)တို့ ကောင်းစွာကင်းစင်ခြင်း မင်္ဂလာကိုလည်း ဆက်လက်ညွှန်ပြ လိုသောကြောင့် 'ဝိရဇ'မင်္ဂလာမြတ်ကို ဆက်လက်၍ ဟောကြားတော်မူပါသည်။

ရဇ-မြူအညစ်အကြေး ရာဂစသည်တို့မှာ ညစ်ပေစေတတ်သည့်အတွက် ထိုတရားဆိုးများကင်းရှင်းရန် **ဆိုင်ရာမင်္ဂနှင့် မပယ်ရသေးသမျှ** လုံးဝကင်းပြီဟု မဆိုနိုင်ပါ။ ထို့ကြောင့် သူတော်ကောင်းတို့သည် ထို ရာဂ-စသောတရားတို့ကို အပြစ်မြင်ပြီး ကင်းရှင်းအောင် ဝိပဿနာဘာဝနာအလုပ် ကြိုးစားအားထုတ်ခြင်းဖြင့် နှင်ထုတ်ကြမှသာ စိတ်ဓာတ်ကြည်လင်သန့်ရှင်းလာပြီး ရာဂ-စသော အညစ်အကြေးမှ ကင်းဝေးနိုင်ပါသည်။

တဏှာတပ်မက်၊ ရမ္မက်ကွာကင်း၊ ထိုအခြင်းလည်း၊ သန့်ရှင်းမင်္ဂလာ.. .

လမ်းညွှန်။ ။ 'ဝိရဇ'မင်္ဂလာသည် ကိလေသာကင်းဝေး နေနိုင်ရေးအတွက် လမ်းညွှန်ပါသည်။

"ဝိရဇ" မင်္ဂလာဖြစ်သူ

ကိလေသာရမ္မက်မြူ မရှိသူ၊ ဉာဏ်မျက်စိကို ပိတ်ကာတတ်သော မြူမှုန်နှင့်တူသော ကိလေသာ(စိတ်အညစ်အကြေး)များ လုံးဝမရှိတော့သူ။ တပ်မက်မှု, လိုချင်မှု မရှိတော့သူ၊ အညစ်အကြေးများ တကယ်တမ်း ကင်းဆေးသန့်စင်သွားသူ,စသည်

စိတ်၏ အညစ်အကြေး

ဖုန်မှုန့်,ညစ်ပေသောမြေမှုန်တို့သည် အသုံးအဆောင် အဝတ်အထည်များကို ညစ်ပေအောင် ပြုလုပ်တတ်သကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း ညစ်နွမ်းသောကြောင့်၎င်း၊ မိမိနှင့်ယှဉ်ဘက် တရားတို့ကိုလည်း ညစ်နွမ်းစေတတ်သောကြောင့်၎င်း၊ ပူပန်စေတတ်, ညစ်နွမ်းစေတတ်, နှိပ်စက်တတ်သော **အကုသိုလ်–စေတသိက်များ** သည် စိတ်၏အညစ်အကြေးများ ဖြစ်ကြပါသည်။

မြင်လွယ်နိုင်ရန် ကိလေသာတရားတို့ကို တင်ပြပါမည်။

ကိလေသာတရား ၁၀ ပါး

ကိလေသာတရား		အဓိပ္ပါယ် (ပူပန်မှု,အညစ်အကြေး)	
၁	လောဘကိလေသာ	ဝတ္ထုအာရုံကာမဂုဏ်တို့ကို လိုချင်တပ်မက်သည့်တဏှာ၊	လောဘ
၂	ဒေါသကိလေသာ	ပြစ်မှား, ကြမ်းတမ်းသော ဒေါသ ပူပန်မှု,အညစ်အကြေး၊	ဒေါသ
၃	မောဟကိလေသာ	သစ္စာလေးပါး စသည့် စ–ဌာနတို့၌မသိသောအညစ်အကြေး၊	မောဟ
၄	မာနကိလေသာ	သံသရာခရီးအစမှ လိုက်ပါလာပြီး နောက်ဆုံး မဂ် ဖြင့် ပယ်ချမှသာ ကွာသော မာန ပူပန်မှု,အညစ်အကြေး၊	မာန
၅	ဒိဋ္ဌိကိလေသာ	အယူမှားသောအားဖြင့်ရှုမြင်သော မိစ္ဆာဒိဋ္ဌိ အညစ်အကြေး၊	ဒိဋ္ဌိ
၆	ဝိစိကိစ္ဆာကိလေသာ	ကုသိုလ်တရားတို့၌ယုံမှားသံသယဖြစ်သောအညစ်အကြေး	ဝိစိကိစ္ဆာ
၇	ထိနကိလေသာ	စိတ်၌ မခန့်သော၊ လေးလံထိုင်းမှိုင်းသောအညစ်အကြေး၊	ထိန
၈	ဥဒ္ဓစ္စကိလေသာ	ကုသိုလ်မဖြစ်အောင်စိတ်ပျံ့လွင့်တတ်သောအညစ်အကြေး၊	ဥဒ္ဓစ္စ
၉	အဟိရိကကိလေသာ	မကောင်းမှု ဒုစရိုက်မှ မရှက်သော အညစ်အကြေး၊	အဟိရိက
၁၀	အနောတ္တပ္ပကိလေသာ	မကောင်းမှု ဒုစရိုက်မှ မကြောက်လန့်သော အညစ်အကြေး၊	အနောတ္တပ္ပ

လော,ဒေါ,မော,မာ၊ တစ်ဖြာ ဒိဋ္ဌိ၊ ဝိ,ထိ,ဥဒ်,အ၊ အနောတ္တပ္ပ ဆယ်ဝကိလေသာ။

တစ်ထောင့်ငါးရာ ကိလေသာ

လောဘစသော ကိလေသာတို့သည် နာမ်တေပညာသ (စိတ် ၁+ စေတသိက် ၅၂ = ၅၃), နိပ္ပန္နရူပ် ၁၈–ပါး, လက္ခဏရူပ် ၄–ပါးအားဖြင့် ၇၅–ပါးသောတရားတို့ကို အဒ္ဓတ္တနှင့် ဗဟိဒ္ဓ သန္တာန်နှစ်ပါးလုံး၌ အာရုံပြုသောကြောင့် ကိလေသာတစ်ပါးစီ၌ တရားပေါင်း ၁၅၀–စီရှိ၏။ ကိလေသာအမျိုးအစား ၁၀–မျိုးရှိသောကြောင့် ကိလေသာ တစ်ထောင့်ငါးရာ ဖြစ်၏။

နာမ်တေပည်၊ ရပ် နိပ္ပန်၊ လက္ခဏရပ်လေး၊ သန္တာန်နှစ်ဝ ရှောက်ဆင့်က –
တစ်ရာ့ ငါးဆယ်ရ။ ဆယ် ကိလေသာ ရှောက်ဆင့်ကာ၊ ငါးရာ တစ်ထောင့် တွေး။

ရှင်စူဌပန်နှင့် "ရဇောဟရဏံ၊ ရဇောဟရဏံ"

ရှင်စူဌပန်သည် နောင်တော်မဟာပန်က လေးပါဒပါသော ဂါထာတစ်ပုဒ်ကို ကျက်ခိုင်းခဲ့ရာ လေးလာကြာအောင်ကျက်သော်လည်း မရနိုင်သည့်အတွက် သာသနာတော်နှင့်မထိုက်တန်ဟုဆိုကာ ကျောင်းမှနှင်ထုတ်ခံရသဖြင့် ကျောင်းတံခါးမုခ်ဝမှာ ငိုနေရသည်။ ရှင်တော်ဘုရားသည် ရှင်စူဌပန်အား မြူအကြောင်း သိစေလိုသဖြင့် ရှင်စူဌပန်ရှိရာသို့ ကြွလာပြီး စင်ကြယ်သောအဝတ်ပိုင်းတစ်ခုကို ဖန်ဆင်း၍ပေးပြီး 'ချစ်သား... သင်ဟာ ဒီအဝတ်ပိုင်းကို လက်မှဆုပ်နယ်ရင်း **ရဇောရဏံ၊ ရဇောရဏံ** (မြူကိုဆောင်ခြင်း၊ မြူကိုဆောင်ခြင်း)ဟု အဖန်သလဲလဲ သရဇ္ဈာယ်ပေတော့'ဟု စေခိုင်းခဲ့ခြင်းသည် ရာဂမြူ, ဒေါသမြူ,မောဟမြူတွေကို ထိုးထွင်းသိမြင်စေလိုသည့်အတွက်ဖြစ်ပါသည်။

ဘုရားရှင်က 'ရဇောရဏံ'ကို သရဇ္ဈာယ်ရင်း လက်ထဲမှာရှိသော အဝတ်ဖြူပိုင်းစကိုဆုပ်နယ်ရန် ခိုင်းစေခဲ့သည့်အတိုင်း လုပ်ကိုင်နေရာ.. အရှင်စူဌပန်သည် အဝတ်ဖြူပိုင်းစ၏ မဲညစ်လာသည့်အဖြစ်ကို တွေ့မြင်လာရင်းက ရာဂမြူ, ဒေါသမြူ,မောဟမြူတွေကို သဘောပေါက် ထိုးထွင်းသိမြင်ပြီးနောက် အရဟတ္တမဂ်, အရဟတ္တဖိုလ်တိုင်အောင် တရားထူးတို့ကို ရရှိခဲ့ပါသည်။

ရာဂမြူ,ဒေါသမြူ,မောဟမြူတွေကို အလွန်အားကောင်းသောမှန်ဘီလူးဖြင့် ကြည့်လို့မမြင်တွေ့နိုင်ပါ။ ဝိပဿနာတရား ပွားများမှသာ ပညာဖြင့်ထိုးထွင်း၍ သိမြင်နိုင်ကြပါသည်။ ထိုမြူအညစ်အကြေးများသည် ပုထုဇဉ်တို့တွင် အလိမ်းလိမ်း အထပ်ထပ် ကပ်ငြိနေကြပါသည်။ ဆိုင်ရာအရိယာမဂ်တို့သည် အဆင့်ဆင့်သော မြူတို့ကို ပယ်သတ်ရှင်းလင်းပြီး နောက်ဆုံး အရဟတ္တမဂ်ဖြင့် "ပိန်းကြာဖက်ပေါ် ရေမတင်" သကဲ့သို့ အားလုံးချုပ်ပျောက် ကင်းစင်ရပါသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးကြသော သောတာပန်, သကဒါဂါမ်, အနာဂါမ်, စသောအရိယာတို့သည် ၎င်းတို့ရရှိပြီးသော အဆင့်အလိုက် ကိလေသာမြူတွေကို အနည်းနှင့်အများဆိုသလို ပယ်သတ်ရန် အားထုတ်ပြီးကြသော်လည်း အာသဝေါကုန်ခန်းပြီးသော ရဟန္တာအရှင်မြတ်များကဲ့သို့ ရာဂစသည့်မြူတွေကို အကုန်အစင် ကင်းစင်ပပျောက်အောင် မဖြစ်နိုင်ကြသေးပါ။ ထို့ကြောင့် မိမိတို့မှာ အမြဲတစေ ကပ်ငြိလိမ်းကျံနေသော မြူတွေကို တစစကွာကျကင်းစင်လာအောင် ကြိုးစားရမည်။

၃၈။ ခေမ် ဘေးမရှိမင်္ဂလာ

{ **ခေမ**–ဘေးရန်မရှိခြင်း(ယောဂ ၄–ပါးကင်းရှင်းခြင်း) }

ခေမ်– ဘေးမရှိခြင်း ဆိုသည်မှာ "ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ"(ယောဂ ၄–ပါး) ဟူသောဘေးရန် မရှိခြင်းသည် ရဟန္တာပုဂ္ဂိုလ်တို့၏ အရည်အချင်း တစ်ရပ်ဖြစ်သော 'မင်္ဂလာ' ဖြစ်ပါသည်။ ယောဂ ၄–ပါး(ဘေး)တို့ ကုန်ဆုံးခြင်းသို့ ရောက်သည့်အတွက် 'ခေမ' မည်ပါသည်။

ရဟန္တာအရှင်မြတ်တို့၏စိတ်သည် 'နကမ္မတိမင်္ဂလာ'၊ 'အသောကမင်္ဂလာ'၊ 'ဝိရဇမင်္ဂလာ'တို့နှင့် ပြည့်စုံတော်မူသောကြောင့် တုန်လှုပ်မှုမရှိခြင်း၊ စိုးရိမ်သောက ကင်းဝေးခြင်း၊ ကိလေသာ အညစ်အကြေး ကင်းစင်ခြင်းတို့ကြောင့် **ဘေး(ယောဂ)** ဟူသမျှတို့သည်လည်း ကင်းရှင်းကြောင်းကို ညွှန်ပြလိုသောကြောင့် **'ခေမ်'**ဟူ၍ နိဂုံးသတ် ဟောကြားတော်မူပါသည်။

"ခေမ်–ဘေးမရှိ"– အကုသိုလ် မကင်းသေးသမျှ ဘေးရန်များ မကင်းသေးပါ။ အကုသိုလ်ကင်းသွားလျှင် ပစ္စုပ္ပန်ဘေးရန်, သံသရာဘေးရန်များ လုံးဝကင်းစင်သွားခြင်းကို ဆိုလိုပါသည်။

လမ်းညွှန်။ ။ 'ခေမံ' မင်္ဂလာသည် ဘေးရန်ကုန်ခန်း, ငြိမ်းချမ်းရေးအတွက် လမ်းညွှန်ပါသည်။

မှတ်ချက်။ ။ "နကမ္မတိ၊ အသောကံ၊ ဝိရဇံ၊ ခေမံ" မင်္ဂလာတို့သည်–

* ရဟန္တာအရှင်မြတ်တို့၏စိတ်တော်နှင့်သာ တိုက်ရိုက်သက်ဆိုင်သောမင်္ဂလာများ၊
* ရဟန္တာအရှင်မြတ်တို့ မုချရရှိခံစားရသော အကျိုးပြမင်္ဂလာများ၊
* ရဟန္တာအရှင်မြတ်တို့၏ ဂုဏ်အရည်အချင်းပြ မင်္ဂလာများ၊
* ဘဝ၏ **ပန်းတိုင်မင်္ဂလာ**များ ဖြစ်ပါသည်။

"ခေမံ" မင်္ဂလာဖြစ်သူ

ကိလေသာ(ယောဂ)ဘေးရန်ဟူသမျှ မရှိတော့သူ၊ ဘေးရန် ကင်းရှင်းသွားသူ၊ နှောင်ကြိုးမဲ့သူ၊ အတုမဲ့ ငြိမ်းချမ်းရာ စခန်းသို့ရောက်ရှိသွားသူ၊ စသည်... .

ယောဂ= သတ္တဝါများကို ဝဋ်သုံးပါး၌ မလွတ်နိုင်, မကျွတ်နိုင်အောင် ဖွဲ့နှောင်, ယှဉ်စပ်ပေးတတ်သောကြောင့် 'ယောဂ' မည်၏။ အကြောင်းကံနှင့် အကျိုးဝိပါက်, ဘဝတစ်ပါးစသည်ကို ဘဝတစ်ပါးနှင့် ဖွဲ့နှောင်,ယှဉ်စပ် ပေးသည်။

(၁) **ကာမယောဂ** – ကာမဂုဏ်အာရုံတို့၌ တပ်မက်ခြင်း၊
(လောဘမူလစိတ် ၈-ပါးနှင့်ယှဉ်သော **လောဘစေတသိက်**)၊

(၂) **ဘဝယောဂ** – ဘုံဘဝ (ဘဝသမ္ပတ္တိ)တို့၌ တပ်မက်ခြင်း၊
(လောဘမူ-ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ပါးနှင့်ယှဉ်သော **လောဘ**)၊

(၃) **ဒိဋ္ဌိယောဂ** – အယူလွဲမှားခြင်း၊
(လောဘမူ-ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါးနှင့်ယှဉ်သော **ဒိဋ္ဌိ**)၊

(၄) **အဝိဇ္ဇာယောဂ** – အမှန်ကို မသိခြင်း၊
(အကုသိုလ်စိတ် ၁၂-ပါးလုံးနှင့် ယှဉ်သော **မောဟ**)၊

* [*ယောဂ ၄-ပါးတို့၏ တရားကိုယ် ၃-ပါး (လောဘ၊ ဒိဋ္ဌိ၊ မောဟ)*]

မှတ်ချက်။ ။ အာသဝ၊ ဩဃ၊ ယောဂတို့သည် အနက်အဓိပ္ပါယ် ကွဲပြားသော်လည်း တရားကိုယ် အရတရားများ တူညီကြပါသည်။

အာသဝ= သတ္တဝါများကို ဒွါရ ၆-ပါးတို့မှ ယိုစီးတတ်သောကြောင့် 'အာသဝ' မည်၏။ **ဘုံအားဖြင့် ဘဝဂ်တိုင်အောင်, ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင်** ယိုစီးတတ်သော၊ (ဝါ)ကြာမြင့်စွာထုံအပ်သော အရက်နှင့် တူကုန်သော လောဘ, ဒိဋ္ဌိ, မောဟ တရားတို့သည် 'အာသဝ' မည်၏။

(၁) ကာမာသဝ၊ (၂) ဘဝါသဝ၊ (၃) ဒိဋ္ဌာသဝ၊ (၄) အဝိဇ္ဇာသဝ၊

ဩဃ = မိမိဖြစ်ရာသတ္တဝါကို ဝဋ်သုံးပါး၌ အပါယ်လေးပါးအထိ နစ်မွန်းစေတတ်သောကြောင့် 'ဩဃ'မည်၏။ (ဝဲဩဃ ဟုလည်း ဆိုကြ၏။)
(လွှမ်းမိုး,ဖိသတ်၍ ဆောင်တတ်သောကြောင့်၊ ရေအလျှဉ်နှင့် တူသောကြောင့်၊)
(၁)ကာမောဃ၊ (၂) ဘဝေါဃ၊ (၃) ဒိဋ္ဌောဃ၊ (၄) အဝိဇ္ဇောဃ၊

ဩဃ၊ ယောဂ တို့အထူး –

- သတ္တဝါများအား ဝဋ်သုံးပါး၌ အပါယ်လေးပါးအထိ နစ်မွန်းစေတတ် သောကြောင့် 'ဩဃ' မည်ပါသည်။
- မျောက်နဲ့စေး၊ သစ်စေးများကဲ့သို့ ဝဋ်သုံးပါး၌ ကပ်ငြိအောင်ယှဉ်စေမှုသည် 'ယောဂ'မည်၏။ ဤသို့ထူး၊

၁၁–ပါးသောမီးဘေးမှ ကင်းဝေးရန်

(၁) **ရာဂမီး**ဆိုသည်မှာ ကာမဂုဏ် အာရုံတရားများနှင့် ပတ်သက်ပြီးဖြစ်ပေါ်လာသော မီးဖြစ်ပါသည်။

(၂) **ဒေါသမီး**ဆိုသည်မှာ အမျက်ဒေါသကြောင့် ဖြစ်ပေါ်လာသောမီး ဖြစ်ပါသည်။

(၃) **မောဟမီး**ဆိုသည်မှာ အမြင်မှန်ကို မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာမီး ဖြစ်ပါသည်။

(၄) **ဇာတိမီး**ဆိုသည်မှာ တစ်ခုသောဘဝတိုင်းမှာ ခန္ဓာအစဉ် ဖြစ်ပေါ်လာအောင် ပဋိသန္ဓေ နေရတတ်သောမီး ဖြစ်ပါသည်။

(၅) **ဇရာမီး**ဆိုသည်မှာ ခန္ဓာကိုယ်အတွင်းဘောဖြစ်လာလျှင် တစ်ဘဝတစ်ခါအတွင်း ဆံဖြူ သွားကျိုး အိုနာကုန်းကွ ရုပ်ဆင်းမလှအောင် နှိပ်စက်တတ်သောမီး ဖြစ်ပါသည်။

(၆) **မရဏမီး**ဆိုသည်မှာ ခန္ဓာကိုယ်အတွင်းဘော ဖြစ်လာအောင် တစ်ဘဝတစ်ခါ ဆုံးခန်းတိုင် စုတေ သေကြေ ပျက်စီးရသောမီး ဖြစ်ပါသည်။

(၇) **သောကမီး**ဆိုသည်မှာ ခန္ဓာကိုယ်အတွင်းဘော ဖြစ်လာလျှင် စိုးရိမ်ကြောင့်ကြ ပူပင်သောက ရောက်ရသောမီး ဖြစ်ပါသည်။

(၈) **ပရိဒေဝမီး**ဆိုသည်မှာ ငိုကြွေးရသောမီး ဖြစ်ပါသည်။

(၉) **ဒုက္ခမီး**ဆိုသည်မှာ ခန္ဓာကိုယ်အတွင်းဘောဖြစ်လာလျှင် "သခ်ါရဒုက္ခ, ဝိပရိဏာမ ဒုက္ခ, ဒုက္ခ ဒုက္ခ"ဟု ဆိုအပ်သော ဖောက်ပြန် ပျက်စီးနှိပ်စက်တတ်သောမီး ဖြစ်ပါသည်။

(၁၀) **ဒေါမနဿမီး**ဆိုသည်မှာ စိတ်နှလုံး မသာယာအောင် နှိပ်စက်တတ်သောမီး ဖြစ်ပါသည်။

(၁၁) **ဥပါယာသမီး**ဆိုသည်မှာ ပြင်းစွာပူပန်ရသောမီး ဖြစ်ပါသည်။

ထိုမီး ၁၁–ပါး ဖြစ်ပေါ်လာရသော တရားခံအစစ်ကို ရှာဖွေလျှင် အဝိဇ္ဇာ (မောဟ)၏ အမြင်မှန်ကို မသိအောင် ဖုံးထားသောတရားနှင့် တဏှာ(လောဘ)၏ လိုချင်တပ်မက်မှုတရားဟုဆိုသော "အရင်းအမြစ်နှစ်ဖြာ"ကြောင့် ဖြစ်ပေါ်လာရခြင်း ပင်ဖြစ်ပါသည်။ အရဟာတ္တမဂ်သည် ထိုအရင်းအမြစ်နှစ်ပါးကို သေအောင်သတ်ထားသောကြောင့် ၁၁–ပါးသောမီးတို့၏ရန်ဘေး မရှိတော့ပြီ ဖြစ်ပေသည်။

ရန်သူမျိုး ၅-ပါးဘေးမှ ကင်းဝေးရန်

ရန်သူမျိုး ၅-ပါးဆိုသည်မှာ-

(၁) **ရေဘေး**ဆိုသည်မှာ ရေလွှမ်းမိုးဖျက်ဆီးသဖြင့် လယ်ယာကိုင်းကျွန်းများ ရေနစ်မြုပ်ပျက်စီးရခြင်း, ရေလွှမ်းမိုးပြီး အိုးအိမ်နစ်မြုပ် လူတွေသေကြေပျက်စီး ရေနစ်သေဆုံးရသောဘေး ဖြစ်ပါသည်။

(၂) **မီးဘေး**ဆိုသည်မှာ မီးသင့်သဖြင့် အိုးအိမ်တိုက်တာ ရွှေငွေဝတ္ထုပစ္စည်း အမျိုးမျိုး လောင်ကျွမ်းခံရခြင်း လူနှင့်သတ္တဝါအများတွေကို မီးသင့်လောင်ကျွမ်းခံရခြင်း လေးများဖြစ်ပါသည်။

(၃) **မင်းဘေး**ဆိုသည်မှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြသော အစိုးရတို့သည် မင်းကျင့်တရားများနှင့်မညီ အခွန်အကောက်များကို မတရားသဖြင့်ကောက်ယူ၊ အပြစ်မရှိဘဲ မတရားချုပ်နှောင် ဖမ်းဆီးထောင်ချ မင်းကျင့်တရားများပျက် သောဘေးများ ဖြစ်ပါသည်။

(၄) **သူခိုးဓားပြဘေး**ဆိုသည်မှာ အများလူတကာတို့လို ကောင်းရာကောင်းကြောင်း လုပ်ကိုင်စားသောက်လိုခြင်း မရှိဘဲ သူတစ်ပါးတို့၏ပစ္စည်းကို ခိုးယူဓားပြ တိုက်ခံရသောဘေးများ ဖြစ်ပါသည်။

(၅) **အမွေခံသားဆိုး, သမီးဆိုးဘေး**ဆိုသည်မှာ မလိမ္မာသော သားမိုက်,သမီးမိုက် များမွေးမိသဖြင့် မိဘများကို ကူညီလုပ်ကိုင်ခြင်းမရှိဘဲ ပစ္စည်းဥစ္စာများဆုတ် ယုတ်လာအောင် အမျိုးမျိုးနှိပ်စက်ခြင်း, အမွေရထိုက်ခွင့်ကို အတင်းတောင်း ခံခြင်း, နေ့ရှိသမျှ ဆိုးပေတေလေပြီး မိဘများကို နှိပ်စက်ကြသော သားဆိုး သမီးဆိုးများ ဖြစ်ပါသည်။

ထို ရန်သူမျိုး ၅-ပါးဘေးတို့မှ တစ်နည်းမဟုတ်တစ်နည်းနှိပ်စက်နိုင်ကြ မည်ဖြစ်သည့်အတွက် မတွေ့မကြုံမီက ထိုဘေးတို့မှ လွတ်ကင်းကြရလေအောင် ကြိုတင်ကာကွယ် စောင့်ရှောက်ထားရန် လိုပါသည်။

အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာအရှင်မြတ်တို့သည် ထိုဘေးအမျိုးမျိုးတို့ ကျရောက်သော်လည်း တုန်လှုပ်မှုမရှိ၊ စိုးရိမ်သောက ငိုကြွေးရခြင်း မရှိတော့ဘဲ ကိလေသာ အညစ်အကြေး ကင်းစင်ကြသောကြောင့် 'ခေမံ မင်္ဂလာ'အားဖြင့် ဘေးအမျိုးမျိုးမှ ကင်းလွတ်နိုင်ကြပါသည်။

မင်္ဂလသုတ်ပျို့ (မုံရွေးဆရာတော်)

(စုဒ္ဒသမပျို့) (စိတ်ထားခိုင်မာရေးမင်္ဂလာ ၄-ပါး)

ဖုဋ္ဌသ လောကဓမ္မေဟိ (လောကဓံမတုန်လှုပ်မင်္ဂလာ)
စိတ္တं ယဿ နကမ္ပတိ ၃၅
အသောကံ ၃၆ (ဝမ်းမနည်းမင်္ဂလာ)
ဝိရဇံ ၃၇ (မမက်မောမင်္ဂလာ)
ခေမံ ၃၈ (ဘေးမရှိမင်္ဂလာ)

၁၄။ ရှေ့ငွေရောင်ရှိန်၊ ဝင်းဝင်းထိန်သား၊ မြတ်ဝတိန်သာ၊ နတ်တို့ရွှာက၊ ဣန္ဒဒေဝ၊ မာဃတမန်၊ မောင်နတ်မွန်.. ။

(၃၅) ပြောင်းပြန်ရောနှော၊ အ-လာဘောနှင့်၊ လာဘောတကွ၊ အယသနှင့်၊ ယသမှတ်ကြံ၊ သုခံ, ဒုက္ခ၊ နိန္ဒ, ပသံသာ၊ ရှစ်ဖြာလောကမ်း၊ ဆက်ဆံရစ်ဝှေ့၊ ကြုံလေတွေ့၏၊ ခါ၍မခုန်၊ မတုန်မလှုပ်၊ စောင့်ချုပ်မယိမ်း၊ မတိမ်းမပြို၊ ထိုပုဂ္ဂိုလ်၏၊ နဂိုရ်တည်ကြည်၊ စိတ်မြတ်သည်လည်း၊ တမည်မင်္ဂလာ။

(၃၆) ရောက်ရာရောက်ဆစ်၊ ဘေးရန်ဖြစ်လည်း၊ မည်စ်မည်ရှိ၊ မစိုးမရိမ်၊ ချမ်းငြိမ်ပေသူ၊ စိတ်ကိုမူလည်း၊ ဖြူသည်မင်္ဂလာ၊ မှတ်ပေရာ၏ ။

(၃၇) တဏှာတပ်ချက်၊ ရမက်ကွာကင်း၊ ထိုအခြင်းလည်း၊ သန့်ရှင်းမင်္ဂလာ။

(၃၈) ဘေးမှကွာ၍၊ ချမ်းသာရ,ဟန်၊ နိဗ္ဗာန်ရသူ၊ နတ်လူဗြဟ္မာ၊ မင်္ဂလာမည်ရ။
မြွက်ဟပိုင်းခြား၊ ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊
မွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်။ ။
မှန်မှန်စွဲးမှတ်ရှာ လေလော့။

ပျို့အစီပွါယ်

ရွှေရောင်ငွေရောင်တို့ဖြင့် ဝင်းလက်ထိန်ညီးနေသော တာဝတိန်သာနတ်ပြည်မှ သိကြားမင်းတမန် မောင်နတ်သား..။

(၃၅) လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံသော်လည်း ရဟန္တာပုဂ္ဂိုလ်အား တုန်လှုပ်မှုမရှိခြင်းသည် မင်္ဂလာမည်၏ ။

(၃၆) စိုးရိမ်မှုမရှိခြင်းသည် မင်္ဂလာမည်၏။
(၃၇) ရာဂစသော မြူမရှိခြင်းသည် မင်္ဂလာမည်၏။
(၃၈) ဘေးရန်မရှိခြင်းသည် မင်္ဂလာမည်၏။

ဤတရားလေးပါးကို မွန်မြတ်လှစွာသော မင်္ဂလာမည်၏ဟူ၍ သဒ္ဓါကဲလွန်နတ်တမန်သည် ယုံမှားမရှိစွဲမြဲစွာ မှတ်လေလော့။

လို့ရင်းခက်ဆစ်အဖြေ

မာဃ	– သိကြားမင်း၏ လူ့ပြည်က နာမည်၊
အ-လာဘော	– (ပါဠိ) လာဘ် မရခြင်း၊
လာဘော	– (ပါဠိ) လာဘ် ပေါများခြင်း၊
အယသ	– (ပါဠိ) အခြံအရံ မရှိခြင်း၊
ယသ	– (ပါဠိ) အခြံအရံ ပေါများခြင်း၊
သုခ	– (ပါဠိ) ချမ်းသာခြင်း၊
ဒုက္ခ	– (ပါဠိ) ဆင်းရဲခြင်း၊
နိန္ဒ	– (ပါဠိ) ကဲ့ရဲ့ခံရခြင်း၊
ပသံသ	– (ပါဠိ) ချီးမွမ်းခံရခြင်း၊
လောကဓံ	– လောကမှု (ပါဠိ) လောကဌ် ကြုံတွေ့ရသောတရား၊
ရစ်ငွေ့	– ရှက်သန်း၊
ပုဂ္ဂိုလ်	– ပုဂ္ဂလ (ပါဠိ) ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ် (ဤပို့-အရ) (..ငရဲသို့ သွားတတ်သူ..)
နဂိုရ်	– ပင်ကိုယ်ပင်ရင်း၊ မူလသဘော၊ ရှိရင်းအတိုင်း၊
ရမက်	– ရမ္မ (ပါဠိ) မွေ့လျော်ဘွယ်ရာ ကာမဂုဏ်၊ (၀ါ) မွေ့လျော်တတ်သော တဏှာ၊
ဘေး	– ဘယ (ပါဠိ) ကြောက်လန့်ဖွယ်၊ ဥပဒ်အန္တရာယ်၊
အကမ္မန	– လောကဓံနှင့်ကြုံသော်လည်း တုန်လှုပ်မှု မရှိခြင်း၊
အသောကံ	– စိုးရိမ်ကြောင့်ကြမှု မရှိခြင်း၊
ဝိရဇ	– ကိလေသာမြူ ကင်းခြင်း၊
ခေမံ	– ဘေးရန်ကင်းကွာ၍ နိဗ္ဗာန်မျက်မှောက်ပြုခြင်း၊

မဂ်လာ+အဘိမ္မာသဘော

ရဟန္တာသည် လောကဏ္ဍသဘောကို ကောင်းစွာသိမြင်ပြီးဖြစ်၏။ လောကကို မှန်ကန်စွာ ရှုမြင်သုံးသပ်တတ်၏။ ထို့ကြောင့် လောကမံနှင့် တွေ့ကြုံသည့်အခါ မတုန်လှုပ်။ စိုရိမ်ပူဆွေး ငိုကြွေးမှု မရှိ။ ရာဂ, ဒေါသ, မောဟ ဟူသော မြူကင်းစင်၏။ ယောဂလေးပါးတည်းဟူသော ဘေးရန်လည်း ကင်းရှင်းလေသည်။

ပုထုဇဉ် သတ္တဝါမှန်သမျှတို့သည် လောကမံတရားနှင့် ကြုံတွေ့ရမြဲဖြစ်၏။ မည်သို့မျှ ရှောင်လွှဲ၍ မရချေ။ အချိန်ရှိသမျှ လောဘမီး, ဒေါသမီး လောင်ကျွမ်းမှုတို့ကို ခံနေကြရ၏။

အကုသိုလ်၏ မူလသုံးပါး – အကုသိုလ်ကံကိုဖြစ်စေတတ်သော၊ အကုသိုလ်ကံ၏ အရင်းအမြစ်ဖြစ်ကြသော၊ ခေါင်းဆောင်များလည်းဖြစ်ကြသော အကုသိုလ်စေတသိက် သုံးပါးသည် လောဘ, ဒေါသ, မောဟစေတသိက် သုံးပါးတို့ဖြစ်ပါသည်။ (အကုသိုလ် ဟိတ် ၃–ပါး၊)

ထို့အတူ အကုသိုလ်စေတသိက် ၁၄–ပါးတို့သည် စိတ်ကိုယုတ်ညံ့, ဆိုးသွမ်း, အကျည်းတန်အောင် ခြယ်လှယ်ကြသောကြောင့်၊ ၎င်းတို့ကို အနီးကပ်ရန်သူများ သဖွယ် သိထား,မှတ်ထားသင့်၏။ ၎င်းတို့၏ ခြယ်လှယ်မှုကိုခံကြရသောကြောင့် (အာရုံကို သိတတ်သောစိတ် ၈၉–ပါးတွင်) အကုသိုလ်စိတ် ၁၂–ပါးဟူ၍ဖြစ်ရပါသည်။ ထို အကုသိုလ်စိတ္တုပ္ပါဒ်(စိတ်+စေတသိက်)တို့ကို ရန်သူမှန်းသိမှ သတိဆောင်၍ ရှောင်နိုင်မည်။ သတိ ဆောင်၍ ရှောင်ရပါမည်။

သီလ, သမာဓိ, ပညာတရားမြတ်တို့ဖြင့် ဘာဝနာအဆင့်ဆင့် ဖြည့်ကျင့်ကြသဖြင့် ဆိုင်ရာအကုသိုလ်တရားတို့ကို ပယ်နှုတ်ကြရ၏။ ကာမ,မဟဂ္ဂုတ်,လောကုတ် မြင့်သထက်မြင့်ကာ ကုသိုလ်တရားတိုးပွားလေ အကုသိုလ်တရား ယုတ်လျော့လေ ဖြစ်ကြရသဖြင့် ဆိုင်ရာဆိုင်ရာ မဂ်အဆင့်တွင် ပယ်သတ်ကြရာ အရဟတ္တမဂ်ဖြင့် အလုံးစုံသော အကုသိုလ်တို့ကို အပြီးတိုင် ပယ်သတ်ပြီးဖြစ်သောကြောင့် ရဟန္တာ ပုဂ္ဂိုလ်များသည် 'ခေမံ' ဘေးရန်ကင်းကွာ၍ နိဗ္ဗာန်မျက်မှောက်ပြုရ၏။

စိတ်တို့၏ ပြောင်းလဲပုံ လျင်မြန်သောကြောင့် စိတ်ဖြစ်တိုင်း ဖြစ်တိုင်း မိမိစိတ်ကို ခွဲခြား၍သိပြီး စိတ်ကောင်း များများဖြစ်အောင် ထိန်းသိမ်း စောင့်ရှောက်ပြုပြင်ကြပြီး၊ **"စိတ်ကောင်းရှိဖို့က ပထမ"** အနေဖြင့် ဦးစားပေးရပါမည်။

မှတ်မွယ်ရာရာ မင်္ဂလာ- ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ရည်များ

"နု ကမ္မတိ၊ အသောကံ၊ ဝိရဇံ၊ ခေမံ" မင်္ဂလာတို့သည် ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ရည်များ ဖြစ်ကြပေသည်။

"ရဟန်းတို့ .. ။ ရာဂ,ဒေါသ မကင်း၊ သတိ, သမာဓိ, ပညာ မရှိသော ရဟန်းသည် သင်္ကန်းစွန်းကိုင်ကာ ငါဘုရားခြေရာကို နင်းလျက် နောက်မှထပ်ကြပ်မကွာ လိုက်နေပါသော်လည်း ငါဘုရားမှဝေးကွာသူ ဖြစ်၏။ ငါဘုရားသည် ထိုရဟန်းမှ ဝေးကွာသည်သာ။ အကြောင်းမှာ ထိုရဟန်းသည် တရားကို မမြင်။ တရားကိုမမြင်သူသည် ငါဘုရားကို မမြင်သောကြောင့်တည်း။

ရာဂ, ဒေါသကင်း၍ သတိ, သမာဓိ, ပညာ ရှိသော ရဟန်းသည် ယူဇနာတစ်ရာပင် ဝေးသော်လည်း ငါဘုရားနှင့် နီးသူ ဖြစ်၏။ ငါဘုရားသည်လည်း ထို ရဟန်းနှင့် နီးလျက်ပင်ဖြစ်သည်။ အကြောင်းမှာ ထိုရဟန်းသည် တရားကို မြင်၏။ တရားကိုမြင်သည်ရှိသော် ငါဘုရားကို မြင်သောကြောင့်တည်း။"

(ခု၊ ၁၊ ၂၅ဖ။)

သုဘဒ္ဒ.. ။ သောတာပန်စသော ရဟန်းတို့သည် မဂ္ဂင်ရှစ်ပါးကို ကောင်းစွာကျင့်၍ နေကုန်ကြားအံ့။ ဤကမ္ဘာလောကကြီးသည် ရဟန္တာ မဆိတ်သုဉ်းနိုင်ချေ။

(ဒီ၊ ၂၊ ၁၂၅။)

သတ္တဝါတို့သည် ရဟန္တာ၏ဂုဏ်ကို ယုံကြည်လေးစားလျက် လောကမှ လွတ်မြောက်နိုင်အောင် ကြိုးစားအားထုတ်ရာ၏။ (သို့မဟုတ်) လောက၏ သင်ခါရ သဘောကို နှလုံးသွင်းလျက် စိတ်ဓာတ်ကြံ့ခိုင်အောင် ပြုလုပ်ရာ၏။ ဤသို့ပြုလုပ်သူသည် လောကဌ် ချမ်းသာစွာနေရသူမည်၏။ သို့သော် ထိုချမ်းသာသည် ထာဝရချမ်းသာမဟုတ်သေး၊ ကိလေသာမှန်သမျှ ပယ်သတ်နိုင်မှ ထာဝရချမ်းသာမည်။

ရဟန္တာ မဖြစ်နိုင်သူ ၁၆-ဦး

"မိလိန္ဒပဉှာ"ကျမ်းဌ် ကောင်းစွာကျင့်သော်လည်း ရဟန္တာ မဖြစ်နိုင်သူ ၁၆-ဦး ရှိကြောင်း ပြဆိုထားသည်။ တိရစ္ဆာန်၊ ပြိတ္တာ၊ မိစ္ဆာဒိဋ္ဌိ၊ ကောက်ကျစ်စဉ်းလဲသူ၊ ပဉ္စာနန္တရိယကံထိုက်သူ(၅)ဦး၊ ရဟန်းအသွင်ခိုးယူသူ၊ တိတ္ထိတို့ထံပြောင်းရွှေ့သူ၊ ဘိက္ခုနီကို ဖျက်ဆီးသူ၊ သံဃာဒိသိသ်အာပတ်မှ မလွတ်သေးသူ၊ ပဏ္ဍုက်၊ ဥပတောဗျည်း၊ အသက် ၇-နှစ်အောက် ငယ်ရွယ်သူတို့ ဖြစ်ပါသည်။

မင်္ဂလာမြတ် လေးကျင့်အပ်

အောက်ပါပုဂ္ဂိုလ်တို့၌ အဘယ်မင်္ဂလာများ (ပြည့်စုံ) သို့မဟုတ် (ဖျက်)သနည်း။

* ကောင်းဆိုးနှစ်တန် လောကခံများကြောင့် စိတ်မတုန်လှုပ်သူ၊ .. .. (၃၅)
* စိတ်ဓာတ်ကြံ့ခိုင်သူ၊ လောကခံကို ကြံ့ကြံ့ခံနိုင်ရည်ရှိသူ၊ .. .. .. (၃၅)
* အကောင်းနှင့်ကြုံလည်း ဝမ်းမသာ, အဆိုးနှင့်ကြုံလည်းဝမ်းမနည်းသူ၊ (၃၅)
* ကောင်းဆိုးနှစ်တန် လောကခံကြောင့် စိုးရိမ်ပူဆွေးမှု မရှိသူ၊ .. .. (၃၆)
* ကြောက်ရွံ့ထိတ်လန့်မှု, ပူဆွေးမှု, ငိုကြွေးမှု, လုံးဝမရှိတော့သူ၊ .. (၃၆)
* ထာဝရနှလုံးသား အေးမြနေသူ၊ .. .. (၃၆)
* အညစ်အကြေးများ တကယ်တမ်း ကင်းဝေးသန့်စင်သွားသူ. .. .. (၃၇)
* ကိလေသာရမ္မက်မြူ မရှိသူ၊ တပ်မက်မှု, လိုချင်မှု မရှိတော့သူ၊ .. (၃၇)
* ကိလေသာ(စိတ်အညစ်အကြေး)များ လုံးဝမရှိတော့သူ၊ .. .. (၃၇)
* ကိလေသာ(ယောဂ)ဘေးရန်ဟူသမျှ မရှိတော့သူ၊ .. .. (၃၈)
* အတုမဲ့ ငြိမ်းချမ်းရာ စခန်းသို့ရောက်ရှိသွားသူ၊ .. .. (၃၈)
* ဘေးရန် ကင်းရှင်းသွားသူ၊ နှောင်ကြိုးမဲ့သူ၊ .. .. (၃၈)

* စိတ်ထားခိုင်မာရေးမင်္ဂလာ ၄–ပါးတို့ကို ဆိုင်ရာမင်္ဂလာ ပါဠိ, မြန်မာပြန်, မင်္ဂလာ ကဗျာတို့ကို ပူဖော်ခဲ့ပါ။
* ရဟန္တာအရှင်မြတ်ကြီးတို့၏ကြီးပွားတိုးတက်ခြင်း 'မင်္ဂလာ'များကို အဓိပ္ပါယ်နှင့် အစဉ်ထားဟောကြားမှုတို့ကို ဖော်ပြပါ။
* လောကခံစက်ကွင်းက ဘုရားရှင်သော်မှ မလွတ်ကင်းနိုင်ခဲ့ပုံတို့ကို ဖြေဆိုခဲ့ပါ။
* လောကခံတရားများနှင့် တုန်လှုပ်ခြင်း မတုန်လှုပ်ခြင်း အကြောင်းတို့ကိုဖြေပါ။
* ဗျာသနတရား ၅–ပါးကို ပုဂ္ဂိုလ်အရ၊ ကိုယ်ပိုင်/မပိုင်တရားအရတို့ကို တင်ပြခဲ့ပါ။
* သောက ကင်းဝေး နေနိုင်ရေးအတွက် မင်္ဂလာတရားနှင့်အညီ ပူဖော်ပြပါ။
* 'ဝိရဇ မင်္ဂလာဖြစ်သူများနှင့် ရဇ–မြူအညစ်အကြေးတို့ကို ဖြေပါ။
* စိတ်၏ အညစ်အကြေးများအကြောင်း တင်ပြဆွေးနွေးခဲ့ပါ။
* ခေမ–ဘေးမရှိခြင်းနှင့် ယောဂလေးမျိုးတို့ကို သရုပ်နှင့်တကွ ဖော်ပြပါ။
* ၁၁–ပါးသောမီးတို့နှင့် ၎င်းတို့၏အရင်းအမြစ်တို့ကို ဖြေဆိုခဲ့ပါ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မင်္ဂလာ။"

အခန်း(၁၁)

မဂ်လာနိုင်း

မြတ်စွာဘုရားသခင်သည် နတ်သားကို ၁၀–ဂါထာရှိသော ၃၈–ဖြာ မဂ်လာတရားတော်ကို ရှင်လင်းဟောကြားပြီးနောက် မဂ်လာတရားတော်၏ ဂုဏ်ကျေးဇူး အနန္တ ရှိပုံကို ဆက်လက်ဟောကြားတော်မူပါသည်။

ဧတာဒိသာနိ ကတ္တာန။ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိ ဂစ္ဆန္တိ။ တံ တေသံ မင်္ဂလ မုတ္တမံ။

အနက်။ ။ **ဒေဝပုတ္တ**၊ မဂ်လာတရားတော်များကို သိလိုအရေးနှင့် ငါ၏ထံမှောက်လာရောက်လျှောက်ထားသော အမောင်နတ်သား။ **ယေ**၊ အကြင်နတ်နှင့်တကွသော လူခပ်သိမ်းတို့သည်။ **ဧတာဒိသာနိ**၊ ဤသို့ အသေဝနာအစ ဖုဋ္ဌသဂါထာ အဆုံးရှိကုန်သော လောကီ, လောကုတ္တရာ ၃၈–ဖြာ မဂ်လာတရားတော်တို့ကို။ **ကတ္တာန**၊ သင်အံ့လေ့ကျက် ဆောင်ရွက်ကျင့်ကြံကြခြင်းကြောင့်၊ (ဝါ) ကျင့်ကြံကြသည်ရှိသော်။ **သဗ္ဗတ္ထ**၊ မစ္စုမာရ်ကို ကြဉ်ထားပြီး ခန္ဓမာရ်, ကိလေသမာရ်, အဘိသင်္ခါရမာရ်, ဒေဝပုတ္တမာရ်ဆိုသည့် မာရ်လေးဝတို့မှ။ **အပရာဇိတာ**၊ မရှုံးကုန်, အောင်နိုင်ကုန်သည်ဖြစ်၍။ **သဗ္ဗတ္ထ**၊ အလုံးစုံသောဘုံဘဝ လေးပါးသော ဣရိယာပထတို့၌။ **သောတ္ထိ**၊ ဘေးရန်လွတ်ကင်း ဧမြခြင်းသို့။ **ဂစ္ဆန္တိ**၊ ရောက်ကြကုန်၏။ **တံ**၊ ထိုဟောကြားသော ၃၈–ဖြာ မဂ်လာတရားတို့သည်။ **တေသံ**၊ ထိုနတ်နှင့်တကွသော လူခပ်သိမ်းတို့၏။ **ဥတ္တမံ**၊ အများသမုတ်ကြသော "ဒိဋ္ဌ၊ သုတ၊ မုတ" မဂ်လာစသည်တို့ထက် အထက်လွန်ကျူး အထူးသဖြင့်မြတ်သော။ **မင်္ဂလ**၊ လောကီ, လောကုတ္တရာ နှစ်ဖြာကြီးပွားချမ်းသာကြောင်း ကောင်းသောမဂ်လာများ ဖြစ်ပေ၏။ ဟူ၍ ဟောကြားတော်မူပါသည်။

မြတ်စွာဘုရား ဟောကြား ညွှန်ပြတော်မူသော မဂ်လာတရားတော်များကို မြတ်စွာဘုရားရှင်အား ကြည်ညိုယုံကြည်သဖြင့် လေ့လာ, ဆောင်ထား, လက်တွေ့ကျင့်သုံး, ပွားများကြပါလျှင် ရရှိခံစားရမည့် ကောင်းကျိုး,ကျေးဇူး ဂုဏ်ထူးများကို ညွှန်ပြတော်မူလို၍ "ဧတာဒိသာနိ.. " စသည့် အဆုံးဂါထာကို မိန့်ဆို ဟောကြားတော်မူပါသည်။

မင်္ဂလာတရားတော်တို့ကို ပုဂ္ဂိုလ်အားလျော်စွာ၊ ကာလအားလျော်စွာ လိုက်နာ ဆောင်ရွက်ကြရသောကြောင့် ခန္ဓာမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ဒေဝပုတ္တမာရ် တို့တွင် တစ်စုံတစ်ရာသော မာရ်ကမ္ဘ မင်္ဂလာရှိသောပုဂ္ဂိုလ်တို့ကို လွှမ်းမိုးကျော်နင်း အောင်နိုင်ခြင်း မရှိကြကုန်။ မင်္ဂလာရှိသောသူတို့ကသာ အောင်နိုင်ပါသည်။

မင်္ဂလာတရားတော် လိုက်နာပြုကျင့်ကြသဖြင့် ချမ်းသာကြီးပွားကြောင်းများ အကျိုးကျေးဇူးများသည် ဖော်ပြ၍ မကုန်နိုင်အောင် **'နိဗ္ဗာန်ချမ်းသာအထိ'** ဂုဏ်ကျေးဇူးတို့ကို– **'တံ တေသံ မင်္ဂလ မုတ္တမံ..'** မင်္ဂလာတရားတော်ကို လိုက်နာပြုကျင့်သောပုဂ္ဂိုလ်၏ ပစ္စုပ္ပန်, တမလွန် နှစ်တန်သောလောကချမ်းသာတို့နှင့်တကွ မဂ်,ဖိုလ်,နိဗ္ဗာန်တိုင်အောင် ကြီးပွားကြောင်း၊ ချမ်းသာကြောင်း ကောင်းမြတ်သော တရားတော်ဟူ၍(အသင်နတ်သားသည်) နာယူမှတ်သားလေလော့ဟု ဟောတော်မူပြီးလျှင် မင်္ဂလသုတ္တန်ဒေသနာတော်ကို နိဂုံးမှတ်၍ အဆုံးသတ်တော်မူသတည်း။

မင်္ဂလာတရားတော် ဟောကြားတော်မူသည့် အဆုံး၌ နတ်ဗြဟ္မာအပေါင်း ကုဋေတစ်သိန်းတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြပြီး၊ အသင်္ချေများစွာ မရေတွက်နိုင်အောင်ရှိသော နတ်ဗြဟ္မာအပေါင်းတို့သည်လည်း သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်များအဖြစ် ရောက်ကြရပါသည်။

မင်္ဂလာတရားများကို လက်တွေ့ကျင့်သုံးရကျိုး

၃၈–ဖြာ မင်္ဂလာတရားတော်တို့ကို လက်တွေ့ကျင့်သုံးကြပါလျှင်–
(ဧတာဒိသာနိ.. ဂါထာ၏ အဓိပ္ပါယ်)

စီးပွားဥစ္စာ တိုးတက်လာပါမည်။ ကြီးပွား ချမ်းသာလာပါမည်။ ဂုဏ်ကျက်သရေ ဖြိုးဝေတိုးတက်လာပါမည်။ ကောင်းကျိုးတရားများ စည်ပင်ပြန့်ပွားလာပါမည်။ ဘေးရန် ကင်းရှင်းလာပါမည်။ ချစ်သူခင်သူ ပေါများလာပါမည်။ ကိုယ်ရောစိတ်ပါ ချမ်းသာလာပါမည်။ ပြောဆိုကြံဆလုပ်ဆောင်သမျှ အောင်မြင်လာပါမည်။ နောက်ဆုံးအနေအားဖြင့် ရဟန္တာဖြစ်၍ ဘဝ၏ဇာတ်သိမ်း ချုပ်ငြိမ်းရပါသည်။ ဤသည်မှာ မင်္ဂလာတရားတော်မြတ်ကို လက်တွေ့ကျင့်သုံးခြင်း၏ အကျိုးတရား များဖြစ်ပါသည်။

+

ကဗျာ– မင်္ဂလာမြတ်တရားကိုလ၊ မြတ်ဘုရား ဟောတော်မူ။
သုံးဆယ်ကျော် ရှစ်ဖြာစွန်းတယ်၊ ထွန်းတောက်ဇမ္ဗူ။
ကျင့်ပါတော့ များဗိုလ်လူ၊ ဆူပူတဲ့ ရန်မျိုး။
အားလုံးအောင်နိုင်၍ သက်ဆုံးတိုင် သုခတိုးလို့ရယ်၊ ဖြိုးလိမ့်တန်ခိုး။

ဤမင်္ဂလာတရားတို့ကို ကျင့်သုံးကြပါလျှင် ရန်သူအားလုံးတို့တွင် မည်သည့် ရန်သူမျှ အနိုင်မရဘဲ (မိမိကသာ အောင်နိုင်၍) နေရာအားလုံး၌ ချမ်းသာကြီးပွား တိုးတက်ခြင်းသို့ရောက်ကြရ၏။ ထိုမင်္ဂလာရှိသူတို့၏ ထို ၃၈–ဖြာမင်္ဂလာသည် ကောင်းမြတ်သော မင်္ဂလာ ပေတည်း။

မင်္ဂလာအကျိုး

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊ လိုက်နာကျင့်သုံး ပန်သူတွေ။
စီးပွားချမ်းသာ ကျက်သရေတိုးလို့၊ ကောင်းကျိုးစည်ပွင့် တဝေဝေ။
ဘေးကင်းရန်ကွာ ချစ်သူပေါလို့၊ စိတ်ရောကိုယ်ရော ချမ်းသာမလေ။
ပြောဆိုကြံဆ ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ။
အဲဒါကြောင့် ပန်ကြ ဆင်ကြ မင်္ဂလာ့ပန်းခိုင်တွေ။

(ဒဂုံ ဦးထွန်းမြင့်)

မြတ်စွာဘုရားရှင်သည် နတ်သားအား မင်္ဂလာတရားတော်ကို ဟောကြားပြီး သည့်နောက်နေ့တွင် အရှင်အာနန္ဒာမထေရ်အား ခေါ်တော်မူပြီး၊ ချစ်သား... သင်သည် **ငါ.. နတ်သားကို ဟောကြားခဲ့သော မင်္ဂလာတရားတော်များကို သင်အံ့လေ့ကျက် ဆောင်ရွက်ကျင့်ကြံကြစေရန် အများတကာတို့ကို သင်ကြား ပို့ချပေး ပေတော့..** ဟူ၍ မိန့်ကြားတော်မူခဲ့သည့်အတွက် အရှင်အာနန္ဒာသည် မင်္ဂလာတရားတော် များကို ခပ်သိမ်းသော ရဟန်းရှင်လူတို့အား သင်ကြားပေးလာ ခဲ့ရာမှအစ ယနေ့ တိုင်အောင်ပင် မင်္ဂလာတရားတော်သည် ကမ္ဘာလွှမ်းအောင်တည်လျက် ရှိနေခြင်း အတွက် အရှင်အာနန္ဒာမထေရ်အားလည်း ကျေးဇူးတင်ထိုက် ပေသည်။

၃၈–ဖြာ မင်္ဂလာတရားတော်မြတ်ကို မိမိတို့ ကိုယ်တိုင်ကိုယ်ကျ သင်အံ့ လေ့ကျက် ဆောင်ရွက်ကျင့်ကြံနိုင်ကြသော သူတော်စင်အပေါင်းတို့သည် မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပြီး မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို လျှင်မြန် ထုတ်ချောက် ရောက်ကြရသည့်ကိုယ် ဖြစ်ကြပါစေ..

မင်္ဂလသုတ်ပို့ (မုံရွေးဆရာတော်)
(ပန္နရသမပို့) (မင်္ဂလာနိဂုံး)

ဧတာဒိသာနိ ကတ္တာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိं ဂစ္ဆန္တိ၊ တं တေသံ မင်္ဂလ မုတ္တမံ။

(၃,၃-၄၊ ၃-၄,၄၊ ၅-၄,၄-၄)

၁၅။ မြဖန်ရောင်ရှိန်၊ ဝင်းဝင်းထိန်သည်၊ မြတ်ဝတိန်သာ၊ နတ်တို့ရှာက၊ ဣန္ဒာဒေဝ၊ မာဃတမန်၊ မောင်နတ်မွန်.. .။

ပြန်၍တွက်ကျုံး၊ ပေါင်းကာရုံးမူ၊ **သုံး,သုံးနှင့်လေး၊ သုံး,လေး,လေးတည့်၊ ငါး,လေး,လေး နောက်၊ လေးပါးလှောက်၍၊ ရှေ့နောက်တွက်ချ့၊ သခ်ျာဖွဲ့သော်၊ သုံးဆယ့်ရှစ်ဖြာ**၊ မင်္ဂလာကို..

ကောင်းစွာပြုရ၊ ကျင့်ဆောင်ရမူ၊ ကာလသုံးဖြာ၊ ရှစ်ဖြာအရပ်၊ ရန်ခပ်သိမ်းပင်၊ လွတ်စင်ချမ်းသာ၊ ဘေးမျိုးကွာ၍၊ မဟာသောတ္ထိ၊ မှန်လှဘိ၏၊ သုခိတစစ်၊ ဖြစ်ရခြင်းသည်၊ သုံးမည်ဘုံသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါအား၊ စီးပွားမှန်လှ၊ ဥတ္တမ မင်္ဂလာ၊ မှတ်လေရာ၏။ ဧတာဒိသာနိ၊ ပါဠိအရ၊ အဋ္ဌတိံသာ၊ စိတ်ဖြာအပြား၊ ဤတရားကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊ မွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန်စွဲးမှတ်ရှာ လေလော့။

ပို့အစီပွါယ်

မြရောင်ဖန်ရောင်တို့ဖြင့် ဝင်းလတ်ထိန်ညီးနေသော တာဝတိံသာနတ်ပြည်မှ သိကြားမင်းတမန် မောင်နတ်သား..။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့ကို ကောင်းစွာကျင့်ဆောင်ပါမူ အရပ်ရှစ်မျက်နှာတို့၌ အမြဲမပြတ် ဘေးရန်ခပ်သိမ်း ကင်းလွတ်ငြိမ်း၍ ချမ်းသာမှု အဖြာဖြာကို ရရှိလေသည်။ ဤသို့ချမ်းသာမှုကို ရရှိခြင်းသည် နတ်လူ ဗြဟ္မာ သတ္တဝါတို့အတွက် လွန်ကဲထူးမြတ်သော မင်္ဂလာမည်၏။ စိတ်ဖြာ ပိုင်းခြား၍ ပြအပ်သော ဤတရားသုံးဆယ့်ရှစ်ပါးကို မွန်မြတ်လှစွာသော မင်္ဂလာတရားများ ဖြစ်၏ဟူ၍ သဒ္ဓါကဲလွန် နတ်တမန်သည် ယုံမှားမရှိ စွဲမြဲစွာ မှတ်သားလေလော့။

လို့ရင်းစက်ဆစ်အဖြေ

တွက်ကျုံး	– သိမ်းကြုံးရေတွက်ခြင်း၊	
ပေါင်းကာရုံးမှ	– အကျဉ်းပေါင်းကာ ချုံးရပါမှ–	
ပဋ္ဌမပို့	– (ပေါင်းသင်းဆက်ဆံရေး)	မဂ်လာ ၃–ပါး၊
ဆဋ္ဌမပို့	– (နေထိုင်ရေး)	မဂ်လာ ၃–ပါး
သတ္တမပို့	– (သင်ကြားရေး)	မဂ်လာ ၄–ပါး
အဋ္ဌမပို့	– (ပြုစုလုပ်ကျွေးရေး)	မဂ်လာ ၃–ပါး
နဝမပို့	– (ကူညီဆောင်ရွက်ရေး)	မဂ်လာ ၄–ပါး
ဒသမပို့	– (ရှောင်ကြဉ်လိုက်နာရေး)	မဂ်လာ ၄–ပါး
ဧကာဒသမပို့	– (စိတ်ထားဖြူစင်မြင့်မားရေး)	မဂ်လာ ၅–ပါး
ဒွါဒသမပို့	– (သည်းခံခြင်းစသော)	မဂ်လာ ၄–ပါး
တေရသမပို့	– (ခြိုးခြံခြင်းစသော)	မဂ်လာ ၄–ပါး
စုဒ္ဒသမပို့	– (စိတ်ထားခိုင်မာရေး)	မဂ်လာ ၄–ပါး

စုစုပေါင်း ၃၈–ဖြာ မဂ်လာ

သရီရာ	– (ပါဠိ) ရေတွက်ခြင်း၊
ကာလသုံးဖြာ	– ပစ္စုပ္ပန်, အတိတ်, အနာဂတ် – ကာလသုံးပါး၊
ရှစ်ဖြာအရပ်	– အရှေ့၊ အနောက်၊ တောင်၊ မြောက်၊
	အရှေ့ထောင့်၊ အနောက်ထောင့်၊ တောင်ထောင့်၊
	မြောက်ထောင့် – အရပ်ရှစ်မျက်နှာ၊
မဟာသောတ္ထိ	– (ပါဠိ) ကြီးကျယ်သော ချမ်းသာခြင်း၊
သုခိတ	– (ပါဠိ) ချမ်းသာခြင်း၊
သုံးမည်ဘုံသူ	– လူ, နတ်, ဗြဟ္မာ – သုံးဘုံသား၊
သတ္တဝါ	– သတ္တ (ပါဠိ) ကာမဂုဏ်၌ ငြိကပ်တတ်သူ၊
ဥတ္တမ	– (ပါဠိ) အမြတ်၊
ဧတာဒိသာနိ	– ဤသို့သဘောရှိကုန်သော၊
ပါဠိ	– အနက်ကို စောင့်တတ်သော၊
အဋ္ဌတိံသာ	– (ပါဠိ) သုံးဆယ့်ရှစ်ပါး၊

၁၆။ ရွှေ၊ ငွေ၊ မြ၊ ဖန်၊ ရောင်လေးတန်ဖြင့်၊ ယုဂန္ဓရ၊ စသည်မှောင်မှောင်၊ တောင်ခုနစ်ခွေ၊ ရေခုနစ်လွှာ၊ ဝန်းရစ်ကာနှင့်၊ ပဠုမာလိန်၊ ဂိရိန်သာမိ၊ ဓိပတိ၏၊ ကဝိတန်းခွန်၊ နတ်တမန်ကို၊ ဘဂဝန်မြတ်စွာ၊ ဟောသောခါန္ဒိုက်၊ မိစ္ဆာရန်ကြောင့်၊ သန့်ရှင်းဖြောင့်သား၊ ရှစ်သောင်းလေးထောင်၊ ဆုအောင်မချွတ်၊ အရဟတ်ဟု၊ အထွတ်ရောက်မှန်၊ မြတ်ဥဏ်သောတာ၊ သကဒါနှင့်၊ အနာဂါမိ၊ ကပ်ငြိုဖိုလ်မဂ်၊ အချက်ချက်ကား၊ ရေတွက်ခြင်းငှါ၊ မတတ်ရာတည့်၊ ဤစာမဂ်လ၊ သုတ္တန္တကို၊ ဘဝသခင်၊ ကြင်သည်ဆရာ၊ မုံမှာအရ၊ ဇေးနှင့်ရွတ်၊ ရမ္ဘဗိမာန်၊ ဇေတဝန်မည်ရှောင်း၊ သူဌေးကျောင်း၌၊ ကိန်းအောင်ပျော်ရာ၊ အရိယဝံသ၊ အာဒိစ္စရံသီ၊ ကောဇာမိမှ၊ ထောင်ချီရာချဲ့၊ ကိုးဆဲ့အမှတ်၊ ဝါတော်ကျွတ်ပြီး၊ ကျော်လွတ်ဆယ်စေ့၊ ပူးမင်းနေ့တွင်၊ ချမ်းမြေ့သာယာ၊ လေးခါပဟိုရ်၊ ဇေးသံချိုနှင့်၊ နေညိုရဲရဲ၊ ဝင်ဆဲးဆဲးတွင်၊ အောင်ပွဲးသဘင်၊ အောင်ပန်းဆင်သည်၊ အောင်မဂ်လာ မြောက်ပြီးတည်း။

ပျို့အစီပွါယ်

ရွှေ၊ ငွေ၊ မြ၊ ဖန်၊ ဟူသော အရောင်လေးတန်ရှိ၍ တောင်ခုနစ်ထွေ ရေခုနစ်လွှာ ဝန်းရံကာလျက် အာလိန်ငါးဆင့်ဖြင့် တန်ဆာဆင်အပ်သော မြင်းမိုရ်တောင်အရှင်သခင် သိကြားမင်း၏.. တမန်ဖြစ်သူ နတ်သားအား ဘုရားရှင်က မဂ်လာတရား ဟောကြားတော်မူသောအခါ ရှစ်သောင်းလေးထောင်သော ပုဂ္ဂိုလ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ရှိကုန်၏။ သောတာပန်, သကဒါဂမ်, အနာဂါမ် ဖြစ်သူများကား ရေတွက်၍ မကုန်နိုင်အောင်ပင် များပြားလှပေသည်။

ဤမဂ်လသုတ်ပျို့ကို ဘကြီးတော်ဘုရား (၁၁၈၁–၁၁၉၂) လက်ထက်တွင် မုံရွေးရွာ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူသော **အရှင်အာဒိစ္စရံသီမထေရ်** မြတ်သည် သက္ကရာဇ် ၁၁၉၀–ခုနှစ် သီတင်းကျွတ်လပြည့်ကျော်(၁၀)ရက် သောကြာနေ့ နေ့ ၄–ပဟိုရ်အချိန်တွင် ရေးသားပြီးစီး အောင်မြင်သည်။

လှိုရင်းခက်ဆစ်အဖြေ–

ယုဂန္ဓရ – (ပါဠိ) ယုဂန္ဓိုရ်တောင်၊ (မြင်းမိုရ်တောင်၏ ခါးလယ်၌ရှိ၏၊)

တောင်ခုနစ်ခွေ – တောင်စဉ် ခုနစ်ထပ်ရစ်ပတ်သော၊
(ယုဂန္ဓိုရ်တောင်၊ ဣသန္ဓရတောင်၊ ကရဝိကတောင်၊ သုဒဿနတောင်၊
နေမိန္ဓရတောင်၊ ဝိနတကတောင်၊ အဿကဏ်တောင်)

ရေခုနစ်လွှာ – သမုဒ္ဒရာခုနစ်ခု၊ တောင်စဉ်ခုနစ်ထပ် အကြားဌ
သီဒါခေါ်ရေ(မြစ်) သမုဒ္ဒရာ ခုနစ်ခု တည်ရှိလေသည်။

ပဋ္ဌမာလိန် – ပဋ္ဌ – အာလိန္ဒ =(ပါဠိ) ပဋ္ဌ= ငါးခု၊ အာလိန္ဒ= အဦးအပြင်၊
မြင်းမိုရ်တောင်ထိပ် မရောက်မီ အဆင့်ငါးခုဟု ဆိုလိုသည်။
အာလိန်ငါးဆင့် = ပထမ–နဂါး၊ ..ဂဠုန်၊ ..ကုမ္ဘာန်၊ ..ဘီလူး နှင့်
စတုမဟာရာဇနတ်မင်းကြီးတို့ ပဋ္ဌမအာလိန်၊

ဂိရိန်သာမိ – ဂိရိ – ဣန္ဒ–သာမိ (ပါဠိ) ဂိရိ–တောင်၊ ဣန္ဒ–အစိုးရခြင်း၊
သာမိ–အရှင်၊ (တောင်တို့ကိုအစိုးရသော မြင်းမိုရ်တောင်–
တောင်မင်းသခင် အရှင် သိကြားမင်း ဟုဆိုလိုသည်။)

ဓိပတိ – အဓိပတိ (ပါဠိ) အကြီးအမှူး၊

ကဝိတန်းခွန် – (ပါဠိ) ပညာရှိတို့၏ တံခွန်ပမာ၊ (နတ်သားတမန်)

အရဟတ် – အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ (ရဟန္တာဖြစ်)

သောတာ – သောတပတ္တိမဂ်ဉာဏ်, ဖိုလ်၊

သကဒါ – သကဒါဂါမိမဂ်ဉာဏ်, ဖိုလ်၊

အနာဂါမိ – အနာဂါမိမဂ်ဉာဏ်, ဖိုလ်၊

ဘဝသခင် – ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်မင်းတရားကြီး၊

မုံမှာအရ၊ ဇးနှင့်ရွ – မုံရွေး၊ မုံရွေးရွာတွင်၊

ရမ္ဘဗိမာန် – ရမ္ဘ–မွေ့လျော်ဖွယ်၊ ဝိမာန–အဆောက်အဦ၊

ဇေတဝန် – ဇေတဝန်ကျောင်း၊ (သဒိသူပစာ ဥပမာအလင်္ကာ)

ကိန်းအောင်း – မွေ့လျော်စွာ နေထိုင်သည်၊

အရိယဝံသ – အရိယာတို့၏ အနွယ်၊

အာဒိစ္စရံသီ – နေမင်း၏အရောင်၊

ကောဇာမ္ပိမူ – ၁၁၉၀–ပြည့်၊ သီတင်းကျွတ်လပြည့်ကျော်(၁၀)ရက်နေ့၊

ပူးမင်းနေ့ – သောကြာနေ့၊

ချမ်းမြေ့ – ချမ်းဇသော ညနေခါ၊

ပဟိုရ် – ပဟာရ = ပုတ်ခတ်ခြင်း၊

မင်္ဂလသုတ်ပျို့နှင့် မုံရွေးဆရာတော်ကြီး

မြန်မာ့စာပေသမိုင်းတွင် ပျို့, ကဗျာ စာပေကဏ္ဍကို စတင်တည်ထောင်ခဲ့သည့် ပုဂ္ဂိုလ်သည် ဆရာတော် ရှင်မဟာရဋ္ဌသာရ ဖြစ်သည်ဟု ဆိုကြ၏။ ဆရာတော်သည် မြန်မာသက္ကရာဇ် ၈၄၆–ခုနှစ်တွင် "ဘူရိဒတ်လင်္ကာကြီး"ကို ရေးသားစီရင်၍ ပျို့,ကဗျာ စာပေ၏ သမိုင်းဦးမှတ်တိုင်ကို စိုက်ထူခဲ့ပေသည်။

ပျို့သည် လေးလုံးစပ် လင်္ကာတစ်မျိုးဖြစ်သည်။ လင်္ကာဟူသည် အလင်္ကာဟူသော ပါဠိဘာသာမှ ဆင်းသက်လာသော ဝေါဟာရဖြစ်၍ တန်ဆာဆင်ခြင်းဟု အဓိပ္ပါယ်ရ၏။ တန်ဆာဆင်ခြင်းဟူရာ၌ **အတ္ထာလင်္ကာရ** = အနက်အဓိပ္ပါယ် ဖြင့်တန်ဆာဆင်ခြင်း၊ သဒ္ဒါလင်္ကာရ=အသံဖြင့်တန်ဆာဆင်ခြင်း ကိုဆိုလို၏။ အကြောင်းအရာ တစ်မျိုးမျိုးကို အသံ,အနက်အဓိပ္ပါယ်တို့ဖြင့် တန်ဆာဆင်လျက် နှစ်သက်ဖွယ် ကြည်နူးဖွယ်ကောင်းအောင် ပိုဒ်ရေများစွာဖြင့် သီကုံးဖွဲ့နှုန်းထား သောအဖွဲ့ကို "ပျို့"ဟု ခေါ်ဆိုသည်။ ပျို့ဟူသော ဝေါဟာရကို ပင်းယခေတ်တွင် စတင်၍သုံးစွဲခဲ့ကြသည်။ 'ဝေါဟာရလီနတ္ထဒီပနီကျမ်း'၌ စိတ်နှလုံးကို ယူကျုံးစွဲမက် နှစ်သက်စေတတ်သောအဖွဲ့ကို ပျို့ဟုခေါ်ဆိုသည်.. ဖွင့်၏။

မုံရွေးဆရာတော်သည် သုတ္တန္တပိဋကတ်၊ ခုဒ္ဒကနိကာယ်၌ အပါအဝင်ဖြစ်သော 'မင်္ဂလသုတ်'ကို မှီငြမ်းပြု၍ **"မင်္ဂလသုတ်ပျို့"**ကို ဖွဲ့ဆိုခြင်းဖြစ်သည်။ ထိုပျို့၌ ပိုဒ်ရေ ၁၆–ခုရှိ၏။ ထို့နောက် ပေမူတင်သောပုဂ္ဂိုလ်က တစ်ပုဒ်ထပ်၍ရေးသားသဖြင့် အချို့မူများ၌ပိုဒ်ရေ ၁၇–ခုရှိ၏။ မုံရွေးဆရာတော်သည် စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်၏။ ဗဟုသုတနှံ့စပ်ကြောင်းကို **'သမန္တစက္ခုဒီပနီကျမ်း'**ကို ကြည့်ခြင်းခြင့် ဆရာတော်၏ အရည်အသွေးကို သိရှိနိုင်သည်။

ဤ"မင်္ဂလသုတ်ပျို့"ကို ရေးသားစီရင်တော်မူခဲ့သော မုံရွေးဆရာတော်ကို မြန်မာသက္ကရာဇ် ၁၁၂၈–ခု၊ နယုန်လွဆန်း ၄–ရက်၊ တနင်္ဂနွေနေ့၌ ကြေးမုံ ၉–သင်း နယ်မြေသူကြီး 'ဦးဇေယျ'နှင့် 'ဒေါ်မင်းလှ'တို့မှ သားရတနာ 'မောင်အောင်မြ' ကိုဖွားမြင်သည်။ အသက် ၆–နှစ်မှစ၍ မုံရွေးအရှေ့ရွာ သာစံမင်းကျောင်းဆရာတော် 'အရှင်ဂုဏဝန္တ' အထံ ပညာရင်နှံ့သောက်စို့ကာ.. 'ရှင်အာဒိစ္စ'ဟူသောဘွဲ့ဖြင့် သာမဏေရ ပဗ္ဗဇ္ဇ မင်္ဂလာပန်းကို ဆင်မြန်းတော်မူသည်။ သက်တော် ၁၂–နှစ် အရွယ်ကပင် ပျို့, ရတု, ရကန်, လင်္ကာ, မေတ္တာစာစသည်တို့ကိုရေးစပ်ခဲ့သည်။ သက်တော် ၂၀–ပြည့်တွင် ဥပသမ္ပဒမင်္ဂလာပန်း ဆင်မြန်းတော်မူပြီး သိက္ခာတော် ၉–ဝါအရတွင် ဘိုးတော်ဘုရင်မင်းတရားက ကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်းပြီး "အရိယသဒ္ဓမ္မဝံသအာဒိစ္စရံသီ"ဘွဲ့တော်ကို လှူဒါန်းမှုကိုခံယူ၏။ ကျမ်းပေါင်းများစွာတို့ကို ဗုဒ္ဓသာသနာတော်ကြီးကို တန်ဆာဆင်ခဲ့ပြီးလျှင် သက္ကရာဇ် ၁၁၉၆၊ ဝါဆိုလ၊ သက်တော်–၆၉၊ သိက္ခာတော် ၄၉–ဝါအရတွင် ခယဝယ အနိစ္စသဘောသို့ ရွှေ့လျော ပျံလွန်တော်မူသတည်း။

မဂ်လာ + အဘိဓမ္မာသဘော–

* **ဝိနည်း**သည် သီလ (ကိုယ်ကျင့်တရားကောင်းမွန်ရေး)အတွက်ဖြစ်သည်။
ကိုယ်,နှုတ် လွန်ကျူးမှုကို ပယ်ရှားနိုင်၏။
သီလ ဖြူစင်စေရေးအတွက် မဂ်လာ ၂၀–ပါး (၁–၂၀)၊
* **သုတ္တန်**သည် သမာဓိ (စိတ်ဓာတ်တည်ငြိမ်ရင့်ကျက်ရေး)အတွက်ဖြစ်သည်။
စိတ်၌ ကိလေသာ ထကြွသောင်းကျန်းမှုကို တားမြစ်နိုင်၏။
သမာဓိ ဖြစ်ပွားစေရေးအတွက် မဂ်လာ ၁၂–ပါး (၂၁–၃၂)၊
* **အဘိဓမ္မာ**သည် ပညာ(အသိဉာဏ်ထက်မြက်ရေး)အတွက်အထောက်အကူပြုသည်။
အနုသယကိလေသာမှန်သမျှကို ဖျက်ဆီးနိုင်စွမ်း ရှိ၏။
ပညာပိုင်းဆိုင်ရာ ပွင့်လင်းရေးအတွက် မဂ်လာ ၆–ပါး (၃၃–၃၈)၊

(စာ–၂၅၇ တွင်လေ့လာနိုင်သည်။)

မဂ်လာတရားတော်၏ ရည်ရွယ်ချက်သည် အကုသိုလ်ကို ပယ်ဖျက်ရေးနှင့် ကုသိုလ်တရား တိုးပွားစည်ပင်ရေးဖြစ်ပါသည်။ ကုသိုလ်ဖြစ်စေရန် ဆက်ဆံရေး, နေထိုင်ရေး, ပညာရေးစသော လူမှုရေးရာကိစ္စတို့၌ နည်းလမ်းမှန်ကန်ရန်အတွက် လမ်းညွှန်ပေးသည်။ ပုဂ္ဂိုလ်သတ္တဝါမည်သူမဆို ကုသိုလ်, အကုသိုလ် ကံတို့နှင့် ညီမျှသော ချမ်းသာ/ဆင်းရဲတို့ကို စံစား/ခံစား ကြရ၏။ အကုသိုလ်ကံကြီးမား သူအတွက် ဆင်းရဲဒုက္ခသည် ပို၍ကြီးမားသည်။ ထို့ကြောင့် အကုသိုလ်ကံတို့ကို ပယ်ရှား၍ ကုသိုလ်တရားများ တိုးပွားစည်ပင်အောင် ပြုလုပ်ရမည်ဖြစ်ပါသည်။ ကုသိုလ်သည်လည်း လောကီကုသိုလ်(မဂ်လာ ၁–၃၀)နှင့် လောကုတ္တရာကုသိုလ် (မဂ်လာ ၃၁–၃၈) ဟူ၍ နှစ်မျိုးရှိပါသည်။ လောကုတ္တရာကုသိုလ်သည် လောကီ ကုသိုလ်ကို အခြေခံ၍သာ ဖြစ်ပေါ်ရမြဲ ဖြစ်ပါသည်။

လောကီကုသိုလ်မဂ်လာအခြေခံရာတွင် ကာမချမ်းသာ ရရှိရုံမျှဖြင့် ကျေနပ်နေ၍ မဖြစ်သေးပေ။ ကာမချမ်းသာဟူသည် အနိမ့်ဆုံးချမ်းသာမျှသာ ဖြစ်သည်။ ဝတ္ထုအာရုံ, ဘေးဒုက္ခ, အိုနာ,သေတို့နှင့် ရောပြွမ်းနေသေး၏။ လောကီစျာန်ချမ်းသာတို့သည်လည်း ဖောက်ပြန်ပျက်စီးခြင်းမှ စိတ်မချရသေး။ ထို့ကြောင့် မဂ်လာ အစဉ်အရ လောကုတ္တရာမဂ်လာသို့တက်လှမ်း နိုင်မှသာ ကိလေသာရန်ဘေးမှ ကင်းဝေးပြီး၊ ပျက်စီးယိုယွင်းမှုမရှိ, ထာဝရခိုင်မြဲသော ဖိုလ်ချမ်းသာကိုရရှိနိုင်၏။

မှတ်ပွယ်ရာရာ မင်္ဂလာ–

လူ,နတ်,ဗြဟ္မာ သတ္တဝါတို့အတွက် အလွန်ဆုံး အမြတ်ဆုံး အကောင်းဆုံး မင်္ဂလာအစစ်ဖြစ်သော ဤမင်္ဂလာတရားတော်ကို ပညာရှိတို့က.. .

* **မင်္ဂလာပါပ် လုနာတိ ဆိန္နတီတိ မင်္ဂလံ–**

မကောင်းမှုကို ပယ်ဖျောက်ဖျက်ဆီးတတ်သောကြောင့် မင်္ဂလာ မည်၏။ ၃၈–ဖြာ မင်္ဂလာတရားတော်များတွင် မင်္ဂလာတစ်ပါးစီကို စီစစ်ကြည့်ရှုပါက မကောင်းသော ပြုမှု,ပြောဆို,ကြံစည်ချက် တို့ကို ပယ်ခြင်းနှင့်၊ ကောင်းသော ပြုမှု,ပြောဆို,ကြံစည်ချက်တို့ကို လက်ခံကျင့်သုံးခြင်းသာ မင်္ဂလာမည်ကြောင်း ကောင်းစွာတွေ့မြင် သိရှိကြရပေသည်။

* **မင်္ဂန္တိ သတ္တာ ဧတေန သုဒ္ဓိं ဂစ္ဆန္တီတိ မင်္ဂလံ–**

သတ္တဝါစင်ကြယ် သန့်ရှင်းရေးအတွက် 'ကျင့်စဉ်' ဖြစ်သောကြောင့် မင်္ဂလာ မည်၏။ ဟု မင်္ဂလာ၏ အဓိပ္ပါယ်ကို ဖော်ညွှန်းခဲ့ကြလေသည်။

မင်္ဂလာတရား လက်ကိုင်ထား၍ လောကီကြီးပွားတိုးတက်ရေး, လောကုတ္တရာ ကြီးပွားတိုးတက်ရေး၊ ပစ္စက္ခဘဝ ချမ်းသာသုခရရှိရေး, တမလွန်ဘဝ၌ ချမ်းသာ သုခ ရရှိရေးနှင့်တကွ တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်ညှင်းဆဲစစ်ပွဲခင်းခြင်းဟူသော သတ္တန္တရကပ်, အနာရောဂါ ထူပြောခြင်းဟူသော ဒုဗ္ဘိက္ခန္တရကပ် စသောဘေးရန် တို့မှ ကင်းလွတ်စေနိုင်သော မင်္ဂလာတရားတော်မြတ်များကို လေ့လာမှတ်သားပြီး ပြီးပြီးပျောက်ပျောက် အဖြစ်သဘောမထားထားကြဘဲ–

* မိမိတို့ ကိုယ်ပေါ်အရောက် ကာယကံမြောက် လက်တွေ့ကျင့်သုံးခြင်း၊
* မိမိတို့ နှုတ်ပေါ်အရောက် ဝစီကံမြောက် နှုတ်တွေ့ကျင့်သုံးခြင်း၊
* မိမိတို့ စိတ်ပေါ်အရောက် မနောကံမြောက် စိတ်တွေ့ကျင့်သုံးခြင်း၊

မင်္ဂလာတရားတော်နှင့် ညီညွတ်စွာ နေထိုင်ပြုကျင့်ကြမှသာ ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျ မင်္ဂလာရှိသောသူ၊ ဗုဒ္ဓဘာသာဝင် ဖြစ်ရကျိုးနပ်ပေမည်။ မင်္ဂလာတရားကို မျက်ကွယ်ပြုသူများသည် ဗုဒ္ဓမြတ်စွာကို ဆန့်ကျင်ဘက်ပြုရာ ရောက်နေပါသည်။ ထို့ကြောင့် မိမိတို့ကိုယ်တိုင် မင်္ဂလာတရားတော်နှင့်လျော်ညီစွာ နေထိုင်ကြရန်နှင့် သူတစ်ပါးတို့အားလည်း မင်္ဂလာတရားနှင့် ညီညွတ်စွာ နေထိုင်နိုင်ရေးကို ကူညီ အားပေးသောအားဖြင့် **မင်္ဂလာတရားတော်ပြန့်ပွားရေး** သာသနာပြုကြရပါမည်။

မင်္ဂလာတရား အစဉ်ထား ဟောကြားခဲ့ပါသည်

ပိဋ္ဌကတ်သုံးပုံ၊ နိကာယ်ငါးရပ်တို့ကို အကျဉ်းချုပ်၍ လက်တွေ့ကျင့်ဆောင်ရေး တရားအဖြစ် ထုတ်ဖော်ဟောကြားထားသော မင်္ဂလာတရားသည် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတည်းဟူသော သိက္ခာတော်သုံးရပ်၊ သာသနာတော်သုံးရပ်နှင့် ပြည့်စုံ၍ လောကီချမ်းသာ–ငြိမ်ချမ်းရေးသာမက ငြိမ်းချမ်းရေးအစစ်ကြီးဖြစ်သော လောကုတ္တရာ ချမ်းသာ **'နိဗ္ဗာန်'**တိုင်အောင် ရနိုင်ပေသည်။

သုံးပုံပိဋ္ဌကတ်၊ အဆီမြတ်၊ မှတ်လေ့မင်္ဂလာ၊
လောကီ လောကုတ်၊ ကောင်းကျိုးနှစ်တန်၊
နိဗ္ဗာန်ရောက်ကြောင်း၊ ဧကန်အမှန်၊

မင်္ဂလာတရားတော်မြတ် အစဉ်ထား ဟောကြားမှုသည်–

* ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်၊
* ပညာရှာသည့်အရွယ်၊ စီးပွားရှာသည့်အရွယ်၊ တရားရှာသည့်အရွယ်၊
* မိမိကောင်းစားရေး၊ သူတစ်ပါးကောင်းစားရေး၊ နှစ်ဦးစလုံးကောင်းစားရေး၊
* သီလဖြူစင်စေရေး၊ သမာဓိဖြစ်ပွားစေရေး၊ ပညာပိုင်းဆိုင်ရာပွင့်လင်းရေး၊
* ကျင့်ဝတ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ပညာပိုင်းဆိုင်ရာပွင့်လင်းရေး၊
* ရုပ်ပိုင်းဆိုင်ရာကြီးပွားရေး၊ စိတ်ပိုင်းဆိုင်ရာ ကြီးပွားရေး၊
* လောကီကြီးပွားရေး၊ လောကုတ္တရာကြီးပွားရေး၊
* ပုထုဇဉ်ဆိုင်ရာမင်္ဂလာ၊ အရိယာဆိုင်ရာမင်္ဂလာ၊
* လောကီမင်္ဂလာ၊ လောကုတ္တရာမင်္ဂလာ၊
* အကြောင်းမင်္ဂလာ၊ အကျိုးမင်္ဂလာ၊

ဓမ္မသင်္ဂဟအရ အကြောင်းမင်္ဂလာ(၁–၃၃)တို့ကို ပြည့်စုံစွာ ထူထောင်နိုင်ခဲ့လျှင် အကျိုးမင်္ဂလာ(၃၄–၃၈)တို့ကို အလိုအလျောက် ထူထောင်ပြီး ဖြစ်နိုင်သောကြောင့် တရားတော်တို့သည် အမြတ်ဆုံးဖြစ်သော လောကုတ္တရာ ချမ်းသာ ရရှိရေးတရားများဖြစ်ကြ၍ မင်္ဂလာတရားတော်တို့သည် တစ်ပါးထက် တစ်ပါး လေးနက်သထက်လေးနက်လာကာ နောက်ဆုံးတွင် ရဟန္တာဖြစ်သည်အထိတိုင် အောင်ပင် ရှင်တော်ဘုရားက ဟောကြားတော်မူခဲ့၏။

+

(၁) ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃-ပါး

၁။ အသေဝနာ စ ဗာလာနံ - လူမိုက်ရှောင်မင်္ဂလာ
၂။ ပဏ္ဍိတာနဉ္စ သေဝနာ - လူလိမ္မာပေါင်းမင်္ဂလာ
၃။ ပူဇာ စ ပူဇနေယျာနံ - ပူဇော်ထိုက်သူပူဇော်မင်္ဂလာ

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ကြီးပွားတိုးတက်ရေးလမ်းကြောင်းဖြစ်သော ၃၈-ဖြာ မင်္ဂလာတရားတော်တွင် ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃-ပါး တို့ကို လေ့လာ,ဆောင်ထား, လက်တွေ့ကျင့်သုံး,ပွားများနိုင်ရန်အတွက်-

* လူမိုက်နှင့် ပေါင်းဖော်မိသူတိုင်းသည် မိမိကိုယ်တိုင် လူမိုက်အဖြစ်ကိုရောက်ကြရပြီး လူမိုက်တို့ခံစားအပ်သော အပြစ်အမျိုးမျိုးတို့ကိုလည်း မလွဲမသွေခံစားကြရမည်ဖြစ်သောကြောင့် လူမိုက်မှန်သမျှ ရှောင်ကြဉ်ကြရန် "အသေဝနာ စ ဗာလာနံ" ပုဒ်၊
* သူတော်ကောင်းနှင့် ပေါင်းဖော်ရသူတိုင်းသည် ပညာရှိသူတစ်ဦးအဖြစ်သို့ရောက်ရှိပြီး ပညာရှိတို့ခံစားအပ်သော အကျိုးများကိုလည်း ဧကန်မလွဲခံစားကြရမည်ဖြစ်ကြောင်း သိစေတော်မူလိုသည့်အတွက် "ပဏ္ဍိတာနဉ္စ သေဝနာ" ပုဒ်၊
* ဂုဏ်ဝုဒ္ဓိ- ဂုဏ်အားဖြင့်ကြီးမြတ်သူ, ဝယဝုဒ္ဓိ- အသက်အားဖြင့်ကြီးမြတ်ကြသောပုဂ္ဂိုလ်များနှင့်တကွ အနန္တော အနန္တငါးပါးတို့အား ဆည်းကပ်ပူဇော်နိုင်အောင်ကြိုးစားကြခြင်းဖြင့် "ပူဇာ စ ပူဇနေယျာနံ" ပုဒ်၊

တို့ကို ဟောကြားတော်မူပါသည်။

၁။ အသေဝနာ စ ဗာလာနံ

"အသေဝနာ စ ဗာလာနံ"ကို အဘယ်ကြောင့် အရင်ဆုံးဟောတော်မူသနည်း။

လူမိုက်နှင့်ပေါင်းသင်း၍ လူမိုက်ကို ဆရာတင်လိုက်သည်နှင့်တစ်ပြိုင်နက်ထိုလူမိုက်အကြိုက်လိုက်နာပြီး လူမိုက်လိုကျင့်ကြံပြုလုပ်ကြပါလိမ့်မည်။ ထိုအခါမည်သည့်မင်္ဂလာမျှ ဖြစ်ပေါ်လာတော့မည် မဟုတ်သောကြောင့် "အသေဝနာ စ ဗာလာနံ" မင်္ဂလာကို ရှေးဦးစွာ ဟောတော်မူခြင်းဖြစ်ပါသည်။

"အသေဝနာ စ ဗာလာနံ" မင်္ဂလာကို ဘာသာရေးဘဲလုပ်လုပ်၊ ပညာရေးဘဲလုပ်လုပ်၊ နိုင်ငံရေးဘဲလုပ်လုပ်၊ စီးပွားရေးဘဲလုပ်လုပ် ဘယ်အလုပ်မျိုးမှာမဆို လူတွေအတွက် ကောင်းကျိုး,ဆိုးကျိုးကို ခွဲခြားပြီး မသိသည့်ပုဂ္ဂိုလ်မျိုးကို ခေါင်းဆောင်တင်မိလျှင် ကြီးပွားတိုးတက်ဖို့ရန် မဖြစ်နိုင်တော့ပါ။

*** အခြေခံမင်္ဂလာ ၂-ပါး**

'အသေဝနာ စ ဗာလာနံ' မင်္ဂလာနှင့် 'ပဏ္ဍိတာနဉ္စ သေဝနာ' မင်္ဂလာနှစ်ပါးတို့သည် အခြားမင်္ဂလာများ၏ အခြေခံမင်္ဂလာများဖြစ်ကြပါသည်။ ဤမင်္ဂလာနှစ်ပါးမှမရှိလျှင် အခြားမင်္ဂလာများလည်းဖြစ်ရန် မလွယ်လှပါ။ ထို့ကြောင့် ဤမင်္ဂလာနှစ်ပါးကို ရှေးဦးစွာဟောကြားတော်မူပါသည်။

၂။ ပဏ္ဍိတာနဉ္စ သေဝနာ

"အသေဝနာ စ ဗာလာနံ"ပုဒ်ဖြင့် လူမိုက်တွေကို မမှီဝဲ မပေါင်းသင်း မဆက်ဆံ မကိုးကွယ်ရန် ဟောကြားတော်မူပြီးနောက် ဘယ်လိုလူကို မှီဝဲရမည်ဆိုတာကို "ပဏ္ဍိတာနဉ္စ သေဝနာ"ပုဒ်ဖြင့် ဟောကြားတော်မူပါသည်။ လူမိုက်ကိုရှောင်ကြဉ်ရုံမျှဖြင့် လူလိမ္မာဖြစ်မလာနိုင်သေး။ လူလိမ္မာဖြစ်စေရန်နှင့် မိမိဘဝတိုးတက်ရေးအတွက် မိမိထက်ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ သက်ဆိုင်ရာပညာရပ်၌ တတ်သိနားလည်သော သူတော်ကောင်း လူလိမ္မာ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို ပေါင်းသင်းဆက်ဆံရပေမည်။

၃။ ပူဇာ စ ပူဇနေယျာနံ

ပညာရှိလူလိမ္မာများကို ဆည်းကပ် ပေါင်းသင်းဆက်ဆံနေသော်လည်း ၎င်းတို့၏ ကောင်းသောအမူအကျင့် အတွေးအခေါ် အကြံအစည်များကို အတုယူလိုက်နာကျင့်သုံးမှု (ဓမ္မပူဇာ)မရှိလျှင် လူတော်လူကောင်း မဖြစ်နိုင်။ ထို့ကြောင့် လူတော်လူကောင်းဖြစ်အောင် နည်းပေးလမ်းပြ ကူညီကြသော သူတော်ကောင်း ပညာရှင် ဆရာသမား မိဘဘိုးဘွားတို့အား ဂုဏာဝုဒ္ဓိ-ဂုဏ်အားဖြင့် ကြီးမြတ်မှု, ဝယဝုဒ္ဓိ-အသက်အားဖြင့် ကြီးမြတ်မှုရှိကြသောပုဂ္ဂိုလ်များနှင့်တကွ အနန္တောအနန္တင၊်ပါးတို့အား အာမိသပူဇာခေါ် ပစ္စည်းဝတ္ထုများဖြင့် ပူဇော်ရန်လိုအပ်သောကြောင့် "ပူဇာ စ ပူဇနေယျာနံ" မင်္ဂလာကိုဟောတော်မူ၏။

ပညာရှိကို ဆည်းကပ်သူချင်း တူသော်လည်း လိုက်နာကျင့်သုံးမှုကိုအခြေခံ၍ အကျိုးစီးပွား ဖြစ်ထွန်းရရှိမှုကား ခြားနားမည်ဖြစ်သည်။ ပညာရှိတို့၏ဆုံးမစကားသည် မိုးကြီးရွာသွန်းမှုနှင့်တူ၏။ လိုက်နာကျင့်သုံးသူကား မိုးရေခံယူသူနှင့် တူလှပါသည်။ မိုးရေခံယူရာ၌ ခွက်ဖြင့်ခံယူသူ၊ အိုးငယ်ဖြင့်ခံယူသူ၊ အိုးစရည်းဖြင့်ခံယူသူဟု အမျိုးမျိုးရှိရာ တစ်ဦးနှင့်တစ်ဦး မိုးရေရရှိမှု တူညီမည်မဟုတ်ချေ။ မိမိ၏အားထုတ်မှု လုံ့လ၊ အလိုရှိမှု ဆန္ဒ၊ တွေးခေါ်မြော်မြင်မှု အသိဉာဏ်အားလျော်စွာ ရရှိကြမည်ဖြစ်သည်။

(၂) နေထိုင်ရေးမင်္ဂလာ ၃–ပါး

၄။ ပဋ္ဌိရူပဒေသဝါသော စ – သင့်ရာနေမင်္ဂလာ
၅။ ပုဗ္ဗေ စ ကတပုညတာ – ကြိုတင်ကောင်းမှုပြုမင်္ဂလာ
၆။ အတ္တသမ္မာပဏိဓိ စ – ကိုယ့်ကိုကိုယ်ထိန်းမင်္ဂလာ

မြတ်စွာဘုရားရှင်သည် ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃–ပါးကိုဟော တော်မူသည်၏အခြားမဲ့၌ နေထိုင်ရေးမင်္ဂလာ ၃–ပါးကို ဟောတော်မူ၏။

ပညာရှိလူလိမ္မာများကို ဆည်းကပ်ပေါင်းသင်း ဆက်ဆံသောကြောင့် လူမိုက်တို့ကို ရှောင်ကြဉ်ပြီးဖြစ်ရပါသည်။ ပညာရှိတို့နှင့်ပေါင်းပြီး မိမိလည်း လူတော်လူကောင်းဖြစ်ရန်အတွက် ပညာရှိတို့ကို ပူဇော်ရပါမည်။ ထိုသို့ ပူဇော်ထိုက်သူတို့ကို ချီးမြှောက်ပူဇော်၍ ကောင်းမှုကုသိုလ်ဖြစ်စေနိုင်ရန် နေရာဒေသ ကောင်း၌နေထိုင်ရန်, ထိုပုဂ္ဂိုလ်တို့သည် ရှေးဘုန်းရှေးကံ ရှိမှုကိုပြဆိုရန်နှင့် မိမိစိတ်ကိုပြုပြင်၍ ကောင်းမြတ်သော 'မင်္ဂလာ'၌တည်ထားနိုင်ရန် နေထိုင်ရေး မင်္ဂလာ ၃–ပါးတို့ကို ဟောတော်မူပါသည်။

* ကုသိုလ်, ပညာ, ဥစ္စာ ရသောနေရာမှာ နေရန်၊ ရပ်ကောင်း, ရွာကောင်း အိမ်ကောင်း, ကျောင်းကောင်းမှာ နေရန်၊ ပျော်ရာမှာမနေ တော်ရာမှာ နေရန် "ပဋ္ဌိရူပဒေသဝါသော စ" ပုဒ်၊
* အလုပ်ကောင်းလုပ်ခဲ့သူ ဘုန်းရှင်ကံရှင်ဖြစ်ရန်၊ ဥစ္စာပေါသူ ရုပ်ချောသူ၊ ဉာဏ်ပညာ ထက်မြက်သူ၊ ယှဉ်ပြိုင်၍မရသူပါရမီရှင်ဖြစ်ရန် "ပုဗ္ဗေ စ ကတပုညတာ" ပုဒ်၊
* ကိုယ့်ကိုယ်ကို ထိန်းသိမ်းတန်ဖိုးထားရန်၊ နေရာတကာ မသွား, သန့်သန့် ပြန့်ပြန့်ဝတ်စားနေထိုင်ရန်၊ ကျန်းမာရေး မှန်မှန်လေ့ကျင့်ရန်၊ ကျောင်းမှန်မှန် တက် စာမှန်မှန်ကျက်ရန်၊ မိမိကိုယ်ကို လူတော်လူကောင်းဖြစ်အောင် ကြိုးစား ရန်၊ ကောင်းမြတ်သော ရည်မှန်းချက်ထားကြရန်၊ **'စိတ်ကောင်းရှိဖို့က ပထမ'** ဖြစ်ရန် "အတ္တသမ္မာပဏိဓိ စ" ပုဒ် တို့ကို ဟောကြားတော်မူပါသည်။

၄။ ပဋ္ဌိရူပဒေသဝါသော စ

သင့်တော်လျောက်ပတ်သော အရပ်ဒေသများမှာ နေထိုင်ရခြင်းသည် 'ပဋ္ဌိရူပ ဒေသ ဝါသ'ဟု ခေါ်ရပါသည်။

* ပူဇော်ထိုက်သည့် လူတော် လူကောင်း ပညာရှင်များကို ခေါင်းဆောင် တင်ပေါင်းသင်းဆည်းကပ်နိုင်ရန်အတွက် လူမိုက်နည်းပါး၊ လူလိမ္မာပညာတတ် ပေါများသည့် နေရပ်၊ ကုသိုလ်,ပညာ,ဥစ္စာရမည့် နေရပ်များ၌ နေထိုင်ရမည်။

* ထိုအရပ်ဒေသမျိုးမှာ မနေနိုင်လျှင် မိမိတို့၏နေရပ်၌ လူမိုက်နည်းပါး လူလိမ္မာပညာတတ် သူတော်ကောင်းများ ပေါများအောင် ကုသိုလ်,ပညာ,ဥစ္စာ ရအောင် ပြုလုပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

နေရာမှန်အောင် နေတတ်ခြင်းသည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း **မင်္ဂလာ**အရည်အချင်းကောင်း တစ်ခုဖြစ်သည်။

၅။ ပုဗ္ဗေ စ ကတပုညတာ

ရှေးရှေးဘဝအဆက်ဆက်က ပြုလုပ်လာခဲ့သော ကုသိုလ်ကောင်းမှုများ ရှိနေခြင်းသည် 'ပုဗ္ဗေစ ကတပုညတာ'ဟု ခေါ်ရပါသည်။

ရှေးကပြုခဲ့သောကံတို့တွင် အကုသိုလ်ကံကအပြစ်ရှိပြီး ဆင်းရဲအကျိုး ကိုပေးတတ်၏။ ကုသိုလ်ကံကသာ အပြစ်လည်းကင်း ချမ်းသာသောအကျိုးကို လည်းပေးသည့်အတွက် ကြီးပွားချမ်းသာရေးအစစ် 'မင်္ဂလာ' ဖြစ်ပါသည်။

၆။ အတ္တသမ္မာပဏိဓိ စ

ကိုယ်နှင့်စိတ်ကို တည့်မတ်ကောင်းမွန်စွာ ဆောက်တည်ထားခြင်းသည် 'အတ္တသမ္မာပဏိဓိ'ဟု ခေါ်ပါသည်။

ကောင်းသော အပြုအမူ, အပြောအဆို, အကြံအစည်များ ဖြစ်ပွားလာအောင် မိမိ၏စိတ်သဘောကို ပြုပြင်ခြင်းသည် 'အတ္တသမ္မာပဏိဓိ'ဟု ခေါ်ပါသည်။

ကာယကံ, ဝစီကံ, မနောကံတို့၌ ရှုတ်ယွင်းချက် အပြစ်အနာအဆာ တစ်စုံ တစ်ရာမရှိအောင် ထိန်းသိမ်းခြင်းသည် 'အတ္တသမ္မာပဏိဓိ' မည်၏။

စိတ်သဘောကို ကောင်းအောင်ပြုပြင်ပုံ

မိမိကိုယ်ကို သီလမရှိသေးလျှင် **သီလ**နှင့်ပြည့်စုံစေရန်၊ ယုံကြည်မှု–သဒ္ဓါ တရားခေါင်းပါးနေပါက **သဒ္ဓါ**တရားတွေ အင်အားကောင်းစေရန်၊ ကိုယ့်ဥစ္စာကို မပေးလှူလို ဝန်တိုမှု–မစ္ဆရိယရှိနေလျှင် အလှူဒါန စွန့်ကြဲပေးကမ်းမှု–**စာဂ** ဖြစ် လာအောင်ပြုပြင်ပေးခြင်းသည် 'အတ္တသမ္မာပဏိဓိမင်္ဂလာ' မည်၏။ (အဋ္ဌ)

ကိုယ်ကို ကောင်းစွာထားခြင်း

မကောင်းသော အပြုအမူ, အပြောအဆို, အကြံအစည်များ မဖြစ်စေရန် စောင့်စည်းခြင်း၊ ဖြစ်ပေါ်လာလျှင် ပြုပြင်ထိန်းသိမ်းခြင်းစသော ပြုမူဆောင် ရွက်ချက်များသည် 'အတ္တသမ္မာပဏိဓိမင်္ဂလာ' မည်၏။

(၃) သင်ကြားရေးမဂ်လာ ၄-ပါး

၇။ ဗာဟုသစ္စဗ္ဗ - အကြားအမြင်များမဂ်လာ
၈။ သိပ္ပဗ္ဗ - အတတ်ပညာသင်မဂ်လာ
၉။ ဝိနယော စ သုသိက္ခိတော - ကျင့်ဝတ်လေ့လာမဂ်လာ
၁၀။ သုဘာသိတာ စ ယာဝါစာ - စကားလိမ္မာမဂ်လာ

မြတ်စွာဘုရားရှင်သည် နေထိုင်ရေးမဂ်လာ ၃-ပါးကို ဟောတော်မူသည်၏အခြားမဲ့၌ သင်ကြားရေးမဂ်လာ ၄-ပါးကို ဟောတော်မူ၏။

သမ္မတ္တိစက် ၄-ပါးသည် ကုသိုလ်စိတ်= မဂ်လာတရားဖြစ်ရန် အခြေခံအကြောင်းဖြစ်၍ ပြည့်စုံသူအား ဘဝကောင်း, ဌာနကောင်း, ဆရာကောင်း, အကျင့်ကောင်းနှင့်ပြည့်စုံလျှင် ပညာရေး, စီးပွားရေး, နိုင်ငံရေး, ဘာသာရေးစသော မည်သည့်အရေးကိစ္စမဆို ပြီးစီးနိုင်ပြီဖြစ်သောကြောင့် လောကလူသားမှန်သမျှ **ပထမဦးစားပေး ဆောင်ရွက်ရန်**လိုအပ်သော သင်ကြားရေးမဂ်လာများအတွက် **တက္ကသိုလ်ကြီး ၄-မျိုး**တို့တွင် ဆိုင်ရာမဂ်လာများအဖြစ် မှတ်ယူရပါမည်။

* အကြားအမြင်များလာစေရန်၊ မဂ်လာ=ကုသိုလ်တရားများ တိုးပွားရင့်ကျက်လာစေရန်အတွက် "ဗာဟုသစ္စဗ္ဗ"ပုဒ်၊
* အပြစ်ကင်းသော စက်မှုပညာအတတ်, လက်မှုပညာအတတ်တွေကို တတ်ထားနိုင်ရန်အတွက် "သိပ္ပဗ္ဗ"ပုဒ်၊
* ရဟန်းကျင့်ဝတ်, လူ့ကျင့်ဝတ်တို့ကို ကောင်းစွာမေးမြန်းသင်ကြားနားလည်၍ စည်းကမ်း စနစ်တကျ နေထိုင်တတ်ရန် "ဝိနယော စ သုသိက္ခိတော"ပုဒ်၊
* ယဉ်ကျေး လိမ္မာစွာဖြင့် ကောင်းသောစကားကို ပြောဆိုတတ်ရန်အတွက် "သုဘာသိတာ စ ယာဝါစာ"ပုဒ် တို့ကို တို့ကို ဟောကြားတော်မူပါသည်။

၇။ ဗာဟုသစ္စဗ္ဗ

အကြားအမြင်များသောသူဖြစ်ရခြင်းသည် မဂ်လာ= ကုသိုလ်တရားတိုးပွားရင့်ကျက်စေသောကြောင့် 'ဗာဟုသစ္စဗ္ဗ'ဟု ခေါ်ရပါသည်။

လောကလူသားတိုင်း နားဖြင့်အကြားများအောင်၊ မျက်စိဖြင့် အမြင်များအောင် လေ့လာဆည်းပူး၍ 'ဗာဟုသစ္စဗ္ဗမဂ်လာ' နှင့်ပြည့်စုံနေလျှင် ကြီးပွားရေးနည်းလမ်းကောင်းများကို သိရှိလာနိုင်ပါသည်။

ဗဟုသစ္စဗ္ဗမင်္ဂလာတွင် အကြားအမြင် ၂–မျိုး ခွဲခြား မှတ်သားသင့်ပါသည်။ လောကီဆိုင်ရာနှင့် လောကုတ္တရာဆိုင်ရာ **ဗဟုသုတနှစ်ပါး** တို့ဖြစ်ပါသည်။

အပြစ်မရှိသော လောကီပညာ စာပေကျမ်းဂန်များကို တတ်မြောက်မှုသည် ယခုဘဝ,နောင်ဘဝသံသရာမှာပါ စီးပွားချမ်းသာကို ရွက်ဆောင်နိုင်မည်ဖြစ်ပါသည်။ လောကုတ္တရာဘာသာရေးစာပေများက အကုသိုလ်ကို ပယ်စွန့်ပြီး ကုသိုလ်ကောင်း မှုပြုလုပ်ရန် ညွှန်ကြားပါသည်။

၈။ သိပ္ပဗ္ဗ

အပြစ်ကင်းသော စက်မှုပညာအတတ်, လက်မှုပညာအတတ်တွေကို တတ်ထားခြင်းသည် 'သိပ္ပဗ္ဗမင်္ဂလာ'ဟု ခေါ်ရပါသည်။

ဗဟုသစ္စဗ္ဗမင်္ဂလာရှိသောပုဂ္ဂိုလ်အား လျော်သော အတတ်ပညာတတ်မြောက်နားလည်မှုရှိခြင်းသည်လည်း မင်္ဂလာဖြစ်သည်ကို ပြလိုတော်မူသောကြောင့် သိပ္ပဗ္ဗမင်္ဂလာကို ဟောတော်မူပါသည်။

မိမိတို့၏ အကြားအမြင်များကို အကြောင်းပြု၍ အကျိုးတရားဖြစ်သော လက်တွေ့လုပ်ငန်းစဉ်(မင်္ဂလာ)အဖြစ်သို့ရောက်အောင် ပို့ဆောင်၍ မင်္ဂလာ **အကြောင်း–အကျိုး** ဧကန်စင်စစ်ကို ပြတော်မူ၏။

✌ ဉာဏဗလ မင်္ဂလာ နှစ်ပါး–

ဗဟုသစ္စဗ္ဗမင်္ဂလာ နှင့် သိပ္ပဗ္ဗမင်္ဂလာ နှစ်ပါးတို့ဖြစ်ပါသည်။

ဗဟုသစ္စဗ္ဗ မင်္ဂလာ	စာပေပညာ	အသိပညာ	ဝိဇ္ဇာပညာ
သိပ္ပဗ္ဗမင်္ဂလာ	စက်မှုလက်မှုပညာ	အတတ်ပညာ	သိပ္ပံပညာ

အတတ်ပညာများတွင် ဒီဘဝအကျိုးစီးပွားကိုသာ ရွက်ဆောင်နိုင်သော အတတ်ပညာ၊ အချို့က ဒီဘဝရော နောင်ဘဝအကျိုးစီးပွားကိုရော ရွက်ဆောင်နိုင်ကြသောကြောင့် ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာ ဖြစ်ပါသည်။

၉။ ဝိနယော စ သုသိက္ခိတော

'သိက္ခိတ'၏အဓိပ္ပါယ်သည် 'သင်ခြင်း'မှသာ ဖြစ်ပါသည်။ သို့သော်သင်ရုံမျှဖြင့် မင်္ဂလာ မဖြစ်ပါ။ သင်ပြီးကျင့်မှသာ မင်္ဂလာဖြစ်ပါသည်။ ထို့ကြောင့် ကျင့်ခြင်းကိုပါ ထည့်ဆိုရပါသည်။ အဆုံးအမကို ကောင်းစွာသင်ယူခြင်း၊ ဆုံးမသည့်အတိုင်း ပြုလုပ်ပြောဆိုခြင်းကို 'ဝိနယော စ သုသိက္ခိတော'ဟု ဆိုပါသည်။

ကိုယ်ကျင့်ဝိနည်း– ကိုယ်,နှုတ် အမှုအရာယဉ်ကျေးအောင် ဆုံးမပဲ့ပြင် ပေးသည့် စည်းကမ်းများဖြစ်ပါသည်။ လူတွေကို ယဉ်ကျေးသိမ်မွေ့လာအောင် ငြိမ်သက်အောင် တည်ကြည်အောင် လူ့အဖိုးတန်ဖြစ်လာအောင် **လောကီ**မှာလည်း 'လူရာဝင်အောင်'၊ **လောကုတ္တရာ**ဆိုင်ရာတွင်လည်း 'တရားထူးများ ရလေအောင်' ပြုပြင်ပို့ဆောင် သွန်သင်ကြောင်း တရားစည်းမျဉ်းများကို ခေါ်ပါသည်။

အထိန်းမရှိသော ချည်ခင်သည် ရှုပ်ထွေး၍ အသုံးမဝင်သကဲ့သို့ၜင်း၊ အကွပ်မရှိသောကြမ်းသည် ပရမ်းပတာဖြစ်၍ ပျက်စီးတတ်သကဲ့သို့ၜင်း လူတို့၌ သင်ယူမှတ်သားအပ် လိုက်နာကျင့်သုံးအပ်သော ဝိနည်းမရှိလျှင် လေလွင့်ဖျင်းပေါ့ နှုတ်ကြမ်း ကိုယ်ကြမ်း အဖိုးမတန် အသုံးမဝင်သော လူအညံ့စား ဖြစ်ဖွယ်ရှိ၍ အထိန်းအကွပ်နှင့်တူသော ဝိနည်းတရား ရှိမှသာလျှင် လိမ္မာယဉ်ကျေးလျက် အဖိုးတန်ဖြစ်ရသောကြောင့် "ဝိနယောစ သုသိက္ခိတော"မင်္ဂလာကိုဟောတော်မူ၏။

၁၀။ သုဘာသိတ စ ယာဝါစ

ကောင်းစွာ နာယူသင်ကြား မှတ်သားကျင့်သုံးအပ်သော ဝိနည်းတရား ရှိသောပုဂ္ဂိုလ်၌ သုဘာသိတဝါစာဖြစ်မှုကား လွယ်ကူသောကြောင့် အခြားမဲ့၌ 'သုဘာသိတ ဝါစာ မင်္ဂလာ'ကို ဟောတော်မူသည်။

မျက်စိနှင့်နားကို ပညာသင်ပေးသော ဗဟုသစ္စဗေဒတက္ကသိုလ်၊ အတတ်ပညာသင်ကြားပေးသော သိပ္ပဗေဒတက္ကသိုလ်၊ ကိုယ်နှုတ်စိတ်ဓာတ်တို့ကို ပြုပြင်သင်ကြားပေးခဲ့သော ဝိနယောစ သုသိက္ခိတောတက္ကသိုလ် သုံးရပ်တို့၌ ပညာသင်ကြားရေးပြဿနာကုန်ပြီဟု မသတ်မှတ်သေးပဲ၊ သုဘာသိတဝါစာတက္ကသိုလ်တွင် နှုတ်မှုပညာ=မင်္ဂလာကို ဆက်လက်သင်ကြားတတ်မြောက်နိုင်ရန်အတွက် ဟောတော်မူသည်ဟု မှတ်ယူထိုက်ပေသည်။

ဤ တက္ကသိုလ် မင်္ဂလာတရားတော် စီမံကိန်းအရ ပညာရေးစနစ်အသီးသီး သတ်မှတ်၍ **မင်္ဂလာတိုင်းပြည်ကြီးတည်ထောင်ရန် စီမံချက်များ**–

ဗဟုသစ္စဗေဒပညာရေး	အကြားအမြင်	မျက်စိ,နား	အသိပညာ	ဝိဇ္ဇာပညာ
သိပ္ပဗေဒပညာရေး	စက်မှုလက်မှု	လက်,ခြေ	အတတ်ပညာ	သိပ္ပံပညာ
ဝိနယောစသုသိက္ခိတပညာရေး	ကိုယ်ကျင့်တရား	စိတ်	ယဉ်ကျေးမှုပညာ	ဥပဒေပညာ
သုဘာသိတဝါစာပညာရေး	စကားပြောအတတ်	နှုတ်	နှုတ်မှုပညာ	ဝိဇ္ဇာပညာ

(၄) ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါး

၁၁။ မာတာပိတု ဥပဋ္ဌာနံ – မိဘလုပ်ကျွေးမင်္ဂလာ
၁၂။ ပုတ္တဒါရဿ သင်္ဂဟော – သားမယားချီးမြှောက်မင်္ဂလာ
၁၃။ အနာကုလာ စ ကမ္မန္တာ – အလုပ်အပြစ်ကင်းမင်္ဂလာ

မြတ်စွာဘုရားရှင်သည် သင်ကြားရေးမင်္ဂလာ ၄-ပါးကို ဟောတော်မူသည်၏အခြားမဲ့၌ ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါးကို ဟောတော်မူ၏။

မင်္ဂလာတရားတော်ပညာရေးစနစ်အရ တက္ကသိုလ်ကြီးလေးမျိုးလုံးစုံမှ ကျောင်းထွက်ရန် ညွှန်ကြားထားပြီး အဆင့်ဆင့်ပညာများပြည်စုံလာကာ ဒီဂရီဘွဲ့တို့ကို ရရှိလာသဖြင့် ကြီးပွားချမ်းသာရေး လမ်းကြောင်းမှန် အစဉ်အရ အနန္တကျေးဇူးရှင် မိဘတို့ကို ပြုစုလုပ်ကျွေးရန်၊ သားမယားတို့ကိုလည်း စောင့်ရှောက်ကြရန်နှင့် သမ္မာအာဇီဝဖြင့် စီးပွားဥစ္စာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြုစုလုပ်ကျွေးနိုင်ကြရန်ဖြစ်ပါသည်။

* ဓလေ့ထုံးစံကိုထိန်းသိမ်းသော သားကောင်းသမီးကောင်းများက မိဘတို့ကို ပြုစုလုပ်ကျွေး ကျေးဇူးဆပ်ရန်အတွက် 'မာတာပိတု ဥပဋ္ဌာနံ' ပုဒ်၊
* အိမ်ထောင်သာယာရေး မိကောင်းဖကောင်းဖြစ်ရေးအတွက် ဇနီးမယား၊ သမီးသားကို စောင့်ရှောက်၍ ကြွေးသစ်ချရန်အတွက် 'ပုတ္တဒါရဿ သင်္ဂဟ' ပုဒ်၊
* စီးပွားဥစ္စာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လုပ်ငန်းဆိုင်ရာတို့၌ မရှုပ်ထွေးရအောင် 'အနာကုလာ စ ကမ္မန္တာ' ပုဒ်တို့ကို ဟောကြားတော်မူပါသည်။

၁၁။ မာတာပိတု ဥပဋ္ဌာနံ

အမိအဖတို့သည် သားသမီးများအပေါ်မှာ အလွန်ကျေးဇူးကြီးမားသော ဂုဏ်ဝင့်ထယ်သည့် ဂုဏ်ကြီးရှင်များဖြစ်ကြသည့်အတွက် ပြုစုလုပ်ကျွေးခြင်းဖြင့် ကျေးဇူးဆပ်ခြင်းသည် အလွန်အကျိုးကြီးမြတ်လှပြီး ကုသိုလ်တရားများတိုးပွားရင့်ကျက်စေ၍ ကြီးပွားချမ်းသာရေးအစစ် မင်္ဂလာ ဖြစ်ပါသည်။

မိဘတို့အား ကျေးဇူးတုံ့ပြန်၍ ပြန်လည်ပြုစုလုပ်ကျွေး စောင့်ရှောက်ခြင်းသည် လူတို့ပြုကျင့်အပ်သော ဝိနည်းကျင့်ဝတ်ဖြစ်သောကြောင့်၎င်း၊ ဟုတ်မှန်လေးနက်၍ ချိုသာနာပျော်ဖွယ်သောစကားဖြင့် မိဘတို့အားနှစ်သိမ့် ချမ်းသာစေတတ်သောကြောင့်၎င်း၊ ထိုမင်္ဂလာတို့၏အခြားမဲ့၌ 'မာတာပိတု ဥပဋ္ဌာနံ'တရားသည် သူတော်ကောင်းတို့ ချီးမွမ်းအပ် သာဓုခေါ်အပ်သော မင်္ဂလာ ဖြစ်ပါသည်။

၁၂။ ပုတ္တဒါရသ သဂ်ဟော

ရှေးဦးစွာ မိဘများကို ပြုစုလုပ်ကျွေးပြီးမှ အိမ်ထောင်ပြုလိုလျှင်ပြု၍ အိမ်ထောင်ရေးသာယာစေရန် မိမိကြောင့်ဖြစ်ပွားလာသော ဇနီးမယား, သမီးသား တို့ကို ပစ္စည်းအမွေ၊ ပညာအမွေ၊ စာရိတ္တအမွေများပေးနိုင်အောင်၊ ဇနီးကောင်း, သားကောင်းသမီးကောင်းများဖြစ်အောင်၊ ပြုစုပျိုးထောင်မွေးမြူရန်လိုအပ်ကြောင်း 'ပုတ္တဒါရ သဂ်ဟမဂ်လာ'ကို ဟောတော်မူ၏။

မိဘတို့ကိုသာလျှင် ပြုစုလုပ်ကျွေးရမည် မဟုတ်သေးပါ၊ သား,မယား ရှိခဲ့လျှင် သား,မယားတို့ကိုလည်း ပြုစုလုပ်ကျွေးစောင့်ရှောက်ရမည်ဖြစ်သော လောကဝတ္တရားရှိသည်ကို ညွှန်ပြတော်မူသည်။

မိမိ၏မိဘများက မိမိအား ချစ်ချစ်ခင်ခင်ယုယုယယ ပြုစုစောင့်ရှောက်ထောက်ပံ့ခဲ့သည့်အတွက် မိမိတည်တံ့နေနိုင်ခြင်းသာဖြစ်သည်ဟု **ကိုယ်ချင်းစာ**တရားဖြင့် မိမိ၏ သမီးသား,ဇနီးမယားတို့ကိုလည်း ချီးမြှောက်ထောက်ပံ့ရပေမည်။ မိမိ၏ဇနီးသည် သူ၏မိဘများကိုခွဲခွါပြီး 'လင့်တစ်မျက်နှာ တစ်ရွာထင်'ဆိုသလို မိမိကို အားကိုးအားထားပြုပြီး ပေါင်းသင်းနေရှာသည်ဟု စိတ်နှလုံးမှာသွင်းပြီး လင်ကျင့်ဝတ်ငါးပါးနှင့်အညီ စောင့်ရှောက်ပေးရမည်။ သမီးသားတို့ကိုလည်း မိဘကျင့်ဝတ်ငါးပါးဖြင့် ပြုစုစောင့်ရှောက်ပေးမှသာ မိမိတို့အိုမင်းမစွမ်းဖြစ်လာသည့်အခါ 'ကျွေးတုံ့ကျွေးလဲ့ မွေးတုံ့မွေးလဲ့'စကားအရ တစ်ဖန်ပြန်လည်လုပ်ကျွေးပြုစု စောင့်ရှောက်ပေလိမ့်မည်။

၁၃။ အနာဂုလာ စ ကမ္မန္တာ

ရှုပ်ထွေးခြင်း ကင်းသောအလုပ်၊ ရှုပ်ထွေးခြင်းကင်းပြီး သန့်ရှင်းအောင် အလုပ်လုပ်ခြင်းသည် ကုသိုလ်တရား တိုးပွားရင့်ကျက်ရန် 'အနာဂုလကမ္မန္တ' မဂ်လာ မည်၏။

သမ္မာအာဇီဝ–သန့်ရှင်းစင်ကြယ်သောအလုပ်မျိုးဖြင့် အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ခြင်းတို့ကိုပြုကြရန် 'အနာဂုလကမ္မန္တ' မဂ်လာကို ဟောတော်မူ၏။

(၅) ကူညီဆောင်ရွက်ရေးမင်္ဂလာ ၄-ပါး

၁၄။ ဒါနဋ္ဌ - ပေးကမ်းလှူဒါန်းမင်္ဂလာ
၁၅။ ဓမ္မစရိယာ စ - တရားသဖြင့်ကျင့်ကြံမင်္ဂလာ
၁၆။ ဉာတကာနဋ္ဌ သင်္ဂဟော - ဆွေမျိုးချီးမြှောက်မင်္ဂလာ
၁၇။ အနဝဇ္ဇာနိ ကမ္မာနိ - အများအကျိုးဆောင်မင်္ဂလာ

မြတ်စွာဘုရားရှင်သည် ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါးကို ဟောတော်မူသည်၏အခြားမဲ့၌ ကူညီဆောင်ရွက်ရေးမင်္ဂလာ ၄-ပါးကို ဟောတော်မူ၏။

သတိဉာဏ်ရှေ့သွားသော ဝီရိယဖြင့် ထူထောင်ပြီး အပြစ်ကင်းစင်စွာ ရှာမှီးရှာဖွေသော မိမိဥစ္စာပစ္စည်းထဲမှ ထိုက်သည့်အားလျော်စွာ ပေးကမ်းချီးမြှောက်ထောက်ပံ့သင့်သော ပုဂ္ဂိုလ်တို့အားပေးကမ်းလှူဒါန်းခြင်း၊ သုစရိုက်တရားတို့ကို ဖြည့်ကျင့်ရခြင်း၊ ဆွေမျိုးများကို ချီးမြှောက်ရခြင်း၊ အများအကျိုးဆောင်မှုများကို ဆောင်ရွက်ရခြင်းတို့အတွက် ကောင်းမြတ်သော 'မင်္ဂလာ'၌ တည်ထားနိုင်ရန် ကူညီဆောင်ရွက်ရေးမင်္ဂလာ ၄-ပါးကို ဟောတော်မူပါသည်။

* လှူဒါန်းထောက်ပံ့ကူညီရေး၊ ပညာပေးရေး၊ တရားဓမ္မဖြန့်ချီရေး မင်္ဂလာတရားများ တိုးပွားရင့်ကျက်လာစေရန်အတွက် "ဒါနဋ္ဌ" ပုဒ်၊
* ကုသလကမ္မပထတရားဟူသော သုစရိုက်တရားတို့ကို ဖြည့်ကျင့်ရမည့်အဖြစ် "ဓမ္မစရိယာစ" ပုဒ်၊
* မိမိနှင့်စပ်သမျှ ဆွေမျိုး,မိတ်ဆွေတို့ကိုလည်း စွမ်းအားရှိသလောက် အားပေးထောက်ပံ့ ကူညီနိုင်ရန်အတွက် "ဉာတကာနဋ္ဌ သင်္ဂဟော၊" ပုဒ်၊
* သံသရာစီးပွားရေး, လောကုတ္တရာစီးပွားရေးတို့၌ အပြစ်ကင်းသောအလုပ်ကို ပြုတော်မူလိုရှိ "အနဝဇ္ဇာနိ ကမ္မာနိ၊" ပုဒ်တို့ကို ဟောတော်မူပါသည်။

ဤတွင် 'အသေဝနာ'မှအစထား၍ ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃-ပါး၊ နေထိုင်ရေးမင်္ဂလာ ၃-ပါး၊ သင်ကြားရေးမင်္ဂလာ ၄-ပါးတို့ကို **ပထမအရွယ်, ပညာရှာ**သောအရွယ်၌ပြည့်စုံအောင် လက်တွေ့ကျင့်သုံးနိုင်ရန် ညွှန်ပြထား၏။

ဒုတိယ, ဥစ္စာရှာသောအရွယ်**အစ**တွင် ပြုစုလုပ်ကျွေးရေးမင်္ဂလာ ၃-ပါးကို ထပ်မံညွှန်ပြသောကြောင့် ပေါင်းသင်းရေး,ပညာရေး,စီးပွားရေးတို့ကို စနစ်တကျ ကျင့်ဆောင်မှုတို့တွင် မိမိ, မိမိတို့မိသားစု, အသိုင်းအဝိုင်းအတွက် ဖြစ်နိုင်ပါသည်။

သို့ရာတွင် အလွန်ကျယ်ဝန်းလှသည့် လူ့လောကကြီးအတွက် ဤမျှနှင့်မလုံလောက်သေး၊ လူမှုရေး, ကုသိုလ်ရေးစသည့်အရေးများစွာတို့ ရှိနေသေးသည်။ ဆိုလိုသည်မှာ မိဘ,ဇနီးမယား,သမီးသားတို့ကို ကျွေးမွေးရုံနှင့်လည်း လူ့ဝတ္တရားပြီးပြည့်စုံပြီ မဆိုနိုင်သေးပါ။ ပြီးခဲ့သည့် မင်္ဂလာ ၁၃–ပါးကို ကျင့်ကြံဆောင်ရွက်ခဲ့ကြသဖြင့် **ဥစ္စာ,ဓနပိုင်ရှင်**ဖြစ်လာလျှင်လည်း မင်္ဂလာအစဉ်အရ **ဒါန=ကုသိုလ်မင်္ဂလာပိုင်ရှင်** အဖြစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ဆက်လက်ညွှန်ပြတော်မူပါသည်။

၁၄။ ဒါနဋ္ဌ

စေတနာပါပါဖြင့် စွန့်ကြဲ, ပေးကမ်း, လှူဒါန်း ထောက်ပံ့နိုင်ခြင်းသည် ကြီးပွားတိုးတက်ရေးနှင့် ကုသိုလ်တရားများ တိုးပွားရင့်ကျက်လာစေရန်အတွက် ဖြစ်သောကြောင့် 'ဒါန' မင်္ဂလာ မည်ပါသည်။

မိမိ၏လှူဖွယ်ဝတ္ထုကို သူတစ်ပါးတို့အား ပေးလှူလိုသူမှာ ပေးလိုသော စေတနာရှိမှသာ ဒါန–လှူဒါန်းခြင်းဖြစ်ပါသည်။ စေတနာမရှိလျှင် မလှူဖြစ်ပါ။ စေတနာက ပေးလှူဖြစ်ရန် အခြေခံအကြောင်းဖြစ်သောကြောင့် **'စေတနာ'**ကို **'ဒါန'** ဟုခေါ်ပါသည်။ လှူဖွယ်ဝတ္ထုတွင် တွယ်တာမက်မောမှု–လောဘ ဖြစ်နေပြန်လျှင်လည်း မလှူဖြစ်တော့ပါ။ လှူဖွယ်ဝတ္ထုမှာ မတွယ်တာ,မမက်မောမှု–အလောဘ ကလည်း အလှူဖြစ်ရန် အခြေခံအကြောင်းဖြစ်နေသောကြောင့် အလှူဖြစ်မြောက်ကြောင်း **'အလောဘ'**ကိုလည်း **'ဒါန'** ဟုခေါ်ပါသည်

၁၅။ ဓမ္မစရိယာ စ

အာမိသဒါန, ဓမ္မဒါန ဖြစ်နေရုံသာမက သုစရိုက်တရားတို့ကိုလည်း ဖြည့်ကျင့်ရမည့်အဖြစ်ကို 'ဓမ္မစရိယာ စ'ဟူ၍ ဆက်လက်ဟောကြားတော်မူ၏။

သုဂတိသွားလမ်းကုသိုလ်ကောင်းမှုတရား= ကုသလကမ္မပထ ၁၀–ပါးကို ကျင့်ခြင်းသည် 'ဓမ္မစရိယ' မည်ပါသည်။ ဤတရားတို့သည် ကောင်းမြတ်သော အကျင့်လမ်းစဉ်ဖြစ်သောကြောင့် သုစရိုက်တရား ၁၀–ပါးဟုလည်းအမည်ရ၏။ ပစ္စုပ္ပန်,သံသရာနှစ်ဖြာ ကြီးပွားချမ်းသာကြောင်းဖြစ်၍ 'မင်္ဂလာ' မည်ပါသည်။

ငါးပါးသီလနှင့် ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်ဆိုသည့် သုစရိုက်သုံးပါး ကောင်းမွန်မြင့်မြတ်သောတရားကို မှတ်သားပြီး နှစ်သက်စွာ ကျင့်ခြင်းသည် 'ဓမ္မစရိယမင်္ဂလာ'မည်ပါသည်။

၁၆။ ဥတကာနဋ္ဌ သင်္ဂဟော

ကုသိုလ်ဖြစ်ကြောင်း ကုသလကမ္မပထတရားတို့ကို လိုက်နာအားထုတ်ရမည့်အပြင် မိမိနှင့်စပ်သမျှသော မိဘက်,ဖဘက် ဆွေမျိုးတို့ကိုရင်း၊ မိတ်ဆွေတို့ကိုရင်း၊ ရပ်သူရွာသား, တိုင်းသူပြည်သားတို့ကိုရင်း၊ မိမိစွမ်းအားရှိသလောက် အကြောင်းပေါ်ပေါက်လာသောအခါတို့၌ အားပေးချီးမြှောက်ပြု၍ ထောက်ပံ့ကြည့်ရှုခြင်းသည် ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရား ဖြစ်ပါသည်။

ဒါနမင်္ဂလာ၊ ဓမ္မစရိယမင်္ဂလာတို့ကို ပြုလုပ်ကျင့်သုံးရာတွင် မိဘက်၊ ဖဘက်မှ ဆင်းသက်လာသော လုပ်ဖေါ်ကိုင်ဖက် အတူနေအတူစား ဆွေမျိုးရင်းချာနှင့်တကွ ရပ်ဆွေရပ်မျိုး မိတ်ဆွေသင်္ဂဟတို့၏အကူအညီကို ရယူသုံးမှသာလျှင် ထမြောက်အောင်မြင်နိုင်မည်ဖြစ်သောကြောင့် ထိုသို့သော ဆွေမျိုးဥတို မိတ်ဆွေသင်္ဂဟတို့၏ ကျေနပ်နှစ်သိမ့်မှုကို ပြုလုပ်ဆောင်ရွက်စေလိုသောကြောင့် 'ဥတကာနဋ္ဌသင်္ဂဟမင်္ဂလာ'ကို ဆက်၍ဟောတော်မူပါသည်။

* ရည်လျားလှစွာ သံသရာဝယ် အမိအဖစသည်ဖြင့် မတော်စပ်ဖူးသူ မရှိပေ။

၁၇။ အနဝဇ္ဇာနိ ကမ္မာနိ

'အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသလာ' ဟူ၍လာရှိသော အပြစ်မရှိသော အဋ္ဌကထာဆရာတော်၏အဆိုအမိန့်အရ အပြစ်မရှိသည့်အပြင် ချမ်းသာသော အကျိုးကို ပေးခြင်းသဘောလက္ခဏာရှိသောတရားသည် "ကုသိုလ်=မင်္ဂလာ" မည်ပါသည်။

ဥတိသင်္ဂဟမင်္ဂလာကဲ့သို့ မင်္ဂလာတရားများကိုဖြည့်ကျင့်ဆောင်ရွက်မှုတို့တွင်လောက, သံသရာအပြစ်မကင်းသောအမှုတို့ကို မပြုမိစေရန်အတွက် မင်္ဂလာအစဉ်အားဖြင့် 'အနဝဇ္ဇနိ ကမ္မာနိ'မင်္ဂလာ မေတ္တာကရုဏာတော်ဖြင့်ဟောတော်မူ၏။

'အနဝဇ္ဇကမ္မ' အပြစ်မရှိသောအမှုကိစ္စဟူသည် ဒါန, ဓမ္မစရိယာ–စသည်တို့မှ ကြွင်းကျန်နေသော ဥပုသ်စောင့်ခြင်း, ဝေယျာဝစ္စပြုလုပ်ခြင်း, အများအသုံးပြုရန် ဥယျာဉ်ပြုလုပ်ခြင်း, အရိပ်ရသစ်ပင်စိုက်ပျိုးခြင်း, တံတားဆောက်လုပ်ခြင်း, လမ်းပြင်ခြင်း, ရေတွင်းရေကန်တူးဖော်ခြင်း, စေတနာ့ဝန်ထမ်း ပရဟိတလုပ်ငန်းတို့ကိုဆောင်ရွက်ခြင်း စသည်အလုပ်တို့ဖြစ်ပါသည်။

{အချုပ်အားဖြင့်– ဝါရိတ္တသီလ နှင့် ဝေယျာဝစ္စ(မိမိ၏လုပ်အားကုသိုလ်) }

(၆) ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ ၄–ပါး

၁၈။ အာရတီပါပါ – မကောင်းမှုဝေးဝေးရှောင်မင်္ဂလာ
၁၉။ ဝိရတီပါပါ – မကောင်းမှုအတွေ့ရှောင်မင်္ဂလာ
၂၀။ မဒ္ဒပါနာ စ သံယမော – အရက်သေစာရှောင်မင်္ဂလာ
၂၁။ အပ္ပမာဒေါ စ ဓမ္မေသု – တရားမမေ့မင်္ဂလာ

ရှင်တော်ဘုရား ဟောကြားတော်မူသော မင်္ဂလာတရားတော်မြတ်သည် ပေါင်းသင်းဆက်ဆံရေး, နေထိုင်ရေး, သင်ကြားရေး, ပြုစုလုပ်ကျွေးရေး, ကူညီဆောင်ရွက်ရေး မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံလာပြီဖြစ်၍ ပျော်ရွှင်ဝမ်းမြောက်သာယာ တင့်တယ်လာပြီဖြစ်သောကြောင့် မွေ့လျော်ဖွယ်ရာ၌သာ ယစ်မူးပြီး သတိလွတ်ကင်း မေ့လျော့ခြင်းတို့ဖြင့် မင်္ဂလာတရားတော်တို့နှင့်မစပ်ဆိုင်သော သူ့အသက်ကိုသတ်ခြင်းစသော မကောင်းမှုတို့မှ ရှောင်ကြဉ်စောင့်စည်းတတ်သော ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ ၄–ပါးကို ဟောတော်မူပါသည်။

မင်္ဂလာတရားတော်၌ ဟောကြားတော်မူထားသော အစဉ်(ကွင်းဆက်)တို့သည် မျက်ခြည်မပြတ် တင့်တယ်ကောင်းမြတ်လှပါသည်။ မင်္ဂလာအစဉ်အရ 'အသေဝနာ စ ဗာလာနံ'အစထားပြီး 'အနဝဇ္ဇာနိ ကမ္မာနိ'အထိ အဆင့်ဆင့် အပြစ်ကင်းသောအလုပ်များကိုလုပ်နေသလို 'အာရတီ ဝိရတီ ပါပါ' တစ်ဖက်ကလည်း အပြစ်မကင်းသောအလုပ်တွေကို ရှောင်ကြဉ်ကြရန်ဟောထားမှုသည် **"စီးတဲ့ရေ ဆည်တဲ့ကန်သင်း"**ဆိုသလို ရှေ့သွားနောက်လိုက်ညီညွတ်လှပါသည်။

* မကောင်းသောယုတ်မာမှု–အကုသိုလ်တရားတို့ကို စိတ်ဖြင့် ဝေးစွာရှောင်ကြဉ်ကြရန်အတွက် 'အာရတီပါပါ' ပုဒ်၊
* မကောင်းသောယုတ်မာမှု–အကုသိုလ်တရားတို့ကို ကိုယ်,နှုတ် နှစ်ပါးတို့ဖြင့် အထူးရှောင်ကြဉ်ကြရန်အတွက် 'ဝိရတီပါပါ' ပုဒ်၊
* မူယစ်မေ့လျော့စေတတ်သော သေရည်သေရက်များကို သောက်စားခြင်းမှ ကောင်းစွာရှောင်ကြဉ်ကြရန်အတွက် 'မဒ္ဒပါနာ စ သံယမော' ပုဒ်၊
* ကောင်းရာကောင်းမှုများဖြစ်သော တရားများကို မမေ့မလျော့သော သတိတရားဖြင့်(အမြဲတမ်းစွဲစွဲမြဲမြဲအမှတ်ရနေခြင်း) ပြည့်စုံအောင် နေထိုင်ကျင့်ကြံနိုင်ကြရန်အတွက် 'အပ္ပမာဒေါ စ ဓမ္မေသု' ပုဒ်၊ ဟောကြားတော်မူပါသည်။

၁၈။ အာရတီပါပါ

မဂ်လာတရားတော်မြတ်အရ မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်းပင် ဖြစ်ပါသည်။ မကောင်းမှုမှ စိတ်ဖြင့် ရှောင်ခြင်းဟူသည်မှာလည်း မိမိ၏စိတ်ကို မကောင်းမှုနှင့်သက်ဆိုင်သော အာရုံတစ်ခုခုထဲ၌ စိတ်ဝင်စားရန် အခွင့်မပြုဘဲ ထားခြင်း၊ မတွေးတောခြင်းသည် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း 'အာရတီ ပါပါ'မဂ်လာ မည်ပါသည်။

အာရတီမဂ်လာအရ 'ဝေးစွာရှောင်ကြဉ်ခြင်း'ဟူသည် အကုသိုလ်များကို စိတ်၌ ဖြစ်ခွင့်မပေးဘဲ စိတ်ဖြင့်ရှောင်ကြဉ်ခြင်း၊ မတွေ့ခင်က ရှောင်ကြဉ်ခြင်း၊ သီလဆောက်တည်၍ ရှောင်ကြဉ်ခြင်းတို့ ဖြစ်ပါသည်။ မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်သည်ကိုပင် ဝေးစွာရှောင်ကြဉ်သည်ဟု ဆိုပါသည်။

ပါပါ = မကောင်းသောအကျင့်ဆိုး၊ ဒုစရိုက်တရား ၁၀-ပါးကို ယူရပါမည်။

❖ (တစ်နည်း) **ပါပါအရ**- သတ်မှု၊ ခိုးမှု၊ ကာမ၌မှားယွင်းမှု၊ လိမ်လည်မှု တို့ကိုသာ ယူရပါမည်။ (➡ သီလ ၄-ပါး)

၁၉။ ဝိရတီပါပါ

မကောင်းမှုမှ ကိုယ်,နှုတ်ဖြင့် အထူးရှောင်ကြဉ်ရခြင်းသည်လည်း ကုသိုလ်တရား တိုးပွားရင့်ကျက်ရန် 'ဝိရတီမဂ်လာ'တရား မည်၏။

အထူးရှောင်ကြဉ်ခြင်းဟူသည် မကောင်းမှုမှ ကိုယ်,နှုတ် နှစ်ပါးဖြင့် ရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။ မကောင်းမှုတစ်စုံတရာကို ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ မကျူးလွန်မိရန် အထူးကြောင့်ကြစိုက်၍ ရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။

စိတ်၌ဖြစ်လာသော မကောင်းမှုများကို ရုတ်တရက်မဖယ်ရှားနိုင်၍ ကိုယ်မှု, နှုတ်မှုတို့က လုံခြုံနေလျှင်လည်း ထိုသူသည် ကိုယ်ကျင့်သီလရှိ သူပင်ဖြစ်သည်။ **ကာယသမာစာရ, ဝစီသမာစာရ** တို့ ဖြစ်ရပေမည်။

ဝိရတိစေတသိက် ၃-ပါး (ဒုစရိုက်,ဒုရာဇိုဝတို့ကိုမပြုဘဲ ရှောင်ကြဉ်ခြင်း၊) မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်ခြင်း, စောင့်စည်းခြင်းသည် 'ဝိရတိ' မည်၏။

❷ ဝိရတိစေတသိက်သည် သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ အားဖြင့် စေတသိက် ၃-ပါး ဖြစ်၏။

၂၀။ မဇ္ဇပါနာ စ သံယမော

မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်အရက်, မူးယစ်ဆေးဝါးစသည် သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တရားတိုးပွားရင့်ကျက်ရန် 'မဇ္ဇပါနသံယမဂ်လာ' မည်၏။

အာရတီ ပါပါ, ဝိရတီ ပါပါ မဂ်လာတို့တွင် **ပါ၀**–အရတွင် အရက်သေစာ သောက်စားခြင်း, မူးယစ်ဆေးဝါးသုံးစွဲခြင်း မပါဝင်သဖြင့် သောက်စားသုံးစွဲလျှင် အပြစ်မရှိဟု မှတ်ထင်မည်စိုးသောကြောင့်ဝင်း၊ မကောင်းမှုဒုစရိုက်များစွာကို ပေါက်ဖွားပေးတတ်သည့်အကြောင်းအရင်း မူလ,လက်သည်,တရားခံတစ်ပါးကို ပြလိုသောကြောင့်ဝင်း ဤမဂ်လာကို ထပ်မံ၍ သီးခြားဟောရပါသည်။

မဂ်လာတရားတော်အစဉ်တွင် အစမဂ်လာမှ အနဝဇ္ဇာနိ ကမ္မာနိမဂ်လာ တိုင်အောင် သဘာဝမမ္မအားလျော်စွာ အကြောင်းအကျိုးဆက်သွယ်၍ ငါးပါး သီလဆိုင်ရာဖောက်ပြန်ပျက်စီးမှု မရှိစေရန်အတွက် အာရတီပါပါ, ဝိရတီပါပါ, မဇ္ဇပါန သံယမ မဂ်လာတို့ကို ကိုယ်ကျင့်သီလ ကောင်းမွန်ရန်, စာရိတ္တကောင်း မွန်ရန်, အထူးအားဖြင့် ငါးပါးသီလကိုလုံခြုံရန် ဟောကြားတော်မူ၏။

၂၁။ အပ္ပမာဒေါ စ ဓမ္မေသု

ကောင်းမှု, ကုသိုလ်တရားမြတ်တို့၌ မမေ့လျော့ခြင်းကို 'အပ္ပမာဒဓမ္မ'ဟု ခေါ်ပါသည်။ ပြုသင့်ပြုထိုက်သော ကောင်းမှုတရားတို့၌ မမေ့လျော့ခြင်းသည် ကုသိုလ်တရားတိုးပွား ရင့်ကျက်ရန် 'အပ္ပမာဒေါ စ ဓမ္မေသု မဂ်လာ' မည်၏။

'အပ္ပမာဒဓမ္မ'အရ– မမေ့လျော့ခြင်း, အမှတ်ရမှုကို **'သတိ'**ဟု ဆိုရ၏။ ပြုသင့်ပြုထိုက်သော ကုသိုလ်တရားတို့၌သာ ခိုင်မြဲသော အမှတ်ရမှု–သတိ ဟူသည်မှာလည်း မြေ၌စိုက်ထားသော ကျောက်တိုင်ကြီးသည် မြေပေါ်မှာခိုင်မြဲ နေသကဲ့သို့ ခိုင်မြဲနေခြင်းပင်ဖြစ်ပါသည်။

မကောင်းမှု, အကုသိုလ်, ဒုစရိုက်တို့ကို မပြုလုပ်မှု၍ ရှောင်ကြဉ်ကာမျှနှင့် အမှတ်တမဲ့ပျေါ်တန်စွာမနေမှု၍ ကောင်းမှုကုသိုလ်, ကောင်းသောအလုပ်တို့ကို ပြုလုပ်ခြင်း၌ မမေ့လျော့စေရ၊ ပြုလုပ်ပြီးသော,ပြုလုပ်ဖူးသော ကုသိုလ်ကောင်းမှု တို့ကို အဖန်တလဲလဲ တိုးပွားများပြား အားကြီးအောင် 'သတိ'ရှေ့သွားဖြင့်ပြု လုပ်ကြရန် 'အပ္ပမာဒေါ စ ဓမ္မေသု မဂ်လာ'ကို ဟောတော်မူသည်။

(၇) စိတ်ထားဖြူစင်မြင့်မားရေးမင်္ဂလာ ၅-ပါး

၂၂။ ဂါရဝေါ စ – ရိုသေကိုင်းရှိုင်းမင်္ဂလာ
၂၃။ နိဝါတော စ – နှိမ့်ချကျိုးနှိမ်မင်္ဂလာ
၂၄။ သန္တုဋ္ဌိ စ – ရောင့်ရဲတင်းတိမ်မင်္ဂလာ
၂၅။ ကတညုတာ – ကျေးဇူးသိတတ်မင်္ဂလာ
၂၆။ ကာလေန ဓမ္မသဝနံ – တရားနာမင်္ဂလာ

ရှင်တော်ဘုရား ဟောကြားတော်မူသော မင်္ဂလာတရားတော်မြတ်သည် ပေါင်းသင်းဆက်ဆံရေး, နေထိုင်ရေး, သင်ကြားရေး, ပြုစုလုပ်ကျွေးရေး, ကူညီဆောင်ရွက်ရေး, ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံလာပြီဖြစ်၍ ပုထုဇဉ်တို့သဘာဝအရ ပညာတတ်လျှင် ပညာမာန်, စီးပွားတက်လျှင် ဓနမာန်, တရားတက်လာလျှင် ဓမ္မမာန်တက်လာခြင်းတို့ ဖြစ်တတ်သောကြောင့် အပွမာဒ မင်္ဂလာကိုဟောကြားတော်မူပြီး အရာရာမှာ သတိတရားလက်ကိုင်ထားလျက် စိတ်ထားဖြူစင်မြင့်မားရေးအတွက် မင်္ဂလာ ၅-ပါးကို ဟောတော်မူပါသည်။

မင်္ဂလာတရားတော် အစဉ်အရလည်း ပထမ, ဒုတိယအရွယ်မင်္ဂလာတို့နှင့် ပြည့်စုံပြီးလျှင် တတိယအရွယ်မင်္ဂလာတို့ကို တက်လှမ်းရန်သာ ဖြစ်ပါသည်။

* ညီညွတ်မှုနှင့် ကိုယ်စိတ်ချမ်းသာမှုသို့ ရှေးရှုသောအားဖြင့် တစ်ဦးအပေါ်တစ်ဦး ရိုသေလေးစားမှု ဂါဝရတရားရရှိနိုင်ကြရန်အတွက် 'ဂါရဝေါစ' ပုဒ်၊
* ဂါရဝထားနိုင်ရန်အတွက် မာန မကြီးရန်၊ ဘဝင် မမြင့်ရန်.. လိုအပ်ကြောင်း မိမိကိုယ့်ကိုယ်ကို (မာန်မာနကို)နှိမ့်ချရန်အတွက် 'နိဝါတော စ' ပုဒ်၊
* ရိုးရိုးကျင့် မြင့်မြင့်ကြီးသည့်အနေဖြင့် ရသမျှနှင့်သာတင်းတိမ်ရောင့်ရဲလွယ်နိုင်ရန်အတွက် 'သန္တုဋ္ဌိ စ' ပုဒ်၊
* မိမိအားကူညီဖူးသော ပုဂ္ဂိုလ်များ၏ကျေးဇူးကို မမေ့ဘဲ ရှေးကပြုဖူး သူ့ကျေးဇူးတို့ကို အထူးသိမြင်နိုင်ရန်အတွက် 'ကတညုတာ' ပုဒ်၊
* ခဲခဲယဉ်းယဉ်းရရှိလာသောမိမိ၏ဘဝကို လောကီရေးဌာနာ အချိန်မကုန်စေပဲ အနာဂတ်ဘဝအတွက် လောကုတ္တရာဘက်သို့ ဦးလှည့်ရန် လိုသေးသဖြင့် လောကုတ္တရာ အသိပညာ တိုးတက်စေရေးအတွက် သင့်လျော်သည့်အခါ လောဘ,ဒေါသ,မောဟ နည်းပါးစေမည့် တရားများကိုနာကြားကျင့်သုံးရန် လိုအပ်သည့်အတွက် 'ကာလေန ဓမ္မသဝနံ' ပုဒ် တို့ကို ဟောကြားတော်မူပါသည်။

၂၂။ ဂါရဝေါ စ

ရိုသေထိုက်သူကို အရိုအသေပေးနိုင်ခြင်း၊ လေးလေးစားစားဆက်ဆံခြင်း၊ ဂရုစိုက်ခြင်း၊ နေရာပေးခြင်းစသည်တို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ခြင်း၊ တိုးပွားအောင်သတိပြုခြင်းကိစ္စ မင်္ဂလာဖြစ်စေရန် ရိုသေလေးစားသော ဂါရဝမှုကို လိုအပ်သည်ဖြစ်၍ 'ဂါရဝေါ စ' မင်္ဂလာကို ဆက်လက်ဟောတော်မူပါသည်။

ဂါရဝမင်္ဂလာကို လိုက်နာကျင့်သုံးခြင်းဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို တည်ဆောက်နိုင်ပေသည်။ ဂါရဝတရားသည် လူမှုဆက်ဆံရေးနယ်ပယ်၌ အလွန်အရေးပါ၏။ ဂါရဝတရားပျက်ပြားပါက ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီးတို့ပင် ဆက်ဆံရေး၌အနှောင့်အယှက်ဖြစ်နိုင်သည်။

၂၃။ နိဝါတော စ

လူအချင်းချင်းဆက်ဆံရေး၌ မိမိကိုယ်ကို နှိမ့်ချခြင်း၊ မိမိစိတ်ကို မာန်မာနမရှိရလေအောင်၊ ဝင့်ဝါပလွှားချင်သောစိတ် မောက်မာမာန်ထောင်သောစိတ်ယုတ်များမရှိခြင်းသည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

'ဂါရဝေါ စ မင်္ဂလာ'အရ ရိုသေထိုက်သောသူတို့ကို ရိုသေရုံမျှသာမက မာန်မာန နှိမ့်ချလိုသော**စိတ်ဖြင့် ကိုယ်ရော,နှုတ်ရော** နှိမ့်ချပြီးဖြစ်စေလိုသောကြောင့် 'နိဝါတော စ မင်္ဂလာ'ကို ရှင်တော်ဘုရားက ဟောကြားတော်မူပါသည်။

သရုပ်– *"ကြီးသူကိုရိုသေ၊ စွယ်တူကိုလေးစား၊ ငယ်သူကိုသနား၊"*

၂၄။ သန္တုဋ္ဌိ စ

သန္တုဋ္ဌိ = ရောင့်ရဲခြင်းဆိုသည်မှာ ပညာရှာမှီးရာ၌ဖြစ်စေ စီးပွားရှာရာ၌ဖြစ်စေ တရားရှာရာ၌ဖြစ်စေ စား,ဝတ်,နေမှုတို့တွင် အခြေအနေအရ ကျေနပ်တင်းတိမ်နိုင်ခြင်း၊ ပစ္စည်း,ဝတ္ထု သုံးဆောင်ရေး၌ ရောင့်ရဲလွယ်ခြင်း, ရိုးရိုးဝတ်ရိုးရိုးစား အနေအထိုင်မဆန်းပြားဘဲ သင့်တင့်ရုံမျှဖြင့် ကျေနပ်တင်းတိမ်ခြင်းတို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

မင်္ဂလာတရားတော် အစဉ်အရ– မာနကို ခေါင်းပါးစေ ကင်းရှင်းစေပြီးနောက် **ပါဝိစ္ဆ**– ယုတ်မာသော အလိုရမ္မက်ရှိခြင်း၊ **မဟိစ္ဆ**– အလိုကြီးခြင်း၊ **အတ္တိစ္ဆ**– အလွန်အလိုကြီးခြင်းတို့ကိုပယ်၍ ရသမျှသောပစ္စည်းတို့ဖြင့်သာ မျှတရောင့်ရဲ တင်းတိမ်သောအားဖြင့် **ကြောင့်ကြ ဗျာပါရ ပူစာမှုတို့ ကင်းလွတ်**၍ လက်ငင်း ချမ်းသာခွင့်ကို ရရှိနိုင်ကြစေရန်အတွက် 'သန္တုဋ္ဌိ မင်္ဂလာ'ကို ဟောတော်မူ၏။

၂၅။ ကတညုတာ

မိမိအပေါ် ကျေးဇူးရှိသည်ဟု သိသူကို "**ကတညုတာ**"ဟု ခေါ်ပါသည်။

* သိရုံတင်မက မိမိအပေါ် ကျေးဇူးရှိကြောင်း ထုတ်ဖော်ပြောဆိုတတ်သူကို "**ကတဝေဒီ**"ဟု ခေါ်ပါသည်။

မိမိအပေါ် ပြုခဲ့ဖူးသော သူ့ကျေးဇူးကိုသိခြင်း၊ ပြန်လည်ပေးဆပ်နိုင်ခြင်းသည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

ကတညုတမင်္ဂလာကို 'မာနတရား'က ကာဆီးတတ်ပါသည်။ ကျေးဇူးတင်ထိုက်သူများကို ကျေးဇူးတင်တတ်တဲ့မျက်စိနှင့်ကြည့်ပြီး ကျေးဇူးရှင်များအဖြစ် သတ်မှတ်ခံယူနိုင်ရန်နှင့် နှစ်နှစ်ကာကာခံယူသဘောပေါက်နိုင်အတွက် 'မာန' တရားကို 'ဂါရဝ, နိဝတမင်္ဂလာ'ဖြင့် ဖောက်ခွဲပြီးမှ ဟောတော်မူပါသည်။

၂၆။ ကာလေန ဓမ္မသဝနံ

အခါအခွင့်သင့်၍ အချိန်ကာလအားလျော်စွာ သူတော်ကောင်းတရားများ နာယူမှတ်သားရခြင်း၊ တရားစာဖတ်ခြင်းတို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

မင်္ဂလာတရားတော်အစဉ်အရ "ဂါရဝ–နိဝါတ–သန္တုဋ္ဌိ–ကတညုတ" တရားမြတ်တို့နှင့်ပြည့်စုံညီညွတ်နေစေရန် ရိုသေ, နှိမ့်ချ, ရောင့်ရဲ, ကျေးဇူးသိ ဟူသော ကျင့်ဆောင်အပ်သော ကုသိုလ်–မင်္ဂလာတရားများသည် သူတော်ကောင်း အလုပ်များသာ ဖြစ်သည်။ ထို သူတော်ကောင်းအလုပ်များကို လက်တွေ့ကျင့်သုံးဆောက်တည်နိုင်ရန် လောကီ, လောကုတ္တရာ ချမ်းသာကြီးပွားကြောင်းများ အတွက် အခါအခွင့်သင့်သောအခါ သူတော်ကောင်းတရားများ နာယူမှတ်သားရန် "ကာလေန ဓမ္မသဝန"မင်္ဂလာတရားကို ဟောတော်မူပါသည်။

(၈) သည်းခံခြင်းစသောမဂ်လာ ၄-ပါး

၂၇။ ခန္တီစ – သည်းခံမဂ်လာ
၂၈။ သောဝစဿတာ – နာခံလွယ်မဂ်လာ
၂၉။ သမဏာနဉ္စ ဒဿနံ – သူမြတ်ဖူးမြော်မဂ်လာ
၃၀။ ကာလေန ဓမ္မသာကစ္ဆာ – တရားဆွေးနွေးမဂ်လာ

ရှင်တော်ဘုရား ဟောကြားတော်မူသော မဂ်လာတရားတော်မြတ်သည် တရားတော် အစဉ်အရ- ပထမ, ဒုတိယအရွယ် မဂ်လာတို့နှင့် ပြည့်စုံပြီးလျှင် တတိယအရွယ်မဂ်လာတို့ကို တက်လှမ်းလာခဲ့ရာ စိတ်ထားဖြူစင်မြင့်မားရေး မဂ်လာ ၅-ပါးတို့ကို ဖြည့်ကျင့်ပြီးဖြစ်၍ တတိယအရွယ်, တရားရှာသောအရွယ်, မိမိနှင့်သူတစ်ပါး နှစ်ဦးစလုံးကောင်းစားရေးမဂ်လာများ ဆက်လက်ဖြည့်ကျင့်နိုင်ရန်အတွက် သည်းခံခြင်းစသောမဂ်လာ ၄-ပါးတို့ကို ဟောတော်မူပါသည်။

ကမ္ဘာသူ, ကမ္ဘာသားတွေ ခန္တီမဂ်လာထိအောင် ကျင့်နိုင်မှလည်း လူ့လောကတည်တံ့ရေးဖြစ်နိုင်ပါတယ်။ 'ဂါရဝ', 'နိဝါတ'တို့က မာန်မာနမရှိဖို့၊ 'သန္တုဋ္ဌိ'က လောဘမကြီးဖို့၊ 'ကတညု'က ကျေးဇူးသိတတ်ဖို့အတွက် အမြတ်မီးဖုံးလွှမ်းနေသည့် မောဟကို ဖယ်ခိုင်းခြင်းဖြစ်ပြီး၊ 'ခန္တီ'တရားဆိုသည်က ဒေါသကို ပယ်ခိုင်းခြင်းဖြစ်ပါသည်။ မာန, လောဘ, မောဟ, ဒေါသတို့ကို မဂ်လာတရားတို့က မဂ်လာအစဉ်နှင့်အမျှ အဆင့်ဆင့် ပယ်နေခြင်းပင်ဖြစ်ပါသည်။

* တွေ့ကြုံရသော အခက်အခဲများကို စိတ်မပျက်ဘဲ သည်းခံကျော်လွှားရန်လိုအပ်ကြောင်း၊ စိတ်ရှည်ခွဲသန် သည်းညည်းခံရေး၊ ခေါင်းဆောင်ကောင်း၊ ဆရာကောင်းဖြစ်ရေးအတွက် 'ခန္တီ စ' ပုဒ်၊
* လမ်းညွှန်ချက်ကို လက်ခံကျင့်သုံးရေး၊ တပည့်ကောင်း နောက်လိုက်ကောင်းဖြစ်ရေး၊ မဂ်လာစီမံကိန်းအောင်မြင်ရေးအတွက် 'သောဝစဿတာ' ပုဒ်၊
* လောဘ၊ ဒေါသ၊ မောဟနည်းပါး အဂတိမလိုက်စားဘဲ ကျွန်ုပ်ကြည်ညိုမ်သက်သည့် ရဟန်းပုဂ္ဂိုလ်များနှင့်တွေ့ဆုံရေးအတွက် 'သမဏာနဉ္စ ဒဿနံ' ပုဒ်၊
* မဂ်ဖိုလ်နိဗ္ဗာန်ရရှိရေးအတွက် ကျင့်ကြံအားထုတ်ရာတွင် မှန်ကန်သည့်ကျင့်ထုံးကျင့်နည်းကို သိမြင်နားလည်ရေးအတွက် ဆွေးနွေး မေးမြန်းရန်လည်းလိုအပ်ကြောင်း 'ကာလေန ဓမ္မသာကစ္ဆာ' ပုဒ်၊ တို့ကို ဟောကြားတော်မူပါသည်။

၂၇။ ခန္ဓိစ

အရာရာ၌ သည်းခံ-စိတ်ရှည်ခြင်း၊ စိတ်မတိုခြင်း စသည်တို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

သူတော်ကောင်းတရားကို နာကြားရခြင်း 'ဓမ္မသဝန မင်္ဂလာ'ကို ရရှိသော ပုဂ္ဂိုလ်၌ သည်းခံခြင်း 'ခန္ဓိမင်္ဂလာ' ဖြစ်ရန် လျော်ကန်လှသောကြောင့် 'ခန္ဓိစ'ဟု ဆက်လက်ဟောကြားတော်မူပါသည်။

စိတ်ဆိုးအမျက်ထွက်သူအပေါ်မှာ ပြန်၍စိတ်ဆိုးသူသည် ယုတ်ညံ့သူသာ ဖြစ်ပါသည်။ စိတ်ဆိုးအမျက်ထွက်သူကို ပြန်၍စိတ်မဆိုးဘဲ သည်းခံသူကသာ **အောင်နိုင်ခဲသောစစ်ပွဲကို အောင်နိုင်သူ** မည်ပါသည်။ သူတစ်ပါး အမျက်ထွက်တာကိုသိရ၍ သတိတရားနှင့် သည်းခံသူသည် မိမိ,သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်ရာရောက်ပါသည်။

၂၈။ သောဝစဿတာ

မိဘ,ဆရာ အထက်လူကြီးစသည်တို့က မိမိအကျိုးရှိအောင် ပြောဆိုဆုံးမလျှင် ဆိုဆုံးမလွယ်ခြင်းစသည်တို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

သည်းခံတတ်သောပုဂ္ဂိုလ်တို့သည် မိဘ,ဆရာ အထက်လူကြီးစသည်တို့၏ ပြောဆိုညွှန်ပြဆုံးမသည်ကို သည်းခံကာ နာယူကျင့်သုံ့ရန် လွယ်ကူတော့သည် ဖြစ်၍ 'သောဝစဿတာ'မင်္ဂလာကို ခန္ဓိမင်္ဂလာ၏ အခြားမဲ့၌ ဟောတော်မူသည်။

မိဘ,ဆရာ အထက်လူကြီးများ၏ ဆုံးမမှု, လမ်းညွှန်မှု, အမိန့်ပေးမှုတို့ကို ရှိသေလေးစားစွာ လိုက်နာနားထောင်သော သားသမီးများ, တပည့်များ, လက်အောက်ငယ်သားများသည် **'သုဝစ'**ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

သောဝစဿတာ

အပြောအဆိုရလွယ်ကူသော သုဝစပုဂ္ဂိုလ်၏ သန္တာန်မှာ ရှိသော **ဆိုဆုံးမလွယ်ကူမှုဂုဏ်** မည်၏။ အဘိဓမ္မာသဟောအရ ပြောဆိုဆုံးမလွယ်ကူမှုကို ဖြစ်စေတတ်သော စေတနာပြဋ္ဌာန်းသော 'မဟာကုသိုလ်တရားစု'သည် 'သောဝစဿတာ' မင်္ဂလာ မည်၏။

၂၉။ သမဏာနဋ္ဌ ဒဿနံ

ဣန္ဒြေငြိမ်သက်သော၊ ကိလေသာအပူဓာတ်ငြိမ်းပြီးသော ရဟန်းသံဃာများကို ဖူးမြော်နိုင်ခြင်း စသည်တို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

မိဘ,ဆရာ အထက်လူကြီးများ၏ ဆုံးမမှု, လမ်းညွှန်မှု, သတိပေးမှုတို့ကို ကြီးကျယ်လှစွာသောလာဘ်ကို ရတိသကဲ့သို့ ဝမ်းမြောက်, နှစ်သက် လိုက်နာသမှု ပြုလုပ်တတ်သောသူသည် သူတော်ကောင်းရဟန်းတို့အား ဖူးမြော်ရခြင်းသည် ကောင်းမြတ်သော မင်္ဂလာကြီးပင်ဖြစ်သောကြောင့် 'သမဏာနဋ္ဌ ဒဿနံ'မင်္ဂလာကို ဟောတော်မူပါသည်။

ကိလေသာဟူသမျှ **ငြိမ်းအေးပြီးသူ**၊ ကိလေသာငြိမ်းအေးစေရန် **ကြိုးစားအားထုတ်နေဆဲ** ရဟန်းတော်များကို ဆည်းကပ်ခြင်း၊ ပြုစုလုပ်ကျွေးခြင်း၊ သတိရခြင်း၊ တရားနာခြင်း၊ ဖူးမြင်ခြင်းသည် 'သမဏာနဋ္ဌဒဿနမင်္ဂလာ' မည်၏။

၃၀။ ကာလေန ဓမ္မသာကစ္ဆာ

အခါအခွင့် သင့်တော်ကြံကြိုက်တိုင်း တရားစကား ဆွေးနွေးမေးမြန်းရခြင်းတို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

မိဘ,ဆရာ အထက်လူကြီးစသည်တို့က မိမိအကျိုးရှိအောင် ပြောဆိုဆုံးမလျှင် ဆိုဆုံးမလွယ်ခြင်း၊ ဣန္ဒြေငြိမ်သက်သော ကိလေသာအပူဓာတ်ငြိမ်းပြီးသော ရဟန်းသံဃာများကို ဖူးမြော်ခြင်းမင်္ဂလာတို့ကို ဟောတော်မူပြီးနောက် ယင်းကဲ့သို့ နာခံ, ချဉ်းကပ်, ဖူးမြော်ရုံမျှသာမက မိမိတို့ မသိ, မတတ်, နားမလည်သောကိစ္စအကြောင်းအရာများကို အခါအခွင့်သင့်လျှင် မေးမြန်း, စုံစမ်း, ဆွေးနွေးကြရန် ညွှန်ပြသောအားဖြင့် 'ကာလေန ဓမ္မသာကစ္ဆာ'မင်္ဂလာကို ဟောတော်မူပါသည်။

'ဗဟုသစ္စမင်္ဂလာ'အရ လေ့လာမှတ်သားခဲ့သော အကြောင်းအရာဟူသမျှ သည်လည်း အမှားအယွင်းကင်းစင်မည် မဟုတ်ချေ။ ပြန်လည်စစ်ဆေးရန်လိုအပ်လာသည်။ ထိုလိုအပ်ချက်ကို 'ကာလေန ဓမ္မသာကစ္ဆာ'မင်္ဂလာက တာဝန်ယူ၍ ဖြေရှင်းပေးမည်ဖြစ်သည်။ ဤမင်္ဂလာဖြင့် ဗဟုသုတကို အရည်အသွေးကောင်းမွန်အောင် ပြုလုပ်ပေးခြင်းဖြစ်သည်။

(၉) ခြားနားခြင်းစသောမင်္ဂလာ ၄-ပါး

၃၁။ တပေါ စ – အာရုံမလိုက်စားမင်္ဂလာ
၃၂။ ဗြဟ္မစရိယဉ္စ – အကျင့်မြတ်ပွားများမင်္ဂလာ
၃၃။ အရိယသစ္စာန ဒဿနံ – အရိယသစ္စာမြင်မင်္ဂလာ
၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ – နိဗ္ဗာန်မျက်မှောက်ပြုမင်္ဂလာ

ရှင်တော်ဘုရား ဟောကြားတော်မူသော မင်္ဂလာတရားတော်မြတ်သည် တရားတော် အစဉ်အရ- ပထမ, ဒုတိယအရွယ် မင်္ဂလာတို့နှင့် ပြည့်စုံပြီးလျှင် တတိယအရွယ်မင်္ဂလာတို့ကို တက်လှမ်းလာခဲ့ရာ စိတ်ထားဖြူစင်မြင့်မားရေး၊ သည်းခံခြင်း, နာခံလွယ်ခြင်း, သူမြတ်ဖူးမြော်ခြင်း, တရားဆွေးနွေးခြင်းမင်္ဂလာတို့ကို ဖြည့်ကျင့်ပြီးဖြစ်၍ တတိယအရွယ်, တရားရှာသောအရွယ်, မိမိနှင့်သူတစ်ပါးနှစ်ဦးစလုံး ကောင်းစားရေးမင်္ဂလာများ ကျင့်ဆောင်ခြင်း အတိုင်းအတာ မင်္ဂလာခရီးစဉ်မြတ်သည် **လောကကြီးပွားရေးမင်္ဂလာ(၁-၃၀)**တို့ကို အောင်မြင်ခဲ့ပြီဖြစ်သောကြောင့်ငင်း၊ စိတ်ထားဖြူစင်မြင့်မားရေး, သည်းခံခြင်းစသော မင်္ဂလာတို့ဖြင့် လောကီနှင့် လောကုတ္တရာကို ပေါင်းကူးတံတား ဆက်ပေးထားပြီးဖြစ်သောကြောင့်ငင်း၊ **လောကုတ္တရာကြီးပွားရေးမင်္ဂလာ(၃၁-၃၈)**များကို ကျင့်ဆောင်နိုင်ရန်အတွက် ဆက်လက် ညွှန်ကြားပြသ ဟောကြားတော်မူပါသည်။

လောကကျင့်ဝတ်ကို နားလည်ဖြည့်ကျင့်ပြီး လောကမှထွက်မြောက်လိုလျှင် လောကုတ္တရာကျင့်ဝတ်မင်္ဂလာတို့ကို မင်္ဂလာတရားအစဉ်တိုင်း လေ့လာရပါမည်။

* ပထမအဆင့်- မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ် တို့ကို ထိန်းချုပ်သောအားဖြင့် အဆင့်မြင့် **'သီလ'** စောင့်ထိန်းရန်လိုအပ်**ကြောင်း**' တပေါ စ' ပုဒ်၊
* ဒုတိယအဆင့်- စိတ်ထားတည်ကြည်မှု **'သမာဓိ'**စခန်းသို့ တက်လှမ်းရန် လိုအပ်နေသေး**ကြောင်း**' ဗြဟ္မစရိယဉ္စ' ပုဒ်၊
* တတိယအဆင့်- ဝိပဿနာ **'ပညာ'**စခန်းသို့ တက်လှမ်းရန် လိုအပ်**ကြောင်း**' အရိယသစ္စာန ဒဿန' ပုဒ်၊
* ကိလေသာအပူအားလုံး ငြိမ်းအေးပြီးသည့်အတွက် အရဟတ္တမဂ်,ဖိုလ်ဉာဏ်ပိုင်ရှင် ရဟန္တာဖြစ်၍ နိဗ္ဗာန်ရှေပြည်မြတ်ကြီးကို မျက်မှောက်ပြုနိုင်ကြခြင်း **အကျိုး**' နိဗ္ဗာနသစ္ဆိကိရိယာ စ' ပုဒ်၊(အကျိုးပြု မင်္ဂလာအစ)တို့ကို ဟောတော်မူ၏။

၃၁။ တပေါ စ

တပေါစမင်္ဂလာအရ မကောင်းမှုဒုစရိုက်ကို ရှိ,မြှိုက်ဖျက်ဆီးကြောင်း အကျင့်ဟူသည်မှာ မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ်–ဆိုသည့် အကုသိုလ်ဝင်ပေါက်တို့ကို **သတိ**ပြဋ္ဌာန်းသော **'ကျန္ဒိယ သံဝရသီလ'**နှင့် **ဝီရိယ**ပြဋ္ဌာန်းသော ဆောင်ရွက်အားထုတ်မှု ခွဲလုံ့လထက်သန်မှုတို့ဖြင့် ခြိုးခြံစွာကျင့်ခြင်း, အလိုမလိုက်ခြင်းစသည်တို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

လောကုတ္တရာ လမ်းစဉ်သည်လည်း ဝိသုဒ္ဓိလမ်းစဉ်(စင်ကြယ်သောလမ်းစဉ်) ဖြစ်၍ သီလ, သမာဓိ, ပညာ အစဉ်ထားသဖြင့် သီလပြဋ္ဌာန်းသော 'တပေါ မင်္ဂလာ' ကို ဟောတော်မူ၏။

ခြိုးခြံစွာကျင့်ခြင်း

တပေါစမင်္ဂလာသည် ပစ္စည်းဥစ္စာ၌ ချွေချွေတာတာ သုံးစွဲနေထိုင်ခြင်းတို့ကို ဆိုလိုသည် မဟုတ်ပါ။ မိမိစိတ်ကို ချိုးနှိမ်ထားပြီး အပျော်အပါး, ကာမဂုဏ်အာရုံများမှ တက်နိုင်သမျှရှောင်ခွာ၍ ဥပုသ်စောင့်ခြင်း၊ ကောင်းသောတရားခမ္မအလုပ်ကို ကြိုးစားအားထုတ်ခြင်းတို့ကို ဆိုလိုပါသည်။

၃၂။ ဗြဟ္မစရိယဒ္ဓ

'ဗြဟ္မစရိယ'အကျင့်ကို ကျင့်သုံးခြင်းဟူသော မြတ်သောအကျင့်ကို ကျင့်ခြင်းတို့သည် ကြီးပွားလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

သာသနာတော်ညွှန်ကြားချက် သုံးရပ်ဖြစ်သော သီလ, သမာဓိ, ပညာ တို့တွင် ပထမအဆင့်– မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ် တို့ကို ထိန်းချုပ်သောအားဖြင့် အဆင့်မြင့် **'သီလ'** စောင့်ထိန်းရန်၊ 'တပေါစမင်္ဂလာ'ကို 'သတိ' 'ဝီရိယ' တို့ဖြင့် ဖြည့်ကျင့်ပြီးလျှင်၊ ဒုတိယအဆင့်– စိတ်ထားတည်ကြည်မှု **'သမာဓိ'** စခန်းသို့ တက်လှမ်းရန် 'ဗြဟ္မစရိယ မင်္ဂလာ'ကို ဟောကြားတော်မူပါသည်။ (တစ်နည်း) 'တပေါဂုဏ်'နှင့်ပြည့်စုံလျှင် 'ဗြဟ္မစရိယ' မင်္ဂလာ ပြည့်စုံရေးဌ၌ လွယ်ကူတော့သည်ဖြစ်၍ အခြားမဲ့ပြု၍ ဟောတော်မူ၏။

* ဤ'ဗြဟ္မစရိယမင်္ဂလာ'အရ– ကာမအရသာ, ကာမဂုဏ်ချမ်းသာ၌ အာရုံမစပ်စွဲကပ်ခြင်းမရှိ ပကတိမြင့်မြတ် စင်ကြယ်သော မင်္ဂလာအကျင့်မြတ်ဖြစ်ပေသည်။

၃၃။ အရိယသစ္စာန ဒဿနံ

အရိယာများအနေဖြင့် မဖောက်မပြန် အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခသစ္စာ, သမุဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ဟုဆိုအပ်သော အရိယသစ္စာလေးပါးတို့ကို သိမြင်နိုင်ခြင်းသည် နိဗ္ဗာန် ရလိုသူတိုင်းမှာ ရှိထားရမည့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

တပေါစနှင့် ဗြဟ္မစရိယမင်္ဂလာ နှစ်ပါးတို့သည် သစ္စာတရားသိမြင်ရေး 'အရိယသစ္စာန ဒဿနမင်္ဂလာ' ဖြစ်ပေါ်လာရေးအတွက် အဓိကအကြောင်းအရင်း မင်္ဂလာများ ဖြစ်ပါသည်။ တပေါစမင်္ဂလာအရ သီလစင်ကြယ်ပြီး၊ ဗြဟ္မစရိယ မင်္ဂလာအရ စိတ်သည်လည်း စင်ကြယ်လာခဲ့ပြီဖြစ်သောကြောင့် အခြားမဲ့တွင် ပညာ ပြဋ္ဌာန်းသော 'အရိယသစ္စာန ဒဿနမင်္ဂလာ'ကို ဟောတော်မူပါသည်။

အရိယသစ္စာကို သိမြင်ခြင်းဆိုသည်မှာ အရိယသစ္စာတရား လေးပါးတို့ကို **မင်ဉာဏ်ဖြင့်** ပိုင်းခြားထိုးထွင်းပြီး သိမြင်ခြင်းပင် ဖြစ်ပါသည်။ **လောကီနယ်ကို လွန်မြောက်၍ လောကုတ္တရာနယ်သို့ ရောက်ရှိသွားခြင်း ဖြစ်ပါသည်။** (တစ်နည်း) အရိယာသူတော်စင်တို့သာ မြင်နိုင်၏၊ သာမန်ပုထုဇဉ်တို့၏ အရာမဟုတ်ပေ။ သို့ဖြစ်၍ 'အရိယသစ္စာ'ဟု ခေါ်ပါသည်။

၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ

အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရခြင်း, ရောက်ခြင်း, ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ခြင်း, မျက်မှောက်ပြုနိုင်ခြင်းသည် ဒုက္ခဇာတ်သိမ်းလိုသူတိုင်းမှာ ရှိရမည့် အရည် အချင်းကောင်း မင်္ဂလာတစ်ပါး မည်ပါသည်။

နိဗ္ဗာနသစ္ဆိကိရိယာ– နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဆိုသည်မှာ အရဟတ္တဖိုလ်ဉာဏ်ကို ရရှိခြင်း၊ အရဟတ္တဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနေခြင်း၊ **ရဟန္တာ အဆင့်သို့ ရောက်ခြင်း**၊ အတုမဲ့ငြိမ်းချမ်းရေးရရှိခြင်း ဖြစ်ပါသည်။

လောကုတ္တရာမင်္ဂလာမြတ်တို့ကို ဟောတော်မူရာတွင် 'တပေါမင်္ဂလာ'က **သီလ**၊ 'ဗြဟ္မစရိယမင်္ဂလာ'က **သမာဓိ**တို့နှင့် ပြည့်စုံသဖြင့် 'အရိယသစ္စာ မင်္ဂလာ'က **ပညာ**ဖြင့် သစ္စာလေးပါးကို သိမြင်၏။ သစ္စာလေးပါးကို သိမြင်သည့်အတွက် အရဟတ္တဖိုလ်ဉာဏ်ဖြင့် ဖလသမာပတ်ဝင်စားပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းကို ညွှန်ပြလိုသည့်အတွက် 'နိဗ္ဗာနသစ္ဆိကိရိယာ မင်္ဂလာ'ကို ဟောတော်မူ၏။

(၁၀) စိတ်ထားနှိုင်မာရေးမင်္ဂလာ ၄–ပါး

၃၅။ ဖုဋ္ဌသ လောကဓမ္မေဟိ – လောကခံမတုန်လှုပ်မင်္ဂလာ
စိတ္တံ ယဿ နကမ္ပတိ
၃၆။ အသောကံ – ဝမ်းမနည်းမင်္ဂလာ
၃၇။ ဝိရဇံ – မမက်မောမင်္ဂလာ
၃၈။ ခေမံ – ဘေးမရှိမင်္ဂလာ

ရှင်တော်ဘုရား ဟောကြားတော်မူသော မင်္ဂလာတရားတော်မြတ်သည် တရားတော် အစဉ်အရ– ပထမ, ဒုတိယအရွယ် မင်္ဂလာတို့နှင့် ပြည့်စုံပြီးလျှင် တတိယအရွယ်မင်္ဂလာတို့ကို တက်လှမ်းလာခဲ့ရာ သည်းခံခြင်းစသော မင်္ဂလာများ ဖြည့်ကျင့်ပြီးနောက် အာရုံမလိုက်စား, အကျင့်မြတ်ပွားများ, အရိယသစ္စာမြင် မင်္ဂလာမြတ် [အကြောင်းမင်္ဂလာ(၁–၃၃)] တို့ကို ဖြည့်ကျင့်ကြပြီးနောက်တွင် **'နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာ'** ဖြင့် မြင်ရသော 'နိဗ္ဗာန်'မှာ အရဟတ္တဖိုလ်ဉာဏ်ဖြင့် မြင်ရသော နိဗ္ဗာန် ဖြစ်သည်။ လောဘ–တဏှာစသော ကိလေသာတို့ ကင်းပြတ်ပြီးသော အရဟတ္တဖိုလ်နိဗ္ဗာန်ကို အာရုံပြုခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူသည် နိဗ္ဗာန်သွားရာလမ်းမှန်ဖြစ်သော မဂ္ဂင်ရှစ်ပါးလမ်းကို လျှောက်လှမ်းခဲ့သဖြင့် **အရဟတ္တဖိုလ်–နိဗ္ဗာန်တိုင်အောင် ဆောင်ခဲ့ပြီးနောက် အကျိုးမင်္ဂလာများ**ကို ညွှန်ကြားလိုသည့်အတွက် **'ဖုဋ္ဌသ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ"** ရဟန္တာအရှင်မြတ်တို့၏ စိတ်သည် လောကခံ ၈–ပါး တို့နှင့် တွေ့ကြုံလျှင် မတုန်လှုပ်, ကြံ့ကြံ့ခံနိုင်ခြင်းသည် အာသဝေါ ကင်းကွာပြီး ဖြစ်ကြောင်း၊ အာသဝေါကင်းသောကြောင့် (**အသောကံ**) သောကကင်းဝေးပြီး၊ (**ဝိရဇံ**) ကိလေသာ အညစ်အကြေး ကင်းစင်ကာ၊ (**ခေမံ**) ကြောက်လန့်ဖွယ်ဘေး မရှိခြင်းမင်္ဂလာတို့ကို ဆက်လက် ညွှန်ကြားပြသ ဟောကြားတော်မူပါသည်။

* နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လျှင် လောကခံ ၈–ပါးကြောင့် စိတ်မတုန်လှုပ်ခြင်း **အကျိုး** 'ဖုဋ္ဌသ လောကဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ' ပုဒ်၊
* (ဖေါ်ပြပါအကျိုးတရားနှင့်တစ်ဆက်တည်း–) စိုးရိမ်သောက ကင်းရှင်းခြင်း **အကျိုး** 'အသောကံ' ပုဒ်၊
* ကိလေသာ ရမ္မက်မြူကင်းရှင်းခြင်း **အကျိုး** 'ဝိရဇံ' ပုဒ်၊
* ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်း **အကျိုး** 'ခေမံ' ပုဒ်၊တို့ကို ဟောတော်မူ၏။

၃၅။ ဖုဋ္ဌသ လောကဓမ္မေဟိ စိတ္တं ယဿ န ကမ္ပတိ

ဓမ္မသဘောအရ အကြောင်းမင်္ဂလာ(၁–၃၃)တို့ကို ပြည့်စုံစွာ ထူထောင်နိုင်ခဲ့လျှင် အကျိုးမင်္ဂလာ(**၃၄–၃၈**)တို့ကို အလိုအလျောက် ထူထောင်ပြီး ဖြစ်နိုင်သောကြောင့် **အရဟတ္တဖိုလ်–နိဗ္ဗာန်**နှင့် **အကျိုးမင်္ဂလာများ** အဖြစ်– ရဟန္တာတို့၏ စိတ်သည် လောကဓံ ၈–ပါးတို့နှင့် တွေ့ကြုံလျှင် မတုန်လှုပ်, ကြံ့ကြံ့ခံနိုင်ခြင်း၊ အာသဝေါကင်းသောကြောင့် သောကကင်းဝေးခြင်း၊ ကိလေသာအညစ်အကြေးကင်းစင်ခြင်း၊ ကြောက်လန့်ဖွယ်သော မရှိခြင်းမင်္ဂလာမြတ်တို့ကို ဆက်လက်၍ပြသ ဟောကြားတော်မူပါသည်။

အမှန်စင်စစ် "လောကဓံကို ကြံ့ကြံ့ခံနိုင်သည်" ဆိုသည်မှာ အာသဝေါကင်းကွာပြီးသော ရဟန္တာများသာ ဖြစ်နိုင်ပါသည်။ အနာဂါမ်ပုဂ္ဂိုလ်များသည်ပင် **လာဘော**–ဟုဆိုသော ဗြဟ္မာပြည်ကို လိုချင်တောင့်တသော လောဘ(**ဘဝတဏှာ**)ကို မလွန်ဆန်နိုင်သေးသည့်အတွက် ဤ 'နကမ္ပတိ'မင်္ဂလာနှင့် လုံးဝကိုက်ညီသည် ဟုမဆိုသေးပါ။ ရဟန္တာပုဂ္ဂိုလ်များသာ အကုသိုလ်စိတ္တုပ္ပါဒ်(စိတ်+စေတသိက်)တို့ အပြီးတိုင် ပယ်သတ်ပြီးဖြစ်သောကြောင့် ဤမင်္ဂလာမြတ်ကို ရရှိခံစားနိုင်ကြပါမည်။ မည်သည့် လောကဓံမျိုးနှင့်ပင် တွေ့ကြုံကြရစေကာမူ မတုန်လှုပ်မချောက်ချားသော စိတ်ရှိသည်၏အဖြစ်သည်ပင် အထက်တန်းဂုဏ်ကို ဆောင်နိုင်သည့်အတွက်ကြောင့် **"ထူးကဲမွန်မြတ်လှသော လောကုတ္တရာ, အကျိုးမင်္ဂလာ"**ဟု မှတ်ချက်ချတော်မူ၏။

၃၆။ အသောကံ

အသောကံ = စိုးရိမ်သောက မရှိခြင်းသည်လည်း ရဟန္တာအရှင်မြတ်တို့၏ စိတ်တော်သည် ကိလေသာ–အာသဝေါ ကင်းစင်နေသောကြောင့် ပူဆွေးသောက လုံးဝမရှိခြင်း ဖြစ်ပါသည်။ ထာဝရ နှလုံးအေးမြနေသော မင်္ဂလာ ဖြစ်ပါသည်။

လောကဓံတရားနှင့် တွေ့ကြုံလာသည့်တိုင် ကျောက်တောင်ကြီးများကဲ့သို့ ရဟန္တာတို့၏စိတ်တော်သည် စိုးရိမ်ပူဆွေး ငိုကြွေးတမ်းတ သောကပရိဒေဝတို့ ကင်းငြိမ်း အပူဇာတ်သိမ်းခြင်းကို ဆက်လက်ညွှန်ပြလိုသောကြောင့် 'အသောကံ' မင်္ဂလာမြတ်ကို ဆက်လက်၍ပြသ ဟောကြားတော်မူပါသည်။

ပုထုဇဉ်မှန်သမျှမှာတော့ **ဗျသနတရား၈ပါး**တို့နှင့် ကြုံတွေ့လာသောအခါ တရားသဘောကို မဆင်ခြင်, မစဉ်းစားနိုင်ဘဲ အတောမသတ်သော စိုးရိမ်ပူပန်သောကတို့ ဖြစ်ကြရပါသည်။

၃၇။ ဝိရဇ

ရဟန္တာအရှင်မြတ်တို့၏ စိတ်တော်သည် အရာရာတိုင်းကို အတွေ့စွဲကင်းပြီး ယထာဘူတကျကျ မြင်နိုင်စွမ်းတော်မူကာ **ရဇ**–မြူအညစ်အကြေး(ကိလေသာ)တို့ လုံးဝကင်းစင်နေသဖြင့် ကြည်လင်သန့်ရှင်းလျက်ရှိကာ လောဘ, ဒေါသ, မောဟ စသည်များ ကင်းရှင်းနေခြင်းသည် 'ဝိရဇ'မင်္ဂလာ ဖြစ်ပါသည်။

လောကမ်ဓနင့် ကြုံတွေ့ကြရသည့်တိုင်အောင် အာသဝေါကင်းသွားပြီးသော ရဟန္တာအရှင်မြတ်တို့သည် တုန်လှုပ်မှု မရှိ၊ စိုးရိမ်သောက ကင်းရှင်းခြင်းတို့သည် ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ရသကဲ့ကို **ရဇ**–မြူအညစ်အကြေး (လောဘ, ဒေါသ, မောဟ)တို့ ကောင်းစွာကင်းစင်ခြင်း မင်္ဂလာကိုလည်း ဆက်လက်ညွှန်ပြ လိုသောကြောင့် 'ဝိရဇ'မင်္ဂလာမြတ်ကို ဆက်လက်၍ ဟောကြားတော်မူပါသည်။

၃၈။ ခေမ

ခေမ– ဘေးမရှိခြင်း ဆိုသည်မှာ "ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ"(ယောဂ ၄–ပါး) ဟူသောဘေးရန် မရှိခြင်းသည် ရဟန္တာပုဂ္ဂိုလ်တို့၏ အရည်အချင်း တစ်ရပ်ဖြစ်သော 'မင်္ဂလာ' ဖြစ်ပါသည်။ ယောဂ ၄–ပါး(ဘေး)တို့ ကုန်ဆုံးခြင်းသို့ ရောက်သည့်အတွက် 'ခေမ' မည်ပါသည်။

ရဟန္တာအရှင်မြတ်တို့၏စိတ်သည် 'နကမ္မတိမင်္ဂလာ'၊ 'အသောကမင်္ဂလာ'၊ 'ဝိရဇမင်္ဂလာ'တို့နှင့် ပြည့်စုံတော်မူသောကြောင့် တုန်လှုပ်မှုမရှိခြင်း၊ စိုးရိမ်သောက ကင်းဝေးခြင်း၊ ကိလေသာ အညစ်အကြေး ကင်းစင်ခြင်းတို့ကြောင့် **ဘေး(ယောဂ)** ဟူသမျှတို့သည်လည်း ကင်းရှင်းကြောင်းကို ညွှန်ပြလိုသောကြောင့် **'ခေမ'**ဟူ၍ နိဂုံးသတ် ဟောကြားတော်မူပါသည်။

"ခေမ–ဘေးမရှိ"– အကုသိုလ် မကင်းသေးသမျှ ဘေးရန်များ မကင်းသေးပါ။ အကုသိုလ်ကင်းသွားလျှင် ပစ္စုပ္ပန်ဘေးရန်, သံသရာဘေးရန်များ လုံးဝကင်းစင်သွားခြင်းကို ဆိုလိုပါသည်။

* ဘဝ၏ **ပန်းတိုင်မင်္ဂလာ**များ ဖြစ်ပါသည်။

ဤကဲ့သို့ မင်္ဂလာတရားတော်မြတ်ကြီးကို တစ်ပါးထက် တစ်ပါး အစဉ်ထားသဖြင့် နောက်ဆုံးတွင် ရဟန္တာဖြစ်သည်အထိတိုင်အောင်ပင် ရှင်တော်ဘုရားက ဟောဖော်ညွှန်ပြတော်မူခဲ့ပါသည်။

၃၈–ဗြာ မင်္ဂလာကို တစ်နေ့တည်းနှင့် ကျင့်ဆောင်ဟန်

* **မင်္ဂ ပါပံ လုနာတိ ဆိန္နတိတိ မင်္ဂလံ။**

မင်္ဂလာပါပံ– မကောင်းမှုကို။ လုနာတိ ဆိန္နတိ– ရိတ်ဖြတ်တတ်၏။ ဣတိတသ္မာ– ထို့ကြောင့် မင်္ဂလံ 'မင်္ဂလာ' မည်၏။ ဟူ၍လာသော ဝစနတ္ထနှင့် အညီ ၃၈–ပါး အပြားရှိသော မင်္ဂလာတရားတော်တို့ကို တစ်နေ့တည်းနှင့် ကျင့်ဆောင်ဟန်ကို ဆိုပေအုံ့။

အကြင်သူသည် ဥပုသ်နေ့၌ ရတနာသုံးပါးအထံ၌ ဆည်းကပ်၍ အလှူပေး၏။ တရားလည်းနာ၏။ တရားစကားကိုလည်း ဆွေးနွေး၏။ ဥပုသ်လည်းစောင့်၏။ ထိုသူသည် ၃၈–ပါးသော မင်္ဂလာကို ဖြည့်မှီရာသတည်း။

ဖြည့်ဟန်ကား–

၁။ ရတနာသုံးပါးရှိရာအရပ်သို့ သွားခြင်းသည် သူယုတ်တို့ကိုကြဉ်ရှာဖြစ်သောကြောင့် 'အသေဝနာစမင်္ဂလာ' မည်၏။

၂။ သူတော်ကောင်းထံ ဆည်းကပ် မှီဝဲသောကြောင့် 'ပဏ္ဍိတာနဉ္စသေဝနမင်္ဂလာ' မည်၏။

၃။ ရတနာသုံးပါးတို့အား ပူဇော်ခြင်းသည် 'ပူဇနေယျမင်္ဂလာ' မည်၏။

၄။ ရတနာသုံးပါးရှိရာအရပ်ကိုရောက်ခြင်းသည် 'ပဋိရူပဒေသဝါသမင်္ဂလာ' မည်၏။

၅။ ရှေးကောင်းမှု ပြုသောကြောင့် 'ပုဗ္ဗေစကတပုညတမင်္ဂလာ' မည်၏။

၆။ ကိုယ်စိတ်ဖြင့် ခြိုးခြံ၍ စောင့်ရှောက်ခြင်းသည် 'အတ္တသမ္မာပဏိဓိမင်္ဂလာ' မည်၏။

၇။ အကြားအမြင်ကို ဆည်းပူးခြင်းသည် 'ဗာဟုသစ္စမင်္ဂလာ' မည်၏။

၈။ သူတော်ကောင်းတို့ လေ့လာအပ်သောတရားကို မှတ်သားခြင်းသည် 'သိပ္ပဉ္ဇမင်္ဂလာ' မည်၏။

၉။ အကုသိုလ်တရား၌ မစွန်းမငြိစေမူ၍ ကိုယ်, နှုတ်, နှလုံး သုံးပါးကို (စောင့်ရှောက်ခြင်းသည်)ဆုံးမခြင်းသည် 'ဝိနယ သုသိက္ခိတမင်္ဂလာ' မည်၏။

၁၀။ ထိုတရားကို စောင့်ရှောက်သောနေ့၌ သူတော်ကောင်းတရားကို နာလွယ်ခြင်းသည် 'သုဘာသိတမင်္ဂလာ' မည်၏။

၁၁။ ထိုနေ့၌ အမိအဖတို့အား အရိုအသေပြု၍ လုပ်ကျွေးခြင်းသည် 'ဥပဋ္ဌာနမင်္ဂလာ' မည်၏။

၁၂။ သားမယားတို့အား တရားနှင့် ပဲ့ပြင်ခြင်း၊ သူတော်ကောင်းတရားကို လေ့ကျက်စေခြင်းသည် 'ပုတ္တဒါရဿသင်္ဂဟမင်္ဂလာ' မည်၏။

၁၃။ ထိုဥပုသ်စောင့်သောနေ့၌ အကုသိုလ်နှင့်စပ်သော အမှုကိုမပြု၊ ကုသိုလ်နှင့်စပ်ခြင်းကိုသာ ပြုခြင်းသည် 'အနကုလမင်္ဂလာ' မည်၏။

၁၄။ အလှူပေးခြင်းသည် 'ဒါနမင်္ဂလာ' မည်၏။

၁၅။ တရားကိုစောင့်ခြင်းသည် 'ဓမ္မစရိယမင်္ဂလာ' မည်၏။

၁၆။ ဆွေမျိုးဉာတကာတို့အား တရားနှင့်အညီ ပြောဟောသင်ကြားခြင်းသည် 'ဉာတကာနဉ္စသင်္ဂဟမင်္ဂလာ' မည်၏။

၁၇။ အသက်မွေးမှုကိုထောက်၍ မုသာဝါဒအစရှိသော အပြစ်တို့နှင့် မရောစေဟူ၍ တရားနှင့်အညီ ရောင်းဝယ်ခြင်းအစရှိသောအမှုသည် 'အနဝဇ္ဇကမ္မမင်္ဂလာ' မည်၏။

၁၈။ ပဉ္စသီကျူးလွန်အပ်သော ဝတ္ထုရောက်မှကြဉ်ခြင်းသည် 'အာရတီမင်္ဂလာ' မည်၏။

၁၉။ ဝတ္ထုမရောက်မီ မိဘာန်စောင့်ရှောက်ခြင်းသည် 'ဝိရတီမင်္ဂလာ' မည်၏။

၂၀။ သုရာမေရယစသော ယစ်မျိုးကို ရှောင်ကြဉ်ခြင်းသည် 'သံယမောစမင်္ဂလာ' မည်၏။

၂၁။ ကုသိုလ်ကမ္မပထ၌ မမေ့မလျော့ခြင်းသည် 'အပ္ပမာဒေါစမင်္ဂလာ' မည်၏။

၂၂။ ရတနာသုံးပါးစသော ကြီးသူတို့အား ရိုသေခြင်းသည် 'ဂါရဝေါစမင်္ဂလာ' မည်၏။

၂၃။ ရတနာသုံးပါးစသော လူကြီးမိဘတို့၌ နေခြင်း၊ သွားခြင်း၊ ပြောခြင်းတို့ကို နှိမ့်ချခြင်းသည် 'နိဝါတောစမင်္ဂလာ' မည်၏။

၂၄။ ထိုဥပုသ်နေ့၌ ဝတ်ခြင်း၊ စားခြင်း၊ ပလွှားခြင်း မရှိ ရောင့်ရဲခြင်းသည် 'သန္တုဋ္ဌိမင်္ဂလာ' မည်၏။

၂၅။ ကျေးဇူးရှိပေသော သူတို့၏ ကျေးဇူးဂုဏ်ကို အောက်မေ့ခြင်းသည် 'ကတညုတာစမင်္ဂလာ' မည်၏။

၂၆။ လျောက်ပတ်သောအခါ၌ တရားနာခြင်းသည် 'ဓမ္မဿဝနမင်္ဂလာ' မည်၏။

၂၇။ သည်းခံခြင်းသည် 'ခန္တီမင်္ဂလာ' မည်၏။

၂၈။ သူတော်ကောင်းတို့စကားကို နာလွယ်ခြင်းသည် 'သောဝစဿတာ စ မင်္ဂလာ' မည်၏။

၂၉။ ရဟန်းသံဃာတို့အား ဖူးမြင်ခြင်းသည် 'ဒဿနဋ္ဌမင်္ဂလာ' မည်၏။

၃၀။ လျှောက်ပတ်သောအခါ၌ တရားကိုဆွေးနွေးခြင်းသည် 'ဓမ္မသာကစ္ဆမင်္ဂလာ' မည်၏။

၃၁။ ခြိုးခြံ၍ ဥပုသ်ဆောက်တည်ခြင်းသည် 'တပေါ စ မင်္ဂလာ' မည်၏။

၃၂။ တရားကိုနှလုံးသွင်း၍ မြင့်မြတ်သောအကျင့်ကို ဆောက်တည်ခြင်းသည် 'ဗြဟ္မစရိယမင်္ဂလာ' မည်၏။

၃၃။ သစ္စာလေးပါးကို နှလုံးသွင်း၍ ဆင်ခြင်ခြင်းသည် 'အရိယသစ္စာန ဒဿနမင်္ဂလာ' မည်၏။

၃၄။ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် 'သစ္ဆိကိရိယမင်္ဂလာ' မည်၏။

၃၅။ လောဘ၊ ဒေါသ၊ မောဟအာရုံတို့၌ တပ်မက်ခြင်းမရှိ မတုန်လှုပ်ခြင်းသည် 'နကမ္မတိမင်္ဂလာ' မည်၏။

၃၆။ စည်းစိမ်ဥစ္စာ သားမယားတို့၌ စိုးရိမ်ခြင်း မရှိခြင်းသည် 'အသောက မင်္ဂလာ' မည်၏။

၃၇။ ကာမရာဂ အစရှိသည်တို့၌ တပ်စွန်းခြင်းမှကင်းခြင်းသည် 'ဝိရဇမင်္ဂလာ' မည်၏။

၃၈။ ထိုဥပုသ်နေ့၌ ကိလေသာတည်းဟူသောဘေးမှ ကင်းခြင်းသည် 'ခေမ မင်္ဂလာ' မည်၏။

ဤ ၃၈–ပါးသော မင်္ဂလာတရားတို့ကို သတိနှင့်တကွ ဥပုသ်ဆောက်တည်သည့်နေ့၌ ပြည့်စုံရာသတည်း။ ဥပုသ်စောင့်ခြင်းတရားကို ခွဲခြား၍ မသိသောသူတို့ တစ်ပါးစီသာ အကျိုးရသည် မှတ်ထင်ကုန်၏။ သူတော်ကောင်းတရားနေရာ၌ ဆိတ်ငြိမ်သောသူတို့သာလျှင် ယနေ့ ဤမျှလောက်သော ပါရမီကို ဖြည့်ရ၍ ဤမျှလောက်သော မင်္ဂလာတရားကို ပြုမိ၏။ သိလေကုန်သတည်း။ ဤသည်ကိုထောက်၍ သူတော်ကောင်းတရား၌ အဖန်တလဲလဲ ခွဲစိတ်ခြင်းကို မှတ်ရာသတည်း။

၃၈–ပါးသော မဂ်လာတရားတို့တွင် အရိယသစ္စာမဂ်လာ၊ နိဗ္ဗာနသစ္စာ ကိရိယမဂ်လာ၊ နကမ္မတိမဂ်လာ၊ အသောကမဂ်လာ၊ ဝိရဇမဂ်လာ၊ ခေမမဂ်လာ တို့ကို အခါမပြတ် အရဟတ္တမဂ်ရပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၌သာ အမြဲမုချ ဖြစ်၏ မှတ်ရာသတည်း။

၃၈–ပါးသော မဂ်လာတရားမြတ်တို့မှာ များလည်းများပြား၊ အလွန်လည်းကျယ်ဝန်းနက်နဲလှသည်ဖြစ်သောကြောင့် တော်တော်ကြီး ကြိုးကြိုးပမ်းပမ်း ကျင့်ဆောင်မှသာလျှင် ရလိမ့်မည်ဟု ယခင်ကအထင်ရောက်၍ နေခဲ့မိရာမှ ယခု **ဓမ္မကံမှတ်စုဌ် အတုလဆရာတော်ကြီး**က တစ်နေ့တစ်ရက်တည်းနှင့် ၃၈–ပါး ကုန်စင်အောင် ကျင့်ဆောင်နိုင်ကြောင်း၊ ကျင့်ဆောင်နည်းများပါ တိုတိုတုတ်တုတ် လွယ်လွယ်ကူကူနှင့် နားလည်အောင်ထုတ်ဆောင်ပြသခဲ့သည်ကို တွေ့ရသောအခါ ကျွန်တော်တို့မှာ တအံ့တသြဖြစ်လျက် မျက်စိကျယ်၍သွားလေသည်။

အထက်ဖော်ပြပါများသည် **မဂ်လာဗျူဟာအသင်း ရွှေရတုစာစောင်**တွင် တက္ကသိုလ်ဝင်းမွန် ရေးသားသော **'ဆရာဇေယျနှင့် ၃၈'**ဆောင်းပါးမှ ဖော်ပြခြင်းဖြစ်ပါသည်။ ဆောင်းပါးအရ– 'ဝဏ္ဏကျော်ထင်, သီရိပျံချီ'တွဲ့ရ ဆရာဇေယျ ၏ **'၃၈'**ဆောင်းပါးတွင် ဆရာကြီးဇေယျကလည်း– ကုန်းဘောင်တည်ထောင် အလောင်းမင်းတရားကြီး၏ဆရာတော်ရင်းဖြစ်သည့် အတုလ သာသနာပိုင် ဆရာတော်ကြီးရေးသားသော 'ဓမ္မကံမှတ်စု'မှ **'၃၈–ဖြာ မဂ်လာတရားသို့ သွင်းခြင်းအကြောင်း'** ခေါင်းစဉ်မှ ထုတ်ယူရေးသားထားခြင်းဖြစ်ပါသည်။

မဂ်လာအပေါင်းနှင့်ပြည့်စုံကြပါစေ

မဂ်လာပေါ် ဗျူဟာဆင့်လို့၊ အသင်းဖွင့်လို့ ကြွေးကြော်သလေ။
ကတည်တာ ပြုပေဖူးခဲ့၊ သူ့ကျေးဇူးတဲ့ သိတတ်စေ။
ကျေးဇူးတွေကို ထုတ်ပြန်ပြောလို့၊ ဟုတ်မှန်သဘော ပေါ်လွင်စေ။
ကတည်တာ ဝေဒီနှစ်ခုကို၊ အခြေပြုလို့ တို့တတွေ။
မဂ်လာတရား စဉ်လာမမှား၊ တိုးပွားကြပါစေ။
အဲဒါကြောင့် မဂ်လာဗျူဟာ ဂါရဝပြုပါသလေ။

၃၈–ဖြာ မဂ်လာတရားတော်နှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော အသင်းချုပ်တွင် မဂ်လာသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက် ကုသိုလ်ယူနိုင်ပါသည်။

ဗုဒ္ဓသာသနာ စိစဉ်တီဋီကာ

သုံးဆယ့်ရှစ်ရာမဂ်လာသည် ကမ္ဘာလွှမ်းခြုံတည်ရှိသောတဲ

ပဓိမလာ ဗျူဟာ အာသင်းချုပ်

မြန်မာနိုင်ငံသူ နိုင်ငံသားတို့အား အစထား၍ စကြာဝဠာ ကမ္ဘာအနန္တ ရှိသမျှသတ္တဝါ ဝေနေယျအပေါင်းတို့သည် ဘေးမသီ ရန်မခ ဇမ္ဗေစကြောင်း ကောင်းမြတ်သော မေတ္တာစေတနာဖြင့် (မဟာပညာဇလ ဘွဲ့ထူးရ ဆရာကြီး ဦးကြီးဖေ ကြီးမှူးသော သီရိမဂ်လာ မဟာပရိတ်တော်အဖွဲ့၊ ပဌာန်းဆရာလှိုင် ကြီးမှူးသော ဆူးလေစေတီတော် မဟာပဌာန်းအဖွဲ့၊ ပထမကျော် ဦးခင်မောင်ကြီး ကြီးမှူးသော ရန်ကင်းခမ္မပါလအဖွဲ့၊ ကျုံပျော်ဦးဘမောင် ကြီးမှူးသော ဝိဘဇ္ဇဝါဒီ မဟာပရိတ် ပဌာန်းအဖွဲ့၊ ၎င်းအဖွဲ့အစည်း အသီးသီးတို့မှ ပညာရှင်များနှင့်တကွ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး၊ မဂ်လာဗျူဟာအဖွဲ့ချုပ်ကြီးတို့က ကြီးမှူးလျက်) ၇၂-နာရီ အသံမစဲ အမြဲရွတ်ဖတ်မည့် ပဌာန်းပူဇော်ပွဲကြီးကိုလည်း၊ ဗုဒ္ဓဂုဏ်တော်ဖွင့် အန္တရာယ်ကင်း၊ ဥပါတသန္တိကျမ်းကို ၁၀၈-ခေါက် ရွတ်ဖတ် ပူဇော်ခြင်းကိုလည်း၊ နှစ်ဆန်းမဂ်လာ ဇေယျမ်းသာမည့် မဂ်လာတရား ၃၈-ပါးကို အနက်မြန်မာ စုံလင်စွာဖြင့် ရွတ်ဖတ်ပူဇော် အဓိဋ္ဌာန်တော်တင်ပွဲကြီးကိုလည်း၊ အလွယ် ဆုံးနည်းဖြင့် တနေ့နှစ်ကြိမ်ကျ ပဌာန်းဟောပြောပွဲကြီးကိုလည်း၊ ၁၃၂၆-ခုနှစ် နှောင်တန်ခူးလဆန်း (၁၁)ရက် (၁၂-၄-၆၅) တနလင်္ဂနေ့ နေ့(၁၂)နာရီမှစ၍ ဖွင့်လှစ်ပြီးလျှင် ၁၃၂၇-ခုနှစ် တန်ခူးလဆန်း(၁၅)ရက် (၁၆-၄-၆၅) သောကြာနေ့ အထိ ရွတ်ဖတ်ဟောပြော ပူဇော်ကြမည်ဖြစ်ပါ၍ ၎င်းမဟာပဌာန်းပူဇော်ပွဲကြီးသို့ (ထူးမြတ်သော ကုသိုလ်ကို ရယူလိုကြသော စေတနာရှင် သူတော်စင်များ ကြွရောက် လှူဒါန်းကျွေးမွေး နာယူ ပူဇော်တော်မူနိုင်ကြစေရန် ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးက နေရာထိုင်ခင်းမှစ၍ အပြည့် အစုံ အဆင်သင့် စီစဉ်ထားလျက်ရှိပါသည်။)

အထူးအားဖြင့် သက်ြန်ရေကစားကြမည့် အမျိုးသမီး အမျိုးသားအဖွဲ့ ပေါင်းစုံတို့၏ ဘေးကင်းရန်ကွာ ယဉ်ကျေးမှုအပြည့်ပါသော ပဌာန်းမဂ်လာရေစင်ကို ရွှေတိဂုံဘုရားတောင်ဘက်လမ်းရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး၏ တည်ရာဌာန ပဌာန်းမဂ်လာရေစဉ် တိုက်ကျွေးဝေငှရေးမဏ္ဍပ်သို့ မပျက်မကွက် ဆက်ဆက်ကြွရောက် ခံယူကြပါရန် အလေးအနက် ဘိတ်ကြားအပ်ပါကြောင်း။

အခါတော်နေ့ကျင်းပရေး ယာယီကော်မတီအဖွဲ့၊ ရန်ကုန်မြို့။

၃၈–ဖြာ မင်္ဂလာ သံချပ်

* မောင်တို့ မယ်တို့ ..... တော်တော် ..... ဗျိုဗျို
* မောင်တို့ဟာ ဘုယ်ဌာနိက၊ မြင့်မိုရ်ထိပ်ဗွေ ဝတိန်ပြေက။
* ဝတိန်ပြေက ဘလုပ်လာ၊ မိန့်ဟစမ်းပါ ချိုသာသာပ။
* မိန့်ရမှာက အဆန်းတွေ၊ လူ့ကြင့်နန်းနေ ဘေးပကွာရေး။
* ဘေးကွာရေးခ္ခ မယှဉ်သာ၊ မင်္ဂလာပဌာန်း ဖြန့်ဖို့လာ။
* ဖြန့်ဖို့လာက ဖြန့်ကြပါ၊ နာစမ်းချင်ပါ သူရောငါရော။
* နာချင်ပါက ဘယာစင်၊ ကောင်းစားစေချင် ကမ္ဘာအရေး။
* ကမ္ဘာကောင်းရေး စဉ်အလာ၊ မင်္ဂလာနှင့် ပဌာန်းပါ။
* ကျမ်းလာဒေသနာ ညီမျှကြောင်း၊ မှတ်တမ်းတင်ဖို့ကောင်း။
* တင်ဖို့ကောင်းတဲ့ မှတ်တမ်းမှာ၊ မှတ်တမ်း အစပါ။
* မှတ်တမ်းအစ မင်္ဂလာမှာ၊ ထူးဆန်းဝေဖြာ သံချပ်ထိုးလို့။
* သံချပ်ထိုးလို့ ကျင့်လမ်းစဉ်၊ လူ့ကြင့်နန်းတွင် ပေါ်လွင်ထင်ရှား။

၁။ လူမိုက်များကို မလိုချင်၊ ပညာရှင်ကို မှီခိုပေါင်းကြ။
၂။ မိဘစတဲ့ ပူဇော်စရာတွေ၊ ပူဇော်ပါလေ မင်္ဂလာဘဲ။
၃။ မင်္ဂလာရှိမှ တန်ခိုးထိန်၊ အမျိုးဂုဏ်သိရ် နတ်လူချစ်ဖို့။
၄။ သူတော်တရား ထွန်းကားပေ၊ ထိုရပ်ဌာနေ နေကြထိုင်ကြ။
၅။ ရှေးဘဝက ပြုခဲ့ရှာ၊ ကုသိုလ်ကံဟာ ရှိဖို့လိုသေး။
၆။ စိတ်တည်ရေးကလိုသေးတာ၊ ကောင်းမြတ်ရာမှာ ထားဖို့ပါဘဲ။
၇။ နောက်တခုက တရားကျမ်းဂန်၊ ကြည့်မှတ်သင်အံ ကြံ့ကြစီကြ။
၈။ လက်တွေ့သိပ္ပ တတ်ကြရာ၊ လူ့ကျင့်ဝတ်ပါ ညီညွတ်ပါမှ။
၉။ သစ္စာဝစန ဆိုကြပါ၊ ထိုလေးမျိုးဟာ မင်္ဂလာဘဲ။
၁၀။ မင်္ဂလာရှိမှ အဖိုးတန်၊ အကျိုးမှန် နိဗ္ဗာန်အထိ။
၁၁။ မိဘအချစ် တုံ့ပြန်ကာ၊ လုပ်ကြွေးကြပါ မောင်တို့မယ်တို့။
၁၂။ သားသမီးနှင့် ဇနီးကို၊ နည်းမျိုးထိုထို ထောက်ပံ့ပြုစု။

၁၃။ သောက်အစားနှင့် ကစားတာ၊ အကြွားအဝါ ရှောင်မှရှားမှ။
၁၄။ မင်္ဂလာသုံးပါး တနည်းလာ၊ စည်းကမ်းသေချာ နေဖို့ထိုင်ဖို့။
၁၅။ လူတန်ဖိုးညီမျှ လုပ်ငန်းမှာ၊ လျှုဒါန်းဖို့ဟာ မမေ့ပါနှင့်။
၁၆။ သုစရိုက်တရား ကြိုးစားကာ၊ ဘိုးဘွားဥာတကာ ကူညီထောက်ပံ့။
၁၇။ အလုပ် အပြော အကြံအစည်၊ စံမမှီအောင် သန့်ရှင်းစေရေး။
၁၈။ ဤလေးပါးလဲ မင်္ဂလာ၊ စဉ်အလာမှာ ဆက်ဆံရေးကောင်း။
၁၉။ ရန်ငြိုးဖွဲ့လို့ အမျက်ထန်၊ ကျေးဇူးကန်းပြန် အယုတ်တရား။
၂၀။ သူတပါးကို မနာလို၊ ဝန်တိုမိစ္ဆာ ရှောင်ကြစေသား။
၂၁။ ကိုယ်နှုတ်နှစ်ပြင် ဝေးစွာကြဉ်၊ စိတ်မနောတွင် အထူးကြဉ်ကြ။
၂၂။ လှော်စာအရက် ဘိန်းကဖော်၊ မတော်တရော် မသောက်စားနဲ့။
၂၃။ ဒါန သီလ ဘာဝနာ၊ ပုညဆယ်ဖြာ မမေ့စေဖို့။
၂၄။ သတိထားလို့ ကြိုးစားပါ၊ ဤလေးပါးဟာ မင်္ဂလာပေါ့။
၂၅။ ရိုသေသင့်က ရိုသေပါ၊ နှိမ့်ချဖို့ဟာ ကိုယ့်အလုပ်ဘဲ။
၂၆။ သူတော်လေ့ဖြင့် ချမ်းမြေ့ကာ၊ ရောင့်ရဲကြပါ တတ်သရွေ့။
၂၇။ မ-စဘူးတဲ့ ကျေးဇူးကို၊ အထူးကြည်ညိုသိတတ်ကြဖို့။
၂၈။ အလိမ္မာပွားဖို့ တရားနာ၊ မကြာမကြာ အားထုတ်ကြိုးစား။
၂၉။ ဤငါးပါးလည်း မင်္ဂလာ၊ မယှဉ်သာအောင် ကျင့်ကြံကြ။
၃၀။ ချမ်းသာဆင်းရဲ တွေ့တိုင်းကို၊ စိတ်ရိုင်းမပို သည်းခံကြမှ။
၃၁။ ဆိုဆုံးမလျှင် ဒေါသဝေး၊ မောဟတွေးနှင့် မတွေးရာ။
၃၂။ သာသနာက ရဟန်းကို၊ ဖူးလိုမြင်လို ဆည်းကပ်ခစား။
၃၃။ လူကောင်းရှင်ကောင်း ပေါင်းလို့သာ၊ တရားရွေစာ တိုင်ပင်ဆွေးနွေး၊
၃၄။ မင်္ဂလာလေးပါး တမျိုးလာ၊ အဖိုးတန်တာ ငြိမ်းချမ်းရေးပေါ့။
၃၅။ ရှစ်ပါးဥပုသ် စောင့်ချုပ်ခါ၊ ထိန်းသိမ်းကြပါ ခြိုးခြံမှုဘဲ။
၃၆။ ကာမဂုဏ်မှ အာရုံခွါ၊ ကျင့်ကြံကြပါ အမြတ်ဆုံးမို့။
၃၇။ အရိယာတမျှ သစ္စာမြင်၊ နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုရေး။

၃၈။ မဂ်လာလေးပါး တမျိုးထွင်၊ အဖိုးတန်ပင် ငြိမ်းချမ်းရေးစစ်။
၃၉။ လောကမံနှင့် ဆုံခါပင်၊ ကြုံလာလျှင် မတုန်လှုပ်ဘဲ။
၄၀။ လာဘ်တွေပေါများ ထင်ရှားကာ၊ ချီးကျူးတဖြာ ချမ်းသာများလို့။
၄၁။ ကြိုးကြိုးကြွကြွ စိတ်ရှင်ကာ၊ မနိတ်ချင်ပါ လောကတရား။
၄၂။ လာဘ်နှင့်ဂုဏ်မဲ့ ကြုံတဲ့အခါ၊ ဝမ်းနည်းချင်းဟာ ဒေါသပါဘဲ။
၄၃။ ကိုယ့်ကိုကိုလဲ စွပ်စွဲမှာ၊ သူစွပ်စွဲတာ နှစ်ဖြာကင်းဝေး။
၄၄။ တမျိုးတဖုံ စီစဉ်လာ၊ ဤမဂ်လာ ထိပ်တန်းကျဆုံး။
၄၅။ စည်းကမ်းထိန်းလို့ ငြိမ်ဖို့ရှာ၊ သုံးဆယ့်ရှစ်ဖြာ မဂ်လာဘဲ။
၄၆။ ဆက်ဆံရေးနှင့် ကြံရေးဆင်၊ ဉာဏ်ရေးရှင်ရှင် စီးပွားတက်အုံ့။
၄၇။ တိုင်းပြည်ကောင်းဖို့ အကြောင်းရှာ၊ အကောင်းဆုံးဟာ မဂ်လာဘဲ။
၄၈။ ရန်အောင်ကြောင်းလဲ မဂ်လာ၊ အရာရာမှာ ပြောလို့မဆုံး။
၄၉။ ကမ္ဘာပေါ်ရှိ ဒို့တတွေ၊ အေးစေမြစေ ချမ်းသာစေဘို့။
၅၀။ မဂ်လာနှင့် အဆန်းဖွေ၊ ပဌာန်းရှေစာ တွဲဖက်ပါလို့။
၅၁။ နှစ်ဦးအစ ထူးသစ်စွာ၊ ကြူးလှစ်သာယာ ရွတ်သံမစဲ။
၅၂။ ခုနစ်ဆယ့်နှစ် နာရီသာ၊ ကြာရှည်မှန်စွာ နေ့ရောညရော။
၅၃။ စက္ကန့်မိနစ် မလပ်အောင်၊ မပြတ်ဖေါင်ဖေါင် ပဌာန်းသံဟိန်း။
၅၄။ မဂ်လာနှင့် နိဂုံးဆင်၊ ပြီးဆုံးပါလျှင် အန္တရာယ်ဝေး။
ဝေး ဝေး ဝေးကြပါစေ၊ အေး အေး အေးကြပါစေ။
ဒို့တိုင်းပြေ အေးချမ်းမြသာစေ။
ကမ္ဘာတခွင်လုံး ရှင်ပြုံးနိုင်ပါစေ။ ။

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်မဂ်လာ။"

ဤကောင်းမှုအစုစုသည် မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရရန် အကြောင်းအားကြီးသော အထောက်အပံ့ ဖြစ်ပါစေသတည်း။ ဤကုသိုလ်အဖို့ကို ကျေးဇူးရှင် မိခင်ဖခင်တို့နှင့် တကွ ဝေနေယျအပါင်း တို့အား အမျှပေးဝေအပ်ပါသည်။ **အမျှ အမျှ အမျှ**

ယူတော်မူကြပါကုန်လော့... သာဓု သာဓု သာဓု၊

ဓမ္မပူဇာမင်္ဂလာ **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။** ဒါနအားလုံးကို ဓမ္မဒါနက အောင်နိုင်၏။

❀❀❀ မင်္ဂလာဒေသနာ၊ ကျမ်းရှေစာ၊ ရှည်စွာအဓွန့်၊ တည်စေသော်၊ ❀❀❀

❀ ကိုယ်တိုင် + တိုက်တွန်း + ချီးမွမ်း + စိတ်တူ ❀

အနုမောဒနာ ဂုဏ်ပြုမော်ကွန်းလွှာ

ထေရဝါဒ ဗုဒ္ဓဘာသာတရားတော်မြတ်ကြီး အရှည်တည်တံ့ ခိုင်မာ ပြန့်ပွားစေရန် ဓမ္မပူဇာမင်္ဂလာ စာပေထုတ်ဝေ လှူဒါန်းနိုင်ရေး (**မင်္ဂလာမှတ်စု စာအုပ်**) အတွက် ဥစ္စာအနှစ် ဒါနစစ်ကို သဒ္ဓါ+ပညာ နှစ်ဖြာညီမျှစွာဖြင့် သဒ္ဓါ–စေတနာ ကုသိုလ်ရှင် မိသားစုများက ပါဝင်လှူဒါန်းပေးကြပါသည်။

အလှူရှင်မိသားစုတို့အားလည်း ကျေးဇူး ဥပကာရ တင်ရှိစွာဖြင့်၊ လှူဒါန်းနိုင်ခြင်း ဂုဏ်ကို အဖန်ဖန်အာရုံပြုလျက် စာဂါနုဿတိဘာဝနာကို အခါခါပွားများနိုင်ရန် ရည်ညွှန်းကာ ဤ "အလှူရှင်များ–မော်ကွန်းမှတ်တမ်း"ကို ဂုဏ်ယူနှင်းအပ်ပါသည်။

ဖြစ်ကောင်းသား ကောင်းမှုများကို တိုးပွားသင့်အား ဖြစ်ပါစေ။

မင်္ဂလာမှတ်စု သတ္တမအကြိမ်ထုတ်ဝေခြင်း အလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်	အလှူတော်ငွေ
၁။	Asia Rainbow Family Co., ဦးမင်းနိုင်+ဒေါ်စောသန္တာ ယဉ်၊ ကျော်+ဂျူး၊ သီရိ မိသားစု	(၁၀)သိန်း
၂။	ဆရာမဒေါက်တာပြုံးပြုံးဟန် မိသားစု	(၁၀)သိန်း
၃။	ဦးစံရွှေအောင်ရည်စူး၍ မိခင် ဒေါ်တင်ရီနှင့် သမီး မယုယုအောင်၊ မအေးအေးမြင့်၊ မယမင်းအောင် မိသားစု	သိန်း(၃၀)

* *သဒ္ဓါကြည်ရှင် လှူဒါန်းလျင် ဆင်းပြင်ရပ်ရည်လှ၊*
* *ရိသေလှုပ်ကြား သူ့စကား အများနာယူ၊*
* *အခါသိသဖြင့် လှုတုံ့လင့် ခိုန်သင့်ကောင်းကျိုး၊*
* *မစွန်းငြိတောင်း လှုတုံ့ရှောင်း အကောင်းသုံးဆောင်ရ၊*
* *မထိမပါ: လှုတုံ့ကြားမှ ထိုသည့်သူ၏ ပြောထူများပြား စည်းစိမ်အား ငါးပါးရန်မခ၊*

ဒါနပြုသော် ဤငါးဖော် ညီလျော်ပြကုန်ကြ။ ။

ဓမ္မပူဇာမဂ်လာ ဘဝဆန့်မှတ်တိုင်မျှ။

ကျေးဇူးရှင်အပေါင်းတို့အား (ကျေးဇူးဆပ်)ဘဝ၏ မှတ်တိုင်များ...
မဂ်လာဗျူဟာအသင်းချုပ် ၂၀၀၅-ခုနှစ် အဘိဓမ္မာသင်တန်းမှ...
သင်တန်းသားတစ်ဦးဖြစ်သော ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)၏

၁။ ဘဝတစ်ခု အမြင့်မြတ်ဆုံးဖြစ်အောင် ဗုဒ္ဓအဘိဓမ္မာကို အခြေခံမှစ၍
သင်္ကြိဟ်(၉)ပိုင်းကို ရှင်းလင်းတင်ပြခြင်း **အဘိဓမ္မာ မှတ်စု**
၂။ အဘိဓမ္မတ္ထဝိဘာဝနီကို ရှင်းလင်းတင်ပြခြင်း **ဋီကာကျော် မှတ်စု**
၃။ အဘိဓမ္မာ(ညဝါ)ကိုအခြေခံမှစ၍လေ့လာဆည်းပူးလိုသူများအတွက်
ဓမ္မသင်္ကေတကျမ်း၊ စိတ္တဗျပါဒကဏ္ဍ၊ **မာတိကာ မှတ်စု**
၄။ ပဋ္ဌာန်းဒေသနာ၊ ကျမ်းရှေစာ၊ ရှည်စွာအခွန်၊ တည်စေရန်
ပဋ္ဌာနပါဠိ *ကုသလတ္တိက၊ **ပစ္စယနိဒ္ဒေသ+ပဋ္ဌာဝါရဝိဘင်္ဂ မှတ်စု**
၅။ ဆဝါရ အနုလုံ, ပစ္စနိတ်၊ ဝိဘင်္ဂဝါရ၊ **ဆဝါရဝိဘင်္ဂ မှတ်စု**
၆။ ပဋ္ဌာဝါရ ပစ္စယာနုလောမ၊ ပစ္စနိယသင်္ချာ **ပဋ္ဌာဝါရသင်္ချာ-၁ မှတ်စု**
၇။ ပစ္စယာနုလောမပစ္စနိယ၊ ပစ္စနိယာနုလောမသင်္ချာ၊ **ပဋ္ဌာဝါရသင်္ချာ-၂ မှတ်စု**
၈။ ဆဝါရသင်္ချာ အနုလုံ, ပစ္စနိယာနုလောမသင်္ချာ၊ **ဆဝါရသင်္ချာ မှတ်စု**
၉။ ပစ္စယနိဒ္ဒေသ+ပဋ္ဌာဝါရ+ဆဝါရ(ဝိဘင်္ဂ+သင်္ချာ) **ပါဠိတော်မှတ်စု(ဇယား)**
၁၀။ 'နိဗ္ဗာန်'တိုင်အောင်အကျိုးဆောင် ထွန်းပြောင် **မဂ်လာ မှတ်စု**
၁၁။ ဘဝတစ်ခုအတွက်(ကမ္မဋ္ဌာန်း+ပဋ္ဌာန်း) **ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု**
၁၂။ ပဋ္ဌာနပါဠိ ကုသလတ္တိက ပုစ္ဆာဝါရ၊ ပဋ္ဌာဝါရဝိဘင်္ဂ+သင်္ချာ၊
ပစ္စယနိဒ္ဒေသ၊ ဆဝါရဝိဘင်္ဂ+သင်္ချာ **ပဋ္ဌာန်း ကုသလတိက် မှတ်စု**
၁၃။ ပဋ္ဌာန်း ဝေဒနာတိက် (ဝိဘင်္ဂ+သင်္ချာ) **ပဋ္ဌာန်း ဝေဒနာတိက် မှတ်စု**
၁၄။ ဘုရားရှင်တိုင်း ဟောကြားမြဲဖြစ်သော **ဩဝါဒပါတိမောက် မှတ်စု**
၁၅။ ပဋ္ဌာန်း ဝိပါကတိက် (ဝိဘင်္ဂ+သင်္ချာ) **ပဋ္ဌာန်း ဝိပါကတိက် မှတ်စု**
၁၆။ အရိယသစ္စာဒေသနာ(ပြည့်စုံစေရန်- ဓမ္မစက္ကာ၊ အနတ္တလက္ခ၊
သတိပဋ္ဌာန်ဒေသနာတို့ဖြင့်)ပူဇော်ထားသော **ယေ ဓမ္မာ ဂါထာတော်မှတ်စု**
၁၇။ ပဋ္ဌာန်း ဥပါဒိန္နတိက် (ဝိဘင်္ဂ+သင်္ချာ) ပဋ္ဌာန်း ဥပါဒိန္နတိက် မှတ်စု
ဓမ္မပူဇာမဂ်လာဖြင့် (ကျေးဇူးဆပ်)ပူဇော်ပါသည်။
၁၈။ ပဋ္ဌာန်း သံကိလိဋ္ဌတိက် (ဝိဘင်္ဂ+သင်္ချာ) ပဋ္ဌာန်း သံကိလိဋ္ဌတိက် မှတ်စု
ဓမ္မပူဇာမဂ်လာဖြင့် (ကျေးဇူးဆပ်)ပူဇော်ပါမည်။

2025

စိတ်ဆောင်းရှိဖွယ် ပထမ

16.8.2024

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင် ဓမ္မပူဇာမဂ်လာ။"

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ပဋ္ဌာန်း ၂၄-ပစ္စည်း မေတ္တာဖိုဆွဲတောင်း

(ဆောင်ရွက်သမျှ ကောင်းကျိုးအဝဝတို့ ပြီးစီးအောင်မြင်နိုင်ရန်)

၁။	ဟေတု ပစ္စယော	ကောင်းသောအကြောင်းတရား၊ ကုသိုလ်များ၊ တိုးပွားကြရပါစေသော်။
၂။	အာရမ္မဏ ပစ္စယော	ကောင်းသောအာရုံ၊ မြတ်တွေ့ကြုံ၊ အစဉ်ဆုံစည်းရပါစေသော်။
၃။	အဓိပတိ ပစ္စယော	ဆန္ဒနှင့်ဇွဲ၊ စိတ်ဉာဏ်တွဲ၊ ကြီးကဲဖြစ်ရပါစေသော်။
၄။	အနန္တရ ပစ္စယော	ကုသိုလ်ဘေးမှာ၊ ကုသိုလ်သာ၊ ဆက်ကာဆက်ကာဖြစ်ရပါစေသော်။
၅။	သမနန္တရ ပစ္စယော	ကောင်းမှုဘေးမှာ၊ ကောင်းမှုသာ၊ ဆက်ကာဆက်ကာဖြစ်ရပါစေသော်။
၆။	သဟဇာတ ပစ္စယော	အတူတကွ၊ မြတ်ပုည၊ သုခပွားရပါစေသော်။
၇။	အညမည ပစ္စယော	လူအချင်းချင်း၊ မေတ္တာနှင်း၊ ချစ်ခြင်းပွားရပါစေသော်။
၈။	နိဿယ ပစ္စယော	သုံးပါးရတနာ၊ မှီခိုကာ၊ ကြည်သာရွှင်ပြရစေသော်။
၉။	ဥပနိဿယ ပစ္စယော	လောကုတ္တရာကိုးလီ၊ တရားမှီ၊ ကုသိုလ်ဆီသို့သွားစေသော်။
၁၀။	ပုရေဇာတ ပစ္စယော	ရှေ့ကကုသိုလ်၊ နောက်နောက်ကို၊ မှီခိုကောင်းကျိုးပေးစေသော်။
၁၁။	ပစ္ဆာဇာတ ပစ္စယော	နောက်ကကုသိုလ်၊ ရှေ့ရှေ့ကို၊ မှီခိုကောင်းကျိုးပေးစေသော်။
၁၂။	အာသေဝန ပစ္စယော	ပါရမီအစုံစုံ၊ ပွားကြည်ယုံ၊ အထုံမြဲရပါစေသော်။
၁၃။	ကမ္မ ပစ္စယော	ကောင်းကျိုးပွားရန်၊ ကောင်းသောကံ၊ မြဲမြဲပြုရပါစေသော်။
၁၄။	ဝိပါက ပစ္စယော	ကောင်းမှုပွားတိုး၊ ချမ်းသာမျိုး၊ အကျိုးကိုယ်မှာမြင်စေသော်။
၁၅။	အာဟာရ ပစ္စယော	ကိုယ်စိတ်အာဟာရ၊ လွန်ပြည့်ဝ၊ သုခပွားရန်ဖြစ်စေသော်။
၁၆။	ဣန္ဒြိယ ပစ္စယော	စိတ်ကိုစိုးပိုင်၊ အမြဲနိုင်၊ ကြံ့ခိုင်သန်စွမ်းပါစေသော်။
၁၇။	ဈာန ပစ္စယော	ဘေးကင်းဖို့ရန်၊ မေတ္တာဈာန်၊ ရှင်သန်အေးချမ်းပါစေသော်။
၁၈။	မဂ္ဂ ပစ္စယော	နိဗ္ဗာန်ရည်မှန်း၊ မဂ္ဂင်လမ်း၊ လျှောက်လှမ်းနိုင်ရပါစေသော်။
၁၉။	သမ္မယုတ္တ ပစ္စယော	သူတော်ကောင်းဓာတ်၊ ပေါင်းယှဉ်စပ်၊ သူမြတ်နှင့်သာတွေ့စေသော်။
၂၀။	ဝိပ္ပယုတ္တ ပစ္စယော	မကောင်းမှုများ၊ ပယ်ကာရှား၊ သူတော်ကောင်းတရားပွားစေသော်။
၂၁။	အတ္ထိ ပစ္စယော	ကောင်းရာသုဂတိ၊ လားရာရှိ၊ ပျော်သည့်စိတ်ဓာတ်ရှိစေသော်။
၂၂။	နတ္ထိ ပစ္စယော	အပါယ်ဒုဂ္ဂတိ၊ မရောက်ရှိ၊ ဝေးသည့်ကိုယ်သာဖြစ်စေသော်။
၂၃။	ဝိဂတ ပစ္စယော	ကိုယ်စိတ်ဆင်းရဲ၊ ဝေးကွာရှဲ၊ အမြဲချမ်းသာရစေသော်။
၂၄။	အဝိဂတ ပစ္စယော	ကိုယ်စိတ်နှစ်ဖြာ၊ လွန်ချမ်းသာ၊ မကွေမကွာဖြစ်စေသော်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ) မဂ်လာဗျူဟာအသင်းချုပ်

ဃာပဋ္ဌာန်းအခါတော်နေ့၊ စတုဗ္ဗိဓသတ္တာဟာ(နယုန်လဆန်း ၁၃-ရက်) အမှတ်တရရည်မှန်းပူတော်ပါသည်။